

# သံကြိုးတမန်ကြီး

မန်းတင်

http://www.cherrythitsar.org

## ပြည်သူ့သဘောထား

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

**တကောင်းစာပေတိုက်**

http://www.cherrythitsar.org

**စာမူခွင့်ပြုချက်အမှတ်** – ၁၈/ ၂၀၀၀ (၉)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**– ၁၅/ ၂၀၀၀ (၁၁)

## ပုံနှိပ်ခြင်း


ပထမအကြိမ် – ၁၉၈၅၊ ဒီဇင်ဘာလ၊ ဘဝတက္ကသိုလ်

ဒုတိယအကြိမ် – ၂၀၀၁၊ ဇန်နဝါရီလ ၊ တကောင်းစာအုပ်တိုက်

အုပ်ရေ – ၁၀၀၀

မျက်နှာဖုံး – စတိုး

ထုတ်ဝေသူ – ဦးဝင်းမြင့် (၀၁၅၁၂)
ဝင်းမြင့်အောင်စာပေ
အမှတ်–၈၈၅၊ စပယ် ၉–လမ်း၊ ၄ ရပ်ကွက်
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ – ဦးကျော်လှိုင် (၀၅၅၇၃)
စေတနာ OFFSET
အမှတ်–၅၉၊ ၁၉–လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင် – ရွှေရေး

စာအုပ်ချုပ် – ကိုတင်အေး

ကွန်ပျူတာစာစီ – ပုလဲ

တန်ဖိုး – ၅၅၀ ကျပ်


http://www.cherrythitsar.org

တကောင်းစာအုပ် အမှတ်စဉ် (၃)

# သံပြာဦးတမန်ပြာဦး

(ဒုတိယအကြိမ်)

## မန်းတင်

ဖြန့်ချိရေး

❒ **တကောင်းစာအုပ်တိုက်**
အမှတ် ၅(ခ)၊ ဇေယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၇၂၃၆၈၅

❒ **စေတနာစာပေ**
အမှတ် ၅၉၊ ၁၉ လမ်း၊ ရန်ကုန်မြို့။ ဖုန်း–၂၂၅၇၄၅

http://www.cherrythitsar.org

## မာတိကာ


| | | |
|---|---|---|
| ၁။ | ပြည်ပသို့ | ၁ |
| ၂။ | သံကြီးတမန်ကြီး | ၁၀ |
| ၃။ | ဂါရဝ သံသရာ | ၂၁ |
| ၄။ | တွေ့ရဆုံရဤလောက | ၂၉ |
| ၅။ | တစ်နေ့တာ | ၃၉ |
| ၆။ | ဧည့်ခံပွဲအမျိုးမျိုး | ၅၀ |
| ၇။ | တက္ကသိုလ် | ၆၃ |
| ၈။ | မြန်မာပီပီထမင်းစားမည် | ၇၁ |
| ၉။ | ငှက်ပျောသီးကြီးကြီး စားရအောင် | ၇၉ |
| ၁၀။ | နံနက်ချိန်ခါ | ၈၉ |
| ၁၁။ | ကျူရှင်ဆရာမောင်ပြုံးချို | ၁၀၀ |
| ၁၂။ | ပြည်ပမှ မြန်မာ့လွတ်လပ်ရေးနေ့ | ၁၀၉ |
| ၁၃။ | ဂုဏ်နှင့်သိက္ခာ | ၁၂၀ |
| ၁၄။ | ရွှေအိမ်နန်းနှင့် ကြငှန်းလည်းခံ | ၁၃၀ |
| ၁၅။ | ပျော်စံရိပ်ငြိမ် | ၁၃၉ |
| ၁၆။ | ဂန္ဓာရဒေသ | ၁၅၂ |
| ၁၇။ | မဂိုမင်းတို့စံရာ (၁) | ၁၆၃ |

၁၈။ မဂိုမင်းတို့စံရာ (၂) ၁၇၂

၁၉။ အမျိုးသမီးဝိုင်း ၁၈၄

၂၀။ အမွေးအတောင်တူ ငှက်များ ၁၉၁

၂၁။ အလွမ်းပြေ ၁၉၈

၂၂။ အကွေ့တစ်ခု အတွေ့မျိုးစုံ ၂၀၇

၂၃။ လမ်းတစ်ကွေ့ မရောက်မီ ၂၁၅

၂၄။ အကွေ့တစ်ခု ၂၂၅

၂၅။ သမိုင်းမှတ်တိုင်တစ်ခု ၂၃၅

၂၆။ ထိုသုံးနှစ် ၂၄၅

၂၇။ သံယောဇဉ် ၂၅၆

၂၈။ နှုတ်ဆက်ပွဲတွေ ၂၆၆

၂၉။ တွေးရခက်ကြီးပါ ၂၇၅

၃၀။ အချိန်တန်လို့ အိမ်ပြန်ဖို့ ၂၈၃

၃၁။ ပြန်လည်တွေ့ဆုံရတော့မည် မဟုတ်ပါ ၂၉၂

၃၂။ လက်ဆောင် ၃၀၈

၃၃။ ပြည်တော်ပြန် ၃၁၅

## ပြည်ပရောက် ဝန်ထမ်း၏မှတ်တမ်း

ပြည်သူ့ဝန်ထမ်း

လမ်းကြမ်း လမ်းနု

အမှုမထား

စေရာသွားခဲ့။

ရောက်ရာဒေသ

မြင်တွေ့ရသည့်

သုတစုံစုံ

ရုပ်ပုံထွေထွေ

ရေ မြေ တော တောင်

ကြားယောင်စကား

အာရုံများကို

ရေးသားပေါင်းစု

မှတ်တမ်းပြု၏။

**မန်းတင်**
**ရန်ကုန်မြို့**
**၃-၆-၈၅**

http://www.cherrythitsar.org



ဇနီးဖြစ်သူဒေါ်သန်းတင်နှင့်

http://www.cherrythitsar.org



သံအမတ်ခန့် အပ်လွှာပေးအပ်အပြီး
နှစ်ပြည်ထောင်ချစ်ကြည်ရေးမိန့်ခွန်းဖတ်ကြားစဉ်

http://www.cherrythitsar.org



ဂုဏ်ပြုတပ်ဖွဲ့ အားစစ်ဆေးစဉ်

http://www.cherrythitsar.org



ပါကစ္စတန်သမ္မတအား သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်



ပါကစ္စတန်သမ္မတနှင့် စကားလက်ဆုံ

http://www.cherrythitsar.org



ပါကစ္စတန်သမ္မတ နှင့်အတူ

http://www.cherrythitsar.org



အီရန်နိုင်ငံ ရှားဘုရင်အား သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်

http://www.cherrythitsar.org



ပါကစ္စတန်သမ္မတနှင့် တွေ့ဆုံရန်ရထားယာဉ်ပေါ်မှအဆင်း

http://www.cherrythitsar.org



မြန်မာနိုင်ငံလွတ်လပ်ရေးနေ့ အခမ်းအနားတွင် သံတမန်များနှင့်တရင်းတနှီး



မြန်မာနိုင်ငံလွတ်လပ်ရေးနေ့ အခမ်းအနားတွင် သံတမန်များနှင့်တရင်းတနှီး

http://www.cherrythitsar.org

# ပြည်ပသို့

(၁)

၁၉၇၅–ခု၊ ဩဂုတ်လ။

မောင်ပြုံးချိုတို့မိသားစု လိုက်ပါလာသောလေယာဉ်ကြီးသည် ရန်ကုန်မြို့၊ မင်္ဂလာဒုံလေဆိပ်မှ ပျံတက်၍ ပါကစ္စတန်နိုင်ငံ၊ ကာရာချိမြို့သို့ ဦးတည်ပျံသန်းလျက်ရှိသည်။

မိသားစု လိုက်ပါလာသည် ဆိုသော်လည်း သားသမီးများ အားလုံး လိုက်မပါလာကြပါ။ ဇနီးတင်မကြီးအပြင် သမီးငယ်သုံးဦးနှင့် တူမလေး တစ်ယောက်သာ လိုက်ပါလာကြသည်။ ထို့ကြောင့် အမိနိုင်ငံတော်မှခွာ၍ ပြည်ပသို့ ထွက်လာသောအခါ 'ပိယေဟိ ဝိပ္ပယောဂေါဒုက္ခော'ဟူသော ဗုဒ္ဓ၏မိန့်ကြားဟောမြွက်ချက်ကို လက်တွေ့ခံစားကြရလေသည်။ သမီးငယ်များမှာ လူကြီးတွေလောက် စိတ်ထိခိုက်မှု ရှိလှသည်မဟုတ်။ သူတို့သည် ပျော်နေကြသည်။ စိတ်လှုပ်ရှားနေကြသည်။ မောင်ပြုံးချိုနှင့် တင်မကြီးတို့အဖို့မှာမူ ရင်ထဲတွင် တလှပ်လှပ်ဖြစ်နေလေသည်။ မိမိချစ်ခင်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ မြတ်နိုးလှသော အမိနိုင်ငံနှင့် ခွဲခွာရသဖြင့်လည်း လွမ်းသလိုလို ဆွေးသလိုလို စိတ်ဝေဒနာကို ခံစားကြရလေသည်။

လေဆိပ်တွင် လာရောက်ပို့ဆောင်ကြသော မိတ်သင်္ဂဟများကို မြင်ယောင်မိရာမှ ဌာနအသီးသီးတွင် ကျရာတိုင်းပြည်တာဝန်ကို ထမ်းဆောင်နေကြရသဖြင့်လည်းကောင်း၊ တက္ကသိုလ်ကောလိပ် အသီးသီးတွင် ပညာသင်ကြားနေခဲ့ကြရသဖြင့် လည်းကောင်း အတူလိုက်မပါနိုင်သော သားသမီးများ၏ မျက်နှာများကို တရေးရေး ထင်ယောင်လာလေသည်။ အနည်းဆုံး သုံးလေးနှစ် ကွဲကွာနေမှာပါတကား။

http://www.cherrythitsar.org

"ကိုယ့်တိုင်းပြည်က တစ်ခါတည်း ထွက်ခွာသွားနိုင်တဲ့ လူတွေများ အံ့သြဖို့ ကောင်းလိုက်တာနော်…"ဟု တင်မကြီးသည် တိုးတိုးကလေး ညည်းသလို ပြောလိုက်လေသည်။

"အေး လူအမျိုးမျိုးပေါ့၊ အဲဒီလူမျိုးတွေဟာ ကိုယ်တို့အချင်းချင်း အေးအတူ ပူအမျှနေမယ်ဆိုတဲ့စိတ် ခေါင်းပါးရှာတာကိုး"ဟု မောင်ပြုံးချိုက ခပ်တိုးတိုး ထင်မြင်ချက်ပေးလိုက်သည်။

"ကျွန်မဖြင့် တိုင်းတစ်ပါးမယ် တစ်သက်လုံး နေဖို့မပြောနဲ့၊ ခဏတစ်ဖြုတ် ကိုယ့်တိုင်းပြည်က ခွာလာရတာကိုပဲ စိတ်ထဲတစ်မျိုးကြီးပဲ"ဟု တင်မကြီးက ဝမ်းနည်းသံဖြင့် ပြောလေသည်။

လေးနာရီခန့် ပျံသန်းသွားပြီးနောက် လေယာဉ်ကြီးသည် ကရာချိ လေဆိပ်တွင် သက်ဆင်းလေသည်။ လေဆိပ်တွင် သံရုံးတတိယအတွင်းဝန်နှင့် ပါကစ္စတန် အသံလွှင့်ဌာနတွင် တာဝန်ထမ်းနေသူ ဦးလှမောင်တို့က ကြိုဆိုနေကြသည်။ မောင်ပြုံးချိုတို့သည် ကရာချိတွင် တစ်ညအိပ်ပြီးသော် မိုင်ပေါင်း တစ်ထောင်ကျော်ခန့် ဝေးကွာသည့် အစ္စလမ်မာဘတ်မြို့သို့ လေယာဉ်ဖြင့် ဆက်လက်ခရီးထွက်ခဲ့ကြသည်။ လမ်းခရီးတစ်လျှောက် လေယာဉ်ပေါ်မှ မြင်တွေ့ရသည့် ပါကစ္စတန်မြေမျက်နှာ၏မြင်ကွင်းသည် ခြောက်သွေ့လှသည်။ သစ်ပင်၊ ဝါးပင် ကင်းမဲ့သော တောင်ကတုံးများကို တွေ့ရသည်။ စိမ်းလန်းသည့် သစ်ပင်တွေဟူ၍ မတွေ့ရ။ ကျယ်ပြန့်သည့်သောင်များ ထွန်းနေသည့် မြစ်ပြင်ကျယ်ကြီးများသည် မွဲခြောက်ခြောက်အရောင်ကို ဆောင်နေသည်။ သင်္ဘောများ၊ လှေများ စုန်ဆန်သွားနေသည်ကို လုံးဝမမြင်ရ။ အများအားဖြင့် မြစ်များသည် 'ကော'နေကုန်ကြပြီ။ ကူးသန်းသွားလာရေးအတွက် အသုံးမဝင်တော့ပြီ။ မြစ်ချောင်း တောတောင် အင်းအိုင်တို့ဖြင့် စိမ်းလန်းစိုပြည်လှသည့် အမိ မြန်မာနိုင်ငံ၏ ရှုခင်းနှင့် ကွာခြင်းမက ကွားခြားလှပေသည်။ မောင်ပြုံးချိုသည် မိခင်၏ ဂုဏ်ကျေးဇူးကို သတိရသော သားငယ်ကဲ့သို့ ရင်ထဲတွင် တသိမ့်သိမ့် ဖြစ်လာလေသည်။

တစ်နာရီခွဲခန့် ကြာသောအခါ ရာဝါပင်ဒီလေဆိပ်သို့ ဆိုက်ရောက်လာလေသည်။ လေဆိပ်တွင် သံရုံးအဖွဲ့ဝင် မြန်မာမိသားစုများ လာရောက်ကြိုဆိုကြသည်။ သူတို့နှင့်အတူ ပါကစ္စတန်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်ရေးရာ အရာရှိချုပ်လည်း ပါသည်။ သူသည် နိုင်ငံတကာ ထုံးတမ်း စဉ်လာအရ သံအမတ်ကြီးသစ်အား လာရောက်ကြိုဆိုခြင်း ဖြစ်လေသည်။

http://www.cherrythitsar.org

မြန်မာစစ်သံမှူးက သူနှင့် မောင်ပြုံးချိုကို မိတ်ဆက်ပေးသည်။ သူသည် အငြိမ်းစားဗိုလ်မှူးကြီး ဖြစ်သည်။ သူက မောင်ပြုံးချိုအား လက်ဆွဲနှုတ်ဆက်ရင်း လိုက်လှဲစွာ ခရီးဦးကြိုပြုကြောင်း ပြောဆိုသည်။ မောင်ပြုံးချိုကလည်း ပါကစ္စတန်သို့ တာဝန်အရ လာရောက်ရခြင်းမှာ မိမိအဖို့ ဆွေမျိုးရင်းချာတစ်ဦး အိမ်သို့ လာရောက်ရသကဲ့သို့ ဝမ်းမြောက်ကြောင်း ပြောဆိုသည်။

လေယာဉ်မှ ဧည့်ခန်းရှိရာသို့ လျှောက်လာကြသည်။ ညဥ့်ဦးသည် ကြည်လင်နေသည်။ မိုးသားတိမ်တိုက်များကင်းသော ကောင်းကင်ပြင်ကို အထင်းသား မြင်နေရသည်။ နေဝင်စအချိန်တွင် ကြယ်ရောင်များ လင်းစပြုနေပါပြီ။ အရှေ့ဘက် ခပ်ယွန်းယွန်းတွင် သုံးရက်လသည် ကွေးကွေးကလေး ထွက်ပေါ်နေသည်။

"ဟိုမှာ ကြည့်စမ်းပါဦး..."သံတမန်ဆက်သွယ်ရေးအရာရှိချုပ်က ကောင်းကင်သို့ မော့ကြည့်၍ လကလေးကို ညွှန်ပြသည်။

"ကျွန်တော်တို့အလံက အမှတ်အသားကလေးနဲ့ မတူဘူးလား"ဟု သူက မောင်ပြုံးချို မော့်ကြည့်နေစဉ် ဆက်မေးသည်။

"ကျွန်တော်တို့က နိုင်ငံအလံကို ကောင်းကင်က ဖော့ရမ်းပြီး မိတ်ဆွေနိုင်ငံက သံအမတ်ကြီးကို ကြိုဆိုပါတယ်"ဟု သူက ဆက်ပြောလိုက်ပြန်လေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

မောင်ပြုံးချိုက ပြောလိုက်လေသည်။

သူတို့သည် လေယာဉ်ကွင်းမှ တစ်ဆယ့်နှစ်မိုင်ခန့် ဝေးကွာသော အစ္စလမ်မာဘတ်မြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြလေသည်။

(၂)

ပါကစ္စတန်နိုင်ငံ၏ မြို့တော်ဖြစ်သော အစ္စလမ်မာဘတ်မြို့သို့ မောင်ပြုံးချိုတို့မိသားစု ရောက်ရှိနေကြသည်မှာ သုံးရက်မျှသာ ရှိသေးသည်။

နွေဥတုမို့ အလွန်ပူပြင်းသည့် ရာသီဒဏ်ကို ခံနေကြရလေသည်။

"အခုပူသလောက် ဆောင်းတွင်းကျရင် အေးလိုက်ပါလိမ့်မယ်"ဟု ရောက်နေနှင့်ကြသော သံရုံးအဖွဲ့ဝင်များက ပြောကြသည်။

ဆောင်းအခါတွင် မည်မျှအေးလိုက်မည်ကို မသိရသေးသော်လည်း နွေအခါ ပူပြင်းလှသည်ကိုမူ ကိုယ်တွေ့ ခံစားနေကြရလေသည်။

သည်အထဲ ရောက်ခါစတွင် နေအိမ်အတည်တကျမရှိသေးသဖြင့် ရုံးခန်းတွင် ခေတ္တ တည်းခိုနေကြရသောကြောင့် စိတ်ကျဉ်းကျပ်မှုကလည်း ရှိသေးသည်။

"ဒါတော့ ဖေဖေက ဟိုတယ်မယ် နေနိုင်သားနဲ့မှ မနေဘဲကိုး"ဟု သမီးတွေက ဆိုကြသည်။

မှန်လှပေသည်။ မောင်ပြုံးချိုတို့ မိသားစုသည် အိမ်အဆင်သင့် မရှိသေးပါက ဟိုတယ်တွင် ရက်အပိုင်းအခြားနှင့် နေနိုင်ခွင့်ရှိလေသည်။ သို့ရာတွင် မောင်ပြုံးချိုတို့မိသားစု ခြောက်ယောက် နေထိုင်ရန် နှစ်ယောက်ခန်းသုံးခန်းအတွက် တည်းခိုခ တစ်နေ့လျှင် ပါကစ္စတန် ရူပီး ထောင့်ငါးရာခန့် ကုန်ကျမည်။ ဆယ်ရက်နေလျှင် အနည်းဆုံး ပါကစ္စတန် ရူပီး တစ်သောင်းငါးထောင်ခန့် ကုန်ကျမည်။ အရက်နှစ်ဆယ်ဆိုလျှင် သုံးသောင်း။ ထိုအသပြာများကို နှမြောလှသဖြင့် ဤအခန်းသို့ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။

"ဒီလိုပေါ့ သမီးရယ်။ တိုင်းပြည်ငွေ မကုန်သင့်မကုန်ထိုက်တဲ့ နေရာမယ် မကုန်ရအောင် ခြိုးခြံရတာပေါ့"ဟု တင်မကြီးက ဝင်ပြောလေသည်။

"ဒါလောက် ပူလောင်နေရင်လဲ မာရေး သွားနေကြပါလား"ဟု သံရုံးအဖွဲ့ဝင်တစ်ဦးက အကြံပြုသည်။

မာရေးဆိုသည်မှာ အစ္စလမ်မာဘတ်မြို့နှင့် သုံးဆယ့်နှစ်မိုင်ခန့်သာ ဝေးကွာသည့် တောင်စခန်းမြို့ ဖြစ်သည်။ ပင်လယ်ရေပြင်မှ ပေပေါင်း ငါးထောင်ကျော်ခန့် မြင့်သည့်နေရာဖြစ်သဖြင့် ရာသီဥတု အေးသည်။ အချို့ ဓနအင်အားတောင့်တင်းသော နိုင်ငံများမှ သံအမတ်ကြီးများသည် မာရေးတွင် သီးသန့်အိမ်ပိုင်များ ရှိကြသည်။ အချို့လည်း နှစ်ပိုင်း၊ လပိုင်းဖြင့် ငှားရမ်းထားကြသည်။ ယခုကဲ့သို့ အပူလွန်ကဲသော ရာသီတွင် ထိုတောင်ပေါ်စခန်းမြို့သို့ သွားရောက်နေထိုင်ကြသည်။ ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် ဘုရင်ခံမှအစ အင်္ဂလိပ်အရာရှိကြီးများ နွေရာသီတွင် ပြင်ဦးလွင်သို့ သွားရောက်နေထိုင်ကြသကဲ့သို့ ဖြစ်ပါသည်။

မောင်ပြုံးချိုအဖို့မှာကား အဘယ်မှာလျှင် မာရေးသို့သွား၍ အေးချမ်း သာယာစွာ စည်းစိမ်ခံနေနိုင်မည်နည်း။ မာရေးတွင် သံရုံးပိုင်အိမ်လည်း မရှိ။ တစ်နေ့လျှင် အခန်းခ မြောက်မြားစွာ ပေး၍ ဟိုတယ်များတွင်လည်း တည်းခို မနေနိုင်။ ထို့ကြောင့် ရုံးအတွင်းမှာသာ မိသားစုအားလုံး လေအေးစက်ကို အားကုန်ဖွင့်၍ အခန်းအောင်းနေကြသည်။ နံနက်ခင်း၊ ညနေခင်း နေအေးသည့် အချိန်များတွင် လေကောင်းလေသန့်ကို ရှူရှိုက်ရင်း အိမ်လိုက်ရှာကြလေသည်။

အစ္စလမ်မာဘတ်သည် မြို့သစ်ဖြစ်သည်။ ပါကစ္စတန်နိုင်ငံ စတင်တည် ထောင်သည့် ၁၉၄၇–ခုနှစ် ဩဂုတ်လမှစပြု၍ ကရာချိကို မြို့တော်အဖြစ် သတ်မှတ်ခဲ့သည်။ ကရာချိသည် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်၍ ပြည်ပနိုင်ငံများ နှင့် ရေကြောင်းဆက်သွယ်ရေးတွင် လွယ်ကူသည်။ အပြည်ပြည်ဆိုင်ရာလေဆိပ် ကြီးရှိ၍လည်း လေကြောင်းဆက်သွယ်ရေးတွင် အဆင်ပြေသည်။ ပတ်ဝန်းကျင် တွင် စက်ရုံ၊ အလုပ်ရုံတွေ ပေါများသည်။ ကူးသန်းရောင်းဝယ်ရေးအတွက် အချက်အချာကျသော မြို့ဖြစ်သည်။ အုပ်စုနိုင်ငံ သံတမန်များအဖို့ လှုပ်ရှားမှု တွေ အများကြီးပြုလုပ်နိုင်သည်။ လူဦးရေ ထူထပ်ပြည့်ကျပ်နေသဖြင့် အနေအထိုင် တော့ ကျဉ်းကျပ်သည်။ ထို့ကြောင့် လွန်ခဲ့သော ဆယ်နှစ်လောက် ပါကစ္စတန် နိုင်ငံ၏သမ္မတကြီး ဗိုလ်ချုပ်ကြီး အာယုခန်သည် ဟိမဝန္တာတောင်စွယ် အခြေတွင် အစ္စလမ်မာဘတ်မြို့ကို အသစ်တည်ကာ မြို့တော်အဖြစ်သတ်မှတ်ခဲ့လေသည်။

(၃)

အစ္စလမ်မာဘတ်သည် နှစ်အနည်းငယ် အတွင်း တိုးတက်လာခဲ့လေသည်။ အဆောက်အအုံသစ်တွေ ပေါ်ပေါက်လာခဲ့သည်။ ရုံးတွေ၊ လူနေအိမ်တွေ များပြား လာခဲ့သည်။ လမ်းမကြီးတွေ၊ လမ်းသွယ်တွေ စနစ်တကျ ဖောက်လုပ်ခဲ့ကြသည်။ သူ့ရပ်ကွက်နှင့်သူ စာသင်ကျောင်း၊ ဘဏ်၊ ဈေး၊ ဗလီနေရာ စသည်များကို သတ်မှတ်ချထားပေးခဲ့သည်။ အိမ်သစ်ဆောက်လိုသူများကိုလည်း စည်းကမ်း သတ်မှတ်ချက်များဖြင့် မြေကွက်များ ချထားပေးသည်။ ပါလီမန်အဆောက်အအုံ မှာ ဆောက်လုပ်ပြီးစီးပြီးဖြစ်၍ ထိုအဆောက်အအုံတွင် လွှတ်တော်အစည်းအဝေး များ ကျင်းပလျက်ရှိသည်။ သမ္မတအိမ်တော်ကြီးမှာ ဆောက်လုပ်ဆဲ ဖြစ်သည်။ ဟိုတယ်သစ်ကြီး တစ်ခုကိုလည်း ဆောက်လုပ်လျက်ရှိရာ ပြီးလုဆဲဆဲ ဖြစ်နေပါပြီ။

ထို့ပြင် သံရုံးများ၊ သံအမတ်ကြီးများ သံရုံးအဖွဲ့ဝင်များ၏ နေအိမ်များ ဆောက်လုပ်ရန် မြေကွက်များကို မြို့၏ တစ်ဖက်ခြမ်းတစ်နေရာတွင် သီးသန့် သတ်မှတ်ပေးထားပြီးဖြစ်သည်။ ထိုသို့ ချထားပေးသော မြေနေရာများတွင် အချို့နိုင်ငံများ၏ သံရုံးများမှာ ဆောက်လုပ်ပြီးစီးပြီးဖြစ်၍ အလံတလူလူဖြင့် အသုံးပြုလျက်ရှိကြလေသည်။ အချို့သံရုံးများမှာကား ဆောက်လုပ်ဆဲဖြစ်၍ မကြာမီ ပြီးစီးတော့မည် ဖြစ်သည်။

ချမ်းသာကြွယ်ဝသော နိုင်ငံများသည် မိမိတို့၏ သံရုံးအဆောက်အအုံများကို သူ့ထက်ငါ အပြိုင်အဆိုင်ဆောက်လုပ်ထားကြသည်ကို တွေ့ရလေသည်။ အဆောက်အအုံများကို ဆောက်လုပ်ရာ၌လည်း မိမိတို့နိုင်ငံဆိုင်ရာ ယဉ်ကျေးမှုကို ထုတ်ဖော်သည့် ဗိသုကာပုံစံ မပျောက်အောင် ဆောက်လုပ်ထားကြသည်။ အာရှ၊ ဥရောပ၊ အမေရိကန်၊ ရုရှား၊ တရုတ်၊ ဂျပန်၊ အာရပ် ပုံစံအမျိုးမျိုး အချိုးအစား အဖုံအဖုံကို တွေ့ရလေသည်။ မြန်မာနိုင်ငံအပါအဝင် ခနအင်အား မတောင့်တင်းလှသော နိုင်ငံများအဖို့မှာကား မြေကွက်များပင် ရရှိထားသော်လည်း အဆောက်အအုံများ မဆောက်နိုင်ကြသေး။ မြို့ထဲမှာပင် မိမိတို့ အဆင့်အတန်းနှင့် သင့်လျော်သည့် အဆောက်အအုံများကို ငှားရမ်းနေထိုင်ကြရလေသည်။

ရရှိထားသော မြေကွက်များကို ကိုယ်ပိုင်ဆောက်အအုံများ ဆောက်လုပ်မည်ဆိုလျှင်လည်း ကုန်ကျမည့် စရိတ်စက ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းတို့၏ တန်ဖိုးမှာ နည်းလှမည် မဟုတ်ပေ။ စရိတ်နှင့် ပစ္စည်းတန်ဖိုးများသည်လည်း တစ်နေ့တခြား တက်လျက်ရှိသည်။ လွန်ခဲ့သည့် ဆယ်နှစ်လောက်က ဆယ်သိန်းကုန်မည့် အဆောက်အအုံသည် ယခုဆောက်လျှင် ဆယ့်ငါးသိန်းကုန်မည် ဖြစ်သည်။ ထို့ကြောင့် အချိန်ကြာလေလေ ကုန်ကျစရိတ် တက်လေလေ ဖြစ်နေလေသည်။

တစ်ဖက်မှလည်း ဆောက်လုပ်စရိတ်တွေ တက်နေသည်နှင့်အမျှ အဆောက်အအုံငှားရမ်းခတွေကလည်း တစ်နှစ်ပြီးတစ်နှစ် တက်၍တက်၍ လာသည်။ လွန်ခဲ့သောနှစ်က တစ်လလျှင် အိမ်လခ ပါကစ္စတန်ငွေ လေးထောင်ပေးရသည့် တိုက်အိမ်သည် ယခုနှစ်တွင် ငါးထောင်ဖြစ်လာသည်။ နောက်တစ်နှစ်ကြာလျှင် ခြောက်ထောင် ဖြစ်ပေတော့မည်။

မြန်မာနိုင်ငံ သံအမတ်ကြီးဖို့ ငှားရမ်းထားသည့် အိမ်အတွက် အခ ကြေးငွေမှာလည်း သည်အတိုင်းပင် တစ်နှစ်ထက် တစ်နှစ် တက်လျက် ရှိသည်။

မောင်ပြုံးချိုအရင် သံအမတ်ကြီးရှိနေစဉ်က အိမ်လခတိုး၍ တောင်းသည်။ သံအမတ်ကြီးမှာလည်း တာဝန်ပြီးဆုံး၍ ပြောင်းရွှေ့ရတော့မည့်အချိန်သို့ ရောက်ရှိနေပြီဖြစ်သဖြင့် ထိုအိမ်ကို ဆက်မငှားတော့ဘဲ ပြန်အပ်လိုက်လေသည်။ ထို့ကြောင့်ပင် သံအမတ်ကြီးသစ် မောင်ပြုံးချိုရောက်ရှိလာသောအခါ အိမ် အဆင်သင့် မရှိခြင်းဖြစ်လေသည်။

ငှားရမ်းရန်ရှိသည့် အိမ်များ၏စာရင်းကို ဒုတိယအတွင်းဝန်က ပြုစုတင်ပြသည်။ မောင်ပြုံးချိုတို့အဖွဲ့သည် တစ်အိမ်ပြီးတစ်အိမ် လိုက်ကြည့်ကြသည်။ အချို့အိမ်များမှာ ဆောက်လက်စ။ အပြီးမသတ်သေး၊ မီး၊ ရေအဆင်သင့်မရှိသေး။ အချို့အိမ်များကား ဆောက်လုပ်ပြီးပါပြီ။ သစ်ရှားသောနိုင်ငံဖြစ်သောကြောင့် အုတ်၊ အင်္ဂတေ၊ ကျောက်တို့ဖြင့် ဆောက်လုပ်ထားကြသည်က များသည်။

"ဒီမယ်တော့ သစ်များများ မသုံးနိုင်ကြပါဘူး။ အိမ်ရှင်တွေက သစ်များများ သုံးနိုင်တာကို ဂုဏ်ယူပြီး ပြောလေ့ရှိတယ်"ဟု ဒုတိယအတွင်းဝန်က ပြောပြသည်။

ကြည့်ခဲ့သည့်အိမ် ငါးအိမ်ခန့်ရှိပါပြီ။ စိတ်တိုင်းကျ မတွေ့သေး။ အချို့အိမ်ဝင်းခြံ ကျဉ်းသည်။ အချို့ကား ခြံဝင်းက ကျယ်ပါသည်။ သို့သော် သစ်ပင်၊ ပန်းပင်၊ မစိုက်ရသေးသဖြင့် လွင်တီးခေါင်လို ဖြစ်နေသည်။ အချို့ ထမင်းစားခန်း ကျဉ်းနေတတ်သည်။ ဧည့်သည်ဆယ်ယောက်လောက်ပင် ချောင်ချောင်ချိချိ ထိုင်စရာမရှိ။ အချို့အိမ်များတွင် ဧည့်ခန်းအနေအထား ပုံပန်းမကျ။ အချို့အိမ်များတွင်မူ ကားမောင်းသမား၊ အစောင့်စသည့် တပည့်များ နေထိုင်ရန် နေရာမရှိ။ အချို့ရှိသော်လည်း လုံလောက်မည် မဟုတ်။ အချို့အိမ်များမှာ ပတ်ဝန်းကျင်မကောင်း။ သချိုင်းကုန်းနှင့် နီးနေခြင်းမျိုး၊ မသန့်ရှင်းသည့် ရေမြောင်းကြီးများနှင့် နီးကပ်နေခြင်းမျိုး။ အချို့အိမ်ကလည်း တစ္ဆေခြောက်သည်ဟု ဆိုသည်။

"ကျွန်မတော့ ဘယ်အိမ်မှ မကြိုက်သေးဘူး"

တင်မကြီးက သူ့ထင်မြင်ချက်ကို ပြောသည်။

"ဒီလိုဆိုလဲ အရင်သံအမတ်ကြီး နေသွားတဲ့ အိမ်ကိုပဲ ကြည့်ကြဦးစို့"ဟု မောင်ပြုံးချိုက ဆိုသည်။ စင်စစ်အားဖြင့် ဖြစ်နိုင်လျှင် ထိုအိမ်ကို မငှားရမ်းလိုကြ။ ယခင်သံအမတ်ကြီးရှိစဉ်က အကျပ်ကိုင်သည့် သဘောဖြင့် အိမ်လခ

ပိုတောင်းသည်ကို မနှစ်သက်ကြ။ အိမ်ရှင်သည် ဆောက်လုပ်ရေးအင်ဂျင်နီယာ ကြီးတစ်ဦးဖြစ်ပြီး ဆွေမျိုးမာန်၊ ဓနမာန်၊ ပညာမာန်စသော မာန်တွေ စုပြုံရှိ နေသူဖြစ်သည်ဟု ဆိုကြသည်။ သူ၏ မျက်နှာအမူအရာသည် တစ်လောကလုံးကို သူကသာ လုပ်ကျွေးနေရသကဲ့သို့သော မျက်နှာထားမျိုး ဖြစ်သည်ဟု ပြောကြ သည်။ မောင်ပြုံးချိုလည်း ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးနှင့် မျက်နှာချင်းမဆိုင်လို။ သို့ရာတွင် အိမ်ရဖို့က အလွန်အရေးကြီးနေပါသည်။ ထို့ကြောင့် သတင်းကြီးသည့် အိမ်ရှင်ကို တွေ့ဆုံစကားဆိုရလေသည်။

လူချင်းတွေ့လိုက်တော့လည်း သတင်းကြီးသလောက် မဆိုးလှပါ။ ယဉ်ကျေးသိမ်မွေ့ပါသည်။ လေးလေးစားစား စကားပြောတတ်ပါသည်။ ဆွေဂုဏ် မျိုးဂုဏ်၊ ဥစ္စာဂုဏ်ကိုတော့ ဖော်ချင်ပုံရပါသည်။ "သူလဲလေ လောကီသားပေမို့" ဟု သဘောထားပြီး အပေးအယူ လုပ်ကြသည်။ သူကလည်း လိုက်လျောတန် သရွေ့ လိုက်လျောသည်။ မောင်ပြုံးချိုတို့ကလည်း လိုက်လျောတန်သရွေ့ လိုက် လျောသည်။ သို့နှင့် နိုင်ငံခြားရေးရုံးက ခွင့်ပြုထားသော အိမ်လခထက်ပင် လျော့၍ သဘောတူ လက်ခံသွားလေသည်။

ထို့ကြောင့် ချက်ချင်းပင် ရုံးအပေါ်ထပ် အခန်းများတွင် သိမ်းဆည်းထား သည့် ပရိဘောဂများ၊ ခန်းဆီးများ၊ အသုံးအဆောင်ပစ္စည်းများကို ရွှေ့ကြ၊ ပြောင်းကြရလေတော့သည်။

"သံအမတ်ကြီး ဒီအိမ်ပြန်နေတာ ကျွန်တော်တို့ သိပ်ဝမ်းသာတယ်"ဟု သံရုံးအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

"ဘာပြုလို့တုံး"

"ဒီအိမ်မယ်ဆိုတော့ ခန်းဆီးတွေ ဘာတွေ အသစ်ပြန်မချုပ်ရ မလုပ်ရ တော့ဘူး။ သူ့အပေါက်နဲ့သူ တိုင်းချုပ်ပြီးသားတွေ ပြန်တပ်လိုက်ရုံပဲ။ တခြား အိမ်ဆိုရင် ဒီခန်းဆီးတွေနဲ့ တော်ချင်မှတော်မယ်။ အသစ်ပြန်ချုပ်ရလုပ်ရရင် မလွယ်ဘူး။ ငွေလဲ ကုန်မယ်"

ပစ္စည်းပစ္စယတွေ ပြောင်းရွှေ့လာပြီးနောက် နေသားတကျဖြစ်အောင် ပြင်ဆင်ရင်း ပြောဆိုနေကြသည်။ ကုလားထိုင်တွေ၊ ဆိုဖာတွေ ရွှေ့သူရွှေ့၊ ခန်းဆီး တွေ တပ်သူတပ်၊ ဖုန်သုတ်သူသုတ်နှင့် သံရုံးအဖွဲ့ဝင်တွေ အလုပ်များနေကြ လေသည်။

"ဒီအထဲမယ် အပျော်ဆုံးက ဘယ်သူမှတ်သလဲ"ဟု တစ်ယောက်က မေးလိုက်သည်။

"သူပေါ့"ဟု ခပ်လှမ်းလှမ်းတွင် ခန်းဆီးတပ်နေသော ကားမောင်းသမားမဂျစ်ကို လက်ညှိုးထိုးပြသည်။

"ဘာပြုလို့လဲ"

"ဟာ သံအမတ်ကြီးလူက တစ်နေ့က သွားကြည့်တဲ့အိမ် ငှားမယ်ထင်ပြီး အတော်စိတ်ညစ်နေတာ၊ အဲဒီအိမ်ဆိုရင် သူနေလို့မဖြစ်ဘူး။ သူ့မယ် ကလေးတွေ အများကြီးနဲ့ ဒုက္ခပဲနဲ့ ငိုတော့မလို ဖြစ်နေပြီး အဲဒီအိမ် မငှားဖို့ ပြောပေးပါ ခိုင်းနေတာ ခင်ဗျ"

"ဘာပြုလို့တုံး၊ အဲဒီအိမ်လဲ နောက်ဘက်က သူတို့နေဖို့အိမ်ခန်းက အကျယ်ကြီးပဲဟာ"

"ဒါ့ကြောင့် မဟုတ်ဘူး ခင်ဗျ၊ သူပြောတာက အဲဒီအိမ်က သိပ် တစ္ဆေခြောက်တယ်တဲ့။ အဲဒါကြောင့် သူမနေရဲတာတဲ့"

"ဟာ သူက ဒါတွေကို ယုံသလား။ ဟေ့ မဂျစ်၊ မင်း တစ္ဆေကြောက်သလား"ဟု မောင်ပြုံးချိုက အင်္ဂလိပ်ဘာသာဖြင့် လှမ်းမေးလိုက်သည်။ သူ့အကြောင်း ပြောနေသည်ကို သူနားလည်ပါသည်။ ထို့ကြောင့် မဆိုင်းမတွပင် တစ္ဆေခြောက်ခံနေရသကဲ့သို့ မျက်လုံးများဝိုင်းလျက် အင်္ဂလိပ်ဘာသာဖြင့် ဖြေလိုက်သည်။

"ဘဲရီး ဘဲရီး အဖရိတ် ဆပ်"

သူ့အသံသည် တုန်နေလေသည်။

အားလုံးက သူ့ကိုကြည့်၍ ရယ်လိုက်ကြသည်။

❋

# သံကြီး တမန်ကြီး

(၁)

အစ္စလမ်မာဘတ်မြို့တွင် ရောက်ရှိနေသော မောင်ပြုံးချိုအဖို့ အရေးတကြီး ဆောလျင်စွာ ဆောင်ရွက်ရမည့် ကိစ္စမှာ မိမိအား နိုင်ငံတော်သမ္မတကြီးက သံအမတ်ကြီးအဖြစ် တာဝန်ပေးအပ်လိုက်သည့် ခန့်အပ်လွှာကို ပါကစ္စတန်နိုင်ငံ သမ္မတကြီးထံ ပေးရန်ဖြစ်လေသည်။ ထိုခန့်အပ်လွှာနှင့်အတူ မိမိအရင် တာဝန် ထမ်းဆောင်သွားခဲ့သော သံအမတ်ကြီးအား တာဝန်ပြီးဆုံးသဖြင့် ပြန်လည်ခေါ်ယူ သည့် စာချွန်တော်ကိုပါ တစ်ပါတည်း ပေးအပ်ရမည် ဖြစ်လေသည်။

ထိုစဉ်က ပါကစ္စတန်သမ္မတကြီးသည် တိုင်းတစ်ပါးသို့ ရောက်ရှိနေသည်။ ထို့ကြောင့် မောင်ပြုံးချို၏ ခန့်အပ်လွှာပေးအပ်ရေးကို သမ္မတကြီး တစ်ပြည်ရပ်ခြား မှ ပြန်လာသည်အထိ စောင့်ဆိုင်းနေရလေသည်။

သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူထားပြီး ဖြစ်သော်လည်း သက်ဆိုင်ရာနိုင်ငံ၏အထွတ်အထိပ် ပုဂ္ဂိုလ်ကြီးထံ မိမိ၏ ခန့်အပ်လွှာကို မပေးအပ် ရသမျှ ကာလပတ်လုံး ယင်းနိုင်ငံတွင် သံအမတ်စင်စစ် ဖြစ်ပြီဟု အသိအမှတ် မပြုကြသေး။ သံတမန်လောက၏ မိတ်ဆက်ပွဲ၊ ညစာခံပွဲ၊ ထမင်းစားပွဲများသို့လည်း သံအမတ်ကြီးတစ်ဦးအဖြစ် ဖိတ်မန္တက မပြုကြသေး။ သက်ဆိုင်ရာ သံအမတ် ကြီးသည် ထုံးတမ်းစဉ်လာကို စောင့်ထိန်းလျက် မိမိ၏ သွားလာလှုပ်ရှားမှုကို ထိန်းသိမ်းနေရလေသည်။

သမ္မတကြီး ပြည်ပမှ ပြန်လည်ရောက်ရှိလာပါပြီ။ ထိုသတင်းကို ကြား သည်နှင့် ခန့်အပ်လွှာ ပေးအပ်ရန် စောင့်ဆိုင်းနေကြသည့် သံအမတ်ကြီး သုံးလေး ဦးသည် မိမိတို့၏ ခန့်အပ်လွှာများကို အမြန်ဆုံး ပေးအပ်နိုင်ရန် စိုင်းပြင်းကြလေ သည်။

http://www.cherrythitsar.org

မောင်ပြုံးချိုအဖို့ ရက်ချိန်းရပါပြီ။

ဩဂုတ်လ ၂၉–ရက်နေ့ မွန်းလွဲတစ်နာရီအချိန်တွင် ခန့်အပ်လွှာ ပေးအပ်ရမည် ဖြစ်သည်။

ခန့်အပ်လွှာ ပေးအပ်ရာတွင် ထိုနိုင်ငံ၌ သတ်မှတ်ပြဋ္ဌာန်းထားသော စည်းကမ်းနည်းလမ်းများအတိုင်း လိုက်နာကျင့်သုံးရပေမည်။

ခန့်အပ်လွှာ ပေးအပ်မည့်သံအမတ်ကြီးသည် အခမ်းအနားတွင် မိမိ၏ အမျိုးသားဝတ်စုံကို ဖြစ်စေ၊ ဥရောပဝတ်စုံအနက်ကိုဖြစ်စေ ဝတ်ဆင်နိုင်သည်ဟု သတ်မှတ်ချက်ရှိသည်။ မောင်ပြုံးချိုက မိမိ၏ မြန်မာအမျိုးသားဝတ်စုံကို ဝတ်ဆင်မည်ဟု သံတမန်ဆက်သွယ်ရေးအရာရှိချုပ်အား အကြောင်းကြားထားပြီး ဖြစ်သည်။

မောင်ပြုံးချိုသည် ပုဆိုးတောင်ရှည်နှင့်တကွ အမျိုးသားဝတ်စုံကို ယခင် တစ်ခါသာ ဝတ်ဆင်ဖူးသည်။ သမ္မတအိမ်တော်တွင် ဘွဲ့တံဆိပ်ယူစဉ်က ဖြစ်သည်။ ထိုစဉ်က ပုဆိုးတောင်ရှည် မဝတ်တတ်၍ အိမ်နီးနားချင်း မြန်မာ ဆေးဆရာကြီး ဦးဇေယျာ၏ အကူအညီကို ရယူခဲ့ရသည်။ လမ်းလျှောက်သော အခါ ခါးပုံစကို နင်းမိပြီး ပြုတ်ကျမည်ကို စိုးရိမ်ခဲ့ရသည်။ ပုဆိုးစနှင့်တုပ်၍ လဲမည်ကိုလည်း ပူပင်ခဲ့ရသည်။ ယခုတစ်ဖန် အမျိုးသားဝတ်စုံ ဝတ်ဆင်ရန် အခွင့်ကြုံလာပြန်ပါပြီ။

ပြည်ပသို့ မထွက်ခွာမီ အမျိုးသားဝတ်စုံ ဝတ်ဆင်ပုံ၊ ဝတ်ဆင်နည်းကို သင်တန်း တက်ခဲ့ရသေးသည်။ များမကြာမီ နိုင်ငံအသီးသီးသို့ ထွက်ခွာသွားကြတော့မည့် သံအမတ်ကြီးများအား တစ်နေရာတွင် စုရုံးစေကာ ယဉ်ကျေးမှု ဌာန၊ ဇာတ်သဘင်အဖွဲ့မှ ပုဂ္ဂိုလ်တစ်ဦးက ပုဆိုးတောင်ရှည် ဝတ်ပုံဝတ်နည်းကို ပြသခဲ့သည်။ တစ်ဖက်သောအစကို မည်သို့ဆွဲထားပြီး ခါးကို မည်သို့ပတ်ရမည်။ ပုဆိုးစကို မရှည်လွန်း၊ မတိုလွန်း မည်သို့ချရမည်။ လမ်းလျှောက်လျှင် 'တစ်ပေါင် မပေါ်'စေရန် ပုဆိုးစကို မည်သို့ သိမ်းရမည် စသည်တို့ဖြစ်သည်။ သူသင်ကြားပြသသည့်တိုင်း ဝတ်ဆင်ကြည့်ရာတွင် အလွယ်ကလေးပင်။ ပြည်ပသို့ မထွက်ခွာမီ မိမိအိမ်တွင် မိမိဘာသာဝတ်ဆင်ကြည့်သောအခါ၌လည်း အခက်အခဲ မရှိ။ ယခု တိုင်းတစ်ပါးတွင် ပွဲဝင်ရတော့မည်ဖြစ်သဖြင့် တကယ်ဝတ်ကြည့်သောအခါ

အချိုးမကျ ဖြစ်နေလေသည်။ ခါးပုံစသည် ရှည်လိုရှည်၊ တိုလိုတို၊ ခါးပတ်ပတ်ပြီး လျှင် ပုဆိုးစချရန် ညှပ်လိုက်သောအခါ ဖောင်းပွပွဖြင့် ဝမ်းဗိုက်ကြီး ပူနေလေသည်။

"ပုဆိုးဝတ်လို့ ဟန်မကျသေးဘူးဟေ့။ ရန်ကုန်ကပါလာတဲ့ ဖိုင်တွဲကြီး ယူပါဦး"

မောင်ပြုံးချိုက အော်ဟစ်တောင်းဆိုလိုက်သည်။ နွေရာသီတွင် အစွလမ်မာ ဘတ်မြို့၏ အပူရှိန်သည် လွန်ကဲနေသည့်အထဲ ပုဆိုးတောင်ရှည်နှင့် နပန်းလုံး နေသော မောင်ပြုံးချိုသည် ချွေးတလုံးလုံး ဖြစ်နေလေသည်။

သမီးတစ်ယောက်က ဖိုင်တွဲကြီး ယူလာသည်။ သူ့ဖခင် ဖြစ်နေပုံကို ကြည့်၍ ပြုံးသည်။

"ဟဲ့ ပြုံးမနေနဲ့။ အဲဒီဖိုင်တွဲထဲက ပုဆိုးတောင်ရှည်ဝတ်နည်းကို လှန်စမ်း၊ ပုံစံအရုပ်ကလေးတွေနဲ့ ပြထားတယ်"ဟု မောင်ပြုံးချိုက လှမ်းပြော လိုက်သည်။

ယခုမှ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များ ကို လှမ်း၍ ကျေးဇူးတင်နေမိလေသည်။ ပုဆိုးဝတ် လက်တွေ့သင်တန်း ပေးလိုက်ရုံမျှမက ပုဆိုးတောင်ရှည်ကို တစ်ဆင့်ပြီးတစ်ဆင့် မည်သို့ဝတ်ဆင်ရမည် ဟု ပြသထားသော ရုပ်ပုံလွှာများပါသည့် ဝတ်ဆင်ပုံနည်း နိဿရည်းကိုပါ ပေး လိုက်ကြသည်။ ပြည်ပတွင် တွေ့ကြုံတော့မည့်ပြဿနာကို ကြိုတင်သိရှိ ထားကြ ဟန် တူသည်။

မောင်ပြုံးချိုသည် ထိုရုပ်ပုံများတွင် ဖော်ပြထားသည့်အတိုင်း ဝတ်ဆင် သောအခါမှ လွယ်ကူသွားသည်။ စနစ်တကျ ဝတ်ဆင်ပြီး ဖြစ်သွားသည်။

များမကြာမီ ဒုတိယအတွင်းဝန်သည် ပုဆိုးတောင်ရှည် အဝါချိတ်၊ ခေါင်းပေါင်း အဝါနု၊ ရင်ဖုံးအင်္ကျီအဖြူကို ဝတ်ဆင်လျက် ရောက်ရှိလာလေသည်။

"အမယ် တယ်ဟုတ်ပါလား။ ခင်ဗျားက ဟန်လို့ပဲ ကျွန်တော်ဖြင့် ချွေး တလုံးလုံးနဲ့ ခုမှပြီးတော့တယ်"

မောင်ပြုံးချိုက လှမ်းပြောသည်။

"ကျွန်တော်က မနေ့ညကတည်းက သံအမတ်ကြီးဖိုင်တွဲထဲက ရုပ်ပုံတွေ ကြည့်ပြီး အဝတ်ကျင့်ထားတာ"ဟု ဖြေလေသည်။

သူသည် အသားဖြူဖြူ၊ အရပ်မြင့်မြင့် ဥပဓိရုပ်ကောင်းသူဖြစ်၍ မြန်မာ အမျိုးသားဝတ်စုံဖြင့် ပန်ရလှသည်။ မင်္ဂလာသတို့သားလိုလို၊ ဇာတ်မင်းသား လိုလို။

"ကဲ ကဲ မင်းသားကြီးတွေ ပြင်လို့ဆင်လို့ပြီးကြပြီလား"

စစ်သံမှူး၏အသံသည် အပြင်ခန်းမှ ထွက်ပေါ်လာလေသည်။

"ကျွန်တော်က စစ်ဝတ်စုံဆိုတော့ ဘာမှ ပြဿနာမရှိဘူး။ သံအမတ်ကြီး တို့သာ သတိထားနော်။ တော်တော်ကြာခါးပုံစ တက်နင်းမိပြီး ပြုတ်ကျနေဦး မယ်"ဟု ရယ်မောပြောဆိုလေသည်။ စစ်သံမှူးသည် သူ့အကွက်နှင့်သူ ဟာသသံ နှော၍ ပြောတတ်သူ ဖြစ်သည်။

"ကာနယ် အီစမိုင် ဘယ်တော့ရောက်လာမလဲ"

စစ်သံမှူးက မေးသည်။

စစ်သံမှူးနှင့် သံတမန်ဆက်သွယ်ရေး အရာရှိချုပ် ကာနယ်အီစမိုင် တို့သည် ဖက်လဲတကင်း ရင်းနှီးကြသည်။

"သူ တစ်နာရီလောက် ကြိုရောက်လာမယ်ပြောတာပဲ"

"ရှန်ပိန်လေး ဘာလေး လုပ်ထားသေးသလား။ သူက ရှန်ပိန် အလွန် ကြိုက်တာနော်"

"ပြန်လာမှ လုပ်မယ်လေ၊ အဆင်သင့်ပါပဲ"ဟု တတိယ အတွင်းဝန်က ဖြေကြားလေသည်။

မောင်ပြုံးချိုသည် မိမိအား နိုင်ငံတော်က ချီးမြှင့်ထားသည့် ဘွဲ့ထူး ဂုဏ်ထူးတံဆိပ်များကိုပါ ဆင်မြန်းလျက် အဆင်သင့် ရှိနေလေသည်။ ဒုတိယ အတွင်းဝန်နှင့် စစ်သံမှူးသည် သံတမန်ဆက်သွယ်ရေး အရာရှိချုပ် လာမည့်လမ်း ကို မကြာခဏ မျှော်ကြည့်နေကြသည်။

ခဏကြာသော် မော်တော်ဆိုင်ကယ်သံ ကြားရသည်။ သမ္မတအိမ်တော် မှ အကြိုတော် လာနေပါပြီ။

http://www.cherrythitsar.org

(၂)

ရွှေ့ပြေး ရဲမော်တော်ဆိုင်ကယ်နှစ်စီး ဦးဆောင်လျက် မော်တော်ယာဉ်နှစ်စီးသည် အစ္စလမ်မာဘတ်မြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ်မှ ထွက်ခွာလာလေသည်။

ပထမမော်တော်ယာဉ်သည် သမ္မတအိမ်တော်မှ စေလွှတ်လိုက်သည့် မော်တော်ယာဉ်ဖြစ်သည်။ ထိုမော်တော်ယာဉ်၏ ဦးခေါင်းထိပ် ယာဘက်တွင် မြန်မာနိုင်ငံတော်အလံ တပ်ဆင်ထားပြီး ဝဲဘက်တွင် ပါကစ္စတန်အလံ တပ်ဆင်ထားသည်။ မြန်မာနိုင်ငံတော်အလံ တပ်ဆင်ထားသည့် ယာဘက်တွင် မြန်မာသံအမတ်ကြီးထိုင်၍ ပါကစ္စတန်အလံ တပ်ဆင်ထားသည့် ဝဲဘက်တွင် သံတမန်ဆက်သွယ်ရေးအရာရှိချုပ် ထိုင်လျက် လိုက်ပါလာသည်။

ဒုတိယမော်တော်ယာဉ်ပေါ်တွင်မူ ဒုတိယအတွင်းဝန်နှင့် စစ်သံမှူးတို့ လိုက်ပါလာကြသည်။ မော်တော်ယာဉ်များသည် ဆယ်နှစ်မိုင်မျှသာ ဝေးကွာသည့် ရာဝါပင်ဒီမြို့သို့ လမ်းမကြီးအတိုင်း မနှေးမမြန် ခပ်မှန်မှန် မောင်းနှင်လာကြလေသည်။

လမ်းခရီးတွင် ကာနယ်အီစမိုင်သည် ထွေရာလေးပါး စကားပြောလာလေသည်။ သူသည် စကားပြောကောင်းသူ ဖြစ်သည်။ ဟာသရှိသူဖြစ်သည်။ သူ့စကားများထဲတွင် ဟာသပါသည်။ သူတစ်ပါးပြောသည့် ဟာသကိုလည်း အရသာခံတတ်သည်။ စကားပြောရင်း တဟားဟား ရယ်မောတတ်လေသည်။

ရာဝါပင်ဒီမြို့တွင် ခြံငယ်အတွင်းရှိ အဆောက်အအုံတစ်ခုတွင် ခေတ္တနားနေကြသည်။ စစ်သံမှူးနှင့် ဒုတိယအတွင်းဝန်တို့သည် သမ္မတအိမ်တော်သို့ တိုက်ရိုက်သွားနှင့်ကြလေသည်။

“နည်းနည်းစောသေးလို့” ကာနယ်အီစမိုင်သည် သူ့လက်ပတ်နာရီကို ကြည့်၍ ပြောလေသည်။

ခြံဝင်းအတွင်း တစ်ဖက်သောကွက်လပ်တွင် မြင်းခြောက်ကောင် ကထားသည့် အမိုးဖွင့်ရထားကြီးကို တွေ့မြင်နေရသည်။ ရွှေနားကွပ် အနီရောင်တူညီဝတ်စုံကိုဝတ်ဆင်ထားသည့် သမ္မတကြီး၏ လုံ့တံကိုင် ကိုယ်ရံတော် တပ်ဖွဲ့ကိုလည်း တွေ့မြင်နေကြရသည်။ သူတို့သည် မြင်းများပေါ်တွင် ရောက်ရှိပြီး အဆင်သင့် ဖြစ်နေကြပါပြီ။

"သွားဖို့ အချိန်တော်ပြီ"

ကာနယ်အီစမိုင်သည် မောင်ပြုံးချိုအား ရှေ့ဆောင်ကာ မြင်းခြောက်ကောင်က ရထားယာဉ်ဆီသို့ လျှောက်သွားလေသည်။

ယာဉ်ပေါ်တွင် မောင်ပြုံးချိုက ယာဘက်မှထိုင်၍ ကာနယ်အီစမိုင်က ဝဲဘက်မှ ထိုင်လေသည်။ သမ္မတကြီး၏ ကိုယ်ရံတော် လှံတံကိုင် မြင်းတပ် ရှေ့ဆောင်သော မောင်ပြုံးချိုတို့၏ ရထားယာဉ်သည် သမ္မတအိမ်တော်သို့ ရှေ့ရှု ထွက်ခွာလာလေသည်။ ထိုသို့ အခမ်းအနားဖြင့် သွားရမည့်ခရီးမှာ နှစ်ဖာလုံခန့်သာ ကွာဝေးလေသည်။ လမ်းမဝဲယာတွင် သွားလာနေသူများသည် သူတို့တတွေကို ငေးမောကြည့်ရှုကြသည်။ အချို့ လက်ဖဝါးယမ်းပြီး နှုတ်ဆက်ကြသည်။ မော်တော်ယာဉ်များပေါ်မှ ခရီးသွားများသည်လည်း စောင်းငဲ့ကြည့်ရှုသွားသည်။ အချို့သူများ အဖို့ မြန်မာအမျိုးသားဝတ်စုံကို မြင်ဖူးကြမည် မဟုတ်။ လေထဲတွင် တလူလူ လှုပ်ရှားနေသည့် မောင်ပြုံးချို၏ ခေါင်းပေါင်းစကို အထူးအဆန်း လှမ်းကြည့်နေ ဟန် တူပါသည်။ လက်ဖဝါးယမ်းကာ နှုတ်ဆက်သူများအား မောင်ပြုံးချိုက ပြန်လည် လက်ပြနှုတ်ဆက်လေသည်။

သမ္မတအိမ်တော်ဝင်ပေါက်ဝဲယာတွင် အနီရောင်တူညီဝတ်စုံ ဝတ်ဆင်ထားသည့် ကိုယ်ရံတော်တပ်ဖွဲ့နှစ်ဦးသည် မြင်းကိုယ်စီထက်တွင် လှံတံကိုင်ကာ ငြိမ်သက်စွာ ရှိနေကြသည်။ မောင်ပြုံးချိုတို့ ယာဉ်ရထားဝင်ပေါက်ရောက်သည်နှင့် တစ်ပြိုက်နက် အိမ်တော်၏ ဆင်ဝင်အပေါ်ထပ်တွင် စီတန်းရပ်လျက်ရှိသော စစ်သည်တော်လေးဦးသည် အောင်ခရာကို ပြိုင်တူမှုတ်ကာ ကြိုဆိုကြလေသည်။ ဝင်ပေါက်မှသည် အိမ်တော်အထိ လမ်းဝဲယာတွင် ကိုယ်ရံတော်တပ်ဖွဲ့ဝင်များသည် တစ်ဦးနှင့်တစ်ဦး တစ်လံခန့်စီခြားလျက် လှံတံကိုင်ကာ ငြိမ်သက်စွာ ရပ်နေကြလေသည်။ အိမ်တော်အနီး မြက်ခင်းပြင်တွင်မူ ဂုဏ်ပြု တပ်ဖွဲ့သည် တိုက်ပွဲဝင် တူညီဝတ်စုံများကိုဝတ်ဆင်လျက် ရှေ့နောက် နှစ်တန်းခွဲကာ ရပ်နေကြလေသည်။

မြင်းဆွဲရထားပေါ်မှ သက်ဆင်းလိုက်သည်နှင့်တစ်ပြိုက်နက် ကာနယ်အီစမိုင်သည် အသင့်စောင့်ကြိုနေသော ဗိုလ်မှူးကြီးတစ်ဦးနှင့် မောင်ပြုံးချိုအား မိတ်ဆက်ပေးလေသည်။ သူသည် သမ္မတကြီး၏ စစ်ဘက်ဆိုင်ရာ အတွင်းဝန် ဖြစ်နေသည်။ ဗိုလ်မှူးကြီးသည် မောင်ပြုံးချိုအား ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အသင့်စီမံထားသည့် စင်မြင့်ပေါ်သို့ ခေါ်ဆောင်သွားလေသည်။

စစ်ဘက်ဆိုင်ရာအတွင်းဝန်နှင့် ကာနယ်အီစမိုင်သည် သူ့ဝဲယာတွင် ရပ်နေကြလေသည်။ ထိုစဉ်တွင် တပ်ဖွဲ့မှူးက 'အလေးပြု'အမိန့်ပေးလိုက်ရာ အားလုံးပင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ငြိမ်သက်စွာ အလေးပြုကြလေသည်။ တစ်ဖက်ရှိ ဘင်ခရာတီးဝိုင်းမှ မြန်မာနိုင်ငံတော်သီချင်းကို တီးမှုတ်လေသည်။

တစ်ပြည်ရပ်ခြားတွင် တိုင်းတစ်ပါးသားတို့တီးဝိုင်းမှ ထွက်ပေါ်လာသည့် မြန်မာနိုင်ငံတော်သီချင်းဂီတသံကို ကြားရသော မောင်ပြုံးချိုသည် စာဖြင့်ရေးပြ ခြင်းငှာ မစွမ်းနိုင်အောင် နှစ်သိမ့်ကြည်နူးမိလေသည်။ မိမိနိုင်ငံအား မြတ်နိုး ချစ်ခင်စိတ်၊ လွမ်းတစိတ်တို့သည် နှလုံးသားမှ ယိုဖိတ်လာလေသည်။

ပြီးလျှင် ပါကစ္စတန်နိုင်ငံတော်သီချင်းကို တီးမှုတ်အလေးပြု ကြလေသည်။

မောင်ပြုံးချိုတို့ စင်မြင့်မှဆင်း၍ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးပြီးလျှင် တပ်ဖွဲ့မှူးအား ကျေးဇူးတင်စကားပြောဆိုကာ အိမ်တော်အတွင်းသို့ ဝင်လာ ကြလေသည်။ ဧည့်ခန်းတွင် ခေတ္တထိုင်နေကြရသည်။ မကြာမြင့်မီ တစ်ဖက်မှ အခန်းတံခါးကျယ်ကြီးကို အသင့်စောင့်နေသော ကိုယ်ရံတော်များက ဖွင့်လိုက်ရာ ရှေ့တူရူအခန်းကျယ်ကြီး၏ အစွန်ဘက်တွင် အဆောင်အယောင်များနှင့် ရပ်လျက် ရှိသော သမ္မတကြီးကို တွေ့မြင်ရလေသည်။ စစ်ဘက်ဆိုင်ရာ အတွင်းဝန် မိုလ်မှူးကြီးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန တွဲဖက်အတွင်းဝန်တို့က သမ္မတကြီး အား ဝဲယာခြံရံလျက် ရပ်နေကြသည်။ သမ္မတကြီးသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ အသက်အားဖြင့် ခုနစ်ဆယ်ဝန်းကျင်တွင် ရောက်ရှိနေပြီ ဖြစ်သော်လည်း ဆံပင်မဖြူသောကြောင့် အရွယ်တင်သည်။ ခြောက်ဆယ်လောက် သာ ရှိလိမ့်မည်ဟု ထင်ရသည်။

မောင်ပြုံးချိုတို့သည် သမ္မတကြီးရှေ့မှောက်သို့ လျှောက်လာကြသည်။ အနီးသို့ရောက်သည်နှင့် ကာနယ်အီစမိုင်က မောင်ပြုံးချိုအား သမ္မတကြီးနှင့် မိတ်ဆက်ပေးသည်။ ပြီးလျှင် အသင့်ယူဆောင်လာသော ခန့်အပ်လွှာကို မောင် ပြုံးချိုက သမ္မတကြီးလက်သို့ ပေးအပ်သည်။ သမ္မတကြီးသည် လက်ခံယူပြီး လျှင် အနီးတွင်ရှိသော အတွင်းဝန်တစ်ဦးလက်သို့ လှမ်းပေးလိုက်သည်။ ထို့နောက် သံအမတ်သစ်နှင့် သမ္မတတို့ လက်ဆွဲနှုတ်ဆက်ကြသည်။ မောင်ပြုံးချို က သူနှင့်အတူ ပါလာကြသည့် စစ်သံမှူးနှင့် ဒုတိယအတွင်းဝန်တို့အား သမ္မတနှင့် မိတ်ဆက်ပေးသည်။ သမ္မတကလည်း သူ့အနီးတွင်ရှိသော အရာရှိများနှင့် မောင် ပြုံးချိုအား မိတ်ဆက်ပေးပြန်သည်။

ထိုအခမ်းအနားပြီးဆုံးလျှင် သမ္မတကြီးသည် မောင်ပြုံးချိုအား တစ်ဖက်ခန်းသို့ ခေါ်ဆောင်သွားသည်။ ထိုအခါတွင် အခြားသူများသည် ဧည့်ခန်းရှိရာသို့ ထွက်ခွာသွားကြလေသည်။ သမ္မတနှင့် သံအမတ်သစ်နှစ်ဦးသာ အလ္လာပ၊ သလ္လာပ စကားများ ပြောဆိုနေကြသောအခါ နိုင်ငံခြားရေးဝန်ကြီးဌာန တွဲဖက် အတွင်းဝန် တစ်ဦးသာ အတူရှိနေလေသည်။ ထိုစဉ်တွင် ကော်ဖီ၊ မုန့်၊ အချိုပွဲ စသည်တို့ဖြင့် ဧည့်ခံသည်။ သုံးဦးသား စပ်မိစပ်ရာ ပြောကြသည့် စကားများမှာ စုံနေပါသည်။ ပထမဆုံး မြန်မာနိုင်ငံတော် သမ္မတကြီး ကျန်းမာပါစဟု မေးမြန်းသည်။ မောင်ပြုံးချိုက ကျန်းကျန်းမာမာရှိသည့်အကြောင်း ပြန်ပြောသည်။ မိမိက ဤသို့ မေးမြန်းသည့်အကြောင်း တစ်ဆင့်ပြောကြားပါရန် မှာကြားသည်။ ထို့နောက် မြန်မာနိုင်ငံ၏ ရာသီဥတုအကြောင်း၊ လယ်ယာ စိုက်ပျိုးရေး၊ မကြာသေးမီက အတည်ပြု ပြဋ္ဌာန်းလိုက်သည့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အခြေခံဥပဒေအကြောင်း၊ မြေငလျင်လှုပ်သည့်အတွက် ပုဂံဘုရားများ ပျက်စီးသည့်အကြောင်း ပညာသင်ကြားရေးစနစ်အကြောင်း စသည်စသည်တို့ ဖြစ်သည်။

သည်လိုနှင့် နာရီဝက်ခန့် စကားပြောနေကြပြီး နေ့လယ်စာ စားသောက်ရန် တစ်ဖက်ခန်းသို့ ကူးလာကြသည်။ ကျယ်ဝန်းလှသည့် ထမင်းစားခန်းထဲတွင် စားပွဲရှည်ကြီးတစ်ခု ခင်းကျင်းကာ လှပစွာပြင်ဆင်ထားသည်။ သမ္မတကြီးက စားပွဲထိပ်တွင် ထိုင်၍ မောင်ပြုံးချိုက သူ၏ လက်ယာဘက်တွင် ထိုင်သည်။ မောင်ပြုံးချိုနှင့် အတူပါလာသူ စစ်သံမှူးနှင့် ဒုတိယအတွင်းဝန်အပြင် နိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိ အိမ်တော်အရာရှိများပါ ပါဝင်သောကြောင့် နေ့လယ်စာ စားပွဲသည် မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။ စားရင်း သောက်ရင်း စကားပြောကြပြန်သည်။ လူများသောကြောင့် ပြောကြဆိုကြသည့်အကြောင်းအရာများက စုံလင်လှသည်။ နှစ်နိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအကြောင်း၊ ကိုးကွယ်သည့် ဘာသာများ၊ လက်ထပ်ထိမ်းမြားရေး၊ ပဋိသန္ဓေတားဆီးရေး၊ မြန်မာ မွတ်စလင်များအကြောင်း၊ ခရီး သွားလာရေး၊ အသုံးလုံးကြေ သင်တန်းများ အကြောင်း၊ ဆန်တင်ပို့ ရောင်းချရေး၊ သစ်သီးဝလံများအကြောင်း စုံနေပါတော့သည်။

ထမင်းစားပြီးတွင် သစ်သီးများကို လာချသောအခါ သမ္မတကြီးက သရက်သီးကို နှိုက်ယူလိုက်သည်။ မောင်ပြုံးချိုက ပန်းသီးကိုယူသည်။

"ကျွန်တော်တို့ဆီက သရက်သီးကို မြည်းကြည့်စမ်းပါဦး"ဟု သမ္မတကြီးက ဆိုသည်။

"အရင်က ဒီနယ်မယ် သရက်သီး မရှိဘူး။ အခုမှ စိုက်လာကြတာ။ အတော်ဖြစ်ထွန်းလာပြီ"ဟု ဆက်ပြောလေသည်။

"မြန်မာနိုင်ငံမယ် သရက်သီး ရှိမှာပေါ့နော်"ဟု တွဲဖက်အတွင်းဝန်က ပြောမေး မေးသည်။

"ရှိပါတယ်။ သူ့ရာသီကျရင် သိပ်ပေါပါတယ်။ သရက်သီးအမျိုးပေါင်းလဲ အများကြီးရှိပါတယ်"ဟု မောင်ပြုံးချိုက ပြောလိုက်လေသည်။

"ပန်းသီး၊ စပျစ်သီးတော့ ရှားမယ်ထင်တယ်"ဟု သမ္မတကြီးက မှတ်ချက် ပြုသည်။

"ပန်းသီးတော့ ရှားပါသေးတယ်။ အခု တောင်ပေါ်ဒေသတွေမယ် စ စိုက်လာကြလာပါပြီ။ တော်တော်ဖြစ်တယ်လို့ သိရပါတယ်။ စပျစ်သီးက တော်တော်ဖြစ်နေပါပြီ။ အလယ်ပိုင်းဒေသမယ် စပျစ်ခြံတွေ အများကြီးပါပဲ"

မောင်ပြုံးချိုက မိမိတို့နိုင်ငံတွင် လွန်ခဲ့သော ဆယ့်ငါးနှစ်လောက်က စ၍ စပျစ်စိုက်ပျိုးလာခဲ့ပုံများကို သူသိသလောက် ရှင်းလင်းပြောပြလေသည်။

မောင်ပြုံးချိုတို့ အိမ်တော်မှ ထွက်ခွာလာကြသောအခါ မွန်းလွဲသုံးနာရီ ကျော်ခန့် ရှိနေပါပြီ။

"အောင်အောင်မြင်မြင်နဲ့ အခမ်းအနား ပြီးဆုံးသွားတာကို ချီးကျူးပါ တယ်"

အပြန်ခရီးတွင် မော်တော်ယဉ်ပေါ်၌ ကာနယ်အီစမိုင်က ပြောလေသည်။

"ဒါတွေဟာ ခင်ဗျား အစီအစဉ်တွေပဲဟာ၊ အထစ်အငေါ့မရှိ ချောချော မောမော အောင်မြင်သွားတော့ ခင်ဗျားကို ချီးကျူးရမှာပါ။ ဒီလိုအဆင်ပြေအောင် စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု မောင်ပြုံးချိုက ပြန်ပြောလေသည်။

အိမ်သို့ ပြန်ရောက်သောအခါ အသင့်စောင့်နေကြသော သံရုံးအဖွဲ့ဝင် များက ရှန်ပိန်ပုလင်းကိုဖွင့်ကာ ကာနယ်အီစမိုင်အား ဧည့်ခံကြသည်။ သူသည် ရှန်ပိန်ကို ဆုတောင်းပတ္တနာပြုကာ ကျိုက်ချလိုက်သည်။ သည်လိုနှင့်စားရင်း သောက်ရင်း သုံးလေးခွက်လောက် ဝင်သွားသောအခါ မောင်ပြုံးချိုက ဒူးယား ဆေးပြင်းလိပ်ဘူးကို ထိုးပေးသည်။

"ဒါမြန်မာဆေးလိပ်လား"ဟုဆိုကာ တစ်လိပ်နှိုက်ယူ၍ နမ်းကြည့်သည်။

"ဟုတ်ပါတယ်"

သူသည် မီးညှိကာ ဖွာလိုက်သည်။

"ဟာ သိပ်ကောင်းတာပေါ့၊ မြန်မာဆေးလိပ်က ကမ္ဘာပေါ်မယ် နာမည်ကျော်ပဲ"ဟုဆိုကာ အားပါးတရ ရှိုက်ကာ အခိုးများ မှုတ်ထုတ်လိုက်သည်။

သူပြန်ရန် နေရာမှထသောအခါ ဒူးယားဆေးပြင်းလိပ် ရာဝင်ဘူးတစ်ဘူးကို လက်ဆောင်ပေးလိုက်သည်။

"ကျေးဇူးတင်လိုက်တာဗျာ"ဟုဆိုရင်း ဆေးလိပ်ဘူးကို ပိုက်ကာ အားလုံးကို လက်ဆွဲနှုတ်ဆက်သည်။

မောင်ပြုံးချိုက မော်တော်ယဉ်အထိ လိုက်ပို့သည်။ အစစ အဆင်ပြေအောင် စီစဉ်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ထပ်မံပြောဆိုလိုက်သည်။

"ဒါနဲ့ ပြောရဦးမယ်။ အစစ အထစ်အငေါ့မရှိဘူးသာဆိုတယ် ခင်ဗျားဘက်ကတော့ ဘာမှပြောစရာ မရှိပါဘူး။ ကျွန်တော့်ဘက်ကတော့ ပြဿနာဖြစ်သေးတယ်"ဟု ကာနယ်အီစမိုင်က မော်တော်ယဉ်ပေါ် တက်ခါနီး ရပ်လျက် တိုးတိုးပြောသည်။

"ဟာ ဘာများလဲ"

မောင်ပြုံးချိုက အထိတ်တလန့် မေးလိုက်သည်။

"ဒီထွက်လာခါနီးပေါ့"

"ဘယ်လို ဖြစ်လို့လဲ"

"ဒီကို ကျွန်တော်နဲ့ ကျွန်တော့်လက်ထောက်လာဖို့ စီစဉ်ထားတယ်လေ။ ခင်ဗျားလဲ ပြောထားသားပဲ။ ကျွန်တော်တို့နှစ်ယောက် လာမယ်လို့ အဲဒါဗျာ၊ ဒီထွက်လာတော့ ကျွန်တော့်လူ လိုက်မလာနိုင်တော့ဘူး"

"ဘာဖြစ်လို့လဲ ရုတ်တရက် နေမကောင်းဖြစ်သွားလို့လား"

"ဘယ်ဟုတ်မလဲ။ နေမကောင်းတာလောက်ဆိုရင် ကျွန်တော် အတင်းခေါ်လာမှာပေါ့"

http://www.cherrythitsar.org

"မော်တော်ကား တိုက်လို့လား ထိခိုက်ဒဏ်ရာရလို့လား"

"မဟုတ်ပါဘူး။ အဲဒါထက် ဆိုးတယ်။ ဒီမော်တော်ယဉ်ပေါ်ရောက်မှ သူဝတ်ထားတဲ့ ဘောင်းဘီက ဇစ်ပြုတ်ထွက်သွားလို့ ပြန်တပ်လို့ဖြစ်အောင် ကြိုးစားတာပဲ မရဘူး။ ဒါနဲ့ လမ်းမယ်ချထားခဲ့ရတယ်။ ခင်ဗျားသိတဲ့အတိုင်း ဒီလိုအရေးကြီးတဲ့ အခမ်းအနားမျိုးမယ် ဇစ်ပြုတ်ဘောင်းဘီ ဝတ်ထားတဲ့ လူခေါ်လာရင် ဘယ်ဖြစ်မလဲ။ ခင်ဗျားပဲ စဉ်းစားကြည့်တော့လေ ဟား...ဟား ဟား"

မော်တော်ယာဉ် ထွက်သွားသောအခါ တဖြည်းဖြည်း ဝေးသွားသော သူ့ရယ်သံကို နားထောင်ရင်း မောင်ပြုံးချိုသည် ပြုံး၍ ကျန်ရစ်လေသည်။

❁

http://www.cherrythitsar.org

# ဂါရဝ သံသရာ

နိုင်ငံတော် အထွတ်အထိပ် ပုဂ္ဂိုလ်ကြီးထံ ခန့်အပ်လွှာ ပေးအပ်ပြီးသောအခါ မောင်ပြုံးချိုသည် တင်းပြည့်ကျပ်ပြည့် သံအမတ်ကြီး ဖြစ်သွားပါပြီ။ သံတမန် လောကတွင် သွားလာလှုပ်ရှားလေပြီ။ သို့သော် သူအဖို့ ပထမဆုံး ပြုလုပ် ဆောင်ရွက်ရမည့် တာဝန်တစ်ခု ရှိနေပါသေးသည်။ ထိုတာဝန်မှာ ထိုနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး၊ အတွင်းဝန် စသည်များကို သွားရောက်တွေ့ဆုံရန် ဖြစ်သည်။ ထို့နောက် မိမိထက် ဝါရင့်သော သံအမတ်ကြီးများအား သွားရောက်တွေ့ဆုံ နှုတ်ဆက်ရပေမည်။

အင်္ဂလိပ်ဘာသာဖြင့် 'ကောလ်' ပြုလုပ်သည်ဟူသော ဝေါဟာရကို အချို့က မြန်မာဘာသာဖြင့် ဂါရဝပြုသည်ဟု အနက်ပြန်သည်။ သူ့အရင် တစ်နှစ်၊ တစ်လ၊ တစ်ရက်၊ တစ်မိနစ်၊ တစ်ဗီဇနာ၊ တစ်စက္ကန့် စော၍ ပါကစ္စတန်သမ္မတ ကြီးထံ သူတို့၏ ခန့်အပ်လွှာ ပေးထားသူများသည် သူ့ထက်ဝါရင့်သူများဖြစ်ကြ သည်။ ထို့ကြောင့် ရောက်ရှိလာသည့် သံအမတ်သစ်များသည် သက်ဆိုင်ရာ နိုင်ငံတော်အထွတ်အထိပ် ပုဂ္ဂိုလ်ကြီးများထံ မိမိတို့ ခန့်အပ်လွှာများကို အမြန်ဆုံး ပေးအပ်နိုင်ရန် စိုင်းပြင်းကြသည်။ "တစ်ရက်တလေ နောက်ကျလဲ ဘာဖြစ်လဲ"ဟု အချို့က ဆိုကြပေမည်။ သို့သော် သံတမန်လောကတွင်မူ ဝါအနုအရင့်ကို ရေးကြီး ခွင်ကျယ် ပြုလုပ်တတ်ကြသည်။ ဘယ်နေရာမှာမဆို သူများထက်သာရမှ စိတ် ချမ်းသာ ကိုယ်ချမ်းသာ ရှိနိုင်ကြသည့် အသိုင်းအဝိုင်း ဖြစ်သည်။ အခမ်းအနား များ၌ နေရာထိုင်ခင်းစီစဉ်သောအခါ ဝါစဉ်ကြီးလိုက် တန်းစီစဉ်ရသည်။ အခြားနိုင်ငံများမှ သမ္မတများ၊ ဘုရင်များ၊ ဝန်ကြီးချုပ်များ စသည်တို့ အလည် အပတ်လာရောက်သဖြင့် လေဆိပ်သို့ သွားရောက်ကြိုဆိုသော အခါများ၌လည်း သံအမတ်ကြီးများသည် ဝါစဉ်အလိုက် တန်းစီရပ်ကာ နှုတ်ဆက်ကြရသည်။

http://www.cherrythitsar.org

အချုပ်အားဖြင့်ဆိုသော် ဝါကြီးသည်နှင့်အမျှ ရှေ့တန်းတွင် နေရာရသည်။ သံတမန်ကာလတွင် ဝါအားဖြင့် တစ်နေ့၊ တစ်ရက်၊ တစ်နာရီ၊ တစ်မိနစ်စော ကြီးခြင်းကို အထူးအလေးဂရုပြုရလေသည်။

ယခုလည်း သံအမတ်ကြီးသစ် မောင်ပြုံးချိုသည် နေရာတိုင်း၊ မင်းပွဲစိုးပွဲ တိုင်း၊ အခမ်းအနားတိုင်း၌ သူ့ရှေ့မှ ရပ်၍သော်လည်းကောင်း၊ ထိုင်၍သော် လည်းကောင်း ရှိနေကြမည့် သံအမတ်ကြီးများအား သွားရောက်တွေ့ဆုံရန် တာဝန်ရှိနေပါသည်။

နိုင်ငံတိုင်းတွင် နိုင်ငံအသီးသီးမှ လာရောက်တာဝန် ထမ်းဆောင်နေကြ သော သံတမန်များအနက် ဝါအရင့်ဆုံးပုဂ္ဂိုလ်အား သံတမန်အဖွဲ့က နာယက အဖြစ် အသိအမှတ်ပြုထားသည်။ သံတမန်အားလုံးနှင့် သက်ဆိုင်သည့် ကိစ္စ များကို နိုင်ငံခြားရေးဝန်ကြီးဌာနသည် ထိုပုဂ္ဂိုလ်မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက် သည်။ သံတမန်များကလည်း မိမိတို့ အများနှင့်သက်ဆိုင်သည့် ပြဿနာများကို နာယကမှတစ်ဆင့် သက်ရာဆိုင်ရာသို့ တင်ပြတတ်ကြသည်။ သံတမန်များ၏ ကိုယ်စား နာယကသည် ခေါင်းဆောင်ခေါင်းရွက်ပြုလုပ်ပြီး အဆင်ပြေအောင် ဆောင်ရွက်ပေးရသည်။ အခမ်းအနားထမင်းစားပွဲ၊ ညစာခံပွဲများတွင် သံတမန် အဖွဲ့၏ နာယကအား အလေးဂရုပြုကာ နေရာထားကြရသည်။

သံအမတ်သစ်များ ရောက်ရှိလာသောအခါ၌လည်း နာယကကြီးကို ပထမဦးစွာ တွေ့ဆုံဂါဝရပြုရမည် ဖြစ်ပေသည်။

ထိုစဉ်က အစ္စလမ်မာဘတ်မြို့တွင် သံတမန်အဖွဲ့နာယကမှာ မောရေရှ သံအမတ်ကြီး ဖြစ်လေသည်။ သူသည် မိမိနိုင်ငံ သံအမတ်အဖြစ် ပါကစ္စတန်တွင် တာဝန်ထမ်းဆောင်နေရသည်မှာ ငါးနှစ်ခန့်ရှိပြီဟု သိရလေသည်။

တစ်နေ့သောနံနက်ခင်းတွင် ကြိုတင်ချိန်းဆိုထားသည့်အတိုင်း မောင်ပြုံးချို သည် နာယကကြီး၏အိမ်သို့ ရောက်ရှိလာလေသည်။ နာယကကြီးသည် မောင်ပြုံးချိုအား သူ၏ညေ့ခန်းတွင် လက်ခံတွေ့ဆုံသည်။

မောရေရှသံအမတ်ကြီးသည် အသက်အားဖြင့် ခုနစ်ဆယ်နီးပါး ရှိပြီဟု သိရသည်။ သို့သော် သူ၏ရုပ်ရည်မှာ ငါးဆယ်ကျော်ခြောက်ဆယ် ပတ်ဝန်းကျင် မျှသာ ရှိသေးသည်ဟု ထင်ရသည်။ အသားညိုဖြူ အိန္ဒိယသွေး အတော်များများ ပါဟန်ရှိသည်။ ငယ်စဉ်က အင်္ဂလန်နိုင်ငံ အောက်စဖို့တက္ကသိုလ်တွင် ပညာ

ဆည်းပူးခဲ့ပြီး မိမိနိုင်ငံရှိ တက္ကသိုလ်တွင် အင်္ဂလိပ်စာပါမောက္ခအဖြစ် တာဝန်ယူခဲ့သည်ဟု သိရသည်။ အငြိမ်းစားယူပြီးသည့် နောက်ပိုင်းတွင် သံအမတ်ကြီးအဖြစ် ကန်ထရိုက်စနစ်ဖြင့် ခန့်အပ်ထားခြင်းဖြစ်သည်ဟုလည်း သံတမန်လောကမှ တစ်ဆင့် သိရသည်။

သူသည် စကားပြောကောင်းသူ ဖြစ်သည်။ အင်္ဂလိပ်ဘာသာ သာမက ပြင်သစ်ဘာသာကိုလည်း ကျွမ်းကျင်စွာ ပြောဆိုနိုင်သည်။ သူက မောင်ပြုံးချိုအား အစ္စလမ်မာဘတ်မြို့မှ ခရီးဦးကြိုပါကြောင်း၊ သံတမန်အဖွဲ့အစည်းများ၏ ကိုယ်စား မိမိက ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြုပါကြောင်း ပဏာမစကား ပြောဆိုသည်။ သူတို့နှစ်ဦးသည် စားပွဲထိုးလာပေးသော ကော်ဖီနှင့် မုန့်များကို သောက်ကာစားကာနှင့် ထွေရာလေးပါး စကားပြောကြသည်။

"သည်မရောက်ခင်က ဘယ်နိုင်ငံတွေမယ် တာဝန်ယူခဲ့ဖူးပါသေးသလဲ" ဟု မေးသည်။

"သံအမတ်အနေနဲ့ ဒီနိုင်ငံဟာ ပထမဆုံးတာဝန်ယူတဲ့ နိုင်ငံပါပဲ"ဟု မောင်ပြုံးချိုက ဖြေသည်။

"အရင်က ဘယ်လိုတာဝန်မျိုးတွေ ထမ်းဆောင်ခဲ့ရပါသလဲ၊ စစ်ဘက်ကလား"

မောင်ပြုံးချိုက မိမိသည် စစ်ဘက်မှ မဟုတ်ကြောင်း၊ အထွေထွေ စီမံခန့်ခွဲရေးဘက်မှဖြစ်၍ မြို့ပိုင်မှအစ ခရိုင်ဝန်၊ ဒုတိယအတွင်းဝန်၊ တိုင်းမင်းကြီး၊ ဦးဆောင်ညွှန်ကြားရေးမှူး အစရှိသည့် တာဝန်များကို ထမ်းဆောင်ခဲ့ဖူးကြောင်း ဖြေကြားသည်။ သူက မိမိတို့၏ စီမံခန့်ခွဲရေး ယန္တရားသည်လည်း မြန်မာပြည်နှင့်အတူတူပင်ဖြစ်ကြောင်းပြောသည်။ မောင်ပြုံးချိုက ယခင်က တူညီခဲ့မည်ဖြစ်သော်လည်း ယခုတော့ တူတော့မည် မထင်ကြောင်း ရှင်းပြသည်။ ၁၉၆၂–ခုနှစ်တွင် တော်လှန်ရေးကောင်စီ တက်လာပြီးသည့် နောက်ပိုင်းတွင် ကိုလိုနီခေတ်က ကျင့်သုံးခဲ့သည့် ဗျူရိုကရေစီစနစ်ကို တစ်စတစ်စ ဖျက်သိမ်းလာခဲ့ပုံ၊ ၁၉၇၄–ခု၊ မတ်လ ၂–ရက်နေ့တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်အရ ဆိုရှယ်လစ် ဒီမိုကရေစီစနစ်ဖြင့် အာဏာပိုင်အဖွဲ့အစည်းများကို ပြည်သူလူထုက ရွေးချယ်တင်မြှောက် ဆောင်ရွက်ပုံများကို အတန်ကြာအောင် ရှင်းလင်းပြောပြသည်။

ထို့နောက် သူက လယ်ယာစိုက်ပျိုးရေးအကြောင်းကို မေးပြန်သည်။ မောင်ပြုံးချိုက အခြေအနေကို ပြောပြသည်။

"ခင်ဗျားတို့နိုင်ငံက ဆန်စပါး အများကြီးထွက်တဲ့ နိုင်ငံပဲ၊ နိုင်ငံခြားလဲ အများကြီး တင်ပို့နိုင်ခဲ့တာပဲ။ ကျွန်တော်တို့ နိုင်ငံလဲ ခင်ဗျားဆီကချည်း နှစ်စဉ်ဝယ်ခဲ့တာပဲ။ အခု ဘာပြုလို့ နိုင်ငံခြား မပို့နိုင်တော့တာလဲ"ဟု မေးသည်။ "မပို့ဘူးတော့ မဟုတ်ပါဘူး။ ပို့နေလျက်ပါပဲ။ အရင်တုန်းကလောက် မပို့နိုင်တာတော့ ဟုတ်ပါတယ်"ဟု မောင်ပြုံးချိုက ဖြေသည်။

"ဘာပြုလို့လဲ၊ အရင်ကလောက် မထွက်တော့လို့လား"

"ဒီလိုလဲ မဟုတ်ပါဘူး။ လူဦးရေက တိုးလာတယ် မဟုတ်လား။ စားတဲ့ ပါးစပ်ပေါက်တွေက တစ်နေ့တခြားများလာတယ်။ ပြီးတော့ သဘာဝ အန္တရာယ်တွေကြောင့် ပျက်စီးတာတွေလဲ ရှိပါတယ်"

"ဘယ်လို သဘာဝအန္တရာယ်တွေလဲ"

"ရေကြီးတာတို့၊ လေမုန်တိုင်းတိုက်တာတို့၊ အချို့နေရာတွေမယ် မိုးခေါင်တာတို့ပေါ့။ အဲဒီနှစ်တွေကျတော့ အထွက်လျော့တာပေါ့"

"လူဦးရေ ဘယ်လောက်ရှိလဲ"

"သန်းသုံးဆယ် ပတ်ဝန်းကျင်ပါပဲ"

"အတိုးနှုန်း ဘယ်လောက်ရှိလဲ"

"နှစ်ဒသမ သုံးလောက်ရှိပါတယ်"

"သိပ်တော့မများပါဘူး။ မိသားစုကန့်သတ်ရေး စီမံချက်ရော လုပ်သလား"

"မလုပ်ပါဘူး။ ဒီလူဦးရေလောက်တော့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ သိပ်မှုစရာ မဟုတ်သေးပါဘူး"

"ဟုတ်ပါတယ်။ ကျွန်တော် မရောက်ဖူးပေမဲ့ ခင်ဗျားတို့နိုင်ငံဟာ သဘာဝပစ္စည်း အလွန်ကြွယ်ဝတဲ့နိုင်ငံဆိုတာ သိပါတယ်။ ရာသီဥတု၊ ရေမြေ အနေအထားအင်မတန်ကောင်းတယ်လို့လဲ ကြားဖူးပါတယ်။ ဒီအခြေအနေကို ဘယ်လိုအသုံးချမလဲ စနစ်တကျ အသုံးချတတ်ဖို့ လိုမှာပါပဲ"

ထုံးစံအတိုင်းဆိုလျှင် ဤကဲ့သို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နာရီဝက်ခန့်သာ ကြာတတ်သည်။ ယခု စကားကောင်းနေသဖြင့် တစ်နာရီနီးပါး ကြာသွားသည်။ မောင်ပြုံးချိုက ဤသို့သော မိမိအား အလုပ်များနေသည့် အထဲက လက်ခံတွေ့ဆုံသည့်အတွက်ရော၊ ကျွေးမွေးဧည့်ခံသည့်အတွက်ရော ကျေးဇူးတင်ကြောင်းပြောဆိုကာ နေရာမှထပြီး သူကလည်း မိမိအား လာရောက်တွေ့ဆုံသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောဆိုကာ နှုတ်ဆက်ပြီး မော်တော်ယာဉ်အနီးရောက်အောင် လိုက်လံ ပို့ဆောင်သည်။

"ကျွန်တော်လဲ မကြာခင် သံအမတ်ကြီးကို လာရောက်တွေ့ဆုံပါဦးမယ်" ဟု ပြောဆိုကာ လက်ဆွဲနှုတ်ဆက်လိုက်သည်။ မော်တော်ယာဉ် ထွက်ခွာသွားသည်အထိ ရပ်လျက် လက်ပြကျန်ရစ်လေသည်။

သံတမန်အဖွဲ့ နာယကကြီးကို တွေ့ဆုံပြီးနောက်ပိုင်းတွင် အခြားဝါရင့်သံအမတ်ကြီးများကို တစ်ဦးပြီးတစ်ဦး သွားရောက်တွေ့ဆုံ နှုတ်ဆက်ရပါဦးမည်။ တစ်နေ့တည်းတွင် တစ်ဦးသာမက နှစ်ဦးသုံးဦးဆိုသလို အလျဉ်းသင့်သလို သွားရောက်တွေ့ဆုံသည်။ တွေ့ဆုံရန်အစီအစဉ်များကို တတိယအတွင်းဝန်က တာဝန်ယူကာ ပြုလုပ်ပေးသည်။ ချိန်းဆိုပေးသည်။ မည်သည့်နေ့ မည်သည့်အချိန်တွင် မည်သည့်နေရာ၌ တွေ့ဆုံရမည်ဟု စာရင်းဇယား ဆွဲထားသည့် ပုံစံကလေးများ တီထွင်ကာ နေ့ရက်၊ အချိန်၊ နေရာများကို ထင်ရှားစွာရေး၍ မောင်ပြုံးချိုအား ပေးအပ်သည်။ အချို့က ရုံးတွင် တွေ့ဆုံလက်ခံသည်။ အချို့ကလည်း နေအိမ်သို့ လာရောက်ရန် ချိန်းဆိုသည်။

ဤသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်ခြင်းကို အချို့သံအမတ်ကြီးများသည် အလေးထားတတ်ကြသည်။ သံအမတ်သစ်တစ်ဦးသည် သူတို့ထံ လာရောက်တွေ့ဆုံခြင်း မပြုသေးလျှင် ဧည့်ခံပွဲများ၌ တွေ့ဆုံလျှင်ပင် မမြင်ချင်ယောင်ဆောင်နေတတ်သည်။ "သူကသာ ငါ့ဆီ အရင်လာရမှာ"ဟု သဘောထားတတ်ကြသည်။ အချို့သံအမတ်ကြီးများကမူ ဤကိစ္စကို ရေးကြီးခွင်ကျယ်ဟူ၍ သဘောမထားကြ။ "လာနေဖို့ မလိုပါဘူး။ ကျွန်တော်တို့တစ်တွေ ဒီလိုပဲ ဧည့်ခံပွဲတွေမယ် တစ်ယောက်နဲ့တစ်ယောက် တွေ့နေကြတာပဲ"ဟု ပြောတတ်ကြသည်။

"ဒီအလေ့အထ ဘယ်သူကများ စထွင်လိုက်တယ် မသိပါဘူး။ သိပ်အချိန်ကုန်တဲ့အလုပ်ပဲ။ အားလုံးသာ လိုက်တွေ့နေရရင် ခြောက်လနဲ့ မပြီးဘူး"ဟု ဆိုသူများလည်း ရှိသည်။

http://www.cherrythitsar.org

“ဘယ်သူ ဘာပြောပြော ဒီအလေ့ဟာ အင်မတန်ကောင်းပါတယ်။ ဒါမှ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမှု ရှိတော့မပေါ့”ဟု မှတ်ချက်ချသူများလည်း ရှိသည်။

သွားရောက်တွေ့ဆုံသောအခါများတွင်လည်း တစ်ဦးနှင့်တစ်ဦး အလေး ဂရုပြုပုံခြင်း မတူချေ။ အချို့က ဤသို့ တွေ့ဆုံခြင်းကို အရေးထား တတ်ကြသော်လည်း အချို့ကမူ ခပ်ပေါ့ပေါ့ပင် မှတ်ထင်တတ်ကြသည်။ လာရောက်တွေ့ဆုံသူအား ဧည့်ခံသောအခါများတွင်လည်း တစ်ဦးနှင့်တစ်ဦး ခြားနားမှုများ ရှိသည်ကို တွေ့ရလေသည်။ အချို့က ကော်ဖီသို့မဟုတ် လက်ဖက်ရည်၊ ဘီစကစ် စသည်လောက်ဖြင့် ဧည့်ခံသည်။ အချို့က မုန့်ပင် မပါ။ ကော်ဖီတစ်ခွက်၊ လက်ဖက်ရည်တစ်ပန်းကန်၊ ကိုကာကိုလာ တစ်ဖန်ခွက်လောက်နှင့်သာ ပြီးတတ်သည်။ အချို့ကမူ ဖွယ်ဖွယ်ရာရာ မုန့်ပွဲများနှင့် ဧည့်ခံတတ်သည်။ သည်အထဲတွင် မိမိတို့၏ အမျိုးသားမုန့်များကို အိမ်တွင်ပင် လုပ်လျက် တမြတ်တနိုး တည်ခင်းတတ်သူများလည်း ရှိသည်။ မိမိတို့နိုင်ငံထွက် သစ်သီးများ၊ အသီးခြောက်များလည်း ပါတတ်သည်။

မောင်ပြုံးချိုသည် သွားရောက်တွေ့ဆုံသောအခါတိုင်း အချိန်ကို အထူး ဂရုပြု၍ သွားသည်။ စောနေလို့မဖြစ်သလို နောက်ကျနေလျှင်လည်း မကောင်း။ လက်ခံတွေ့ဆုံမည့် သံအမတ်ကြီးတွင် အခြား ချိန်းဆိုထားသည့်ကိစ္စများ ရှိကောင်း၊ ရှိပေမည်။ သံရုံးပေါက်ဝ သို့မဟုတ် အိမ်ပေါက်ဝတွင် ဝန်ထမ်းတစ်ဦးသည် မိမိအလာကို အဆင်သင့် စောင့်နေတတ်သည်။ သူက သံအမတ်ကြီးရှိရာ အခန်းတွင်းသို့ ရှေ့ဆောင်ခေါ်သွားတတ်သည်။ လက်ခံတွေ့ဆုံမည့် သံအမတ်ကြီးသည် နေရာမှထကာ ခရီးဦးကြိုပြုသည်။ ထို့နောက် သီးသန့်ထားသည့် နေရာတွင် ထိုင်လျက် စကားစမြည် ပြောကြသည်။ အပြန်အလှန် မေးကြ၊ မြန်းကြသည်။ လက်ခံတွေ့ဆုံသူ သံအမတ်ကြီးက မောင်ပြုံးချိုအား ဘယ်တုန်းက ရောက်ပါသလဲ။ ယခင်က ဘယ်လိုတာဝန်တွေကို ထမ်းဆောင်ခဲ့ရပါသလဲ။ မိသားစု ပါလာပါသလား။ သားသမီး ဘယ်နှစ်ယောက်ရှိပါသလဲ၊ ဘယ်အရွယ် တွေလဲ။ အတူပါလာသလား။ အခု အစ္စလမ်မာဘတ်တွင် နေမှု၊ ထိုင်မှု အဆင်ပြေရဲ့လား။ နေသားတကျ ရှိသွားပြီလား စသည်စသည်တို့ ဖြစ်တတ်ပါသည်။ မောင်ပြုံးချိုက လည်း ယင်းမေးခွန်းများနှင့် ဆင်တူယိုးမှားများကိုပင် သူ့အား ပြန်မေးတတ်သည်။

ထို့နောက် မိမိတို့နိုင်ငံအကြောင်းကို မေးကြမြန်းကြပါသည်။ လယ်ယာစိုက်ပျိုးရေးအကြောင်း၊ ရာသီဥတုအကြောင်း၊ ဆန်တင်ပို့ရောင်းချရေး အကြောင်း၊ ပါကစ္စတန်နိုင်ငံတွင် မိမိတို့နိုင်ငံ စီးပွားရေးဆက်သွယ်မှု၊ ယဉ်ကျေးမှု ဆက်သွယ်မှု၊ နိုင်ငံရေးဆက်သွယ်မှု စသည်များကို ဆွေးနွေးကြသည်။ လက်ခံတွေ့ဆုံသည့် သံအမတ်ကြီးများသည် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်လျှင် သူသိခဲ့ဖူးသော ပုဂ္ဂိုလ်များအကြောင်း၊ ရောက်ဖူးသောဒေသများ အကြောင်းကို မေးတတ်လေသည်။ ချီးကျူး ပြောဆိုတတ်သည်။

သည်လိုနှင့် တည်ခင်းသည့် စားဖွယ်သောက်ဖွယ်များကို စားရင်းသောက်ရင်း ပြောဆိုနေကြရာ နာရီဝက်ခန့် ရှိသွားပါပြီ။ မောင်ပြုံးချိုသည် လက်ခံတွေ့ဆုံသူ သံအမတ်ကြီးအား ကျေးဇူးတင်စကား ပြောဆိုကာ နေရာမှထသည်။ လက်ခံသူ သံအမတ်ကြီးကလည်း ကျေးဇူးတင်စကား ပြန်လှန်ပြောဆိုကာ နေရာမှ ထလိုက်သည်။ မော်တော်ယာဉ်အထိ လိုက်လံပို့ဆောင်သည်။ လက်ဆွဲနှုတ်ဆက်ကာ မော်တော်ယာဉ်ပေါ်တက်၍ လက်ပြရင်း ထွက်ခွာလာခဲ့လေသည်။

ရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် နေ့တိုင်းလိုလို သွားရောက်တွေ့ဆုံလျက်ရှိရာ နှစ်လခန့် ကြာလာသောအခါ အတော်ခရီးရောက်သွားပါပြီ။

"ဒီနှုန်းအတိုင်းဆိုရင် နောက်တစ်လလောက်ဆိုရင် ဒီကိစ္စတွေ ပြီးတော့မှာပဲ"ဟု မောင်ပြုံးချိုက တတိယအတွင်းဝန်အား မှတ်ချက်ပြုသည်။

"ဘယ်ပြီးတယ်လို့ ရှိမလဲသံအမတ်ကြီး၊ ဒီအလုပ်ကတော့ ဒီလိုပဲ သံသရာလည်နေမှာပဲ"

"ဘယ်လိုလဲ ပြောပါဦး"

"အခုပဲ သံအမတ်ကြီး သွားတွေ့နှုတ်ဆက်ထားတဲ့ သံအမတ်ကြီးတွေက (ရီတန်းကောလ်)ပြန်လည် လာရောက်တွေ့ဆုံဖို့ ရက်ချိန်းတောင်းနေကြပြီ"

"အေးဗျာ၊ အဆင်ပြေသလိုသာ ကြည့်ချိန်းပေတော့။ အဲဒါလဲ နောက်သုံးလလောက်တော့ ကြာဦးမယ် ထင်ပါတယ်"

"ဟုတ်ပါတယ်။ သူတို့ ပြန်လည်လာရောက်တွေ့ဆုံတာ အားလုံးကုန်ဖို့ဆိုရင် နောက်သုံးလလောက်တော့ ကြာမယ်ထင်ပါတယ်"

"အေးဗျာ၊ မြန်မြန်သာ လက်ခံပေတော့၊ ပြီးမှ အေးသွားမှာပဲ"

http://www.cherrythitsar.org

"အေးတော့ အေးမှာမဟုတ်ဘူး။ အဲဒါတွေ ပြီးသွားလဲ သံအမတ်ကြီး နောက်မှ ရောက်လာတဲ့ သံအမတ်ကြီးတွေက သံအမတ်ကြီးကို လာတွေ့ဖို့ ရက်ချိန်းတောင်းကြဦးမယ်။ အခုပဲ သံအမတ်ကြီးနောက်မှ ရောက်လာပြီး ခန့်စာ အပ်ပြီးတာ သုံးယောက်ရှိပြီ။ နောက်လာမှာတွေ ရှိသေးတယ်။ နေရာလပ်တွေ အများကြီးပဲ။ အဲဒီတော့ သူတို့က သံအမတ်ကြီးကိုလာတွေ့၊ ပြီးတော့ တစ်ခါ သံအမတ်ကြီးက သူတို့ကို ပြန်သွားတွေ့၊ ဆုံးတော့မှာ မဟုတ်ဘူး"

"ကျွန်တော် ဒီမယ် သုံးနှစ်လောက် နေရမယ် မဟုတ်လား။ ဒီတော့ ဒီကိစ္စ သုံးနှစ်မပြည့်ခင် ပြီးရမှာပေါ့ဗျာ"

"မပြီးဘူး ခင်ဗျာ၊ သုံးနှစ်ပြည့်လို့ သံအမတ်ကြီးကို မြန်မာပြည်က ပြန်ခေါ် လို့ပဲ ဖြစ်ဖြစ်၊ တစ်နေရာ ပြောင်းရွှေ့လိုက်လို့ပဲ ဖြစ်ဖြစ်၊ ဒီနိုင်ငံက ထွက်ခါနီးကျ တော့လဲ ဒီကသမ္မတကြီး၊ ဝန်ကြီးချုပ်ကအစ ဒီမယ်ရှိတဲ့ သံအမတ်ကြီးတွေကို (ဖဲယားဝဲကောလ်) ပြည်တော်ပြန်ခါနီး တွေ့ဆုံနှုတ်ဆက်ရဖို့ ရှိသေးတယ် ခင်ဗျ"

တတိယအတွင်းဝန်သည် စီကာပတ်ကုံး ပြောပြနေလေသည်။

"ဒါဖြင့် ဒီကတာဝန်ပြီးလို့ မပြန်မချင်း ဒီသံသရာကြီးမယ် တဝဲလည်လည် ဖြစ်နေမှာပဲပေါ့"

"ဟုတ်တယ်ခင်ဗျ"

"အင်း–ပျော်စရာကြီး"

မောင်ပြုံးချိုသည် စိတ်ထဲမှ ရွတ်ဆိုလိုက်လေသည်။

http://www.cherrythitsar.org

# တွေ့ရ ဆုံရ ဤလောက

(၁)

“ရီတန်းကောလ် လုပ်မယ့် သံအမတ်ကြီးတွေတော့ တန်းစီနေကြပြီ” တတိယ အတွင်းဝန်က သတင်းပို့သည်။

မောင်ပြုံးချို သွားရောက်တွေ့ဆုံ နှုတ်ဆက်ပြီးသော သံအမတ်ကြီးများက သူ့ကို ပြန်လည် လာရောက်တွေ့ဆုံနှုတ်ဆက်ရန် ရက်ချိန်း တောင်းနေကြပါပြီ။ ကျန်ရှိနေသေးသည့် အချို့ သံအမတ်ကြီးများကို မိမိအား လက်ခံတွေ့ဆုံရန် ရက်ချိန်းတောင်းနေရစဉ်ပင်လျှင် ပြန်လည် လာရောက်တွေ့ဆုံ နှုတ်ဆက်မည့် သံအမတ်ကြီးများကို လက်ခံတွေ့ဆုံရတော့မည် ဖြစ်ပါသည်။

“ဘယ်မှာ လက်ခံတွေ့ဆုံမလဲ” မောင်ပြုံးချိုက မေးသည်။

“အရင်သံအမတ်ကြီးတွေတုန်းကတော့ အိမ်မှာပဲ လက်ခံတွေ့ဆုံပါတယ်”ဟု တတိယအတွင်းဝန်က ဖြေသည်။

“ရုံးမယ် လက်ခံရင် မကောင်းဘူးလား”

“အများအားဖြင့်တော့ ဒီလို လာရောက်တွေ့ဆုံကြတဲ့အခါ ရုံးမယ် လက်ခံကြပါတယ်။ ဒါပေမဲ့ သံအမတ်ကြီးအဖို့တော့ အိမ်မှာ လက်ခံတွေ့ဆုံတာ ကောင်းပါတယ်။ အိမ်က ရုံးထက် အပြင်အဆင် သားနားပါတယ်”ဟု ပြောလေသည်။

မှန်ပေသည်။ အစ္စလမ်မာဘတ်မြို့ရှိမြန်မာသံရုံးသည် အခြားသော သံရုံးများနှင့် နှိုင်းယှဉ်လျှင် အဟန့်သေးနေသည်။ ကျယ်ကျယ်ဝန်းဝန်းလည်း မရှိ။ ကာရာချိမြို့မှ ပြောင်းလာကတည်းက ဤနှစ်ထပ်တိုက်တစ်လုံးကို ငှားရမ်းကာ သံရုံးဖွင့်ထားခဲ့သည်။ ပါကစ္စတန်အစိုးရက သံရုံးအသီးသီးတွင် ရုံးများနှင့်

သံအဖွဲ့ဝင်များ၏ နေအိမ်များဆောက်လုပ်ရန် မြေကွက်များ ချပေးထားခဲ့သည်။ အင်အားကြီးနိုင်ငံများနှင့် ဥစ္စာခနေ ချမ်းသာကြွယ်ဝသော နိုင်ငံများသည် သံရုံးများ၏ သီးသန့်ရပ်ကွက်တွင် အဆောက်အအုံများကို အပြိုင်အဆိုင် ဆောက်လုပ်လျက် ရှိကြသည်။ ဆောက်လုပ်သော အဆောက်အအုံများသည် သက်ဆိုင်ရာနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှုကို ဗိသုကာပညာဖြင့် သရုပ်ဖော်ကြသည်။ အမေရိကန်၊ ရုရှား၊ ကနေဒါ၊ ဂျပန်၊ တရုတ်၊ ဥရောပ နိုင်ငံများ၊ အာရပ်နိုင်ငံများတို့သည် ပုံစံမျိုးစုံဖြင့် ဆောက်လုပ်ကြသည်။ အချို့လည်း ပြီးစီးပြီဖြစ်၍ ပြောင်းရွှေ့နေထိုင် အသုံးပြုလျက် ရှိကြပါပြီ။ အချို့ သံရုံးပရဝုဏ်များတွင် အပန်းဖြေရာနေရာ၊ ရေကူးကန်၊ ကလပ်၊ ပန်း ဥယျာဉ် စသည်တို့ဖြင့် သာယာလှပအောင် ဖန်တီးထားကြသည်။ ခနအင်အား မဖွံ့ဖြိုးသေးသည့် နိုင်ငံငယ်များမှာကား ပေးထားသည့် မြေကွက်များပေါ်တွင် အဆောက်အအုံများ မဆောက်နိုင်ကြသေး။ မြို့ထဲမှာပင် အဆင်ပြေသလို ငှားရမ်း နေထိုင်ကြသည်။ ရုံးကိုလည်း ငှားရမ်းအဆောက်အအုံများမှာပင် ဖွင့်ထားကြသည်။ ဤသို့ ငှားရမ်းအသုံးပြုရာ၌လည်း တိုင်းပြည်နိုင်ငံ၏ ခနအင်အားအလိုက်အချို့က အဆောက်အအုံ ကြီးကြီးကျယ်ကျယ် လှလှပပများကို လခကြီးပေးကာ ငှားရမ်းအသုံးပြုကြသလို အချို့လည်း တော်သင့်ရုံ အဆောက်အအုံကို ငှားရမ်းအသုံးပြုနိုင်ကြလေသည်။

အစ္စလမ်မာဘတ်သည် ဆောင်းတွင်းအခါ အလွန်အေးသည့်ဒေသဖြစ်သောကြောင့် သံရုံးများနှင့် သံအဖွဲ့ဝင်အိမ်များတွင် ကော်ဇောများကို ခန်းလုံးပြည့် ခင်းထားတတ်သည်။ အဝင်ဝမှအစ နောက်ဘက်ခန်းမများအထိ ရေအိမ်ခန်းပါမကျန် ကော်ဇောများ အပြည့်ခင်းထားတတ်ကြသည်။ အချို့က ထိုခန်းလုံးပြည့် ကော်ဇောကြီးများပေါ်တွင် အဖိုးတန် လက်ထိုးကော်ဇောများကို ထပ်၍ ခင်းထားတတ်ကြသေးသည်။ ပါကစ္စတန်၊ အီရန်နှင့် ပတ်ဝန်းကျင်နိုင်ငံများသည် ကော်ဇောများထုတ်လုပ်သော နိုင်ငံများဖြစ်သဖြင့် သံရုံးများသည် ကော်ဇောများကို အပြိုင်အဆိုင် ဝယ်ယူအသုံးပြုတတ်ကြသည်။ ဧည့်ခံပွဲများတွင် အခြားပြောစရာ စကားမရှိလျှင် ကော်ဇောအကြောင်း ဝေဖန် ပြောဆိုနေကြသည်ကို မကြာမကြာ တွေ့ရသည်။ ဘယ်သံရုံး၊ ဘယ်အခန်းတွင် ခင်းထားသည့် ကော်ဇောသည် မည်မျှတန်သည်၊ မည်မျှ လှပသည်၊ မည်မျှ အနုပညာမြောက်သည်၊ ဘယ်နိုင်ငံလုပ်ဖြစ်သည် စသည်ဖြင့် ပြောဆို ဆွေးနွေးကြသည်ကို မကြာခဏ ကြားရလေသည်။ အချို့က လက်ရာမြောက် ကော်ဇောများကို နံရံမှာပင် အမြတ်တနိုး ချိတ်ဆွဲထား

တတ်သေးသည်။ အချို့ကလည်း နှစ်ပေါင်း အတော်ကြာက ကော်ဇောဟောင်းများကို ရှေးဟောင်းပစ္စည်းအဖြစ် ပြသထားကြသည်။

မြန်မာသံအမတ်ကြီး၏ နေအိမ်၌ ဧည့်ခန်းနှင့် ထမင်းစားခန်းတွင် ခန်းလုံးပြည့် ကော်ဇောကြီးများ ခင်းထားသည်။ ဧည့်ခန်းတွင် အဆင်လှသည့် စက်ထိုးကော်ဇောနှစ်ချပ်ကိုလည်း ဆက်ခင်းထားသည်။ ခန်းဆီးနှင့်တကွ ပရိဘောဂများလည်း လှလှပပ ပြောင်ပြောင်လက်လက် ရှိသည်။ နံရံကပ်မှန်ဗီရိုများတွင် မြန်မာနိုင်ငံဖြစ် ငွေထည်များ၊ ယွန်းထည်များ ထည့်ထားသည်။ ခြံဝင်းမှာလည်း အတော်ကလေးကျယ်ဝန်း၍ နွေဦးတွင် ပန်းမျိုးစုံတို့ ဝေဝေဆာဆာ ပွင့်လန်းလျက် ရှိသည်။ မာလီမာမွတ် ပြုပြင်ထားသည့် မြက်ခင်းမှာလည်း အခြားသံရုံးကြီးများ၏ မြက်ခင်းများကဲ့သို့ မကျယ်ပြန့်လှသော်လည်း ကော်ဇောစိမ်း ခင်းထားသကဲ့သို့ ညီညီညာညာ ပြန့်ပြူးပါသည်။ အိမ်ရှေ့အုတ်နံရံ တစ်ဝိုက်တွင် ကျောက်ပန်းပင်များ ယူကလစ်ပင်များနှင့် မြိုင်နေသည်။ အိမ်၏ ယာဘက်တွင်မူ ငှက်ပျောပင်တွေရှိပြီး အုတ်နံရံပေါ်တွင် တိုက်ပန်းနှင့် ထားဝယ်မှိုင်းနွယ်ပင်များ ရာသီအလိုက် အပွင့်တွေနှင့် ဝေဆာနေတတ်ပါသည်။ ထိုနွေဦးအချိန်တွင် အရောင်မျိုးစုံ နှင်းဆီတွေလည်း မြိုင်မြိုင်ဆိုင်ဆိုင် ပွင့်လန်းနေလေသည်။

(၂)

မောင်ပြုံးချိုသည် မိမိအား လာရောက်တွေ့ဆုံမည့် သံအမတ်ကြီးများအား ယခင်သံအမတ်ကြီးထားရှိခဲ့သည့် အစဉ်အလာအတိုင်း နေအိမ်တွင်းရှိ ဧည့်ခန်းတွင် လက်ခံတွေ့ဆုံရန် ဆုံးဖြတ်လိုက်လေသည်။

အိမ်တွင် လက်ခံတွေ့ဆုံရန်တော့ ဟုတ်ပါပြီ။ လက်ခံတွေ့ဆုံမည့်နေရာတွင် သူများနည်းတူ အသိုင်းအဝိုင်းရှိဖို့ လိုသည်။ လာတော့မည်ဆိုလျှင် အစဉ်ပိတ်ထားသည့် ခြံဝင်းတံခါးကို အသင့်ဖွင့်ထားရမည်။ သည်အလုပ်ကို နေ့စောင့်ပါကစ္စတန်အဘိုးကြီး လုပ်နိုင်သည်။ သူသည် ရာသီအလိုက် သံရုံးမှပေးထားသည့် ဝတ်စုံကို သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ထားရမည်။ အစောင့်များအတွက် နွေခါတွင် အဖြူဝတ်စုံ၊ ဆောင်းအခါ သက္ကလတ် နက်ပြာဝတ်စုံ ဝတ်ဆင်ရန် သတ်မှတ်ထားသည်။ ဧည့်သည်လာချိန်တွင် သူသည် ခြံပေါက်ဝတွင် ရပ်စောင့်နေရမည်။

သက်ဆိုင်ရာ နိုင်ငံအလံငယ်ကလေးများ တပ်ဆင်ထားသည့် မော်တော်ယာဉ် ဝင်လာပြီး အိမ်ပေါက်ရှိဆင်ဝင်အောက်တွင် ရပ်လိုက်သည်နှင့် တစ်ပြိုင်နက် တစ်စုံတစ်ယောက်က တံခါးဖွင့်ပေးရမည်။ ခရီးဦးကြိုပြုကာ နှုတ်ဆက်ရမည်။ ပြီးလျှင် ဧည့်ခန်းတွင်း သံအမတ်ကြီးရှိရာ ခေါ်ဆောင်သွားရမည်။

"အဲဒီတာဝန် ဘယ်သူ့ပေးမလဲ"ဟု မောင်ပြုံးချိုက မေးသည်။

"အရင်တုန်းကတော့ ကိုအောင်ဇေယျ လုပ်တာပဲ"

ကိုအောင်ဇေယျသည် သံရုံးစာရေးတစ်ဦး ဖြစ်ပါသည်။ သူ့အမည်မှာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပါသည်။ သို့ရာတွင် တစ်လကျော်သား လောက် ရှိနေသော ဆံပင်ကြောင့် ညှင်းသိုးသိုး ဖြစ်နေသည်။ ဝတ်ပုံစားပုံကလည်း ကပိုကယိုနိုင်လှသည်။

"အင်း အဲဒီအခါကျရင်တော့ ဆံပင်ရော၊ အဝတ်အစားရော သပ်သပ်ရပ်ရပ် ဖြစ်နေဖို့ လိုတယ်"ဟု မောင်ပြုံးချိုက မှတ်ချက်ချသည်။ ထို့နောက် လာရောက်တွေ့ဆုံသူ သံအမတ်ကြီးအား ဧည့်ခံဖို့ ကိစ္စကို စဉ်းစားကြသည်။

"ဘာနဲ့ ဧည့်ခံလဲ" တစ်ယောက်က မေးသည်။

"တချို့သံရုံးတွေကတော့... သူတို့တိုင်းပြည်မယ် အများစားကြတဲ့ အမျိုးသားမုန့် ဆိုပါတော့။ အဲဒါတွေနဲ့ တည်ခင်းတယ်"ဟု မောင်ပြုံးချိုက ဆိုသည်။

"ကျွန်တော်တို့လဲ မြန်မာမုန့်နဲ့ ဧည့်ခံနိုင်ရင် ကောင်းတာပေါ့"တတိယ အတွင်းဝန်က အကြံပြုသည်။

"မြန်မာမုန့် ကောင်းကောင်း ဘာရှိလဲ"ဟု တင်မကြီးက မေးသည်။

"မုန့်စိမ်းပေါင်း"ဟု မောင်ပြုံးချိုက ဟစ်လိုက်သည်။

မောင်ပြုံးချိုသည် သူ့နိုင်ငံ၌ မုန့်စိမ်းပေါင်း ပူပူလေးကို နှမ်းဆီမွှေးမွှေး ဆမ်းစားခဲ့ဖူးသည်ကို ပြန်သတိရနေသည်။ သို့သော် အစ္စလမ်မာဘတ်ရှိ ၁၀ အိမ်ထောင်သော မြန်မာတို့သည် မုန့်စိမ်းပေါင်း ပေါင်းတတ်ကြမည် မဟုတ်။ ထို့ကြောင့် မုန့်စိမ်းပေါင်းစီမံကိန်းကို ဘေးဖယ်ထားလိုက်ရလေသည်။

"မုန့်ဟင်းခါးလဲ ကောင်းသားပဲ"ဟု တစ်ယောက်က ဆိုပြန်သည်။

"တစ်ယောက်တည်း လာမယ့်ဟာ မုန့်ဟင်းခါးချက်နေရရင် ဗာဟီရများလှပါတယ်"နောက်တစ်ယောက်က ကန့်ကွက်သည်။

"ပုစွန်ခွက်ကြော်"

"ပုစွန်ဈေးက ကြီးလှပါတယ်။ တစ်ပိဿာ ရူပီးသုံးဆယ်လောက် ပေးရမယ်။ ပြီးတော့ ဒီလိုနွေအခါမယ် ပုစွန်လတ်လတ်ဆတ်ဆတ်ရဖို့ မလွယ်ပါဘူး။ ကရာချိက လာတဲ့ ရေခဲစိမ်တွေဟာ ဒီကျတော့ ပုပ်နေတတ်တယ်တဲ့"ဟု တင်မကြီးက ကန့်ကွက်သည်။

"ဘူးသီးကြော်၊ ကြက်သွန်ကြော်"

မုန့်ပြားသလက်၊ မုန့်ဆီကြော်၊ နနွင်းမကင်း မြန်မာပါးစပ်တွေမှ မြန်မာမုန့်အမျိုးမျိုး ထွက်ပေါ်လာကုန်သည်။ အကြံအမျိုးမျိုး ပြုကြသည်။ မည်သည့်အကြံပြုချက်ကိုမှ အကောင်အထည် မဖော်နိုင်ကြ။ အပြောလွယ် သလောက်လက်တွေ့ဆောင်ရွက်ရသည့် နေရာတွင် အခက်အခဲတွေ ရှိသည်။ တစ်ယောက်တည်း နာရီဝက်ခန့် လာတွေ့သည့်ကိစ္စကို အကျယ်ချဲ့နေဖို့လည်း မလိုလှပါ။

"ကော်ဖီနဲ့ ဘီစကွတ်ပဲ လုပ်မယ်ဗျာ။ သိပ်ကြီးကြီးကျယ်ကျယ် လုပ်နေဖို့လဲ လိုမယ် မထင်ပါဘူး။ ကျွန်တော်သွားခဲ့တဲ့ သံရုံးတွေမလဲ အကျယ်ချဲ့တာတွေရှိသလို တချို့လဲ ဖြစ်ကတတ်ဆန်း ပြီးသွားတာပါပဲ။ တချို့သံရုံးများ ကော်ဖီသာတိုက်တာ၊ မုန့်တောင် မပါပါဘူး" မောင်ပြုံးချိုက သူ့အတွေ့အကြုံကို ပြောပြသည်။ သည်လိုနှင့် တွေ့ဆုံသူအား ဧည့်ခံရန်ကိစ္စ ပြီးပြတ်သွားလေသည်။ "ဒီတော့ အဲဒီစားဖွယ် သောက်ဖွယ်တွေကို ဘယ်သူ လာချမလဲ"ဟု တတိယအတွင်းဝန်က မေးပြန်သည်။

"အေးဗျာ၊ တခြား သံအမတ်ကြီးတွေ သွားတွေ့ရင်တော့ ဝတ်ဖြူစင်ကြယ်ဝတ်ထားတဲ့ စားပွဲထိုးကြီးတို့ ခေါင်းပေါင်းစကြီးတွေ တစ်တောင်လောက်ထောင်ထားတဲ့ အိမ်ဖော်ကြီးတွေက လာချပေးတာပဲ"

"ကျွန်တော်တို့ အိမ်မတော့ စားပွဲထိုးတွေ၊ အိမ်ဖော်အမျိုးသားကြီးတွေရှိတာမှ မဟုတ်ဘဲ။ အိမ်သားထဲကပဲ ကြည့်ဆောင်ရွက်ရမှာပေါ့"ဟု မောင်ပြုံးချိုက ပြောလိုက်လေသည်။

ဤအစီအစဉ်အတိုင်းပင် မြန်မာသံအမတ်ကြီး မောင်ပြုံးချိုသည် သံအမတ်ကြီးများအား လက်ခံတွေ့ဆုံသည်။

သံအမတ်ကြီးတစ်ဦးသည် ချိန်းဆိုထားသည့်အတိုင်း သူ၏ နိုင်ငံတော်အလံကလေး တပ်ဆင်ထားသည့် မော်တော်ယာဉ်ဖြင့် မောင်ပြုံးချို၏ နေအိမ်ရှိရာသို့ လမ်းမကြီးအတိုင်း လာနေပါသည်။ ခြံပေါက်ဝမှ အသင့်စောင့်နေသောနေ့စောင့်အဘိုးကြီးသည် မော်တော်ယာဉ်ကို အဝေးကပင် တွေ့မြင်နေရသည်။ ထို့ကြောင့် ခြံတံခါးဝကို အရန်သင့်ဖွင့်ထားသည်။ မော်တော်ယာဉ် ဝင်လာသောအခါ အလေးပြုသည်။ ဆင်ဝင်အောက် အိမ်ပေါက်ဝတွင် ရပ်လိုက်သောအခါ မောင်ပြုံးချို၏ ယာဉ်မောင်းသမား မဂျစ်က မော်တော်ယာဉ်တံခါးကို ဖွင့်ပေးသည်။ အိမ်ပေါက်ဝတွင် အသင့်စောင့်နေသော မောင်အောင်ဇေယျက မင်္ဂလာနှုတ်ခွန်းဆက်စကားကို မြွက်ဆို၍ အိမ်တံခါးကို ဖွင့်ပေးပြီး သံအမတ်ကြီးအား မောင်ပြုံးချိုရှိရာ ဧည့်ခန်းအတွင်းသို့ ခေါ်ဆောင်လာသည်။ မောင်ပြုံးချိုက ခရီးဦးကြိုပြုသည်။ အပြန်အလှန် နှုတ်ခွန်းဆက်သကြသည်။ အိမ်သည်က ဧည့်သည်အား နေရာပေး၍ ထိုင်စေသည်။ နိဒါန်းစကားများ စ၍ ပြောကြသည်။ ထိုခဏ၌ မောင်ပြုံးချို၏ တူမလေး မနွယ်နီဦးသည် ဧည့်ခန်းတွင်းသို့ ဝင်လာသည်။ မောင်ပြုံးချိုက သူ့တူမကို ဧည့်သည် သံအမတ်ကြီးနှင့် မိတ်ဆက်ပေးသည်။ အချို့က ပြုံးရွှင်စွာ ဦးခေါင်းကိုဆတ်၍ ပြန်လည် နှုတ်ဆက်သည်။ အချို့ နေရာမှထကာ လက်ဆွဲနှုတ်ဆက်သည်။ အချို့က သည်လိုနှင့် မပြီးသေး။ မေးခွန်းများ ထုတ်နေတတ်သည်။

"တူမလား။ တူမဆိုတော့ ဘယ်သူက မွေးတာလဲ"

"ကျွန်တော့်နှမ သမီးပါ"

သည်တွင် ပြတ်မသွားသေးဘဲ ဆက်နေသူများလည်း ရှိသည်။

"ဩော်–ခင်ဗျားကခေါ်လာတယ်လား။ သူ့မိဘက ထည့်လိုက်သကိုး"

"သူ ကျောင်းမနေဘူးလား"

"သူ့မယ် မွေးချင်း ဘယ်နှစ်ယောက်ရှိတုံး"ဟူသော နောက်ဆက်တွဲမေးခွန်းတွေ လိုက်လာတတ်သည်။ မေးသမျှတွေကို အလိုက်သင့် ဖြေရသည်။

မန္တယ်နီဦးသည် သူ၏ဆံပင်ကို ကျစ်ဆံမြီးကျစ်ကာ တွဲရရွဲချထားတတ်ရာ "အမယ် သူ့ဆံပင်က တယ်ရှည်ပါကလား။ ခင်ဗျားတို့ဆီမယ် မိန်းကလေးတွေဟာ ဒီလိုပဲ ဆံပင်အရှည်ကြီး ထားတတ်သလား" ဟု မေးနေတတ်ပြန်ရာ မြန်မာအမျိုးသမီးကလေးများ၏ ဆံပင်ထုံးဖွဲ့မှုများကို ပြောပြနေရပြန်သည်။

"ကဲ–ကျွန်တော် သံအမတ်ကြီးကို ဘာနဲ့ဧည့်ခံရမလဲ။ ကော်ဖီလား။ ကိုကာလာကိုလာလား၊ အအေးကြိုက်သလား၊ အပူကြိုက်သလား" စကားရှည်နေသူများကို ဤသို့စကားဖြတ်ပေးရသည်။

"ဟား၊ ဘာပဲ ဖြစ်ဖြစ်ပေါ့" ဟု ဆိုသူများရှိသလို အချို့ကလည်း မိမိတို့နှစ်သက်ရာကို ပြောသည်။

သည်တော့မှပင် မန္တယ်နီဦးသည် အခန်းထဲမှ ထွက်သွားနိုင်တော့သည်။ သူသည် မကြာမီ စားဖွယ်သောက်ဖွယ်များကို ယူလာပြီး စားပွဲပေါ်တွင် ချပေးသည်။ သီးခြားစီ ထည့်ယူလာသော ကော်ဖီရည် သို့မဟုတ် လက်ဖက်ရည်၊ သကြား၊ နွားနို့များကို ငှဲ့ယူထည့်လိုက်ပြီး လိုအပ်သလို ဖျော်ပေးသည်။ အချို့က ကော်ဖီ၊ လက်ဖက်ရည်ထဲတွင် သကြား၊ နွားနို့များ ထည့်ဖျော်သည်ကို မကြိုက်။ ကော်ဖီမည်း၊ လက်ဖက်ရည်မည်းသက်သက်ကိုသာ သောက်သည်။ အချို့ကလည်း နွားနို့ကိုသာ ထည့်သောက်ပြီး သကြားမထည့်။ အချို့လည်း သကြားကိုသာ ထည့်၍ နွားနို့မထည့်။ အချို့လည်း အချိုရည်အေး တောင်းတတ်သည်။ အမျိုးမျိုး အထွေထွေ...။

သည်အခါများတွင်လည်း သူတို့ တစ်ဦးစီသို့ မောင်ပြုံးချို သွားရောက်တွေ့ဆုံစဉ်ကလိုပင် ထွေရာလေးပါး ရောက်တတ်ရာရာ စကားပြောကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မိသားစုအရေး စုံနေသည်။

"ရွှေတိဂုံဘုရားကို ကျွန်တော် ရောက်ဖူးတယ်" အချို့က ဤသို့ဂုဏ်ယူပြောတတ်သည်။

"လေယာဉ်ပျံပေါ်ကနေ မြင်ရတာ အရောင်တလက်လက်ပဲ" ဟု ပြောတတ်သူများ ရှိသလို "ဒါက ဘာလဲ" ဟု မေးသူများလည်း ရှိသည်။ ထိုအခါ မောင်ပြုံးချိုသည် ရွှေတိဂုံသမိုင်းကို မှတ်သားထားသလောက် တင်ပြရပြန်သည်။

"ခင်ဗျားတို့ အလံမယ် ကြယ်ကြီးတစ်လုံးကို ကြယ်ကလေးဆယ့်လေးလုံး

ရုံထားတာ ဘာအဓိပ္ပာယ်လဲ”ဤသို့လည်း အမေးရှိပြန်သည်။ ထိုအခါ တိုင်းနှင့် ပြည်နယ်ဆယ့်လေးခု ဆက်နွယ်လျက် ပြည်ထောင်စု မြန်မာနိုင်ငံ အကြောင်းကို နံရံတွင် ချိတ်ဆွဲထားသည့်မြေပုံကြီးကို ညွှန်ပြရင်း ရှင်းလင်းပြောဆို ရပြန်သည်။

စီးပွားရေးအကြောင်းကို ဆွေးနွေးကြရာက လယ်ယာစိုက်ပျိုးရေး၊ စပါး အထွက်နှုန်း၊ လယ်မြေပြဿနာ၊ လယ်မြေလုပ်ပိုင်ခွင့် ဆည်မြောင်းစသည်တို့မှ ရေပေးရေး၊ မိုးလေဝသအကြောင်း၊ လယ်ယာမြေ ဧရိယာပေါင်း၊ စပါး အထွက် နှုန်းစုံနေအောင် မေးကြမြန်းကြ ဆွေးနွေးကြသည်လည်းရှိပါသည်။

သစ်တောအကြောင်း ရောက်သွားတတ်သည့်အခါလည်း ရှိပြန်သည်။ တစ်နိုင်ငံလုံးရှိ သစ်တော၏ဧရိယာ၊ ထွက်ရှိသည့် သစ်အမျိုးအမည်များ၊ ထုတ်လုပ် ပုံနည်း၊ ဆင်များအကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချရေး စသည်များကို မေးမြန်း ပြောဆိုတတ်ကြသည်။ မြန်မာနိုင်ငံထွက် ကျွန်းသစ်အကြောင်းကိုမူ လူသိများ လှသည်။ အာဖရိက လူမည်းသံအမတ်ကြီးပင် ကျွန်းသစ်အကြောင်းကို သိထား တတ်ကြသည်။ စိတ်ဝင်စားစွာ ဆွေးနွေးတတ်ကြသည်။

သည်လိုနှင့်ပင် နာရီဝက်တစ်နာရီ ကြာသွားလေသည်။

ကျေးဇူးတင်စကား ပြောဆို၍ နေရာမှ ထသောအခါ မောင်ပြုံးချိုက သူ့မော်တော်ယာဉ်အထိ လိုက်ပို့ကာ နှုတ်ဆက်သည်။

(၃)

အိမ်ထဲသို့ ပြန်ဝင်လာသော မောင်ပြုံးချိုသည် နောက်တစ်ဦးကို လက်ခံတွေ့ဆုံရန် စီစဉ်ရပြန်သည်။ ယနေ့ဖြစ်ချင်ဖြစ်မည်။ နက်ဖြန်၊ သန်ဘက် ဖြစ်ချင်ဖြစ်မည်။

တောင်အမေရိက တစ်နိုင်ငံမှ သံအမတ်ကြီးတစ်ဦးကမူ မိသားစုရေးရာ များကို ရင်းရင်းနှီးနှီး ဆွေးနွေးသည် သူ့ဇနီးနှင့် သားသမီးတွေအကြောင်း ပြောပြသည်။ မောင်ပြုံးချို၏ မိသားစုများအကြောင်းကိုလည်း မေးကြသည်။

“ခင်ဗျား သံအမတ်ကြီး လုပ်နေရတာ ပျော်သလား”ဟု မေးသည်။ “ပျော်တယ် ဘယ်ဟုတ်မလဲ၊ နိုင်ငံတော်က တာဝန်ပေးတော့လဲ လုပ်ရတာပေါ့” ဟု မောင်ပြုံးချိုက ဖြေသည်။

http://www.cherrythitsar.org

"ကျွန်တော်လဲ တာဝန်ပေးလို့သာ လုပ်နေရတာ မပျော်လှဘူး။ ဒီလောက် အယောင်ဆောင်လောက၊ ကျွန်တော်နဲ့ မကိုက်ဘူး။ ကျွန်တော်က ပြောချင်တာ ပွင့်ပွင့်လင်းလင်းပြောရမှ ရင်ထဲမယ် ရှင်းသွားတာ။ ဒီအသိုင်းအဝိုင်းမယ် ပွင့်လင်း လို့ ဖြစ်တာ မဟုတ်ဘူး။ ပြီးတော့ ဟိုနိုင်ငံပြောင်းရ၊ ဒီနိုင်ငံပြောင်းရနဲ့ သားသမီး တွေ ပညာရေး ခက်တယ်။ တကယ်တော့ ဒီသံအမတ်ကြီးဆိုတဲ့ ရာထူးဟာ အစိုးရဝန်ထမ်းတွေထဲမတော့ အမြင့်ဆုံးထဲမှာ ပါတာပေါ့။ လခ ရိက္ခာလဲ များ တယ် ဂုဏ်လဲကြီးတယ်။ အလုပ်တာဝန် အနေနဲ့လဲ ကျွန်တော်တို့လို နိုင်ငံငယ် ကလေးတွေအတွက်တော့ သိပ်မရှိလှပါဘူး။ ဒီမယ် အနားယူနေသလိုပါပဲ။ ဒါပေမယ့် ကျွန်တော်တို့တစ်တွေ စိတ်ထားတတ်ဖို့ လိုတယ်"

သူပြောသမျှကို မောင်ပြုံးချိုက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။

"ဒီကော်ဇောကြီးတွေ၊ ဒီဆိုဖာတွေ ဒီပရိဘောဂ အသုံးအဆောင်တွေဟာ ခင်ဗျားကိုယ်ပိုင်လား"ဟု မေးပြန်သည်။ "မဟုတ်ပါဘူး၊ သံရုံးပိုင်ပစ္စည်းတွေပါ" မောင်ပြုံးချိုက ဖြေသည်။

"အဲ ဟုတ်ပြီ။ ကျွန်တော် ဒီမယ်ရှိတဲ့ အိမ်ကပစ္စည်းတွေလဲ အစိုးရ ပစ္စည်းတွေ များတာပါပဲ။ ခင်ဗျားနိုင်ငံက ခင်ဗျားကိုယ်ပိုင်အိမ်မတော့ ဒီလို ကော်ဇောကြီးတွေ၊ ထိုင်လိုက်ရင် ကိုယ်လုံးနစ်မြုပ်သွားတဲ့ ဆိုဖာကြီးတွေ ရှိ မထင်ပါဘူး။ ကျွန်တော်တို့တိုင်းပြည်က ကျွန်တော်တို့အိမ်မှာ မရှိတာတော့ အမှန်ပဲ၊ မှန်တာပြောတာ ရှက်စရာမဟုတ်ပါဘူး။ ချမ်းသာတဲ့နိုင်ငံက သံအမတ်ကြီးတွေကတော့ သူတို့တိုင်းပြည်က သူတို့ အိမ်တွေမယ် ဒီလို တခမ်းတနား ပြင်ဆင်ထားတာ ရှိချင်ရှိမှာပေါ့လေ။ ဒါတောင် ဒီမှာလောက်တော့ ခမ်းနား မယ် မဟုတ်ပါဘူး။ ကျွန်တော်တို့တော့ ဒီလိုမနေနိုင်ပါဘူး။ ဒီမယ် သံအမတ် လာလုပ်နေလို့သာ လူမြင်ကောင်းအောင် နေရထိုင်ရတာပါ"

ကော်ဖီထွက်သောနိုင်ငံမှ သံအမတ်ကြီးသည် ကော်ဖီမကြိုက်၊ လက်ဖက် ရည် ကြိုက်သည်။ သူသည် ငုံ့ထားသော လက်ဖက်ရည်ကို အနည်းငယ် သောက် လိုက်ပြီး ဆက်ပြောပြန်သည်။ "အဲဒီလို ကျုပ်တို့ အယောင်ဆောင် လောကမယ် နေရထိုင်ရတယ်ဆိုတာ တချို့ သားသမီးတွေက မသိဘူး။ ဟုတ်လှပြီထင်ပြီး အောက်ခြေလွတ်ချင်တယ်။ စိတ်ကြီးဝင်ချင်တယ်။ ဒါကြောင့် ကျွန်တော့သား သမီးတွေကိုတော့ ခဏခဏ ဆုံးမနေရတယ်။ မင်းတို့ ဒီမယ် နေရထိုင်ရတာမျိုး

ကိုယ်တိုင်းပြည် ပြန်ရောက်ပြီး ကိုယ့်အိမ်ကျတော့ နေရလိမ့်မယ် မထင်နဲ့လို့။ ကလေးတွေဟာ ကိုယ့်တိုင်းပြည်နဲ့ ကြာကြာခွဲနေရတော့ ကိုယ့်တိုင်းပြည်ကို ချစ်တတ်တဲ့စိတ်တွေ တဖြည်းဖြည်း နည်းလာတယ်။ သူများကို အထင်ကြီးလာတယ်။ ကိုယ့်လူမျိုးကို အထင်သေးလာတတ်တယ်။ ကိုယ့်ယဉ်ကျေးမှုကို မြတ်နိုးချင်တဲ့စိတ် ခေါင်းပါးလာတတ်တယ်"

သူသည် ဝါရင့် သံအမတ်ကြီး ဖြစ်သည်။ သူ့အတွေ့အကြုံကို ပွင့်လင်းစွာ ပြောဆိုနေခြင်း ဖြစ်သည်။ "ဟုတ်ပါတယ်။ ဒါကို လူကြီးမိဘတွေက အမြဲဂရုစိုက်ပြီး ပြုပြင်ပေးဖို့ လိုပါတယ်" သူသည် သူ့သားသမီးများအား မိမိတိုင်းပြည်ကို ချစ်တတ် ခင်တတ်အောင် နိုင်ငံသမိုင်း၊ စာပေယဉ်ကျေးမှု စသည်များကို အမြဲမပြတ် သွန်သင်ပြသပေးနေသည့် အကြောင်းကို အတော်ကြာအောင် ပြောပြနေလေသည်။

"ကလေးတွေကို ထားပါဦး၊ လူကြီးတွေထဲကလဲ အဲဒီလို စိတ်ဓာတ်မျိုးတွေနဲ့ လူတွေ ရှိတတ်ပါတယ်။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးရဲ့ ကျေးဇူးကြောင့် နိုင်ငံခြားမယ် ဒီလို ထည်ထည်ဝါဝါနဲ့ နေရထိုင်ရတယ်ဆိုတာမေ့ပြီး အမိ နိုင်ငံကို စွန့်ခွာလိုတဲ့လူတွေ စွန့်ခွာသွားတဲ့လူတွေ ရှိပါတယ်"

သူသည် တစ်နာရီခန့် စကားပြောပြီးမှ နှုတ်ဆက်ထွက်ခွာသွားလေသည်။ များမကြာမီ ထိုသံအမတ်ကြီးသည် သက်ပြည့်အငြိမ်းစားယူ၍ မိမိနိုင်ငံသို့ ပြန်သွားလေသည်။

သူနှင့် မောင်ပြုံးချို နောက်ထပ်တွေ့ဆုံရန် အခွင့်အလမ်းမရှိတော့ပြီ။ သူပြောသွားသော စကားများကို မောင်ပြုံးချိုသည် ယနေ့တိုင် မမေ့နိုင်။

ဘဝတကွေ့
ခဏတွေ့လည်း
မေ့လို့မသွား
သူ့စကား။

# တစ်နေ့တာ

'သံတမန်ရေးရာ'

ဆာကာရို နီကိုဆင်ဆိုသူ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် 'ဒီပလို မေစီ'ဟူသော စာအုပ်အမည်ကို မြန်မာဘာသာပြန်ဆို ခေါ်ဝေါ်လိုက်ခြင်း ဖြစ်လေသည်။

မောင်ပြုံးချိုပြည်ပသို့ ထွက်ခွာလာခါနီးတွင် သူ၏ ရောင်းရင်း မိတ်ဆွေ အငြိမ်းစား ဒုတိယအတွင်းဝန် ဦးကံသာက လက်ဆောင်ပါးလိုက်သည့် စာအုပ် ဖြစ်သည်။ သူသည် ဦးကံသာအား ကျေးဇူးတင်လှပါသည်။ သူ ထမ်းဆောင်ရမည့် တာဝန်သစ်အတွက်အထောက်အကူပြုမည့် စာအုပ်ဖြစ်လေသည်။ ထိုစာအုပ်တွင် ရေးသားထားသော အချက်အလက်များသည် ကာလ ဒေသ အခြေအနေအရ အားလုံးအသုံးဝင်ချင်မှဝင်မည်။ အသုံးဝင်သည် ဖြစ်စေ၊ မဝင်သည်ဖြစ်စေ သံတမန်လောကအကြောင်းများကိုတော့ တစေ့တစောင်း တွေ့မြင်နိုင်ပေလိမ့်မည်။

မောင်ပြုံးချိုသည် ခရီးသွားရင်းပင် ဖတ်ရှုလာခဲ့လေသည်။ တစ်ပြည် ထောင်နှင့် တစ်ပြည်ထောင် သံတမန်ချင်း လဲလှယ်ဆက်သွယ်ပုံ၊ နောက်ကြောင်း သမိုင်း၊ ပေါင်းသင်းဆက်ဆံရေးနှင့်တကွ သံရုံးအဖွဲ့ ဖွဲ့စည်းပုံ၊ ဝေါဟာရ အသုံးအနှုန်းများပါမကျန် အတော်စုံလင်အောင် ရေးသားထားသည်ကို တွေ့ရ လေသည်။ တစ်နေရာတွင် သံအမတ်ကြီးတစ်ဦး၏ တစ်နေ့တာ လုပ်ငန်းတာဝန် များကို ယေဘုယျသဘော ဖော်ပြထားသည်ကို တွေ့ရလေသည်။

"တိုင်းပြည်က ပေးအပ်လိုက်သည့်တာဝန်သစ်တွင် ဘာတွေကို ဘယ်လို လုပ်ရမှာပါလိမ့်"ဟု စဉ်းစားနေမိသော မောင်ပြုံးချိုသည် ထိုစာပိုဒ်ကို စိတ် ဝင်စားစွာ ဖတ်ရှုနေမိလေသည်။

http://www.cherrythitsar.org

စာအုပ်တွင် ဤသို့ ပါရှိပါသည်။

"သံတမန်ရေးရာနှင့် ပတ်သက်၍ အတွေ့အကြုံ မရှိသေးသူများအဖို့ သံအမတ်ကြီးတစ်ဦးသည် တစ်နေ့တာအချိန်တွေကို မည်သို့အသုံးချပြီး သူ့အစိုးရအား၊ မည်သည့်ကိစ္စများကို အစီရင်ခံ အသိပေးနေပါလိမ့်မည်နည်း ဟု မကြာခဏ စဉ်းစားတွေးတောမိပေမည်။ ကျွန်ုပ်သည် သံတမန်တစ်ဦး၏ တစ်နေ့တာ ဘဝကို မှန်းနိုင်ရန် ခြယ်မှုန်းပြပါမည်။

"သံအမတ်ကြီးသည် လိမ္မာရေးခြားရှိပြီး မြော်မြင်တတ်သူဖြစ်လျှင် ယမန်နေ့ညက အတွေ့အကြုံ အဖြစ်အပျက်များနှင့် ပြောဆိုခဲ့သည့် စကားများကို နံနက်စောစောတွင် သူ၏လက်ရေးကို စာရေးအား ပြန်လည်ပြောပြကာ နေ့စဉ်မှတ်တမ်းပုံစံဖြင့် ရေးသား မှတ်တမ်းတင်စေလိမ့်မည်။

"ထို့နောက် သူသည် မိမိတာဝန်ကျရာနိုင်ငံတွင် ထုတ်ဝေသည့် သတင်းစာများကို ဂရုတစိုက် ဖတ်ရှုပြီး သံရုံးပြန်ကြားရေး အရာရှိနှင့် အရေးကြီးသည်ထင်သည့် သတင်းဆောင်းပါး စသည်တို့ကို ဆွေးနွေးမည် ဖြစ်ပေသည်။ ဤအချိန်တွင် မိမိအစိုးရထံမှ ယမန်နေ့ညက စကားဝှက်ဖြင့် ရောက်ရှိလာသည့် သံကြိုးစာများကို အနက်ဖွင့်ပြန်ဆိုပြီး ဖြစ်နေပေလိမ့်မည်။ သံကြိုးစာတွင် ညွှန်ကြားချက်များ သတင်းစုံစမ်းခြင်းများ၊ အကြံဉာဏ်တောင်းခြင်းများ ပါဝင်ပေမည်။ ယင်း သံကြိုးစာများကို ပြန်လည်ဖြေကြားရန် စာကြမ်းများ ရေးသားရပေမည်။ အကယ်၍ လိုအပ်လျှင် တာဝန်ကျရာ နိုင်ငံ၏ နိုင်ငံခြားရေး ဌာနဝန်ကြီးနှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာဌာနအတွင်းဝန်များနှင့်သော်လည်းကောင်း တွေ့ဆုံရန် အချိန်တောင်းဆိုရပေမည်။ နံနက်ခင်းတွင် စာတိုက်မှ ရောက်ရှိလာသည့် သာမာန်ပေးစာများနှင့် အရေးတကြီး အကြောင်းကြားစာ စသည်များကို ယခုအချိန်တွင် ဖောက်ပြီး မှတ်ပုံတင်စာအုပ်တွင် ထည့်သွင်းကာ ရုံးဝန်ထမ်းက မှတ်ချက်များ ရေးသားထားပြီး ဖြစ်ပေလိမ့်မည်။ ကြည်း၊ ရေ၊ လေတပ်များ (ကူးသန်းရောင်းဝယ်ရေး၊ ဘဏ္ဍာရေး)စသည်များနှင့် ပတ်သက်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသံမှူးများထံမှ မှတ်ချက်များ ရယူရပေမည်။ သံအမတ်ကြီးသည် အရေးကြီးသည့် စာများနှင့် အကြောင်းကြားချက်များကို ဖတ်ရှုလေ့လာပြီး မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကို ရုံးဝန်ထမ်းများအား ညွှန်ကြားရပေမည်။

"မွန်းတည့်လောက်တွင် လက်ခံတွေ့ဆုံခြင်းများကို စတင်ရလေသည်။ လာရောက်တွေ့ဆုံသူသည် မိမိနှင့် ဆွေးနွေးလိုသည့် မိတ်ဆွေ သံကြီးတမန်ကြီး

များသော်လည်းကောင်း မိမိအား တွေ့ဆုံကာ မေးခွန်းပေါင်းစုံ ထုတ်လိုသည့် ထင်ရှားသော သတင်းစာဆရာတစ်ဦးသော်လည်းကောင်း၊ အကူအညီတောင်းခံလိုသော လုပ်ငန်းရှင်ကြီး တစ်ဦးသော်လည်းကောင်း ဖြစ်နိုင်ပါသည်။ မိမိနိုင်ငံသားတစ်ဦးကို နိုင်ငံအတွင်းဝယ် သွားရင်းလာရင်းဖြစ်စေ၊ နေရင်းထိုင်ရင်း ဖြစ်စေ အခက်အခဲပြဿနာ တစ်ခုခုနှင့် ရင်ဆိုင်နေရသည့်အတွက် မည်သို့ ဆက်လက်ဆောင်ရွက်ရမည်ကို ညွှန်ကြားချက် အကြံဉာဏ်များရယူရန် ရောက်ရှိနေသော တခြားတစ်မြို့ရှိ မိမိသံရုံးခွဲမှ ကောင်စစ်ဝန်တစ်ဦးသော်လည်းကောင်း ဖြစ်နိုင်လေသည်။ မိမိတို့ နိုင်ငံသားများအပေါ် မိမိတာဝန်ကျရာနိုင်ငံ အစိုးရဌာနများက ဆက်ဆံရာ၌ တရားမျှတမှု မရှိဟူသော တိုင်တန်းချက်များကို ဖြေရှင်းပေးနေရသည့် ကိစ္စများတွင် သံရုံးများသည် အချိန်အများဆုံး အသုံးပြုရတတ်လေသည်။

"မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးအတွင်းဝန်နှင့် တွေ့ဆုံကောင်း တွေ့ဆုံရပေလိမ့်မည်။ ဤသို့သော အခါမျိုးတွင် တွေ့ဆုံပြီး ပြန်လာသည်နှင့် မေ့လျော့မသွားမီ တွေ့ဆုံဆွေးနွေးခဲ့သည်များကို အစီရင်ခံစာ ရေးသားပေးပို့ရပေလိမ့်မည်။ သံကြိုးစာများပေးစာများ ရောက်လာသည်များ ရှိသလို ပြန်လည် ဖြေကြားချက်များကိုလည်း ပေးပို့ရပေလိမ့်မည်။

"သံရုံးသည် အလုပ်ချိန်ဟူ၍ တိတိကျကျ ကန့်သတ်ထားနိုင်မည် မဟုတ်သည့်ပြင် အားရက်ဟူ၍လည်း သတ်မှတ်နိုင်မည် မဟုတ်ချေ။ အခြေအနေတည်ငြိမ် အေးချမ်းသည့်အခါများတွင် အေးအေးဆေးဆေး နေနိုင်သည့် အချိန်များပင် ရှိမည်ဖြစ်သည်။ အရေးကြီးသည့်အခါများတွင်မူ သံရုံးဝန်ထမ်းများသည် နေ့ရောညပါ မညည်းမညူ အလုပ်လုပ်ကြရလေသည်။

"သည်သို့ဆိုလျှင် သံရုံးအစီရင်ခံစာများတွင် မည်သည့်အကြောင်းအရာများ ပါဝင်သနည်း။ လန်ဒန်မြို့ရှိ ပြည်ပနိုင်ငံ သံရုံးအဖွဲ့တစ်ခုကို ပုံစံအားဖြင့် လေ့လာကြည့်ရှုကြပါစို့။ မိမိနိုင်ငံ၏အကျိုးနှင့် တိုက်ရိုက်သက်ဆိုင်သည့် ကိစ္စတစ်ရပ်ကို ဗြိတိသျှအစိုးရနှင့်ညှိနှိုင်း ဆွေးနွေးရန် ရှိကောင်းရှိပေလိမ့်မည်။ မိမိ၏အစိုးရသည် ငွေကြေးထောက်ပံ့မှု ရယူရန်ကိစ္စ ရှိချင်ရှိမည်။ သို့မဟုတ် မိမိနိုင်ငံမှ အင်္ဂလန်နိုင်ငံသို့ ကုန်ပစ္စည်းပို့ရာတွင် အကောက်ခွန် လျှော့ပေါ့ရန် တောင်းဆိုကောင်း တောင်းဆိုရပေလိမ့်မည်။ သို့မဟုတ် ဂျနီဗာတွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အစည်းအဝေးတွင် ဗြိတိသျှအစိုးရ၏ ထောက်ခံမှုကို ရယူလိုသည့်ကိစ္စလည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် အိမ်နားနီးချင်းနိုင်ငံတစ်ခုအား သတိ

ပေးစကား ပြောကြားပေးရန် ကိစ္စများတွင် စာအားဖြင့် အပြန်အလှန်ရေးသားမှုများ လိုအပ်မည့်ပြင် သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများလည်း အကြိမ်ကြိမ် ပြုလုပ် ကြရပေမည်။

"ထို့ပြင် မိမိ၏အစိုးရသည် ဗြိတိသျှအစိုးရ ကျင့်သုံးနေသည့် အဓိက မူဝါဒ လမ်းကြောင်းများကိုလည်း သိရှိစေရန် ဆောင်ရွက်ဖို့တာဝန်ရှိလေသည်။ လက်ရှိ အာဏာရ ဗြိတိသျှအစိုးရ၏ ပါလီမန်အတွင်း အင်အားအခြေအနေကို မိမိအစိုးရအား အသိပေးရလိမ့်မည်။ အတိုင်အခံအင်အား အလုပ်သမား အဖွဲ့ ချုပ်၏ သဘောထား၊ ဝန်ကြီးချုပ်နှင့် အခြားဝန်ကြီးများ ဆက်ဆံရေး၊ ဗြိတိသျှ အစိုးရ၏ လက်နက်တပ်ဆင်ရေး၊ စီးပွားရေး၏ တိုးတက်မှုနှင့် အခြားနိုင်ငံများနှင့် ပတ်သက်၍ ပြည်သူလူထု၏ သဘောထား၊ အလုပ်အကိုင်ရရှိရေး၊ ကျန်းမာရေးနှင့် ဘဏ္ဍာရေး အခြေအနေများ၊ အခွန်ကောက်ခံမှု၊ စားဝတ်နေရေး၊ ဈေးနှုန်းများ၊ ထူးထူးခြားခြား တိုးတက်ပြောင်းလဲမှုများနှင့် အရေးကြီးသောပုဂ္ဂိုလ်များ၏ ထူးခြားသည့် လုပ်ကိုင်ဆောင်ရွက်မှုများအပြင် လက်ရှိ အခြေအနေ နှင့် ကမ္ဘာ့အသီးသီး တွင် ထိုနိုင်ငံ၏ ဦးတည်သွားနေသည့် ခြေလှမ်းများကို မိမိအစိုးရ သိရှိနိုင်ရန် ရေးသားဖော်ပြရပေမည်။

"ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ဆောင်ရွက်မှုများသည်လည်း သံတမန် များအတွက် အရေးကြီးလှပေသည်။ မိမိကိုယ်စားပြုသည့် နိုင်ငံ၏ ဂုဏ်သိက္ခာ ကို ထိန်းသိမ်းနေထိုင်ရပေမည်။ မကြာခဏပင် ခမ်းနားသော ဧည့်ခံပွဲများ ကျင်းပ ရမည့်အပြင် မိမိ၏ လုပ်ဖော်ကိုင်ဖက် သံတမန်များ၊ ဌာနဆိုင်ရာ အရာရှိကြီး များနှင့်လုပ်ငန်းရှင်ကြီးများက အမြဲသဖြင့် ဖိတ်မန္တကပြုကာ ရင်းရင်းနှီးနှီး စားဖွယ် သောက်ဖွယ်များနှင့် တည်ခင်းဧည့်ခံမည်ကိုလည်း မျှော်လင့်ထားကြရပေမည်။

"သူ့ တာဝန်ကျရာ နိုင်ငံအတွင်းရှိ ထင်ရှားကျော်စောသော ပုဂ္ဂိုလ်များနှင့် သော်လည်းကောင်း၊ ဩဇာတိက္ကမရှိသည့် ပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း ရင်းနှီးစွာ ဆက်ဆံပေါင်းသင်းနိုင်ရန် ဖန်တီးရပေမည်။ ထိုနိုင်ငံ၏ စက်မှုလုပ်ငန်း များ၊ အနုပညာများ၊ အားကစားနှင့် စာပေများတွင်လည်း အခါမလပ် စိတ် ပါဝင်စားကြောင်း ပြသရပေမည်။ ပြည်နယ်များသို့ ခရီးထွက်ကာ စက်မှုလုပ်ငန်း များနှင့် စိုက်ပျိုးရေးအခြေအနေများကိုလည်း သိရှိအောင်လေ့လာထားရပေမည်။" စသည်စသည်ဖြင့် ပါရှိလေသည်။

ထိုစာပုဒ်များကို ဖတ်ရှုရသောအခါ မောင်ပြုံးချိုသည် သံတမန် လောကကို ဝိုးတဝါး မြင်လာလေသည်။ သို့သော် စာအုပ်ထဲ ရေးသားထားသည့် အတိုင်း လိုက်နာဆောင်ရွက်ဖို့ လိုမည်မဟုတ်ပေ။ ကာလဒေသ ပယောဂတို့ အလိုက် ဆောင်ရွက်ရပေမည်။

(၂)

မောင်ပြုံးချိုသည် နံနက်ရှစ်နာရီခန့်တွင် ရုံးသို့ ရောက်ရှိနေတတ်လေသည်။ ယမန်နေ့ညနေက ဧည့်ခံပွဲတစ်ခုသို့ တက်ရောက်ခဲ့ပါက မိမိနေ့စဉ်မှတ်တမ်းတွင် ရေးစရာမှတ်စရာများကို ရေးမှတ်ထားလိုက်လေသည်။ လက်ရေးတို စာရေးကိုခေါ်၍ မှတ်တမ်းတင်စေလောက်အောင် ရှိလှမည် မဟုတ်ပေ။ မိမိဘာသာ ရေးမှတ်ခြင်းဖြင့် လုံလောက်ပေသည်။

သူ့စားပွဲတွင် ထိုနေ့ထုတ် သတင်းစာများ ရောက်ရှိနေရလေသည်။ အင်္ဂလိပ်ဘာသာတို့ဖြင့်သာ ထုတ်ဝေသော သတင်းစာများသာ ဖြစ်သည်။ ထိုနိုင်ငံတွင် သတင်းစာများကို အူရဒူဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့်သာ ထုတ်ဝေကြသည်။ မောင်ပြုံးချိုတို့သည် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာများအနက်မှ သုံးလေးစောင်ကိုသာ ရွေးချယ်ဝယ်ယူ ဖတ်ရှုကြသည်။ အူရဒူ သတင်းစာများကိုမူ ဝယ်ယူခြင်း မပြုကြချေ။ အချို့သံရုံးကြီးများကမူ သတင်းစာပေါင်းစုံကို ဝယ်ပြီး ဘာသာပြန်သူများ ခန့်ထားကာ အရေးကြီးသော သတင်းဆောင်းပါး စသည်များကို အင်္ဂလိပ်ဘာသာ ပြန်ဆိုစေသည်။ 'အင်္ဂလိပ် သတင်းစာထဲမယ် မပါတဲ့ သတင်းတွေ အူရဒူသတင်းစာတွေမယ် ပါတယ်'ဟု နိုင်ငံခြားသံရုံးတစ်ခုမှ အရာရှိတစ်ဦးက ပြောကြားဖူးလေသည်။ 'ပါကစ္စတန်တိုင်း'အမည်ရှိသော သတင်းစာမှလွဲ၍ ကျန်သတင်းစာများမှာ ပုဂ္ဂလိကပိုင်သတင်းစာများ ဖြစ်သောကြောင့် လူထုစိတ်ဝင်စားမည့်သတင်းဟူသမျှကို ထည့်သွင်းတတ်ကြသည်။ ပါလာသမျှသတင်းတွေအားလုံး အမှန်တွေချည်းဟု ယူဆ၍ မဖြစ်ချေ။ မောင်ပြုံးချိုသည် သတင်း၊ ဆောင်းပါး၊ ခေါင်းကြီး စသည်များကို ဖတ်ရှုလေ့လာသည်။ မှတ်သားစရာများကို မှတ်သားသည်။ ဖြတ်စရာရှိလျှင် ဖြတ်ယူ၊ သီးသန့်စာတွဲတွင် တွဲထားစေသည်။

ထိုအချိန်လောက်တွင် ချိန်းဆိုထားသည်များကို သွားရောက်တွေ့ဆုံသည်။ သံတမန်အချင်းချင်း နှုတ်ဆက်သည့်သဘော သွားရောက် တွေ့ဆုံသည်လည်း ရှိသည်။ မိမိတာဝန်ကျရာနိုင်ငံမှတာဝန်ရှိ ပုဂ္ဂိုလ်ကြီးများကို သွားရောက်တွေ့ဆုံ နှုတ်ဆက်သည်လည်း ရှိသည်။ သူတို့နှင့်သွားရောက်တွေ့ဆုံသောအခါ မိတ်ဖြစ် ဆွေဖြစ် တွေ့ဆုံခြင်း ဖြစ်ချင်လည်းဖြစ်မည်။ သို့တည်းမဟုတ် ကိစ္စတစ်ခုခု ပြဿနာတစ်ရပ်ရပ်နှင့် ပတ်သက်၍ အကြေအလည် ဆွေးနွေးရန်လည်း ဖြစ်နိုင်လေသည်။ မိမိက သွားရောက် တွေ့ဆုံသကဲ့သို့ပင် မိမိအား လာရောက် တွေ့ဆုံသူများကို လက်ခံဆွေးနွေးရသည်လည်း ရှိလေသည်။

သည်ကြားအချိန်များတွင် သံရုံး၏သာမန်လုပ်ငန်းများကို လုပ်ကိုင်ရလေသည်။ ထိုအလုပ်များတွင် နိုင်ငံကူး လက်မှတ်အသစ် လဲလှယ်ခြင်း၊ ပြည်ဝင်ဗီဇာ တောင်းခံခြင်း၊ ငွေဝင်ခွန်ပေးဆောင်ခြင်း စသည်များ ပါဝင်လေသည်။ ကောက်ခံရရှိငွေများ စနစ်တကျ စာရင်းသွင်းခြင်း၊ ဘဏ်သို့အချိန်မီ ပေးသွင်းခြင်း အစရှိသည့် ငွေရေးကြေးရေးကိစ္စများကိုလည်း ဂရုစိုက်ရလေသည်။ ဤသံရုံးတွင် ကောက်ခံရရှိသည့် အခွန်ငွေများမှာ များလှသည်မဟုတ်။ သို့ရာတွင် လက်ခံသူ လက်ထဲတွင် ကြာရှည်စွာထားလျှင် ပြဿနာမှာ ငယ်သယောင်နှင့် ကြီးမားလာတတ်လေသည်။

ထိုနိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ အရေးကိစ္စနှင့် ပတ်သက်၍လည်း ဆောင်ရွက်ပေးရန် များစွာမရှိပေ။ မြန်မာနိုင်ငံမှ ပါကစ္စတန်နိုင်ငံသို့ ပညာလာရောက်သင်ကြားနေသည့် ကျောင်းသားများလည်း မရှိ။ အလုပ်အကိုင် အကြီးအကျယ် လာရောက်လုပ်ကိုင်နေသူများလည်း မရှိ။ ရှိတော့ရှိပါသည်။ မြန်မာစကား ရေလည်စွာ ပြောဆိုတတ်သည့်ပါကစ္စတန် နိုင်ငံသားများကို တွေ့ရတတ်သည်။ သူတို့သည် မြန်မာနိုင်ငံမှ အပြီးအပိုင် ထွက်ခွာလာခဲ့ကြသူများ ဖြစ်သောကြောင့် မြန်မာသံရုံး၏ အရိပ်အာဝါသအောက်မှ လွတ်နေသူများသာ ဖြစ်လေသည်။

"ဒီမယ်နေလို့ မဖြစ်တော့ပါဘူး။ မြန်မာပြည် ပြန်ချင်လှပါတယ်"ဟု ဆိုလာသူများကို မကြာခဏ တွေ့ရှိတတ်ပါသည်။ သူတို့ကိုတော့ ထုံးစံအတိုင်း စည်းကမ်းတကျ လျှောက်ထားရန် အကြံပြုရလေသည်။

သူတို့လို လူမျိုးထဲတွင် မြန်မာအမျိုးသမီးကြီးတစ်ဦးကိုတော့ မောင်ပြုံးချို သတိရနေသည်။ သူ့အသက်မှာ ခြောက်ဆယ်ကျော်လေပြီ။ သူသည် မိတ္ထီလာ

မြို့နယ် ကျေးရွာတစ်ခုမှ ဖြစ်သည်။ စစ်အတွင်းက အိန္ဒိယ မြေတိုင်းအဖွဲ့တွင် တာဝန်ထမ်းဆောင်သူ ခင်ပွန်းနှင့်အတူ အိန္ဒိယသို့ လိုက်လာခဲ့သည်။ စစ်ပြီး၍ အိန္ဒိယနှင့် ပါကစ္စတန်ခွဲသောအခါ သူ့ခင်ပွန်းသည် မွတ်စလင်ဘာသာဝင်ဖြစ်သည့်အတိုင်း ပါကစ္စတန်ဘက်သို့ ပါလာသည်။ လွန်ခဲ့သောဆယ့်ငါးနှစ်လောက်က သူ့ခင်ပွန်း အနိစ္စရောက်သောအခါ ပါကစ္စတန်တွင် သောင်တင်နေသည်။

ခင်ပွန်းသည် ရှိစဉ်ကတည်းက မြန်မာနိုင်ငံသို့ပြန်ရန် ကြိုးစားခဲ့သော်လည်း သက်သေခံစာရွက်စာတမ်းများ ဟူ၍ ဘာမျှမရှိသဖြင့် အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရသည်။ သူ့ခင်ပွန်းဆုံးပြီးနောက် မိမိနိုင်ငံသို့ ပြန်ရေးကို ဆက်လက်ကြိုးစားခဲ့ရာ ၁၉၇၇–ခုနှစ်တွင်မှ ပြန်ခွင့်ရလေသည်။

"ကိုယ့်မွေးရပ်မြေကို ပြန်ပြီး ခေါင်းချရတော့မှာမို့ ဝမ်းသာလို့ မဆုံးပါဘူး"

သူက မျက်ရည်စမ်းစမ်းနှင့် မောင်ပြုံးချိုတို့အား နှုတ်ဆက်သွားလေသည်။

သံတမန် ချောစာအိတ် ပို့သောနေ့သည် သံရုံးအဖို့ အလုပ်များသောနေ့ဖြစ်သည်။ မောင်ပြုံးချိုတို့ သံရုံးမှ ချောစာအိတ်ကို တစ်ပတ်တစ်ကြိမ် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လေယာဉ်ဖြင့် ပို့ရလေသည်။ ရက်သတ်မှတ် တောင်းဆိုထားသည့် အစီရင်ခံစာများကို အချိန်မီ ရေးသားကြရသည်။ အရေးကြီးသော စာရွက်စာတမ်းများ ကျန်မနေအောင် သတိပြုကြရသည်။ အမှားအယွင်း မရှိအောင် ဂရုစိုက်ကြရသည်။ လုံခြုံရေးကိုလည်း တိကျအောင် ဆောင်ရွက်ရသည်။ အချို့သံရုံးကြီးများသည် ပုဂ္ဂလိက ဆက်သွယ်ရေး ယာဉ်များကို စိတ်မချဘဲ သံရုံးဝန်ထမ်းတစ်ဦးကိုပင် တာဝန်ပေးစေလွှတ်၍ ပို့ကြသည်။ လွန်ခဲ့သော ဆယ်နှစ်ခန့်လောက်က မောင်ပြုံးချို ပြည်ပလမ်းခရီး လေယာဉ်ပေါ်တွင် ချောစာအိတ်ပို့သည့် သံတမန်ဝန်ထမ်းတစ်ဦးကို မြင်တွေ့ဖူးသည်။ စစ်တပ်များတွင် အသုံးပြုသည့်'ကစ်ဘဲ့'ခေါ် အိတ်ဖြူလုံးလုံးကို ချိပ်တံဆိပ်တွေ အထပ်ထပ် ရိုက်နှိပ်လျက် သူ့လက်ဝဲဘက်တွင် လက်ထိပ်ခတ်ထားသလို သံကြိုးနှင့် တွဲခတ်ထားသည်ကို တွေ့ရသည်။ သူ့လက်နှင့် တွဲကာ သော့ခတ်ထားသည့် အိတ်ကြီးကို လေယာဉ်ပေါ်မှ ခေတ္တဆင်းလျှင်လည်း တစ်ပါတည်း ယူသွားရသည်။ ရေအိမ်ဝင်လျှင်လည်း ထားပစ်ခဲ့၍ မဖြစ်။ စားသောက်ဆိုင်ဝင်၍ တစ်စုံတစ်ခု စားသောက်လျှင်လည်း အတူပါရသည်။ သူသည် ခရီးသွားဖော်များနှင့်လည်း အရောတဝင် စကားမပြော။ မျက်နှာထားခပ်တည်တည်နှင့်ပင် တစ်လမ်းလုံး'တေမိ'လုပ်လာလေသည်။ မောင်ပြုံးချိုသည်

သူ့ကိုကြည့်ယင်း 'တယ်ဒုက္ခကြီးပါကလား'ဟု အောက်မေ့မိခဲ့သည်။ ထိုသူ အဖို့တော့ ဒုက္ခမည်သည် မဟုတ်ပေ။ သူ့တာဝန်ကို သူ ကျေပွန်စွာ လုပ်ကိုင် ဆောင်ရွက်နေသူ ဖြစ်ပေသည်။ သူသယ်ပိုးလာသည့် အိတ်ကြီးတွင် သူ့နိုင်ငံ အတွက် ဘယ်လောက်အထိ အရေးကြီးသည့်လျှို့ဝှက်စာရွက်စာတမ်းတွေ ပစ္စည်း ပစ္စယတွေ ပါသည်ကို အဘယ်သူသည် ခန့်မှန်းနိုင်အံ့နည်း။

သံရုံးမှ သံတမန် ချောစာအိတ်ကို စည်းကမ်းတကျ ပို့ရန် အရေးကြီး သလို ရန်ကုန်မှ ပို့လိုက်သည့် သံတမန်ချောစာအိတ် ရောက်မည့်နေ့ဆိုလျှင်လည်း သံအမတ်ကြီးမှအစ သံရုံးဝန်ထမ်းတွေ အားလုံး စိတ်လှုပ်ရှားကြသည်။ ချောစာ အိတ် သယ်ဆောင်လာနေကျ လေယာဉ် အချိန်မှန် ရောက်မလာလျှင် လည် တဆန့်ဆန့် မျှော်တော်ဇောနှင့် မောကြရသည်။

ဟိုတယ်လီဖုန်းဆက် သည်တယ်လီဖုန်းဆက် လုပ်ကြရသည်။ လူလွှတ်၍ မေးတန်လည်း မေးကြရသည်။ ရောက်ရှိလာသည့် ချောစာအိတ်တွင် ဝန်ကြီးဌာန များမှ အရေးကြီးသည့် ညွှန်ကြားချက်များ အရေးကြီးသတင်းစာများ ပါလာနိုင် သည်။ တစ်ပတ်လုံးအတွက် နေ့စဉ်သတင်းစာများ ပါလာမည်။ တစ်ပတ်စာ သတင်းစာတွေကို တဝကြီး ဖတ်ကြရတော့မည်။ လဆန်းဆိုလျှင် မဂ္ဂဇင်းတွေ ဂျာနယ်တွေ ပါလာပေလိမ့်မည်။

ထို့ကြောင့် သံအမတ်ကြီးမှအစ သံရုံး ဝန်ထမ်းအားလုံး မိသားစုများပါ သံတမန်ချောစာအိတ် ရောက်မည့်နေ့ကို စိတ်အားထက်သန်စွာ ငံ့လင့်နေတတ်ကြ လေသည်။

(၃)

ပါကစ္စတန်နိုင်ငံ၏ အခါကြီးနေ့ကြီး ရုံးပိတ်ရက် တစ်နေ့...။

ထိုနေ့မှာပင် မြန်မာသံရုံး၏ သံတမန်ချောစာအိတ် ရောက်ရှိမည့်နေ့ ဖြစ်နေသည်။ ထို့ကြောင့် သံရုံးမှာ တာဝန်ရှိဝန်ထမ်းများ ဟိုဟိုသည်သည် မသွား ကြဘဲ စောင့်မျှော်နေကြသည်။ လေယာဉ်ပျံရုံးသို့လည်း မကြာခဏ တယ်လီဖုန်း ဆက်သွယ်မေးကြသည်။ ချောစာအိတ်သည် ကရာချိမှတစ်ဆင့် ပါကစ္စတန် လေယာဉ်ဖြင့် ရောက်လာမည် ဖြစ်သည်။

“လေယာဉ်ပျံ မဆိုက်သေးပါဘူး။ ရောက်ရောက်ချင်း ပြောပါမယ်”

လေယာဉ်ရုံးမှ ဤသို့ ဖြေသည်။ စောင့်ရင်း စောင့်ရင်း ရောက်ချိန်ကို ကျော်လွန်လာသည်။ မေးကြပြန်သည်။

“ဒီနေ့ လေယာဉ်ပျံနောက်ကျမယ်တဲ့ခင်ဗျ။ ရောက်တာနဲ့ ဆက်ပြောပါမယ်”

လေယာဉ်ပျံရုံးက ဖြေသည်။

“ချောစာအိတ် ကရာချိထိတော့ ပါလာတယ် မဟုတ်လား”

“ဒါလဲ မသိဘူးခင်ဗျ”

“ကရာချိက ခင်ဗျားတို့ လေယာဉ်ရုံးကို ဆက်မေးပါဦး”

“ဟုတ်ကဲ့၊ မေးကြည့်ပါ့မယ်”

တကယ်မေးသည် မမေးသည်ကား မသိ။ အဖြေတော့ မရ။

“လေယာဉ်တော့ ဆိုက်ပါပြီ။ ချောစာအိတ် ပါမပါတော့ မသိသေးဘူး”

သံရုံးက အတန်ကြာ၍ ထပ်မေးသောအခါ ဤသို့ ဖြေကြားလိုက်သည်။

ဒုတိယ အတွင်းဝန်သည် လေယာဉ်ပျံရုံးသို့ လိုက်သွားလေသည်။

မောင်ပြုံးချိုတို့တစ်တွေကား တစောင့်စောင့်...။

“ပြန်လာပြီ၊ ပြန်လာပြီ”

လမ်းဘက်သို့မျှော်ကြည့်နေကြသည့် လူငယ်တွေက အော်ကြသည်။

ကားထိုးဆိုက်လိုက်ပြီး ဒုတိယအတွင်းဝန်သည် မရွှင်ပျသောမျက်နှာနှင့် ဝင်လာသည်။

“ပါမလာဘူးတဲ့ခင်ဗျ”

သူက ချည့်နဲ့စွာ ပြောလေသည်။

“ဟင် ဘာဖြစ်လို့လဲ။ ရန်ကုန်ကကို မပို့တာလား။ လမ်းမယ် ကျန်နေရစ်တာလား”

မောင်ပြုံးချိုက စိုးရိမ်ကြီးစွာ မေးလိုက်သည်။

http://www.cherrythitsar.org

"ပို့တော့ ပို့မှာပါပဲ။ လမ်းတစ်နေရာရာများ ကျန်ခဲ့သလား မသိဘူး။ ဗန်ကောက်က တစ်ဆင့်ဆိုတော့ လေယာဉ် အပြောင်းအလဲမယ် ကျန်ရစ်နိုင်တယ်။ အလျင်တစ်ခါလဲ ဒီလိုဖြစ်ဖူးတယ်။ နှစ်ရက်လောက် နောက်ကျပြီးမှ ရတယ်"

ဒုတိယအတွင်းဝန်က သူ့အတွေ့အကြုံကို ပြောပြသည်။

"ဒီလိုဆိုရင် ရန်ကုန်ကို သံကြိုးရိုက် မေးရလိမ့်မယ်၊ ပို့သလား မပို့ဘူးလားဆိုတာ"

"ညနေဘက် ကရာချိက လာမယ့် လေယာဉ်တစ်စီး ရှိသေးတယ်လေ။ အဲဒါနဲ့မှ ပါရင်ပါလာမှာပါ။ လေယာဉ်ရုံးကိုလဲ ပြောခဲ့တယ်။ ချောစာအိတ် ကရာချိမယ် ကျန်ရစ်၊ မကျန်ရစ် တယ်လီဖုန်းနဲ့ အမြန်မေးပါလို့"

ထိုအချိန်တွင် လေယာဉ်ရုံးမှ တယ်လီဖုန်းဆက်သည်။ ဒုတိယ အတွင်းဝန် ထ၍ စကားပြောသည်။

"ချောစာအိတ် ကရာချိ ရောက်နေပါပြီတဲ့။ ညနေ လေယာဉ်နဲ့ ပါပါမယ်တဲ့။ ဗန်ကောက်က လာတဲ့ လေယာဉ်နောက်ကျလို့ ကျန်ရစ်တာပါတဲ့"

ဒုတိယအတွင်းဝန်က သတင်းပို့သည်။

ထို့ကြောင့် ညနေစောင်းထိ စောင့်ကြည့်ကြရပြန်သည်။

နေဝင်ရီတရောအချိန်ရောက်သော် ဒုတိယအတွင်းဝန်သည် ချောစာအိတ်ကြီးနှင့်အတူ မောင်ပြုံးချို၏အိမ်သို့ ရောက်လာသည်။ သူသည် လေယာဉ်ရုံးသို့ သံရုံးစာရေးတစ်ဦးနှင့်အတူ သွားရောက် ယူဆောင်လာခြင်း ဖြစ်သည်။

ရောက်လာသည့်အိတ်ပေါ်တွင် ခတ်နှိပ်ထားသည့် ချိပ်တံဆိပ် ကျေပျက် မပျက် စစ်ဆေးပြီး ဖွင့်ကြသည်။ ပါလာသောအိတ်တွေနှင့် စာရွက်စာတမ်း စာအုပ်များကို စာရင်းနှင့်တိုက်ဆိုင်စစ်ဆေးကြသည်။ သတင်းစာတွေ မဂ္ဂဇင်းတွေလည်း ပါလာသည်။ လူကြီးတွေရော ကလေးတွေပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။

နိုင်ငံခြားရေးရုံးမှ အရေးကြီးသည့်စာများကို ဖတ်လိုက်ကြသည်။ အမြန်ဆောင်ရွက်ဖွယ်ရာများကို ဆောင်ရွက်လိုက်ကြသည်။ ပြီးလျှင် တစ်ပတ်စာ သတင်းစာတွေကို ဖတ်မည်။

သာရေးနာရေး ကြော်ငြာစာတွေကိုပါမကျန် ဖတ်မည်။ ထို့နောက် မင်္ဂလာဇင်းတွေပါ ဖတ်မည်။ မောင်ပြုံးချို ဤသို့ စိတ်ကူးနေသည်။ ထိုနေ့အဖို့ ထမင်းမုန့်၊ ဟင်းမုန့်ပင် သိကြမည်မဟုတ်။

ထိုအချိန်တွင် တင်မကြီးသည် ဝတ်ကောင်းစားလှနှင့်အခန်းတွင်းမှ ထွက်လာသည်။

"ကဲ ဘယ်လိုလဲ။ ဟိုသံရုံးက ညေ့ခံပွဲသွားရမယ်လေ။ ပြီးတော့ ထမင်းစားပွဲ ဆက်ဖို့လဲ ရှိသေးတယ်မဟုတ်လား။ ခုထိလဲ အဝတ်မလဲသေးဘူး"

"ဟေ ဟုတ်သားပဲ"

မောင်ပြုံးချိုသည် နေရာမှ လေးကန်စွာ ထလိုက်လေသည်။

# ဧည့်ခံပွဲအမျိုးမျိုး

(၁)

သံအဖွဲ့ဝင်များ၏အလုပ်ဝတ္တရားများတွင် အချင်းချင်း တစ်ဦးကိုတစ်ဦး ဖိတ်မန္တက ပြု၍ ကျွေးမွေးဧည့်ခံခြင်းသည် တစ်ခုအပါအဝင် ဖြစ်လေသည်။ သူတစ်ပါး၏ ဧည့်ခံပွဲများသို့ တက်ရောက်ရမည် ဖြစ်သကဲ့သို့ မိမိကလည်း မိတ်သင်္ဂဟကို ဖိတ်ကြားကျွေးမွေးဧည့်ခံရပေသည်။

"ဟို ပုဂ္ဂိုလ်ကြီးကိုတော့ ဟော့၊ ဘယ်ဧည့်ခံပွဲဖြစ်ဖြစ် မပျက်တမ်း ရောက် နေတာ တွေ့ရသလို သူကတော့ တစ်ခါမှ ဖိတ်ကြားဧည့်ခံတာ မရှိဘူး"

သည်လို စကားတင်း ဆိုရလောက်အောင် မဖြစ်ထိုက်ပေ။

အစ္စလမ်မာဘတ်သံတမန်လောကတွင် ဧည့်ခံပွဲတွေ များလှပါဘိတောင်း။

အမျိုးသားနေ့၊ တပ်မတော်နေ့၊ ဘုရင့်မွေးနေ့၊ ဘုရင်မမွေးနေ့ အစရှိသည့် နေ့ကြီးများတွင် သက်ဆိုင်ရာ သံရုံးများမှ တခမ်းတနား ဧည့်ခံပွဲကြီးများ ကျင်းပလေ့ ရှိကြသည်။

သံရုံး၌ သံအမတ်ကြီးအသစ်ဖြစ်စေ၊ သံတမန်အဆင့်အတန်းရှိ အဖွဲ့ဝင် သစ် တစ်ဦးဦး ရောက်ရှိလာသောအခါများတွင် ဖြစ်စေ မိတ်ဆက် ဧည့်ခံပွဲများ ကျင်းပကြသည်။ ထိုပုဂ္ဂိုလ်ကြီးများ တာဝန်ပြီးဆုံး၍ ထိုမြို့မှ ထွက်ခွာသွားခါ နီးတွင်လည်း နှုတ်ဆက်ဧည့်ခံပွဲ ကျင်းပကြပြန်သည်။

မိတ်ဆွေနိုင်ငံများမှ နိုင်ငံအကြီးအကဲ ခေါင်းဆောင်များအလည်အပတ် ရောက်လာသောအခါများ၌လည်း မိတ်ဆက်ဧည့်ခံပွဲများကို သက်ဆိုင်ရာ သံရုံး ကဖြစ်စေ၊ အိမ်သည်နိုင်ငံ အကြီးအကဲက ဖြစ်စေ ကျင်းပတတ်လေသည်။

http://www.cherrythitsar.org

ထို့ပြင် ပါကစ္စတန်နိုင်ငံ၏နေ့ထူးနေ့မြတ်တွင် သမ္မတကြီးက သော်လည်းကောင်း၊ ဝန်ကြီးချုပ်ကသော်လည်းကောင်း ညှော်ခံပွဲများ ကျင်းပသည့်အခါ သံအမတ်ကြီးဇနီးမောင်နှံတို့ တက်ရောက်ကြရပြန်သည်။

ဤကဲ့သို့ ရာထောင်ချီ၍ ဖိတ်ကြားတည်ခင်းသည့် ညှော်ခံပွဲများအပြင် ညှော့်သည်အနည်းငယ်မျှကိုသာ ဖိတ်ကြား၍ တခမ်းတနား ရင်းရင်းနှီးနှီး ညှော်ခံကျွေးမွေးသည့် နေ့လယ်စာစားပွဲများနှင့် ညနေစာ စားပွဲများလည်း ရှိလေသည်။

ထိုညှော်ခံပွဲများတွင် ဇနီးမောင်နှံ စုံတွဲများကို ဖိတ်ကြားလေ့ရှိကြလေသည်။ အကျယ်မချဲ့လို၍ နေ့လယ်ပိုင်းတွင် ကျင်းပကြသည့် ညှော်ခံပွဲများကိုမူ အမျိုးသားများကိုသာ ဖိတ်ကြားတတ်ကြလေသည်။

အမျိုးသမီးတွေချည်း သီးသန့်ကျင်းပသည့် ညှော်ခံပွဲ မိတ်ဆုံပွဲတွေလည်း ရှိသေးသည်။ ဇာထိုးပန်းထိုးအဖွဲ့၊ မာကျောင်းအဖွဲ့။ ဘရစ်အဖွဲ့။ ဝါသနာအလျောက် အလျဉ်းသင့်သလို စုဝေးပြီး တွေ့ဆုံပြီး စားသောက်ကြလေသည်။

မောင်ပြုံးချိုသည် ပါကစ္စတန် သမ္မတကြီးထံ မိမိ၏ခန့်အပ်လွှာကို ပေးအပ်ပြီး၍ တင်းပြည့်ကျပ်ပြည့် သံအမတ်ကြီးအဖြစ် သံတမန်လောကမှ အသိအမှတ်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် ညှော်ခံပွဲတက်ရောက်ရန် ဖိတ်ကြားစာများ ရောက်ရှိလာလေတော့သည်။ ဘယ်နေ့ ဘယ်အချိန် ဘယ်သံရုံးတွင် ဘယ်လို ညှော်ခံပွဲမျိုး တက်ရောက်ရမည်ကို ဖိတ်ကြားစာတွင် စာလုံးကြီးကြီးဖြင့် ထင်ရှားအောင် ရေးသားပြီး မြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရသည်။ မိမိ နေ့စဉ်မှတ်တမ်းစာအုပ်တွင်လည်း ရေးမှတ်ထားရသည်။ နံနက်မိုးလင်း နံနက်စာ စားပြီး၍ ရုံးသွားတော့မည်ဆိုလျှင် ထိုနေ့အဖို့ ဘယ်ညှော်ခံပွဲ တက်ရန်ရှိသည်။ ဘယ်သူနှင့် တွေ့ဆုံရန်ရှိသည်များကို ကြည့်ရှုမှတ်သားထားရသည်။ မေ့နေလို့ မဖြစ်။ အကယ်၍ မသွားရောက်နိုင်လျှင် စောစောစီးစီး ခွင့်ပန်ရပေမည်။ ခွင့်မပန်ဘဲ လျစ်လျူရှုကာ မသွားဘဲနေလျှင် စိတ်ခုသွားတတ်သည်။ "ငါဖိတ်တာ သူမလာလို့ သူဖိတ်တော့လဲ ငါမသွားရုံပေါ့" ဟု သဘောထားလာတတ်ကြသည်။ ရင်းနှီးသူ အနည်းငယ်သာ ဖိတ်ကြားပြီး တခမ်းတနား ညှော်ခံသည့် ညနေစာ စားပွဲမျိုးဆိုလျှင် ပို၍ ဂရုစိုက်ရလေသည်။

(၂)

ဧည့်ခံပရိသတ်တွေ စည်ကားလှသည့် ဧည့်ခံပွဲ၊ မိတ်ဆက်ပွဲ၊ နှုတ်ဆက်ပွဲ၊ အမျိုးသားနေ့၊ တပ်မတော်နေ့ဖြစ်နိုင်သည်။ သို့တည်းမဟုတ် ပြည်ပနိုင်ငံ တစ်ခုခုမှ နိုင်ငံအကြီးအကဲ တစ်ဦး ရောက်ရှိလာ၍ တည်ခင်းသည့် ဧည့်ခံပွဲလည်း ဖြစ်နိုင်သည်။

ထိုဧည့်ခံပွဲမျိုးကို ဆောင်းတွင်းဖြစ်လျှင် ညနေ ၆–နာရီမှ ၈–နာရီထိ၊ နွေရာသီဖြစ်လျှင် ညနေ ၇–နာရီမှ ၉–နာရီအထိ ကျင်းပတတ်ကြသည်။ သံရုံးပရဝုဏ်အတွင်းမှာပင်ဖြစ်စေ၊ ဟိုတယ်ကြီးတွင် ဖြစ်စေ မီးရောင်စုံ ဝေဝေဆာဆာ ထွန်းညှိကာ မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပတတ်ကြသည်။

ဧည့်သည်များ လာချိန်နီးလျှင် ဖိတ်ကြားသူနှင့်အတူ မိတ်ဆက်ပေးခြင်းခံရမည့်သူ သို့တည်းမဟုတ် ထိုမြို့မှ ခွဲခွာမည့်သူ ဇနီးမောင်နှံတို့သည် ဧည့်ခံရန် မဏ္ဍပ်ပေါက်တွင်လည်းကောင်း၊ အိမ်ပေါက်ဝတွင် လည်းကောင်း ရပ်စောင့်ကာ ခရီးဦးကြိုပြုနေကြသည်။ အမျိုးသားနေ့ ဧည့်ခံပွဲများတွင်မူ သံအမတ်ကြီး ဇနီးမောင်နှံနှင့်အတူ သံတမန်အဖွဲ့ဝင်များပါ အမျိုးသားဝတ်စုံကို ဝတ်ဆင်ကာ ဘွဲ့ထူး ဂုဏ်ထူးတံဆိပ်များကိုပါ တပ်ဆင်လျက် ဧည့်သည်များကို ခရီးဦးကြိုပြုနေကြသည်။

အချိန်ကျလျှင် သံအဖွဲ့ဝင်များနှင့် အခြားနယ်ခံ အရာရှိများ ဖိတ်ကြားထားသည့် မိတ်သင်္ဂဟများသည် ဒွိယံ ဒွိယံ စုံတွဲ စုံတွဲ အစီအရီ ရောက်ရှိလာကြသည်။ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များကို လိုက်၍ သံတမန်အဖွဲ့ဝင်တို့၏ မော်တော်ယာဉ်များမှာလည်း တသီတတန်းကြီး ဖြစ်နေတတ်သည်။ လမ်းရှင်းပေးနေသည့် ရဲသားများမှာလည်း လက်ရော ပါးစပ်ပါ မအားရအောင် ဖြစ်နေတတ်သည်။

အပေါက်ဝရောက်လျှင် အစောင့်တစ်ဦးက မင်္ဂလာစကားကို ရင့်ကျူး၍ မော်တော်ကားတံခါးကို ဖွင့်ပေးလျှင် ဧည့်သည်မောင်နှံသည် ခင်းထားလေ့ရှိသော ကော်ဇောနီကြီးပေါ်တွင် လျှောက်ကာ အတွင်းဘက်သို့ ဝင်သွားကြသည်။ ခပ်လှမ်းလှမ်းတွင် စောင့်ကြိုနေကြသည့် ဖိတ်ကြားသူနှင့်အဖွဲ့ကို တစ်ဦးစီ လက်ဆွဲနှုတ်ဆက်ကြသည်။ ဧည့်ခံပွဲဖြစ်လျှင် တွေ့ဆုံရ၍ ဝမ်းမြောက်ကြောင်း၊ ခရီးဦးကြိုပါကြောင်းကို ပြောကြသည်။ ခွဲခွာရမည့်ကိစ္စဖြစ်လျှင် ဝမ်းနည်းကြောင်း၊ တသ

ကြောင်း၊ နောက်တစ်ကြိမ် တစ်နေရာရာတွင် တွေ့ဆုံကြရန် ဆုတောင်းကြောင်း၊ ပြောင်းရွှေ့ထမ်းဆောင်ရမည့် ရာထူးတွင် အောင်မြင်စေကြောင်း ဆုမွန်ကောင်းတောင်းကြောင်း စသည်များကို ပြောဆိုကြမည် ဖြစ်သည်။ အမျိုးသားနေ့ဖြစ်လျှင် သက်ဆိုင်ရာနိုင်ငံ သာယာဝပြောစေကြောင်း ဆုမွန်ကောင်း တောင်းပါကြောင်း ရွတ်ဆိုရပေမည်။

ပြီးလျှင် ရောက်နှင့်နေပြီ ဖြစ်သော ဧည့်ပရိသတ်အတွင်းသို့ ဝင်ရောက်လိုက်ရန်သာ ရှိတော့သည်။ သည်တွင်လည်း တွေ့ရသည့် မိတ်ဆွေအဟောင်းအသစ်များကို လက်ဆွဲနှုတ်ဆက်ကာ ပဋိသန္ဓာရစကားများ ပြောကြားကြရပြန်သည်။ ထိုခဏ၌ အဖျော်ယမကာများကို ဖန်ခွက်များတွင်ထည့်ကာ ဇန်းပေါ်တွင် တင်လျက် ယူလာသူ စားပွဲထိုးသည် အနီးရောက်လာပြီး "လိုတာကို ယူကာ သောက်တော်မူကြပါ"ဟူသော သဘောဖြင့် ရှေ့သို့ ထိုးပေးသည်။ ထိုအခါ ကြိုက်ရာဖန်ခွက်ကို ယူထားလိုက်ရန်သာ ရှိပါသည်။ တစ်ခါတစ်ရံတွင် အလင်းရောင်မှိန်မှိန်တွင် မျက်စိက ခပ်သီသီဖြစ်နေသည့်ပုဂ္ဂိုလ်ကြီးများအဖို့ ဟိုဟာကဘာလဲ၊ ဒီဟာကဘာလဲဟု မေးခွန်းထုတ်ကြသည်ကိုလည်း ကြားရတတ်သည်။

"ဟော့–ဝီစကီကို ဘာနဲ့မှ မရောဘဲ ရေခဲနဲ့ပဲ ယူပေးပါ"

"ဘီယာမရဘူးလား"

"အချိုရည်သာ ပေးပါတော့"

ဤသို့ ကြိုက်ရာကို မှာယူ သောက်သုံးနေကြသည်ကိုလည်း တွေ့ရသည်။ ထိုခဏ၌ အမြည်းတွေကို လှပစွာ ထည့်ထားသည့် ပန်းကန်ပြားကြီးများကို ကိုယ်စီကိုင်လျက် လူကြားထဲ လှည့်ပတ်နေသည့် စားပွဲထိုးများ ရောက်လာလေသည်။ သူတို့သည် လူစုစုရှိရာတွင် သူတို့၏ အမြည်းပန်းကန်ပြားကြီးများကို ယူဆောင်လာတတ်ကြသည်။ ထိုအခါ ဝဲလက်ဖြင့် ဖန်ခွက်ကိုင်ထားသူသည် ယာလက်များဖြင့် အမြည်းတုံးကို နှိုက်ယူကာ သုံးဆောင်နိုင်လေသည်။ အချို့အတုံးကလေးများကို သွားကြားထိုးတံကလေးများဖြင့် ထိုးပေးထားသဖြင့် အလွယ်တကူ ယူငင်လျက် ပါးစပ်ထဲ သွင်းလိုက်ပြီး တုတ်တံကလေးကို အနီးရှိ အမှိုက်ပုံးထဲသို့ ထည့်လိုက်ကြလေသည်။

အမျိုးသားနေ့ ဧည့်ခံပွဲနေ့များတွင်မူ တခမ်းတနား တည်ခင်းတတ်ကြသည်။ သံရုံး အဆောက်အအုံ ကျယ်ကျယ်ဝန်းဝန်းရှိလျှင် မိမိတို့ သံရုံးဝိုင်းအတွင်း

၌ ညှော်ခံတတ်ကြသည်။ အချို့လည်း ရာဝါပင်ဒီမြို့ရှိ ဟိုတယ်ကြီးတွင် ကျင်းပကြ သည်။ သည်လိုပွဲမျိုးများတွင် အမျိုးသား အစားအစာများကို ဖွယ်ဖွယ်ရာရာ တည်ခင်းတတ်ကြသည်။ တရုတ်သံရုံးဧည့်ခံပွဲတွင် အသားတုံး သေးသေး ချိုချို ချဉ်ချဉ် ဟင်းမျိုးစုံနှင့်အသားတုံးကြော်ကို တွေ့ရသကဲ့သို့ အာရပ်နိုင်ငံ သံရုံးများ ဧည့်ခံပွဲတို့တွင် သိုးကောင်လုံးကင်မှအစ ကရဝေး၊ ဇီယာနှင့် မကင်းသောအကြော် အလှော် အသားတုံးများကို သုံးဆောင်ရပေမည်။ အနောက်ဥရောပ သံရုံးများ၏ ဧည့်ခံပွဲများတွင် ဟော့ဒေ့၊ အသားညှပ်မုန့် ၊ ဒိန်ခဲ စသည်များဖြင့် ဧည့်ခံသလို ဆိုဗီယက်နှင့် အရှေ့ဥရောပနိုင်ငံများ၏ ဧည့်ခံပွဲများတွင် ဝက်အူချောင်းတုတ်တုတ် ကြီးများကို အကွင်းလိုက်ထားသည်များသာမက သေးသေးဖြူဖြူ ဝက်အူချောင်း ငယ်များ၊ ကယ်ဗီယာခေါ် ငါးဥများ၊ ငန်းသားများ စသည်တို့ကို သုံးဆောင်ရ ပေမည်။

ထို့ပြင် အနီးပတ်ဝန်းကျင် နိုင်ငံများ၏ သံရုံးဧည့်ခံပွဲများတွင်မူ သူတို့ တိုင်းပြည်ထွက် သစ်သီးဝလံ လတ်လတ်ဆတ်ဆတ်များကို အလိုရှိသလို ယူငင် စားသောက်နိုင်ရန် စားပွဲကြီးများပေါ်တွင် လှပစွာ ပြင်ဆင် တင်ထားတတ်ကြလေ သည်။ သည်လို ဧည့်ခံပွဲများတွင်မူ အဆင်သင့်ထားရှိသော ပန်းကန်ပြား၊ လက်သုတ်ပဝါ၊ ဓွန်းခရင်း ဓားတို့ကို ယူပြီး စားဖွယ်သောက်ဖွယ်များကို အလိုရှိသလို ထည့်ယူကာ ယမကာ သောက်သုံးရင်း သုံးဆောင်တတ်ကြသည်။

သံတမန် အဖွဲ့ဝင်များအတွက် သည်လို ဧည့်ခံပွဲများတွင် စားရန် သောက် ရန်ထက် မိမိအလုပ်တာဝန်နှင့်ပတ်သက်သည့် ကိစ္စများ ဆောင်ရွက်ဖို့ကို အလေး ထားတတ်ကြသည်။ တွေ့ဆုံလိုသူကို ဧည့်ပရိသတ်ထဲတွင် ရှာသည်။ တွေ့လျှင် အနီးကပ်သွားပြီး ပြောစရာရှိသည်ကို ပြောသည်။ မေးစရာရှိသည်ကို မေးသည်။ ချိန်းစရာရှိသည်ကို ချိန်းသည်။ သတင်းနှိုက်စရာရှိလျှင်လည်း သံတမန်၏ အတတ် ပညာကို အသုံးပြု၍ နှိုက်ယူတတ်သည်။ 'အ' သောသူ ခံရစမြဲ။ တစ်ခါတစ်ရံလည်း သူများသတင်း နှိုက်ရင်းနှိုက်ရင်း ကိုယ့်သတင်းတွေ ပါကုန်တတ်သည်ကိုလည်း သတိပြုရသေးသည်။

ဖန်ခွက်ကလေးများကို စက္ကူလက်သုတ်ပဝါကလေးများဖြင့် ပတ်ကိုင်ကာ ဟိုတစ်စု သည်တစ်စု မတ်တတ်ရပ် စကားပြောနေကြသည်ကို တွေ့နိုင်သည်။ အများအားဖြင့်ကား ကိုယ့်အုပ်စုနှင့် ကိုယ် ဆွေးနွေးပြောဆိုတတ်ကြသည်။ တိုင်ပင်ကြသည်။ ဝေဖန်ကြသည်။ သတင်းဖလှယ်ကြသည်။ အုပ်စုတွေကလည်း

အများပင်။ အရှေ့အုပ်စု၊ အနောက်အုပ်စု၊ ဗြိတိသျှ ဓနသဟာယအုပ်စု၊ အာရပ် အုပ်စု၊ ရေနံအုပ်စု၊ အေစီယံအုပ်စု၊ မွတ်စလင်အုပ်စု၊ အုပ်စုအချင်းချင်း သင့်မြတ် ကြသည်လည်း ရှိသည်။ မသင့်မြတ်သည်လည်း ရှိသည်။ သို့သော် အားလုံးက တော့ ခပ်ပြုံးပြုံး။ သည်အထဲတွင် မြန်မာနိုင်ငံသည် ဘယ်နိုင်ငံနှင့်မဆို ဝင်ဆံ့သည်။ မည်သည့်နိုင်ငံကမဆို လေးလေးစားစား ဆက်ဆံသည်။ အချို့အုပ်စုများ၏စကား ဝိုင်းထဲတွင် မဆိုင်သူတစ်ယောက် ဝင်လာလျှင် ဝိုင်းပျက်သွားတတ်သည်။ တစ်ခါ တစ်ရံ ညှော်ခံပွဲပြီးဆုံးချိန် ရောက်သည့်တိုင် စကားမပြတ်လျှင် တစ်အိမ်အိမ်သို့ လိုက်သွားကြပြီး သောက်ရင်း စားရင်း စကားဆက်ကြပြန်သည်။ သည်လို စုမိ သည့် ပွဲများဆိုလျှင် သန်းခေါင်ကျော်၍ အရဏ်တက်ချိန်သို့ပင် ရောက်သွားတတ် လေသည်။ တစ်ခါတစ်ရံလည်း သည်လို အများညှော်ခံပွဲမျိုးမှ သီးသန့်ဖိတ်ကြား တည်ခင်းသည့်ညနေစာစားပွဲသို့ ဆက်ရတတ်လေသည်။

သီးသန့်ညနေစာ စားပွဲများတွင် မိမိ၏ညှော်ခန်း၊ ထမင်းစားခန်း အနေ အထား အကျယ်အဝန်းလိုက် ညှော်သည်များကို ဖိတ်ကြားလေသည်။ ထိုညှော်ခံပွဲမျိုး သည် ညနေရှစ်နာရီတွင်မှ စတတ်သည်။ တစ်နာရီခန့် အဖျော် ယမကာနှင့် စကားစမြည်ပြောရင်း အချိန်ဖြုန်းတတ်ကြပြီး ကိုးနာရီလောက်တွင်မှ ညနေစာ တည်ခင်းကြလေသည်။ စားပွဲတွင် နေရာချထားပေးရာ၌လည်း အထူးသတိပြုကြ ရသည်။ သာမာန်အားဖြင့် အိမ်ရှင်ဇနီးမောင်နှံသည် စားပွဲရှည်ကြီးထိပ်နှစ်ဖက်တွင် တစ်ဖက်စီနေရာယူကြသည်။ ပုဂ္ဂိုလ်တစ်ဦးဦးကို အကြောင်းပြု၍ တည်ခင်းသည့် ညနေစာစားပွဲဖြစ်လျှင် ထိုဂုဏ်ပြုပုဂ္ဂိုလ်ကို အိမ်ရှင်မ၏ လက်ယာဘက်တွင် ထားရှိပြီး ဂုဏ်ပြုသူပုဂ္ဂိုလ်ကြီး၏ဇနီးကို အိမ်ရှင်၏ လက်ယာဘက်တွင် ထားရှိ ရလေသည်။ ကျန်ပုဂ္ဂိုလ်များကို ဝါစဉ်အလိုက် နေရာချထားပေးပြီး၊ အမျိုးသားနှင့် အမျိုးသမီး မျက်နှာချင်းဆိုင်၊ သို့မဟုတ် အမျိုးသား အမျိုးသမီးချည်း ယှဉ်၍ မဖြစ်စေဘဲ အမျိုးသားပြီးလျှင် အမျိုးသမီး စသည်ဖြင့်ခြား၍ နေရာပေးလေသည်။ သို့ရာတွင် တစ်ခါတစ်ရံ လိုသလိုမဖြစ်၊ ညှော်သည်အမျိုးသားသည် အမျိုးသမီးကို ခေါ်မလာနိုင်သည့်အခါ ရှိသည်။ တစ်ကိုယ်တည်း လူပျိုကြီး သံအမတ်ကြီးများ လည်း ရှိတတ်သည့်ပြင် မုဆိုးဖို၊ မုဆိုးမ သံအမတ်ကြီးတွေလည်း ရှိတတ်ပါသည်။ သည်လိုဆိုလျှင် အဘယ်မှာလျှင် စုံတွဲညီညီ နေရာချထား၍ ဖြစ်တော့မည်နည်း။ ထိုအခါများတွင် ဖြစ်သလိုပင် အဆင်ပြေအောင် စီစဉ်ရလေတော့သည်။

http://www.cherrythitsar.org

ယမကာဝိုင်းတွင် စကားတွေ ဖောင်လောက်အောင် ပြောပြီး တစ်နာရီလောက် ရှိလျှင် စားပွဲထိုးတစ်ယောက်သည် ထမင်းစားပွဲတွင် သတ်မှတ်ထားသည့် နေရာထိုင်ခင်းအတိုင်း ရေးဆွဲထားသည့် ပုံစံကလေးကို လှပသော လင်ဗန်းတစ်ချပ်ပေါ်တွင် တင်ကာ ဧည့်သည်များကို လှည့်လည်ပြသလေသည်။ အများအားဖြင့်ကား ထိုပုံစံကို ဧည့်ခန်းအဝင် စားပွဲပေါ်တွင် တင်ထားတတ်သည်။ ဧည့်သည်တို့သည် ဧည့်ခန်းသို့မဝင်မီ ထိုပုံစံကို ကြည့်ပြီး မိမိတို့ ထမင်းစားပွဲတွင် မည်သည့် နေရာ၌ ထိုင်ရမည်ကို မှတ်သားထားလိုက်ကြသည်။ အချို့လည်း အမှတ်တမဲ့ သတိမမူဘဲ ရှိကောင်းရှိပေမည်။ ထို့ကြောင့် ထမင်းစားခန်းသို့ ဝင်ခါနီးတွင် ထပ်မံလိုက်လံပြသရခြင်း ဖြစ်ပေသည်။

“ညနေစာ အဆင်သင့်ပါခင်ဗျာ”

တစ်စုံတစ်ယောက်သောသူက ထမင်းစားခန်းတွင် ချထားသည့် ကန့်လန့်ကာ ကို ဆွဲဖွင့်ရင်း ကြေညာလိုက်သည်။ ဧည့်သည်တို့သည် နေရာမှ ထကြသည်။ အချို့လည်း ဖန်ခွက်ထဲ ယမကာလက်ကျန်ကို ကမန်းကတန်း မော့လိုက်ကြသည်။ အချို့လည်း ခပ်အေးအေးပင် ဖန်ခွက်ကို ကိုင်လျက် ထမင်းစားခန်းသို့ ကူးခဲ့ကြသည်။ တစ်ဦးစီ သတ်မှတ်ထားသည့် နေရာများသို့ အမည် သို့မဟုတ် ရာထူးများကို အိမ်ရှင်နိုင်ငံ၏ တံဆိပ်ပါသော ကတ်ပြားကလေးများပေါ်တွင် လှပစွာ ရေးသားထားပြီး စားပွဲပေါ်တွင် ချထားလေသည်။ ပုံစံကလေးကို စောစောကကြည့်ထားသဖြင့် မိမိနေရာကို မှန်းဆသိရှိနိုင်မည် ဖြစ်လေသည်။ အလွယ်တကူ ရှာတွေ့နိုင်ကြပါသည်။ သို့ရာတွင် မျက်စိမှောက်ပြီး ထိုင်ရမည့်နေရာကို တော်တော်နှင့် ရှာမတွေ့နိုင်ဘဲ စားပွဲတွင် ဝိုင်းကြီးပတ်ပတ် ဖြစ်နေသည့် ပုဂ္ဂိုလ်ကြီးများကိုလည်း တွေ့ရတတ်ပါသည်။

မောင်ပြုံးချို သံအမတ်ကြီးအဖြစ် ပထမဆုံး တက်ရောက်ရသည့် ညနေစာ စားပွဲမှာ သံတမန်အဖွဲ့ နာယက မော်ရေရှသံအမတ်ကြီးက တည်ခင်းသည့်ပွဲ ဖြစ်လေသည်။ သံအမတ်ကြီးလေးစုံတွဲနှင့် နိုင်ငံခြားရေးရုံးမှ အရာရှိကြီးနှစ်စုံတွဲကို ဖိတ်ကြားဧည့်ခံခြင်း ဖြစ်လေသည်။ မောင်ပြုံးချိုအပါအဝင် မကြာသေးမီက စတင်တာဝန်ထမ်းဆောင်သူ သုံးဦးလည်း ပါဝင်လေသည်။ စားပွဲရှည်ကြီးပေါ်တွင် ပြင်ဆင်ချထားသော ပန်းကန်ခွက်ယောက် ဖန်ခွက်များသည် မီးရောင်အောက်တွင် အရောင်တဖိတ်ဖိတ် တောက်နေလေသည်။ နေရာတကျ ထိုင်မိကြလျှင်

စားပွဲပေါ်တွင် တိုင်များဖြင့် အသင့်စိုက်ထူထားသည့် ဖယောင်းတိုင်များကို ထွန်းညှိလိုက်ပြီး လျှပ်စစ်မီးများကို ငြိမ်းလိုက်လေသည်။

သာမန်အားဖြင့် ဤသို့သော ညနေစာ စားပွဲများတွင် စားသောက်ဖွယ်ငါးမျိုးခန့် တစ်ခုပြီးတစ်ခုယူလာကာ တည်ခင်းတတ်သည်။ ပထမဆုံး ပေါင်မုန့်လုံးလုံးငယ်ငယ်ဖြစ်စေ မုန့်ကျွတ်ချောင်းပွပွများကိုဖြစ်စေ စားပွဲထိုးသည် ထိုင်နေသူ၏လက်ယာဘက်မှနေ၍ လိုက်လံကမ်းလင့်သည်။ ဧည့်သည်သည် လိုသလောက်ယူ၍ မိမိလက်ဝဲဘက်ရှိ ပန်းကန်ပြားပေါ်တွင် တင်ထားလိုက်သည်။ ထို့နောက် ဆု(ပ)ခေါ် ဟင်းချိုကို အသင့်ရှိ ပန်းကန်ပြားစောက်တွင် လာထည့်သည်။ ဆု(ပ)ခေါ် ဟင်းချိုဟု ခပ်လွယ်လွယ် ခေါ်လိုက်ရသော်လည်း ဆု(ပ)တိုင်း ဟင်းချို မဟုတ်ပါ။ ခရမ်းချဉ်သီးဆု(ပ)ဆိုလျှင် ခပ်ချဉ်ချဉ် ဖြစ်နေသည်။ တစ်ခါတစ်ရံ အသားဆု(ပ)၊ တစ်ခါတစ်ရံ ဘာအရသာမှမရှိ ထမင်းရည်ကျဲကျဲနှင့်တူသည့် ဆု(ပ)မျိုးနှင့်လည်း တိုးတတ်ပါသည်။

ထို့နောက် ငါး၊ ပုစွန် အစရှိသည့် ရေသတ္တဝါဟင်းများ လာတတ်သည်။ ကြော်၍ဖြစ်စေ၊ ပေါင်း၍ဖြစ်စေ၊ အာလူးကြော် ဟင်းရွက်ဟင်းသီး စသည်များနှင့် လှပစွာ ပြင်ဆင်ထားသည်ကို ယူလာကာ ကမ်းပေးလေသည်။ စားပွဲထိုးသည် အမျိုးသမီးများကို ဦးစားပေး၍ နေရသဖြင့် ဟင်းတစ်ခွက်နှင့်တစ်ခွက် အပြောင်းအလဲတွင် အတော်ကြာအောင် စောင့်ရတတ်၏။ ထိုအခါ လက်ဝဲဘက် ပန်းကန်ပြားထဲမှ ပေါင်မုန့်ကို ထောပတ်သုတ်ကာ နည်းနည်းချင်း ဝါးနေတတ်ကြသည်။ တစ်ခါတစ်ရံတွင်လည်း သည်အတိုင်းပင် မြုံနေတတ်ကြသည်။ သည်အချိန်တွင် မိမိဝဲယာရှိသူများနှင့် စကားမရှိ စကားရှာ ပြောနေကြရသည်။

သည်အချိန်တွင် စားပွဲထိုးသည် ဝိုင်အဖြူများကို ဧည့်သည်တို့ ရှေ့မှောက်ရှိ ဖန်ခွက်များအနက်မှ လျာထားသည့်ကလပ်ဖန်ခွက်ထဲသို့ လိုက်လံ ထည့်ပေးသည်။ မော်ရေရှသံအမတ်ကြီးသည် အစ္စလာမ်ဘာသာကို ကိုးကွယ်သူ ဖြစ်သည်။ အရက်သေစာကို သောက်စားခြင်း မရှိ။ သို့ရာတွင် ဧည့်သည်များကိုမူ ဝတ္တရားကျေပွန်အောင် ဧည့်ခံသည်။

ထမင်းစားပွဲတိုင်းတွင် ယမကာတွေ အမျိုးမျိုးနှင့်ဧည့်ခံကြမြဲဖြစ်သည်။ ဧည့်ခံနေကျ ဝီစကီ၊ ဘရန်ဒီ၊ ဘီယာများ အပြင် နိုင်ငံအလိုက် ထူးခြားသည့် အမျိုးသား ယမကာများနှင့်လည်း ဧည့်ခံတတ်သေးသည်။ ဥပမာ ဂျပန်ဆာကေး၊ အရှေ့ဥရောပနိုင်ငံများက ဗော့ဒ်ကား၊ တရုတ်က မော်ထိုင်း၊ ဧည့်သည်များထဲမှ

လည်း အရက်သေစာ မသောက်သူများ ရှိတတ်ရာ စားပွဲထိုးက မိမိဖန်ခွက်ထဲ ငှဲ့ထည့်ရန် အလာတွင် လက်ဝါးကာပြလိုက်သည်နှင့် နောက်ဆုတ်သွားလေတော့သည်။

ဟင်းတစ်မျိုးစားသုံးပြီးလျှင် ပန်းကန်ပြားနှင့် ဇွန်းခက်ရင်း ဓားများကို သိမ်းပြီး နောက်ဟင်းတစ်မျိုးအတွက် ပန်းကန်သစ်များ ချထားပေးသွားသည်။ ဝဲယာတွင် စီချထားသည့်ဇွန်းခက်ရင်း၊ ဓားများကို ကြည့်လိုက်ခြင်းအားဖြင့်လည်း ဟင်းဘယ်နှစ်မျိုး လာမည်ကို ခန့်မှန်းနိုင်လေသည်။ အချို့ပွဲများတွင်မူ ကျွေးမွေးတည်ခင်းမည့် စားဖွယ်သောက်ဖွယ်များစာရင်းကို ကတ်ပြားပေါ်တွင် ရေးသားပြီး ဧည့်သည်ရှေ့တွင် ထောင်ထားကြသည်။ ခံတွင်းတွေ့သည်နှင့် ပထမလာသည့် စားဖွယ်များကို အဆမတန် သုံးဆောင်ထားမိလျှင် နောက်လာသည့် ဘောဇဉ်များကို စားနိုင်တော့မည် မဟုတ်။

ရေသတ္တဝါစားဖွယ်များကို သုံးဆောင်ပြီးသောအခါ ကုန်းသတ္တဝါများ အလှည့်သို့ ရောက်လာသည်။ ကြက်၊ ဆိတ်၊ အမဲ၊ သိုးတစ်မျိုးမျိုး ဖြစ်နိုင်သည်။ သို့မဟုတ် နှစ်မျိုး၊ သုံးမျိုး ထည့်လာတာလည်းဖြစ်နိုင်သည်။ ကြော်ချင် ကြော်၊ ကင်ချင်ကင်၊ ပြုတ်ချင်ပြုတ်၊ စားကောင်းအောင်တော့ ဖန်တီးထားကြသည်။ ပဲသီး၊ ပန်းမုန်လာ၊ ခရမ်းချဉ်သီး၊ အာလူးပြုတ်ကြော် အစရှိသည်ဖြင့် ဟင်းရွက် ဟင်းသီးများလည်း လှပစွာ ရောပါလာတတ်သည်။ အချို့လည်း သီးသန့်လိုက်၍ ကမ်းလင့်သည်။ စားပွဲထိုး လာရောက်ကမ်းလင့်သည်ကို လိုသလောက်ယူကာ မိမိပန်းကန်ထဲသို့ ထည့်၍ သုံးဆောင်ကြလေသည်။

သည်အခါကျတော့ ဝိုင်အရက်အနီကို ဧည့်သည်ရှေ့ရှိ ကလပ် ဖန်ခွက်များ အနက်မှ တစ်လုံးတွင် လိုက်လံထည့်ပေးလေသည်။

နောက်ဆုံး အဝစားရန် တစ်မျိုးသာကျန်တော့သည်။ ခေါက်ဆွဲကြော် သို့မဟုတ် ကြာဇံကြော် သို့မဟုတ် ထမင်းဖြူနှင့် အနှစ်ပါသော အသားဟင်း သို့မဟုတ် ဒံပေါက်။ သို့ရာတွင် အများအားဖြင့်ကား ထိုအဝစားရန် နောက်ဆုံး တည်ခင်းခြင်းကို စားနိုင်သူ နည်းလှပါသည်။ လက်ဝါးကာပြသူသာ များပါမည်။ အချို့လည်း တစ်ဇွန်းလောက်ယူ၍ တို့ကာပင့်ကာ မြည်းတတ်ကြလေသည်။

ပြီးလျှင် စားပွဲထိုးများသည် စားပွဲပေါ်မှ မလိုအပ်တော့သည့်ပစ္စည်းပစ္စယ များကို သိမ်းလေတော့သည်။ ပန်းကန်လွတ်များ၊ ဖန်ခွက်လွတ်များ၊ မသုံးတော့

http://www.cherrythitsar.org

သည့် ဖွန်းခက်ရင်း၊ ဓားများ၊ ဆားဘူး၊ ငရုတ်ကောင်းဘူး စသည်များ။ ပြီးလျှင် အချိုပွဲ တည်ခင်းပါပြီ။ ရေခဲမုန့် ဖြစ်ချင်ဖြစ်မည်။ စည်သွတ်လိုက်ချိုးသီး၊ နာနတ်သီး ဖြစ်ချင်ဖြစ်မည်။ အခြားအချိုမုန့်တစ်မျိုးမျိုး ဖြစ်ချင်ဖြစ်ပေမည်။ ထိုအချိန်တွင် သေနတ် ပစ်လိုက်သလို'ဖောင်း'ဟူသော ရှမ်ပိန် ဖွင့်သံကြားရမည်။ စားပွဲထိုးသည် အမြှုပ်တစီစီ တက်နေသည့် ရှန်ပိန်ကို ရေဖန်ခွက်အပြင် တစ်ခုစီသာ ကျန်နေသည့် ကလပ်ဖန်ခွက် ပက်ပက်ထဲသို့ လိုက်လံထည့်ပေးလေသည်။ အရက်သေစာ မသောက်စေကာမူ ရှမ်ပိန်ကိုတော့ အများအားဖြင့် လက်ခံကြသည်။ သည်အထဲမှာပင် ရှမ်ပိန်ကို လက်ဝါးကာပြသူ၊ အချိုရည် တစ်ခုခု ပေးပါဟု တောင်းသူများလည်း ရှိတတ်သည်။

ဧည့်သည်များသည် အချိုတည်းရင်း ထွေရာလေးပါး စကားပြောနေကြဆဲ။ ထိုအချိန်တွင် အိမ်ရှင်အမျိုးသားသည် တစ်စုံတစ်ခုဖြင့် ဖန်ခွက်အနားသားကို ခေါက်လိုက်လေသည်။ "ကျွန်တော့်ကို စကားပြောခွင့်ပြုပါ" ဟုဆိုသည့်သဘော။

သူသည် နေရာမှထကာ မိတ်သစ်များကို သူ့အိမ်တွင် ခရီးဦးကြိုပြုသည့် အကြောင်း အမည်နာမများကို ထုတ်ဖော်၍ မိတ်ဆက်စကား ပြောဆိုသည်။ မိတ်ဟောင်းတို့ကိုလည်း ဤသို့ စုံစုံညီညီ ကြွရောက်လာကြသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောဆိုသည်။ သည်အခါမျိုးတွင် ရယ်စရာမောစရာများညှပ်ပြောတတ်ကြသည်။ ထို့နောက် ရောက်ရှိနေကြသူများ၏ ကျန်းမာချမ်းသာရေးကို ဆုမွန်ကောင်းတောင်းကာ ရှမ်ပိန်အရက်ကို သောက်ကြသည်။ အကယ်၍ နှုတ်ဆက်ပွဲဖြစ်လျှင် ထိုဇနီးမောင်နှံ၏ ကျန်းမာရေး တိုးတက်ကြီးပွားရာ ကြီးပွားကြောင်း၊ လမ်းခရီးတွင်လိုရာသို့ ဘေးမသီ ရန်မခစေကြောင်းကို ဆုတောင်းကြသည်။

အိမ်ရှင်အား ပြန်လည်ပြောကြားရမည့်အလှည့်သို့ ရောက်လာပါသည်။ ဂုဏ်ပြုနှုတ်ဆက်ပွဲဖြစ်လျှင် ဂုဏ်ပြုခံရသူက ပြန်လည်ပြောကြားရမည်။ ရိုးရိုးမိတ်ဆုံပွဲဖြစ်လျှင် ဝါအရင့်ဆုံးပုဂ္ဂိုလ်က ပြောရမည်။ စကားပြန်ပြောရမည့် ပုဂ္ဂိုလ်သည် အိမ်ရှင်မ၏ လက်ယာဘက်တွင် ထိုင်နေသူဖြစ်လေသည်။ မိမိတို့အား ဤသို့ တည်ခင်းဧည့်ခံသည့်အတွက် ကျေးဇူးတင်ကြောင်း၊ အိမ်ရှင်ဇနီးမောင်နှံတို့ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အောင်မြင်စေကြောင်း၊ ကျန်းမာချမ်းသာစေကြောင်းကို ဆုမွန်ကောင်းတောင်းကြောင်း ပြောကြား၍ ရှမ်ပိန်ကို မော့လိုက်ကြလေသည်။

ထို့နောက် သစ်သီးများကို စားသုံးကြသည်။ ပန်းသီး၊ စပျစ်သီး၊ ငှက်ပျော သီး၊ မက်မွန်သီး၊ ဖရဲသီး၊ သခွားသီးမှည့်၊ လိမ္မော်သီး ရာသီအလိုက် သစ်သီးစုံဖြင့် တည်ခင်းသည်။

ပြီးလျှင် ဧည့်ခန်းသို့ ပြောင်းရွှေ့ထိုင်ကြသည်။ သည်အခါတွင်လည်း ထချင်တိုင်းထသွား၍ မဖြစ်။ စားပွဲထိပ်မှ ထိုင်နေသည့် အိမ်ရှင်မ၏ အရိပ်အခြည် ကို ကြည့်ရသည်။ သူ စထမှ အားလုံး လိုက်၍ ထကြရလေသည်။

ဧည့်ခန်းတွင် လွတ်လွတ်လပ်လပ် နေနိုင်ကြသည်။ ကိုယ့်အစုနှင့်ကိုယ် စကားလက်ဆုံကျနေကြသည်။ ဆေးလိပ်မျိုးစုံကို စားပွဲထိုးက လိုက်တည်သည်။ စားပွဲပေါ်တွင်လည်း အဆင်သင့်ရှိသဖြင့် လိုသလို ယူသောက်နိုင်သည်။ အခြား စားပွဲထိုးတစ်ယောက်ကမူ ကော်ဖီနှင့်လက်ဖက်ရည်များကို ယူဆောင်လာပြီး၊ တစ်ဦးစီလိုက်၍ ပေးသည်။ ကော်ဖီလား လက်ဖက်ရည်လား၊ သကြားထည့် မလား၊ မထည့်ဘူးလား၊ နွားနို့ ထည့်မလား၊ မထည့်ဘူးလား။ လိုသလို ယူငင် သောက်သုံးနိုင်သည်။ အခြားစားပွဲထိုးတစ်ယောက်ကလည်း 'စိမ်း၊ နီ၊ ဝါ၊ ရွှေ' အစာကြေယမကာရည်ပုလင်းများကို ဖန်ခွက်ငယ်မျိုးစုံနှင့်အတူ တွန်းလှည်း ကလေးပေါ်တွင် တင်ကာ ဧည့်သည်တိုင်းဆီသို့ လှည့်လည်ချဉ်းကပ် သွားလာနေ သည်။ သောက်လိုသည့် ယမကာရည်ကို လက်ညှိုးထိုးပြလိုက်လျှင် စားပွဲထိုး သည် သတ်မှတ်ထားသည့်ဖန်ခွက်ပေါ်တွင် လိုသလောက် ထည့်ပေး သွားပေလိမ့် မည်။

ဧည့်သည်တို့သည် ဆေးလိပ်သောက်ရင်း ရောင်စုံ ယမကာရည်ကို တဖြည်းဖြည်းချင်း မြှုံ့ရင်း စကားပြောနေကြပြန်သည်။ တစ်ခါတစ်ရံ စကား ကောင်းနေလျှင် သန်းခေါင်ကျော်တတ်သည်။ တစ်စုံတစ်ဦးကို ဂုဏ်ပြုသည့် ဧည့်ခံပွဲဖြစ်လျှင် ထိုပုဂ္ဂိုလ်ကြီး မပြန်မချင်း အခြားဧည့်သည်များ ထပြန်လို့ မဖြစ်။ သာမန်ထမင်းစားပွဲဖြစ်လျှင်လည်း ဝါအရင့်ဆုံးပုဂ္ဂိုလ်ကြီးပြန်မှသာ ပြန်ရ မည့် အစဉ်အလာ ရှိသည်။ ထိုပုဂ္ဂိုလ်တွေက အလိုက်သိလျှင် တော်ပါသေး၏။ သူတစ်ပါး ပြန်ချင်နေသည်ကိုလည်း ဂရုမစိုက်။ ငိုက်မျဉ်း မျက်တောင် စင်းနေ သည်ကိုလည်း သတိမမူ၊ အလိုက်မသိဘဲ ယမကာတွင် နစ်မွန်းလျက် စကားတွေ ဖောင်နေသူဖြစ်လျှင် ဒုက္ခ။ သူ့ဆီးတွင် အောင့်အည်းသည်းခံ ထိုင်နေရသူများက လည်း ပြန်ချင်သည့် အရိပ်နိမိတ်ကိုပြ၍ မဖြစ်။ ရိုင်းရာကျမည်။ အချိန်သိလို၍

ကိုယ့်နာရီကိုယ် ကြည့်လျှင်ပင် ခိုးကြောင်ခိုးဝှက် ကြည့်ရသည်။ အိပ်ချင်လွန်းပြီး သမ်းလိုက်ဝေလိုက်လို့လည်း မဖြစ်။ မယဉ်ကျေးသည့်အမူအရာဟု သတ်မှတ်ထားသောကြောင့် ရှောင်ရမည်၊ ရှားရမည်။ ထို့ကြောင့် မေးမေးသွားသည့်မျက်လုံးအစုံကို အစွမ်းကုန်ဖြဲထားပြီး ပြောသမျှစကားတွေကို စိတ်ပါဝင်စားဟန်ဆောင်၍ နားထောင်နေကြရလေသည်။ နားထောင်နေရုံနှင့်လည်း မပြီးသေး။ မိမိက ပြန်လည်ပြောဆိုခြင်း၊ အချို့ကိစ္စတွင် ပါဝင်ဆွေးနွေးခြင်း မပြုလျှင် ညံ့ရာကျဦးတော့မည်။ ထို့ကြောင့် အင်း အဲ လိုက် နေရာမှ ပြောသင့်ပြောထိုက်သည့်အချက်ဆိုက်လာလျှင် ဝင်ပြောရပေဦးတော့မည်။

ဤကဲ့သို့ အမျိုးသားကြီးနေရာမှ မထနိုင်လျှင် သူ့အမျိုးသမီး အနီးကပ်သွားပြီး‘အချိန်နှောင်းနေပြီ’ကို ရင်းနှီးသည့် အမျိုးသမီးအချင်းချင်း တီးတိုးသတိပေးကြရသည်။ သည်လိုဆိုလျှင် ဧနီးဖြစ်သူက ‘ပြန်ဖို့အချိန်တော်ပြီ’ ဆိုသည့်အကြောင်းကို မျက်ရိပ်မျက်ကဲပြကာ နှိုးဆော်တတ်သည်။ တစ်ခါတစ်ရံတော့လည်း ပုဂ္ဂိုလ်ကြီးသည် စကားကောင်းပြီး ဇနီးကိုပင် လှမ်းကြည့်ဖော်မရသည့်အဖြစ်နှင့်လည်း ကြုံတတ်သည်။ သည်လိုအခါမျိုးကျတော့ ဇနီးဖြစ်သူသည် ခင်ပွန်းအနီးသို့ မသိမသာကပ်သွားရသည်။ သည်တော့ သူသိပြီ။ ပြန်ဖို့ အချိန်တော်ပြီ။

ဂုဏ်ပြုပုဂ္ဂိုလ်ကြီး သို့မဟုတ် ဝါအရင့်ဆုံးပုဂ္ဂိုလ်ကြီးနေရာမှ ထလိုက်သောအခါ အားလုံးပင် ပြုံးပြုံးရွှင်ရွှင်နှင့် နေရာမှ ထလိုက်ကြသည်။ အိမ်ရှင် ဇနီးမောင်နှံကို ကျေးဇူးတင်စကားပြောဆိုကြသည်။ တစ်ဦးစီ လက်ဆွဲ နှုတ်ဆက်ကြသည်။ ဧည့်ခံကျွေးမွေးသည့် ခဲဖွယ်ဘောဇဉ်တို့ကို ချီးကျူးကြပြီး“မင်္ဂလာညပါ”ဟု ရွတ်ဆိုကြသည်။ ထို့နောက် အိမ်ပေါက်ဝတွင် အလိုက်သင့် တန်းစီရောက်လာသည့်မော်တော်ယာဉ်များပေါ်သို့ အသီးသီးတက်ရောက် ထွက်ခွာသွားကြလေသည်။

(၄)

အစ္စလမ်မာဘတ် တစ်မြို့လုံး ငြိမ်သက်လျက်ရှိသည်။ လမ်းများပေါ်တွင် မော်တော်ယာဉ်တွေ လမ်းသွားလမ်းလာတွေ ကင်းရှင်းနေပါပြီ။ ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင် သန်းခေါင်ချိန်သို့ ရောက်နေပါပြီ။

မောင်ပြုံးချိုတို့ ဇနီးမောင်နှံသည် မော်တော်ယာဉ်ပေါ်တွင် ငြိမ်သက်စွာ လိုက်ပါလာကြသည်။ သူတို့သည် တစ်ခုသော ညစာစားပွဲမှ ပြန်လာကြခြင်း ဖြစ်သည်။ မောင်ပြုံးချိုသည် အားရပါးရဝါးခနဲ အသံထွက်သွားအောင် သမ်း ဝေလိုက်လေသည်။ တင်မကြီးကလည်း သူ့နံဘေးမှ ညင်သာစွာ သမ်းလိုက် ပြန်သည်။

"ခုမှပဲ လွတ်လွတ်လပ်လပ် သမ်းရတော့တယ်"ဟု မောင်ပြုံးချိုက ဆို လိုက်သည်။ "ဟုတ်ပါရဲ့၊ ဟိုအိမ်ထဲတုန်းကတည်းက သမ်းချင်တာ မနည်း အောင့်ထားရတယ်။ စကားရှည်လိုက်ကြတာ လွန်ရော၊ စားရသောက်ရတာလဲ ခံတွင်း မတွေ့လှပါဘူး" တင်မကြီးက ဆိုသည်။

"ဘာပဲဖြစ်ဖြစ် သွားတော့ မကဲ့ရဲ့လိုက်နဲ့နော်။ အလွန်ကောင်းတယ်၊ အရသာရှိတယ်လို့ ချီးကျူးပြောဆိုရမယ်"ဟု မောင်ပြုံးချိုက သတိပေးသည်။ "သံအမတ်ကတော် လုပ်နေမှတော့ ဒါလောက်တော့ သိပါတယ်ရှင်။ ကြက်သား ကင် သိပ်ကောင်းတယ်။ နူးညံ့ပြီး သိပ်အရသာရှိတယ်။ ဘယ်လိုများ ကင်သလဲလို့ တောင် မေးခဲ့သေးတယ်။ အိမ်ရှင်သံအမတ်ကတော်ကြီးကလဲ ကင်ပုံကင်နည်းကို စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သေးတယ်"

"အေး–အေး...ဒီလိုမှပေါ့။ ကိုယ့်အမျိုးသမီး ပညာတွေ တတ်လာပြီ"

"ဒါပေမဲ့ သူတို့ ကျွေးတာမွေးတာတွေ တည်င်းသီးဆားစိမ်နဲ့ ငါးပိရည် လောက် မမက်ပါဘူး။ အိမ်ကျမှ ထမင်းထပ်စားလိုက်ဦးမယ်"

"တည်င်းသီးနဲ့ ငါးပိရည်ရှိသေးလို့လား"

"မနက်က ကုန်ပြီထင်နေတာ။ အိုးထဲသွားနှိုက်တော့ သုံးလေးလုံးတွေ့လို့ ချန်ထားတယ်၊ ငါးပိရည်လဲ ရှိသေးတယ်"

"ဟေ ဟုတ်လား။ ဒီလိုဆို ကိုလဲ ထမင်းနည်းနည်း ထပ်စားဦးမယ်"

❁

# တက္ကသီလာ

(၁)

ပါကစ္စတန်နိုင်ငံ၏ ရုံးပိတ်ရက်တစ်နေ့။

မောင်ပြုံးချိုတို့မိသားစုသည် အစ္စလမ်မာဘတ်မြို့နှင့် မိုင်နှစ်ဆယ် ကျော်ခန့် ကွာဝေးသောတက္ကသီလသို့ ခရီးထွက်ခဲ့သည်။ တက္ကသီလသည် ဗုဒ္ဓဘာသာတို့၏ ယဉ်ကျေးမှုသမိုင်းတွင် ထင်ရှားသည့် ဒေသတစ်ခု ဖြစ်လေသည်။

တက္ကသီလမှ တက္ကသီလာ၊ ထိုမှ တက္ကသိုလ်ဟူသော ဝေါဟာရ ဖြစ်ပေါ်လာသည်ဟုဆိုသည်။ တက္ကသီလသည် ဟိုးရှေးပဝေသဏီ အဋ္ဌာရသ ဆယ့်ရှစ်ပါးသော ပညာများကို သင်ကြားရာဌာနဟုလည်း အသိအမှတ် ပြုကြသည်။ မောင်ပြုံးချိုတို့ ငယ်ငယ်က ကြည့်ရှုသောဇာတ်ပွဲ၊ ရုပ်သေးပွဲများတွင် တက္ကသိုလ်ခေါ် တက္ကသီလမှ ပညာသင်ကြား ပြန်လာကြကုန်သော မင်းသားများအကြောင်းကို မကြာခဏ ကြားခဲ့ မြင်ခဲ့ရသည်။ သူနှင့်အတူ တက္ကသိုလ်ဆရာကြီး၏ သမီးသော်လည်းကောင်း၊ အခြားသော ကြင်ဖော်တစ်ဦးဦးသော်လည်းကောင်း ပါလာတတ်သည်။ ဤတွင် နှစ်ပါးသွားစလေတော့သည်။ တောတောင်များကို ဖြတ်သန်းပြန်လာကြရသဖြင့် ခရီးပန်းသည်၊ နွမ်းနယ်သည်။ ထိုအခါ မင်းသားက မင်းသမီးကို ချော့၍တစ်မျိုး၊ ဖေးမ၍တစ်ဖုံ ခေါ်ရသည်။ မြိုင်ထဟူသောသီချင်းများကို ကြားကြရသည်။ မင်းသမီးက ခြေဖဝါးတော်နုနု သွေးခြည်တွေ ဥကုန်ပြီဖြစ်သဖြင့် မလိုက်နိုင်တော့ဟု နွဲ့လိုက်သောအခါ "ဟိုတောင်စခန်းကျတော့ မောင်ထမ်းလို့ ခေါ်ပါ့မယ်။ ဟိုတောင်တစ်ရိုးကျပြန်တော့ မောင်ပိုးလို့ ခေါ်ပါ့မယ်"ဟူ၍လည်း မင်းသားက မင်းသမီးကို ချော့ခေါ်သည်။

http://www.cherrythitsar.org

မောင်ပြုံးချိုသည် တက္ကသီလသို့ သွားရာလမ်းခရီးတွင် သူငယ်ငယ်က ကြားဖူးမြင်ဖူးသည်များကို ကြားယောင် မြင်ယောင်လာသည်။ ယခု သူသွားနေသော တက္ကသီလသည် ဇာတ်ပွဲ၊ ရုပ်သေးပွဲများတွင် ပါဝင်သည့် တက္ကသိုလ် လေလော။ စာထဲပေထဲတွင် ဖတ်ရှုဖူးသော တက္ကသိုလ်သည် သည်တက္ကသီလ ပေလော။ သူ သေချာစွာ မသိပါ။

မောင်ပြုံးချိုတို့ စီးနင်းလိုက်ပါလာသော မော်တော်ယဉ်သည် လမ်းမကြီးပေါ်တွင် အရှေ့ယွန်းယွန်းဆီသို့ ပြေးနေလေသည်။

(၂)

နေထွက်ပြုစအချိန်။

နွေအကုန် ဆောင်းအကူးဖြစ်သဖြင့် မပူလွန်းမအေးလွန်း ရာသီဥတုမျှတနေသည့် သမယဖြစ်သည်။ လမ်းဘေးဝဲယာကို ရှုမျှော်လိုက်လျှင် သစ်ပင်ကြီးများကို မတွေ့ရ။ ခြောက်သွေ့နေသည့် ချိုင့်ဝှမ်းတောင်ကုန်းများကိုသာ တွေ့ရသည်။ အချို့နေရာများတွင် ရိတ်သိမ်းပြီးစ ဂျုံခင်းများ၌ ရိုးပြတ်ငုတ်တိုများသာ ရှိတော့သည်။ ရာသီဥတု၊ ရေမြေအနေအထားမမှန်သဖြင့် ကောင်းစွာ ဖြစ်ထွန်းပုံမရ။ ရှုခင်းသည် အထက်မြန်မာပြည် အပူပိုင်းဒေသနှင့် ခပ်ဆင်ဆင် တူသည်။ သို့ရာတွင် မောင်ပြုံးချိုတို့ မြန်မာနိုင်ငံက အခြောက်သွေ့ဆုံးဒေသပင် ဤဒေသထက်တော့ စိုပြည်သည်ဟု ထင်ပါသည်။

တစ်လမ်းလုံး သစ်ပင်များ အုပ်ဆိုင်းနေသည့် ရွာများကို မတွေ့ရ။ သစ်ဝါးတို့ဖြင့် ဆောက်လုပ်ထားသည့် တဲအိမ်များကိုပင် မမြင်ရ။ အချို့နေရာများတွင် ရွှံ့အုတ်တို့ဖြင့် တည်ဆောက်ထားသည့် လူနေအိမ်ငယ်များကို တွေ့ရသည်။ အချို့နံရံတွင် နွားချေးကျံလျက်။ တစ်နေရာတွင် တောင်ကုန်းကို ဖောက်ထွင်း နေထိုင်ကြသူများကို မြင်ရသည်။

တက္ကသီလကို ရောက်သောအခါ လမ်းဆုံလမ်းခွတွင် ဈေးကလေးကို တွေ့ရသည်။ ဖရဲသီး၊ သခွားသီးမှအစ ဟင်းရွက်ဟင်းသီးများအပြင် မြေအိုးမြေခွက်များ မြေပေါ်တွင် ခင်းကျင်းရောင်းချနေကြသည်။ ခရီးဝေးမှ အရောင်းအဝယ်ကိစ္စဖြင့် လာရောက် စုဝေးကြသည့် နွားလှည်း ဆယ်စီးခန့် ဝိုင်းဖွဲ့နေ

ကြသည်များကိုလည်း တွေ့မြင်ရသည်။ လမ်းမကြီးမှ တစ်ဘက်သို့ ချိုးဝင်လာကြသောအခါ လမ်းသည် ကျောက်ခင်းထားလင့်ကစား ကြမ်းတမ်း ခက်သရော်လှသည်။ အထက်မြန်မာပြည်ရှိ ရွာတစ်ရွာအတွင်းသို့ ဝင်ရောက်လာခဲ့ရသလိုလို ထင်မှတ်မိသည်။ လမ်းဘေးတွင် သစ်ပင်ကြီးများ အနည်းငယ် ရှိနေသဖြင့် အရိပ်အနည်းငယ်ရသည်။ သစ်ပင်များမှာ ကုလားကင်ပွန်းသီးပင်များ ဖြစ်ဟန်တူပါသည်။

ရွာငယ်ကလေးအတွင်းသို့ ရောက်သောအခါတွင်မူ ဈေးဆိုင်၊ လက်ဖက်ရည်ဆိုင်တွေနှင့် ရှုပ်ထွေးနေသည်။ လမ်းကလည်း ကျဉ်းသည်။ ဖုန်ကလည်း ထူသည် ကျောက်အင်္ဂတေတို့ဖြင့် ပြုလုပ်ထားသည့် မီးဖိုချောင်သုံး ပစ္စည်းများကို နေရာအနှံ့အပြားတွင် တွေ့မြင်ရသည်။ ကျောက်ငရုတ်ဆုံ၊ မဆလာကြိတ်သော ကျောက်တုံး၊ အောက်ခံကျောက်ပြား၊ မြေအိုးအမျိုးမျိုး စုံနေပါသည်။ ကျောက်ဖြင့် ပြုလုပ်ထားသော ပစ္စည်းမျိုးစုံထဲတွင် ကျောက်ပြင်များ တွေ့လိုတွေ့ငြား မြန်မာအမျိုးသမီးများ ရှာကြသည်။ မတွေ့။

မောင်ပြုံးချိုသည် ပါကစ္စတန်တွင် ရှိနေစဉ် တက္ကသီလသို့ သုံးခေါက်ရောက်ခဲ့သည်။ ပထမခေါက်မှာ ရောက်ခါစက ဖြစ်သည်။ နွေဥတုဖြစ်သဖြင့် အလွန်ပူအိုက်သောအချိန်ဖြစ်သည်။ အသောကမင်းတရားကြီး၏ စွမ်းဆောင်မှုကြောင့် ဗုဒ္ဓတက္ကသိုလ်ကြီး ထွန်းကားခဲ့ရာ နယ်မြေသို့ စိတ်ဇောသန်သန်နှင့် ရောက်ရှိလာခြင်း ဖြစ်လေသည်။ သို့သော် ရောက်ရုံမျှသာ ရောက်ခဲ့သည်။ ဘာတွေ ရှိသည်၊ ဘာတွေကို ကြည့်ရှုလေ့လာရမည်၊ ဘာတွေကို မှတ်သားရမည်ကို မသိခဲ့။ လိုက်ပို့သူများကလည်း စိတ်ဝင်စားပုံ မပေါ်။ သစ်ပင်ရိပ်အောက်တွင် ထိုင်လျက် စားဖွယ်သောက်ဖွယ်များကို စားသောက်ရင်း ပတ်ဝန်းကျင်ရှုခင်းကို မျက်စိတစ်ဆုံး ငေးကြည့်ပြီး ပြန်လာခဲ့ကြသည်။

တစ်နှစ်လောက် ကြာသောအခါ ဒုတိယတစ်ခေါက် မောင်ပြုံးချိုတို့ ရောက်ကြပြန်သည်။ ကရာချီမှ ရောက်လာသည့် မြန်မာဧည့်သည်များကို လိုက်ပို့ခြင်း ဖြစ်သည်။ သည်တစ်ခေါက်တွင်လည်း မနှံ့စပ်ခဲ့။ ပြတိုက်တွင်းမှ ပစ္စည်းပစ္စယများကိုသာ လိုက်လံကြည့်ရှုပြီး ပြန်လာခဲ့ကြသည်။ ရာသီဥတု ပူပြင်းသဖြင့်လည်း ခြေကျင်လျှောက်လိုက်၊ တောင်ကုန်းတက်လိုက် မလုပ်နိုင်ကြ။

သည်တစ်ခါ တတိယအကြိမ်တွင်မူ နှံ့နှံ့စပ်စပ်ကြည့်ရှုလေ့လာမည်ဟု စိတ်ကူးလာခဲ့သည်။ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မှ ပြောင်းလာခါစ

http://www.cherrythitsar.org

တတိယအတွင်းဝန်တို့ မိသားစုလည်း ပါလာသည်။ ရာသီဥတုလည်း သာယာသည်။

ခရစ်မပေါ်မီ ၃၂၇–ခုနှစ်တွင် တက္ကသီလဒေသကို ခေါ်မဘုရင် အယ်လက်ဇင်ဒရာက တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထိုစဉ်က တက္ကသီလဘုရင်သည် အောင်နိုင်သူထံ လက်နက်ချ အညံ့ခံခဲ့သည်။ အယ်လက်ဇင်ဒရာ၏ တပ်များ ထိုဒေသမှ ဆုတ်ခွာသွားပြီးသည့်နောက်ပိုင်းတွင် တက္ကသီလသည် မောရိယမင်းဆက် စန္ဒဂုတ္တ ဘုရင်လက်အောက်သို့ ရောက်ရှိလာလေသည်။ ထိုဒေသမှ လူအများသည် စန္ဒဂုတ္တမင်းအား တော်လှန်ပုန်ကန်ကြသောအခါ သားတော် အာသောကမင်းသားသည် သူပုန်များကို နှိမ်နင်းခဲ့လေသည်။

ထိုစဉ်က တက္ကသီလသည် ဗုဒ္ဓဘာသာ ထွန်းကားရာ ဒေသမဟုတ်သေးချေ။ အာသောက မင်းတရားကြီး လက်ထက်တွင်မှ ထိုဒေသပတ်ဝန်းကျင်တွင် ဗုဒ္ဓ၏တရားတော်များ ထွန်းပြောင်လာသည်။ တက္ကသီလသည်လည်း မဇ္ဈိမတိုင်းတစ်ခုလုံးတွင် ထင်ရှားသည့် ဗုဒ္ဓတက္ကသိုလ်တည်ရာဌာန ဖြစ်လာခဲ့လေသည်။

မောင်ပြုံးချိုတို့သည် သစ်ပင်ရိပ်တစ်ခုအောက်တွင် မော်တော်ယာဉ်များကို ရပ်ထားပြီးလျှင် အနီးအနားပတ်ဝန်းကျင်ကို ခြေကျင်လျှောက်၍ လေ့လာကြသည်။ ညောင်းညာမောပန်းလာလျှင် မော်တော်ယာဉ်ပေါ် တက်ကာ တစ်နေရာသို့ ရွှေ့လာကြပြန်သည်။ တစ်ဖန် ဆင်း၍ လေ့လာကြည့်ရှုကြပြန်သည်။ စတုရန်းဆယ်မိုင်ခန့် ကျယ်ဝန်းသည့် တက္ကသီလကို တစ်နေ့တည်းနှင့် နှံ့စပ်အောင် လေ့လာနိုင်ဖို့ကား မလွယ်လှ။ သွားရင်းလာရင်း ကြည့်ရှုလေ့လာရင်း သူတို့စိတ်သည် လှုပ်ရှားလျက် ရှိသည်။ အရပ်လေးမျက်နှာရှိ တောင်ကုန်း၊ တောင်ပူစာကလေးများပေါ်တွင် ပြိုကျပျက်စီးနေသည့် အဆောက်အအုံများကို တွေ့မြင်နေရသည်။ အချို့ စေတီပုထိုးပုံသဏ္ဌာန်၊ အချို့ဇရပ်လိုလို ကျောင်းလိုလို။ အားလုံးပင် အုတ်အင်္ဂတေတို့ဖြင့် ဆောက်လုပ်ခဲ့သည့် အဆောက်အအုံများကို တွေ့မြင်နေရသည်။ အချို့နေရာတွင် ရှေးဟောင်းသုတေသနဌာနမှ တူးတုန်း ဆွတုန်း။ ထိုသို့ တူးဖော်ထားသောနေရာမြေအောက်မှ ရှေးအသုံးအဆောင်ပစ္စည်းများနှင့် ရှေးခေတ် သုံးငွေဒင်္ဂါး၊ ရွှေဒင်္ဂါးများလည်း တွေ့ရှိကြရသည်ဟု ဆိုပါသည်။

နေရာအနှံ့အပြားတွင် ဂန္ဓာရအနုပညာနှင့်နွယ်သည့် ရုပ်တုများကို တွေ့ရသည်။ ဗုဒ္ဓရုပ်ပွားတော်များမှာ အများဆုံး ဖြစ်သည်။ အချို့နေရာများတွင် ရုပ်တုများ၊ အချို့နေရာများတွင် အင်္ဂတေဖြင့် ဖန်တီးပြုလုပ်ထားသည့် နံရံ

ကပ်ရပ်ကြွများ ဖြစ်လေသည်။ သို့ရာတွင် ရုပ်တုများသည် ပီပီသသစင်းလုံးချော များကား မရှိသလောက်ပင်။ ကျိုးပဲ့နေသည့် အစိတ်အပိုင်းတွေသာ များလေသည်။ ထိုအစိတ်အပိုင်းများကိုပင် ကမ္ဘာလှည့်နိုင်ငံခြားသားခရီးသည်များသည် အမြတ်တနိုး အဖိုးကြီးပေး၍ ဝယ်တတ်ကြလေသည်။ ရှေးဟောင်းပစ္စည်း အစစ်ကို ရရှိလျှင်ကား အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိမည် ဖြစ်သည်။ သို့ရာတွင် ထိုဒေသမှ အချို့လူများသည် အဖိုးကြီးရမှန်း သိနေသဖြင့် ဗုဒ္ဓဦးခေါင်းတော်များကို အင်္ဂတေဖြင့် အတုပြုလုပ် ရောင်းချနေကြသည်ကို တွေ့ရသည်။ မြေအောက်မှ တူးဖော် ရရှိသယောင် ရွှံ့တွေ ဖုန်တွေ လိမ်းကျံထားတတ်ကြသည်။

သည်လိုသိထားလျက်ပင် တတိယအတွင်းဝန်သည် ဗုဒ္ဓ၏ဦးခေါင်းတော် တစ်ဆူကို အဖိုးကြီးပေးကာ ဝယ်ယူလာခဲ့သေးသည်။

“ဒါအစစ်တဲ့ခင်ဗျ။ မကြာသေးခင်ကမှ ဟိုစေတီပျက်ထဲက ရတာတဲ့” သူသည် အမြတ်တနိုး ကိုင်လာရင်း ပြောလေသည်။

“ခင်ဗျား ဘယ်သူက ပြောလဲ”

“သူ တို့က”

သူပေးလိုက်သည့် ငွေစက္ကူများကို ကိုင်ကာ ထွက်ခွာသွားကြပြီး ဖြစ်သော ဌာနေတိုင်းရင်းသားတို့ကို မေးငေါ့ပြရင်း ပြောလေသည်။

“သူတို့က အဲဒီလို မပြောဘဲ ဘယ်လို ပြောရဦးမလဲဗျ”

မောင်ပြုံးချိုက ဤသို့ ပြောလိုက်သောအခါ တတိယအတွင်းဝန်သည် တဟဲဟဲ ရယ်မောနေလေသည်။

တက္ကသိုလဒေသတွင် ရှေးသရောအခါက မြို့သုံးမြို့ တည်ရှိခဲ့သည်ဟု ဆိုသည်။

ဘဟိရတောင်ကုန်းမြို့သည် ရှေးအကျဆုံး ဖြစ်သည်။ ခရစ်မတိုင်မီ ဆဋ္ဌမရာစုနှစ်ကတည်းက တည်ထားခဲ့သည့်မြို့ဟု ယုံကြည်ကြသည်။ မြို့တွင်းရှိ မညီညာ မဖြောင့်တန်းသော လမ်းများ၊ ကျပ်သိပ်နေသော လူနေအိမ်များ၊ ပြည်သူလူထုနှင့်ပတ်သက်သည့် သာမည အဆောက်အအုံများသည် ရှေးပဝေသဏီက တည်ထားခဲ့ကြောင်းကို သက်သေခံလျက် ရှိလေသည်။

ဒုတိယမြို့မှာ တမရချောင်းတစ်ဘက်တွင် တည်ရှိသည့်သီရိကပ္ပမြို့ ဖြစ်သည်။

ဂရိလူမျိုးများ အုပ်စိုးစဉ် ခရစ်မတိုင်မီ ဒုတိယရာစုနှစ်တွင် တည်ထောင်ခဲ့သည့်မြို့ဖြစ်သည်။ မြို့ကွက်ချပုံ စနစ်ကျလာသည်။ ကျယ်ပြန့်သည့် မြို့လယ်လမ်းမကြီးများသည် လူလတ်တန်းစားမြို့သူမြို့သားတို့ နေထိုင်ခဲ့ရာ ရပ်ကွက်ကိုဖြတ်ပြီး ဆင်းရဲသား ရပ်ကွက်သို့ ရောက်သွားမည် ဖြစ်သည်။ ထိုပတ်ဝန်းကျင်တွင် နန်းတော်နေရာ စေတီပုထိုးနှင့် ဘုရားကျောင်း နေရာများကို တွေ့ရသည်။

တတိယမြို့မှာ သီရိသုခအမည်ရှိပြီး သုံးမြို့ထဲတွင် ခေတ်အမီဆုံး ဖြစ်သည်။ ထိုမြို့သည် သီရိကပ္ပ၏ အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ ခရစ်သက္ကရာဇ် ပထမရာစုနှစ်တွင် တူရှန်ဘုရင်များ တည်ထားခဲ့သည်ဟု ဆိုပါသည်။ ထိုမြို့နေရာကို ပြည့်စုံစွာ တူးဖော်ခြင်း မပြုရသေး။ သို့ရာတွင် တူးဖော်ရရှိတွေ့မြင်ရသမျှနှင့်ပင် အခိုင်အမာ တည်ဆောက်ခဲ့သည့်မြို့ဖြစ်ကြောင်း သိနိုင်ပါသည်။ အာရှအလယ်ပိုင်းတွင် တည်ရှိသောမြို့များကဲ့သို့ ဆင်ခြေဖုံး ရပ်ကွက်များနှင့်တကွ ပြည့်စုံသော မြို့တစ်မြို့ ဖြစ်လေသည်။

ထိုမြို့သုံးမြို့အပြင် ဘုရားပုထိုးစေတီပျက်များသည် ဆယ်မိုင်ပတ်လည် တက္ကသီလနယ်မြေတွင် ပြန့်ကြဲလျက် ရှိလေသည်။ မြေပေါ်တွင်သာမက မြေအောက်တွင် မြှုပ်နေသည့်အဆောက်အအုံများလည်း ရှိပေလိမ့်ဦးမည်။

တက္ကသီလသည် ရှေးမင်းအဆက်ဆက်တို့ လက်ထက်တွင် ဂန္ဓာရတိုင်း၏ မြို့တော် ဖြစ်ခဲ့သည်။ အရပ်လေးမျက်နှာမှ ရောက်ရှိလာသော ကုန်သည်ကြီးငယ်တို့၏ ရောင်းဝယ်ဖောက်ကားရာ ဗဟိုဒေသလည်း ဖြစ်ခဲ့သည်။

ခရစ်မပေါ်မီ တစ်ရာစုနှစ်တွင် ခေါမတို့ကျဆုံး၍ ဆိုက်သိုပါသီယံလူမျိုးတို့ ကြီးစိုးလာသောအခါ မြို့တော်ကို ပူရှသပူရန်(ယခု ပက်ရှဝါ)သို့ ပြောင်းရွှေ့လိုက်သောအခါ တက္ကသီလ၏ အရှိန်အဝါသည် တဖြည်းဖြည်း မှေးမှိန်သွားလေတော့သည်။

(၄)

နေမင်းသည် ပူပြင်းလာပါပြီ။

စေ့စေ့စပ်စပ် လေ့လာမည်ဟု အားခဲလာသူများသည် နွမ်းနယ်စပြုလာပြီ။ သို့သော် ဓမ္မရာဇိက စေတီတော်ရှိရာသို့မူ မရောက်မဖြစ်။ အမည် နာမကိုကပင် မြန်မာတို့ ရင်းနှီးပြီးသားဖြစ်နေသည်။ တက္ကသိုလရှိ အခြားသော မြို့ရွာအမည် စေတီပုထိုး အမည်များသည် မြန်မာမဆန်၊ ခေါ်မသံထွက်နေသည်။ ဓမ္မရာဇိက ဟူသောအမည်မှာ စာလုံးပေါင်းရော အသံပါ မြန်မာတို့ ငယ်စဉ်ကတည်းက ရွတ်ဆိုနေကျဖြစ်သည့် ပါဠိဘာသာ ဖြစ်နေသည်ကို တွေ့ရသည်။

တမရကျောင်း၏ တစ်ဘက်ရှိ ကုန်းမော့မော့ကို တက်သွားမိသောအခါ ပျက်စီးယိုယွင်းနေသော စေတီငယ်များ၊ ရဟန်းသံဃာတို့၏ ကျောင်းသင်ခန်းငယ် များနှင့် ဘုရားကျောင်းများကို တွေ့ရလေသည်။ အလယ်တွင် စေတီတော်ကြီး၏ ဝိုင်းဝိုင်းစက်စက် အောက်အခြေသည် ခိုင်မြဲစွာပင် တည်ရှိနေသည်။ ထိုစေတီတော် ကြီး၏ဌာပနာတိုက်အတွင်းမှ ရှင်တော်ဗုဒ္ဓ၏ ဓာတ်တော်များ၊ ကမ္ပည်းထိုးထား သော ငွေပြားများ၊ ရွှေဒင်္ဂါးများ၊ ငွေဒင်္ဂါများ၊ ကျောက်သံပတ္တမြားများ တွေ့ ရှိခဲ့သဖြင့် ပြတိုက်တွင် ထိန်းသိမ်းထားသည်ဟု သိရလေသည်။

ထိုမှတစ်ဖန် ပြတိုက်အတွင်းသို့ ဝင်ကြည့်ကြလေသည်။ တက္ကသိုလ ရေမြေ အနေအထား တည်ရှိပုံကို ပုံစံငယ် ပြုလုပ်ပြီးလျှင် မှန်သေတ္တာတွင် ထည့်၍ ပြသထားသည်။ အရွယ်ရွယ် အစားစားပုံအမျိုးမျိုး ရုပ်တုတွေလည်း အများပင်။ ဂန္ဓာရခေတ် အနုပညာလက်ရာများ ဖြစ်သောကြောင့် ဗုဒ္ဓရုပ်တုမှအစ အားလုံးသော ရုပ်တုများသည် ခေါ်မရုပ်သွင်ကို ဆောင်နေကြလေသည်။ အဝင်ဝ တစ်နေရာတွင်မူ ဒုက္ကရစရိယ ကျင့်နေသောရုပ်တုကို တွေ့ရသည်။ ပါးတော် နှစ်ဖက် ချိုင့်လျက် အရိုးပြိုင်းပြိုင်းပေါ်နေသော ဗုဒ္ဓအလောင်းတော်ပုံသည် တင်ပျဉ်ခွေလျက် ရှိလေသည်။ ထိုမှတစ်ဆင့် ပြတိုက်မှူးက အခန်းငယ်ကလေး တစ်ခုအတွင်းသို့ ခေါ်ဆောင်ကာ ထိုဒေသတစ်ဝိုက်မှ တူးဖော်ထားသည့် ရွှေငွေ လက်ဝတ်တန်ဆာများနှင့်ဒင်္ဂါးများကို ပြသလေသည်။ ထိုရတနာများကို ကြည့်ရ ခြင်းအားဖြင့် တက္ကသိုလသည် မည်မျှကြွယ်ဝခဲ့သည်ကို ခန့်မှန်းနိုင်ပေသည်။

နေအတော်မြင့်နေပါပြီ။

http://www.cherrythitsar.org

ပြတိုက်မှ ထွက်လာကြသောအခါ မောင်ပြုံးချိုတို့တစ်တွေ အတော်ပင် ညောင်းညာနေကြလေပြီ။ ဆာလောင်မွတ်သိပ်ပြီး၊ အူတကြုတ်ကြုတ် ဖြစ်နေကြလေပြီ။ ထို့ကြောင့်ပြတိုက်နှင့် မနီးမဝေး ပန်းခြံအတွင်း အရိပ် ကောင်းကောင်း မြက်ခင်းပြင်တွင် အသင့်ယူဆောင်လာခဲ့သော စားဖွယ် သောက်ဖွယ်များကို ဖြန့်ခင်းကြသည်။ ပျော်ပျော်ပါးပါး နေ့လယ်စာ စားကြသည်။

ပြီးလျှင် ဟိုနားသည်နား လျှောက်ကြသည်။ မေးစရာ ရှိသည်များကို မေးကြသည်။ မှတ်စရာရှိသည်များကို မှတ်ကြသည်။

မောင်ပြုံးချိုတို့တစ်တွေ တက္ကသိုလက ထွက်ခွာလာသောအခါ နေစောင်းနေလေပြီ။ သူသည် တစ်လမ်းလုံး ဤအရပ်ဤဒေသမှ ရှင်တော်ဗုဒ္ဓ၏ သာသနာ ကွယ်ပျောက်သွားပုံများကို တွေးတောလာလေသည်။

❁

# မြန်မာပီပီ ထမင်းစားမည်

“မေမေရေ ဒီနေ့ အိမ်မယ် ချဉ်ပေါင်နဲ့ မှျစ်နဲ့ ရောပြီးအရည်သောက် ချက်တယ်၊ ကန်စွန်းရွက် ကြော်တယ်။ ပြီးတော့ ငါးပိရည်ကျကျနန ဖျော်ပြီး တညင်းသီး တို့တယ်။ သိပ်ထမင်းမြိန်တာပဲ။ မေမေ့သားထွေး ညီညီလဲ ရောက်နေတော့ သူ့အဖို့ အထူးစပါယ်ရှယ် ပုစွန်ကြောဆီပြန် ချက်ကျွေးတယ်။ သူ့ခမျာ တောထဲ တောင်ထဲ သွားလာနေရတော့ တပ်ကပေးတဲ့ရိက္ခာနဲ့ပဲ တင်းတိမ်နေရတယ် မဟုတ်လား။ သူ့ဖို့ ဆိုပေမယ့်လဲ မောင်နှမတွေအားလုံး ဝိုင်းစားကြတာပါပဲ။ ထမင်းနို့ဆီဘူးလေးဘူးချက် မောင်နှမတွေ ဝိုင်းစားလိုက်ကြတာ တစ်မနက်ပဲ ပြောင်သွားတာပဲ။ မေမေကြိုက်တဲ့ဟင်းတွေမို့ မေမေ့ကို သိပ်သတိရနေတယ်”

မြန်မာပြည်သားသမီးတွေဆီက ရောက်လာသော စာကို ဖတ်ရင်း အဝေး ရောက် တင်မကြီးသည် ပါးစပ်တလှုပ်လှုပ် ဖြစ်လာသည်။ သွားရည်များ စို့လာ ဟန် ရှိသည်။

‘မြိန်စရာကြီး’ တင်မကြီးသည် နှုတ်မှ ထုတ်ဖော်တမ်းတလိုက်လေသည်။ သူ့စိတ်သည် ထိုခဏ၌ မြန်မာပြည်ရှိ သားသမီးတွေ၏ထမင်းဝိုင်းသို့ ရောက်သွား လေသည်။

“ဟေး–ကိုတော့ သမီးကြီးရေးတဲ့ စာဖတ်ရင်း ချဉ်ပေါင်ဟင်းနဲ့ ငါးပိရည် နဲ့ တညင်းသီးနဲ့ တွေ့ရနေပြီ”ဟု မောင်ပြုံးချိုက ဆိုလေသည်။

“ဟုတ်တယ် ဖေဖေ၊ မိတို့လဲ အဲဒီဟင်းမျိုးကို ချက်စားရအောင်”ဟု အတူရှိနေသောသမီး‘မိ’က အဆိုပြုသည်။

“ဒါတွေ ဒီမယ်ရဖို့ မလွယ်”ဟု တင်မကြီးက ဆိုသည်။

http://www.cherrythitsar.org

"ဈေးထဲရှိမှာပေါ့"ဟု သမီး'ခိုင်'က အကြံပြုသည်။

"ဟုတ်တယ်မေမေ။ ဈေးထဲ သွားရှာရအောင်"ဟု သမီး'မိုး'က တိုက်တွန်း ပြန်သည်။

"ဒီနားက ဈေးမယ် ရှိမထင်ဘူး"ဟု မောင်ပြုံးချိုက သူ့သံသယကို ထုတ်ဖော်သည်။

"ဒီနားက ဈေးမယ် မရှိရင်လဲ ပင်ဒီမြို့နားက ဈေးသွားတာပေါ့"ရွှေမန်း သူ တူမတော် နွယ်က ထပ်ဆင့် အဆိုပြုသည်။

"အေး ဟုတ်တယ်။ အဲဒီဈေးက စုံလဲစုံတယ်။ ပေါလဲပေါတယ်။ သွားကြ မယ် ပြန်လာမှ ဗမာထမင်းဟင်းတွေ ချက်စားကြမယ်"ဟု တင်မကြီးက ဆုံးဖြတ် ချက် ချလိုက်လေသည်။

မောင်ပြုံးချိုတို့ မိသားစုသည် ဗမာကြိုက် ဟင်းသီးဟင်းရွက် ရှာပုံတော် ဖွင့်ရန် အလုံးအရင်းနှင့် ထွက်ခွာလာကြလေသည်။ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ဖြစ်သောကြောင့် မော်တော်ယာဉ်ပေါ်တွင် တစ်အိမ်သားလုံး ပါလာလေသည်။ ကားမောင်းသူ 'မဂျစ်'သည် လမ်းမကြီးအတိုင်း ခပ်မှန်မှန် မောင်းနှင်လာသည်။ သူသည် မြန်မာသံရုံးတွင် ယာဉ်မောင်းသမားအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ အတော်ကြာပြီဖြစ်သည်။ မြန်မာစကားနားရည်ဝနေပြီဖြစ်၍ စကားလုံး တိုင်းလိုလို နားလည်သည်။ ပြန်တော့ မပြောတတ်။

မဂျစ်မောင်းနှင်လာသည့် မော်တော်ယာဉ်သည်'မင်းဈေး'သို့ ရှေ့ရှုသွား နေလေသည်။ 'မင်းဈေး'ဆိုသည်မှာ ရာဝါပင်ဒီမြို့အနီးရှိ'ရာဂျာဘဇာ'ကို မြန်မာ ဘာသာဖြင့် ပြန်ဆိုခေါ်ဝေါ်လိုက်ခြင်းဖြစ်သည်။

လမ်းမကြီးသည် ဝဲယာနှစ်ဘက် သွားလမ်း ဖြစ်သည်။ ရန်ကုန်မြို့က ဦးဝိစာရလမ်းမှာကဲ့သို့ အလယ်တွင်'ကျွန်း'ခံထားသည်။ ထိုကျွန်းပေါ်တွင် ပန်းပင်များ စိုက်ပျိုးထားသည်။ အချို့နေရာတွင် နှင်းဆီ၊ အချို့နေရာတွင် ပန်းအိ ရောင်စုံ၊ အချို့နေရာတွင် မြတ်လေးရုံများကို တွေ့ရသည်။ နွေဦးမို့ ပန်းမျိုးစုံ ဖူးပွင့် ဝေဆာလျက် ရှိသည်။ အအေးလွန်ကဲသောဆောင်းရာသီတွင်မူ ရောင်စုံ ပန်းမာလာများကို တွေ့ရမည် မဟုတ်ပေ။

http://www.cherrythitsar.org

သည်ဒေသ၏ ရာသီဥတုသည် လွန်ကဲလှသည်။ နွေရာသီတွင် အလွန်ပူသည်။ သို့ရာတွင် နွေရာသီတွင် မကြာခဏ ရွာသွန်းတတ်သည့် မိုးကြောင့် တော်သေးသည်ဟု ဆိုရပေမည်။ ဤသို့ နွေတွင် မကြာခဏ မိုးရွာခြင်းမှာလည်း မြို့ပတ်ဝန်းကျင်တွင် သစ်ပင်တွေ အမြောက်အမြား စိုက်ပျိုးလာခြင်းကြောင့် ဖြစ်သည်ဟု ဆိုကြပါသည်။ သစ်ပင်တွေ မရှိမီကဆိုလျှင် မျက်စိတစ်ဆုံး ခြောက်သွေ့သော လွင်တီးခေါင်ကြီးသာလျှင် တွေ့မြင်ရမည် ဖြစ်ပေသည်။ မိုးအလွန်နည်းသည်။ မိုးခေါင်နေသည်က များသည်။ ထို့ကြောင့် သစ်ပင်မပေါက်။ ပေါက်သော သစ်ပင်လည်း မရှင်သန်နိုင်။ သစ်ပင်မရှိ၍ မိုးမရွာ။ မိုးမရွာ၍ သစ်ပင်မရှိ။ လုံးချာလိုက်နေခဲ့လေသည်။

မောင်ပြုံးချိုတို့ နေထိုင်ရာ အစ္စလမ်မာဘတ်မြို့တွင် သစ်ပင်ကြီးဟူ၍ များများမရှိ။ လွန်ခဲ့သော ဆယ့်ငါးနှစ်လောက်က မြို့တည်ပြီးနောက်ပိုင်းမှ စိုက်ပျိုးခဲ့သည့် သစ်ပင်များသာ ရှိသည်။ အကြီးအထွားမြန်သည့် သစ်ပင်မျိုးကို ရွေးချယ်စိုက်ခဲ့ကြသည်။ ထို့ကြောင့် အတော်ကလေးတော့ စိမ်းလန်းစိုပြည်လျက် ရှိပါပြီ။ သစ်ဝါးတို့ဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံ ဟူ၍လည်း တစ်လုံးမှ မရှိ။ အုတ်၊ အင်္ဂတေ၊ ကျောက်၊ သံတို့ဖြင့်သာ ဆောက်လုပ်ကြရသည်။ သစ်ကို မလွဲမရှောင်သာ မသုံးမဖြစ်သော နေရာများတွင်သာ သုံးကြရသည်။ သစ်များများ အသုံးပြု၍ တည်ဆောက်ထားသော အဆောက်အအုံပိုင်ရှင်သည် အလိုလို ဂုဏ်တတ်လျက် ရှိသည်။

"ကျုပ်အိမ်အတွင်းဘက် ဝင်ကြည့်စမ်းပါ။ သစ်တွေ အများကြီး သုံးထားတာ တွေ့ရပါလိမ့်မယ်"ဟု ရင်ကော့ကာ ကြွားဝါ ပြောဆိုတတ်ကြသည်။

ယခု မင်းဈေးသို့သွားရာ လမ်းတစ်လျှောက်တွင်လည်း သစ်ဖြင့် ဆောက်ထားသည့် အဆောက်အအုံဟူ၍ တစ်ခုမှ မတွေ့ရ။ ဝါးဖြင့် ထိုးထားသည့် တဲကိုလည်း မမြင်ရ။ ဓနိ၊ သက်ကယ် ဝါးကပ်မိုးများလည်း မရှိ။ သစ်ပင်ကြီးဟူ၍လည်း နတ္ထိ။ လုံးပတ် ထွာဆိုင်မျှရှိသည့် သစ်ပင်ဟူ၍ပင် ရှာမှရှား။ ဝါးဟူ၍လည်း ဝါးနှင့်တူသည့် အပင်ကိုပင် မြင်နိုင်မည်မဟုတ်။ သစ်ဝါး အလွန်ရှားသည့်ဒေသ ဖြစ်သည်။ ထို့ကြောင့် ချမ်းသာကြွယ်ဝသူတို့သည် တိုက်အိမ်ကိုသာ ပုံစံအမျိုးမျိုး ဆောက်လုပ်နေထိုင်ကြသည်။ နွေရာသီတွင် လေအေးစက်၊ ဆောင်းရာသီတွင် အပူဓာတ်ပေးစက်များ တပ်ကာ နေထိုင်ကြသည်။ ဆင်းရဲနွမ်းပါးသူတို့သည် မီးအုတ်ဖြင့်လည်းကောင်း၊ နေလှမ်းအုတ်ဖြင့်လည်းကောင်း၊ ရွှံ့စေးမံ

လျက်လည်းကောင်း ဆောက်လုပ်သောအိမ်ငယ်များတွင် ဖြစ်သလို နေထိုင်ကြရသည်။ အချို့အလွန်အမင်း ဆင်းရဲသူများသည် တောင်ကုန်းများတွင် လိုဏ်ခေါင်းတူး၍ မြေတွင်းအောင်းကာ နေထိုင်ကြလေသည်။

သည်လမ်းမကြီးအတိုင်း ဆက်မောင်းသွားလျှင် မောင်ပြုံးချိုတို့ မော်တော်ယာဉ်သည် မိုင်တစ်ရာ့ခုနစ်ဆယ်ကျော် ဝေးသောပန်ဂျပ်ပြည်နယ် လာဟိုမြို့သို့ ရောက်သွားမည် ဖြစ်သည်။ ထို့ကြောင့် မင်းဈေးသို့သွားရန် သူတို့ မော်တော်ယာဉ်ကို လက်ယာဘက်သို့ ကွေ့လိုက်လေသည်။ ရာဝါပင်ဒီမြို့သို့ သွားရာလမ်းပေါ်သို့ ရောက်လာကြလေသည်။ လမ်းမကြီးမှာကဲ့သို့ မရှင်းတော့ပြီ။ သွားလာနေကြသော ယာဉ်ပေါင်းစုံနှင့် ပြည့်နေသည်။ ခဏကြာသော် လက်ယာဘက်သို့ ထပ်ကွေ့ရပြန်သည်။ မင်းဈေးသို့ သွားရာလမ်း ဖြစ်သည်။ လမ်းသွားလမ်းလာတွေ ယာဉ်တွေနှင့်ပို၍ ရှုပ်ထွေးလာသည်။ လမ်းကလည်း ကျဉ်းသည်။ လမ်းဘေးဝဲယာ ဈေးဆိုင်တွေကလည်း ရှေ့တိုးကာ နေရာယူထားကြသည်။ သည်အထဲ ပုံကျဈေးသည်ပေါင်းစုံကလည်း သူတို့ ရောင်းကုန်များကို မြေပြင်တွင် ချရောင်းနေကြသည်။ ထို့ကြောင့် ယာဉ်သွားလမ်းသည် ကျဉ်းသည်ထက်ကျဉ်းနေပါတော့သည်။ လမ်းကကျဉ်းရသည့်အထဲ မြင်းလှည်းတွေကြောင့် ပိုရှုပ်နေသည်။

လမ်းဘေးတွင် ချရောင်းနေသော ဈေးသည်များထဲတွင် အများဆုံးမှာ အဝတ်ဟောင်းရောင်းသူများ ဖြစ်သည်။ အဝတ်အထည် အမျိုးအမည်ပေါင်းစုံ၊ အရွယ်အစားစား၊ တန်ဖိုးအဆင့်ဆင့်၊ အရောင်အသေးအမျိုးမျိုး၊ တောင်ပုံရာပုံ။ အချို့ဈေးသည်တွေက ဣန္ဒြေရရ ရှိသည်။ အချို့ကမူ လမ်းသွား လမ်းလာများကို အော်ဟစ်ကာ ဆွဲခေါ်သည်။ မောင်ပြုံးချိုသည် သူ ကျောင်းသားအရွယ် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ရန်ကုန် ညဈေးတန်းကို ပြန်ပြောင်း သတိရမိသည်။ ‘ရန်ကုန်ညဈေးတန်းက လူတွေ ဒီရွှေ့လာကြတာနဲ့ တူတယ်’ ဟု အောက်မေ့မိလေသည်။ ရန်ကုန်ညဈေးတန်းတွင်လည်း သည်လိုလူမျိုးတွေ ကြီးစိုးခဲ့သည် မဟုတ်လား။

မန္တလေး ဈေးချိုနှင့်လည်း ခပ်ဆင်ဆင်တူသည်။ အထည်တန်း၊ သံဖြူတန်း၊ ကုန်စုံတန်း၊ သစ်သီးတန်း၊ ဟင်းရွက်ဟင်းသီးတန်း စသည်ဖြင့် သူ့အပိုင်းနှင့် သူ ရောင်းဝယ်ဖောက်ကားလျက် ရှိကြသည်။ လူစိမ်းတစ်ယောက်သည် မင်းဈေးထဲတွင် မျက်စိလည်နိုင်ပါသည်။ သို့သော် ဈေးချိုနှင့်မင်းဈေး ကွာခြားခြင်းကြီးမက ကွာခြားသည်ကိုတော့ မောင်ပြုံးချို သတိပြုမိပါသည်။ ဈေးချိုထဲတွင်

ရွှေခြေချင်းတဝင်းဝင်းနှင့် အပြောချိုလှသော ရွှေမန်းသူတွေ နေရာမရွေး တွေ့မြင်နိုင်မည် ဖြစ်သော်လည်း ဤမင်းဈေးတွင် အမျိုးသမီးဟူ၍ မရှိသလောက် ရှားပါးလှပါသည်။

ရောင်းသူရော၊ ဝယ်သူပါ အမျိုးသားတွေချည်း လိုလို။

မောင်ပြုံးချိုတို့အဖွဲ့သည် ကုန်စုံတန်းမှ ဟင်းရွက်၊ ဟင်းသီးတန်းဘက်သို့ လှည့်လည်ဝင်လာကြသည်။ ဈေးတန်းတစ်ခုလုံး ရောင်းသူ၊ ဝယ်သူ အမျိုးသားတွေနှင့် ကြိတ်ကြိတ်တိုးနေသည်။ စကားပြောသံ၊ အော်သံ၊ ဟစ်သံတွေနှင့်လည်း ဆူညံလျက် ရှိသည်။ အသံပေါင်းစုံနှင့် ဆူညံနေသည်သာမက ညစ်ပတ်ပေကျံ ဟောင်စော်နံနေပါသည်။ ဝယ်သူမရှိ၍ ဟောင်းနွမ်းပုပ်စပ်ကုန်သော ဟင်းသီး၊ ဟင်းရွက်တို့ စုပုံထားရာ အမှိုက်ပုံကြီးတွေမှ အနံ့ဆိုးတို့သည် မောင်ပြုံးချို၏ နှာခေါင်းထဲသို့ အတင်းအဓမ္မ တိုးဝင်လာကုန်သည်။ ဈေးတွင်းလမ်းမှာလည်း ခြောက်သွေ့မနေ။ ရွှံ့ရေတို့ဖြင့် ရောပွမ်းနေသော ဟင်းသီး၊ ဟင်းရွက်ပုပ်များ အပေါ်တွင် တစွပ်စွပ် နင်းသွားကြရသည်။ မောင်ပြုံးချိုသည် သူ့မွေးရပ်မြေ မန္တလေးရွှေမြို့တော် ရွှေတစ်ချောင်းမြောင်းပေါင်ဘေးရှိ ကိုင်းတန်းဈေးအတွင်းသို့ ရောက်နေသလားဟု အောက်မေ့မိသည်။ ရန်ကုန်မြို့ အနောက်ပိုင်း မြစ်ကမ်းဘေး ရှိ ကီလီဈေး၊ ကိုင်းတန်းဈေးများကိုလည်း မြင်ယောင်မိသည်။ သို့သော် အမိမြန်မာပြည်မှ ထိုထိုသော ကိုင်းတန်းဈေးများထက် ဤကိုင်းတန်းဈေးသည် ပို၍ရှုပ်၊ ပို၍နံသည်ဟု ထင်မိပါသည်။ မြင်ကွင်းကလည်း စက္ခုပသာဒ မဖြစ်။ လှပသော အမျိုးသမီးများကို မတွေ့ရ။

အမိမြေမှ ကိုင်းတန်းဈေးများတွင် မြန်မာအမျိုးသမီးတွေ သွားလာ လှုပ်ရှား ရောင်းဝယ်နေသည်ကို တွေ့ရပေသည်။ သူတို့တစ်တွေ၏ သာယာချိုမြသော ဈေးခေါ်သံများကို ကြားရသလို မကြားဝံ့မနာသာ ဆဲဆို၊ ရန်တွေ့သံများလည်း မကြာခဏ နားသောတပန်ဆင်ရမည် ဖြစ်ပေသည်။ ယခု မောင်ပြုံးချို ရောက်ရှိနေသည့် ကိုင်းတန်းဈေးတွင် အမျိုးသမီးတို့အသံကို ကြားချင်လို့မှ မကြားရ။ ဈေးထဲတွင် အမျိုးသမီးတွေ လုံးဝမရှိတော့မဟုတ်ပါ။ ကံကောင်းထောက်မလျှင် ဈေးဝယ်လာသူ သုံးလေးဦးလောက် တွေ့ရပေမည်။ သို့ရာတွင် ဇာပေါက်မျက်နှာဖုံးများ ဖုံးအုပ်ထားသောကြောင့် ဖြူသည်၊ မည်းသည်၊ ချောသည်၊ လှသည်၊ အကျည်းတန်သည်များကိုလည်း ခွဲခြား တွေ့မြင်ကြမည်မဟုတ်။ မျက်နှာကို ဖွင့်လျက် လွတ်လပ်စွာ သွားလာလှုပ်ရှားနေသည့် အမျိုးသမီးများကိုလည်း

တစ်ခါတစ်ရံတွေ့ရပါသည်။ တစ်ဈေးလုံး ရောင်းသူရော၊ ဝယ်သူပါ နှုတ်ခမ်းမွေး ကားကားနှင့် ပုရိသယောကျ်ားများနှင့်သာ ပြည့်လျက် ရှိသည်။ ထို့ကြောင့် မြန်မာ အမျိုးသားကြီး မောင်ပြုံးချို ခေါင်းဆောင်လာသည့် အမျိုးသမီးငယ် အဖွဲ့ဝင်ငါးဦး ကို ပြူးထွက်မတတ် မျက်လုံးအစုံတို့ဖြင့် အထူးအဆန်း ကြည့်ကြကုန်သည်။

မောင်ပြုံးချိုတို့အဖွဲ့သည် မျက်လုံးပြူးများကို ဂရုမစိုက်အား။ အလိုရှိ သော အသီးအနှံ၊ ဟင်းသီး၊ ဟင်းရွက်များကို မိမိတို့ မျက်လုံးများကို အစွမ်း ကုန်ပြူးကာ ရှာကြကုန်သည်။

ဟင်းသီးဟင်းရွက်တွေကား တောင်ပုံ၊ ရာပုံ။ ဘူးသီး၊ ခရမ်းသီး၊ ကြက်သွန် နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ပဲသီး၊ မုန်လာထုပ်၊ ပန်းမုန်လာ၊ မုန်လာဥအမျိုးမျိုး၊ အဖြူ၊ အနီ၊ အဝါဟင်းရွက်တွေလည်းစုံပါသည်။ မြန်မာနိုင်ငံတွင် မတွေ့မြင်ဖူး သည့် ဟင်းရွက်များလည်း ရှိသည်။

မဂျစ်သည် ဈေးမ ကြိမ်ဆွဲခြင်းကို ကိုင်၍ နောက်မှလိုက်သည်။ အများအား ဖြင့် သူ့ကို စကားပြန်ခိုင်း၍ ဈေးမေးရသည်။ ဈေးဆစ်ရသည်။ မည်သည့်နိုင်ငံတွင် မဆို ဈေးသည်တို့သည် နိုင်ငံခြားသားဆိုလျှင် "အမဲ"ဟု သဘောထားကြသည် မဟုတ်လား။ တစ်ခါတစ်ရံလည်း လက်ညှိုးထိုးကာ လက်ညှိုးထောင်ကာနှင့် ဝယ်ရသည်။ တင်မကြီးကမူ သူလမ်းလျှောက်ရာတွင် ထောက်သည့်တုတ်ကို အသုံးပြုသည်။ လိုချင်သော ပစ္စည်းကို ထိုတုတ်ဖြင့် ထိုးပြသည်။

"ယေဆီယာ ကစ်တနား"သည် လောက်တော့ သူက အူရဒူလို ပြောတတ် ပါသည်။ "တစ်ဆီယာ ဘယ်လောက်လဲ"ဟု မေးခြင်းဖြစ်၍ ဈေးသည်က နားလည်ပါသည်။ တိုတိုတုတ်တုတ်ပင် ပြန်ဖြေသည်။ ရှည်လျားသောအဖြေကို သူ နားလည်မည် မဟုတ်။ ဈေးရောင်းသူ၏ စကားကို နားမလည်လျှင် မဂျစ် ၏ အကူအညီကို ရယူပြန်သည်။

မောင်ပြုံးချိုသည် အာလူးဆိုင်ဘက်သို့ လျှောက်သွားသည်။ အာလူးဈေးကို အူရဒူ ဘာသာဖြင့် မေးလိုက်ချင်သည်။

"ဟေ့ မဂျစ် အာလူးကို ဘယ်လိုခေါ်သလဲ"ဟု သူက ယာဉ်မောင်းသမား ကို အင်္ဂလိပ်ဘာသာဖြင့် လှမ်းမေးသည်။

"အာလူး"ဟု မဂျစ်က ပြန်ဖြေသည်။

"အူရဒူဘာသာနဲ့ ဘယ်လိုခေါ်လဲ"

http://www.cherrythitsar.org

ထပ်မေးလိုက်သည်။

"အာလူး"ဟု ဖြေသည်။

သည်တော့မှ မောင်ပြုံးချို သဘောပေါက်တော့သည်။ အာလူးသည် အရူဒူ ဝေါဟာရ ဖြစ်သည်။ ရှေးသရောအခါက အိန္ဒိယပြည်ဘက်မှ မြန်မာပြည်သို့ ရောက်လာဟန် ရှိသည်။ ကံရာဇာကြီး ကံရာဇာငယ်တို့ မဇ္ဈိမတိုင်းမှ မြန်မာ နိုင်ငံဘက်သို့ ထွက်လာကြသောအခါ တစ်လမ်းလုံး အာလူးကိုပင် မှီဝဲလာကြ သည်ဟု ထင်သည်။ တစ်ဈေးလုံး ဆူဆူညံညံ စကားသံများကို နားထောင်ရင်း "အာလူးလာမပေးနဲ့၊ လေနည်းနည်းလျှော့"ဟူသောအဆိုအမိန့်အကြောင်းကို ဆက်၍ စဉ်းစားနေပြန်သည်။ စကားများခြင်းကို အာလူးပေးသည်ဟု ခေါ်ဆိုသော ဝေါဟာရသည် ဤဈေးက စတင်ပေါက်ဖွားလာသလား မသိ။

"ချဉ်ပေါင်ရွက်တွေ့လား"ဟူသော တင်မကြီး၏ အသံကို ကြားမှ သတိရ လာသည်။

"မတွေ့ဘူး"ဟု သမီးတစ်ယောက်က ဖြေလိုက်သည်။

"မှျစ်ကော"

"ဘယ်ရှိနိုင်ပါ့မလဲ။ ဝါးမှ မရှိတဲ့ဒေသပဲဟာ" မောင်ပြုံးချိုက ဝင်ပြော သည်။

"ကန်စွန်းရွက်"

"မတွေ့ပါဘူး"

"ငါးပိ"

"ဝေးပါသေးရဲ့"

"အင်း ချဉ်ပေါင်မရတောင် မန်ကျည်းရွက်လေး၊ ကင်ပွန်းချဉ်ရွက် ကလေး များ ရရင် တော်သေးတာပဲ။ ရှာစမ်းပါဦး"

တင်မကြီးက တစ်ထစ်လျော့ကာ ကြိုးစားရန် တိုက်တွန်းပြန်သည်။

"ကိုတော့ အဲဒါတွေ တစ်ဈေးလုံး ဘယ်မှာမှ မတွေ့ပါဘူး"

"တညင်းသီးကလေးများကော"

"ဒီလိုနေရာမျိုးမယ် ဘယ် တညင်းသီး ရှိနိုင်ပါမလဲ"

မောင်ပြုံးချိုက စိတ်မရှည်သကဲ့သို့ ပြန်ပြောလိုက်သည်။

မောင်ပြုံးချိုတို့ မိသားစုသည် လိုအပ်သော ဟင်းလျာသား၊ ငါးများကိုပါ ဝယ်ပြီး မင်းဈေးမှ ခပ်သုတ်သုတ် ထွက်ခွာလာခဲ့ကြလေသည်။

အိမ်ပြန်ရောက်လျှင် ရောက်ချင်း တင်မကြီးသည် မီးဖိုခန်းသို့ဝင်ကာ ကပျာကသီနှင့် စီမံခန့်ခွဲလျက် ရှိသည်။ ထမင်းစားချိန် လွန်နေပြီ မဟုတ်ပါလား။ မောင်ပြုံးချိုအဖို့ အဆာလွန်၍လော သို့တည်းမဟုတ် မိမိချဉ်ချင်းတပ်နေသော ဟင်းလျာများ မရခဲ့၍လော။ မည်သည့်အကြောင်းကြောင့်ဟူ၍ မသိ။ ထမင်းစားချင်စိတ်ကင်းလျက် ရှိသည်။ ထိုအချိန်တွင် မီးဖိုဘက်မှ တင်မကြီး၏ သီချင်းညည်းသံ ထွက်ပေါ်လာသည်။

ဇမာပီပီ ထမင်းစားမည်

ငါးပိလေးဖျော်မည်

ပုစွန်ကိုသာ ဟင်းချိုချက်မည်

တညင်းသီး တို့ချင်သည်။

မောင်ပြုံးချို ဆယ်ကျော်သက်အရွယ်လောက်က ကြားခဲ့ဖူးသည့် ဒေါ်ကြည်အောင် သီဆိုခဲ့သည့် သီချင်းဖြစ်သည်။ မောင်ပြုံးချို၏ စိတ်သည် တစ်ခဏချင်း အမိနိုင်ငံသို့ ပြန်ရောက်သွားသည်။ သူ့အသက်အရွယ်သည်လည်း နှစ်ပေါင်းလေးဆယ်ခန့် ငယ်သွားသည် ထင်ရသည်။

မောင်ပြုံးချို၏ နှာခေါင်းတွင် ငါးပိရည်နှင့် တညင်းသီးနံ့ ရလာသည်။ ခံတွင်းတွင် သွားရည်များ စို့လာသည်။ ခဏချင်း ထမင်းစားချင်စိတ် ပေါ်ကလာသည်။ သူသည် မီးဖိုဘက်သို့ ခြေလှမ်းကျဲကျဲကြီးနှင့် ကူးသွားသည်။

"အဲဒီ သီချင်းပိုဒ်ကလေး ထပ်ဆိုစမ်းပါဦး"

မောင်ပြုံးချိုက တင်မကြီးကို တောင်းပန်နေသည်။ တင်မကြီးက အံ့အားသင့်ကာ ဟင်းအိုးမွှေနေရာမှ မော့ကြည့်သည်။

"ကို ဈေးကပြန်ကတည်းက ဘာမှစားချင်စိတ် မရှိတော့တာ။ ခုမှ ထမင်းဆာလာတော့တယ်"ဟု မောင်ပြုံးချိုက ပြောလိုက်လေသည်။

❁

# ငှက်ပျောသီးကြီးကြီး စားရအောင်

(၁)

အစ္စလမ်မာဘတ်မြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ် နောက်ဘက်ခြံဝန်းသည် ငှက်ပျောပင်တွေနှင့် မြိုင်လှပါသည်။ မကြာသေးမီက ရောက်ရှိလာသူ မောင်ပြုံးချိုသည် ငှက်ပျောတောကို မြင်ရသောအခါ ဝမ်းမြောက် ရွှင်လန်းသွားလေတော့သည်။

ငှက်ပျောသီး ရှားပါးလှသည်ဆိုသော အစ္စလမ်မာဘတ်မြို့တွင် ငှက်ပျောသီးဝဝစားရပေတော့မည်။ ပါလာသော ငါးပိကို အရည်ကျို၍ ငှက်ပျောဖူး ပြုတ်နှင့် တို့စားရပေတော့မည်။ မုန့်ဟင်းခါး ချက်စားလိုလျှင်လည်း ငှက်ပျောအူကို အလွယ်တကူ ရနိုင်ပေတော့မည်။ တစ်နေရာရာသို့ ပျော်ပွဲစားထွက်လိုလျှင်လည်း ထမင်းပုံစားရန် ငှက်ပျောရွက်တွေကို လိုသလောက် ခုတ်ယူသွားနိုင်ပေတော့မည်။ ငှက်ပျောလျှော်တွေကိုလည်း ချည်ရာ၊ တုတ်ရာတွင် အသုံးပြုနိုင်သည်။

မောင်ပြုံးချိုသည် ငှက်ပျောတစ်ပင်လုံး အသုံးပြုနည်းကို သူမြင်ဖူး၊ တွေ့ဖူးသလောက် တွေးမိနေလေသည်။

ထိုမှတဆင့် ငှက်ပျောသီးနှင့် သူ၊ သူနှင့် ငှက်ပျောသီး သဟဇာတဖြစ်ခဲ့ပုံများကို ပြန်ပြောင်းစဉ်းစားနေပြန်လေသည်။

(၂)

မောင်ပြုံးချို၏ မွေးရပ်မြေဖြစ်သော မန္တလေးမြို့တွင် ငှက်ပျောသီး အမျိုးမျိုး ရနိုင်ပါသည်။ ဈေးချို ငါးပိတန်းတွင် ဆိုင်ထွက်သော သူ့မိခင်သည် ဈေးပြန်လျှင် ငှက်ပျောသီးတစ်ဖီး ရက်ခြားပါလာတတ်သည်။ သူ့မိခင်သည် ဖီးကြမ်းငှက်ပျောသီးကိုသာ အဝယ်များသည်။

http://www.cherrythitsar.org

"ဖီးကြမ်းက လူနဲ့တည့်တယ်။ တခြား ငှက်ပျောသီးတွေက ရင်ကျပ်တယ်။ ချောင်းဆိုးတယ်"ဟု ဆိုတတ်သည်။ ထို့ကြောင့် သီးမွှေးနှင့် နံ့သာပုတို့ကို ပို၍ နှစ်သက်သော မောင်ပြုံးချိုတို့ မောင်နှမသည် စောဒက မတတ်ရဲကြတော့ချေ။

နေ့လယ်နေ့ခင်းတွင်လည်း အဘွားဖြစ်သူက ငှက်ပျောကင် ဝယ်ကျွေးတတ်သေးသည်။

"မုန့်ဦးနှောက် ငှက်ပျောကင်"

မွန်းလွဲပိုင်းလောက်ဆိုလျှင် သည်အသံကို နေ့စဉ်လိုလို ကြားရမြဲ ဖြစ်သည်။ အသက်လေးဆယ်ကျော် ငါးဆယ်ပတ်ဝန်းကျင်တွင် ရှိမည်ဖြစ်သော အမျိုးသမီးကြီးသည် ဈေးဗန်းကို ရွက်လျက် အိမ်ရှေ့လမ်းမမှ ဟစ်ကြွေးတတ်သည်။

"လာပါဦး" လေး၊ ငါးနှစ်အရွယ်ခန့် ရှိမည်ဖြစ်သော မောင်ပြုံးချိုက အိမ်ပေါ်မှ အော်ခေါ်မြဲ ဖြစ်သည်။

သူ့ဈေးဗန်းတွင် ငှက်ပျောဖက်နှင့် ခပ်ပြားပြား ထုပ်ထားသော မုန့်ဦးနှောက်များနှင့် ဝါးညှပ်ဖြင့် ညှပ်ကင်ထားသော ငှက်ပျောကင်များကို တွေ့ရသည်။ အမျိုးသမီးကြီးသည် ထုပ်ထားသော အပေါ်ဘက်မှ ငှက်ပျောဖက်များကို ဖွင့်သောအခါ ဖြူဖြူဖွေးဖွေး မုန့်ဦးနှောက်သည် ပေါ်ထွက်လာလေသည်။ သူသည် လေးလက်မပတ်လည်ခန့်ရှိသည့် မုန့်ပြားပြားကို တစ်လက်မ ကွက်ကလေးအဖြစ် ဓားဖြင့် ပုံစံမပျက်စိတ်လိုက်သည်။ ပြီးလျှင် မုန့်ကို ဆီဆမ်း၊ ဆားဖြူးပေးလေသည်။ ဆန်မှုန့်ဖြင့် ပြုလုပ်ထားသော မုန့်သည် ဆီ၊ ဆားတို့နှင့် ထိတွေ့သောအခါ စားသုံးရာ၌ အရသာရှိလှသည်။ တန်ဖိုးမှာ မုန့်တစ်ထုပ်လျှင် တစ်ပြား။ မြန်မာတို့လိုအပ်ချက် အစာအာဟာရသုံးခုသည် မုန့်ဦးနှောက်တွင် ပေါင်းစပ် ဆုံဆည်းပြီး ဖြစ်နေပါသည်။ ဆန်၊ ဆီ၊ ဆား။

ငှက်ပျောကင်များမှာကား တစ်ညှပ်လျှင် နှစ်လုံး၊ သုံးလုံးတွဲ၍ ကင်ထားတတ်သည်။ ဖီးကြမ်းငှက်ပျောများ ဖြစ်ကြပါသည်။ မီးကျွမ်းနေသည့် အခွံမည်းများသည် အချို့နေရာများ၌ အက်ကွဲနေပြီး အတွင်းမှ နီရောင်သန်းနေသည့် အသားများကို တွေ့မြင်နေရသည်။ ငယ်ရွယ်သူ မောင်ပြုံးချိုတို့ မောင်နှမသည် မြင်ရသည်နှင့် သွားရည်များကျမတတ် မြည်းချင်၊ စားချင်နေကြပါပြီ။ အချို့က မုန့်ဦးနှောက်နှင့် ငှက်ပျောကင်ကို လူမမာစာဟု ဆိုကြသည်။ နာလန်ထများ

http://www.cherrythitsar.org

အတွက် အလွန်သင့်တော်သည်ဟုလည်း ပြောကြသည်။ မောင်ပြုံးချိုတို့အဖို့ကား နေ့စဉ်နေ့တိုင်း နေ့လယ်စာ ဖြစ်လေသည်။

ကျောင်းနေချိန် အရွယ်ရောက်သောအခါ မောင်ပြုံးချိုအား ဘုန်းတော်ကြီးကျောင်းတွင် စတင် အပ်နှံလေသည်။ ဤတွင် သူသည် ငှက်ပျောသီး မျိုးစုံနှင့် တွေ့ကြုံရလေသည်။

ဗုဒ္ဓဘာသာဝင်တို့၏ သာရေး၊ နာရေးမှန်သမျှတွင် ဘုန်းတော်ကြီးများအား ပင့်ဖိတ်လှူဒါန်းကြမြဲ ဖြစ်သည်။ အလှူဒါန ပြုလုပ်ကြတိုင်းလည်း ကန်တော့ပွဲများ ပါလာတတ်သည်။ ကန်တော့ပွဲပါလျှင် အုန်းသီးကို ဖက်လျက် ငှက်ပျောဖီးများ ပါလာမြဲတည်း။ ထို့ကြောင့် လာဘ်ရွှင်သော ဘုန်းတော်ကြီးကျောင်းများတွင် ငှက်ပျောသီးတွေ စားလို့မကုန်၊ ပေး၍မခန်း။ မောင်ပြုံးချိုတို့ ဘုန်းကြီးကျောင်းသား တစ်သိုက်လည်း ငှက်ပျောသီးကို နေ့စဉ်စားကာ ကြီးထွားလာကြကုန်၏။ တစ်ခါတစ်ရံ ဘုန်းကြီးကျောင်းသားတို့သည် ဖီးကြမ်းငှက်ပျောသီးကို ပျော့အောင် လိုမ့်ကာ ထိပ်တွင် အပေါက်ဖောက်၍ ညှစ်ထုတ်စားတတ်ကြသေးသည်။

မောင်ပြုံးချို အင်္ဂလိပ်ကျောင်းသား ဖြစ်လာသောအခါ ငှက်ပျောသီးနှင့် အတန်ငယ် ကင်းကွာခဲ့လေသည်။ သို့သော် လုံးလုံးကြီး အဆက်ပြတ်သွားသည်ကား မဟုတ်ပါ။ မိဘများ ကွယ်လွန်၍ သူ့ကို ပညာဆက်သင်ပေးသော ဖေဖေကြီး၊ မေမေကြီးတို့ ခြံဝင်းထဲတွင် ငှက်ပျောပင်တွေ အမြောက်အမြား ရှိလေသည်။ အမျိုးပေါင်းလည်း စုံလှပါသည်။ ခြံတွင်း ကုလားမာလီတွေနှင့် အတူ ငှက်ပျောပင်များဆီသို့ စီးဆင်းသည့် ရေမြောင်းများကို ဖောက်ပေးခဲ့ ရသည်။ ပိတ်တန်ပိတ်၊ ဆို့တန်ဆို့ လုပ်ကိုင်ခဲ့ရသည်။ ရင့်နေသော ငှက်ပျောခိုင်ကြီးများကို ခုတ်ကာ ဂုန်နီအိတ်ထူထူပတ်၍ မှည့်အောင်အုပ်ခဲ့ရသည်။ မှည့်လာသောအခါ ဘုန်းတော်ကြီးကျောင်းသို့ အမြတ်တနိုးလှူသည်။ မိတ်ဆွေသင်္ဂဟများသို့ လက်ဆောင်ပေးသည်။ အိမ်သူ၊ အိမ်သားများလည်း စားကြရသည်။ ပိုလျှံလျှင် ရောင်းချပြီး ရငွေကို သီးသန့်ထားကာ အလှူအတန်းလုပ်သည်။

မောင်ပြုံးချိုသည် ကျောင်းသွား ကျောင်းပြန် ဈေးချို ငှက်ပျောသီးတန်းကို ဖြတ်၍ သွားတတ်၊ ပြန်တတ်သည်။ ဆိုင်တိုင်းတွင် ငှက်ပျောသီး၊ အုန်းသီးတွေ မြိုင်နေအောင် ချိတ်ဆွဲထားသည်ကို တွေ့မြင်ရသည်။ သူသည် ငှက်ပျောခိုင်

အမျိုးမျိုးကို ကြည့်ရင်း ငှက်ပျောသီး၀၀ စားခဲ့ရသော ဘုန်းကြီးကျောင်းသား ဘ၀ကို ပြန်ပြောင်းအောက်မေ့မိလေသည်။ ဈေးထဲတွင် ငှက်ပျောခွံကို တက်နင်းမိ၍ ပက်လက်လန်ခဲ့ဖူးသည်ကိုလည်း သူ မမေ့နိုင်။ သူ့ဖြစ်အင်ကို မြင်သဖြင့် တခစ်ခစ် ရယ်ကြသည့် ဈေးချိုသူတို့ အသံလေးများသည်လည်း သူ့နားထဲမှ တော်တော်နှင့် ထွက်မသွား။

သူ တက္ကသိုလ်ကျောင်းသို့ ရောက်လာသောအခါ ငှက်ပျောသီးနှင့် ရေစက်ဆုံလျက်ပင် ရှိပါသည်။ ထမင်းစားပြီးသောအခါများတွင် ငှက်ပျောသီး ပေးတတ်ပါသည်။ တစ်ခါတစ်ရံ ဖီးကြမ်း၊ တစ်ခါတစ်ရံ သီးမွှေး၊ ထမင်းကို ၀မ်းမိုက်ပြည့်အောင် စားထားသဖြင့် ငှက်ပျောသီးအတွက် ချက်ချင်း နေရာ မရှိတော့ဟု ထင်လျှင် ကိုယ့်၀ေစုကို အခန်းသို့ ယူလာတတ်သည်။ ၀မ်းမိုက် ချောင်၍လာလျှင် ငှက်ပျောသီးဖြင့် ဖြည့်တင်းနိုင်ပါသည်။ "တက္ကသိုလ် တပ်ရှေ့"ခေါ် လက်ဖက်ရည်ဆိုင်တွင်လည်း ငှက်ပျောခိုင်ကြီး ချိတ်ဆွဲထားတတ်ပါသည်။ တစ်လုံးတစ်ပြားနှင့် လိုချင်သည့်အလုံးကို ဖြုတ်စားနိုင်သည်။ ပိုဖြုတ်မည်တော့ မကြံပါလေနှင့်။ တစ်ပြားသာပေးပြီး နှစ်လုံးသုံးလုံး ဖြုတ်ယူမည်ကို စိုးရိမ်သောဆိုင်ရှင် ကုလားအဘိုးကြီးသည် တစ်နေရာရာမှ တစေ့တစောင့် အမြဲကြည့်နေတတ်ပါသည်။

(၃)

မောင်ပြုံးချိုသည် ပြည်သူ့၀န်ထမ်းအဖြစ် တာ၀န်ထမ်းဆောင်ချိန်များတွင်လည်း ငှက်ပျောသီးနှင့် အဆက်မပြတ်ခဲ့ပါ။ သူတာ၀န်ကျသော ဒေသသည်လည်း ငှက်ပျောသီးလှိုင်သော မြို့နယ်၊ ခရိုင်များ ဖြစ်ကြပါသည်။ အချို့နေရာများတွင်မူ ပေါများလှသည်ဟု မဆိုသာသော်လည်း မရှားပါးလှပါ။ သာယာ၀တီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ မတ္တရာ၊ ကျောက်ဆည်၊ ပုသိမ်၊ တောင်ကြီး။ ငှက်ပျောသီး အလွယ်တကူ ရနိုင်သည့် မြို့များ ဖြစ်ကြပါသည်။ အချို့မြို့များတွင်မူ ၀ယ်စားရသည်က နည်းပါသည်။

'အရာရှိ'မောင်ပြုံးချို အိမ်ပေါ်သို့ ငှက်ပျောခိုင်ကို ထမ်း၍ တတ်လာတတ်ကြသည်။ အချို့ငှက်ပျောခိုင်ကြီးများမှာ "ထိပ်ခေါင်တင်"ကြီးများ ဖြစ်ကြပါသည်။ အလုံးတွေကလည်း ထွားပါ၊ ချောပါဘိ။ အဖီးတွေနှင့် အပြည့်။ လှလိုက်သည့် ဖြစ်ခြင်း။

"ခြံထွက် ငှက်ပျောခိုင်ပါ။ အမြွတ်တနိုး ယူဆောင်လာခဲ့တာပါ"ဟု ငှက်ပျောခိုင် လက်ဆောင်ပေးသူက ဆိုတတ်သည်။ သို့သော် သူပြောသည့်အတိုင်း ဟုတ်ချင်မှ ဟုတ်မည်။ ဈေးထဲက ဝယ်လာသည်လည်း ဖြစ်နိုင်သည်။ ခြံထွက်ဆိုမှ အမြွတ်တနိုးတန်ဖိုးရှိသည် မဟုတ်ပါလော။

"ဘာကိစ္စများ ရှိတုံး"ဟု မေးမိသည်။

"ဟာ ဘာကိစ္စမှ မရှိပါဘူး။ သက်သက် လာကန်တော့တာပါ" ဟု ဆိုပြန်သည်။ ကန်တော့ပါသည် ဆိုသောသူသည် သူ့ထက် အသက်အရွယ်ကြီး နေတတ်ပါသည်။

သည်လို ပုဂ္ဂိုလ်မျိုးတွေကို အထူးဂရုစိုက် ပေါင်းသင်းရလေသည်။ သူ သယ်ယူလာသော ငှက်ပျောခိုင်သည် အဆိပ်အတောက် ဖြစ်နေတတ်လေသည်။

ဖက်ဆစ်ဂျပန် တော်လှန်စဉ်တုန်းက ငှက်ပျောသီးကို မသိုးထမင်း၊ မသိုး ဟင်းအဖြစ် အသုံးပြုခဲ့ရပါသေးသည်။ သာယာဝတီခရိုင်၊ မင်းလှ၊ အုတ်ဖိုဒေသ တွင် မောင်ပြုံးချိုတို့ လူစုသည် တစ်ရွာဝင် တစ်ရွာထွက် သွားလာရင်း ငှက်ပျောသီး ကို အမြဲဆောင်ထားကြသည်။ လှည်းပေါ်တွင် ငှက်ပျောသီး နှစ်ဖီး၊ သုံးဖီး နံရံတွင် ချိတ်လျက်အမြဲပါသည်။ ခြေကျင်လျှောက်ရလျှင် လွယ်အိတ်ထဲတွင် သုံးလေးလုံးစီ ထည့်လာတတ်ကြသည်။ အချိန်မှန် ထမင်းနှင့် မတွေ့ရ၍ ဆာ လောင်မွတ်သိပ်လာလျှင် ငှက်ပျောသီးကို စား၍ ရေသောက်ချင်တတ်ကြသည်။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော်က မောင်ပြုံးချို နယ်ပိုင် လုပ်ခဲ့ရ သော မန္တလေးခရိုင် မတ္တရာနယ်သည် ငှက်ပျောအထွက်များသောဒေသ ဖြစ်သည်။ ငှက်ဖျားထူသည်ဟု နာမည်ကြီးသည် ထို့ကြောင့် မတ္တရာ ရောက်လျှင် ငှက်ပျော သီး မစားဖို့ မန္တလေးရှိ မိတ်ဆွေများက ဩဝါဒ ပေးလိုက်ကြသည်။ မတ္တရာတွင် ငှက်ပျောသီးစားလျှင် ငှက်ဖျားဝင်တတ်သည် ဟု ဆိုကြသည်။ ထိုအဆိုကို အယုံ အကြည်မရှိသော မောင်ပြုံးချိုသည် မတ္တရာ၏ အနံ့အရသာနှင့် ပြည့်စုံသော ငှက်ပျောသီးအမျိုးမျိုးကို မရှောင်ခဲ့ပေ။

မတ္တရာတွင် နှစ်နှစ်ခန့် ကြာပြီးသောအခါ ငှက်ပျောသီးပေါသော ကျောက်ဆည်သို့ ပြောင်းရပြန်သည်။ ထို့ကြောင့် ဈေးသွားတိုင်း ပါလာသည့် ငှက်ပျောသီးပေါင်းစုံနှင့် နေ့စဉ် ရေစက်ဆုံနေရပြန်လေသည်။

http://www.cherrythitsar.org

မောင်ပြုံးချိုသည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော်အတွင်း နိုင်ငံခြားတိုင်းပြည်များသို့ တာဝန်အရ ရောက်ရှိသွားသောအခါ ငှက်ပျောသီးနှင့် များစွာ မဆုံဆည်းရတော့ချေ။ သို့သော် လုံးလုံးလျားလျား မမြင်ရ၊ မတွေ့ရသည်တော့ မဟုတ်ပါ။ အချို့ နိုင်ငံများတွင် ဧည့်ခံပွဲများ၌ ငှက်ပျောသီးကို အမြတ်တနိုး တည်ခင်းတတ်ပါသည်။ ပန်းသီး၊ စပျစ်သီး၊ သစ်တော်သီးနှင့် စားပွဲပေါ်တွင် တူယှဉ်တွဲနေသော ငှက်ပျောသီးများသည် မျက်နှာကြီးလှပါသည်။ ဧည့်သည်တို့သည် အခြားသော သစ်သီးများကို ကျော်လွှားကာ ငှက်ပျောသီးကို နှိုက်ယူတတ်ကြသည်။

"သိပ်ကောင်းတဲ့ ငှက်ပျောသီး မြည်းကြည့်စမ်းပါဦး"ဟု တိုက်တွန်းတတ်ကြသည်။

မိမိနိုင်ငံတွင် ငှက်ပျောသီးမျိုးစုံကို ဝဝစားနိုင်သူ မောင်ပြုံးချိုတို့အဖို့ ပန်းသီး၊ စပျစ်သီး၊ သစ်တော်သီး စသည်များကို နှိုက်ယူလိုကြသည်။ မြန်မာနိုင်ငံတွင် ငှက်ပျောသီး ပေါများသည်ကို သိသူရှိသလို မသိသူတွေလည်း တွေ့ရတတ်သည်။

"ခင်ဗျားတို့ နိုင်ငံကထွက်တဲ့ သစ်သီးတွေကို မြည်းပါရစေဦး။ ငှက်ပျောသီးကတော့ ကျွန်တော်တို့ နိုင်ငံမယ် အများကြီးရှိပါတယ်"ဟူသော စကားကို ကြားရသူ အချို့က အံ့သြသလို ဖြစ်သွားသည်။ ငှက်ပျောတစ်ဖီး၏ ပေါက်ဈေးကို ပြောပြလိုက်သောအခါ ပို၍ အံ့သြသွားပြန်သည်။

"ဟာ နိုင်ငံခြား မပို့ဘူးလား။ တို့နိုင်ငံမယ် သိပ်ဈေးကောင်းတယ်"ဟု ဆိုပြန်သည်။

"နောင်တော့ မပြောတတ်ဘူး။ ခုတော့ တို့နိုင်ငံမယ် ငှက်ပျောသီးထက် အရေးကြီးတဲ့ သီးနှံတွေ စိုက်နေရတယ်။ ငှက်ပျောသီးကို ဦးစားမပေးနိုင်သေးဘူး"ဟု ဖြေရလေသည်။

အမှန်ပင် ဖြစ်လေသည်။

လွန်ခဲ့သော ခုနစ်နှစ်လောက်က မောင်ပြုံးချို ဧရာဝတီတိုင်းသို့ ရောက်ရှိသွားသောအခါ တစ်ဆင့်စကား ကြားသိခဲ့ရသော အဖြစ်အပျက်တစ်ခု ရှိပါသည်။

http://www.cherrythitsar.org

မြို့နယ်တစ်ခုတွင် စပါးလယ်များတွင် ငှက်ပျောတွေ တိုးချဲ့စိုက်ကြသည်။ ငှက်ပျောက လတ်တလော ဝင်ငွေကောင်းသဖြင့် စပါးကို လက်လွှတ်ကာ ငှက်ပျောကို အစားထိုးနေကြခြင်း ဖြစ်သည်။ ထိုအကြောင်းကို ကြားသိရသော တိုင်းမှူးကြီးသည် အထူးပင် စိတ်မချမ်းမသာ ဖြစ်ရှာသည်။ ထိုစဉ်က တိုင်းမှူးသည် တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကောင်စီ ဥက္ကဋ္ဌအဖြစ် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် စီးပွားရေး အစစတာဝန်ယူထားရသူ ဖြစ်သည်။ တိုင်းမှူးက စပါးလယ်များကို ငှက်ပျောခြံ လုပ်ပစ်သူများအား ဥပဒေအရ အရေးယူရန် သက်ဆိုင်ရာဌာန ဝန်ထမ်းများကို ညွှန်ကြားသည် သို့သော်လည်း အကြောင်းကြောင်းတို့ကြောင့် အောင်မြင်သင့်သလောက် မအောင်မြင်ဘဲ ရှိနေသည်။ စင်စစ်အားဖြင့် ဒေသအလိုက် စပါးများကို အလုံအလောက် စိုက်ပျိုးရမည်။ ပိုလျှံသော စပါးများကို အစိုးရဒိုင်များကို ပေးသွင်းရောင်းချရမည် မဟုတ်ပါလား။

ထိုအတောအတွင်း ဆန်ရှားသည့် ပြဿနာ ဖြစ်ပေါ်လာသည်။ တိုင်းမှ လိုအပ်သည့် ဒေသများတွင် ကန့်သတ် ဈေးနှုန်းများဖြင့် ရောင်းချရန် သယ်ယူပို့ဆောင်ပေးနေရသည်။ စပါးလယ်များကို ငှက်ပျောခြံအဖြစ် ပြောင်းလိုက်သော ရပ်ကွက်ကျေးရွာများမှ လူအများကလည်း မိမိဒေသတွင် ဆန်ရှားနေသောကြောင့် ကုန်သွယ်ရေးမှ ဆန်များ ပို့ပေးရန် စာရေးတောင်းဆိုလာသည်။ တိုင်းမှူးကြီးသည် ပန်ကြားလွှာကို အပြန်အလှန် ဖတ်ရှုပြီးနောက် "ငှက်ပျောသီး စားကြပါ လူကြီးမင်းများ ခင်ဗျား"ဟု မှတ်ချက် ရေးချလိုက်သည် ဟူသတည်း။

ဧရာဝတီတိုင်းတွင် ငှက်ပျောသီး ပေါပါသည်။ မအူပင်၊ မြောင်းမြတစ်ဝိုက်တွင် ငှက်ပျောခြံတွေ အမြောက်အများ ရှိသည်။ ငှက်ပျောခိုင်တွေကို တင်ကာ ရန်ကုန်ဘက်သို့ လော်ခတ်သွားနေသည့် လှေသမ္ဗန်၊ သင်္ဘောတွေကို အခါမလပ် တွေ့မြင်နေကြရသည်။ ကျုံပျော်ဘက်မှ လာကြသူများလည်း ရှိပါသည်။ အချို့လည်း ကုန်းလမ်းမှ လော်ရီကားများဖြင့် သယ်ယူ ပို့ဆောင်ကြသည်။ ပုသိမ်မှ ဟင်္သာတသို့ သွားသည့် မီးရထားလမ်းပေါ်တွင် ရှိသော ယုန်တလင်း၊ ကမောက်စု ဘူတာများတွင်လည်း ငှက်ပျောသီးသည်တွေကို ရှုပ်ယှက်ခတ် တွေ့ရပါသည်။ အစုန်အဆန်ရထားများ ဆိုက်လျှင် ငှက်ပျောသီးဗန်းကို ကိုယ်စီရွက်ကာ တွဲဆောင်တွင် အခေါက်ခေါက် လျှောက်ရင်း အော်ဟစ်ရောင်းချနေသည့် အမျိုးသမီးများကို တွေ့ရသည်။

"တစ်ကျပ် သုံးဖီး၊ တစ်ကျပ် သုံးဖီး"

"ဖီးကြမ်းတွေ ဖီးကြမ်းတွေ"

"နံ့သာပု၊ နံ့သာပု တစ်ကျပ် လေးဖီး"

အသံမျိုးစုံကို ဆူညံနေအောင် ကြားရသည်။

မောင်ပြုံးချိုသည် ထိုလမ်းတွင် ခရီးသွားတိုင်း ငှက်ပျောသီး ဝယ်မြဲဖြစ်သည်။ ခရီးသည် လေးငါးရှစ်ယောက်ရှိသော ရထားတွဲခန်းထဲတွင် လူတိုင်းက လေးကျပ်ဖိုးစီ ဝယ်ယူတင်ဆောင်လိုက်လျှင် ရထားတွဲသည် လူစီးတွဲမှ ငှက်ပျောသီးတွဲအဖြစ် ပြောင်းလဲသကဲ့သို့ ဖြစ်သွားတတ်ပါသည်။ ယုန်တလင်းမှ ထွက်လာသော ရထားသည် ပုသိမ်သို့ မရောက်မီ ငှက်ပျောသီးသုံးဖီးလောက် ကုန်အောင် စားပစ်တတ်သည့် ဝဝဖိုင့်ဖိုင့် ဗိုလ်မှူးထွန်းရီကြီးကို သတိရမိလေသည်။ ကြီးများထွားကျိုင်းသော သူ့ခန္ဓာကိုယ်ကြီးနှင့်စာလျှင် ငှက်ပျောသီး သုံးဖီးသည် နည်းသေးသည် ဆိုရပါမည်။

(၄)

မောင်ပြုံးချိုသည် ခြံဝင်းအတွင်း လမ်းလျှောက်ရင်း ငှက်ပျောပင်များ အနီးတွင် ရပ်ကာ သူငယ်စဉ်ကတည်းကစ၍ တွေ့ဖူးကြုံဖူးသော ငှက်ပျောသီး အကြောင်းများကို ပြန်ပြောင်းစဉ်းစားနေမိလေသည်။

အနောက်ဘက် ခြံစည်းရိုး အုတ်နံရံတွင် ကပ်လျက် ငှက်ပျောပင်တွေ အပြိုင်းအရိုင်း ပေါက်နေကြသည်။ ပါကစ္စတန်၏ တောင်ပိုင်း ကရာချီမြို့ ပတ်ဝန်းကျင်တွင် ငှက်ပျောစိုက်သူ အတော်များများ ရှိလေသည်။ မြောက်ပိုင်းတွင်မူ စိုက်ပျိုးလေ့ မရှိကြသေး။ မိုင်ပေါင်း တစ်ထောင်ကျော်ခန့် ဝေးကွာသောအရပ်မှ သယ်ယူလာသည့် ငှက်ပျောသီးများကိုသာ ဈေးကြီးပေး၍ ဝယ်စားကြသည်။ အခွံစိမ်းစိမ်း အလုံးရှည်ရှည် သီးမွှေးမျိုးများ ဖြစ်ပါသည်။ ရာသီဥတု ပြင်းထန်သည့်အပြင် မော်တော်ကားကြီးများဖြင့် ခရီးရှည်ယူလာရသောကြောင့် အဖီးအခိုင်လှလှများကို တွေ့မြင်ဖို့ မလွယ်ပါ။ အလုံးကြွေများကိုသာ ဗန်းခင်း၍ ရောင်းတတ်ကြသည်။ တစ်လုံးလျှင် ပြားငါးဆယ်ခန့် ပေး၍ ဝယ်စားရသည်။ ငှက်ပျောသီးပေါသည့် မြန်မာပြည်မှလာသော မောင်ပြုံးချိုသည် ငှက်ပျောသီးကို အဘယ်မှာလျှင် ဈေးကြီးပေး၍ ဝယ်စားချင်အံ့နည်း။ ဧည့်ခံပွဲများရှိလျှင် စားပွဲလှရုံ ငှက်ပျောသီးကို

တည်ခင်းတတ်ပါသည်။ အကြောင်းဆိုက်တိုင်း ဧည့်သည်များအား ပြည်ထောင်စု မြန်မာနိုင်ငံတွင် ငှက်ပျောသီး ပေါများလှသည့် အကြောင်း ဦးကာချဲ့ ပြောရသည် မှာလည်း အရသာရှိလှပါသည်။

မြန်မာသံအမတ်ကြီးခြံဝင်းအတွင်းမှ ငှက်ပျောပင်များကို မောင်ပြုံးချို မရောက်မီ တခြားတစ်နိုင်ငံသို့ ပြောင်းရွှေ့သွားသည့် သံအမတ်ကြီး ဇနီးမောင်နှံ စိုက်ပျိုးထားခဲ့ကြခြင်း ဖြစ်သည်။ ယခင်က အစ္စလမ်မာဘတ်မြို့သူမြို့သားတို့ သည် ငှက်ပျောကို စိုက်ရကောင်းမှန်းပင် မသိကြ။ စိုက်လို့ ဖြစ်ထွန်းမည်ဟု လည်း ယူဆကြဟန် မတူ။ အစ္စလမ်မာဘတ်မြို့ကို ပါကစ္စတန်မြို့တော်သစ် အဖြစ် သတ်မှတ်လိုက်သောအခါ သံရုံးအသီးသီးတို့သည် မြို့တော်ဟောင်း ကရာချိ ကို စွန့်ခွာကာ ပြောင်းရွှေလာကြကုန်သည်။ မြန်မာသံအမတ်ကြီးသည် ကရာချိ မြို့မှ ပြောင်းရွှေ့လာသောအခါ မိမိခြံဝင်းအတွင်းရှိ ငှက်ပျောမျိုးများကို ယူဆောင် လာပြီး မြို့သစ်ရှိ အိမ်သစ်ခြံဝင်းထဲတွင် စိုက်ပျိုးခဲ့ခြင်းဖြစ်သည်ဟု သိရလေသည်။ မြန်မာနိုင်ငံတွင် 'ရခိုင်'ဟု ခေါ်တွင်သည့် ငှက်ပျောမျိုးများ ဖြစ်ကြပါသည်။ သူ့အမည်ကလည်း မြန်မာပြည်တွင်းမှာပင် ဒေသအလိုက် ပြောင်းလဲမှု ရှိသည်ဟု မောင်ပြုံးချို ကြားဖူးနားဝ ရှိပါသည်။

"ဒီ ငှက်ပျောသီးက ရခိုင်ပြည်နယ်ဘက်မယ် ကုလားငှက်ပျောလို့ ခေါ် ကြတယ်။ မြန်မာပြည် အလယ်ပိုင်းကျတော့ ရခိုင်ငှက်ပျောလို့ခေါ်ပြီး ရှမ်းပြည်နယ်ဘက်ရောက်တော့ ဗမာငှက်ပျောလို့ ခေါ်ကြတယ်ဗျ"ဟု မိတ်ဆွေ တစ်ဦး၏ပြောသံ ကြားဖူးလေသည်။

"ကရာချိ သံအမတ်ကြီး ခြံထဲမယ် စိုက်ထားတုန်းကတော့ အသီးစားဖို့ ရယ်လို့မဟုတ်ပါဘူး။ မုန့်ဟင်းခါး ချက်စားချင်တဲ့အခါ ငှက်ပျောအူ လွယ်လွယ် ရဖို့လောက် ရည်ရွယ်တာပါ"ဟု သံရုံးတွင် နှစ်ပေါင်းများစွာ လုပ်ကိုင်လာသော အလီဟူစိန် (ခေါ်) ဦးစိုးညွန့်က ပြောပြလေသည်။ သူသည် မြန်မာပြည်ဖွား ပါကစ္စတန်နိုင်ငံသား ဖြစ်သည်။ စစ်အတွင်းကတည်းက ဤနိုင်ငံသို့ ရောက်ရှိနေ သူ ဖြစ်သည်။ မြန်မာသံရုံး ဖွင့်စလောက်ကတည်းက တာဝန် ထမ်းဆောင်လာသူ ဖြစ်သဖြင့် သံရုံးကိစ္စမှန်သမျှတွင် ရှေ့မီနောက်မီ အတတ်သိသူ ဖြစ်သည်။

ယခုမူ ခြံဝင်းအတွင်းတွင် ငှက်ပျောပင်များ ပွားများလျက် ရုံကြီးတွေ ဖြစ်နေပါသည်။ တစ်ရုံလျှင် ဆယ်ပင်ထက် မနည်း။ အချို့ရုံများတွင် အပင်

http://www.cherrythitsar.org

နှစ်ဆယ်ကျော်ပါသည်။ မြေကောင်းရေကောင်းတွင် ငှက်ပျောပင်များသည် သား သမီး၊ မြေး၊ မြစ်၊ တီ၊ တွတ်တွေ တိုးပွားများပြားလျက်ရှိသည်။ သို့သော် ထွက် လာသည့် အသီးများသည် သေးငယ်ကြုံလှီလှသည်။ အခိုင်မလှ၊ အဖီး မများ၊ အသီးမထွား ဖြစ်နေပါသည်။ မောင်ပြုံးချိုသည် ငှက်ပျောရုံကြီးများကို ကြည့်ရင်း တူးဆွဖော်ထုတ်ဖြတ်တောက်၍ စနစ်တကျ ပြန်လည်စိုက်ပျိုးရန် လိုအပ်ပြီဟု စဉ်းစားမိလေသည်။

ထို့ကြောင့် မိုးတဖြောက်ဖြောက် ရွာသွန်းနေသည့် တစ်နေ့တွင် သူသည် တပည့်လက်သားများ အစုံအလင်ဖြင့် ငှက်ပျောရုံကြီးများကို ခုတ်ထွင် ရှင်းလင်း လိုက်လေသည်။ ငှက်ပျောပင်ကြီးများသည် မာလီမာမွတ်၏ လက်ချက်ဖြင့် အပိုင်းပိုင်းပြတ်လျက် ရှိလေသည်။ ခြံစောင့်အဘိုးကြီးနှစ်ဦးသည် အတုံးအရုံးဖြစ် နေသည့် ငှက်ပျောတုံးကြီးများ အခက်၊ အလက်၊ အရွက်များကို သယ်ယူကာ အမှိုက်ပုံးသို့ ပို့နေကြလေသည်။ ထို့နောက် ငှက်ပျောရုံဟောင်း နေရာများတွင် ကျင်းကျယ်ကျယ်တူးသည်။ ပင်ပျိုနှစ်ပင်စီ အမြစ်အဖျား ဖြတ်တောက်၍ ပြန် စိုက်သည်။

"အမယ်လေး၊ ဘယ်လိုလုပ်လိုတာလဲ ငှက်ပျောပင်တွေ ကုန်ပါပြီ။ မုန့် ဟင်းခါးချက်ရင် ဘယ်က ငှက်ပျောအူ သွားရှာမတုံး" တင်မကြီးက အလန့် တကြား အော်ဟစ်လေသည်။

"ဒီငှက်ပျောပင်တွေက မကောင်းတော့ဘူး။ အသီးလဲ ကောင်းကောင်း မသီးဘူး။ သီးပြန်တော့လဲ သေးသေးကွေးကွေးလေးတွေ။ အခုပြန်စိုက်တဲ့ ငှက်ပျောပင်တွေကျမှ အသီးထွားထွား၊ အဖီးများများ၊ အခိုင်လှလှကြီးတွေ ထွက် လာမှာ"ဟု မောင်ပြုံးချိုက နှစ်သိမ့်လိုက်လေသည်။ သို့သော် တင်မကြီးက မကျေနပ်။

"သူများစိုက်ထားတဲ့အပင်တွေ ခုတ်ပစ်တဲ့အလုပ်ကတော့ လွယ်တာပေါ့။ ပြန်ပြီးဖြစ်ထွန်းလာအောင် လုပ်ဖို့သာ ခက်တာပါ"ဟု ဆိုပြန်သည်။

"အပြစ်တင် မစောပါနဲ့။ မကြာခင် အဆင်း၊ အနံ့၊ အရသာနဲ့ ပြည့်စုံတဲ့ ငှက်ပျောသီး ကြီးကြီးတွေ ဝအောင်စားရပါလိမ့်မယ်။ မုန့်ဟင်းခါးချက်ဖို့ ငှက်ပျော အူ မရမှာလဲမပူပါနဲ့"ဟု မောင်ပြုံးချိုက ယုံကြည်ချက်အပြည့်နှင့် ပြောလိုက်လေ သည်။ ထိုအခါ သူ့ဇနီးက

"စောင့်ကြည့်ရသေးတာပေါ့ရှင်"တဲ့။

❁

# နံနက်ချိန်ခါ

(၁)

နွေဦး။

အစွာလမ်မာဘတ်မြို့၏ နံနက်ခင်းသည် သာယာလှပေသည်။

မြန်မာသံအမတ်ကြီး၏ နေအိမ်ခြံဝင်းအတွင်းရှိ သစ်ပင်၊ ပန်းမန်တို့သည် စိမ်းလန်းစိုပြည်လျက်ရှိသည်။ နွေဦးနှင့်အတူ ဖူးပွင့်ကုန်သည့် ပန်းမျိုးစုံတို့သည် အပင်တိုင်းတွင် ဝေဆာနေသည်။ ကျေးငှက်သာရကာတို့သည် တစ်ပင်မှ တစ်ပင်သို့ ကူးလူး ပျံသန်းနေကြသည်။ တီတီတာတာ ကျူးရင့်နေကြသည်။

ဆင်ဝင်ပေါ်မှ လှမ်းကြည့်လိုက်လျှင် နှင်းဆီပွင့်ရောင်စုံတို့သည် မြက်ခင်း ပတ်ပတ်လည်လည်တွင် မြိုင်မြိုင်ကြီး ဖူးပွင့်နေသည်ကို တွေ့ရသည်။ ခြံတိုင်း တွင် ကပ်လျက် နွယ်တက်နေသည့် ပဲလိပ်ပြာပန်းပင်များသည်လည်း အဖူး၊ အပွင့်တွေနှင့် ရောင်စုံခြယ်ထားလေသည်။

လက်ဝဲဘက် ခြံတံတိုင်းတွင် ကပ်လျက်ရှိသည့် ကျောက်ပန်းပင် မြင့်မြင့် များမှာလည်း မြနန်း ပြသာဒ်ကြီးများကဲ့သို့ စိမ်းရောင်စိုနေလေသည်။ ထိုပန်းပင် ပန်းရုံ၊ ပန်းပွင့်တို့အလယ်တွင်မှ မတ်မတ်ကြီးထောင်လျက်ရှိသည့် အလံတိုင် ထိပ်ဖျားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အလံသည် လေခတ်တိုင်း တဖျပ်ဖျပ် လှုပ်ရှားနေလေသည်။

အလံတော်သည် အမိနိုင်ငံ၏ အချုပ်အခြာ၊ အာဏာပိုင်ခြင်း၏ အထိမ်း

http://www.cherrythitsar.org

အမှတ်ပါတကား။

မြန်မာသံအမတ်ကြီး၏ နေအိမ်သည် တိုင်းတစ်ပါးရောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖြစ်သည်။ မြန်မာသံရုံးသည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်ပေသည်။

တိုင်ထိပ်ဖျားတွင် တဖျပ်ဖျပ်လှုပ်ရှားနေသည့် အလံတော်နှင့် အတူ မောင်ပြုံးချို၏ နှလုံးသားသည်လည်း တဆတ်ဆတ် ခုန်နေလေသည်။

အိမ်တွင်းရှိ ဘုရားစင်ရှေ့မှ တင်မကြီး၏ ဘုရားဝတ်ပြုသံကို ကြားရလေသည်။ သူသည် နံနက်စောစောတွင် ဆွမ်း၊ ပန်း၊ ရေချမ်းများ ကပ်လှူနေခြင်း ဖြစ်လေသည်။ ဆင်ဝင်ပေါ်တွင် ရပ်လျက်ရှိသော မောင်ပြုံးချိုသည် ခြံဝင်း တံခါးပေါက်တွင် ထိုင်နေသည့် နေ့စောင့်အဘိုးကြီး၏ အသံကိုလည်း သဲ့သဲ့ ကြားနေရသည်။ သူသည် ကိုရမ်ကျမ်းကို ဦးခေါင်းတလှုပ်လှုပ်နှင့် ခပ်တိုးတိုး ဖတ်နေခြင်း ဖြစ်သည်။

မောင်ပြုံးချိုသည် ခြံဝင်းပြင်ဘက် လမ်းဘေးတွင်ရှိသည့် ပိုးစာပင်ကြီးကို လှမ်းကြည့်မိသည်။ ဆောင်းတွင်းတုန်းက အအေးဒဏ်ကြောင့် အရွက်တွေ ကြွေကျ၍ အရိုးပြိုင်းပြိုင်းသာ ကျန်ခဲ့သော ထိုအပင်ကြီးသည် ယခု ရွက်သစ် တဝေဝေ ဖြစ်နေလေပြီ။ အဖူးအပွင့်များပင် ထွက်နေပါပြီ။ မကြာမီ အသီးတွေ စုံပေတော့ မည်။ အနီးအနားမှ လူငယ်တစ်သိုက်သည် ပိုးစာသီးများကို လာ၍ ခူးဆွတ်တတ် ကြသည်။ ထိုအခါမျိုးတွင် နေ့စောင့်အဘိုးကြီးနှင့် တကျက်ကျက်။ ချိုဖန့်ဖန့် အရသာရှိသည့် ပိုးစာသီးမှည့်များကို ကလေးများ ကြိုက်နှစ်သက်ကြသည်။ အချို့က ဖျော်ရည်လုပ်၍ သောက်ကြသည်။ မောင်ပြုံးချိုတို့ သမီးငယ်များပင် ပိုးစားသီးမှည့်ချိန်တွင် မကြာခဏပင် အပင်ပေါ်တက်ကာ အသီးခူးတတ် ကြသည်။ သည်အခါများကျတော့လည်း လိမ့်ကျမည်ကို စိုးရိမ်တတ်သည့် အိမ်ကလူကြီးတွေ က တဟဲ့ဟဲ့...။

ဟိမဝန္တာတောင် စွယ်အခြေတွင် တည်ထားသည့် အစ္စလမ်မာဘတ်မြို့ ကွက်သည် ပြန့်ပြန့်ဖြူးဖြူး ညီညီညာညာ မရှိလှ။ အနိမ့်အမြင့် အတက်အဆင်း တွေ ရှိသည်။ မောင်ပြုံးချိုသည် ဆင်ဝင်ပေါ်တွင် ရပ်လျက် မညီညာသည့် အဆောက်အအုံသစ်တို့၏ ခေါင်မိုးများကိုကျော်ပြီး ရှေ့တည့်တည့်တွင် ရှိသည့် တောင်တန်းကို ငေးကြည့်နေလေသည်။ ရုတ်တရက်ဆိုလျှင် မန္တလေးမြို့ အနီးမှ ရန်ကင်းတောင်တန်းနှင့် ခပ်ဆင်ဆင်တူသည်။ အမြင့်လည်း ရန်ကင်းတောင်

လောက်ပင် ရှိပေလိမ့်မည်။ ထိုတောင်တန်းကို ပါကစ္စတန်သားတို့က 'မန်ဂလာ တောင်တန်း'ဟုခေါ်ကြသည်။ မောင်ပြုံးချိုတို့ကမူ မြန်မာဆန်ဆန် 'မင်္ဂလာ တောင်တန်း'ဟု သမုတ်ထားကြလေသည်။ မင်္ဂလာရှိသည့် စကားကိုဆိုကြခြင်း ဖြစ်သည်။ ထိုတောင်တန်းသည် နွေနှင့်ဆောင်းတွင် ခြောက်သွေ့နေပြီး မိုးခါတွင်မှ အနည်းငယ် စိမ်းလန်းလေသည်။ ဤမှာဘက်တွင် သစ်ပင်ကြီးဟူ၍ မရှိ။ ချုံပင် နွယ်ပင်တို့သာ ရှိသည်။ မိုးရေရသော ထိုမှာဘက်တွင်မူ ထင်းရှူးပင်များ ရှိလေ သည်။

မောင်ပြုံးချိုအဖို့ ထိုတောင်တန်းငယ်ကို ကြည့်ရသည်မှာ တစ်စုံတစ်ခု လိုနေသလို ဖြစ်နေလေသည်။ ဘာလိုနေပါသနည်း။ အမိမြန်မာနိုင်ငံတွင်မူ တောင် ရှိလျှင် ဘုရားတည်ပြီးသား ဖြစ်ပေလိမ့်မည်။ တောင်ပေါ်တိုင်းတွင် ရွှေပြောင်ပြောင် ဘုရားကို မတွေ့ရစေကာမူ ထုံးဖွေးဖွေးနှင့် စေတီများကိုတော့ ဖူးတွေ့ရပေမည်။ ယခုမူ 'မင်္ဂလာတောင်တန်း'သည် ဗလာကျင်းနေသည်။ အမိနိုင်ငံတွင် ဤကဲ့ သို့သော အလျားခပ်ရှည်ရှည်နှင့် မမြင့်လွန်းသော တောင်တန်းတစ်ခု မြို့နှင့် မနီးမဝေး၌ ရှိလျှင်မူ စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်၊ ဘုရားတွေနှင့် မြိုင်နေပေ လိမ့်မည်။မောင်ပြုံးချိုသည် ထိုတောင်တန်းညိုညိုပေါ်တွင် သူ့စိတ်ကူးနှင့်သူ စေတီကလေးများတည်သည်။ ကျောင်းဆောင်သည်။ စောင်းတန်းများ သွယ် တန်းသည်။ ထိုခဏ၌ သူ့မျက်စိထဲတွင် ဘုရား၊ ပုထိုး တံခွန်တိုင် ကုသိုလ်တွေနှင့် မြိုင်နေသည့် မင်္ဂလာတောင်တန်းကြီး ပေါ်ထွန်းလာလေသည်။

သူသည် စစ်ကိုင်းတံတားကြီးပေါ်မှ မျှော်မှန်းတွေ့မြင်ရသည့် စစ်ကိုင်း တောင်ရိုးကြီးကို မြင်ယောင်နေသည်။ ကိုအံ့ကြီး စစ်ကိုင်းတောင် သီချင်းကို ကြားယောင်နေသည်။ မတ္တရာမီးရထားပေါ်မှ တွေ့မြင်ရသော မန္တလေးတောင်၊ ရန်ကင်းတောင်များကို သတိရနေလေသည်။

မောင်ပြုံးချိုသည် ရောက်စနှစ် ဆောင်းတွင်းတုန်းက ထိုတောင်ထိပ်သို့ တက်ခဲ့ဖူးသည်။ စစ်သံမှူးနှင့် တတိယအတွင်းဝန်တို့လည်း ပါသည်။ သုံး အိမ်ထောင်မှ သားတွေ၊ သမီးတွေလည်း ပါသည်။ စားစရာ၊ သောက်စရာများ ကို သယ်ယူသွားကြပြီး တောင်ထိပ်ရောက်မှ ရှားရှားပါးပါး သစ်ခက်ခြောက်များ ဖြင့် ရေနွေးအိုးတည်ကာ လက်ဖက်ရည်၊ ကော်ဖီများကို ဖျော်ကြသည်။ ပျော်ပွဲ စား ထွက်လာသကဲ့သို့ စားကြ၊ သောက်ကြသည်။ တင်မကြီးတစ်ယောက်သာ တောင် မတက်နိုင်၍ ကျန်ရစ်ခဲ့သည်။ လူငယ်တွေအဖို့ ပျော်စရာကြီးပေတည်း။

တောင်ထိပ်မှ အစ္စလမ်မာဘတ် တစ်မြို့လုံးကို အပေါ်စီးမှ အတိုင်းသားမြင်ရသည်။ မြို့ကလည်းအသစ်၊ အကွက်ချထားပုံကလည်း စနစ်ကျ၊ အဆောက်အအုံတွေကလည်း ခေတ်ဆန်ဆန်အသစ်တွေချည့်ဖြစ်သဖြင့် ရှုမငြီးအောင် လှပသည့်မြင်ကွင်းကို တွေ့မြင်ရသည်။ မောင်ပြုံးချိုလည်း လူငယ်တွေနှင့်အတူ မဂ်လာတောင်ထိပ်ပေါ်မှ လေကောင်းလေသန့်ကို ရှူခဲ့ရသည်။ ကြည်နူးရွှင်ပြုံးခဲ့ရသည်။ သို့သော်လည်း နောက်တစ်ကြိမ်တော့ မစွန့်စားရဲတော့ပေ။ တစ်နှစ်ဆိုလျှင် တစ်နှစ်ဇရာက သိသိသာသာ စကားပြောလာပြီ မဟုတ်လား။

"လူငယ်တွေနှင့် ပြိုင်ပြိုင်ပြီး လူစွမ်းကောင်း မလုပ်နဲ့နော်။ ကိုယ့်အသက်အရွယ်လဲကြည့်ဦး"ဟု တင်မကြီးက ဩဝါဒ ပေးသည်။ ထို့ကြောင့် မောင်ပြုံးချိုသည် ပြည်ပရောက် မြန်မာခြေလျင်နှင့် တောင်တက်အသင်းမှ ထွက်လိုက်ရလေသည်။

အိမ်ရှေ့လမ်းမကြီးပေါ်တွင် အသွားအလာ ရှိနေလေပြီ။ သို့ရာတွင် အခြားမြို့ကြီးမှာကဲ့သို့ ရှုတ်ယှက်ခတ်မနေ ယာဉ်အသွားအလာ ခပ်ကျဲကျဲသာ ရှိသည်။ ထို့ပြင် လမ်းမကြီးမှာလည်း ရန်ကုန်ရှိဦးဝိစာရလမ်းကဲ့သို့ အလယ်တွင် ကျွန်းခံ၍ အသွားလမ်း၊ အပြန်လမ်း ခွဲခြားထားသောကြောင့် ပိုရှင်းနေလေသည်။ ကျွန်းပေါ်တွင် စိုက်ပျိုးထားသည့် ပန်းအိရောင်စုံတို့သည် အရွက်ကိုပင် မတွေ့ရ။ အပွင့်တွေနှင့်သာ လွှမ်းနေသဖြင့် အလွန်လှနေသည့် အချိန်ဖြစ်သည်။ ဆေးရောင်ကားချပ်ကဲ့သို့ စိုပြည်နေသည်။ လက်ဆော့ခြေဆော့ ဖွဲ့ယူခူးဆွတ်သွားကြခြင်းလည်း မရှိ။ ထို့ကြောင့် လှချင်တိုင်း လှနေကြပြီး အချိန်တန်မှသာ ကြွေကျပျက်ပြုန်းသွားကြကုန်သည်။

လမ်းမကြီးကို ကြည့်ရသည်မှာလည်း တစ်စုံတစ်ခု လိုနေသလို ဖြစ်နေပြန်ပါပြီ။ သူကြည့်လို မြင်လိုသည့် လှုပ်ရှားမှုများကို သည်လိုနိုင်ငံ လမ်းပေါ်တွင် မတွေ့ရ။ သည်လို သာယာသော နံနက်ခင်းတွင် အမိမြန်မာနိုင်ငံရှိ မြို့ရွာများ၏ လမ်းများပေါ်တွင် သပိတ်ပိုက်ကာ ဆွမ်းခံကြွလာကြသည့် ရဟန်းသံဃာများကို တွေ့မြင်ရပေမည်။ ကျေးရွာများတွင် 'ဆွမ်းတော်ဖျို့'ဟူသော အသံ၊ ကြေးစည်ငယ် ရိုက်ခတ်သံများ ကြားရပေမည်။ ယခုမူ သင်္ကန်းဝါဝါရောင်ပင် မတွေ့မြင်ရပါတကား။

မောင်ပြုံးချိုသည် ငေးရင်း တွေးနေလေသည်။

(၂)

မာမွတ် ရောက်လာပေပြီ။

သူသည် မောင်ပြုံးချို မရောက်မီကတည်းက သံအမတ်ကြီးအိမ်တွင်မာလီ အလုပ်ကို လုပ်ကိုင်ခဲ့သူဖြစ်သည်။ သို့သော် သူ့အလုပ်ကို သူ ကျွမ်းကျင်စွာ မလုပ်ကိုင်တတ်။ သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးနည်းကိုလည်း သူ ကောင်းစွာမသိ။ ယခင် သံအမတ်ကြီးကတော်က သူ့ကို စိုက်နည်း၊ ပျိုးနည်း၊ ရေလောင်းနည်း၊ မြေဩဇာသုံးနည်း အစ အထူးဂရုစိုက်သင်ကြားပေးသည်ဟု သိရသည်။ သို့သော် မာမွတ်သည် ပေးသည့်ပညာကို မယူတတ်။ သူ့ဘာသာသူလည်း လုပ်ကိုင်တတ်ခြင်း မရှိ။ လက်ညှိုးထိုးခိုင်းသမျှကိုသာ သူ လုပ်တတ်လေသည်။ အလုပ်ထဲတွင်လည်း စိတ်ဝင်စားဟန် မတူ။ ငွေဝင်ကောင်းသည့် ရေနံထွက် အာရပ်နိုင်ငံများသို့ သွားရောက် အလုပ်လုပ်ရန်သာ ဆန္ဒပြင်းပြနေသူ ဖြစ်သည်။ သူသည် ဤအလုပ်တွင် သစ်မရမီ ဝါးကိုပေါင်းကွပ်နေခြင်း ဖြစ်လေသည်။ မောင်ပြုံးချိုတို့က လူဟောင်းမို့ သံယောဇဉ်ရှိကြသည်။ သူ ထွက်သွားလျှင်လူသစ်ရှာဖို့လည်း လွယ်လှမည်တော့ မဟုတ်။ နားလည်ပါးလည်နှင့် အားကိုးရသည့် မာလီမျိုးဆိုလျှင် လခကောင်းကောင်းပေးရမည်ဟု ဆိုလေသည်။ ဘယ်သံရုံးမှာ လုပ်နေတဲ့ မာလီက လခဘယ်လောက်ရတယ်ဟုလည်း လေသံပစ်နေကြသည်။

မာမွတ်သည် မြက်ခင်းကို လက်တွန်းစက်နှင့် ရိတ်နေလေသည်။ မြက်ခင်းထဲတွင် မလိုအပ်သည့် မြက်ကြမ်းတွေ၊ အခြားပေါင်းပင်တွေ ပေါက်စပြုနေလေသည်။ တင်မကြီးက ထိုအပင်ကြမ်းတွေကို နုတ်ပစ်ရန် ပြောသည်။ မာမွတ် နားမလည်။ အူရဒူစကားနှင့် ပြောရမှာကလည်းမတတ်။ ထို့ကြောင့် မောင်ပြုံးချို မာမွတ်ကို လက်ယပ်ခေါ်ရသည်။ မလိုသည့်အပင်ကို နုတ်ပြရသည်။ သည်တော့မှ မာမွတ် လုပ်တတ်လေတော့သည်။

အိမ်၏ လက်ဝဲဘက် အုတ်တံတိုင်းတွင် ထားဝယ်မှိုင်းနှင့် တိုက်ပန်းပင်တွေ နွယ်တက်ကာ ဖုံးအုပ်လျက်ရှိသည်။ အဆုပ်လိုက်၊ အခဲလိုက် ထားဝယ်မှိုင်းပန်းပွင့်တို့မှ ခပ်သင်းသင်း အနံ့တို့သည် ကြိုင်လှိုင်နေသည်။ ထမင်းစားပွဲတည်ခင်းရာတွင် ထိုပန်းခက်များကို စားပွဲအလယ်တွင် အလှားလိုက်ချထားလျှင် အလွန် ပနံရသည်။ လှသည်သာမက သင်းရနံ့ကလည်း ကြိုင်သည်။ အိမ်ရှင် မောင်ပြုံးချို၊ တင်မကြီးတို့က ထိုပန်းအကြောင်း ဧည့်သည်များအား မကြာခဏ ဦးကာချဲ့ပြကြရသည်။ တစ်ခါတစ်ရံလည်း အရွက်ကို ရွက်ချပ်လိုက် မုန့်ရည်စိမ်၍

ဖြစ်စေ။ မြန်မာပြည်မှာကဲ့သို့ နုပ်နုပ် လှီးကာ မုန့်ရည် ပျစ်ပျစ်နှင့် အယှက်လုပ်၍ ဖြစ်စေ ကြော်၍ ယမကာပွဲတွင် တည်ခင်းသည်။ သည်အခါကျတော့လည်း အကြော်ကြော်နည်း နိဿရည်းကို ခပ်ထွေထွေ သံအမတ်ကြီး ဇနီးမောင်နှံတို့အား ရှင်းလင်း ပြောပြန်ရပြန်သည်။ ထိုအခါ ကျွတ်ကျွတ်ဝါးရင်း "အရသာရှိလိုက်တာ"ဟု ချီးကျူးတတ်ကြသည်။

တကယ်ပင် ကြိုက်နှစ်သက်သလော သံတမန်တို့၏ ပရိယာယ်လော၊ ဘယ်သူသည် ဒိဋ္ဌပြောနိုင်အံ့နည်း။

ထားဝယ်မှိုင်းပင်တွေ အနီးမှာပင် ငှက်ပျောပင်တွေကို တန်းစီ၍ စိုက်ထားသည်။ ယခင် သံအမတ်ကြီးလက်ထက်ကတည်းက စိုက်ပျိုးထားခဲ့ခြင်းဖြစ်သည်။ ယခုဆိုလျှင် ငှက်ပျောပင်အုံကြီးများသည် အတော်ကြီးထွားလျက် ရှိလေပြီ။ အချို့အုံကြီးများကို တူးဆွဖော်ထုတ်ပြီး အမြစ်အုံကို ဖြတ်လှီးကာ အသစ်ပြန်စိုက်ထားကြရသည်။ စိုက်ထားသည့်ငှက်ပျောမျိုးတွေမှာ ကောင်းလှသည်တော့မဟုတ်။ မြန်မာပြည်တွင် ရခိုင်ဟုခေါ်သည့် ငှက်ပျောမျိုးများပင် ဖြစ်သည်။ ရာသီဥတု ကြောင့်လော သို့မဟုတ် မြေဆီမြေနှစ် အဆင်မသင့်၍လော မပြောတတ်။ အသီးထွက်လာသောအခါ လက်ညှိုး၊ လက်မလောက်ထက် ပို၍မကြီး။ တစ်ခိုင်တွင်လည်း သုံးလေးဖီးထက် ပိုမရှိ။ သို့သော် စားကြည့်လျှင်တော့ အရသာရှိလှသည်။ ရနံ့သင်း၍ ချိုလှသည်။ သေးငယ်သည့် အသီးအခိုင်များ ဖြစ်သောကြောင့် မည်သူမဆို တစ်ခိုင်လုံးကို တစ်ထိုင်တည်းကုန်အောင် စားနိုင်ကြပေလိမ့်မည်။

သည်အထဲကပင် မြန်မာသံအမတ်ကြီးအိမ်မှ ငှက်ပျောသီးသည် နာမည်ကြီးလှပါသည်။

"ခင်ဗျား ခြံထဲက ငှက်ပျောသီးဟာ သေးသေးလေးနဲ့ သိပ်အရသာ ရှိပါကလား"ဟု စုံစမ်းမေးမြန်းသူတွေ မရှားပါ။

"ကျွန်တော့်ခြံထဲ စိုက်ချင်လို့ မျိုးပင်ကလေးတွေ မရနိုင်ဘူးလား"ဟု တောင်းဆိုလာသည့် သံအမတ်ကြီးများလည်း ရှိပါသည်။

သည်လိုအခါမျိုးတွင် မောင်ပြုံးချိုက ငှက်ပျောပင်ပေါက်ကလေးများသာမက စိုက်ပျိုးနည်းကိုပါ ပြသပေးရလေသည်။

မောင်ပြုံးချိုအဖို့တော့ ထိုငှက်ပျောပင်များသည် မုန့်ဟင်းခါးချက်ရာတွင်သာ အများဆုံးအသုံးပြုကြလေသည်။ မုန့်ဟင်းခါးကိုလည်း တစ်ပတ်တစ်ခါလောက် ချက်စားကြသည်။ ဆန်ကြမ်းနှင့် သို့မဟုတ် ဂျုံနှင့် ပြုလုပ်ထားသော အမျှင်သေးသေးမုန့်များကို အလွယ်တကူ ဝယ်၍ရသည်။ ကရာချိမှ ရောက်ရှိလာသော ပင်လယ်ငါး၊ ငါးရွှေကိုလည်း ရနိုင်သည်။ တစ်ခါတစ်ရံ ရေချိုငါး၊ ငါးခူများကိုလည်း ရတတ်သည်။ ငှက်ပျောအူကလည်း ခြံထဲတွင် အဆင်သင့်။ ထို့ကြောင့် မုန့်ဟင်းခါးနှင့် ကြာရှည်စွာ ကွေကွင်းမနေနိုင်သည့် မြန်မာအိမ်သူအိမ်သားတို့အဖို့ အလွန်အဆင်ပြေနေလေသည်။

(၃)

မောင်ပြုံးချိုသည် အိမ်နောက်ဘက်သို့ လှည့်လျှောက်လာသည်။ ငှက်ပျောပင်တွေနှင့် တစ်တန်းတည်းတွင် ဒန့်သလွန်ပင်ကြီးက ရွက်ညောင်းတွေကြွေပြီး ရွက်သစ်နုတွေ ဝေနေလေပြီ။ ထိုအပင်က အသီးတော့ များစွာမသီး။ ရာသီဥတု လွန်ကဲမှုကြောင့်ပင် ထင်သည်။ ‘ဒန့်ဒလွန်သီး ကကူရုံခြောက်’ဟု မောင်ပြုံးချိုတို့ ငယ်ငယ်က မကြာခဏ ရွတ်ဆိုဖူးသော်လည်း ဒန့်သလွန်သီးမရှိသည့်အတွက် ကကူရုံခြောက်နှင့်ရောကာ ချက်မစားခဲ့ရ။ ဒန့်ဒလွန် အသီးအရွက်များကို ဈေးထဲတွင်လည်း မတွေ့ရ။ သည်အပင်မျိုး သည်နိုင်ငံတွင် ရှိမှရှိပါလေစ။ မန္တလေးမှ ပြောင်းရွှေ့ ရောက်ရှိလာသည့် အိန္ဒိယသံရုံးမှအရာရှိ ဇနီးမောင်နှံသည် မောင်ပြုံးချိုတို့အိမ်သို့ ရောက်လာတိုင်း ဒန့်သလွန်ရွက်များကို တောင်းဆိုသွား တတ်ကြလေသည်။ အသီးမရဘူးလားဟုလည်း မေးတတ်သည်။

ဒန့်သလွန်ပင်၏တစ်ဖက်တွင် ပြည်ပန်းညိုပင် ရှိသည်။ နွေဦးတွင် အပွင့်ဝါတွေနှင့် ထိန်နေသည်။ အရွက်နုတွေလည်း ထွက်နေပြီ။ မောင်ပြုံးချိုတို့အဖို့ ဟင်းချိုခတ်အတွက် မပူရတော့။ ဒန့်သလွန်နှင့် ပြည်ပန်းညိုတွေ အဆင်သင့်။

ခြံထောင့်တွင်မူ ခရမ်းကစော့ပင် အုပ်လျက်ရှိသည်။ အပွင့်တွေ အသီးတွေနှင့် အခိုင်လိုက် အခိုင်လိုက် ပြွတ်နေသည်။ ပြုတ်တို့ရလျှင် ငါးပိရည်နှင့် လိုက်ဖက်ဖြစ်သည်။ ငါးပိရည်ကို ချွေတာနေရ၍ ခရမ်းကစော့သီးတွေ မကုန်နိုင်အောင် ဖြစ်နေလေသည်။

အိမ်နောက်ဘက် ကွက်လပ် ချဉ်ပေါင်ခင်းတွင် တစ်ထွာတစ်မိုက် ချဉ်ပေါင်ပင်များ ပေါက်နေပါပြီ။ မြန်မာပြည်မှ ယူဆောင်လာခဲ့သည့် ချဉ်ပေါင်မျိုးဖြစ်သည်။ ရောက်စနှစ်က သည်အခင်းတွင် စိုက်ပျိုးခဲ့ရာ ဖြစ်ထွန်းလှသည်။ ချဉ်ပေါင်ကြော်၊ ချဉ်ပေါင်ဟင်း မပြတ်စားသုံးခဲ့ရသည်။ ယခုနှစ် ပေါက်နေသည့် ချဉ်ပေါင်ပင်ငယ်များသည် မြန်မာနိုင်ငံမှ ယူဆောင်လာသည့် ချဉ်ပေါင်မျိုးတို့၏ သားမြေးများ ဖြစ်ကြလေသည်။

ထိုအခင်းတစ်ဖက်တွင် ကန်စွန်းခင်း ရှိသည်။ ကန်စွန်းမျိုးစေ့များကို ထိုင်းသံရုံး ပထမအတွင်းဝန်ကတော်ထံမှ ရရှိထားခြင်းဖြစ်သည်။ သူပေးသည့် မျိုးနှင့်ပင် စိုက်ပျိုးခဲ့ရာ ယခင်နှစ်က ကန်စွန်းခင်းသည် အတော်ဖြစ်ထွန်းခဲ့သည်။ ဆောင်းတွင်းတွင် အားလုံးသေကုန်လေသည်။ ယခုနှစ် မိုးဦးကျတွင် ပြန်စိုက်ရဦးမည်။ ချဉ်ပေါင်နှင့် ကန်စွန်းမှာ ပါကစ္စတန်တွင် မရှိသည့် ဟင်းရွက်များဖြစ်သည်။ သည်လိုမှ မိမိဘာသာ စိုက်ပျိုးမစားလျှင် ဝေရာမဏိရန်သာ ရှိတော့သည်။

အိမ်နောက်ဘက်အစွန်းနှင့် ကပ်လျက် ပေါက်နေသည့် သဘော်ပင်ကြီးကား အတော်ကြီးထွားနေပါပြီ။ လုံးပတ်ထွာဆိုင်လောက် ရှိသည်။ ယခင် သံအမတ်ကြီးလက်ထက်ကတည်းက ရှိနေသည့်အပင် ဖြစ်လေသည်။ ထိပ်ပိုင်းကျိုးကျပြီး အကိုင်းတွေ ဖြာထွက်နေသည်။ အသီးတွေလည်း ရှိသည်။ သို့သော် မှည့်ခဲလှသည်။ ရင့်၍မှည့်တော့မည်အချိန် ဆောင်းဝင်တော့သည်။ ထိုအခါ အအေးလွန်ပြီး မမှည့်တော့ချေ။ တဖြုတ်ဖြုတ် ကြွေကုန်တော့သည်။ ထို့ကြောင့် မှည့်သည်အထိ မစောင့်တော့ဘဲ အစိမ်းကိုသာခူးဆွတ်ကာ လက်သုပ် လုပ်စားကြသည်။ ချဉ်ရည်ဟင်း ချက်ကြသည်။ သဘော်သီးသုပ် ကြိုက်လှသည့် ထိုင်းသံရုံးပထမအတွင်းဝန် မောင်နံ့တို့သည်လည်း သဘော်သီးစိမ်းများကို မကြာခဏ တောင်းဆိုတတ်ကြသည်။ သူတို့ကလည်း ထိုင်းငံပြာရည် လက်ဆောင်ပါးသည်။

အစောင့်များနှင့် ကားမောင်းသူ မဂျစ်တို့မိသားစု နေထိုင်ရာ အဆောက်အအုံ၏ နံဘေးတွင် ကပ်ပေါက်နေသော မာလကာပင်သည် မောင်ပြုံးချိုတို့ ရောက်သည့်နှစ်က အတော်များများသီးသည်။ မျိုးကောင်းမာလကာဖြစ်သဖြင့် သမီးတို့အတွက် ပဒေသာပင် ဖြစ်နေလေသည်။ မဂျစ်တို့ သားသမီးများ လက်ဦးမသွားအောင် စောင့်ကြပ်ရသည်မှာ သူတို့အဖို့ အလုပ်ကြီးတစ်ခု ဖြစ်နေလေသည်။

ချဉ်ပေါင်ခင်းနှင့် ယှဉ်လျက် တိုင်ထောင်ပဲ ခေါ် ပဲတောင့်ရှည်ပင်တွေ တန်းပေါ်တွင် နွယ်တက်စ ပြုနေလေပြီ။ ယမန်နှစ် နွေတုန်းကလည်း စိုက်ခဲ့သည်။ အသီးများများ မသီး။ အညွန့်တွေ၊ အရွက်တွေသာ ချုံဖြစ်အောင် ထခဲ့သည်။ သန်လွန်းသဖြင့် အသီးမသီးခြင်း ဖြစ်သည်ဟု ဆိုကြသည်။ အရွက်တွေကို ခြွေခဲ့သည်။ အညွန့်တွေကို မကြာခဏဖြတ်၍ ကြော်ချက်ချက်ခဲ့သည်။ သို့ရာတွင် အသီးတော့ ထင်သလောက် ထွက်မလာ။ ယခုနှစ် ဘယ်လိုလာဦးမည် မသိသေး။

ကန်စွန်းခင်း၏ တစ်ဖက်တွင်မူ ကွမ်းပင်ဆယ်ပင်ကို မောင်ပြုံးချို ကိုယ်တိုင် အထူးဂရုပြု၍ စိုက်ပျိုးထားသည်။ ပါကစ္စတန်တွင် ကွမ်းဈေးအလွန်ကြီးသည်။ တစ်ပိသာ သုံးလေးရာ ပေးရသည်။ ကွမ်းရွက်များကို ယခင် အရှေ့ ပါကစ္စတန် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မှာယူတင်သွင်းရသည်။ သို့ရာတွင် အကြောင်းမျိုးမျိုးကြောင့် လိုသလောက် မတင်သွင်းနိုင်။ ပါကစ္စတန်တွင်လည်း ရာသီဥတု လွန်ကဲမှုကြောင့် စိုက်လို့မဖြစ်။ ထို့ကြောင့် ကွမ်းဈေးသည်အဆမတန် ကြီးမားနေခြင်း ဖြစ်လေသည်။ ကွမ်းရွက်တစ်ရွက်ကို နှစ်ပိုင်း၊ သုံးပိုင်း ပိုင်းကာ ယာထားသည့် ကွမ်းယာတစ်ယာလျှင် တစ်ကျပ်မှ ငါးကျပ်အထိပေး၍ ဝယ်စားကြရသည်ဟု ဆိုသည်။

မောင်ပြုံးချိုတို့ မြန်မာပြည်မှအလာ ကရာချိကို ဖြတ်သန်းလာစဉ် ပါကစ္စတန်အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်နေသူ ဦးလှမောင်၏ နေအိမ်တွင် ကွမ်းပင်များကို တွေ့ခဲ့ရသည်။ သူ့အိမ်နောက်ဘက် ခြံဝင်းအတွင်း ဝယ်ကွမ်းပင်တွေကို အိုးဖြင့်ထည့်ကာ စိုက်ပျိုးထားသည်။ အပင်ပေါင်း တစ်ရာကျော် နှစ်ရာခန့်ရှိမည်ထင်သည်။ သစ်ဝါးရှားသောဒေသဖြစ်၍ ကွမ်းပင်များနွယ်တက်ရန် ဝါးတိုင်များအစား သွပ်နန်းကြိုးများကို သွယ်တန်း၍ ပေးထားသည်။ အပင်များ ရေနိုင်နိုင်လောင်းသဖြင့် စိမ်းလန်းစိုပြည်နေသော်လည်း အရွက်များမှာ ကြီးသင့်သလောက်မကြီး၊ အကြီးဆုံးအရွက်သည် လက်ဖက်ရည် အကြမ်းပန်းကန် အဝမျှသာရှိသည်။ အရွယ်မကြီးခြင်းမှာ ကွမ်းပင်တို့သည် သစ်ဆွေး၊ ဝါးဆွေးများကို အမြစ်ဖြင့် ကုတ်ကတ်မတက်ရသောကြောင့် ဖြစ်လိမ့်မည် ထင်ရလေသည်။ မောင်ပြုံးချိုသည် ကွမ်းမကြိုက်သော်လည်း ကွမ်းပင်စိုက်လိုသည့်ဆန္ဒ ပြင်းပြလာသည်။

"အစွလမ်မာဘတ်မယ် စိုက်ကြည့်ဦးမယ်"ဟု သူက ဆိုသည်။

"မရဘူးထင်တယ်။ အဲဒီမယ် နွေအခါတော့ သိပ်ပူပြီး ဆောင်းတွင်းကျတော့ အေးလွန်းတယ်" ဦးလှမောင်က ပြောသည်။

"စမ်းကြည့်တာပေါ့ဗျာ"

"စမ်းပါ၊ ကျွန်တော့်ဆီက မျိုးတွေပေးပါ့မယ်"

မောင်ပြုံးချိုသည် ရောက်သည့်နှစ် နွေရာသီတွင် ဦးလှမောင်ထံမှ ပို့လိုက်သည့် ကွမ်းမျိုးကို ငါးပင်ခန့်ခွဲ၍ စိုက်ပျိုးသည်။ ရေနိုင်နိုင် လောင်းပေးသည်။ ဖြစ်ထွန်းပါသည်။ ကွမ်းပင်တို့သည် ထောင်ပေးသည့်သစ်ကိုင်းကို အမြစ်ဖြင့်ကုတ်ကာ လူတစ်ရပ်ကျော်အထိ တက်သွားသည်။ အရွက်တွေလည်း ဖြာထွက်လာသည်။ အရွယ်အစားလည်း ဦးလှမောင် ကွမ်းရွက်ထက်ကြီးသည်။ မောင်ပြုံးချိုသည် ဝမ်းသာမဆုံး။ သည်လိုဆိုလျှင် အိမ်နောက်ဘက်ကို ရှင်းပြီး ကွမ်းခြံကြီးဖန်တီးလိုက်မည်။ တစ်နေ့လျှင် ကွမ်းရွက်တစ်ပိဿာရောင်းနိုင်လျှင် အနည်းဆုံးငွေသုံးရာ ဝင်ငွေရှိမည်။ ကွမ်းမှ တစ်လဝင်ငွေသည်။ သံအမတ်ကြီးလခထက်ပင်များနေပြီ။ ကွမ်းသူဌေးကြီး ဖြစ်တော့မည်။

"ဦးလှမောင်ရေ၊ ကျွန်တော့်ကွမ်းပင် သိပ်ဖြစ်နေပြီ။ အရွက်တွေလဲ ကြီးတယ်။ အပင်တွေလဲ သိပ်သန်တာပဲ"

မောင်ပြုံးချိုက တယ်လီဖုန်းဖြင့် သတင်းပို့သည်။

"ဒီလိုဆို ဝမ်းသာစရာကြီးပဲ"ဟု ဦးလှမောင်က ထောမနာပြုသည်။

"ဦးလှမောင်ဆီက မျိုးပင် ထပ်လိုချင်သေးတယ်"

"မျိုးကတော့ လိုသလောက်ရတယ်။ ဒါပေမယ့် ဆောင်းတွင်းကို စောင့်ကြည့်ပါဦး"

သူပြောသည့်အတိုင်း ဆောင်းတွင်းကို စောင့်ကြည့်ခဲ့သည်။ ကွမ်းပင်တို့သည် ဆောင်းကုန်မခံ။ အေးလွန်းသော ရာသီဒဏ်ကြောင့် အရွက်တွေ တဖြည်းဖြည်း ဝါကာ တဖြုတ်ဖြုတ် ကြွေကျကုန်သည်။ ထို့နောက် အပင်တွေ ခြောက်ကုန်လေတော့သည်။ ဖြစ်လာသော ကွမ်းပင်တွေ ပျက်ကုန်လေပြီ။

ယခုနှစ် နွေဦးတွင် ကွမ်းပင်တွေ ထပ်စိုက်ပြန်ပါပြီ။ ရှင်သန်စ ပြုလာပါပြီ။ အပူကြိုက် အပင်များဖြစ်၍ နွေဦးရာသီတွင် စိမ်းလန်းစိုပြည်နေသည်။ ရေကိုဖောဖောသီသီ လောင်းပေးသည်။ မာမွတ်ကို စိတ်မချ။ မောင်ပြုံးချို ကိုယ်တိုင်

ရေလောင်းသည်။ မြေတောင်မြှောက်ပေးသည်။ တိုင်ထူပေးသည်။ အမြစ်တွယ်ကပ်နိုင်အောင် ပြုလုပ်ပေးသည်။ လာမည့်ဆောင်းတွင်း အအေးဒဏ်ကို ခံနိုင်အောင် ပလပ်စတစ် အမိုးအကာတွေ ပြုလုပ်ပေးမည်ဟု စိတ်ကူးထားလေသည်။ သို့သော် ဆောင်းရာသီကို ကျော်လွှားရှင်သန်မည်ဟုကား တထစ်ချ မပြောနိုင်သေး။

မောင်ပြုံးချိုသည် အိမ်နောက်ဘက်တွင်ရှိ စိုက်ပျိုးခင်း အလယ်တွင် လမ်းလျှောက်ရင်း ကြည်နူးနေလေသည်။ သူ စိုက်ပျိုးပြုစုထားသည့် သစ်ပင်ပန်းပင်တွေကို ကြည့်ရင်း ရွှင်ပြုံးနေလေသည်။

"ခြံထဲက ဆရာကြီး ရှစ်နာရီထိုးတော့မယ်နော်"

အိမ်ထဲမှ တင်မကြီး၏အသံ ထွက်ပေါ်လာသည်။

"ဧည့်သည်တစ်ယောက်လဲ လာဦးမယ်ဆို"

နောက်ဆက်တွဲအသံကလည်း လိုက်လာသည်။

မှန်ပေသည်။ သံအမတ်သစ်တစ်ဦး မောင်ပြုံးချိုအား လာရောက်တွေ့ဆုံရန် ချိန်းဆိုထားသည်။

သူသည် အိမ်ထဲသို့ ဝင်လာခဲ့လေသည်။

ချိန်းဆိုထားသည့် သံအမတ်ကြီးအား ဧည့်ခန်းမှ စောင့်ကြိုရပါဦးမည်။

# ကျူရှင်ဆရာ မောင်ပြုံးချို

"ပီယူတီ...ပွတ်= ထည့်သည်"

"ဘီယူတီ...ဘွတ်= သို့သော်"

တစ်ဖက်ခန်းမှ သမီးငယ် စာဖတ်သံကို နားထောင်ရင်း မောင်ပြုံးချိုသည် ပြုံးနေရာမှ မဲ့သွားလေသည်။

"ဟဲ့ မိုး...ဘီယူတီ ဘွတ် မဟုတ်ဘူး။ ဘီယူတီ ဘတ်ပါ"ဟု သမီးလတ် ခိုင်က ပြင်ပေးသည်။

"ပီယူတီ ပွတ်ဆိုရင် ဘီယူတီ ဘွတ်ရမှာပေါ့"မိုးကဆင်ခြေတက်သည်။

ဟဲ့ မဟုတ်ဘူး။ ပီယူတီ ပွတ်ဆိုပေမဲ့ ဘီယူတီကျတော့ ဘွတ် မဟုတ် ဘူး။ ဘတ်" သမီးကြီးမိက ခိုင်ကို ထောက်ခံလိုက်သည်။

"ပီယူတီ ပွတ်ဆိုရင်တော့ ဘီယူတီ ဘွတ်ရမှာပဲ။ ဒါမှမဟုတ်ရင် ပီယူတီ ပတ်ဖြစ်ရမယ်"

မိုးသည် အလျှော့မပေး။ သူ့အကြောင်းပြချက်နှင့်သူ ခေါင်းမာနေလေ သည်။

"ကဲ...တို့ပြောတာ မယုံရင် ဖေဖေ့မေး"

မိနှင့် ခိုင်တို့၏ အသံသည် ပြိုင်တူထွက်ပေါ်လာသည်။ ကျူရှင်ဆရာ မောင်ပြုံးချို ခေါင်းနားပန်းကြီးသွားလေသည်။ ဘယ်လို ဖြေရပါ့မလဲ။

သမီးသုံးယောက်စလုံး သူ့ရှေ့မှောက်သို့ ရောက်လာကြလေသည်။

"ဖေဖေ ဘီယူတီ ဘွတ် မဟုတ်လား"ဟု မိုးက သူ့ရှေ့တွင် ရပ်လျက် နမိတ်ပြမေးခွန်းကို မေးလေသည်။

"မဟုတ်ဘူး သမီး၊ ဘတ်"ဟု မောင်ပြုံးချိုက ဖြေသည်။

"ကဲ–တို့ မပြောဘူးလား"ဟု မိနှင့်ခိုင်က ပြိုင်တူဆိုသည်။

"ပီယူတီပွတ်ဆိုပြီး ဘီယူတီကျတော့ မဘွတ်ဘဲ ဘာပြုလို့ ဘတ် ဖြစ်သွားရတာလဲ" မိုးသည် ထပ်ဆင့်မေးခွန်း ထုတ်နေပြန်လေသည်။

ထိုမေးခွန်းကို ကျူရှင်ဆရာ မောင်ပြုံးချို ရုတ်တရက် မဖြေတတ်။ ဦးခေါင်းကို ကုတ်ကာ အတန်ကြာအောင် စဉ်းစားနေသည်။ ကျူရှင်ဆရာ အလုပ်သည် မလွယ်လှပါတကား။ စိပ်ရှုပ်စရာ ကောင်းလှသည်ဟု တွေးမိလေသည်။

"ဖေဖေလဲ မသိဘူး။ ရှေးဆရာ့ဆရာကြီးများက အဲဒီလို အသံထွက်ရမယ်လို့ သင်ခဲ့တာပဲ"ဟု ဖြေရန်သာ ရှိတော့သည်။ သည်လိုဆိုလျှင်လည်း တပည့်တွေက ကျူရှင်ဆရာကြီးကို အထင်သေးဦးမည်။ ထို့ကြောင့် မောင်ပြုံးချိုသည် ပညာရှိပီပီ စကားကြီးဆယ်ခွန်းတွင် တစ်ခွန်းအပါအဝင်ဖြစ်သည့် ဆင်ဖော့ရန်ရှောင်စကားကို သုံးလိုက်လေသည်။

"ဒီစာက သမီးတို့ နားလည်အောင် အရှည်ကြီး ရှင်းပြနေရမှာ။ ဖေဖေအခု မအားသေးဘူး။ အလုပ်တွေ သိပ်များနေသေးတယ်။ နောက်မှ ဖြည်းဖြည်းရှင်းပြမယ်။ အခုတော့ ပီယူတီ ပွတ်၊ ဘီယူတီ ဘတ်လို့ပဲ ကျက်နေဦး"ဟု ပြောပြလိုက်သည်။

အလုပ်တွေ များနေသည်ဆိုသော မောင်ပြုံးချို ပြတင်းပေါက်မှ ငေးကြည့်ရင်း တွေးနေလေသည်။ အိမ်ရှေ့အလံတိုင်ထိပ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အလံတော်သည် လေဖော့တိုင်း တဖျပ်ဖျပ် လှုပ်ရှားနေလေသည်။ ထိုမှလွန်၍ မျှော်လိုက်သော် အစ္စလမ်မာဘတ်မြို့၏ နောက်ကျောမှ မန်ဂလာတောင်တန်းကြီးကို တွေ့မြင်ရလေသည်။ မနေ့ညက ရွာသွန်းထားသောမိုးကြောင့် တောင်တန်းကြီးသည် စိမ်းစိုနေလေသည်။ နိမ့်ချည်မြင့်ချည် လှိုင်းထနေသလိုဖြစ်သည်။ တောင်တန်းတခိုတွင် တိမ်မြူများသည် အပြာရောင် လွှမ်းသည့် ကောင်းကင်ဝယ် ပြေးလွှားနေကြလေသည်။ မောင်ပြုံးချိုသည် အလံတော်ကြီးကို ကြည့်ရင်း မိမိနိုင်ငံဆီသို့ စိတ်ရောက်သွားသည် မန်ဂလာတောင်တန်းကြီးကို မြင်ရပြန်သောအခါ သူရောက်နေသည့် ပါကစ္စတန်နိုင်ငံအကြောင်းကို စဉ်းစားမိပြန်သည်။ သို့သော် သည်အကြောင်းတွေကို ကြာရှည်စွာ စဉ်းစားမနေနိုင်။

http://www.cherrythitsar.org

ချက်ချင်း လက်ငင်း ဖြေရှင်းနေရသည့် ပြဿနာရှိနေပါသည်။ ထိုပြဿနာများမှာ မိမိနှင့်အတူ တိုင်းတစ်ပါးသို့ ပါလာသည့်သမီးငယ်သုံးဦး၏ ပညာရေးပင် ဖြစ်ပါသည်။ အင်္ဂလိပ်စာ လိုက်နိုင်အောင် သင်ကြားပေးရေးသည် အရေးကြီးဆုံးသော ပြဿနာဖြစ်နေပါသည်။

သူ့အတွေးသည် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်သို့ နောက်ပြန်ဆုတ်ကာ ရောက်ရှိသွား လေသည်။ သူငယ်ငယ်က အင်္ဂလိပ်စာကို ဘုန်းကြီးကျောင်းမှ စသင်ခဲ့ရသည်။ အဘွားသည် မိမိမြေးကို အင်္ဂလိပ်စာတတ်စေလိုသည်။ သာသနာပြု ကျောင်းများသို့ အပ်နှံလိုက်ပါက မိမိမြေး ခရစ်ယာန် ဖြစ်သွားမည် ကိုလည်း စိုးရိမ်သည်။ ထို့ကြောင့် အင်္ဂလိပ်စာ သင်ကြားပေးနိုင်သည့် ဘုန်းတော်ကြီး တစ်ကျောင်းကို ရှာကြံ၍ အပ်နှံသည်။ အင်္ဂလိပ်စာလုံး အသံထွက်များကို အသံမှန် မထွက်သဖြင့် ဘုန်းတော်ကြီး ဦးသောဘိတ၏ မာန်မဲငေါက်ငမ်းခြင်းကို ခံခဲ့ရသည်။ သည်အကြောင်းများကို တွေးမိသော မောင်ပြုံးချိုသည် ယခုထက်တိုင် ကျောချမ်းနေသေးသည်။

အင်္ဂလိပ်ကျောင်းသို့ ပြောင်းရွှေ့လာခဲ့သောအခါတွင်လည်း ပြင်ပတွင် ကျူရှင်မယူဘဲ အတန်းဆရာ၊ ဆရာမများ သင်ကြားသည်များကို မှန်မှန် ကျက်မှတ်ခြင်းဖြင့် တစ်နှစ်တစ်တန်း အောင်မြင်ခဲ့သည်များကို တွေး၍ ပီတိ ဖြစ်နေမိပြန်လေသည်။ သူ့သားကြီး၊ သမီးကြီးများလည်း ပညာစုံ၍ တိုင်းပြည် တာဝန်ထမ်းဆောင်နေကြလေပြီ။ သူတို့ ငယ်စဉ်က ပြင်ပက ကျူရှင်ကျောင်းတွေ ခေတ်စားစပြုနေစေကာမူ မည်သည့်ကျူရှင်ကျောင်းတွင်မှ ဟုတ္တိပတ္တိ မနေခဲ့ကြပါ။ သို့သော် တစ်ခုတော့ ရှိပါသည်။ သမီးငယ်မိချို တက္ကသိုလ်ဝင်တန်း ရောက်သော အခါ အိမ်နီးနားချင်း လွှတ်တော်ရှေ့နေကြီး ဦးတင်ညွန့်က စေတနာ ဗရပွနှင့် အင်္ဂလိပ်စာ သင်ကြားပေးခဲ့လေသည်။ ကျောင်းလခလည်း မပေးရ။ စာမေးပွဲအောင်ကာမှ ကိတ်မုန့်တစ်လုံးနှင့်သာ ကန်တော့ရသည်။ သည်လို ကျူရှင်ဆရာများတော့ ရှာမှရှား။ သားလတ် 'ဖိုးဂိတ်' တက္ကသိုလ်ဝင်တန်း ရောက်ချိန်ကလည်း အင်္ဂလိပ်စာလိုက်နိုင်ရန် ကမာရွတ် ဦးခင်မောင်လတ် ကျောင်းသို့ ခေတ္တပို့ခဲ့ရသည်။ ဆရာထင်လင်း၏ ကောင်းမှုကြောင့် စာမေးပွဲတွင် ချောမောစွာ အောင်မြင်သွားသဖြင့် ကျေးဇူးတင်ရပြန်ပါသည်။

"ကိုယ့်ဘာသာကိုယ် သားသမီးတွေ သင်ပေးနိုင်ရဲ့နဲ့ ဘာပြုလို့များ သူများဆီ ပို့နေရသေးလဲ"ဟု ဆွေမျိုးတွေက ဆိုကြပါသည်။

မသင်နိုင်ပါ။ မသင်ချင်ပါ။ စိတ်မရှည်ပါ။ ရန်ကုန်ရုံးတွင် အလုပ်ကလည်း များလှပါသည်။ ထို့ကြောင့် အလုပ်များလှသဖြင့် သင်မနေနိုင်ပါဟုသာ အကြောင်း ပြလိုက်ပါသည်။ စာသင်ပေးရမည့်အလုပ်ကို ဝေးဝေးက ရှောင်ခဲ့ပါသည်။ ရုံးမှ အိမ်ပြန်ရောက်လျှင် နွမ်းနယ်နေပါပြီ။ စာသင်ဖို့ ထားဘိဦး၊ စာဖတ်ဖို့ပင် စိတ် မပါတော့ပါ။ တစ်ခါတစ်ရံ သူတို့တွေ အသံထွက် စာကျက်သည်ကိုပင် နားညည်း သည်ဟု ထင်ပါသည်။

ယခုတော့ ဘယ့်နည်းရှိစ။

သမီးငယ်သုံးဦး မောင်ပြုံးချိုနှင့်အတူ တိုင်းတစ်ပါးသို့ လိုက်ပါလာကြ သည်။

'မိ'က ရှစ်တန်း။
'ခိုင်'က ခုနစ်တန်း။
'မိုး'က ငါးတန်း။

ရောက်လျှင်ရောက်ချင်း သူတို့တစ်တွေ ကျောင်းအပ်ရေးကို ဆွေးနွေးကြ သည်။ ဤနိုင်ငံတွင် ကျောင်းများ၌ ဘာသာရပ်အသီးသီးကို အူရဒူဘာသာဖြင့် သင်ကြားကြသည်။ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားသည့်ကျောင်း မရှိပါသလော။ ရှိပါသည်။

အမေရိကန်သံရုံးက ကြီးမှူးဖွင့်လှစ်သော အပြည်ပြည်ဆိုင်ရာ ကျောင်းတွင် အပ်နှံမည်လော။ အားလုံးသောဘာသာရပ်များကို အင်္ဂလိပ်လို သင်သည်။ အဆင့် အတန်းမြင့်သည်။ သင်ကြားပုံ သင်ကြားနည်း ခေတ်မီသည်။ သံတမန် အဖွဲ့ အစည်းဆိုင်ရာ ပုဂ္ဂိုလ်များ၏ သားသမီးများပင် ထိုကျောင်းတွင် ထားကြသည်။ ထို့ကြောင့် ပေါင်းသင်းဆက်ဆံရေး ကောင်းသည်ဟု ဆိုကြသည်။ သို့သော်– –သို့သော် သို့သော် အတွေးအများကြီး နောက်ကလိုက်လာပါသည်။ ထိုသို့သော် တွေအနက် အရေးကြီးဆုံး သို့သော်မှာ ကျောင်းလခဈေးကြီးခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် မောင်ပြုံးချိုတို့တတွေ ထိုနာမည်ကျော်ကျောင်းကို အဝေးက ရှောင်ကြ ကုန်၏။

နောက်တစ်နေ့ ကျောင်းရှာကြပြန်သည်။ တွေ့ပါပြီ။ နေအိမ်နှင့်လည်း မဝေးလှ။ ဘာသာတိုင်းကိုလည်း အင်္ဂလိပ်ဘာသာဖြင့် သင်ကြားသည်။ ကျောင်း လခလည်းမများ။ စည်းကမ်းသေဝပ်မှုလည်း ရှိသည်။ အစစအရာရာ လုံခြုံမှုလည်း

ရှိသည်။ ဤကျောင်းမှာ စံပြအမျိုးသမီးကျောင်း ဖြစ်သည်ဟု ဆိုကြပါသည်။ ထို့ကြောင့် မောင်ပြုံးချိုသည် သမီးငယ်သုံးဦးကို ထိုကျောင်းတခါင် အပ်နှံလိုက်သည်။

ကျောင်းအပ်ပြီးသောအခါ ဒုတိယသို့သော်လည်း နောက်တော်ပါးမှ ထပ်ကြပ်မကွာ လိုက်ပါသည်။ ထိုသို့သော်မှာ အင်္ဂလိပ်စာအတွက် အခက်ပြဿနာဖြစ်ပါသည်။ သူတို့တတွေသည် မြန်မာပြည်တွင် ဘာသာတိုင်းကို မြန်မာဘာသာဖြင့် သင်ကြားခဲ့ရသည်။ ငါးတန်းမှစ၍သာ အင်္ဂလိပ်စာကို သင်ကြားခဲ့ရသည်။ ယခု အင်္ဂလိပ်စာကို သီးသန့်ဘာသာအဖြစ် သင်ကြားရမည့်ပြင် ဘာသာတိုင်းကိုလည်း အင်္ဂလိပ်စာဖြင့် သင်နေကြရသည်။ သင်္ချာကို တါက်တတ် ချက်တတ်ပါသည်။ သို့သော် ပုစ္ဆာကို နားမလည်သောကြောင့် ဘာလုပ်ရမှန်း မသိ။ အိမ်တွင်းမှုသိပ္ပံ၊ သမိုင်း၊ ပထဝီ၊ သင်္ချာ အမျိုးမျိုး ဘာသာရပ်တိုင်းကို အင်္ဂလိပ်စာဖြင့် လေ့လာသင်အံ့ရသောအခါ အရပ်ကူပါ လူဝိုင်းပါနှင့် မနိုင်မနင်း ဖြစ်ကုန်ပါတော့သည်။

"အင်္ဂလိပ်စာ ကျူရှင်ယူဖို့ လိုတယ်"

ကျောင်းအုပ်ဆရာမကြီးက ဤသို့ အကြံပြုလာသည်။ ထို့ကြောင့် ကျူရှင်ဆရာ ရှာကြသည်။ သည်အလုပ်ကလည်း မလွယ်ပါတကား။ မြန်မာ ပြည်မှာကဲ့သို့ မြို့တိုင်းရွာတိုင်း ရပ်တိုင်းတွင် ကျူရှင်ကျောင်းတွေ မှိုလိုပေါက် မနေပါ။ သတင်းစာများတွင် ကျူရှင်ကြော်ငြာများကိုလည်း မတွေ့ရပါ။ မိတ်ဆွေသင်္ဂဟများ၏ အကူအညီဖြင့် အိမ်တိုင်ရာရောက် လာသင်နိုင်မည့် ကျူရှင်ဆရာမကို ဒေါင်းတောက်အောင် ရှာကြသည်။ မရ။ ဆရာ့အိမ်ကို သွားသင်ရမည်ဆိုသည်။ ဈေးနှုန်းကလည်း မနည်းလှ။ တစ်နေ့တစ်နာရီ အင်္ဂလိပ်စာသက်သက်ကို သင်ပေးမည်။ တစ်လလျှင် ရူပီး ရှစ်ရာ။ အခြား တစ်ယောက်က ငါးရာ။ သို့သော် အိမ်နှင့်အလှမ်းဝေးသည်။ ကလေးတွေကို နေ့စဉ်နေ့တိုင်း ပို့ရကြိုရမည့် အလုပ်ကလည်း ရှိသေးသည်။ နောက်ဆုံးတွင် မိမိအိမ်နှင့်မနီးမဝေးမှ ဆရာမကြီးတစ်ဦးကို တစ်နေ့ တစ်နရီသင် တစ်လသုံးရာနှင့် ဈေးတည့်လေသည်။

သမီးငယ်များသည် မွန်းလွဲပိုင်း ကျောင်းဆင်းသည်နှင့်တစ်ပြိုင်နက် ကတိုက်ကရိုက် နေ့လယ်စာစားကာ ဆရာမကြီး အိမ်သို့ သွားကြရသည်။ ကျူရှင်က ပြန်လာသည်နှင့် ကျူရှင်စာရော ကျောင်းစားပါ ကျက်မှတ်ရသည်။ တွက်ကြချက်ကြရသည်။ သူတို့သုံးယောက်စလုံး အင်္ဂလိပ်စာနှင့် နပန်းလုံး နေကြရသည်။ သူတို့ဖြစ်အင်ကို မြင်နေရသော မိဘနှစ်ပါးမှာလည်း စိတ်မောလှသည်။ သို့

နပန်းလုံးပွဲတွင် ကျူရှင်ဆရာမကြီး မည်မျှ ကူညီပေးနိုင်မည်နည်း။ သူတို့သည် ကျူရှင်ဆရာမကြီးထက် မိဘများကို အားကိုးနေဟန် ရှိသည်။ ထို့ကြောင့် မိဘများ ကိုယ်တိုင်ပင် ထိုနပန်းလုံးပွဲတွင် ဝင်နွှဲရလေတော့သည်။

"ကဲ ဒီနေ့ ဘာတွေ သင်လိုက်သလဲ"

ကျူရှင်မှပြန်လာသော သားသမီးများအား မောင်ပြုံးချိုက လှမ်းမေးလိုက်လေသည်။

"ဒီနေ့ ဘာမှ မသင်ဘူး ဖေဖေ။ သမီးတို့ကို စာကျက်ခိုင်းထားပြီး ဆရာမကြီးက မီးဖိုထဲမယ် ချာပါတီ ဖုတ်နေတယ်"ဟု ဖြေလေသည်။

နောက်တစ်နေ့တွင် ထိုမေးခွန်းကို မောင်ပြုံးချိုက ထပ်၍မေးသည်။

"ဒီနေ့ စာကူးခိုင်းထားတယ် ဖေဖေ၊ တိရစ္ဆာန်တွေ အမည်တွေလေ။ ဒီအိုဂျီ ဒေါ့။ ဂျီအိုအေတီ ဂုတ် ဆိုတာတွေပေါ့"ဟု သမီးလတ် ခိုင်က ဖြေသည်။

"ဆရာမကြီးက ဘာမှ မသင်ပေးဘူးလား"

"သူကတော့ ဧည့်သည်တွေ ရောက်နေလို့ စကားပြောနေရတယ်"

နောက်တစ်နေ့...

"ဒီနေ့တော့ သမီးတို့ကို မီးနင်းကျက်ခိုင်းထားတယ်။ ဆရာမကြီးက ခေါင်းကိုက်လို့တဲ့၊ အခန်းထဲမယ် အိပ်နေတယ်"ဟု သမီးကြီးမိက ဆိုသည်။

"တယ်ဟုတ်ပါလား။ ဒီလို ကျူရှင်မျိုးများ ပေးချင်သား။ စာကျက်ခိုင်း၊ စာကူးခိုင်းနဲ့ အလားကား ကျူရှင်ခ ရနေတာပဲ"ဟု တင်မကြီးက ပြောလိုက်သည်။

"ဒီလိုဆိုရင်တော့ တစ်လသုံးရာ ပေးနေရတာ အလကားပေါ့..."ဟု မောင်ပြုံးချိုက မြည်တမ်းလေသည်။

"ငွေကုန်ကျိုး မနပ်ပါဘူး။ အိမ်မယ် ဒီထက်မက သင်ပေးနိုင်သေးတယ်"ဟု တင်မကြီးက ဆိုသည်။

"ဒါဖြင့်လဲ အိမ်ကကျူရှင်ဆရာမကြီးနဲ့သင်ပေါ့"မောင်ပြုံးချိုက သူ့ဇနီးကို တာဝန်ပေးသည်။

"ဟာ ဒီတာဝန်တော့ မယူပါရစေနဲ့။ အိမ်အလုပ်တွေက များရတဲ့အထဲ ပြီးတော့ ဒီက စာလဲ မသင်တတ်ပါဘူး။ ဒီအလုပ်က အဖေကြီးနဲ့ အတော်ဆုံးပါ၊ ပြီးတော့ ကိုယ်ကလဲ ငယ်ငယ်က ကျူရှင်ဆရာ လုပ်ခဲ့ဖူးတယ် မဟုတ်လား"တင်မကြီးက ရှည်လျားစွာ တိုက်တွန်းနေလေသည်။

"ဟုတ်တယ် ဖေဖေ၊ သမီးတို့ ကျူရှင်မသွားချင်တော့ဘူး။ ဖေဖေပဲ အိမ်မယ် သင်ပေးပါ"ဟု မိုးက အဆိုပြုသည်။

"စာလဲ ကောင်းကောင်းသင်တာ မဟုတ်ဘူး။ သူဟာသူ အိပ်ချင် အိပ်နေ၊ ချာပါတီ ဖုတ်ချင်ဖုတ်နေနဲ့ပဲ"ဟု မိနှင့်ခိုင်က ဆိုကြပြန်သည်။

မောင်ပြုံးချိုက တွေဝေသွားသည်။

"ဟုတ်သားပဲရှင်။ သွားရလာရနဲ့ အကျိုးလဲ မရှိဘူး။ ငွေလဲ ကုန်သေး။ သုံးရာဆိုတဲ့ငွေဟာ နည်းတာမဟုတ်ဘူး။ အခု ဆန်ဈေးတက်သွားလို့ အလျင်လ ထဲကဆိုရင် ဒီငွေနဲ့ အကောင်းစား ဆန်တစ်အိတ်ရတယ်"တင်မကြီး သည် ကျူရှင်ခကို ဆန်ဖိုးနှင့် နှိုင်းယှဉ်ပြလိုက်လေသည်။

"ကိုက အလုပ်အများသား၊ ဧည့်ခံပွဲတွေကလဲ ညတိုင်းလိုလို ရှိနေတာ တော်တော်ကြာ အချိန်ယူပြီး အသင်နိုင်ရင် တစ်ဒုက္ခ၊ ပြီးတော့ စာသင်ရတာ အပျင်းသား၊ မှန်မှန်မသင်နိုင်လို့ စာမေးပွဲ ကျနေဦးမယ်"မောင်ပြုံးချိုက တာဝန် ရှောင်လိုက်သည်။

"မကျပါဘူး ဖေဖေရယ်။ သမီးတို့လဲ ကြိုးစားမှာပါ"ဟု မိ၊ ခိုင်၊ မိုး တို့က ပြိုင်တူဆိုကြသည်။

"ဟုတ်ပါတယ် ကိုရယ်။ ကျူရှင်က ငွေပေးရသလောက် အကျိုးမရှိပါ ဘူး။ ကိုပဲ တာဝန်ယူသင်ပေးပါတော့" တင်မကြီးက ပြောလိုက်ပြန်လေသည်။

မောင်ပြုံးချိုသည် အတန်ကြာအောင် စဉ်းစားနေပြန်သည်။ ငွေသုံးရာကို လည်း နှမြောသည်။ သမီးတွေကိုလည်း စာတတ်စေလိုသည်။ မိမိအပေါ် တာဝန် တွေ ပိလာမှာကိုလည်း စိုးရိမ်သည်။ သူသည် အတန်ကြာအောင် စဉ်းစားနေပြီးမှ ဆုံးဖြတ်ချက် ချလိုက်သည်။

"အေး ဒီလိုဆို ဆရာမကြီး ကျူရှင် ဒီလကုန်ရင် ဖြတ်လိုက်တော့၊ ဖေဖေပဲ တာဝန်ယူ သင်ပေးမယ်"

"ကောင်းတာပေါ့"ဟု တင်မကြီးက ဆိုသည်။

"ဒါပေမဲ့ အခုပေးနေတဲ့ ကျူရှင်ခ သုံးရာကိုတော့ ကို့ပေးရလိမ့်မယ်"

"ပေးပါ့မယ်ရှင်။ ကလေးတွေ စာမေးပွဲအောင်အောင်သာ သင်ပေးပါ ကျူရှင်ဆရာကြီးရယ်"

တင်မကြီးက စည်းကမ်းချက်ဖြင့် သဘောတူလိုက်လေသည်။

(၃)

သို့နှင့် မောင်ပြုံးချိုသည် သူတစ်ပါးနိုင်ငံတွင် အကြောင်းမညီညွတ်သဖြင့် ဘောင်းဘီဝတ်ရင်း ကျူရှင်ဆရာ ဖြစ်လာတော့သည်။

အတန်းသုံးတန်းမှ သမီးသုံးယောက်အား ဘာသာပေါင်းစုံကို အင်္ဂလိပ်လို့သင်ပေးနေရသည်။ ကျူရှင်ဆရာအဖို့ မသက်သာလှ။ ဘာသာရပ်တွေကလည်း စုံပါဘိ။ အင်္ဂလိပ်၊ ပထဝီ၊ သိပ္ပံ၊ သင်္ချာ၊ သမိုင်းအားလုံးကို သူတို့ နားလည်အောင် မနည်းကြိုးစား ရှင်းလင်း သင်ကြားနေရသည်။ အတန်းချင်း မတူ၍လည်း စာချင်းမတူ၊ အဆင့်ချင်း ခြားသည်။ တစ်ဦးစီအတွက် သီးသန့်မှတ်စု ထုတ်ပေးရသည်။ အသံမှန် ဖတ်တတ်အောင် ဆိုပြရသည်။ တစ်လုံးစီ၏ အနက်အဓိပ္ပာယ်ကို ရှင်းပြရသည်။ ဝါကျတစ်ခုလုံးကို နားလည်အောင် ဘာသာပြန် ပြောရသည်။ ညပိုင်း ဧည့်ခံပွဲတွေ ရှိနေလျှင် တစ်ခါတစ်ရံ သန်းခေါင်ကျော်မှ အိမ်ပြန်ရောက်တတ်သည်။ သည်အခါကျလျှင် အဝတ်အစားလဲပြီး အိပ်ရာသို့သာ ဝင်ချင်ပါသည်။ သို့သော် မဝင်နိုင်သေး။ ကျူရှင်သင်တန်းသား သုံးဦးစလုံး စာမေးရန် လည်တမော့မော့ စောင့်နေကြသည်။ ထို့ကြောင့် အိပ်ချင်မူးတူးနှင့်ပင် စာသင်ခန်း ဝင်ရပြန်သည်။

အချို့ အင်္ဂလိပ် စာလုံးများသည် မိမိအဖို့ နားလည်ပြီး ဖြစ်သော်လည်း သူတို့လေးတွေ နားလည်အောင် ရှင်းပြရသည်မှာ မလွယ်လှ။ အင်္ဂလိပ်၊ မြန်မာ အဘိဓာန်ကောင်းကောင်းကလည်း မရှိ။ မြန်မာပြည်မှ မထွက်ခွာမီ ဆရာတက်တိုးက သူ၏အလွန်တရာခေတ်မီလှသည်ဆိုသော အဘိဓာန် ထွက်လျှင် တစ်စုံလက်ဆောင်ပေးမည်ဟု ကတိပြုလိုက်သည်ကို သတိရမိသည်။ ထိုအဘိဓာန် ထွက်နေပြီဟု သတင်းစာများတွင် ဖတ်ရှုရသည်။ အပေါင်းအသင်းများကလည်း ဝိုင်း၍ ချီးကျူးနေကြသည်။ လက်ဆောင်စာအုပ်ကား ရောက်မလာသေးပါ။

စာအုပ်ဈေးတွေ ကောင်းလှသဖြင့် မေ့သွားပြီ ထင်ပါရဲ့။ သို့တည်းမဟုတ် ရောင်းမလောက်ဖြစ်ကာ လက်ကျန်ပင် မရှိတော့ပြီလော။ ထို့ကြောင့် ကျူရှင်ဆရာကြီးမောင်ပြုံးချိုသည် သူတတ်သလောက် မှတ်သလောက်ပင် သမီးတပည့်များနားလည်အောင် အပင်ပန်းခံကာ ရှင်းလင်း သင်ကြားနေရရှာလေသည်။

မကြာမီ ကြိုးစားမှု၏ အသီး၊ အပွင့်များကို မောင်ပြုံးချိုတို့၏ မိသားစုခံစားကြရပါသည်။

အတန်းတင်စာမေးပွဲ ဖြေဆိုပြီး၍ အောင်စာရင်းထွက်လာသောအခါ မိ၊ ခိုင်၊ မိုးသုံးဦးစလုံး အောင်မြင်ကြသည်။ အချို့ ဘာသာရပ်များတွင် အတန်းထဲ၌ ပထမရ၍ ဆုများကိုပင် ချီးမြှင့်ခံလိုက်ရပါသည်။

"တို့မြန်မာကွ"ဟု ဟစ်ကြွေးချင်စိတ် ပေါက်သွားလေသည်။

"ကျူရှင်ဆရာ ဘယ်လောက်တော်သလဲ"မောင်ပြုံးချိုသည် ရင်ကို ကော့၍ မိမိကိုယ်ကို မိမိ ချီးကျူးလိုက်လေသည်။

"သမီးတို့ကလည်း တော်လို့ပါ"ဟု သမီးတပည့်တွေကလည်း သူတို့ကိုယ် သူတို့ ချီးကျူးကြပြန်သည်။

"ဟုတ်တာပေါ့။ ဆရာ ဘယ်လိုတော်ပေမယ့် တပည့်တွေ မတော်ရင် မကြိုးစားရင် ဘယ်အောင်မလဲ"ဟု တင်မကြီးက ဝင်ပြောသည်။

"အေး–ဒါတော့ ဟုတ်တာပေါ့"

"ဘာပဲဖြစ်ဖြစ် ကျူရှင်ဆရာကြီးကိုတော့ ချီးကျူးပါသတဲ့ရှင်…"ဟု တင်မကြီးက ခပ်ငေါ့ငေါ့ ပြောလိုက်ပြန်သည်။

"ဟေး ချီးကျူးတာ၊ မချီးကျူးတာ အသာထားဦး။ ဒီလအတွက် ကျူရှင်ခသုံးရာပေးပါ" မောင်ပြုံးချိုက လက်ဝါးကို ဖြန့်၍ ဆိုလိုက်သည်။

"ဒါတော့ မပေးနိုင်တော့ဘူး။ အိမ်စရိတ်ထဲ ပါသွားပြီရှင့်"ဟု ဆိုကာ တစ်ဘက်သို့ လှည့်လိုက်သည်။

"ကောင်းကွာ" မောင်ပြုံးချိုသည် ဆိုဖာအိအိပေါ်တွင် တစ်ကိုယ်လုံး ပစ်ထိုင်ချလိုက်လေသည်။

# ပြည်ပမှ မြန်မာလွတ်လပ်ရေးနေ့

(၁)

သံတမန်လောကတွင် အမျိုးသားနေ့သည် အရေးကြီး၏။ မိမိနိုင်ငံ၏ အမျိုးသား နေ့ကို အလေးထားသကဲ့သို့ အခြားနိုင်ငံ၏ အမျိုးသားနေ့များကိုလည်း ဂရုပြုရ လေသည်။

"တခြားနေ့ ဧည့်ခံပွဲတွေကို မတက်ရောက်နိုင်တာ ကိစ္စမရှိဘူး။ အမျိုးသား နေ့ ဧည့်ခံပွဲတွေကိုတော့ မပျက်မကွက် တက်ဖို့လိုတယ်"

မောင်ပြုံးချိုသည် သည်လောကသို့ ဝင်ရောက်လာခါစက ဝါရင့် သံအမတ် ကြီးတစ်ဦး မိန့်ကြားသည်ကို မှတ်သားလိုက်ရဖူးလေသည်။

အမျိုးသားနေ့တွေကလည်း အမျိုးမျိုး။ အချို့နိုင်ငံတွေက လွတ်လပ်ရေး ကြေငြာသည့်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ထားသည်။

"ကျွန်တော်တို့နိုင်ငံက ဘယ်တုန်းမှ သူတစ်ပါးလက်အောက် မရောက် ဖူးဘူး။ သမိုင်းစဉ် တစ်လျှောက်လုံး လွတ်လပ်တဲ့နိုင်ငံအဖြစ် တည်နေခဲ့တော့ လွတ်လပ်ရေးကြေငြာတဲ့ နေ့ရက်ရယ်လို့ မရှိဘူးပေါ့။ အဲဒါကြောင့် ကျွန်တော်တို့ အမျိုးသားနေ့ကတော့ တခြား အမျိုးသားနေ့တွေနဲ့ ဘယ်တူမလဲ"

ထိုသို့ ကြွားကြွားဝင့်ဝင့် လေသံမြှင့်၍ ပြောသည်များကိုလည်း ကြားခဲ့ ရပေသည်။

မှန်ပေသည်။ ထိုကဲ့သို့သော နိုင်ငံအဖို့မူ သူတို့၏ အမျိုးသားနေ့သည် သူတစ်ပါး လက်အောက်မှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု အဖြစ် ကြေငြာသည့်နေ့ မဟုတ်ပေ။ ထိုနိုင်ငံများ၏ အမျိုးသားနေ့ကား သူတို့ နိုင်ငံ၏ အထွတ်အထိပ်ဘုရင်၊ ဘုရင်မတို့၏ မွေးနေ့သော်လည်း ဖြစ်တတ်သည်။

အချို့လည်း အုပ်စိုးသူ လူတန်းစားအား တော်လှန်သည့် နေ့သော်လည်း ဖြစ်တတ်သည်။ အချို့လည်း နိုင်ငံကို စနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုသို့ ပြောင်းလဲဖွဲ့စည်းတည်ထောင်သည့်နေ့လည်း ဖြစ်တတ်သည်။

ပြည်ပရှိ နိုင်ငံအသီးသီးတို့၏ သံရုံးများသည် မိမိတို့နိုင်ငံ၏ အမျိုးသားနေ့များတွင် အထိမ်းအမှတ် ဧည့်ခံပွဲများ ကျင်းပလေ့ ရှိကြသည်။ ကြွယ်ဝချမ်းသာသော နိုင်ငံများ၏ သံရုံးများတွင် နှစ်စဉ်နှစ်တိုင်း ကြီးကျယ်ခန်းနားစွာ ကျင်းပကြသည်။ အချို့လည်း ဟိုတယ်ကြီးများတွင် ငွေကုန်ကြေးကျခံကာ ဧည့်ခံကြသည်။ ကိုယ်စားပြုသည့် တိုင်းပြည်ပင် ငယ်စေကာမူ ငွေကြေး တတ်နိုင်လျှင် တတ်နိုင်သလို အကျယ်ချဲ့တတ်ကြလေသည်။ များများစားစား မဖြုန်းနိုင်သည့် သံရုံးငယ်များမှာမူ အထိမ်းအမှတ်ဖြစ်ရုံသာ နည်းနည်းနှင့် ကျဲကျဲ ဝိုင်းကြသည်။ အချို့နှစ်စဉ်ပင် မကျင်းပကြ။ နှစ်နှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ်လောက်သာ ကျင်းပနိုင်ကြလေသည်။

မိတ်ဆွေနိုင်ငံများ၏ အကြီးအကဲ၊ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီး စသည်တို့က သက်ဆိုင်ရာ နိုင်ငံရှိ မိမိတို့နှင့် တန်းတူရည်တူ ပုဂ္ဂိုလ်များထံသို့ ဝမ်းမြောက်ဝမ်းသာ သဝဏ်လွှာ ပေးပို့ကြလေသည်။

## (၂)

၁၉၇၇–ခု။

ထိုနှစ်တွင် အစ္စလမ်မာဘတ်မြို့ရှိ မြန်မာသံရုံးသည် အမျိုးသားနေ့ ကျင်းပရန် စီစဉ်ထားလေသည်။ မြန်မာနိုင်ငံတွင်မူ 'အမျိုးသားနေ့'ဆိုသည်မှာ တန်ဆောင်မုန်းလပြည့်ကျော် ၁၀–ရက်ဟူ၍ အသိအမှတ်ပြုကြသည်။ ထိုနေ့တွင် လွန်ခဲ့သော ၁၉၂၀–ပြည့်နှစ်က တက္ကသိုလ်ဥပဒေကို ကန့်ကွက်သပိတ်မှောက်သည့်နေ့ ဖြစ်သည်။ ထိုနေ့ကို ကိုလိုနီခေတ်ကတည်းက အမျိုးသားနေ့အဖြစ် အသိအမှတ်ပြုကာ အထိမ်းအမှတ်ပွဲများ ကျင်းပခဲ့ကြသည်။ ယခုခေတ်တွင်လည်း မြန်မာနိုင်ငံတွင် ထိုအမျိုးသားနေ့ကို တစ်မူထူးခြားစွာ ကျင်းပလျက် ရှိကြလေသည်။

သံတမန်လောကတွင်မူ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အမျိုးသားနေ့သည် ဇန်နဝါရီလ ၄–ရက်နေ့ ဖြစ်လေသည်။ ထိုနေ့တွင် မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက်မှ လွတ်မြောက်ပြီး အချုပ်အခြာ သမ္မတနိုင်ငံတစ်ခုအဖြစ်

http://www.cherrythitsar.org

ကမ္ဘာသို့ ကြေညာသောနေ့ဖြစ်လေသည်။ နှစ်ဦးအစတွင် ပထမဦးဆုံး ကျင်းပသော ဧည့်ခံပွဲဖြစ်သဖြင့် သံတမန်လောကက စိတ်ဝင်စားကြသည်။

သတ်မှတ်ထားသော အမျိုးသားနေ့ ကျင်းပရန် တစ်လအလိုလောက်တွင် ရင်းနှီးသူသံအဖွဲ့ဝင်များက မေးကြမြန်းကြလေပြီ။

"ဒီနှစ် အမျိုးသားနေ့ ဧည့်ခံပွဲကျင်းပဦးမှာလား"

"စီစဉ်ထားပါတယ်"

ဤသို့လျှင် ခပ်တည်တည် ဖြေနိုင်လေပြီ။ ယမန်နှစ်ကဆိုလျှင် ဒီဇင်ဘာလလယ်လောက်တွင် "ယခုနှစ်တော့ အကြောင်းမညီမညွတ်တဲ့အတွက် အမျိုးသားနေ့ ဧည့်ခံပွဲ မကျင်းပနိုင်ပါကြောင်း"ကို သံရုံးများသို့ အကြောင်းကြားခဲ့ရသည်။ ဤသို့ကြောင်းကြားထားသည့်တိုင်အောင် ရင်းနှီးသော သံတမန်မိတ်ဆွေ များကမူ ဇန်နဝါရီ ၄–ရက်နေ့နှင့် ပတ်ဝန်းကျင်နေ့များတွင် ဝမ်းမြောက်စကား ဆိုတတ်ကြသည်။

ဧည့်ခံပွဲကျင်းပရတော့မည်ဆိုတော့လည်း သံရုံးအဖွဲ့ဝင်တွေ အလုပ်များကြလေသည်။ ပထမ မည်သို့မည်ပုံ ကျင်းပမည်ကို ဆွေးနွေးကြသည်။

မည်သည့်နေရာတွင် ကျင်းပမည်နည်း။

ရာဝါပင်ဒီမြို့ရှိ အင်တာကွန်တင်နင်တယ် ဟိုတယ်တွင် ကျင်းပမည်လား။ သည်လိုဆိုလျှင် ဆယ့်နှစ်မိုင်ခန့်ဝေးသည့် အစ္စလမ်မာဘတ်မြို့တွင် ရှိသည့် သံတမန်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအဖို့က ကရိကထများမည်။ မော်တော်ယာဉ်ရှိသူများဖြစ်၍ သွားရေး၊ လာရေး ခက်ခဲမည်တော့ မဟုတ်။ သို့ရာတွင် ချမ်းအေးလှသော ရာသီတွင် မည်သူမျှ ညဥ့်အခါ အပြင်မထွက်လိုကြ။ ဤသို့ ရာဝါပင်ဒီသို့ ဧည့်ခံပွဲ တက်ရောက်သူများ ညည်းညူကြသည်ကို မကြာခဏ ကြားနေခဲ့ရသည် မဟုတ်ပါလား။

နောက်တစ်ချက်မှာ ဟိုတယ်တွင် ကျင်းပလျှင် ငွေကုန်ကြေးကျ ပိုများမည်။ ဧည့်သည်တစ်ဦးလျှင် မည်မျှဟု ပုံသေတွက်ကာ ကျသမျှ ပေးချေရမည်။ သည်လိုပွဲမျိုးတွင် တည်ခင်းသမျှ ခဲဖွယ်ဘောဇဉ်များကိုလည်း ကုန်အောင် သုံးဆောင်ကြမည် မဟုတ်။ ယမကာခွက်ကိုင်လျက် ဟိုတစ်စု သည်တစ်စု စကားပြောကာသာ အချိန်ဖြုန်းတတ်ကြသည်။ စားစရာရှိလျှင်လည်း တို့ကာ၊

ပင့်ကာ လှလှပပ စားကြမည်။ ဧည့်ခံချိန် နှစ်နာရီအနက် အများဆုံး တစ်နာရီ ခန့်နေပြီး နှုတ်ဆက်ကာ ပြန်ကြပေလိမ့်မည်။ ထို့ကြောင့် အစားစာအတွက် ဟိုတယ်သို့ ပေးချေရသည်မှာ အတန်တဆနိုင်လှသည်ဟု ဆိုကြသည်။

သည်လိုပွဲမျိုးတွင် အဖျော်ယမကာဖြင့် လှိုင်လှိုင်ကြီး ဧည့်ခံရသည်။ ထိုကိစ္စ ကို အလေးပေး စဉ်းစားကြရသည်။ သံရုံးက သံတမန်ဆိုင်တွင် အကောက်ခွန် လွတ် ဝယ်၍ရသော ယမကာပုလင်းများ၊ ဘူးများကို ဟိုတယ်သို့ သယ်ဆောင် နိုင်သည်ကား မှန်၏။ သို့ရာတွင် ဟိုတယ်အား သတ်မှတ်ထားသည့် နှုန်းအတိုင်း "ပုလင်းဖွင့်ခ" ပေးရမည် ဖြစ်သည်။ "တို့ဘာသာ တို့ဖွင့်ပြီး တို့ဘာသာ တို့ဧည့်ခံ မည်" ဆို၍ မရ။ သတ်မှတ်ထားသည့် အခကို မပေးလျှင် အပြင် ယမကာပုလင်း များကို ဟိုတယ်အတွင်း ယူဆောင်လာနိုင်ခွင့်မရှိ။ ပေးရမည့် ဖွင့်ခကလည်း နည်းလှသည်မဟုတ်။ ယမကာဖိုး၏ နှစ်ဆယ့်ငါး ရာခိုင်နှုန်းမျှ ရှိသည်။ "ပုလင်း ဖွင့်ခ" ပေးပါမည်ဟုဆိုကာ ဧည့်ခံရန် ယမကာ ပုလင်းတွေကို ဟိုတယ်ဝန်ထမ်း များအား အပ်လိုက်လို့လည်း မဖြစ်။ သူတို့ကို မည်သူက စီမံကွပ်ကဲမည်နည်း။ ပုလင်း ငါးဆယ်ကုန်လျှင် ခြောက်ဆယ် ကုန်ပါသည်ဟု ပြောနိုင်သည်။ ဟိုချောင် သည်ချောင်တွင်လည်း ဝှက်နိုင်သည်။ ဖျောက်နိုင်သည်။ ထို့ကြောင့် ဟိုတယ်တွင် ဧည့်ခံပွဲကျင်းပလျှင် မစားရ မသောက်ရဘဲ အလဟဿဖြစ်ဖွယ်တွေ အများပင် ရှိလေသည်။ မိမိတို့သည် နိုင်ငံခြားငွေကို ချွေတာနိုင်သမျှ ချွေတာကြရမည် မဟုတ်ပါလား။

မောင်ပြုံးချိုတို့ သံရုံးအဖွဲ့ဝင်များသည် အပြန်အလှန် ဆွေးနွေးကြသည်။ နောက်ဆုံးတွင် အစစအဆင်ပြေစေရန် သံအမတ်ကြီး နေအိမ်၌ပင် ဧည့်ခံပွဲ ကျင်းပရန် ဆုံးဖြတ်လိုက်ကြလေသည်။

သည်လိုဆိုတော့လည်း မြန်မာမိသားစုတွေ အလုပ်များနေကြလေတော့ သည်။ ဟိုတယ်မှာ ကျင်းပသည်ဆိုလျှင် အခမ်းအနား ပြင်ဆင်ခြင်းမှအစ ဧည့်ခံ ကျွေးမွေးသည့် ကိစ္စများတွင် ဟိုတယ်ဝန်ထမ်းတွေကသာ လုပ်ကိုင်သွားကြမည် ဖြစ်သည်။ အချိန်တန်မှ ဝတ်ကောင်းစားလှ ဝတ်ဆင်ပြီး ဧည့်ခံရန် ဧည့်သည် များကို အပေါက်ဝမှ ဆီးကြိုပြီး နှုတ်ဆက် ဧည့်ခံရန်သာ လိုသည်။ ယခု နေအိမ် တွင် ဧည့်ခံပွဲကျင်းပမည်ဆိုတော့ အစမှအဆုံး အစီအစဉ်ချပြီး မလစ်ဟင်းရအောင် လုပ်ကြကိုင်ကြရလေတော့သည်။

သံအမတ်ကြီး၏ နေအိမ်ရှိ ဧည့်ခန်းသည် မကျယ်ဝန်းလှ။ ဖိတ်ကြားမည့် ဧည့်သည်များနှင့် ဆန့်မည် မဟုတ်။ ကျဉ်းကျပ်နေမည်။ ထို့ကြောင့် အိမ်ရှေ့ မြက်ခင်းပြင်တွင် ဧည့်ခံရမည်။ သို့ရာတွင် မြက်ခင်းပြင် ဟာလာဟင်းလင်းတွင် ဧည့်ခံလို့ကား ဖြစ်မည် မဟုတ်။ ဇန်နဝါရီလသည် အလွန်အေးချမ်းသော ရာသီ ဖြစ်သည်။ မည်သို့ပင် ခန္ဓာကိုယ်တွင်းဝယ် ယမကာဖြင့် အနွေးဓာတ် ပေးထားစေ ကာမူ ဟိမဝန္တာမှ လျှောဆင်းလာမည့် အအေးဒဏ်ကို ခံနိုင်ကြမည် မဟုတ်။ ထို့ပြင် ဧည့်သည်တိုင်းလည်း ကိုယ်တွင်းနွေးစေမည့် ယမကာရည်ကို သုံးဆောင်ကြ မည် မဟုတ်ပေ။

သည်လိုဆိုလျှင် မြက်ခင်းပတ်ပတ်လည်တွင် အကာအရံ ပြုရမည်။ အမိုး မိုးရမည်။ သည်ကိစ္စအတွက်လည်း မခဲယဉ်းလှပါ။ ဆေးရောင်စုံ ခြယ်ထားသည့် ရွက်ဖျင်ထူထူများမကိုပင် အလွယ်တကူ ငှားရမ်း အသုံးပြုနိုင်သည်။ အမိုးကိုလည်း ထိုရွက်ဖျင်ကြီးများကိုပင် သုံးနိုင်သည်။ နွေခါပင်ဖြစ်လင့်ကစား ပြင်ပမှ မမြင်စေ လိုသည့် ခြံဝင်းအတွင်း ဧည့်ခံပွဲများတွင် ထိုရွက်ဖျင်များကိုပင် ကာရံကြသည်။ မြန်မာဧည့်ခံပွဲတွင်မူ အအေးဒဏ်မှ ကာကွယ်ရန် အကာသာမက အမိုးအဖြစ်ပင် အသုံးပြုရပေမည်။ သည်လောက်နှင့်လည်း မပြီးသေး။ ခိုက်ခိုက် တုန်အောင် ချမ်းအေးသောရာသီ ဖြစ်သောကြောင့် ထိုရွက်ဖျင်တဲကြီးအတွင်းဝယ် အပူဓာတ် ပေးသည့် စက်သုံးလေးလုံးကိုလည်း တပ်ဆင်ထားရပေဦးမည်။

"လေလုံပြီး မီးချောင်းတွေလည်း ထွန်းထားဦးမယ်ဆိုတော့ လူငွေ့နဲ့ အိုက်တောင်လာမှာ စိုးရတယ်"ဟု ဒုတိယအတွင်းဝန်က ဆိုသည်။

"အိုက်လို့ လေကောင်းလေသန့် ရှူရှိုက်ချင်ရင် အပြင်ထွက်နေနိုင်တယ်။ အိမ်ထဲလဲ ဝင်နေနိုင်တယ်။ အေးနေရင်သာ သူတို့ကို ခေါ်ပြီး နှိပ်စက်သလို ဖြစ် နေမှာ စိုးရတာ"ဟု မောင်ပြုံးချိုက ဆိုလေသည်။

နေရာထိုင်ခင်းအတွက် စီစဉ်ပြီးသောအခါ စားစရာ၊ သောက်စရာအတွက် ဆွေးနွေးကြပြန်သည်။ သည်အရေးတွင် မောင်ပြုံးချို မကျွမ်းကျင်၊ လုပ်ကိုင် နေကျ ပုဂ္ဂိုလ်တွေနှင့် တင်မကြီးတို့ အမျိုးသမီးတွေ တိုင်ပင်ကြသည်။ ညှိနှိုင်း ကြသည်။ စားစရာတွေကတော့ စုံလို့။ ပုစွန်ထုပ်၊ ကြက်၊ ဆိတ်၊ ကြက်ဥ၊ ဒိန်ခဲ၊ အာလူး၊ မြေပဲ။ သည်ဟာတွေကို ကြော်တန်ကြော်၊ ကင်တန် ကင်၊ ချက် တန်ချက်၊ ဧည့် ၆၀၀ စာလောက် အစားအသောက်စီစဉ်ရသည်မှာ မလွယ်ကူ။ အစ္စလမ်မာဘတ်တွင် မြန်မာသံရုံးအဖွဲ့ဝင်အားလုံးမှာ ဆယ်အိမ်ထောင်သာ

ရှိသည်။ သည်အထဲတွင် သူ့နေရာနှင့်သူ ကျွမ်းကျင်သူရှိသလို ဘာမှ နားမလည်သူတွေလည်း ပါသည်။ အချို့က တာဝန်ပေးသမျှ ကျိုး၍ အလုပ်လုပ်သည်။ အချို့ကမူ တာဝန်ပေးသော်လည်း မလုပ်တတ်သူ၊ မလုပ်နိုင်သူ၊ မလုပ်ချင်သူတွေ ဖြစ်နေသည်။ သူတို့ချည်းတော့ မပြီးပါ။ ချက်တတ်၊ ပြုတ်တတ် ပါကစ္စတန်အမျိုးသားများကို ငှားရမ်းကြရသေးသည်။ ချက်ရေး၊ ပြုတ်ရေးတွင် သူတို့နှင့်ပူးပေါင်း၍မြန်မာအမျိုးသား၊ အမျိုးသမီးတွေက ဝိုင်းဝန်းလုပ်ကိုင်ကြရပေမည်။ ဘာမှ မလုပ်တတ်စေကာမူ ကြက်သွန်ခွာ၊ ငရုတ်သီးထောင်းလောက်တော့ လုပ်နိုင်ကြပါသည်။

စားစရာကိစ္စတွေ စီစဉ်ပြီးသော် သောက်စရာကိစ္စကို တွက်ကြရပြန်သည်။ မည်သည့် ယမကာမျိုးက မည်မျှ ကုန်မည်ကို မှန်းဆကြသည်။ ဆိုဒါ လိမ္မော်ရည်၊ ကိုကာကိုလာ၊ ဆဲဗင်းအပ် စသည့်အချိုရည်တွေကိုလည်း အချိန်မီ ရအောင် မှာကြားထားကြသည်။

"ဘားကိုတော့ ဦးစိုးညွန့်ကိုပဲ တာဝန်ပေးရမှာပဲ"ဟု ဒုတိယအတွင်းဝန်က ဆိုသည်။

ဦးစိုးညွန့်ခေါ် အလီဟူစိန်သည် ပျဉ်းမနားသား ဖြစ်သည်။ ၁၉၄၂-ခုနှစ် စစ်မီးသည် မြန်မာနိုင်ငံသို့ ကူးစက်လာသောအခါ ကင်ဆာရောဂါ ဖြစ်နေသော မိခင်ကို ဆေးကုသရန်ဟူသော ရည်ရွယ်ချက်ဖြင့် မိသားတစ်စုလုံး အိန္ဒိယသို့ ခက်ခဲစွာဖြင့် ပြေးလွှားလာခဲ့သည်။

မိခင်ဆုံးပြီးနောက် အိန္ဒိယတွင် သောင်တင်နေသည်။ ၁၉၄၇-ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ တည်ထောင်သောအခါ ကရာချိသို့ ရောက်လာခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်ကတည်းက မြန်မာသံရုံးတွင် ဝင်ရောက်လုပ်ကိုင်နေသူ ဖြစ်သည်။ အင်္ဂလိပ်နှင့် မြန်မာစာကို နိုင်နင်းသူ ဖြစ်ပြီး အူရဒူဘာသာကိုလည်း နားလည်သူ ဖြစ်သောကြောင့် အစစအရာရာ အားထားရသူဖြစ်သည်။ မြန်မာမှတ်စလင် ဦးစိုးညွန့်သည် ယခုအခါ ပါကစ္စတန်မှတ်စလင် အလီဟူစိန် ဖြစ်နေလေပြီ။

"ကောင်းပါတယ်။ စားပွဲထိုးတွေ မလစ်နိုင်အောင် ဂရုစိုက်နော်"ဟု မောင်ပြုံးချိုက ဆိုလေသည်။

"ဂရုတော့ စိုက်တာပဲ ခင်ဗျာ။ အလျင်တစ်ခါ စစ်သံမှူးအပြောင်းအလဲ နှုတ်ဆက် ဧည့်ခံပွဲတုန်းကလည်း ဂရုစိုက်တဲ့အထဲက ဝီစကီနှင့် ဘီယာတွေ

ပျောက်သွားသေးတယ်။ ဝီစကီပုလင်း တစ်ဝက်တော့ နှင်းဆီရုံကြားက ပြန်တွေ့တယ်”ဟု ဦးစိုးညွန့်ကပြောသည်။ “ဒါ ဘာဟုတ်သေးလဲ။ ဟိုတယ် မှာဆိုရင် ဒီထက်ပျောက်ဦးမယ်”ဟု တတိယအတွင်းဝန်က မှတ်ချက်ပြုသည်။

ဇန်နဝါရီလ ၄–ရက်နေ့ နီးကပ်လာသည်နှင့်အမျှ သံအမတ်ကြီး၏ ခြံဝင်းအတွင်းတွင် လှုပ်လှုပ်ရွရွ ဖြစ်လာလေသည်။ ခြံရှင်းသူရှင်း၊ ပန်းအိုး ရွှေ့သူရွှေ့၊ သန့်ရှင်းရေး လုပ်သူလုပ်၊ မီးလုံးဆင်သူဆင်၊ တစ်ရက်၊ နှစ်ရက်အလိုတွင်မူ အစားအစားအတွက် လုပ်သူကိုင်သူတွေနှင့် အတော်စည်ကားနေလေပြီ။ ရုတ်တရက် ကြည့်တော့ အလှူအိမ်နှင့် တူနေလေသည်။ ကြော်သူကြော်၊ ကင်သူကင်၊ ချက်သူချက်၊ မီးဖိုချောင်အတွင်း ဓာတ်ငွေ့မီးဖိုကိုချည်း အသုံးမပြုနိုင်။ အိုးကြီး၊ ဒယ်ကြီးများကို ထင်းမီးဖို၊ မီးသွေးမီးဖိုများအပေါ်တွင် တည်ကြရသည်။ ထင်းနှင့် မီးသွေးရှားပါးသောကြောင့် ဈေးကြီးပေးကာ ပိသာချိန်နှင့် ဝယ်ကြသည်။

(၃)

ဇန်နဝါရီ ၄–ရက်နေ့။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ ဗြိတိသျှကိုလိုနီ နယ်ချဲ့စနစ်အောက်မှ မြန်မာနိုင်ငံ လွတ်မြောက်လာသည့်နေ့ ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲ ဖြစ်သည်။ လွတ်လပ်ရေး နှစ်ပတ်လည်နေ့ဖြစ်သည်။ အမိနိုင်ငံတွင် တိုင်းနှင့်ပြည်နယ် မြို့ရွာများတွင် ခြိမ့်ခြိမ့်သည်းမျှ ပျော်ပွဲရွှင်ပွဲများ ကျင်းပနေချိန် ဖြစ်သည်။ ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာသံရုံးများတွင်လည်း အလားတူ အထိမ်းအမှတ်ပွဲများ ကျင်းပနေကြပေလိမ့်မည်။

အစ္စလမ်မာဘတ်မြို့ရှိ မြန်မာသံအမတ်ကြီး၏ နေအိမ်တွင် ထိုနေ့နံနက်က မြန်မာမိသားစုများချည်း သီးသန့် အထိမ်းအမှတ် ပွဲကလေး တစ်ခု ကျင်းပသည်။ မြို့ပေါ်၌ မြန်မာသံရုံးအဖွဲ့ဝင်များ အားလုံး ကလေးသူငယ် နို့စို့ အရွယ်ပင်မကျန် တက်ရောက်လာကြသည်။ အခမ်းအနားတွင် ပြည်ထောင်စု အလံတော်ကို အလေးပြုကြရသည်။ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များ ဂုဏ်ကျေးဇူးကို အောက်မေ့လျက် နှစ်မိနစ်ခန့် ငြိမ်သက်စွာနေ၍ အမျှအတန်းဝေကြသည်။ ထို့နောက် သံအမတ်ကြီးက မြန်မာလွတ်လပ်ရေးအကြောင်းကို

မြွက်ကြားသည်။ မြန်မာလွတ်လပ်ရေးဆုံးရှုံးခဲ့ရပုံကို နိဒါန်းချီလျက် ခေတ်အဆက်ဆက် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ပုံများ၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ရဲဘော်သုံးကျိပ်အပါအဝင် မြန်မာလူငယ်တွေ အသက်ကို ပဓာနမထားဘဲ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြပုံများ၊ စစ်ပြီးကာလတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ပြီး လွတ်လပ်ရေးကို အရယူခဲ့ပုံ၊ လွတ်လပ်ရေး ရပြီးသည့်နောက်ဖြတ်သန်းခဲ့ရသည့်ခေတ်များနှင့် ၁၉၆၂–ခုနှစ်မှအစပြု၍ ဆိုရှယ်လစ် လူ့ဘောင်တည်ဆောက်နေသည့်အကြောင်းများကို ပြောကြားသွားပေသည်။

သည်အကြောင်းတွေကို မြန်မာတိုင်း နားလည်သဘောပေါက်ဖို့ လိုသည်မဟုတ်ပါလော။ လွတ်လပ်ရေးနေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ် ကျင်းပနေခြင်း၏ အနှစ်သာရကို သူတို့တစ်တွေ ပြည်ပရောက်မြန်မာတွေ အထူးသဖြင့် လူငယ်၊ လူရွယ်တွေ နားလည်သဘောပေါက်ရန် အရေးကြီးလှသည်တကား။ အချို့သောလူများသည် ပြည်ပတွင် အနေကြာလာသောအခါ သူတစ်ပါးနိုင်ငံကို အထင်ကြီးပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်လူမျိုးကို အထင်သေးတတ်သလိုလို ဖြစ်လာတတ်သည်။ယခုလို နိုင်ငံ အသီးသီးတွင် ထည်ထည်ဝါဝါ သံရုံးကြီးများ ဖွင့်ပြီး အခြားနိုင်ငံကြီးများနှင့် ရင်ပေါင်တန်းနေနိုင်ခြင်းပင်လျှင် လွတ်လပ်သော နိုင်ငံအဖြစ် တည်ရှိနေခြင်းကြောင့် ဖြစ်သည်ကို သတိမမေ့အပ်ပေ။

သည်လို လွတ်လပ်ရေးရပြီး အချုပ်အခြာ အာဏာပိုင်နိုင်ငံတစ်ခုအဖြစ် ဂုဏ်သရေရှိရှိ ဖြစ်လာအောင် နိုင်ငံခေါင်းဆောင်ကြီးများနှင့် မျိုးချစ်အာဇာနည်တို့၏ အသက်သွေးပေါင်း မြောက်မြားစွာကို စတေးခဲ့ရသည်ကို အစဉ် နှလုံးသွင်းထားရန် လိုအပ်လေသည်။

မောင်ပြုံးချိုသည် သည်အကြောင်းတွေကို သံရုံးအဖွဲ့ဝင်မိသားစုတွေ နားလည်သဘောပေါက်အောင် ပြောကြားသွားလေသည်။ အထူးသဖြင့် လူငယ်တွေ နားလည်စေချင်သည်။

ထို့နောက် မြန်မာမိသားစုနှင့် သံရုံးဝန်ထမ်းများ၏ သားသမီးများအား မဲစနစ်ဖြင့် လက်ဆောင်ပစ္စည်း ဝေငှလေသည်။ မြန်မာမိသားစုနှင့် သံရုံးဝန်ထမ်းများ ပျော်ရွှင်နေကြလေသည်။

ဆောင်းတွင်းမို့ နေ့တာတိုသည်။

ငါးနာရီခန့်တွင် မှောင်စပျိုးပြီ။ သံအမတ်ကြီး နေအိမ်နှင့် ရှက်ထည်ရုံကြီးတွင် ပဒေသာမီးရောင်စုံတွေ ထွန်းညှိထားလေပြီ။ စားဖွယ် သောက်ဖွယ်တွေလည်း အဆင်သင့် ဖြစ်နေလေပြီ။ ဘားနေရာတွင် ဝဝဖိုင့်ဖိုင့် ဦးစိုးညွန့် ထိုင်နေသည်ကို တွေ့ရသည်။ စားပွဲထိုးတွေလည်း အဖြူဝတ်စုံများကို ဝတ်ဆင်လျက် ရောက်နေကြသည်။ ဧည့်သည်များ ရောက်လာလျှင် မည်သူက ယမကာ ဖန်ခွက်များကို လင်ဗန်းပေါ်တွင် တင်ကာ လှည့်ပတ် ကမ်းလင့်မည်။ မည်သူက စားစရာများကို ယူဆောင် လှည့်လည်ပတ်မည် စသည်ဖြင့် စီမံခန့်ခွဲထားပြီး ဖြစ်သည်။

"စားပွဲထိုးတွေ၊ ဧည့်သည်တွေ မပြန်မချင်း အရက်မသောက်ကြနဲ့နော်။ ပြီးမှ အဝတိုက်မယ်"ဟု တတိယအတွင်းဝန်က စားပွဲထိုးတွေကို သတိပေးနေသည်။ "မြန်မာသံရုံးအဖွဲ့ဝင်တွေလဲ ဧည့်သည်တွေရှိတုန်း သောက်ပေမယ့် မမူးကြပါစေနဲ့နော်"ဟု မောင်ပြုံးချိုက သူ့လူတွေကို ညွှန်ကြားသည်။

ခြောက်နာရီထိုးခါနီးတွင် သံအမတ်ကြီးဇနီးမောင်နှံနှင့် စစ်သံမှူးတို့ စုံတွဲသည် ဧည့်သည်များကို ဆီးကြိုနှုတ်ဆက်ရန် အဆင်သင့် ဖြစ်နေကြလေသည်။ မောင်ပြုံးချိုသည် အမျိုးသားဝတ်စုံဖြစ်သော ရွှေဖလားရောင် အချိတ်ပုဆိုး တောင်ရှည်၊ ရင်ဖုံးအင်္ကျီအနက်နှင့် ခေါင်းပေါင်းကို ဝတ်ဆင်ထားသည်။ စစ်သံမှူးသည် တပ်မတော်အရာရှိဝတ်စုံကို ဝတ်ဆင်ထားသည်။ သံအမတ်ကြီးရော စစ်သံမှူးပါ နိုင်ငံတော်က ချီးမြှင့်ထားသည့် ဘွဲ့တံဆိပ် ဂုဏ်ထူးတံဆိပ်များကို ဆင်မြန်းထားကြသည်။ အမျိုးသမီးနှစ်ဦးမှာလည်း မြန်မာအမျိုးသမီးပီသစွာ အင်္ကျီအဖြူ လက်ရှည်၊ ကြိုးကြီးချိတ် လုံချည်များကို ဝတ်ဆင်၍ ပဝါခြုံထားကြလေသည်။

ညနေခြောက်နာရီ ထိုးပြီးသည်နှင့် အနောက်ဥရောပနိုင်ငံတစ်ခုမှ သံအမတ်ကြီး ဇနီးမောင်နှံတို့ ရောက်လာကြသည်။ အိမ်ပေါက်ဝမှ ရပ်စောင့်နေသော မောင်ပြုံးချိုတို့အား လက်ဆွဲနှုတ်ဆက်ကာ လွတ်လပ်ရေးနေ့အတွက် မင်္ဂလာစကားကို ပြောကြားသည်။ ထို့နောက် တန်းစီရပ်နေသည့်သူများကို လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ဟာ–ကျွန်တော် ရောက်လာတာ စောနေသလား"

အခြားဧည့်သည်များကို မမြင်သောအခါ စိုးရိမ်တကြီး ဆိုလိုက်သည်။

"မစောပါဘူး၊ တခြားဧည့်သည်တွေက နောက်ကျတာပါ၊ အခု ခြောက်နာရီထိုးပြီလို့ သုံးမိနစ်တောင် စွန်းနေပါပြီ"ဟု မောင်ပြုံးချိုက ရယ်မောကာ ပြောဆိုလိုက်လေသည်။

သည့်နောက်တော့ ဧည့်သည်တွေ ဆက်တိုက် ရောက်လာကြကုန်သည်။ ထုံးတမ်းစဉ်လာအတိုင်းပင် မော်တော်ယာဉ်ပေါ်မှ ဆင်း၊ ဆီးကြို စောင့်နေသူများထံ လျှောက်လာ၊ လက်ဆွဲနှုတ်ဆက်ရင်း မင်္ဂလာဆုတောင်း စကားပြော၊ အိမ်တွင်းမှ လှည့်ကာ ရှက်ဖျင်ရုံအတွင်းသို့ ဝင်၊ စားပွဲထိုး လှည့်ပတ်ယူဆောင်လာသော လင်ဗန်းပေါ်ရှိ ယမကာခွက်များ အနက်မှ နှစ်သက်ရာဖန်ခွက်ကို လှမ်းယူပြီး အခြားဧည့်သည်ပရိသတ်နှင့် ရောသွားကြလေသည်။ ဆက်ပြီး ဟိုတစ်စု သည်တစ်စု စကားပြောနေကြလေသည်။ သူတို့စကားထဲတွင် ကမ္ဘာ့နိုင်ငံရေး၊ ဒေသဆိုင်ရာ အဖြစ်အပျက်များ၊ နိုင်ငံတကာနှင့်ပတ်သက်သည့် သတင်းထူးများ ပါဝင်ကြလေသည်။ သည်ကိစ္စတွေကို ဆွေးနွေးလို့ မဖြစ်သည့် ဧည့်သည်ချင်း ဆုံမိလျှင် စကားမရှိ စကားရှာ ရာသီဥတုအကြောင်းကို ပြောနေကြမည် ဖြစ်သည်။

တစ်နာရီလောက် ကြာသောအခါ အိမ်ထဲမှာရော၊ ရှေ့ရှက်ဖျင်ရုံအတွင်းမှာပါ စည်ကားနေသည်။ သည်အချိန်တွင် စားပွဲထိုးတို့သည် စားစရာ အကြော်လှော် ပန်းကန်ပြားများကို ကိုင်ကာ ဧည့်သည်တွေကြားတွင် လှည့်လည်ကာ လူစုစုနေရာတွင် မိမိတို့ ယူဆောင်လာသည့် ခဲဖွယ်ဘောဇဉ်များကို ထိုးပေးတတ်ကြသည်။ သုံးဆောင်လိုလျှင် နှိုက်ယူကာ ယမကာနှင့် မြည်းတတ်ကြသည်။ မသုံးဆောင်လိုလျှင် ခေါင်းခါပြတတ်ကြသည်။ လက်ကာ၍ လည်း ပြတတ်သည်။ ခဏကြာလျှင် ထိုနေရာမှ ဖယ်၍ တခြားလူစုရှိရာသို့ ရွှေ့လျားသွားတတ်လေသည်။

ထိုအချိန်လောက်တွင် အစိုးရအဖွဲ့ ဝန်ကြီးတစ်ပါး ရောက်ရှိလာသည်။ ဝန်ကြီးသည် မောင်ပြုံးချိုတို့အား နှုတ်ဆက်ကာ မင်္ဂလာစကား ပြောဆိုပြီးနောက် ဧည့်ပရိသတ်တွေနှင့် ရောသွားလေသည်။

အမျိုးသားနေ့ ကျင်းပသောနိုင်ငံ၏ အရေးပါအရာရောက်မှုကို အခြေပြုပြီး ဤသို့သော ဧည့်ခံပွဲများတွင် အိမ်ရှင်နိုင်ငံ၏ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ ဥပမာ–ဆိုဗီယက်ရုရှား၊ အမေရိက၊ ဆော်ဒီအာရေးဗီးယား၊ အီရန်၊ တူရကီ၊ အင်္ဂလန် အစရှိသော နိုင်ငံများ၏ အမျိုးသားနေ့များတွင် သမ္မတသော်လည်းကောင်း၊ ဝန်ကြီးချုပ်သော်လည်းကောင်း၊ နှစ်ဦးစလုံးသော်လည်းကောင်း တက်ရောက်တတ်ကြသည်။ သူတို့နိုင်ငံအတွက် အကျိုးမပြုနိုင်သည့် နိုင်ငံငယ်ကလေးများ၏ အမျိုးသားနေ့များတွင်မူ ဝန်ကြီးတစ်ဦးဦးက သော်လည်းကောင်း၊ အတွင်းဝန်တစ်ဦးကိုသော်လည်းကောင်း တက်ရောက်စေတတ်သည်။ အချို့ အရှိန်အဝါ မှေးမှိန်သော နိုင်ငံကလေးတို့၏ အမျိုးသားနေ့များတွင်ကား အိမ်ရှင်

နိုင်ငံ၏ကြီးကြီးထဲက လာရောက်သည်ကို မတွေ့ရပေ။ အတွင်းဝန်အဆင့် လောက်ပင် ရောက်မလာသည့် ပွဲများလည်း ရှိပေသည်။

ညှော်ခံချိန်မှာ ညနေခြောက်နာရီမှ ရှစ်နာရီအထိ ဖြစ်သည်။ ပထမတစ်နာရီတွင် ရောက်လာသူတွေများပြီး ဒုတိယ တစ်နာရီတွင် ပြန်သူတွေများလေသည်။ ခုနစ်နာရီကျော်လျှင် မော်တော်ယာဉ်ခေါ်သူ အာမက်၏အသံကို ကြားရလေပြီ။ အစ္စလမ်ဘတ်မြို့ပေါ် သံရုံးညှော်ခံပွဲတိုင်းလိုလို သူ့ကို ငှားရမ်းကြလေသည်။ သူသည် ညှော်ခံပွဲ ကျင်းပရာတွင် အဆောက်အအုံများ၊ သစ်ပင်များပေါ်တွင် ရောင်စုံမီးများ ဆင်သည့် တာဝန်ကိုယူသည်။ ထို့ပြင် ညှော်ခံပွဲမှ ညှော်သည်များ ထွက်ခွာလာသည်နှင့်အသံချဲ့စက်ဖြင့် သက်ဆိုင်ရာ မော်တော်ယာဉ်ကို ခေါ်ပေးသည်။ သူသည် ပွဲအဆက်ဆက်နွှဲနေခဲ့ရသူဖြစ်သဖြင့် မြို့ပေါ်ရှိ သံရုံးများ၊ မော်တော်ယာဉ်အမှတ်များသာမက ယာဉ်မောင်း၏အမည်ကိုပါ နှုတ်တိုက်ရလေသည်။ သံအဖွဲ့ဝင်တစ်ဦးဦး ညှော်ခံပွဲမှ ထွက်လာသည်ကို လှမ်းမြင်လိုက်သည်နှင့် မော်တော်ယာဉ်ကို လှမ်းခေါ်ထားပြီး ဖြစ်နေလေသည်။

ညရှစ်နာရီထိုးပြီ။

ညှော်သည်တွေ ပြန်ကြလေပြီ။ မြန်မာသံရုံးအဖွဲ့ဝင်များနှင့် အခြားသံရုံးများမှ ရင်းနှီးသူများသာ ကျန်တော့သည်။ သူတို့လည်း သည်တော့မှပင် စားကြသောက်ကြရလေတော့သည်။ အတော်လည်း မောပန်းညောင်းညာကုန်ကြလေပြီ။

မောင်ပြုံးချိုသည် အဝတ်အစားများ လဲလှယ်ကာ ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်လေသည်။ သူသည် ၁၉၄၈–ခု၊ လွတ်လပ်ရေးနေ့ ကြေညာသည့်အချိန်ကို ပြန်ပြောင်းသတိရနေလေသည်။ ထို့နောက် နှစ်ဆယ့် ကိုးနှစ်အတွင်း သူပါဝင်ဆင်နွှဲခဲ့ဖူးသည့် လွတ်လပ်ရေးနေ့များကို စဉ်းစားနေမိသည်။

သည်လို လွတ်လပ်ရေးနေ့တွေ တစ်နှစ်ပြီး တစ်နှစ် ကမ္ဘာတည်သရွေ့ ဆက်လက် ကျင်းပသွားနိုင်ရန် ပြည်ထောင်စုသားတိုင်း ကြိုးပမ်းသွားကြရမှာပါတကား။

❋

# ဂုဏ်နှင့်သိက္ခာ

(၁)

အလွန်ချမ်းအေးသော ရာသီ။

ဇန်နဝါရီလ၏ နံနက်ခင်း...

မောင်ပြုံးချို လိုက်ပါလာသော လေယာဉ်ကြီးသည် ပါကစ္စတန်နိုင်ငံ၊ ရာဝါပင်ဒီမြို့အနီးရှိ လေဆိပ်မှ ထွက်ခွာလာပြီး။ အီရန်နိုင်ငံ တဟီရန်မြို့သို့ ရှေ့ရှုပျံသန်းလျက် ရှိလေသည်။ ပျံသန်းချိန် လေးနာရီကျော်မျှ ကြာမည်ဖြစ်သည်။ လေယာဉ်မယ် လာပေးသော နံနက်စာကို စားသောက်ရင်း မှန်ပြတင်းမှ ငုံကြည့်လိုက်သောအခါ နာမည်ကျော် ကိုင်ဘာတောင်ကြားလမ်းကို တွေ့မြင်ရလေသည်။ တောင်ကြားလမ်းသည် တောင်အထပ်ထပ်ကို မြွေကြီးတစ်ကောင်ကဲ့သို့ ကွေ့ကာကောက်ကာ ရစ်ပတ်ထားလေသည်။ များမကြာမီ အာဖဂန် နစ္စတန်ကို ကျော်လွန်ပြီး အီရန်နိုင်ငံပေါ်သို့ ရောက်လာလေသည်။

တစ်လမ်းလုံး သစ်ပင်ကြီးငယ်ဟူ၍ များစွာ မတွေ့ရ။ ဆောင်းရာသီမို့ တောင်ကတုံးကြီးများပေါ်တွင် ဆီးနှင်းတွေ ဖုံးအုပ်လျက် ရှိလေသည်။ အချို့သော တောင်ကြား၊ ချိုင့်ဝှမ်းများရှိ မြစ်ချောင်းတို့သည်လည်း ရေခဲပြင် ဖြစ်နေလေသည်။ လေယာဉ်သည် အချို့တောင်ထိပ်များပေါ်မှ လွတ်ရုံလောက်သာ ပျံသန်းသွားလေသည်။

ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး မောင်ပြုံးချိုသည် အီရန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်လည်း ပူးတွဲ ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်း ခံရလေသည်။ ယခု အီရန်နိုင်ငံသို့ ခရီးထွက်လာခဲ့ရခြင်းမှာ အီရန်နိုင်ငံ၏ ရှားဘုရင်ထံ မိမိ၏ခန့်အပ်လွှာကို ပေးအပ်ရန် ဖြစ်လေသည်။ မောင်ပြုံး

ချုပ်နှင့်အတူ အစ္စလမ်မာဘတ်မြို့ မြန်မာသံရုံးမှ တတိယအတွင်းဝန်လည်း လိုက်လာလေသည်။ များမကြာမီ တဟီရန်မြို့သို့ ရောက်ရှိပေတော့မည်။

သည်ခရီး ချောမွေ့ပြေပြစ်ရေးအတွက် အစစ ကြိုတင်စီစဉ်ခဲ့ကြရသည်။ မောင်ပြုံးချိုသည် လေယာဉ်ထိုင်ခုံပေါ်တွင် ကျောဆန့်ကာ လိုက်ပါလာရင်း ဤခရီးမထွက်ခွာမီ ရက်အနည်းငယ်အတွင်းက အလုပ်များကို ပြန်ပြောင်းစဉ်းစားလာလေသည်။

အီရန်နိုင်ငံတွင် ဓာတ်ဆီမှအပ ကျန်ပစ္စည်းများ ဈေးကြီးလှသည်ဟု သိရသည်။ ဟိုတယ်အခန်းခတွေကလည်း မြင့်မားလှသည်။ သံအမတ်ကြီးအဆင့်ရှိပုဂ္ဂိုလ်များသည် ချွေတာရေးလိုက်ကာ ဈေးပေါပေါရမည့် ဟိုတယ်ငယ်ကလေးများတွင် သွားရောက်တည်းခိုနေထိုင်ရန်လည်း မဖြစ်။ သံတမန်တို့မည်သည် သူ့အဆင့်အတန်းနှင့်သူ နေရ၊ ထိုင်ရမည်။ ရှားဘုရင်ထံ ဝင်ရောက်မည့် သံတမန်တစ်ဦး အဆင့်အတန်းနိမ့်သည့် ဟိုတယ်တွင် တည်းခိုနေခြင်းကိုလည်း အိမ်ရှင်နိုင်ငံက မလိုလား။ သူတို့မလိုလားသည်ကို အပထား၍ မိမိနိုင်ငံ၏ ဘဏ္ဍာငွေကိုတော့ တတ်နိုင်သမျှ မြီးခြံချွေတာသုံးစွဲရန် လိုသည်မဟုတ်ပါလား။ ထို့ကြောင့် သူတို့ဆန္ဒနှင့်လည်း ကိုက်ညီ၍ မိမိဘက်မှ ချွေတာနိုင်သမျှ ချွေတာရန် စီစဉ်ကြည့်သည်။

အစ္စလမ်မာဘတ်မြို့ရှိ အီရန်သံအမတ်ကြီးသည် မောင်ပြုံးချိုနှင့် ရင်းနှီးသူ ဖြစ်သည်။ အီရန်ခရီးစဉ်အတွက် သူနှင့် အစစတိုင်ပင်ရသည်။ အီရန်သို့ မြန်မြန်သွားပြီး၊ ရှားဘုရင်ထံ အမြန်ဆုံးခန့်စာအပ်ကာ မြန်မြန်ပြန်လာနိုင်လျှင် ငွေကုန်ကြေးကျ သက်သာမည်ဖြစ်လေသည်။ ထို့ကြောင့် အီရန်သံအမတ်ကြီးအား မြန်မာသံအမတ်ကြီး၏ ခန့်အပ်လွှာကို ရှားဘုရင် လက်ခံနိုင်မည့်ရက်ကို ချိန်းဆိုပေးပါမည့်အကြောင်း မေတ္တာရပ်ခံလိုက်သည်။ ရက်ချိန်းရပါက သုံးလေးရက်လောက် ကြိုတင်ပြီးသွားလိုက်လျှင် အဆင်ပြေနိုင်သည် တဟီရန်တွင် နေထိုင်စားသောက် စရိတ် သက်သာမည်။ သို့သော် သူ့ဆန္ဒအတိုင်း ဖြစ်မလာ။

"ဘုရင်တကာတို့၏ ဘုရင်ဖြစ်သော ရှဟံ ရှားဘုရင်မင်းမြတ်သည် ခန့်အပ်လွှာပေးအပ်သည့် သံအမတ်ကြီးများ တဟီရန်မြို့တော်သို့ ကိုယ်တိုင် မရောက်လာမီ ရှေ့တော်မှောက်ဝင်ရောက်ပြီး ခန့်အပ်လွှာ ပေးအပ်ရမည့်ရက်ကို ကြိုတင်သတ်မှတ်ပေးလေ့မရှိပါ။ သံအမတ်ကြီးကိုယ်တိုင် တဟီရန်မြို့တော်သို့ ရောက်ပြီးမှသာ ခန့်အပ်လွှာ လက်ခံမည့်ရက်ကို ဘုရင်မင်းမြတ်၏ အိမ်တော်ဝန်နှင့် နိုင်ငံခြား

ရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပြီး ရက်သတ်မှတ်ပေးပါလိမ့်မည်”ဟု အီရန်သံအမတ်ကြီးက ယဉ်ကျေးသိမ်မွေ့စွာ ပြန်ကြားလေသည်။

ထို့ကြောင့် မောင်ပြုံးချိုသည် အစ္စလမ်မာဘတ်မြို့မှ ထွက်ခွာခဲ့သော်လည်း ဘယ်နေ့ ဘယ်အချိန်တွင် ရှားဘုရင်၏ရှေ့မှောက်သို့ ဝင်ရောက်ရမည်ကို မသိချေ။ သိပ်မကြာပါစေနဲ့ဟုသာ ဆုတောင်းလာရလေသည်။

“ကျွန်တော့်တုန်းက နှစ်ပတ်တောင် စောင့်ရတယ်”ဟု အစ္စလမ် မာဘတ်ရှိ နီပေါသံအမတ်ကြီးက ပြောသည်။ သူသည် ပါကစ္စတန်နှင့် အီရန်ကို ပူးတွဲတာဝန်ယူရသူ ဖြစ်လေသည်။

အလားတူပင် ထိုနှစ်နိုင်ငံကို ပူးတွဲတာဝန်ယူရသူ သီရိလင်္ကာ အမျိုးသမီးသံအမတ်ကြီးက ဤသို့ ဆိုပြန်သည်။

“ကျွန်မတုန်းက သုံးပတ်တောင် စောင့်ရတယ်။ ပါသွားတဲ့ငွေကုန်လို့ သံရုံးကို ကမန်းကတန်း သံကြိုးရိုက်မှာ ရသေးတယ်”

“ဒါ ဘာဟုတ်သေးလဲ။ တချို့များ တစ်လကျော်လောက် စောင့်ရသတဲ့”ဟုလည်း ပြောဆိုသံများ ကြားရသည်။

မောင်ပြုံးချိုသည် စိုးရိမ်သွားပါသည်။ ထို့ကြောင့်လည်း ခရီးသွား ချက်လက်မှတ်တွေ လုံလုံလောက်လောက် ယူလာခဲ့သည်။ အကယ်၍သာ တစ်လလောက် စောင့်ရလျှင် ပါလာသည့်ငွေများ ကုန်သွားနိုင်သည်။ သံရုံးတွက် ခွင့်ပြုထားသည့် ခရီးစရိတ်ရန်ပုံငွေ ပြောင်လုခမန်း ဖြစ်သွားနိုင်သည်။ အီရန်သံအမတ်ကြီးသည် မောင်ပြုံးချိုအား အစစအကူညီပေးရှာသည်။

“စိတ်ချသာ သွားပါ။ ကျွန်တော် အားလုံး စီစဉ်ထားပြီးပါပြီ။ တည်းခိုဖို့ အင်တာကွန်တီနင်တယ် ဟိုတယ်မယ် အခန်းအဆင်သင့် လုပ်ထားပါလိမ့်မယ်။ လေဆိပ်မယ်လဲ သံတမန် ဆက်သွယ်ရေးဌာနက လာကြိုပါလိမ့်မယ်။ သံအမတ်ကြီး ဟိုမယ်နေတုန်း သွားဖို့လာဖို့လဲ မော်တော်ယာဉ်တစ်စီး ထားပေးပါလိမ့်မယ်။ အဲဒီမော်တော်ယာဉ်မယ် သံအမတ်ကြီးတို့ နိုင်ငံတော်အလံ တပ်ဖို့ တိုင်ကလေး ပါရှိနေဖို့ ပြောထားပါတယ်”ဟု အီရန်သံအမတ်ကြီးက ရွှန်းရွှန်းဝေအောင် ပြောသည်။ မောင်ပြုံးချိုကလည်း “ကျေးဇူးတင်လှပါတယ်”ဟု ဆိုကာ အားရဝမ်းသာ ရှိခဲ့သည်။

လေယာဉ်သည် တဟီရန်လေဆိပ်တွင်ဆင်းရန် တဖြည်းဖြည်း နိမ့်၍ နိမ့်၍ လာလေသည်။ မှန်ပြတင်းမှ လှမ်းမျှော်ကြည့်လိုက်ရာ မျက်စိတစ်ဆုံး ဆီးနှင်းတွေ အဖွေးသား ဖုံးနေသည်ကိုသာ တွေ့မြင်ရသည်။ ပတ်ချာလည်ဝိုင်းနေသည့် တောင်တန်း တောင်ထွတ်တို့တွင် ဆီးနှင်းတွေ လွှမ်းနေသည်။ နေအိမ်တိုက်တာ အဆောက်အုံတွေကလည်း ဆီးနှင်းတွေကို ခြုံထားသည်။ ဘယ်နေရာကိုပဲ ကြည့်ကြည့် ဆီးနှင်းတွေကိုသာ တွေ့မြင်နေရသည်။ လေယာဉ်ကွင်းရှိ လေယာဉ်ပြေးလမ်းသာ ဆီးနှင်းများကို ဖယ်ရှားထားသဖြင့် အညိုရောင် ဖြစ်နေသည်။ စက္ကူဖြူဖြူပေါ်တွင် စုတ်တံပြားဖြင့် အညိုရောင် မျဉ်းဖြောင့်ဖြောင့်ဆွဲထားသလို ထင်းထင်းကြီး ပေါ်နေလေသည်။

(၂)

မောင်ပြုံးချိုသည် လေယာဉ်ပေါ်မှ ဆင်းသက်လာသောအခါ ကြိုနေမည့်သူကို သူ့မျက်လုံးအစုံက ရှာသည်။ "လေဆိပ်မယ် သံတမန် ဆက်သွယ်ရေး အရာရှိ လာကြိုနေပါလိမ့်မယ်" အစ္စလမ်မာဘတ်မြို့မှ အီရန် သံအမတ်ကြီး၏ စကားများကို ကြားယောင်နေသည်။ အဆောက်အအုံအတွင်းသို့ လျှောက်လာခဲ့ကြသည်။ ဟိုမေးသည်မေး မေးသည်။ မည်သူမျှ မဖြေနိုင်ကြ။ လေဆိပ်ရှိ ဝန်ထမ်းတွေကလည်း အင်္ဂလိပ်စကားနားမလည်သူတွေ များသည်။ နားမလည်ယောင်ဆောင်ကြသလော မပြောတတ်။ မေးလိုက်မြန်းလိုက်တိုင်း ဦးခေါင်းကိုသာ တွင်တွင်ယမ်းနေကြသည်။ ရုံးတွေကို တယ်လီဖုန်းဆက်သည် အဖြေမရ။ ရုံးပိတ်ရက် ဖြစ်နေသည်။ သောကြာနေ့။ နောက်ဆုံးတွင် အကောက်ခွန်ဘက်ဆိုင်ရာ အရာရှိတစ်ဦး၏ အကူအညီဖြင့် ချောချောမောမော လေဆိပ်အဆောက်အအုံ ပြင်ပသို့ ရောက်လာကြလေသည်။ သို့သော် ပြဿနာကား မပြီးဆုံးသေး။ ဟိုတယ်သို့သွားရန် မော်တော်ယာဉ် ငှားဖို့မလွယ်။ အခကြေးငွေကို အဆမတန်တောင်းဆိုနေကြသည်။ နိုင်ငံခြားသားမှန်းသိသဖြင့် မညှာမတာ ဆက်ဆံကြသည်။ မတတ်သာသည့်အဆုံးတွင် ဟိုတယ်ရောက်ပြီးရော ဟူသော သဘောဖြင့် တောင်းသမျှပေးကာ လေဆိပ်မှ ထွက်ခွာလာကြလေသည်။

အင်တာကွန်တီနင်တယ် ဟိုတယ်သို့ ရောက်ပါပြီ။ သည်တွင် အခက်တွေ့ပြန်သည်။ မည်သူကမှ မောင်ပြုံးချိုတို့အတွက် အခန်းသီးသန့် လုပ်မထား။

အခန်းတွေ အားလုံးလည်း တည်းခိုသူတွေနှင့် ပြည့်နေသည်။ အကယ်၍ နေလို လျှင် တစ်ယောက်နေ တစ်ခန်းတော့ ရမည်။ နက်ဖန် သန်ဘက်တွင် နောက် တစ်ခန်း ရချင်ရမည်။ မသေချာ။ မန်နေဂျာက ဟီလတန်ဟိုတယ်သို့ သွားရန် အကြံပြုသည်။ သူကပင် ဟီလတန်ကို တယ်လီဖုန်းဖြင့် မေးမြန်းစုံစမ်း ပေးသည်။ အခန်းရမည်ဟု သိရသည်။ သို့နှင့် သူတို့သည် မော်တော်ယာဉ်တစ်စီးဖြင့် ဟီလတန်ဟိုတယ်သို့ လာခဲ့ကြလေသည်။

မောင်ပြုံးချို၏ စိတ်သည် မကြည်မသာ ဖြစ်နေသည်။ အစ္စလမ်မာဘတ် မြို့ရှိ အီရန်သံအမတ်ကြီးက အသေအချာ စီစဉ်ထားကြောင်း အတိအကျ ပြော လိုက်ပါလျက် ဤသို့ ကသိကအောက် ဖြစ်ရသည်ကို မကျေမချမ်း ဖြစ်နေလေ သည်။ မောင်ပြုံးချိုသည် ပြည်ပနိုင်ငံများသို့ မကြာခဏ ခရီးသွားရောက်ခဲ့ဖူးပါ သည်။ အဖွဲ့ခေါင်းဆောင်အဖြစ်လည်း သွားဖူးသည်။ အဖွဲ့ဝင်အဖြစ်လည်း ရောက် ဖူးခဲ့ပြီ။ တစ်ကိုယ်တည်း လေ့လာရေးခရီးလည်း ထွက်ဖူးခဲ့ပြီ။ အဆင်ပြေသည်များ ရှိသလို အဆင်မပြေသည့်အခါများလည်း ရှိခဲ့သည်။ ထိုအခါများတွင် မိမိဘာသာ ကြိုးစားဖြေရှင်းသွားသည်။

ယခု ဤနိုင်ငံသို့လာခြင်းမှာ သာမန်ဧည့်သည်အဖြစ် လာရောက်ခြင်း မဟုတ်။ လေ့လာရေးခရီး ထွက်လာခြင်းလည်း မဟုတ်။ အမိနိုင်ငံကို ကိုယ်စား ပြုသော သံအမတ်ကြီးတစ်ဦးအဖြစ် လာရောက်ခြင်း ဖြစ်သည်။ ယခုတွေ့ကြုံနေ ရသည့် အဆင်မပြေမှုများသည် မိမိအား မထီမဲ့မြင် ပြုသဖြင့် ဖြစ်ပေါ်လာရခြင်း လော။ သည်လိုဆိုလျှင် မိမိအား မထီမဲ့မြင်ပြုသည် မမည်။ မိမိကိုယ်စားပြုသည့် အမိနိုင်ငံကို မထီမဲ့မြင်ပြုသည် မည်၏။ မောင်ပြုံးချိုသည် ဟီလတန်ဟိုတယ်သို့ သွားရာလမ်းတွင် ဤသို့ စဉ်းစားလာလေသည်။

သူတို့နှစ်ဦး ဟီလတန်ဟိုတယ်တွင် နေရာထိုင်ခင်း ရရှိပြီး နေသားတကျ ရှိသည်နှင့် အစ္စလမ်မာဘတ်မြို့ရှိ မိမိသံရုံးသို့ သံကြိုးစာတစ်စောင် ရိုက်လိုက် လေသည်။ တဟီရန်သို့ ချောမောစွာ ရောက်သည့်အကြောင်းနှင့် တွေ့ကြုံရသည့် ပြဿနာများကို တိုတိုနှင့် လိုရင်း ဖော်ပြလိုက်သည်။ အဆင်မပြေမှုများနှင့် ပတ်သက်၍ အီရန် သံအမတ်ကြီးကိုလည်း အသိပေးလိုက်ရန် အကြောင်းကြား လိုက်လေသည်။ စိတ်ဆိုးမာန်ဆိုး တိုင်တောသည့်သဘော မဖြစ်စေလို။ “ဒီမယ် တော့ ခင်ဗျားပြောလိုက်သလို မဟုတ်ဘူး”ဟု သိစေခြင်းသာ ဖြစ်လေသည်။

နောက်တစ်နေ့ ရုံးဖွင့်ချိန်တွင် မောင်ပြုံးချိုသည် နိုင်ငံခြားဝန်ကြီးဌာနသို့ သွားရောက်ကာ သံတမန်ဆက်သွယ်ရေးအရာရှိချုပ်ကို တွေ့ဆုံသည်။ ဘယ်နေ့က ရောက်ပြီး ဘယ်မှာ တည်းခိုကြသည်လောက်သာ မေးသည်။ မသိ၍မေးခြင်းမဟုတ်သည်မှာ သေချာပါသည်။ သူ ဝတ္တရား ပျက်ကွက်ခဲ့သည်များကိုတော့ သူ့ဘာသာသူ သိမည် ဖြစ်လေသည်။ သို့သော် ထိုချွတ်ယွင်းချက်ကို ဖုံးဖိရန်အတွက် သူအလွန် အလုပ်များနေသည့်အကြောင်းကို ပြောဆိုသည်။ မောင်ပြုံးချိုကလည်း သံတမန်စိတ်ထားအပြည့်ဖြင့် မိမိဝမ်းထဲရှိသမျှကို ဖွင့်ထုတ်၍ မပြ။ ရှားဘုရင်ထံ ခန့်အပ်လွှာပေးအပ်ရမည့် ကိစ္စကို အလေးထား၍ ဆွေးနွေးသည်။

မောင်ပြုံးချိုနှင့် ဆက်သွယ်ရေး အရာရှိချုပ်တို့သည် ရင်းနှီးစွာပင် ခန့်အပ်လွှာ ပေးအပ်ရေး၊ နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံရေး၊ ရှားဘုရင်ဖခင်၏ သင်္ချိုင်းဂူတွင် လွမ်းသူ့ပန်းခွေချရေး အစရှိသည့် အလုပ်ဝတ္တရားနှင့် ပတ်သက်သောကိစ္စများကိုသာ ဆွေးနွေးပြီး အစီအစဉ်များ ရေးဆွဲကြလေသည်။ မည်သည့်ကိစ္စကိုမျှ ရက်ချိန်းအတိအကျ မသတ်မှတ်နိုင်သေး။

ရာသီဥတုကလည်း အေးလှသည်။ ဆီးနှင်းတွေ တဖွဲဖွဲကျနေသည်ကို မောင်ပြုံးချိုသည် ဟိုတယ်အခန်း မှန်ပြတင်းမှ တွေ့မြင်နေရသည်။ မော်တော်ကားတွေ သွားနေသည့် လမ်းမကြီးများမှလွဲ၍ ကျန်လမ်းတွေအားလုံး ဆီးနှင်းခဲတွေ ဖုံးလွှမ်းနေသည်။ တစ်နေ့လုံးနေကို လုံးဝမမြင်ရ။ အုံ့မှိုင်းလျက် ရှိသည်။ ညနေလေးနာရီလောက်ဆိုလျှင်ပင် မှောင်စပျိုးနေပြီ။ တဖြည်းဖြည်း မှောင်သည် ထက်မှောင်လာလေသည်။ ခပ်လှမ်းလှမ်းရှိ ဓာတ်မီးတိုင်မီးများမှ မီးရောင်များပင်လျှင် ဆီးနှင်းတောကို မတိုးနိုင်။ ရောင်ဝါမထွန်း ချမ်းရှာလွန်း၍ ဆိုသလိုပင်။

သည်လိုအချိန် သည်လိုရာသီဥတုမျိုးတွင် မြန်မာပြည်မှအညာသား မောင်ပြုံးချိုသည် အဘယ်မှာလျှင် အပြင်သို့ ထွက်လိုအံ့နည်း။ ပြင်ပသို့ ထွက်လိုလျှင် အနွေးထည်တွေ အထပ်ထပ်ဝတ်ပြီး၊ ဦးခေါင်းကိုပါ လုံလုံလဲလဲ ရစ်ပတ်သွားရပေမည်။ သူ့အဖို့ ဆီးနှင်းခဲများပေါ်တွင် လမ်းလျှောက်ရန် မလွယ်လှပါ။ ချော်လဲလျှင် ကျိုးနိုင်ပဲ့နိုင်သည်။ အချို့နေရာများတွင် ဆီးနှင်းတွေ အရေပျော်နေသဖြင့် ရွှံ့ထဲတွင် လမ်းလျှောက်ရသလို တစွပ်စွပ် ဖြစ်နေပါလိမ့်မည်။ ကြာကြာသွားမိလျှင် ဖိနပ်ထဲ ရေခဲရေတွေ စိမ့်ဝင်ပြီး ခြေအိတ်တွေပါ စိုကုန်မည်။ ခေါင်းကိုက်မည်။ အအေးမိမည်။ ဖျားနိုင်သည်။ လမ်းမလျှောက်လိုလျှင် မော်တော်ယာဉ်ငှားသွားနိုင်သည်ကား မှန်၏။ ဓာတ်ဆီပေါသောနိုင်ငံ ဖြစ်သော်လည်း တက္ကစီခက

ကြီးမားလှသည်။ နိုင်ငံခြားသားတွေမှန်းသိလျှင် အဆမတန်ပို၍ တောင်းလိမ့်ဦးမည်။ အောက်ထပ်တွင် ညကပွဲတော့ ရှိသည်။ မီးရောင်မှိန်မှိန်တွင် ယမကာမြူ့ရင်း တလှုပ်လှုပ် ကပြမည့် အမျိုးသမီးများကို ကြည့်နိုင်သည်။ သို့ရာတွင် သည်အရွယ် သည်သမယမျိုးတွင် သည်လိုနေရာမျိုးသို့ သွားကာ အချိန်ဖြုန်းလိုစိတ် မရှိ။

မောင်ပြုံးချိုသည် ဟိုတယ်မှာပင် ညနေစာ စားပြီးလျှင် ခပ်စောစောပင် အိပ်ရာဝင်လိုက်လေသည်။ သို့သော် အိပ်မပျော်သေး။ အခန်းတွင်းရှိ ရေဒီယိုမှလည်း မြူးမြူးကြွကြွ အနောက်တိုင်း တေးဂီတများ လာနေသည်။ တယ်လီဗေးရှင်းမှလည်း အမေရိကန်ဇာတ်ကားတစ်ခု ပြနေသည်။ သူသည် ရေဒီယိုကို ပိတ်ကာ အိပ်ရာထဲမှပင် တယ်လီဗီးရှင်းကို ကြည့်နေသည်။ ခဏကြာသော် ငိုက်မျဉ်းလာသည်။ ထိုအချိန်တွင် အိပ်ရာနံဘေးမှ တယ်လီဖုန်းသံ မြည်လာသည်။ ဖုန်းခွက်ကို လှမ်းယူကာ နားထောင်လိုက်သည်။

"အခု စကားပြောတာ မြန်မာသံအမတ်ကြီးပါလား။ ကျွန်တော် နိုင်ငံခြားရေးရုံးက သံတမန်ဆက်သွယ်ရေးအရာရှိချုပ်ပါ။ အခု ချက်ချင်း သံအမတ်ကြီးနဲ့ လာတွေ့ချင်လို့ပါ"

တစ်ဘက်မှ စကားပြောသံသည် တယ်လီဖုန်းခွက်ကို တိုးဝင်လာသည်။ မောင်ပြုံးချိုသည် ရုတ်တရက် အံ့အားသင့်သွားသည်။ ဘာများ ဒါလောက် အရေးကြီးစရာ ရှိပါသနည်း။

"ကျွန်တော် အိပ်ရာထဲတောင် ရောက်နေပြီ၊ နက်ဖြန်ခါမှ တွေ့ကြရင် မကောင်းဘူးလား။ ကျွန်တော် ခင်ဗျားရုံးလာဖို့လဲ ရှိတယ်လေ" မောင်ပြုံးချိုက ခပ်အေးအေးပင် ပြန်ပြောသည်။ သူ အေးသလောက် တစ်ဘက်က ပူလောင်နေသည်။

"သံအမတ်ကြီးကို အနှောင့်အယှက်ပေးရတာ အလွန်ဝမ်းနည်းပါတယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ လိုက်လျောစေချင်ပါတယ်။ ကျွန်တော် အခုပဲ လာခဲ့ပါမယ်။ ဟိုတယ်အောက်ထပ် ဧည့်ခန်းမှာ လာတွေ့ပါမယ်"

သံတမန်ဆက်သွယ်ရေး အရာရှိချုပ်သည် အားနာလောက်အောင် ပြောနေလေသည်။ "ကျွန်တော်ကတော့ သိပ်အရေးမကြီးရင် မနက်ဖြန်မှ တွေ့ချင်တာပဲ"

မောင်ပြုံးချိုက တစ်ချက် အင်လိုက်ပြန်သည်။ "အရေးကြီးပါတယ်။ ကျွန်တော့်အတွက် အလွန်အရေးကြီးနေပါတယ်။ သံအမတ်ကြီးကို ကိုယ်တိုင်လာပြီး တောင်းပန်စရာရှိလို့ပါ"

သူသည် အလွန်လေးစားချိုသာစွာ ပြောဆိုလေသည်။ "ဒီလိုဆိုလဲ လာခဲ့ပါလေ။ ကျွန်တော် စောင့်နေပါ့မယ်"

မောင်ပြုံးချိုက ပြန်ပြောလိုက်ပြီးလျှင် အဝတ်အစားလဲကာ အောက်ထပ်သို့ဆင်းပြီး ဧည့်ခန်းတစ်နေရာတွင် တတိယအတွင်းဝန်နှင့်အတူ ထိုင်စောင့်နေလေသည်။ "အင်း–ဒီရောက်ရောက်ချင်း အစ္စလမ်မာဘတ် သံရုံးကို ပို့လိုက်တဲ့ သံကြိုးစာက စကားပြောပြီ ထင်တယ်"ဟု မောင်ပြုံးချိုက တတိယ အတွင်းဝန်ကို မှတ်ချက်ပြုလိုက်သည်။

မကြာမြင့်မီ သံတမန်ဆက်သွယ်ရေး အရာရှိချုပ်သည် ရေးကြီးသုတ်ပြာနှင့် ရောက်ရှိလာလေသည်။ တွေ့လျှင် ဖက်လဲတကင်း နှုတ်ဆက်သည်။

တစ်ဘက်တွင်ရှိ အဖျော်ယမကာဆိုင်တွင်းသို့ ဖိတ်ခေါ်ပြီး ထိုင်မိကြသည်နှင့် စားဖွယ်သောက်ဖွယ်များကို မှာလိုက်သည်။ ဤအချိန်တွင် အနှောင့်အယှက်ပေးရသည့်အတွက် ဝမ်းနည်းပါကြောင်း တောင်းပန်စကားဖြင့် နိဒါန်းပျိုးလိုက်ပြီးလျှင် မည်သည့်အတွက် လာရောက်တွေ့ဆုံရသည်ကို ဆက်လက်ပြောသည်။

"ကျွန်တော် အခုလာတာ သံအမတ်ကြီးကို တောင်းပန်ဖို့လာတာပါ။ ကျွန်တော်တို့ ပြုစုရမယ့်ဝတ္တရားတွေ ပျက်ကွက်သွားပါတယ်။ အလုပ်များပြီး လစ်ဟင်းသွားတာပါ။ အဲဒီနေ့က ရုံးပိတ်ရက်လဲ ဖြစ်နေတယ်။ ပြီးတော့ သံအမတ်ကြီး သိတဲ့အတိုင်း တူရကီသမ္မတကြီးလဲ ရောက်ရှိနေတော့ အလုပ်ကလဲ အတော်ကို များသွားပါတယ်"

သူပြောသည်မှာ မှန်ပါသည်။ လွန်ခဲ့သော သုံးလေးရက်က ရောက်ရှိနေသည့် တူရကီသမ္မတသည် ထိုနေ့မတိုင်မီ တစ်ရက်ကမှ ပြန်သွားသည်။ မောင်ပြုံးချိုသည် မည်သို့မျှပြန်မပြောဘဲ သူပြောသမျှကို ခေါင်းတဆတ်ဆတ်နှင့် နားထောင်နေသည်။

"ဟိုတယ်အခန်းများကိုလဲ သံအမတ်ကြီးတို့အတွက် သီးသန့်လုပ်ထားဖို့ စီစဉ်ထားပြီးပါပြီ။ အဲဒါ ကျွန်တော့်လက်အောက်အရာရှိ ပေါ့သွားတာနဲ့

လွဲလွဲချော်ချော် ဖြစ်သွားပါတယ်။ အဲဒါတွေဟာ ကျွန်တော်တို့အပြစ်တွေပါ။ ကျွန်တော်တို့ဘက်က ချို့ယွင်းသွားတာတွေကို ခွင့်လွှတ်ဖို့ ကျွန်တော်ကိုယ်တိုင် လာရောက်တောင်းပန်တာပါ”ဟု ကရားရေလွှတ် ပြောဆိုလေသည်။ မောင်ပြုံးချို က မိမိတို့လာဖို့ အစီအစဉ်ကို အစ္စလမ်မာဘတ်မြို့ရှိ အီရန် သံအမတ်ကြီးနှင့် တိုင်ပင်ရေးဆွဲခဲ့ကြောင်း၊ ယင်းသံအမတ်ကြီး ပြောလိုက်သည့်အတိုင်းပင် အစစ အဆင်ပြေလိမ့်မည်ဟု မျှော်လင့်လာခဲ့ကြောင်း၊ သို့ရာတွင် မိမိတို့ တဟီရန် လေဆိပ်ရောက်ကတည်းက ကသိကအောက် ဖြစ်ခဲ့ရကြောင်း စသည်ဖြင့် တွေ့ကြုံ ခဲ့ရသည့် ပြဿနာများကို အသေးစိတ် ခပ်အေးအေး ပြောပြသည်။

“အဲဒီလို ဖြစ်ရတာ ကျွန်တော်တို့ အလွန်အမင်း စိတ်မကောင်းပါဘူး။ ကျွန်တော်တို့ရဲ့ချွတ်ယွင်းချက်ပါ။ အဲဒါ ဖြစ်ရတာတွေ ခွင့်လွှတ်ပါလို့ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်”သူသည် ထပ်တလဲလဲသာ တောင်းပန်နေလေ တော့သည်။ အတော်ပင် စိုးရိမ်ပူပန်နေပုံရသည်။ ဤကိစ္စနှင့် ပတ်သက်၍ သူ့ အထက်မှ တစ်စုံတစ်ယောက်သောသူက အလေးအနက်ထားပြီး၊ သူ့ကို အပြစ်ဆို နေပုံရသည်။ အစ္စလမ်မာဘတ်မြို့ မြန်မာသံရုံးမှ တစ်ဆင့် အီရန်သံအမတ်ကြီး ထံ ဖြစ်ကြောင်းကုန်စင် အကြောင်းကြားလိုက်သည့်သံကြိုးစားကြောင့် အကျိုးဆက် တွေ ဖြစ်ပေါ်လျက် ရှိလေပြီ။ အစ္စလမ်မာဘတ်မြို့ အီရန်သံအမတ်ကြီးသည် မောင်ပြုံးချို၏အကြောင်းကြားချက်ကို တဟီရန်ရှိ နိုင်ငံခြားရေးရုံးသို့ ထပ်ဆင့် အသိပေးလိုက်ဟန် တူသည်။ သံတမန် ဆက်သွယ်ရေး ဌာန၏ပျက်ကွက်မှုများကို အထက်လူကြီးများ သိရှိပြီး အရေးတယူ ပြုလာကြ၍သာ အရာရှိချုပ်ကိုယ်တိုင် မောင်ပြုံးချိုထံ လာရောက် တောင်းပန်နေခြင်း ဖြစ်ပေသည်။ နောက်ဆုံးတွင် မောင်ပြုံးချိုက “စိတ်အေးလက်အေးထားပါ၊ ဒါတွေ အားလုံး မေ့သာထားလိုက် ပါတော့။ ကျွန်တော် ဘယ်လိုမှ မအောက်မေ့ပါဘူး”ဟု ပြောလိုက်လေသည်။

အရာရှိချုပ်ကလည်း မောင်ပြုံးချိုအား ကျေးဇူးတင်စကား ပြောဆိုကာ ပြုံးရွှင်စွာ ပြန်သွားလေသည်။

နောက်တစ်ရက်ခြားတွင် မောင်ပြုံးချိုသည် အီရန် အစိုးရနိုင်ငံခြားရေး ဌာန ဝန်ကြီး မစ္စတာခါတာဗယ်လီကို သွားရောက် တွေ့ဆုံနှုတ်ဆက်လေသည်။ နိုင်ငံတော် သမ္မတကြီးက မိမိအား အီရန်နိုင်ငံဆိုင်ရာ သံအမတ်ကြီး ခန့်အပ် သည့် ခန့်အပ်လွှာ မိတ္တူတစ်စောင်ကိုလည်း ဝန်ကြီးအား ပေးအပ်လေသည်။ ဝန်ကြီးနှင့် မောင်ပြုံးချိုတို့ တစ်နာရီခန့် အာလာပ သလ္လာပ စကားများကို

ပြောဆိုကြသည်။ ထိုသို့ စကားပြောနေသည့်ကြားက “သံအမတ်ကြီးကို ကျွန်တော် တောင်းပန်စရာ တစ်ခု ရှိပါတယ်”ဟု နိဒါန်းပျိုးကာ မောင်ပြုံးချို တဟီရန်သို့ ရောက်သည့်နေ့က အဆင်မပြေ ဖြစ်ခဲ့ရသည့် ကိစ္စများနှင့် ပတ်သက်၍ တောင်းပန်စကား ပြောဆိုလေသည်။

ယဉ်ကျေးသိမ်မွေ့လှသည့် ပုဂ္ဂိုလ်ကြီးပါပေ။ မောင်ပြုံးချိုကလည်း ဌာနဆိုင်ရာ အရာရှိများ အလုပ်များပြီး လစ်ဟင်းမှုရှိသည်များကို မည်သို့မျှ မအောက်မေ့ပါကြောင်း နှစ်သိမ့်စကား ပြောဆိုလိုက်လေသည်။

“ဒီမြို့မယ် သံအမတ်ကြီး ရှိနေစဉ် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ပါ။ လိုအပ်သည်များကိုလဲ သံတမန်ဆက်သွယ်ရေးအရာရှိက အားလုံး စီစဉ်ပေးပါလိမ့်မယ်” ဟု ပြောဆိုလေသည်။

ရှားဘုရင်ထံမှောက်သို့ ဝင်ရောက်ပြီး ခန့်အပ်လွှာအပ်ရန်ကိုလည်း ၁၉၇၇–ခု၊ ဇန်နဝါရီလ ၁၉–ရက်နေ့၊ နံနက်ဆယ့်တစ်နာရီတွင် သတ်မှတ်ကြောင်းကိုလည်း ပြောကြားလေသည်။ နောက်ထပ်ခြောက်ရက်သာ စောင့်ရန် လိုတော့သည်။

မောင်ပြုံးချိုသည် ဝန်ကြီးအခန်းမှ ထွက်ခွာလာသောအခါ သူ၏ ခန္ဓာကိုယ်သည် မတ်သည်ထက်မတ်ကာ လျှောက်လာသည်။ သူ၏ ဦးခေါင်းသည် မော့သည်ထက်မော့လာသည်။ သူ့စိတ်ထဲတွင် မကြည်မလင် ဖြစ်နေခဲ့သည်များလည်း လုံးဝပျောက်ကွယ်သွားလေပြီ။ တစ်ကိုယ်လုံး ပေါ့ပါး သွက်လက်လျက် ရှိနေလေသည်။

“အမိနိုင်ငံ၏ဂုဏ်သိက္ခာကား ကြီးမားလှချေ၏တကား”

မောင်ပြုံးချို၏စိတ်ထဲမှ ဤသို့ ရွတ်ဆိုလာလေသည်။

# ရွှေအိပ်နန်းနှင့် ကြငှန်းလည်းခံ

(၁)

"ဘုရင်တကာတို့၏ဘုရင် ဖြစ်တော်မူတဲ့ ရှားဘုရင်မင်းမြတ်က ဇန်နဝါရီလ ၁၉–ရက်နေ့တွင် သံအမတ်ကြီး ခန့်အပ်လွှာကို လက်ခံပါလိမ့်မယ်"

မောင်ပြုံးချိုအား အီရန် နိုင်ငံခြားရေးဝန်ကြီးက သွားရောက် တွေ့ဆုံစဉ်က အမိန့်ရှိလိုက်သည်။

ထိုနေ့သည် ၁၉၇၇–ခု၊ ဇန်နဝါရီ ၁၃–ရက်ဖြစ်သည်။ ရှားဘုရင်၏ ရှေ့မှောက်သို့ဝင်၍ ခန့်အပ်လွှာ ပေးအပ်ရန် နောက်ထပ် ခြောက်ရက် စောင့်ရပေဦးမည်။ ခပ်မြန်မြန် ကိစ္စပြီးလိုသော မောင်ပြုံးချိုအဖို့ ခြောက်ရက်ဟူသော ကာလသည် ကြာလွန်းလှသည်။

"ခြောက်ရက်ကြီးများတောင် စောင့်ရဦး မှာပါကလား" သူသည် ဤသို့ ညည်းညူမိသည်။

"ခင်ဗျား သိပ်ကံကောင်းတယ်။ တချို့ သံအမတ်ကြီးတွေများ နှစ်ပတ် သုံးပတ် စောင့်ကြရတယ်"ဟု အနောက်တိုင်းမှ သံတမန် မိတ်ဆွေတစ်ဦးက ပြောကြားလေသည်။

ထိုပုဂ္ဂိုလ်သည် တဟီရန်တွင် အနေကြာသူ ဖြစ်သည်။ အစ္စလမ်မာဘတ် မြန်မာသံရုံး ဒုတိယအတွင်းဝန်က မိတ်ဆက်ပေးလိုက်သဖြင့် သိကျွမ်းရသူ ဖြစ်သည်။ ထိုနိုင်ငံတွင် အနေကြာသည်နှင့်အမျှ တာဝန်ကျရာ နိုင်ငံ၏ အကြောင်းကို အတော်သိထားသူ ဖြစ်လေသည်။ သူသည် မကြာခဏပင် မောင်ပြုံးချို တည်းခိုရာ ဟိုတယ်သို့ ရောက်ရှိလာကာ အချိန်ရလျှင် ရသလို စကားပြောဆိုနေတတ်လေသည်။ သူ့ထံမှ အီရန်နိုင်ငံ၏သမိုင်းဖြစ်စဉ်၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးအပြစ် ရှားဘုရင်၏မိသားစုများအကြောင်းကိုပါ ကြားနာရသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

http://www.cherrythitsar.org

အားနေသည့်ခြောက်ရက်အတွင်း မောင်ပြုံးချိုတို့သည် တဟီရန်မြို့ အတွင်း လှည့်လည်သွားလာ၍ လေ့လာဖွယ်ရှိသည်များကို လေ့လာကြသည်။ တဟီရန်သည် လွန်ခဲ့သော ဆယ့်လေးငါးနှစ်က အခြေအနေနှင့် လုံးဝ မတူတော့ချေ။ ၁၉၆၀–ပြည့်နှစ်၊ နွေရာသီတွင် မောင်ပြုံးချိုသည် အခြားအဖွဲ့ဝင်များနှင့်အတူ အနောက်ဂျာမနီမှအပြန် တဟီရန်တွင် တစ်ည ဝင်ရောက်နားဖူးသည်။ လေယာဉ် အဆက်အသွယ် အဆင်မပြေသဖြင့် သက်ဆိုင်ရာ လေယာဉ်ကုမ္ပဏီက တာဝန်ယူ ချထားပေးသော ဟိုတယ်ငယ်ကလေးတစ်ခုတွင် ညအိပ်ကြရသည်။ ညနေစာ စားပြီးသော် သူတို့တတွေ ဟိုနားသည်နား လျှောက်ကြည့်ကြသည်။ လမ်းမီး တွေကလည်း ခပ်မှိန်မှိန်။ လမ်းပေါ်တွင် မော်တော်ယာဉ်တွေလည်း ဤမျှ မပေါ များသေး။ လမ်းဘေး ပလက်ဖောင်း လူသွားလမ်းကလည်း ဤသို့ ပြေပြစ်ခြင်း မရှိ။ ကျောက်ပြားတွေ ကျိုးပဲ့နေသည်။ မီးရောင်မှိန်မှိန်တွင် စားသောက်ဆိုင်များနှင့် တိုလီမိုလီပစ္စည်းများ ရောင်းချသည့် ဆိုင်ငယ်ကလေးများကို တွေ့ရလေသည်။ အချို့လမ်းဘေးတွင် ဗန်းခင်း၍ ရောင်းကြသည်။ ကြီးကြီးမားမား အဆောက်အအုံ များများစားစား မရှိသေး။

ယခုမူ ဟိုတယ်ကြီးတွေ တစ်မြို့လုံး မှိုလိုပေါက်နေလေပြီ။ ဝင်ထွက်သွားလာနေကြသည့် နိုင်ငံခြားသားတွေလည်း များလှသည်။ ကျယ်ပြန့်သည့် လမ်းမကြီးများပေါ်တွင် မော်တော်ယာဉ်တွေ ပြည့်ကျပ်နေကြသည်။ တစ်လမ်းသွားအဖြစ် သတ်မှတ်ထားသည့် လမ်းများပေါ်တွင် မော်တော်ယာဉ်လေးစီး ရင်ပေါင်တန်း သွားလာနိုင်သည်။ သို့ရာတွင် လေးတန်းသော မော်တော်ယာဉ်များသည် လမ်းမကြီးတစ်ခုလုံးတွင် ပြည့်ကျပ်နေသောကြောင့် ရှေ့လည်း မတိုးသာ နောက်လည်း မဆုတ်သာ။ ရောင်ကွေ့ကျော်ဖို့လည်း မဖြစ်သည့် အခြေအနေကို မကြာခဏ တွေ့မြင်ရသည်။ မော်တော်ယာဉ်တန်းကြီးသည် တရွေ့ရွေ့သာ ရွေ့ကာ ပိုးတီတွန့်သလို တလှုပ်လှုပ်သွားနေကြရသည်။

"တဟီရန်မယ် လူဦးရေ လေးသန်းရှိတယ်။ မော်တော်ယာဉ် တစ်သန်း ကျော် ရှိတယ်။ ဒီတော့ လူလေးယောက် မော်တော်ယာဉ် တစ်စီးကျစီ ရှိနေ တာပေါ့။ ဒီပြဿနာကို ကျွန်တော်တို့ရှင်းမှဖြစ်မယ်ဆိုတာကို သဘော ပေါက်ပါ တယ်။ ဘယ်လို ရှင်းရမယ်ဆိုတာတော့ နည်းလမ်း ရှာတုန်းပဲပေါ့"

နိုင်ငံခြားရေးဝန်ကြီးက မောင်ပြုံးချိုနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည့် စကားဖြစ်သည်။

မောင်ပြုံးချိုသည် လွန်ခဲ့သောလေးငါးဆယ်နှစ်က သူတို့တစ်ညတာမျှ တည်းခိုခဲ့ရသည့် ဟိုတယ်ကလေးကို မှန်းဆရှာကြည့်သည်၊ ရှာမရတော့ပါ။ တစ်မြို့လုံး အခြေအနေတွေ ပြောင်းနေပါပြီ။ ဘယ်နေရာကြည့်ကြည့် မြင့်မား ထည်ဝါသည့် အဆောက်အအုံကြီးတွေကိုသာ တွေ့မြင်နေရသည်။

မောင်ပြုံးချိုတို့သည် ပြတိုက်ကြီးများသို့လည်း ရောက်ကြသည်။ ရှေး ဟောင်းပစ္စည်းပြတိုက်၊ ပန်းချီပြတိုက်၊ ရှေးကော်ဇောများပြတိုက်၊ ရှေးဘုရင် များ၏နန်းတော်ပြတိုက်၊ အမျိုးသားအနုပညာပြတိုက်၊ ပြတိုက်မျိုးစုံ နေလေသည်။

'ခရောင်းကျိဝဲ'ခေါ် မင်းမြောက်တန်ဆာများနှင့် သရဖူနန်းတွင်း ကျောက် မျက်ရတနာများ ပြသထားရာ ပြတိုက်သို့လည်း တစ်ညနေခင်းတွင် ရောက်ရှိ သွားကြသည်။ အစောင့်အရှောက်တွေ တင်းတင်းကျပ်ကျပ် ချထားသည်။ မြေ အောက်ခန်းထဲသို့ ဝင်သွားသောအခါ မီးရောင်ပျော့ပျော့တွင် ရတနာမျိုးစုံသည် ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပနေကြသည်။ ရွှေငွေ ကျောက်မျက် ရတနာများကို သူ့နေရာနှင့်သူ ကဏ္ဍပိုင်းခြား ပြသထားသည်။ အခန်းလိုက် အကန့်လိုက် မှန်သေတ္တာများတွင် အလိုက်သင့်ရှိသော မီးရောင်ပေးထားသည်။ ကျောက်မျက်ရတနာမျိုးစုံ စီခြယ်ထားသည့် ထီးသုံးနန်းသုံး အဆင်တန်ဆာများကို တွေ့မြင်ရသည်။ ဘုရင်၏ဖခင် နန်းတက်စဉ်က ဝတ်ဆင်ခဲ့သည့် သရဖူမှအစ မင်းမြောက်တန်ဆာများ၊ ရှားဘုရင်နှင့်မိဖုရားတို့ ဘိသိက်ပွဲ ကျင်းပစဉ်က ဆင်မြန်း ခဲ့သည့် မင်းမြောက်တန်ဆာများ၊ ရတနာမျိုးစုံ စီခြယ်ထားသည့် နန်းတွင်း အသုံး အဆောင်ပစ္စည်းများ စုံနေပါတော့သည်။

တစ်နေရာတွင် မှန်သေတ္တာခပ်ငယ်ငယ်၌ သီးသန့်ပြထားသည့် ပတ္တမြား တစ်လုံးကို တွေ့ရသည်။ 'ဘားမီး(စ)ရူဘီ'ဟူသော စာတန်းထိုး ထားသဖြင့် 'မြန်မာ့ပတ္တမြား'ပါတကားဟု သိရသည်။ အလျား လက်တစ်ဆစ်ခန့် အနံ လက်တစ်လုံးခန့် ရှိသော ပတ္တမြားကို ရွှေကလပ်ပေါ်တွင် ပြသထားသည်။ မှန်သေတ္တာတွင်းဝယ် မီးရောင်အောက်တွင် မြန်မာ့ပတ္တမြားသည် ရဲရဲနီသော မြန်မာ့သွေးရောင်ဖြင့် မာန်ဝင့်လျက် ရှိသည်။

"ဘယ်လိုလုပ်ပြီး ဒီရောက်နေတာပါလိမ့်"

မောင်ပြုံးချိုသည် ဤသို့ တွေးတောရင်း ပြတိုက်အတွင်းမှ ထွက်ခွာလာ ခဲ့လေသည်။

http://www.cherrythitsar.org

ဤသို့ သွားရင်းလာရင်း လေ့လာရင်းနှင့် နိုင်ငံခြားရေးဝန်ကြီး ဌာနသို့လည်း မကြာခဏ သွားကြရသည်။ ရှားဘုရင်ရှေ့မှောက်သို့ ဝင်ရောက်ပြီး ခန့်စာအပ်ရမည့်ကိစ္စနှင့် ပတ်သက်၍ ပွဲမဝင်မီ အပြင်က ကျင်းပပြုလုပ်ရသည်။

ကမ္ဘာပေါ်တွင် ဘုရင်စနစ်သည် တဖြည်းဖြည်း ဆိတ်သုဉ်းလျက်ရှိသည်။ ဘုရင်စနစ် အုပ်စိုးသော နိုင်ငံများသည် အနည်းငယ်သာ ကျန်တော့သည်။ လက်ချိုး၍ပင် ရေတွက်နိုင်ပါသည်။ နန်းဆက်ရှည်လျားပြီး ကျန်ရှိနေသေးသည့် ဘုရင်များ၊ ဘုရင်မများသည်လည်း ရှေးယခင်ခေတ်များလောက် သြဇာအာဏာ မရှိတော့ပေ။ နိုင်ငံ၏အကြီးအကဲ အထွတ်အထိပ် ပြယုဂ်အဖြစ်သာ တည်ရှိနေကြတော့သည်။ မဟာဆန်သည့် နန်းဓလေ့ကိုလည်း တော်ရုံသာ လိုက်နာကျင့်သုံးကြတော့သည်။ သို့ရာတွင် မကြာသေးမီက နန်းဆက် တည်ထောင် အုပ်စိုးလျက်ရှိသည့်ဘုရင်များမှာ ထီးမူနန်းဟန်များကို အထူးအလေးပေးကျင့်သုံးလျက် ရှိကြသည်။ အခေါ်အဝေါ် အပြုအမူကမှ အစ နေရာတိုင်းတွင် မဟာဆန်ဆန် ကျင့်သုံးနေကြသည်။

ရှားဘုရင် ရှေ့မှောက်သို့ ဝင်ရောက်ကာ နိုင်ငံတော် သမ္မတကြီးကိုယ်တိုင် လက်မှတ် ရေးထိုးပေးလိုက်သည့် ခန့်အပ်လွှာကို ပေးအပ်ရမည့် အရေး အစမ်းလေ့ကျင့်ခန်းများ လုပ်ရသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ရှားဘုရင်ကိုယ်စား ဝင်ရောက်ပြီး ပွဲမဝင်မီအပြင်က ကျင်းပခြင်းကို တစ်ရက်ခြားနှစ်ကြိမ် ဆောင်ရွက်ရသည်။ ရှားဘုရင်က မည်သည့်နေရာတွင် ရပ်နေမည်၊ သံအမတ်ကြီးက မည်သည့်တံခါးမှ မည်သူတို့နှင့်အတူ ဝင်လာပြီး ဘုရင်နှင့် ဘယ်မျှအကွာအဝေးလောက်တွင် ရပ်ရမည်။ ခန့်အပ်လွှာကို မည်သို့ ပေးအပ်ရမည်။ မည်သို့ လက်ဆွဲနှုတ်ဆက်ရမည်။ မည်သည့်နေရာသို့ ပြန်ဆုတ်ပြီး မည်သို့ မိန့်ခွန်းခြွေရမည် စသည်စသည်တို့ ဖြစ်သည်။

"ဒီကိစ္စက ဒါလောက်တောင် လေ့ကျင့်ခန်း လုပ်နေဖို့ လိုသလား ခင်ဗျာ" မောင်ပြုံးချိုသည် သံတမန်ဆက်ဆံရေး အရာရှိချုပ်အား မေးမြန်းလိုက်လေသည်။

"လိုပါတယ်ခင်ဗျား။ တချို့က ဘုရင်ဧကရာဇ် မင်းမြတ် ရှေ့မှောက်ရောက်မှ အိုးနင်းခွက်နင်း ဖြစ်တတ်လွန်းလို့ပါ"ဟု ဖြေလေသည်။

မောင်ပြုံးချိုသည် မည်သို့မှ မငြင်းသာ။ ရောမရောက်လျှင် ရောမ လူမျိုးတို့လို ကျင့်ကြံနေထိုင်ရမည် မဟုတ်လား။

သံတမန်ဆိုသည်မှာ သူတစ်ပါးနိုင်ငံသို့ သွားရောက်ပြီး ခွန်းကြီးခွန်းငယ် စကားစစ်ထိုးနေရမည့်သူ မဟုတ်။

(၂)

ဇန်နဝါရီ ၁၉–ရက်

သာယာသော နံနက်ခင်း။

မောင်ပြုံးချိုအဖို့ ကံကောင်းသည်ဟု ဆိုရပေမည်။ နေ့ အနည်းငယ်သာနေသည်။ ဟိုတယ်ခန်းပြတင်းမှ လှမ်းကြည့်လိုက်သောအခါ ဆီးနှင်း ဖုံးနေသည့် တောင်တန်းများပေါ်တွင် နေရောင်ခြည် ပက်ဖြန်းနေသည်ကို မြင်ရလေသည်။ သို့သော် ပတ်ဝန်းကျင်တစ်ခုလုံးရှိ တိုက်တာအဆောက်အအုံအားလုံးကို ဆီးနှင်းတွေ ဖုံးလွှမ်းနေသည်။ အရိုးပြိုင်းပြိုင်း သစ်ပင်သစ်ကိုင်းတွေကိုလည်း ဆီးနှင်းတွေ အုပ်နေသည်။ အချို့အိမ်များ၏တံစက်မြိတ်တွင် ဆီးနှင်းတောင့်ကြီး များလည်း တန်းတန်းကြီး ကျနေသည်။

နံနက်ဆယ်နာရီခန့်တွင် မောင်ပြုံးချိုအား ရှားဘုရင်၏ ဆောင်းဥတု စံအိမ်တော်သို့ မော်တော်ယာဉ်ဖြင့် ခေါ်ဆောင်သွားလေသည်။ သူသည် ပုဆိုး တောင်ရှည်အဝါချိတ်၊ အဝါရောင်ခေါင်းပေါင်း၊ သက္ကလပ်အနက်ရောင်၊ ရင်ဖုံး အင်္ကျီကို ဝတ်ဆင်ထားသည်။ နိုင်ငံတော်က ပေးအပ်ထားသည့် ဘွဲ့တံဆိပ် ဂုဏ်ထူးတံဆိပ်များကို နေသားတကျ ဆင်မြန်းထားသည်။ မြန်မာပီပီ ကတ္တီပါ ပိန်းတန်းဖိနပ်ကို စီးသွားလိုသော်လည်း ရာသီဥတုဒဏ်ကို ခံနိုင်မည် မဟုတ်သဖြင့် ခြေအိတ်ထူထူနှင့် ရှူးဖိနပ်ကို စီးရသည်။ အတွင်းမှာလည်း သိုးမွေး အသားကပ် အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ထားရလေသည်။ ထို့ကြောင့် သူ၏ခန္ဓာကိုယ်သည် ဖောင်းပွပွကြီး ဖြစ်နေသည်။ မော်တော်ယာဉ်ပေါ်တွင် သူနှင့်ယှဉ်လျက် သံတမန် ဆက်သွယ်ရေး အရာရှိပါလာသည်။ သူကလည်း အီရန်နိုင်ငံ၏ နိုင်ငံခြားရေး အရာရှိများအတွက် သတ်မှတ်ထားသည့် သက္ကလတ်နက်ပြာရောင် ဘောင်းဘီရှည် နှင့်၊ လက်ဖျားကော်လာနှင့်ရင်ဘတ်တွင် ကနုတ်ပန်းတို့ကို ပန်းခက်လိမ်အဖြူများ ထိုးထားသည့် လည်ထောင်ကုတ်အင်္ကျီကို ဝတ်ဆင်ထားသည်။ လက်တွင် ကိုင်လာသည့်ဦးထုပ်မှာ တြိဂံပုံခပ်ပြားပြားဖြစ်၍ ရှေးအခါက ပြင်သစ်စစ်ဗိုလ်များ ဆောင်းသည့်ဦးထုပ်နှင့် ခပ်ဆင်ဆင်တူသည်။ တတိယအတွင်းဝန်သည် ယာဉ် မောင်း သူနှင့်ယှဉ်လျက် ထိုင်ကာ လိုက်ပါလာသည်။

တပဟီရန် လမ်းမကြီးများသည် မော်တော်ယာဉ်တွေနှင့်ပြည့်ကျပ်နေသည်။ သူတို့၏မော်တော်ယာဉ်ရှေ့တွင် ရဲသားနှစ်ဦး မော်တော်ဆိုင်ကယ်နှစ်စီးတို့ကို ဘေးချင်းယှဉ်စီးပြီး၊ လမ်းရှင်းပေးသွားသည့်တိုင်အောင် စိတ်ထင်တိုင်း အမြန်မမောင်းနိုင်။

ဆောင်းရာသီ စံအိမ်တော်သို့ ရောက်သောအခါ မော်တော်ယာဉ်ပေါ်မှ ဆင်းလိုက်သည်နှင့် အရန်သင့် တန်းစီစောင့်နေသည့် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရသည်။ ထိုအချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အမျိုးသားသီးချင်းကို တီးမှုတ်သည်။ ပြီးလျှင် တပ်ဖွဲ့ကို စစ်ဆေးပြီး၊ စစ်ဘက်နှင့် နိုင်ငံခြားရေးရုံးမှ အရာရှိများ ခြံရံလျက် နန်းတော်တွင်းသို့ ဝင်ရောက်လာကြသည်။

ဧည့်ခန်းတွင် ခေတ္တထိုင်ရင်း အိမ်တော်အရာရှိများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိများနှင့် ကော်ဖီသောက်ရင်း အာလာပ သလ္လာပ စကားများ ပြောဆိုနေကြသည်။ တစ်ခန်းလုံး မွေးရှည်သိုးမွေးကော်ဇောကြီးများကို နံရံများအထိ ခင်းထားသည်။ ထိုအပေါ်မှ လက်ရာမြောက် အဖိုးတန်ကော်ဇောများကို ကွက်ကြားခင်းထားသည်။ အခန်းထောင့်တစ်နေရာတွင် သိုးမွေးချည်ကို အသုံးပြုပြီး၊ လက်နှင့်ထိုးထားသည့် ရှားဘုရင်၏ ကိုယ်တစ်ပိုင်းပုံကို တွေ့ရသည်။ နံရံတွင် မိသားစုပန်းချီပုံကြီးကို ချိတ်ဆွဲထားသည်။ စားပွဲငယ်များနှင့် ခုံကလေးများပေါ်တွင် နိုင်ငံအချို့မှ အကြီးအကဲများကိုယ်တိုင် လက်မှတ်များ ရေးထိုးထားသည့် ဓာတ်ပုံများ ထောင်တင်ထားသည်ကို တွေ့မြင်ရလေသည်။

"ဘုရင်မင်းမြတ် အဆင်သင့် ဖြစ်နေပါပြီ" အိမ်တော်အရာရှိတစ်ဦးက လာရောက် အကြောင်းကြားသည်။

မောင်ပြုံးချိုသည် အိမ်တော်အရာရှိချုပ်နှင့် သံတမန် ဆက်သွယ်ရေးအရာရှိတို့အလယ်မှ တစ်ဘက်ရှိ အခန်းပေါက် တံခါးမကြီးဆီသို့ လျှောက်သွားလေသည်။ အနီးသို့ ရောက်သွားလျှင် တံခါးရွက်ကြီးနှစ်ခုကို ပြိုင်တူ ဖွင့်ပေးလိုက်ရာ သူ့ရှေ့တွင် မီးရောင် ရွှေရောင် ပိုးဖဲကတ္တီပါရောင် တဖိတ်ဖိတ် တောက်ပနေသည့် အခန်းကျယ်ကြီးသည် ဘွားခနဲ ပေါ်လာလေသည်။ အထက်မျက်နှာကြက်မှသည် ကြမ်းပြင်အထိ ရှည်လျားစွာကျနေသည့် အစိမ်းရောင် ကတ္တီပါခန်းဆီးကြီးများကို ပြင်ပမှ အလင်းရောင် ဝင်နိုင်ရန် အနည်းငယ်သာ ဘေးဘက်သို့ ဆွဲဟထားသည်။ နံရံမှ ပန်းချီကားကြီးများနှင့် ပရိဘောဂများသည် ထွန်းလင်း

နေသည့် ပန်းဆိုင်းပဒေသာ လျှပ်စစ်မီးရောင်တွင် ပြိုးပြိုးပြက်ပြက် ဝင်လက်နေကြကုန်သည်။

အခန်းအကျယ်ကြီး အတွင်းအပေါက်ဝမှ ပေရှစ်ဆယ်ခန့်ဝေးကွာသော နေရာတွင် ရှားဘုရင်သည် တူညီဝတ်စုံ ဝတ်ဆင်ထားသော နိုင်ငံခြားရေးဝန်ကြီး အပါအဝင် စစ်ဘက်နယ်ဘက် အရာရှိများ ခြံရံလျက် ဝင်ပေါက်ကို မျက်နှာမူကာ မတ်တတ်ရပ်နေသည်ကို တွေ့ရလေသည်။ သူသည် အီရန်တပ်မတော် သေနာပတိ၏ ဝတ်စုံကို ဝတ်ဆင်ထားသည်။ ဝဲဘက်ရင်ဘတ်ပေါ်တွင် ဘွဲ့ထူးဂုဏ်ထူးတံဆိပ်တွေ ဆင်မြန်းထားသည်။ လက်ဝဲဘက်ခါးတွင် ရွှေကွပ်ဓားအိမ်နှင့် ဆောင်ဓားကို ချိတ်ဆွဲထားသည်။ မောင်ပြုံးချိုသည် ခန်းလုံးပြည့် ကော်ဇောကြီး ပေါ်၌ ထပ်ခင်းထားသည့် ကော်ဇောနီကြီးပေါ်တွင် ဘုရင့်ရှေ့တော်မှောက် အရောက် ခပ်ဖြည်းဖြည်း လျှောက်လာသည်။ တတိယအတွင်းဝန်သည် နောက်မှ ထက်ကြပ်မကွာလိုက်ပါလာသည်။ ရှားဘုရင်၏ ရှေ့တည့်တည့် ရှစ်ပေမျှအကွာတွင် ရပ်လိုက်သည်။ သံတမန် ဆက်သွယ်ရေးအရာရှိချုပ်က မောင်ပြုံးချို၏ အမည်နှင့်တကွ "ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံအမတ်ကြီးပါ ဘုရင်မင်းမြတ်"ဟု သံတော်ဦးတင်လိုက်သည်။

ထို့နောက် မောင်ပြုံးချိုသည် ရှေ့သို့ တိုးသွားပြီး ယူဆောင်လာသည့် ခန့်အပ်လွှာနှင့် သူ့အရင်က တာဝန်ထမ်းဆောင်သွားသော သံအမတ်ကြီးအား တာဝန်ပြီးဆုံး၍ ပြန်လည်ခေါ်ယူသည့် စာချွန်ကို ရှားဘုရင်အား လက်နှစ်ဖက်ဖြင့် ပေးအပ်လိုက်သည်။ ရှားဘုရင်က လက်ခံယူပြီး အနီးရှိ အရာရှိတစ်ဦးအား လှမ်းပေးလိုက်သည်။ ပြီးလျှင် မောင်ပြုံးချိုအား လက်ဆွဲနှုတ်ဆက်သည်။ မောင်ပြုံးချိုသည် မူလနေရာသို့ အရောက်ပြန်ဆုတ်လာပြီး အသင့်ယူဆောင်လာသည့် နှစ်ပြည်ထောင် ချစ်ကြည်ရေးများကို ဖော်ပြသည့်မိန့်ခွန်းကို ဖတ်ကြားသည်။ ရှားဘုရင်ကလည်း အလားတူ အဓိပ္ပာယ်သက်ရောက်သည့် မိန့်ခွန်းကို မြွက်ကြားသည်။ ထို့နောက် မောင်ပြုံးချိုက မိမိ၏ တတိယအတွင်းဝန်၏ လက်ကိုဆွဲ၍ နှုတ်ဆက်လိုက်သည်။ အခမ်းအနား ဤတွင် ပြီးဆုံးပါသည်။

မောင်ပြုံးချိုအဖို့တော့ လှည့်မပြန်ရသေးပါ။ ရှားဘုရင်သည် သူတစ်ဦးတည်းသာ တစ်ဖက်ရှိ အခန်းဆောင်အတွင်းသို့ ခေါ်ဆောင်သွားလေသည်။ နိုင်ငံခြားရေးဝန်ကြီးတစ်ဦးတည်းသာ သူတို့နှင့် လိုက်ပါလာသည်။ အခြားအရာရှိအားလုံး အပြင်ခန်းတွင် စောင့်နေကြရလေသည်။

http://www.cherrythitsar.org

ရွှေနားကွပ် စားပွဲဝိုင်းတွင် သူတို့သုံးဦးသည် ရွှေနားကွပ်ကုလားထိုင် တစ်လုံးစီတွင် ထိုင်လိုက်ကြသည်။ နိုင်ငံခြားရေးဝန်ကြီးက ခပ်ခွာခွာ ထိုင်လိုက်သည်။ မောင်ပြုံးချိုနှင့် ရှားဘုရင်မှာ စားပွဲတွင် နီးကပ်စွာမျက်နှာချင်းဆိုင် ထိုင်နေကြသည်။ စားပွဲပေါ်တွင်မူ လက်ဖက်ရည်ခွက်သုံးလုံး အဆင်သင့်ရှိနေသည်။ ဖန်ခွက်များကို ကိုင်၍ လွယ်ကူစေရန် ရွှေနားကွပ်ပြီး လက်ကိုင်ကို တပ်ထားသည်။ ရှားဘုရင်က သကြားခဲခွက်ကိုလှမ်းပေးရာ မောင်ပြုံးချိုက တစ်ခဲကို အသင့်ပါလာသော ငွေညှပ်ဖြင့်ညှပ်ယူပြီး မိမိလက်ဖက်ရည် ဖန်ခွက် ထဲသို့ ထည့်လိုက်သည်။

ရှားဘုရင်က "သံအမတ်ကြီးရဲ့ သမ္မတကြီး ကျန်းမာပါစ"ဟု စတင် မေးမြန်းသည်။

မောင်ပြုံးချိုက ကျန်းမာပါကြောင်း ပြန်ကြားဖြေဆိုသည်။ မကြာသေးမီက မကျန်းမာကြောင်း ကြားသိရသည့်အကြောင်း၊ မိမိက သမ္မတကြီး ကျန်းမာစေကြောင်း ဆုတောင်းလျက် ရှိပါကြောင်း တစ်ဆင့်ပြောကြားပေးပါရန် ပြောဆိုသည်။ ထို့နောက် ငလျင်လှုပ်သည့်အတွက် ပုဂံဘုရား၊ စေတီပုထိုးများ ပျက်စီးသည့်အကြောင်းကို မေးမြန်းသဖြင့် ဖြေကြားပြောဆိုရသည်။ စီးပွားရေး အခြေအနေ၊ နယ်စပ်ဒေသများတွင် သောင်းကျန်းသူတို့ လှုပ်ရှားမှုအကြောင်း စသည်များကို မေးမြန်းသည်။ စာမတတ်သူ ပပျောက်ရေး စီမံကိန်းအကြောင်းကိုလည်း ဆွေးနွေးသည်။ ဤတွင် မောင်ပြုံးချိုက "ယူနက်စကိုအဖွဲ့က တစ်ဆင့် ချီးမြှင့်တဲ့ ဘုရင်မင်းမြတ်ရဲ့ဆုကို ကျွန်တော်တို့နိုင်ငံက ဆွတ်ခူးရရှိတဲ့အတွက် ကျွန်တော်တို့ အထူးဂုဏ်ယူပါတယ်"ဟု ပြောကြားလိုက်လေသည်။

"အဲဒီ စာမတတ်သူ ပပျောက်ရေးနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံက ဆောင်ရွက် အောင်မြင်နေပုံတွေ ကြားသိရလို့ အလွန်ပဲဝမ်းမြောက် အားရလှပါတယ်။ ဒီနိုင်ငံမှာလဲ စာမတတ်သူ ပပျောက်ရေးလုပ်ငန်းကို ကြိုးစားလုပ်ဆောင်နေပါတယ်။ ဒါပေမဲ့ လက်တွေ့လုပ်ရာမှာ အခက်အခဲတွေ အများကြီးရှိတယ်"ဟု မိန့်ကြားလေသည်။

မောင်ပြုံးချိုက မိမိတို့နိုင်ငံတွင် စာမတတ်သူပပျောက်ရေး လုပ်ငန်းတွင် ကျောင်းသူကျောင်းသားများ၊ ဆရာ၊ ဆရာမများ၊ ကျေးရွာများသို့ ဆင်းကာ လုပ်အားပေးကြပုံများကို ပြောပြလေသည်။

ထိုသို့ ရှားဘုရင်နှင့် မောင်ပြုံးချိုတို့ ပြောဆိုဆွေးနွေးကြရာ အနီးတွင် ထိုင်နေသော နိုင်ငံခြားရေးဝန်ကြီးသည် မည်သို့မျှ ဝင်မပြော၊ ငြိမ်လျက်သာ နားထောင်နေသည်။ ရှားဘုရင်နှင့် မောင်ပြုံးချိုမှာ လက်ဖက်ရည်ကို သောက်လိုက် စကားပြောလိုက်နှင့် တစ်နာရီခန့် ကြာသွားသည်။ ဖန်ခွက်ထဲမှ လက်ဖက်ရည် များလည်း ကုန်ခါနီး ဖြစ်သွားလေပြီ။

"ဒီရောက်တဲ့အခါ စိတ်အေးချမ်းမြေ့ ပျော်ရွှင်စွာနေပါ။ အစစအဆင်ပြေ ပါလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ လိုတာရှိလဲ နိုင်ငံခြားရေးရုံးက အားလုံး စီစဉ်ပေးပါလိမ့်မယ်"

ရှားဘုရင်သည် ဤသို့ ပြောဆိုရင်း နေရာမှထကာ မောင်ပြုံးချို၏ လက်ကိုဆွဲ၍ နှုတ်ဆက်သည်။

"နွေခါကျတော့ တစ်ခေါက်လာခဲ့ပါဦး။ အဲဒီကျတော့ အနီးအနား ဒေသ တွေလဲ သွားပြီး လေ့လာနိုင်တာပေါ့"ဟုလည်းပြောလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးသည် မောင်ပြုံးချိုအား အခန်းကျယ်ကြီး၏ အဝင်ဝ အထိ လိုက်ပို့သည်။

"ကျွန်တော်လဲ မနက်ဖြန် ခရီးထွက်မှာမို့ သံအမတ်ကြီးနဲ့ နောက်ထပ် တွေ့မယ် မဟုတ်တော့ပါဘူး။ ဒါ့ကြောင့် တစ်ခါတည်း နှုတ်ဆက်ပါရစေ။ လိုတာရှိရင် သံတမန်ဆက်သွယ်ရေးအရာရှိချုပ်ကိုသာ ပြောပါ"ဟု ဝန်ကြီးက ပြောပြောဆိုဆို လက်ဆွဲနှုတ်ဆက်သည်။

အပေါက်ဝမှ ဆီးကြိုနေသော သံတမန်ဆက်သွယ်ရေး အရာရှိချုပ်သည် မောင်ပြုံးချိုအား တည်းခိုရာဟိုတယ်သို့ လိုက်ပို့လေသည်။

သူသည် တစ်လမ်းလုံး ပြုံးပြုံးရွှင်ရွှင် စကားကြွယ်လာသည်။ တာဝန် တစ်ခု အထစ်အငေါ့မရှိ ပြီးဆုံးသွား၍ ဝမ်းမြောက်နေဟန်တူပါ၏။

❋

# ပျော်စံရိပ်ငြိမ်

(၁)

မောင်ပြုံးချိုသည် မိမိအား အီရန်နိုင်ငံဆိုင်ရာ သံအမတ်ကြီး ခန့်ထားသည့် ခန့်အပ်လွှာကို ရှားဘုရင်ထံ ပေးအပ်ပြီးလေပြီ။ သူသည် အီရန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးစင်စစ် ဖြစ်သွားလေပြီ။ ထိုအကြောင်းများကို တဟီရန် ရေဒီယိုမှ ကြေညာသည်။ ရုပ်မြင်သံကြားမှလည်း ထုတ်လွှင့်သည်။ သတင်းစာများတွင်လည်း ပါသည်။ အီရန်ပြည်သူလူထုနှင့်တကွ တဟီရန်ရှိ သံတမန်လောကမှ သိရှိသွားကြလေပြီ။

သည်လိုနှင့် တာဝန်ပြီးဆုံးပြီလော။ မပြီးဆုံးသေးပါ။ မိမိရုံးစိုက်ရာ ပါကစ္စတန်နိုင်ငံ အစ္စလမ်မာဘတ်မြို့သို့ မပြန်မီ ပြုဖွယ်ကိစ္စများ ရှိနေပါသေးသည်။

ရှားဘုရင်ထံ ခန့်အပ်လွှာပေးအပ်သည့် ညနေစောင်းတွင် ယခုလက်ရှိ ပါလဗီနန်းဆက်ကို စတင်တည်ထောင်သူ ရှားဘုရင်ကြီး၏ သင်္ချိုင်းဂူတွင် လွမ်းသူ့ပန်းခွေ ချရန်ရှိသည်။ သူ့ကို ရှားဘုရင် ရီဇာခန်ဟုလည်း ခေါ်ဝေါ်ကြသည်။ သူသည် ကြည်းတပ်မိုလ်မှူးကြီးတာဝန်ကို ထမ်းဆောင်နေရာမှ ၁၉၂၁–ခုတွင် တိုင်းပြည် ကသောင်းကနင်း ဖြစ်နေချိန်၌ တဟီရန်ကို သိမ်းပိုက်ပြီး အာဏာရယူခဲ့သူ ဖြစ်သည်။ ၁၉၂၅–ခုနှစ်တွင် အီရန်လွှတ်တော်က သူ့ကို ရှားဘုရင်အဖြစ် တင်မြှောက်ပြီး အုပ်ချုပ်စေခဲ့သည်။ သူ၏ သားယောက်ျားများက အစဉ်အဆက် အုပ်ချုပ်သွားနိုင်ခွင့်ကိုလည်း ပေးအပ်သည်။ ထိုအချိန်မှ စ၍ မူလ ကွဂျာမင်းဆက် ဆိတ်သုဉ်းသွားပြီး ပါလဗီမင်းဆက် တက်လာခဲ့လေသည်။

http://www.cherrythitsar.org

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသည့် ၁၉၃၉–ခုနှစ်တွင် စစ်ပြိုင်နိုင်ငံကြီးများ၏ လှုပ်ရှားမှုသည် အီရန်နိုင်ငံသို့ ဂယက်ရိုက်လာလေသည်။ ပြည်တွင်းရေးသည် ပိုမိုရှုပ်ထွေးလာသည်။ ပြည်ပဆက်ဆံရေးမှာလည်း အင်အားကြီးနိုင်ငံများ၏ ဖိအားကို မခံနိုင်အောင် ဖြစ်လာသည်။ ထိုအကျိုးဆက်များကြောင့် ရှားဘုရင် ရီဇာခန်သည် ၁၉၄၁–ခုနှစ်တွင် ထီးနန်းကိုစွန့်ကာ အီရန်မှ ထွက်ခွာသွားခဲ့လေသည်။ သူသည် ၁၉၄၄–ခုနှစ်တွင် တောင်အာဖရိကတွင် ကွယ်လွန်ခဲ့လေသည်။

ရှားဘုရင် ရီဇာခန် နန်းစွန့်သောအခါ သူ၏ သားတော် အသက်နှစ်ဆယ့်နှစ်နှစ်သာ ရှိသေးသည့် မိုဟာမက်ရီဇာပါလဗီ နန်းတက်လာလေသည်။ သူသည် သူ့ဖခင် ကြုံတွေ့ခဲ့ရသော အဖြစ်မျိုးနှင့် ရင်မဆိုင်ရလေအောင် အဘက်ဘက်မှ ကြိုးစားဆောင်ရွက်လျက် ရှိလေသည်။ ပါလဗီနန်းဆက်သည် ယခု နှစ်ပေါင်းငါးဆယ်ကျော်သာ ရှိသေးသည်။ နှစ်ပေါင်းရာနှင့်ထောင်နှင့် ကြာရှည်တည်တံ့အောင် ဆောင်ရွက်ရမည်မှာ သူနှင့်တကွ သူ၏ သားစဉ်မြေးဆက်တို့၏ တာဝန်ဟု စွဲမြဲစွာ ခံယူထားသည်။

မောင်ပြုံးချိုသည် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သံတမန် ဆက်သွယ်ရေး အရာရှိတစ်ဦးနှင့်အတူ မော်တော်ယာဉ်ပေါ်တွင် ထိုင်လျက် လိုက်ပါလာလေသည်။ တတိယအတွင်းဝန်သည် ရှေ့ဘက်တွင် ယာဉ်မောင်းသူနှင့်အတူ ထိုင်ကာ လိုက်ပါလာသည်။ မော်တော်ဆိုင်ကယ်စီး ရဲသားတစ်ဦးသည် ရှေ့မှ လမ်းရှင်းပေးသွားသည်။ သည်အထဲကပင် မြန်သင့်သလောက် မြန်အောင် မသွားနိုင်။ ကျယ်ပြန့်သော လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်တွေနှင့် ပြည့်လျက်ရှိသည်။ မောင်ပြုံးချိုနှင့်အတူ လိုက်ပါလာသူ အရာရှိသည် ထွေရာလေးပါး စကားပြောလာသည်။ ပတ်ဝန်းကျင်တွင် တွေ့မြင်ရသည့် အဆောက်အအုံများကို ညွှန်ပြသည်။ သူတို့အကြောင်းကို ပြောသည်။ သည်ဟာက နန်းတော်၊ ဟိုဟာက ပြတိုက်၊ တစ်ဘက်တွင် မြင်ရသည်ကား ပန်းဥယျာဉ်၊ အခြားတစ်ဘက်တွင် ဘဏ်တိုက်၊ တစ်နေရာမှာကား လူနေတိုက်ခန်းများ၊ ခပ်လှမ်းလှမ်းက ဆောက်လုပ်ဆဲ အဆောက်အအုံကြီး စသည် စသည်တို့ဖြစ်သည်။

မောင်ပြုံးချိုသည် သူပြောသမျှကို နားထောင်သည်။ မေးစရာရှိသည်များကိုလည်း မေးသည်။ တစ်ခါတစ်ရံ သူ့အတွေးနှင့် သူ ငေးမောနေတတ်သည်။

ပါလဗီနန်းဆက်အကြောင်း၊ လက်ရှိရှားဘုရင်ကြီးအကြောင်း၊ သူ့အိမ်ထောင်ရေး၊ သူ့မိသားစု၊ သူ့အုပ်ချုပ်ရေးနှင့် ထိုနိုင်ငံ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး။

မကြာမီ မြို့စွန်သို့ ရောက်လာသည်။ တိုက်တာအဆောက်အအုံကြီးများ များစွာ မတွေ့ရတော့ပေ။ ယာဉ်အသွားအလာလည်း အနည်းငယ်ရှင်းနေသည်။ ပန်းဥယျာဉ်ကဲ့သို့ ပြုပြင်ထားသော ကျယ်ဝန်းလှသည့် ကွက်လပ်တစ်ခုရှေ့တွင် မော်တော်ယာဉ်ကို ရပ်လိုက်လေသည်။ နွေအခါဆိုလျှင် သစ်ပင်ပန်းပင်တို့ ဖြင့် အဖူးအပွင့်တွေ ဝေဝေဆာဆာလှပနေမည် ဖြစ်သည်။ ယခုမူ ဆောင်းတွင်းအခါ ဖြစ်သဖြင့် ရွက်ဟောင်းတွေကြွေပြီး အရိုးပြိုင်းပြိုင်းဖြစ်နေသည့် အပင်များကိုသာ တွေ့မြင်ရသည်။ အကိုင်းအခက်များပေါ်တွင် ဆီးနှင်းခဲများ ဝါဂွမ်းဆိုင်များလို တင်နေသည်။ ပန်းဥယျာဉ်၏ အလယ်လောက်တွင် ပါရှင် ဗိသုကာလက်ရာ အဆောက်အအုံငယ်တစ်ခု ရှိလေသည်။ ထိုအဆောက်အအုံငယ်၏ အဝင်ဝတွင် ပန်းခွေတစ်ခုကို အဆင်သင့် ပြုပြင်ထားသည်။ မြန်မာ ငွေဖြင့် ကျပ်ငါးရာခန့် တန်သည့် လွမ်းသူပန်းခွေဖြစ်သည်။ မြန်မာပြည်မှာဆိုလျှင် ကျပ်တစ်ရာပေးပါက သည်ထက်လှပသော ပန်းခွေကို ရရှိနိုင်ပေမည်။ တဟီရန်တွင် ဆောင်းရာသီမို့ သစ်ရွက်မှအစ ပန်းပွင့်တွေ ရှားပါးသဖြင့် ဤမျှ အဖိုးကြီးနေခြင်းလည်း ဖြစ်နိုင်ပေသည်။ ပန်းခွေတွင် မြန်မာသံအမတ်ကြီးထံမှဖြစ်ကြောင်းကို အနီရောင် အဝတ်စပေါ်တွင် ကမ္ပည်းထိုးထားလေသည်။

မောင်ပြုံးချိုတို့သည် ပန်းခွေကို ယူဆောင်လာကာ အဆောက်အအုံငယ် အတွင်းသို့ ဝင်လာကြသည်။ အတွင်းဘက်ရှိ သင်္ချိုင်းကျောက်ဂူတွင် ပန်းခွေ ကိုချပြီး အရိုအသေ ပြုလိုက်ကြလေသည်။

အခန်းငယ်တစ်ခုအတွင်းသို့ ဝင်လာကြသောအခါ အဆောက်အအုံ ထိန်း က နေရာထိုင်ခင်းများပေး၍ ဧည့်ခံသည်။ ကွယ်လွန်သူ ရီဇာရှားဘုရင်၏ အတ္ထုပ္ပတ္တိကို ပြောပြသည်။ ဂုဏ်ပုဒ်များကို ထုတ်ဖော်သည်။ မောင်ပြုံးချိုတို့ သည် နံရံတွင် ချိတ်ဆွဲထားသည့် ဘုရင်ကြီး၏သမိုင်းဝင်ဓာတ်ပုံများကို လှည့်လည် ကြည့်ရှုကြသည်။ အတူစီးလာသူ နိုင်ငံခြားရေးအရာရှိက ပုံနှင့် ဆက်စပ်လျက် ရှိသည့် နောက်ခံသမိုင်းကြောင်းများကို ဇာတ်ကြောင်းပြန်သည်။

သူတို့သည် အဆောက်အအုံတွင်းမှ ထွက်လာကြသောအခါ မှောင်စပျိုး နေပါပြီ။ ဆောင်းရာသီမို့ စောစောမှောင်သည်။ လမ်းမီးများ ထွန်းလင်းနေပြီ။

(၂)

၁၉၇၇–ခု ဇန်နဝါရီလ ၂၀–ရက်နေ့။

ဟိုတယ်အခန်းအတွင်းဝယ် တတိယအတွင်းဝန်သည် တယ်လီဖုန်းတစ်လုံးနှင့် အလုပ်များနေလေသည်။ သူသည် အီရန်နိုင်ငံဆိုင်ရာ သံတမန်တို့၏ နာယကကြီးဖြစ်သူ ဆိုဗီယာက် သံအမတ်ကြီးရုံးကို ဆက်သွယ်နေခြင်း ဖြစ်သည်။ သံတမန်လောက၏ ထုံးတမ်းစဉ်လာအရ သက်ဆိုင်ရာနိုင်ငံ အထွတ်အထိပ်ပုဂ္ဂိုလ်ကြီးထံ ခန့်အပ်လွှာအပ်ပြီးလျှင် သံတမန်တို့၏ နာယကကြီးအား သွားရောက်တွေ့ဆုံရန် တာဝန်ရှိလေသည်။ ဆိုဗီယက်သံအမတ်ကြီးသည် အီရန်နိုင်ငံတွင် ဝါအရင့်ဆုံး သံအမတ်ကြီးဖြစ်သည်။ တဟီရန်တွင် သူတာဝန် ထမ်းဆောင်နေသည်မှာ ငါးနှစ်ကျော်ပြီဟု သိရသည်။ ထို့ကြောင့်လည်း နာယကကြီးတာဝန်ကို ယူထားရသူ ဖြစ်သည်။

ရှားဘုရင်ထံ ခန့်အပ်လွှာအပ်ရန် ရက်ချိန်းရကတည်းက ခန့်အပ်လွှာပေးအပ်ပြီးပါက နာယကကြီးအား လာရောက်တွေ့ဆုံခွင့်ပြုပါရန် ကမ်းလှမ်းထားခဲ့သည်။ ယခု ခန့်အပ်လွှာ အပ်ပြီးပြီဖြစ်၍ မည်သည့်အချိန်အခါတွင် လာရောက်တွေ့ဆုံရမည်ကို ထပ်မံမေးမြန်းနေခြင်း ဖြစ်လေသည်။ သူနှင့်တွေ့ဆုံပြီးလျှင် အခြားသော တွေ့သင့်တွေ့ထိုက်သည့် သံအမတ်ကြီးများနှင့်လည်း တွေ့ဆုံရပေဦးမည်။ တတိယအတွင်းဝန်သည် ထို့အတွက် စီစဉ်နေခြင်း ဖြစ်သည်။ ရရှိသမျှသောအချိန်များကို တန်ဖိုးရှိရှိ အသုံးချသွားရန် ဖြစ်သည်။

"သံအမတ်ကြီး ဆိုဗီယက်သံအမတ်ကြီးက ဒီနေ့ဆယ်နာရီ လာနိုင်မလားတဲ့ "

တတိယအတွင်းဝန်က တယ်လီဖုန်းခွက်ကို ကိုင်ထားရင်း မောင်ပြုံးချိုအား မေးမြန်းလေသည်။

"လာမယ်လို့သာ ပြောလိုက်ပေတော့"

နာယကကြီးကို အမြန်ဆုံးတွေ့မှ ဖြစ်မည်။ သို့မှသာ အခြားသံအမတ်ကြီးများကို တွေ့ဆုံနိုင်မည်။ နာယကကြီးကို မတွေ့ဆုံမီ အခြားသံအမတ်ကြီးများကို တွေ့ဆုံရန် မသင့်။

http://www.cherrythitsar.org

"ထိုင်းနိုင်ငံ သံအမတ်ကြီးနဲ့ အိန္ဒိယနိုင်ငံ သံအမတ်ကြီးကိုတွေ့ဖို့လဲ ဒီနေ့ပဲ ရက်ချိန်းရတယ်"

တတိယအတွင်းဝန်က သတင်းပို့ပြန်သည်။

"ဘယ်အချိန်တွေလဲ"

"ထိုင်းက ဆယ့်တစ်နာရီခွဲ၊ အိန္ဒိယက ဆယ့်နှစ်နာရီ"

"ဒီလိုဆို အတော်ပဲ။ ဆိုဗီယက်သံအမတ်ကြီး တွေ့ပြီးတာနဲ့ အဲဒီ သံအမတ်ကြီးတွေဆီ ဆက်သွားကြတာပေါ့"

မောင်ပြုံးချိုတို့သည် ခပ်စောစောပင် ဟိုတယ်မှ ထွက်ခွာလာကြသည်။ နိုင်ငံခြားရေးရုံးမှ မော်တော်ယာဉ် ပေးထားသဖြင့် အဆင်ပြေနေသည်။ သို့သော် ယာဉ်မောင်းသူ အင်္ဂလိပ်စကား မပြောတတ်သဖြင့် အခက်ကြုံရသည်။ ခြေပြ လက်ပြနှင့်ပင် ပြေလည်အောင် စခန်းသွားရသည်။

သံတမန်တို့၏နာယက ဆိုဗီယက် သံအမတ်ကြီးသည် မောင်ပြုံးချိုအား သံရုံးဧည့်ခန်းတွင် လက်ခံတွေ့ဆုံလေသည်။ အသက်အားဖြင့် ခြောက်ဆယ် ပတ်ဝန်းကျင်တွင် ရှိမည်ဟု ခန့်မှန်းရသည်။ အသားလတ်လတ် ထောင်ထောင် မောင်းမောင်းနှင့် တုတ်ခိုင်သော ခန္ဓာကိုယ် ရှိသည်။ ပြုံးရွှင်သော အမူအရာနှင့် လှုပ်ရှားမှု သွက်လက်လှသည်။ အင်္ဂလိပ်စကားကို သွက်လက်ပီသစွာ ပြောဆိုနိုင်သည်။

"ကျွန်တော်ဟာ တာဝန်ပြီးဆုံးလို့ မကြာခင် ပြန်တော့မှာပါ။ သံတမန် နာယကအဖြစ်နဲ့ သံအမတ်ကြီးများကို လက်ခံတွေ့ဆုံတာ သံအမတ်ကြီးဟာ နောက်ဆုံးပုဂ္ဂိုလ် ဖြစ်လိမ့်မယ်ထင်တယ်"ဟု နာယကကြီးက ပြောကြားလေသည်။

ထို့နောက် နှစ်နိုင်ငံ အကြောင်းအရာများကို လိမ္မော်ရည်သောက်ရင်း ထုံးစံအတိုင်း အပြန်အလှန်မေးကြသည်။ ပြောကြဆိုကြသည်။ မောင်ပြုံးချိုက "ကျွန်တော် သံအမတ်ကြီးတို့နိုင်ငံကို နှစ်ခါရောက်ဖူးပါတယ်"ဟု ပြောလိုက်ရာ သူ့မျက်လုံးအစုံသည် အရောင်ရွှန်းသွားသည်။ အံ့သြသွားပုံလည်း ရသည်။

"ဟုတ်လား၊ ဘယ်တုန်းကလဲ"ဟု အားရဝမ်းသာ မေးလိုက်သည်။

"၁၉၅၂–ခုနှစ်တုန်းက တစ်ကြိမ်၊ ၁၉၆၁–ခုနှစ်က တစ်ကြိမ်"

"ဘာကိစ္စသွားတာလဲ"ဟု စိတ်အားထက်သန်စွာ မေးသည်။

"ပထမခေါက်က လယ်ယာမြေစနစ် လေ့လာဖို့ပါ။ ဒုတိယတစ်ခေါက်က ထွန်စက်ဝယ်ယူရေး ပဏာမ ညှိနှိုင်းဖို့ပါ"

မောင်ပြုံးချိုက မိမိသွားရောက်ခဲ့သည့် အကြောင်းများကို ပြောသည်။

"ကျွန်တော့်အဖို့ သံအမတ်ကြီးတို့ရဲ့ နိုင်ငံကို နှစ်ခေါက်တောင် ရောက်ပြီး လေ့လာခွင့်ရလို့ အလွန်ကံကောင်းတဲ့ လူတစ်ယောက်လို့ ကိုယ့်ကိုယ်ကို အောက်မေ့ပါတယ်။ ဂုဏ်လဲယူပါတယ်"ဟု မောင်ပြုံးချိုက ပြောလိုက်သော အခါ သူသည် ကျေနပ်နှစ်သိမ့်စွာ ပြုံးလိုက်လေသည်။

"ကျွန်တော်ကတော့ ခင်ဗျားလို ကံကောင်းတယ်လို့ မဆိုနိုင်ဘူးပေါ့။ အင်မတန်လှပပြီး ပြုံးရွှင်ဖော်ရွေလှတဲ့ တိုင်းရင်းသားတွေရှိတဲ့ မြန်မာနိုင်ငံကို ကျွန်တော် မရောက်ဖူးသေးပါဘူး"

"ရောက်ဖူးအောင် ကြိုးစားပါဦး"

"ဟုတ်ကဲ့ ကြိုးစားမှာပါ။ တစ်နေ့နေ့တော့ ရောက်ရမှာပေါ့"

ဆိုဗီယက်သံအမတ်ကြီးနှင့် မိနစ်သုံးဆယ်ခန့် စကားပြောပြီး ထွက်ခွာလာခဲ့လေသည်။ ထိုမှ ထိုင်းသံအမတ်ကြီးအိမ်သို့ သွားရောက်ရမည် ဖြစ်သည်။ မောင်ပြုံးချိုတို့သည် မြေပုံကိုကြည့်ကာ ယာဉ်မောင်းသူအား လမ်းညွှန်လာကြသည်။

အချိန်မီပင် သံအမတ်ကြီးနေအိမ်သို့ ရောက်ရှိလာကြသည်။ သံအမတ်ကြီးသည် သူ့အိမ်ဧည့်ခန်းဝမှ ဆီးကြိုလျက် ရှိနေသည်။ အရပ်ခပ်ပြတ်ပြတ်၊ သေးသေးသွယ်သွယ်နှင့် သံအမတ်ကြီးသည် အင်္ဂလိပ်စကားကို ခပ်တိုးတိုး ညင်သာစွာ ပြောဆိုသည်။ သူတို့နှစ်ဦးသည် သံတမန်တို့၏ ပြောရိုးပြောစဉ် စကားများကို ပြောဆိုကြသည်။ မေးမြန်းဖြေကြားကြသည်။

အီရန်နိုင်ငံသို့လာစဉ်က ဟိုတယ် နေရာထိုင်ခင်းအတွက် အခက်အခဲရှိသည့်အကြောင်းကို မောင်ပြုံးချိုက စပ်မိစပ်ရာ ပြောလိုက်သည်။

http://www.cherrythitsar.org

"ဟာ စောစောကသာ ကျွန်တော့်ဆီ အကြောင်းကြားလိုက်ရင် ကျွန်တော် စီစဉ်ပေးနိုင်တာပေါ့ဗျာ။ ဒီက အင်တာကွန်းဟိုတယ် မန်နေဂျာရဲ့ ဇနီးက ထိုင်းအမျိုးသမီးလေ၊ ကျွန်တော်တို့ သိပ်ရင်းနှီးပါတယ်"ဟု ပြောလေသည်။

"ဟုတ်လား၊ အရင် ရာဝါပင်ဒီက အင်တာကွန်းဟိုတယ် မန်နေဂျာရဲ့ ဇနီးလဲ ထိုင်းအမျိုးသမီးပဲ။ ကျွန်တော်တို့ ခင်ကြပါတယ်"

မောင်ပြုံးချိုကလည်း သူ သိသလောက် ပြောလိုက်သည်။

"ဟုတ်တာပေါ့။ သူပြောလိုက်ရင် အားလုံးအဆင်ပြေမှာ နောက် တဟီရန် လာမယ်ဆိုရင် ကျွန်တော့်ကိုသာ အကြောင်းကြားပါ။ ကျွန်တော် အားလုံးအဆင်ပြေအောင် လုပ်ပေးပါမယ်"ဟု လောကွတ်ပျူငှာ ပြောကြလေသည်။

ထိုင်းသံရုံးမှ ထွက်ခွာပြီး အိန္ဒိယသံရုံးသို့ လာကြသည်။ ဆီးနှင်းတွေကား တဖွဲဖွဲကျဆဲ။ သံရုံးကို အတော်ရှာရသည်။ လမ်းတွေကလည်း တစ်လမ်းမောင်းတွေ ဖြစ်နေ၍ ကွေ့ကာပတ်ကာနှင့် အချိန်အတော်ကုန်သည်။ သို့သော် သံရုံးအနီးသို့ ရောက်သောအခါ အချိန်စောဍ် ဆယ်မိနစ်ခန့် ခပ်လှမ်းလှမ်းတွင် ရပ်ပြီး မော်တော်ယာဉ်အတွင်းမှာပင် ထိုင်စောင့်နေကြရသည်။

အိန္ဒိယသံရုံးကား ခြံဝင်းနှင့်မဟုတ်။ အဆောက်အအုံတစ်ခု၏ အလယ်ထပ်တွင် ရှိသည်။ အခန်းတွေဖွဲ့ထားပြီး သံရုံးအဖြစ် အသုံးပြုနေခြင်း ဖြစ်သည်။ သံအမတ်ကြီးသည် တဟီရန်သို့ ရောက်လာသည်မှ မကြာသေး။ ခန့်စာအပ်ပြီးသည်မှာပင် တစ်လ မပြည့်သေးဟု သိရသည်။ သူသည် အသက်လေးဆယ်ဝန်းကျင်သာရှိသေး၍ သွက်လက်ချက်ချာသူ ဖြစ်သည်။

သံအမတ်ကြီးက အိန္ဒိယနှင့် မြန်မာနိုင်ငံ ရှေးသရောအခါ ကတည်းက ရင်းနှီးစွာ ဆက်ဆံခဲ့ပုံများကို ပြောဆိုသည်။

အိန္ဒိယသံရုံးမှ ထွက်ခွာလာသောအခါ မွန်းလွဲ တစ်နာရီခန့် ရှိနေလေပြီ။ နေ့လယ်စာ စားချိန်ရောက်နေပြီ။

သူတို့၏ မော်တော်ယာဉ်သည် တရုတ်ထမင်းဆိုင်ရှိရာသို့ ဦးတည်သွားလေသည်။

တဟီရန်မြို့ရှိ နိုင်ငံအသီးသီးမှ သံအမတ်ကြီးအားလုံးကိုသာ သွားရောက်နှုတ်ဆက်နေရလျှင် တစ်လနှင့် ပြီးမည် မဟုတ်။ သုံးလေးလနှင့်လည်း ကုန်

မည်မထင်။ အစ္စလမ်မာဘတ်သို့ ပြန်ရန်မှာလည်း နှစ်ရက်သာ လိုတော့သည်။ ထို့ကြောင့် အိမ်နီးနားချင်း နိုင်ငံများမှာ သံအမတ်ကြီးများကိုသာ တွေ့ဆုံနှုတ်ဆက်နိုင်လေတော့သည်။

နောက်တစ်နေ့တွင် မောင်ပြုံးချိုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သံအမတ်ကြီးကို သွားရောက် တွေ့ဆုံနှုတ်ဆက်လေသည်။ သူ၏ဧည့်ခန်းတွင် တည်ခင်းသည့် ကော်ဖီနှင့် မုန့်များကို စားသောက်ရင်း စကားပြောဆိုကြသည်။ သူသည် အီရန်နိုင်ငံသို့ မရောက်လာမီက ယူဂိုစလားဗီးယားနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သည်ဟု ဆိုသည်။ သို့နှင့် ထိုရက်အတောအတွင်း လေယာဉ်ပျက်ကျသဖြင့် သေဆုံးသွားသော ယူဂိုစလားဗီးယားဝန်ကြီးချုပ်နှင့် ဇနီးတို့အကြောင်း ရောက်သွားသည်။ သူသည် ထိုနိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ်က ရင်းနှီးသိကျွမ်းခဲ့ရသည့် အကြောင်း စသည်များကိုလည်း ပြောပြနေလေသည်။

"ခဏကြာရင် ယူဂိုစလားဗီးယားသံရုံးသွားပြီး ဝမ်းနည်းကြောင်းမှတ်တမ်းမယ် လက်မှတ်ထိုးရဦးမယ်"ဟု သံအမတ်ကြီးက ပြောလေသည်။

"ဟုတ်လား၊ ဒီလိုဆို သွားစရာရှိသွားပါ။ ကျွန်တော့်အတွက် အဟန့်အတားမဖြစ်ပါစေနဲ့"ဟု မောင်ပြုံးချိုဆိုသည်။

"ကိစ္စမရှိပါဘူး။ ခဏကြာမှ သွားမှာပါ။ သံအမတ်ကြီးကော ကျွန်တော်နဲ့အတူ လိုက်ပြီး လက်မှတ်ထိုးပါလား"

သည်တော့မှ သတိရသွားသည်။ မောင်ပြုံးချိုက အစ္စလမ်မာဘတ်မြို့တွင် ရှိနေလျှင် ထိုမြို့ရှိ ယူဂိုစလားဗီးယား သံရုံးသို့ သွားရောက်ပြီး ဝမ်းနည်းကြောင်းမှတ်တမ်းတွင် လက်မှတ်ရေးထိုးရမည်။ ယခု တဟီရန် ရောက်နေသည့်အတွက် အစ္စလမ်မာဘတ်သံရုံးသို့ သွားရောက်နိုင်မည် မဟုတ်တော့ပေ။ သည်လိုဆိုလျှင် တဟီရန်ရှိ ယူဂိုစလားဗီးယားသံရုံးသို့ သွားရောက်ပြီး ဝမ်းနည်းကြောင်း လက်မှတ်ထိုးသင့်သည်။ အစ္စလမ်မာဘတ်မြို့သို့ ပြန်ရောက်သောအခါတွင်လည်း သံအမတ်ကြီးတို့ ဝန်ကြီးချုပ်နဲ့ ဇနီးတို့အတွက် အထူးပင် ဝမ်းနည်းပါကြောင်း ထိုစဉ်က ကျွန်တော် တဟီရန်တွင် ရောက်ရှိနေသဖြင့် အဲဒီ သံအမတ်ကြီးတို့ရဲ့ သံရုံးကို သွားရောက်ပြီး ဝမ်းနည်းကြောင်း လက်မှတ် ရေးထိုးခဲ့ကြောင်း စသည်ဖြင့် ပြောပြနိုင်ပေမည်။

"သံအမတ်ကြီး သတိပေးလိုက်တာ သိပ်ကျေးဇူးတင်တာပဲ၊ သံအမတ်ကြီး ခွင့်ပြုမည်ဆိုရင် ကျွန်တော် ယူဂိုစလားဗီးယားသံရုံးကို လိုက်ခဲ့ပါရစေ"ဟု မောင်ပြုံးချိုက ဆိုလိုက်လေသည်။

"လိုက်ခဲ့ပါ။ လိုက်ခဲ့ပါ။ ကျွန်တော်လဲ အဖော်ရတာပေါ့"

သို့ဖြင့် မောင်ပြုံးချိုသည် သူ့မော်တော်ယာဉ်နှင့်ပင် ယူဂိုစလပ်ဗီးယား သံရုံးသို့ လိုက်ပါသွားလေသည်။ တတိယအတွင်းဝန်သည် နိုင်ငံခြားရေးရုံးမှ မော်တော်ယာဉ်ဖြင့် နောက်မှ လိုက်လာလေသည်။

ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးသည် တစ်လမ်းလုံး စကားပြောလာလေသည်။ သူသည် သံတမန်လောကတွင် ကျင်လည်ခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့လေပြီ။ ပါကစ္စတန်မှ ခွဲထွက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သီးခြား ဖြစ်ပေါ်မလာခင်ကတည်းက သံအမတ်ကြီး တာဝန်ကို ထမ်းဆောင်နေခဲ့သူ ဖြစ်သည်။ အတွေ့အကြုံ ဗဟုသုတလည်း များလှသည်။ ယူဂိုစလားဗီးယား သံရုံးသို့ ရောက်သောအခါ အစောင့်အကြပ်တွေကို တွေ့နေရသည်။ ဓာတ်ပုံဆရာ၊ သတင်းထောက်တွေ၊ ရုပ်မြင်သံကြားဌာန ဝန်ထမ်းတွေလည်း ရောက်ရှိနေသည်။

"ဗီအိုင်ပီ တစ်ဦးဦး လာနေတယ် ထင်တယ်"

သံအမတ်ကြီးက မောင်ပြုံးချိုအား တိုးတိုးပြောသည်။ သူတို့နှစ်ဦးသည် သံရုံးအတွင်းသို့ ဝင်သွားသောအခါ သံရုံးအရာရှိတစ်ဦးက ဆီးကြိုနှုတ်ဆက်ပြီး၊ ဧည့်ခန်းတွင် အိမ်ရှင်သံအမတ်ကြီးနှင့်မိတ်ဆက်ပေးသည်။ သံရုံးအဖွဲ့သားများသည် တန်းစီ ရပ်နေကြသည်။ သူတို့ကိုလည်း တစ်ဦးစီ လက်ဆွဲနှုတ်ဆက်သည်။

"အီရန် ဝန်ကြီးချုပ် လာမှာကို စောင့်နေကြတာပါ"ဟု သံရုံးအရာရှိက ပြောလေသည်။

မောင်ပြုံးချိုတို့သည် ဝန်ကြီးချုပ်ကို ဦးစားပေးသောအားဖြင့် လက်မှတ်မထိုးကြသေး။ ခပ်လှမ်းလှမ်း တစ်နေရာတွင် ရပ်စောင့်နေကြလေသည်။

များမကြာမီ ဝန်ကြီးချုပ်သည် ခြွေရံသင်းပင်းများနှင့် ရောက်ရှိသည်။ အိမ်ရှင် သံအမတ်ကြီးနှင့်တကွ တန်းစီရပ်စောင့်နေကြသူများကို တစ်ဦးစီ လက်ဆွဲနှုတ်ဆက်သည်။ သံအမတ်ကြီးနှင့်အတူ စာအုပ်ရှိရာသို့ သွားကာ မှတ်ချက်များရေးပြီး လက်မှတ်ထိုးသည်။ ပြီးလျှင် ခပ်လှမ်းလှမ်း ရပ်နေသည့် ဘင်္ဂလားဒေ့ရှ်

သံအမတ်ကြီးဆီ လျှောက်လာပြီး လက်ဆွဲနှုတ်ဆက်သည်။ အနီးတွင် ရပ်နေသည့် မောင်ပြုံးချိုသည် မြန်မာသံအမတ်ကြီးဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး ပြောပြ မိတ်ဆက်ပေးရာ မည်သို့မျှ စကားမဆိုဘဲ ပြုံး၍သာ လက်ကို ဆွဲ၍ နှုတ်ဆက်သွားလေသည်။ ထို့နောက် အိမ်ရှင် သံအမတ်ကြီးနှင့် အဖွဲ့ဝင်များကို နှုတ်ဆက်ကာ ထွက်သွားလေသည်။

ဝန်ကြီးချုပ်၏ ပရိသတ် ရှင်းသွားသောအခါ မောင်ပြုံးချိုသည် မှတ်တမ်း စာအုပ်တွင် မှတ်ချက်များရေးကာ လက်မှတ် ရေးထိုးလေသည်။ ထို့နောက် ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးက လက်မှတ် ရေးထိုးသည်။

အိမ်ရှင်များအား နှုတ်ဆက်ပြီး ပြန်အလှည့်တွင် စစ်ဝတ်စုံကို ဝတ်ဆင်ထားသည့် အရပ်မြင့်မြင့်ပုဂ္ဂိုလ်တစ်ဦးသည် တန်းစီနေရာမှ ထွက်လာပြီး မောင်ပြုံးချို အနီးသို့ ခပ်သုတ်သုတ် လျှောက်လာသည်။ သူ့အမည်ကို ပြော၍ ယူဂိုဆလားဗီးယား သံရုံး၏ စစ်သံမှူးဖြစ်ကြောင်း ပြောဆိုကာ လက်ကိုဆွဲ၍ နှုတ်ဆက်သည်။

"မြန်မာသံအမတ်ကြီးပါလား။ သံအမတ်ကြီးကို တွေ့ရတာ ကျွန်တော် ဝမ်းသာပါတယ်။ ကျွန်တော် မြန်မာပြည်မယ် စစ်သံမှူးအဖြစ်နဲ့ သုံးနှစ်ကျော်ကျော် နေခဲ့ပါတယ်။ မြန်မာပြည်နဲ့ မြန်မာပြည်က မိတ်ဆွေတွေကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး။ ခုနေခါ မြန်မာပြည် လွှတ်ရင် သွားချင်ပါသေးတယ်"

စစ်သံမှူးသည် အားရဝမ်းသာစွာ ပြောဆိုနေလေသည်။ ဆွေးနွေးအင်ရပ်ကို ဆောင်ရမည့်အချိန်၌ ရွှင်ပျနေသည့် စစ်သံမှူးကို ကြည့်ရင်း မောင်ပြုံးချိုသည် ပြုံးရတော့မလို မဲ့ရတော့မလို ဖြစ်နေလေသည်။

"ကျွန်တော်လဲ ခင်ဗျားကို တွေ့ရတာ ဝမ်းသာပါတယ်။ အခွင့်သာရင် အလည်လာဦးပေါ့"

မောင်ပြုံးချိုသည် ပြောပြောဆိုဆို သံရုံးအတွင်းမှ ထွက်ခွာခဲ့လေသည်။

သံရုံးအပြင်သို့ ရောက်သောအခါ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား ကျေးဇူးတင်စကား ပြောဆို၍ လမ်းခွဲလိုက်ကြလေသည်။

(၄)

မလေးရှားနှင့် အင်ဒိုနီးရှား သံအမတ်ကြီးများကို တွေ့ဆုံရန် ကြိုးစားသေးသည်။ မအောင်မြင်ခဲ့။ သူတို့နှစ်ဦးစလုံး တဟီရန်တွင် မရှိကြ။ ခရီးလွန်နေကြလေသည်။

အီရန် အစိုးရဘက်မှ ပုဂ္ဂိုလ်ကြီးများကိုလည်း တွေ့ဆုံရပေဦးမည်။

နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးအား သွားရောက် တွေ့ဆုံသည်။ သူက ပြည်သူ့လွှတ်တော် ဖွဲ့စည်းပုံကို ပြောပြသည်။ မောင်ပြုံးချိုသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်သူ့လွှတ်တော်အကြောင်းကို ရှင်းလင်းတင်ပြသည်။ ထို့မှတစ်ဆင့် နိုင်ငံတော်ကောင်စီ၊ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့် တင်မြှောက်ပုံကို ရှင်းပြသည်။ ဥက္ကဋ္ဌကြီးသည် သူတို့နိုင်ငံ ဖွဲ့စည်းပုံနှင့် ကွာခြင်းကြီးမက ကွာခြားနေသည်ကို သိရသဖြင့် သူ့အဖို့ ထူးဆန်းနေပုံရသည်။ စိတ်ဝင်စားပုံလည်း ပေါ်သည်။ မေးလိုက်သည့် မေးခွန်းတွေကလည်း စုံလို့။

ညနေပိုင်းတွင် အမျိုးသားရေနံကုမ္ပဏီ ဥက္ကဋ္ဌကြီးကို သွားရောက် တွေ့ဆုံသည်။ သူ့ကို ရေနံဝန်ကြီးဟုလည်း ခေါ်သည်။ သူ့နိုင်ငံ ရေနံထုတ်လုပ်မှုအကြောင်းကို ပြောသင့်သလောက် ပြောပြသည်။ မောင်ပြုံးချိုတို့ နိုင်ငံ ရေနံထုတ်လုပ်မှုအကြောင်းကိုလည်း မေးမြန်းသည်။ မြန်မာနိုင်ငံမှ ဓာတ်ဆီဈေးနှုန်းကို ကြားရသောအခါ အံ့သြသွားဟန် ရှိသည်။

"တယ် ဟုတ်ပါလား။ တစ်ဂါလံ အမေရိကန်ငွေနဲ့ အဆင့်ငါးဆယ်လောက် ကျတာပေါ့"ဟု ချီးကျူးသည်။

ဟိုတယ်သို့ ပြန်ရောက်သောအခါ ပါကစ္စတန် လေယာဉ်သည် တဟီရန်မှ ရာဝါပင်ဒီသို့ ပျံသန်းမည့် အစီအစဉ် ဖျက်သိမ်းလိုက်သည်ဟူသော သတင်းကို ကြားရလေသည်။ သည်လိုဆိုလျှင် ဘယ်သို့ပြန်ကြမည်နည်း။ တဟီရန်တွင် တစ်ရက် ပိုနေလျှင် တစ်ရက်အတွက် ပို၍ ငွေကုန်ကြေးကျ များသည်။ ဘယ်နည်းနှင့်ဖြစ်ဖြစ် မူလ သတ်မှတ်ထားသည့်အတိုင်း ဇန်နဝါရီလ ၂၃–ရက်နေ့တွင် ပင်ဒီသို့အရောက် ပြန်လိုသည်။ အခြားလေကြောင်းတစ်ခုခု၏ လေယာဉ်ဖြင့် ဖြစ်သလို ပြန်ကြမည်။ သို့သော် ထိုနေ့အဖို့ မည်သို့မှ စီစဉ်၍ မဖြစ်တော့။ ရုံးချိန်လွန်ပြီဖြစ်၍ လေယာဉ်ရုံးတွေအားလုံး ပိတ်ကုန်ပြီ။

နောက်တစ်နေ့တွင် အပြေးအလွှား စီစဉ်ကြရသည်။ ကရာချိသို့ ရုရှား လေကြောင်းသွားလာရေးအဖွဲ့ပိုင်'အဲရိုဖလုတ်' လေယာဉ်ဖြင့် သွားကြရမည်။ ထိုမှ တစ်ဆင့် ညနေစောင်းတွင်မှ ပါကစ္စတန် လေယာဉ်ဖြင့် ပင်ဒီသို့ ပျံသန်း နိုင်မည် ဖြစ်လေသည်။

မွန်းလွဲပိုင်းတွင် သံတမန်ဆက်သွယ်ရေး အရာရှိချုပ်သည် မောင်ပြုံးချို အား လာရောက် တွေ့ဆုံနှုတ်ဆက်သည်။ ဟိုတယ်ဧည့်ခန်းတွင်ပင် ထိုင်ရင်း ထွေရာလေးပါး စကားပြောကြသည်။ နောက်ဆုံးတွင် "ကျွန်တော်တို့ ဘက်က ချွတ်ယွင်းချက်များကို သဘောထားကြီးစွာနဲ့ ခွင့်လွှတ်တဲ့အတွက် ကျေးဇူးတင် ပါတယ်"ဟု ပြောဆိုသွားလေသည်။

နံနက် နှစ်နာရီ။

အေးချမ်းသာယာသော ရာသီဥတုတွင် အိပ်၍ ကောင်းသောအချိန်၊ ခုတင်ဘေးရှိ တယ်လီဖုန်းသည် ကျယ်လောင်စွာ မြည်လေသည်။ မောင်ပြုံးချို အိပ်ရာမှ နိုးလေပြီ။ သူသည် တယ်လီဖုန်းခွက်ကို အိပ်မှုန်စုံမွှားနှင့် ကောက်ကိုင်ကာ နားထောင်လိုက်သည်။

"သံအမတ်ကြီး ခင်ဗျား။ မင်္ဂလာနံနက်ပါ။ နိုင်ငံခြားရေးဝန်ကြီးဌာနက မော်တော်ယာဉ် ရောက်နေပါပြီ"

ဟိုတယ်အောက်ထပ် တာဝန်ရှိပုဂ္ဂိုလ်က မှာကြားထားသည့်အတိုင်း တယ်လီဖုန်းနှင့် နှိုးလိုက်ခြင်းဖြစ်သည်။

"ကျေးဇူးတင်ပါတယ်"

မောင်ပြုံးချိုသည် တယ်လီဖုန်းခွက်ကို ပြန်ချပြီး ပြုဖွယ်ကိစ္စများကို ဆောင်ရွက်သည်။ အဝတ်များ လဲလှယ်ဝတ်ဆင်သည်။ ထွက်ခွာရန် ပြင်ဆင် ရသည်။

မကြာမီ ဟိုတယ်မှ အလုပ်သမားများ ရောက်ရှိလာကြသည်။ ပစ္စည်းများ ကို အောက်သို့ သယ်ချကြသည်။ သယ်ယူရမည့် ပစ္စည်းကနည်းနည်း၊ အလုပ် သမားဦးရေက များနေသည်။

"ကဲ–ခင်ဗျားလူတွေ ကြည့်သာ ရှင်းလိုက်ပေတော့" မောင်ပြုံးချိုက တတိယ အတွင်းဝန်ကို မြန်မာလို ပြောလိုက်သည်။

ဆီးနှင်းတွေ တဖွဲဖွဲကျနေလေသည်။

လမ်းမကြီးများလည်း နေ့ခင်းတုန်းက ရှုပ်သလောက် ယခု ရှင်းနေသည်။ လမ်းမီးတွေ ထိန်ထိန်လင်းတွင် သွားလာနေသည့်မော်တော်ယာဉ် တစ်စင်းတလေသာ တွေ့ရသည်။ လမ်းဆုံလမ်းခွရှိ အချက်ပြမီးများသည်ကား စိမ်းလိုက် ဝါလိုက်နီလိုက်။ အချို့နေရာများတွင်မူ အဝါမီးတစ်ခုသာ မှိတ်ချည်တစ်ခါ လင်းချည်တစ်လှည့်။

တစ်မြို့လုံး ငြိမ်သက်လျက် ရှိလေသည်။ မောင်ပြုံးချိုတို့ မော်တော်ယာဉ်သည် လေယာဉ်ကွင်းဆီသို့ ရှေ့ရှူ ပြေးနေလေသည်။

❁

## ဂန္ဓာရဒေသ

တစ်နေ့သ၌ မောင်ပြုံးချိုတို့ မိသားစုသည် နေ့ချင်းပြန် ခရီးထွက်ရန် စီစဉ်ကြသည်။ ခရီးထွက်ရင်း ဒေသန္တရ ဗဟုသုတ ရှာမှီးကြမည်။ သူတို့မိသားစုနှင့်အတူ တတိယအတွင်းဝန် မိသားစုလည်း လိုက်ပါကြမည်။ ရုံးပိတ်ရက်လည်း ဖြစ်သဖြင့် လွတ်လပ်စွာ သွားလာနိုင်ကြမည် ဖြစ်သည်။

ဘယ်ဒေသသို့ ထွက်ကြမည်နည်း။

တစ်ယောက်တစ်မျိုး တိုင်ပင်ဆွေးနွေးအကြံပြုကြသည်။ နောက်ဆုံးတွင် 'ဂန္ဓာရ'ဒေသသို့ သွားရောက်ကြရန် အတည်ပြုဆုံးဖြတ်လိုက်ကြလေသည်။

ဂန္ဓာရဒေသကား အဘယ်နည်း။ ပါကစ္စတန်နိုင်ငံ တက္ကသီလာဒေသမှ အစပြု၍ အနောက်မြောက်ဘက် အိန္ဒုမြစ်ဝှမ်း ဥဒါန်နယ်ခေါ် တွင်ဆွတ်နယ်နှင့် ကာဘူးမြစ်အောက်ပိုင်း မြစ်ဝှမ်းများ ပါဝင်သည်ဟု အဆိုရှိလေသည်။ စင်စစ်အားဖြင့် မောင်ပြုံးချိုတို့သံရုံးရှိရာ အစ္စလမ်မာဘတ်မြို့ပင်လျှင် ဂန္ဓာရ နယ်ပယ်ထဲတွင် ပါနိုင်သည် ဆိုရပါမည်။

ဂန္ဓာရဟူသောအမည်ကို ခရစ်မပေါ်မီ နှစ်ပေါင်း ငါးရာကျော်လောက်ကတည်းက ပါရှင်ကမ္ပည်းကျောက်စာများတွင် တွေ့ရှိရသည်။ မဇ္ဈိမတိုင်းတွင်မူ ထိုအမည်သည် ဝေဒကျမ်းများနှင့် ဗြဟ္မဏစာပေများတွင် ပါရှိလေသည်။ ဗုဒ္ဓဘာသာစာပေကျမ်းများတွင်လည်း ဂန္ဓာရကို မကြာခဏ ရည်ညွှန်းထားသည်ကို တွေ့ရတတ်သည်။ တက္ကသီလကိုမူ ပညာဆည်းပူးရာဒေသအဖြစ် ဖော်ပြထားကြသည်။ ခရစ်မပေါ်မီ ၃၂၇-ခုနှစ်တွင် တက္ကသီလကို အုပ်စိုးသူသည် အယ်လက်ဇင်ဒါ ဘုရင်အား အညံ့ခံခဲ့ရသည်။ ထို့နောက် ဂန္ဓာရသည် မောရိယမင်းများတို့၏ပြည်နယ်တစ်ခု ဖြစ်လာပြီးနောက် အိန္ဒိယ၊ ခေါမ၊ ဆက္ကနှင့် ပါသီရန်တို့၏အုပ်စိုးခြင်းကို ခံခဲ့ရလေသည်။

ခရစ်သက္ကရာဇ် ပထမရာစုနှစ်များတွင် ဂန္ဓာရသည် ရုပ်တုအတတ် ပညာနှင့် ဗိသုကာပညာများ ထွန်းကားရာဒေသ ဖြစ်လာခဲ့လေသည်။ ဗုဒ္ဓဘာသာကို အခြေပြုသည့် ရုပ်တုများနှင့်အဆောက်အအုံများက ထင်ရှားစွာ ဖော်ပြလျက်ရှိသည်။

မောင်ပြုံးချိုတို့ မော်တော်ယာဉ်နှစ်စီးသည် အစ္စလမ်မာဘတ်မြို့မှ အနောက်ဘက်သို့ မောင်းနှင်ထွက်ခွာလာကြလေသည်။ နွေရာသီပင် ဖြစ်သော်လည်း နံနက်စောစောမို့ လေပြည်လေအေးကလေး သုတ်ဖြူးနေသည်။ တစ်နာရီခန့်ကြာသောအခါ တက္ကသီလကို ကျော်လာပြီး အိန္ဒုမြစ်ဝှမ်းသို့ ရောက်ရှိလာသည်။ မြစ်ကို မဖြတ်ကျော်မီ တောင်ကုန်းမှသည် မြစ်ကမ်းအထိ အုတ်တံတိုင်းမြင့်မြင့် ကာရံထားသည့် ရဲတိုက်တစ်ခုကို တွေ့ရလေသည်။ အခိုင်အမာ တည်ဆောက်ထားသည့် အဆောက်အအုံကြီး ဖြစ်လေသည်။ ရှေးမဂိုဘုရင်များ လက်ထက်ကတည်းက တည်ရှိဟန် တူပါသည်။ ရှေးဘုရင်များသည် တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားရင်း နောက်လိုက်နောက်ပါ ခြွေရံသင်းပင်းများနှင့် ဤရဲတိုက်အတွင်းလည်း တစ်ရံရောအခါ က စခန်းချ နားနေသွားခဲ့ပေလိမ့်မည်။

များမကြာမီ အိန္ဒုမြစ်ကို သံတံတားကြီးပေါ်မှ ဖြတ်ကူးလာကြသည်။ မြစ်သည် ကမ်းပါးနှစ်ဖက် မြင့်မားပြီး စောက်နက်သော်လည်း ကျဉ်းကျဉ်းမျှသာ ရှိသည်။ ရေလည်း သိပ်နက်ပုံမရ။

များမကြာမီ လက်ယာဘက်သို့ ခွဲသွားသည့် လမ်းသွယ်တစ်ခုကို တွေ့ရသည်။ ထိုလမ်းခွဲအတိုင်း လိုက်သွားလျှင် 'တာဘီလာ' ရေလှောင်ကန်ကြီးဆီသို့ ရောက်ရှိသွားပေမည်။ တောင်ကြီးနှစ်လုံးကို ပိတ်ဆို့ တည်ဆောက်ထားခြင်း ဖြစ်သည်။ နိုင်ငံပေါင်းများစွာနှင့် ကမ္ဘာ့အဖွဲ့အစည်းတို့၏ ထောက်ပံ့ကူညီမှုဖြင့် ဖန်တီးထားသည့် ရေလှောင်ကန်ကြီးသည် အရှေ့တောင် အာရှတွင် အကြီးဆုံး ဖြစ်သည်ဟု ဆိုကြသည်။ ရေတံခါးကြီးများဖွင့်လိုက်လျှင် ရေလှောင်ကန် အတွင်းမှ ရေတို့သည် ရေတံခွန်ကြီးများသဖွယ် အရှိန်ပြင်းစွာ ထွက်ကျလာကုန်သည်။ ထိုမှသည် ဆည်မြောင်းကြီးငယ်များအတွင်းသို့ စီးဝင်ကာ လယ်မြေများသို့ ရေများ ဖြန့်ဝေပေးနိုင်မည် ဖြစ်သည်။ ထို့ပြင် ရေအားဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်ယူကာ ကျေးရွာအရောက် လျှပ်စစ်ဓာတ်အားပေးမည်သာမက စက်မှုလုပ်ငန်းများအတွက်လည်း အသုံးချနိုင်မည် ဖြစ်လေသည်။

http://www.cherrythitsar.org

မောင်ပြုံးချိုတို့သည် ယခင်တစ်ခေါက် ထိုရေလျှောက်ကန်ကြီးသို့ရောက်ရှိခဲ့ကြပြီး ဖြစ်သည်။ တောင်နှစ်လုံးကို ပိတ်ဆို့ထားသည့် ရေကာတာ ကြီးပေါ်မှ လူတို့စွမ်းအားဖြင့် ဖန်တီးထားနှင့်၍ ရေပြင်ကျယ်ကြီးနှင့် အရှိန်ပြင်းစွာ စီးဆင်းနေသည့်လှပသော ရေတံခွန်ကြီးများကိုလည်း တွေ့ခဲ့ရပေပြီ။

ယခု ထိုလမ်းသို့ မချိုးဝင်ကြဘဲ ခရီးဆက်ကြလေသည်။

ဆက်လက် မောင်းနှင်သွားသောအခါ လမ်းဘေးဝဲယာတွင် ကျယ်ပြန့်သည့်လယ်ကွင်းကြီးများကို တွေ့ရသည်။ ရာသီဥတုမှာ ခြောက်သွေ့လှသည်။ မိုးရာသီဆိုလျှင် သည်ထက် စိမ်းလန်းစိုပြည်မည် ဖြစ်လေသည်။

ခရီးတစ်ဝက်ခန့် ရောက်သောအခါ ပတ်ဝန်းကျင်သည် အနည်းငယ်စိမ်းစိုလာသည်။ သစ်ပင်ကြီးငယ်များကို နေရာအနှံ့ အပြားတွင် တွေ့မြင်လာရသည်။ သစ်ပင်အုပ် တစ်နေရာတွင် မော်တော်ယာဉ်များကို ရပ်နားလိုက်ကြသည်။ သည်ဘက်သို့ လာတိုင်းသည် နေရာတွင် မောင်ပြုံးချိုတို့ ရပ်နားနေကျဖြစ်သည်။ 'ပျော်ပွဲစားရန်နေရာ'ဟု ကမ္ပည်းထိုးထားသည်။ ထီးသဖွယ် အုပ်မိုးနေသော ဆီးပင်ကြီးအောက်တွင် အင်္ဂတေထိုင်ခုံနှင့် စားပွဲများ ရှိနေသည်။ အရင်တစ်ခေါက်က သည်နေရာတွင် နေ့လယ်စာ စားသောက်ကြသည်။ သည်တစ်ခေါက်တွင်မူ အချိန်လည်း စောနေသေးသည်။ ခရီးဆက်ရန်ကလည်း ရှိသေးသည်။ ထို့ကြောင့် ခေတ္တသာ နားကြသည်။

ထိုနေရာနှင့်ကပ်လျက် နောက်ဘက်တွင် ကာဘူးမြစ်သည် တသွင်သွင်စီးဆင်းလျက် ရှိသည်။ မြစ်ကမ်းပါးတွင် ပြောင်းခင်းတစ်ခု ရှိလေသည်။ ထိုပြောင်းခင်းကို ဖြတ်ပြီး လူငယ်တို့သည် မြစ်ကမ်းအထိ ဆင်းကြည့်ကြလေသည်။ ပြောင်းပင်တို့သည် မြန်မာနိုင်ငံက ပြောင်းပင်တို့ကဲ့သို့ သန်မာထွားကျိုင်းခြင်း မရှိ။ မြစ်သည်လည်း မြန်မာနိုင်ငံက မြစ်ကပို၍ လှပတင့်တယ်သည်။ ပို၍လည်း အသုံးဝင်သည်ဟု မောင်ပြုံးချို စိတ်ထဲတွင် ထင်နေလေသည်။ မြစ်ထဲတွင် သွားလာလှုပ်ရှားနေသည့် လှေသင်္ဘောများကို မတွေ့ရ။ ထိုကာဘူးမြစ်သည် အာဖဂန်နစ္စတန်နိုင်ငံကို ဖြတ်လျက် စီးဆင်းလာခဲ့သည်။ များမကြာမီ မောင်ပြုံးချိုတို့ ကျော်ဖြတ်ခဲ့သည့် တံတားကြီးနှင့် မနီးမဝေးနေရာတွင် အိန္ဒုမြစ်တွင်းသို့ စီးဝင်သွားလေသည်။

http://www.cherrythitsar.org

ဆီးပင်ရိပ်၏ တစ်ဘက် မော်တော်ကားလမ်းကို ကျော်ကြည့်လိုက်လျှင် တောင်ကမူကြားအတွင်းသို့ ဝင်သွားသော မီးရထားလမ်းကို တွေ့လေသည်။ ထိုခဏ၌ လူစီးမီးရထားတစ်စင်း ခုတ်မောင်းသွားသည်ကို တွေ့ရလေသည်။ တွဲထဲတွင် ခရီးသည်တွေနှင့် အပြည့်။ ထိုမီးရထားသည် ကိုင်ဘာ တောင်ကြားလမ်းအတိုင်း နယ်စပ်အထိ ရောက်သွားမည် ဖြစ်သည်။

ထိုမှ ခရီးဆက်ကြပြန်သည်။ အစ္စလမ်မာဘတ်ဒေသတွင် မတွေ့မြင်ရသည့် သစ်ပင်ကြီးများကို လမ်းဘေးဝဲယာတွင် တွေ့မြင်ရသည်။ ကုက္ကိုပင်လောက်လည်း အရွယ်မကြီး။ မန်ကျည်းပင်ကဲ့သို့လည်း အရွက်မသေး။ အမည်မဖော်တတ်သည့် သစ်ပင်ကြီးများ ဖြစ်သည်။ အချို့မှာ အတော်ပင် အသက်ရပြီး အိုမင်းနေလေပြီ။ သူတို့သည် မဂိုမင်းဆက်ကိုပင် မီခဲ့သလောမသိ။

ထိုလမ်းတစ်လျှောက်တွင် ကုလားအုတ်များ၊ မြင်းများ၊ လားများနှင့် ခရီးသည်လူစုများကို တွေ့ရသည်။ တိရစ္ဆာန်များတွင် အထုပ်အပိုးတွေကို တင်ကာ သယ်ဆောင်လာကြသည်။ အချို့လည်း လှည်းများကို ကုလားအုတ်၊ မြင်းစသည်တို့ဖြင့် ဆွဲစေသည်။ လှည်းပေါင်းမိုးအောက်တွင် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့်ကလေးငယ်များကို ပစ္စည်းပစ္စယတွေနှင့်အတူ တင်ဆောင်လာကြသည်။ လမ်းဘေးကွင်းပြင်များတွင် စခန်းချနေကြသည့် အလားတူ လူစုလူဝေးများကိုလည်း တွေ့မြင်ရသည်။ တဲဆောက်သူဆောက်၊ တိရစ္ဆာန်များကို အစာကျွေးသူကျွေး၊ အစားအစာ ချက်သူချက်၊ ပြုတ်သူပြုတ်။ သူတို့သည် ရိုးရိုးခရီးသွားများလည်း ဖြစ်နိုင်သည်။ ဇာတ်နိပါတ်များတွင် ပါရှိသည့် လှည်းသား ငါးရာလို ကုန်သည်တွေလည်း ဖြစ်နိုင်သည်။

ဆောင်းရာသီတွင် သည်လိုစခန်းချနေသူတွေ၊ ကွင်းပြင်တစ်ခုလုံး ပြည့်နေအောင် များပြားတတ်သည်။ နွေရာသီတွင်မူ ဆောင်းရာသီလောက် မများလှ။ အေးသော ဆောင်းရာသီတွင် မြောက်ဘက်ရှိ ဆီးနှင်းရေခဲတောင်ပေါ်ဒေသမှ လူအများ မြေပြန်သို့ ဆင်းလာတတ်ကြသည်။ အများအားဖြင့် ဆင်းရဲသူဆင်းရဲသားများ ဖြစ်ကြသည်။ အမြင့်ဒေသတွင် လွန်ကဲသော အအေးဒဏ်ကို မခံနိုင်သဖြင့် အအေးဓာတ်နည်းသည့် မြေပြန့်သို့ ဆင်းလာကြခြင်း ဖြစ်သည်။ တောင်ပေါ်နေ ဆင်းရဲသား လူမျိုးစုများသာမက ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာနေကြသည့် 'ဂျစ်ပဆီ' လူမျိုးစုများလည်း ဆောင်းရာသီတွင် မြေပြန့်ဒေသသို့ ချဉ်းကပ်ကြလေသည်။

ပါရှဝါမြို့တွင်းသို့ ဝင်လာကြပါပြီ။

ပါရှဝါမြို့ကို ရှေးသရောအခါက 'ပုရုရှပုရ'ဟု ခေါ်တွင်သည်ဟု ဆိုကြသည်။ ထိုအမည်မှာ 'ပထမ ရောက်ရှိလာခြင်း'ဟု အဓိပ္ပာယ်ရသည်။ သို့တည်းမဟုတ် နယ်စပ်မြို့ဟုလည်း ခေါ်နိုင်သည်။ ယခု လက်ရှိ ပါရှဝါသည် ပါကစ္စတန်နိုင်ငံ အနောက်မြောက် ပြည်နယ်၏မြို့တော် ဖြစ်လေသည်။ နာမည်ကျော်ကိုင်ဘာ တောင်ကြားလမ်း၏အဝတွင် တည်ရှိသည်။

လွန်လေပြီးသောအခါက ထင်ရှားသော စစ်ဘုရင်ကြီးများသည် သည်ဒေသ ရှိ တိုင်းရင်းသားတို့၏ သူရသတ္တိကို လက်တွေ့သိရှိခဲ့ကြသည်။ ခရစ်မပေါ်မီ ၃၂၇–ခုနှစ်တွင် အယ်လက်ဇင်ဒါ၏ တပ်မဟာကြီးသည် တောင်ဘက်တောင်ပံမှ ချီတက်လာသည့်တပ်မကြီးကို ရက်ပေါင်းလေးဆယ်မျှ ရပ်တန့်နေအောင် တားဆီးနိုင်ခဲ့သည်။ သည်အဖြစ်အပျက်များကို မကြာသေးမီက ပါရှဝါနှင့် ဆယ့်ခုနစ်မိုင်ခန့် ဝေးသောနေရာမှ တူးဖော်ရရှိခဲ့သည့် ခံတပ် နေရာက သက်သေခံလျက်ရှိသည်ဟု သမိုင်းသုတေသနဆရာတို့က ဆိုသည်။

ပါရှဝါသည် နယ်စပ်မြို့၏အင်္ဂါရပ်များနှင့်လည်း ပြည့်စုံသည်ဟု ဆိုရပေမည်။ လမ်းများပေါ်တွင် ယာဉ်မျိုးစုံနှင့် ပြည့်နေသည်။ ထွားကျိုင်း တုတ်ခိုင်သောအမျိုးသားများသည် ဘောင်းဘီပွကြီးများပေါ်တွင် ရှပ်အင်္ကျီ ဖားလျားကို အပြင်ထုတ်ကာ သွားလာလှုပ်ရှားနေကြသည်။

မောင်ပြုံးချိုအား သူငယ်ငယ်က တွေ့ဖူးသည့်'ကာဘူလီဝါလား'ခေါ် ပထန်ကြီးများကို သတိရစေသည်။ သူတို့သည် အထည်ထုပ်များကို ထမ်းလျက်အိမ်ပေါက်စေ့ဝင်ကာ အဝတ်အထည်များကို ရောင်းချတတ်သည်၊ ကြွေးလည်းရက်ရက်ရောရော ပေးတတ်သည်။ လက်တစ်ဘက်မှ တုပ်ရှည်ရှည်ကြီးကို ကိုင်ဆောင် လာတတ်သည်။ သူ့ကြွေးပြန် မဆပ်လျှင် ပြုစားတတ်သည်ဆိုကာ ကြောက်ကြသည်။

ပါရှဝါမှသည် ကာဘူးအထိ ပထန်လူမျိုးတို့၏ ဒေသဖြစ်သည်။ နေရာတိုင်း ဖောင်းထုပ်နှင့်ပထန်အမျိုးသားများကို တွေ့မြင်ရသည်။ အချို့က သေနတ်ကို ခါးမှာထိုးလျက်၊ အချို့က သေနတ်ရှည်ရှည်ကို ကျောပိုးကာ လွယ်လျက်။ မြို့တွင်းတစ်နေရာ၌ ထိုဒေသထွက် သေနတ်လက်နက်များကို လွတ်လပ်စွာရောင်းချနေသည့် ဆိုင်တစ်ဆိုင်တွင် ပထန်လူရွယ်တို့ ဝင်ထွက် ဝယ်ယူနေကြသည်ကို တွေ့မြင်ရသည်။ အနောက်တိုင်းက ခရီးသည်တို့လည်း ဆိုင်တွင်းဝင်ကာ

လေ့လာနေကြသည်။ သူတို့နိုင်ငံ၌ လက်နက်ကုမ္ပဏီကြီးများက ထုတ်လုပ်သည့်သေနတ်များကဲ့သို့ ကောင်းမွန်လှပသည်ဟု ဆိုကြသည်။

တစ်ခါတစ်ရံ သေနတ်သံတွေ ဆူညံအောင် ကြားရတတ်သေးသည်။ ဓာတ်မသိသူတို့က အထိတ်တလန့် ဖြစ်ကြရသည်။ မလန့်ပါလင့်၊ မထိတ်ပါလင့်။ မင်္ဂလာဆောင်တစ်ခုမှ ပစ်ဖောက်လိုက်သည့် ကောင်းချီးဩဘာ သေနတ်သံများဖြစ်ပါသည်။ မောင်ပြုံးချိုတို့သည် မော်တော်ယာဉ်များကို တစ်နေရာတွင် ရပ်ထားခဲ့ပြီးလျှင် ဈေးတန်းကို လျှောက်ကြည့်ကြသည်။ ပြည်ပမှ ဝင်ရောက်လာသည့် ပစ္စည်းများကို ရောင်းချသည့် ဆိုင်များလည်း အပြည့်။ ဦးထုပ်အမျိုးမျိုး၊ စဥ့်ရည်သုတ်ထားသည့် အိုးခွက်ပန်းကန် ရေတကောင်း၊ စသည့်ပစ္စည်းများ၊ ကြေးနီကြေးဝါတို့ဖြင့် ပြုလုပ်ထားသည့် အသုံးအဆောင်များ အစရှိသည်များကို တခမ်းတနား ခင်းကျင်းရောင်းချနေသည့် ဆိုင်များကား တန်းစီလျက် ရှိလေသည်။

မီးရထားလမ်းကို ကျော်ဖြတ်ပြီး ပါရှဝါမြို့သစ်အတွင်းသို့ ရောက်ရှိလာကြသည်။ မြို့ဟောင်းသည် ရှေးသမိုင်းဝင် အဆောက်အအုံများနှင့် ပြည့်နေသလို မြို့သစ်သည် ခေတ်သမိုင်းကို ထင်ရှားပေါ်လွင်စွာ ပြသလျက် ရှိလေသည်။ မြို့သစ်အတွင်းသို့ ဝင်လိုက်သည်ဆိုလျှင် ဗြိတိသျှတို့ အုပ်စိုးစဥ်က တည်ဆောက်ခဲ့သည့် စစ်တပ်နယ်မြေကို တွေ့ရသည်။ ပါရှဝါသည် နယ်စပ်မြို့ဖြစ်သည့်အားလျော်စွာ စစ်သည်အင်အား အခိုင်အမာ ချထားလေသည်။ ထိုဒေသသည် အာဖဂန်နစ္စတန်၊ ရုရှတို့နှင့် ဆက်စပ်လျက် ရှိသည် မဟုတ်ပါလော။ ဝဲယာတွင် မြင့်မားသောသစ်ပင်ကြီးများဖြင့် ကျယ်ပြန့်သော လမ်းမကြီးများကို စနစ်တကျ ဖောက်လုပ်ထားသည်။ တစ်ထပ်အိမ်ကလေးများသည် မြက်ခင်းစိမ်းစိမ်းနှင့် လှပနေလေသည်။ ထို တပ်မြေ၏ဗဟိုချက်မတွင် ကျယ်ဝန်းသော ဥယျာဉ်ကြီး ရှိသည်။ အရိပ်ကောင်းလှသည့် သစ်ပင်ကြီးများနှင့် နှင်းဆီရုံကြီးများသည် ဥယျာဉ်ကို တန်ဆာဆင်ထားလေသည်။ အလျင်တစ်ခေါက် ထိုဥယျာဉ် တွင် အပန်းဖြေ နားနေခဲ့ဖူးသည်။

ထိုမှတစ်ဆင့် အနောက်ဘက်တွင် ဆက်လက် ထွက်ခွာလာသောအခါ ကိုင်ဘာတောင်ကြားသို့ သွားရာလမ်းပေါ်သို့ ရောက်လာလေသည်။

(၃)

ကိုင်ဘာတောင်ကြားလမ်း

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံကို ဆက်သွယ်ထားသည့် တောင်ကြားလမ်း ဖြစ်သည်။ ထိုလမ်းမှသည် အာဖဂန်နစ္စတန်ကို ဝင်ရောက်ပြီး၊ ဆိုဗီယက်ရုရှားသို့ သွားနိုင်သည်။ မော်တော်ကားလမ်းကြီးသည် တောင်ကို ကောက်ကွေ့ပြီး ရစ်ပတ်နေသည်။ အလားတူပင် တောင်ကမ်းပါးယံကို ရစ်ခွေတက်လာသည့် မီးရထားလမ်းလည်း ရှိသည်။ လမ်းနံဘေး ကျောက်သား ကျောက်တောင်တို့သည် အချို့နေရာများတွင် အလွှာလိုက် အချပ်လိုက် ကပ်ထားသလို ဖြစ်နေပြီး အချို့နေရာတွင် ထုတည်ကြီးမား မာကျောသော ထုံးကျောက်တုံးကြီးများ ဖြစ်လေသည်။ ဆင်းလိုက် တက်လိုက် ကောက်ကွေ့နေသော လမ်းသည် ပေခြောက်ရာမှ ပေတစ်ထောင်အထိ အနိမ့်အမြင့် ရှိလေသည်။ ထိုတောင်ကြားလမ်း၏ နောက်ဘက်တွင်ကား အလွန်မြင့်မားသည့် တောင်တန်းပြာကြီးများ လှိုင်းထနေကြသည်။

မောင်ပြုံးချိုသည် တောင်ကမ်းပါးယံကို ကွေ့ပတ်တက်လာသော မော်တော်ယာဉ်ပေါ်မှ အောက်ဘက်တွင် ကျန်ရစ်သည့်လမ်းကို ငုံ့ကြည့်မိသည်။ သူသည် သူ့နိုင်ငံမှ မန္တလေး၊ မေမြို့ လမ်းကိုလည်းကောင်း၊ မိတ္ထီလာ၊ တောင်ကြီးလမ်းကိုလည်းကောင်း ပြန်ပြောင်း မြင်ယောင်နေလေသည်။ အမိနိုင်ငံမှ တောင်ပေါ်လမ်းများကို ယခု သူ့မျက်စိအောက်မှ တောင်ပေါ်လမ်းများနှင့် နှိုင်းယှဉ်ကြည့်မိသည်။ အမိနိုင်ငံ၏ တောင်ဆင်းလမ်းများသည် စိမ်းစို အေးမြလှသည်။ လမ်းတစ်လျှောက်လုံးသည် သစ်တောများနှင့် မြို့ရွာများကို ဖြတ်သွားတတ်သည်။ ကျေးငှက်သာရကာတို့ အသံကိုလည်း ကြားရမည်။ သစ်ပင်အမျိုးမျိုး ပန်းမန်အစုံစုံတို့ဖြင့် လှပတင့်တယ်လှသည်။ အဝေးတွင် ပြာမှိုင်းနေသည့် တောင်တန်းကြီးများကိုလည်း ရှုမြင်ရမည်။ ခရီးသွား လုပ်သားပြည်သူ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများကိုလည်း တွေ့ရပေမည်။ သာယာလှပသောရှုခင်းသည် ပန်းချီ ကားချပ်ကြီးလို ရှုမငြီးအောင် ရှိတော့သည်။

ယခုသော်ကား ခြောက်သွေ့သော သဲကန္တာရကိုသာ တွေ့မြင်ရသည်။ တောင်များပေါ်တွင် သစ်ပင်၊ ပန်းမန် ဟူ၍ မတွေ့ရ။ စိမ်းလန်းစိုပြည်သော မြက်ပင်၊ ချုံနွယ်များ မရှိ။ ထို့ကြောင့် ကျေးငှက်တို့၏ သာယာသောအသံ မကြားရ။ လူတစ်ဦး ခိုလှုံ ရပ်နားနိုင်သည့် သစ်ပင်ရိပ်ပင် နတ္ထိ။ လှမ်းမျှော်

လိုက်လျှင် အပူရှိန် တရိပ်ရိပ်ကြွနေသည့် ကျောက်တုံးကျောက်သားတို့ဖြင့် ပြီးသော တောင်ကတုံးကြီးများကိုသာ တွေ့မြင်ရသည်။ ပကတိမျက်စိဖြင့် ကြာကြာကြည့်လိုက်လျှင် ကျိန်းစပ်၍ပင် လာသည်။

ကမ္ဘာပေါ်တွင် သမိုင်းစဉ်ဆက် စစ်ချီစစ်တက်၊ သေနင်္ဂဗျူဟာနှင့် ပတ်သက်လျှင် ဤတောင်ကြားလမ်းလောက် အရေးပါ အရာရောက်သော တောင်ကြားလမ်းဟူ၍ မရှိဟု ဆိုကြသည်။

ရှေးသရောအခါ အနောက်တိုင်းမှ စစ်ဘုရင်ကြီးများသည် မဇ္ဈိမဒေသ အာရှတိုက်တစ်ခွင်သို့ သူတို့၏ ကြီးမားသော စစ်သည်တော်များနှင့်အတူ ချီတက်တိုက်ခိုက် အောင်ပွဲခံရာတွင် သည်လမ်းကိုပင် အသုံးပြုခဲ့ကြသည်။ အချို့ကလည်း သည်လမ်းကို ယခုခေတ်အခါလောက် အသုံးမပြုခဲ့ဟု ဆိုသည်။ အယ်လက်ဇင်းဒါသည် အာရှတိုက်သို့ ချီတက်ရာတွင် သည်တောင်ကြားလမ်းက မလာ။ ကာဘူးမြစ်မြောက်ဘက် တောင်အထပ်ထပ်ကို ကျော်လွှား၍ လာသည်ဟု ဆိုကြသည်။ သို့ရာတွင် သူ၏ စစ်ဗိုလ်ချုပ်ကြီးတစ်ဦးမှာမူ သည်တောင်ကြားကို ဖြတ်လာကောင်း လာခဲ့ပေလိမ့်မည်ဟု မှတ်သားကြသည်။

သည်ဒေသရှိ လူမျိုးစုတို့သည် စစ်မာန်တက်သောသူများ ဖြစ်ကြသည်။ မည်သူ့လက်အောက်ကိုမှ နေချင်ကြသူများ မဟုတ်။ ကိုယ့်အသိုင်းအဝိုင်းနှင့် ကိုယ် လွတ်လပ်စွာ နေလိုကြသည်။ မဂိုဘုရင်များ လက်ထက်မှစ၍ ဗြိတိသျှတို့ အုပ်စိုးနေသည့်အချိန်အထိ အမြဲလိုလို ပုန်ကန်ထကြွ တိုက်ခိုက်နေကြသူများ ဖြစ်သည်။ အုပ်စိုးသူတို့သည် မကြာခဏပင် တိုင်းရင်းသားတို့ ပုန်ကန်ထကြွမှုများကို လက်နက်အင်အားဖြင့် နှိမ်နင်းကြရသည်။ ထိုအဖြစ်အပျက်များကို အခြေပြု၍ ထိုးထားသည့် ကမ္ပည်းစာတန်းများကို တောင်ကမ်းပါးများပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ကျောက်တုံးကျောက်ဆောင်ကြီးများပေါ်တွင် လည်းကောင်း အထင်အရှားတွေ့ မြင်နေရသေးသည်။

"သည်နေရာတွင် မည်သည့်နေ့ရက်က မည်သည့်တပ်တို့ ရောက်ရှိစခန်းချသည်"

"သည်နေရာတွင် မည်သည့်တပ်နှင့် မည်သူတို့ မည်သည့်နေ့က တိုက်ခိုက်ကြသည်"

http://www.cherrythitsar.org

"မည်သည့်ဗြိတိသျှတပ်မှ မည်သူတို့ သည်နေရာတွင် ကျဆုံးသည်"

ထိုသို့သော ကမ္ပည်းများကို လမ်းတစ်လျှောက်တွင် အများအပြားတွေ့ရှိ ဖတ်ရှုရလေသည်။

တောင်ကြားလမ်းသည် တဖြည်းဖြည်း နိမ့်ဆင်းလာသည်။ လွင်တီးခေါင် နေပူကျဲကျဲတွင် သိုး၊ ဆိတ်အုပ်များကို ထိန်းကျောင်းနေကြသည့် ပထန်အမျိုးသား များကို တွေ့မြင်နေရသည်။ သိုးကျောင်းသားတိုင်းလိုလို သေနတ်ကို ကျောပိုးကာ လွယ်ထားကြလေသည်။

မကြာမီ'လင်ဒိကိုတော'အမည်ရှိသည့် နယ်စပ်မြို့ ကလေးအတွင်းသို့ ဝင်လာကြသည်။ မြို့သည် ပြန့်ပြူးခြင်းမရှိ။ အနိမ့်အမြင့် အဆင်းအတက်နှင့် ဖြစ်သည်။ လမ်းတွေကလည်း ကျဉ်းမြောင်းပြီး အကောက်အကွေ့တွေ များလှ သည်။ မှောင်ခိုပစ္စည်းတွေ ရောင်းဝယ်ဖောက်ကားရာ မြို့ဟူ၍လည်း နာမည် ကြီးသည်။ လမ်းဘေးအောက်ဘက်သို့ ကျဉ်းမြောင်းသည့် လမ်းမှဆင်းသွား လျှင် ပစ္စည်းမျိုးစုံရနိုင်သည့် ဈေးကြီးကို တွေ့ရမည်။ နယ်စပ်နှင့် အလွန်နီးကပ် နေသောကြောင့် ဆက်စပ်နေသည့် နိုင်ငံများမှ အထွေထွေပစ္စည်းတို့သည် နည်း မျိုးစုံနှင့် ဝင်ရောက်လာနေကြသည်။

ထိုမြို့ကို လွန်သည်နှင့် 'တိုခမ်'မြို့သို့ ရောက်သည်။ ထိုနေရာသည် အာဖဂန် ပါကစ္စတန်နယ်ခြား ဖြစ်လေသည်။ မြို့ရိုးကဲ့သို့ မြင့်တက်နေသည့် ကုန်းမြင့်တန်း ရှိသည်။ ထိုကုန်းတန်းတွင် ဆယ့်ငါးပေလောက် ကျယ်သော ဝင်ပေါက်မှ နှစ်နိုင်ငံ တစ်ဘက်မှတစ်ဘက်သို့ ပထန်အမျိုးသားတို့သည် ကူးလူး သွားလာနေကြသည်။ အမျိုးသမီးများကား ရှာမှရှား။ မတွေ့ရသလောက်ပင်။ အာဖဂန်နစ္စတန်ဘက်တွင်လည်းကောင်း၊ ပါကစ္စတန်ဘက်တွင်လည်းကောင်း တာဝန်ကျနေသည့် အစိုးရဝန်ထမ်းများရှိနေသည်။ သူတို့သည် စစ်ဆေးစရာ ရှိသည်များကို စစ်ဆေးပြီး တစ်ဘက်မှတစ်ဘက်သို့ ကူးသန်းနေသူများကို ဝင်ထွက်သွားလာခွင့်ပြုသည်။ နှစ်နိုင်ငံ သင့်မြတ်နေသည့် အချိန်ဖြစ်၍ ကူးသန်း သွားလာရေးတွင် ပြဿနာ မရှိ။

အနီးတစ်ဝိုက် ငွေလဲပေးနေသူ လေးငါးဦးကို တွေ့ရသည်။ သူတို့ထံတွင် အာဖဂန်ငွေမှ ပါကစ္စတန်ငွေသို့လည်းကောင်း၊ ပါကစ္စတန်ငွေမှ အာဖဂန်ငွေသို့ လည်းကောင်း လဲလှယ်ရယူနိုင်သည်။ ထိုလုပ်ငန်းမှာ ကြီးကြီးကျယ်ကျယ် မဟုတ်။

ဟိုဘက်မှ သည်ဘက်သို့ သည်ဘက်မှ ဟိုဘက်သို့ ကူးသန်းကာ အရောင်းအဝယ် ပြုလုပ်နေသူများအဖို့ အဆင်ပြေနေလေသည်။ အချို့က မြေပေါ်တွင် အဝတ်အထည်ခင်းကာ နှစ်နိုင်ငံငွေစက္ကူများကို တင်လျက် အလုပ် ဖြစ်နေလေသည်။ အစိုးရက တရားဝင် ခွင့်ပြုထားသလော။ သို့တည်းမဟုတ် နားလည်မှုနှင့်ပင် စခန်းသွားနေကြသလော မပြောတတ်ပေ။

နေလည်း အတော်ပူနေပြီ။

ခရီးရှည်လာခဲ့ရသူတို့အဖို့ ဆာလောင်နေကြလေပြီ။ ယူလာသည့် စားဖွယ်သောက်ဖွယ်ရာများကို တောင်ကုန်းပေါ်ရှိ သစ်ပင်ရိပ်ဆီသို့ သယ်ယူကြသည်။ သစ်ရိပ်ကလည်း ကောင်းလှသည်။ လေတဟူးဟူး တိုက်ခတ်နေ၍သာ အပူသက်သာသည်။ မောင်ပြုံးချိုတို့သည် အချိုရည်အေးအေးများကို သောက်၍ ခဏတဖြုတ် အပန်းဖြေပြီး နေ့လယ်စာ စားသုံးကြလေသည်။

တောင်ကုန်းတစ်ဖက်တွင် အာဖဂန်နစ္စတန် အခြားတစ်ဖက်တွင် ပါကစ္စတန်နိုင်ငံ။ နယ်စပ်အဝင်မှ လမ်းမကြီးအတိုင်း ဆက်သွားလျှင် အာဖဂန်နစ္စတန်၏မြို့တော် ကာဘူးသို့ ရောက်ရှိသွားမည် ဖြစ်သည်။ ထိုဒေသသည်လည်း ဂန္ဓာရအနုပညာလက်ရာများ ထွန်းကားရာဒေသ ဖြစ်ခဲ့သည်။ ဗုဒ္ဓသာသနာ အရောင် ထိန်လင်းခဲ့သည့်နေရာလည်း ဖြစ်သည်။ ယခုမူ ထိုအလင်းရောင်သည် မှေးမှိန်ပျောက်ကွယ်နေလေပြီ။ ကာဘူးမှဆက်သွားလျှင် ဆိုဗီယက် ရုရှားနိုင်ငံသို့လည်းကောင်း၊ အီရန်နိုင်ငံသို့လည်းကောင်း ရောက်ရှိသွားနိုင်သည် နယ်စပ်မှ ကြည့်လိုက်လျှင် မျက်စိတဆုံး ဖြောင့်ဖြူးနေသည့် လမ်းမကြီးများကို ဝဲယာတွင် စိမ့်စိမ့်ရီရီ ပေါက်ရောက်နေသည့် သစ်ပင်ရိပ်တို့က လွှမ်းမိုးနေလေသည်။

သည်နေရာသည် ပါကစ္စတန်နိုင်ငံ၏ အစွန်ဆုံးဖြစ်သည်။ ဂန္ဓာရ အနုပညာ ထွန်းကားခဲ့ရာ ဒေသဖြစ်သည်။ သည်တွင် မဆုံးသေး။ အာဖဂန်နစ္စတန်နိုင်ငံ အတွင်းသို့ ဝင်ရောက်သွားလျှင် အဆောက်အအုံဟောင်းများ၊ ရုပ်တုများကို တွေ့မြင်ကောင်း တွေ့မြင်ပေဦးမည်။

မောင်ပြုံးချိုသည် သစ်ပင်ရိပ်အောက်မှ အရပ်လေးမျက်နှာကို ကြည့်မိသည်။ ဖြတ်သန်းလာသည့် အရပ်ဒေသတို့ကို ပြန်လည်သုံးသပ်ကြည့်သည်။ ဂန္ဓာရဒေသကို ဖြတ်သန်းလာစေကာမူ ဂန္ဓာရခေတ်က အနုပညာဆိုင်ရာ အဆောက်အအုံများကိုသော်လည်းကောင်း၊ ရုပ်တုများသော်လည်းကောင်း

မှတ်မှတ်သားသား မတွေ့ခဲ့ရပေ။ သူ့ခေတ် သူ့အခါတုန်းကဆိုလျှင် ဘုရားပုထိုး၊ စေတီများ၊ ကျောင်းကန် အဆောက်အအုံများ တည်ဆောက်ခဲ့ကြပေလိမ့်မည်။ ရုပ်တုအမျိုးမျိုးကိုလည်း ထုလုပ်ကိုးကွယ်ခဲ့ကြပေလိမ့်မည်။ ယခုမူ ထိုသို့သော အဆောက်အအုံများနှင့် ရုပ်တုများ၊ ရုပ်ပွားများ စသည်တို့ကို အလွယ်တကူ မတွေ့ရတော့ပေ။ အဆောက်အအုံတို့ ပြိုကျပျက်စီးကုန်ကြလေပြီ။ ဟိုနားသည်နားတွင် အုတ်ပုံလိုလို၊ စေတီပျက်လိုလို သဏ္ဌာန်များကို တွေ့ရသော်လည်း ဘယ်လိုအဆောက်အအုံ ဖြစ်ခဲ့သည်ကို မပြောနိုင်။ အချို့သော ရုပ်တုရုပ်ပုံစသည်များကိုမူ ပြတိုက်များတွင် တွေ့မြင်နိုင်ကြပေလိမ့်မည်။ ပါရုဂါပြတိုက်တွင် အတော်စုံစုံလင်လင် ပြသထားသည်ဟု သိရလေသည်။

"ကဲ သွားကြမယ်ဟေ့၊ ပါရုဂါ ကျရင် ပြတိုက်ဝင်ပြီး လေ့လာကြရအောင်"

မောင်ပြုံးချိုက ဤသို့ နှိုးဆော်လိုက်လေသည်။

သူတို့သည် နေကို ကျောခိုင်းကာ လာလမ်းအတိုင်း ပြန်လာကြလေသည်။

❋

# မဂိုမင်းတို့စံရာ (၁)

(၁)

လာဟိုမြို့သည် ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၏ မြို့တော်ဖြစ်သော အစ္စလမ်မာဘတ်မြို့မှ အရှေ့ဘက် မိုင်တစ်ရာ့ခုနစ်ဆယ်ခန့် ဝေးသည်။

မောင်ပြုံးချိုသည် ပါကစ္စတန်တွင် တာဝန်ထမ်းဆောင်နေစဉ် လာဟိုသို့ သုံးခေါက်ရောက်ခဲ့သည်။ ပထမအကြိမ်တွင် ပြည်နယ်ဆိုင်ရာ အကြီးအကဲများအား သံအမတ်ကြီးသစ်အဖြစ် တွေ့ဆုံနှုတ်ဆက်ရန် ဖြစ်သည်။ ဒုတိယအကြိမ်က ပါကစ္စတန်နိုင်ငံ သမ္မတကြီး၏ ဖိတ်ကြားချက်အရ ကမ္ဘာ့အရပ်ရပ်ရှိ အစ္စလာမ်ဘာသာဝင်တို့၏ အစည်းအဝေးကြီးသို့ ဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့ရသည်။ တတိယအကြိမ်တွင်မူ ပြည်ထောင်စုမြန်မာနိုင်ငံတော် ယွန်းထည်ပစ္စည်းလက်ဆောင်များကို လာဟိုပြတိုက်သို့ ပေးအပ်ခဲ့သည်။ လာရောက်သည့်အခါတိုင်း လာဟိုမြို့တွင်း၊ မြို့ပြင် လေ့လာဖွယ်ရာဒေသ အဆောက်အအုံများကို သွားရောက်လေ့လာခဲ့သည်။

လာဟိုမြို့ကို ခရစ်သက္ကရာဇ် ပထမရာစု သို့တည်းမဟုတ် ဒုတိယရာစုနှစ်ဦးလောက်တွင် တည်ထောင်ခဲ့သည်။ သမိုင်းစဉ်ဆက်တွင် လာဟိုသည် ထင်ရှားခဲ့သည်။ စစ်အောင်နိုင်သူများ၊ ဘုရင်များ၊ သူတော်စင်များ၊ အတွေးအခေါ်ရှင်ကြီးများနှင့် အနုပညာသည်များသည် လာဟိုသို့ ရောက်ခဲ့ကြသည်။ ဖြတ်သန်းသွားလာခဲ့ကြသည်။ သူတို့၏ လက်ရာအများသည် မြို့ပေါ်တွင် အမှတ်အသားအဖြစ် ကျန်ရစ်ခဲ့သည်။ ရှစ်ရာစုနှင့် ကိုးရာစုနှစ်များတွင် ဗြဟ္မဏမင်းတို့၏ နေပြည်တော်ဖြစ်ခဲ့သည်။ ထို့နောက် မဂိုဘုရင်တို့ ခေတ်တွင် လာဟို၏ ဂုဏ်ရောင်သည် အထွတ်အထိပ်သို့ ရောက်ခဲ့လေသည်။ မဂိုဘုရင်တို့ ကြီးစိုးစဉ်က

ဆောက်ခဲ့သော ထည်ဝါခံ့ညားသော ဗိသုကာ လက်ရာများသည် နန်းတော်များ ဗလီများ၊ ဥယျာဉ်ဗိမာန်များအဖြစ် ယခုတိုင် ထင်ရှားတည်ရှိနေသည်။

အိန္ဒိယ၊ ပါကစ္စတန် တစ်နိုင်ငံစီ ခွဲခြား မတည်ထောင်မီ (၁၉၄၇–မတိုင်မီ) ကိုလိုနီခေတ်က ပန်ဂျပ်ပြည်တစ်ခုလုံး၏ အကျယ်အဝန်းသည် စတုရန်းမိုင် ၁၀၀၅၆၂–ရှိသည်။ ၁၉၄၇–ခုနှစ်တွင် အိန္ဒိယမှ ခွဲထွက်၍ ပါကစ္စတန်နိုင်ငံကို လွတ်လပ်သောနိုင်ငံအဖြစ် သီးခြားတည်ထောင်လာသည့်အခါ ပန်ဂျပ်ပြည်နယ်လည်း နှစ်ပိုင်းကွဲသွားလေသည်။ ပါကစ္စတန်ဘက်မှ ပန်ဂျပ်ပြည်နယ်သည် စတုရန်းမိုင် ၁၃၁၃၄ ကျယ်ဝန်း၍ လူဦးရေ ဆယ့်ရှစ်သန်းကျော် ဆယ့်ကိုးသန်းနီးနီးရှိသည်ဟု ဆိုလေသည်။

ထိုကဲ့သို့ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများ သီးခြားတည်ထောင်ပြီး လွတ်လပ်ရေး ရယူကြသည့်အချိန်တွင် ပန်ဂျပ်ပြည်နယ်တွင် သွေးချောင်းစီး ဟိန္ဒူမွတ်စလင် အဓိကရုဏ်း ဖြစ်ခဲ့သည်။ ဟိန္ဒူဘာသာဝင်တို့သည်လည်း အလုံးအရင်းနှင့် အိန္ဒိယဘက်သို့ ကူးပြောင်းကြကုန်သည်။ ထိုနည်းတူ မွတ်စလင်ဘာသာဝင်တို့သည်လည်း ပါကစ္စတန်ဘက်သို့ ပြေးလွှား ကူးပြောင်းကြကုန်သည်။

ယခင်က အတူတကွ ပူးတွဲနေနိုင်ခဲ့သည့် ဟိန္ဒူဘာသာဝင်နှင့် မွတ်ဆလင်ဘာသာဝင်များသည် ရန်သူများဖြစ်ကာ အပြန်အလှန် သတ်ကြဖြတ်ကြ လုယက်ကြကုန်သည်။ အမျိုးသမီးများကို အန္တရာယ်ပြုကြကုန်သည်။

မောင်ပြုံးချိုသည် လာဟိုသို့ လာတိုင်း၊ လာဟိုမှ ပြန်တိုင်း သည်အကြောင်းတွေကို စဉ်းစားလာမိလေသည်။ မကြာသေးခင်ကမှ ဖတ်ရှုခဲ့သည့် ဗြိတိသျှစာရေးဆရာ၊ သတင်းစာဆရာတို့ ရေးသားတင်ပြထားသော 'မဟာအကွဲကြီး' (Great Divide)နှင့် ညဥ့်သန်းခေါင်ယံ လွတ်လပ်ရေး (Freedom At Mid night) ဟူသော စာအုပ်များတွင် ဖော်ပြထားသည်များကို သတိရနေသည်။ ပြေးကြလွှားကြသည်များကို မြင်ယောင်နေသည်။ အော်သံဟစ်သံ ငိုကြွေးသံများကို ကြားယောင်နေလေသည်။

"ဘာသာရေး အယူသည်းမှုသည် လူသားတို့အား ကြီးမားသည့်အန္တရာယ်ကို ဖြစ်စေသည်တကား'ဟု ဆင်ခြင်မိလေသည်။

http://www.cherrythitsar.org

(၂)

မောင်ပြုံးချိုသည် ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်၍ မကြာမြင့်မီ လာဟိုသို့ ရောက်ရှိလာလေသည်။ သံတမန်တို့၏ထုံးစံအတိုင်း ပြည်နယ်ဆိုင်ရာ အကြီးအကဲများကို တွေ့ဆုံနှုတ်ဆက်ရန် ဖြစ်လေသည်။ သူသည် ပြည်နယ်အုပ်ချုပ်ရေးမှူး (ဘုရင်ခံ)၊ ပြည်နယ်ဆိုင်ရာ မင်းကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများကို သွားရောက်နှုတ်ဆက်သည်။ သူတို့တစ်တွေ အာလာပ သလ္လာပ စကားပြောသည်။ အပြန်အလှန် မေးကြ၊ မြန်းကြ ပြောကြားကြသည်။ ပါကစ္စတန်နိုင်ငံသည် လွတ်လပ်သော နိုင်ငံအဖြစ် တည်ရှိနေသည်မှာ ၁၉၇၅–ခုနှစ်တွင် နှစ်ပေါင်းသုံးဆယ်နီးပါး ရှိပြီဖြစ်သော်လည်း ကိုလိုနီခေတ်အုပ်ချုပ်စနစ်အတိုင်းပင် ရှိသေးသည်။ မောင်ပြုံးချိုထံမှ မြန်မာနိုင်ငံ၏ တော်လှန်ပြောင်းလဲမှုများကို ကြားသိရသောအခါ သူတို့တစ်တွေ အံ့သြကြသည်။

ထို့နောက် လာဟိုမြို့တွင် အနီးပတ်ဝန်းကျင်ရှိ သမိုင်းဝင် မှတ်တိုင်များကို လိုက်လံကြည့်ရှုသည်။ ရောက်သင့်ရောက်ထိုက်သော နေရာများသို့ ရောက်ရှိရန်၊ နောက်ကြောင်းသမိုင်းကို ပြောကြားရန် သံတမန်ဆက်သွယ်ရေးဌာနမှ အရာရှိငယ်တစ်ဦးကိုလည်း ထည့်ပေးလေသည်။

ပထမ လာဟိုမြို့ရိုးနှင့် နန်းတော်ဟောင်းကို ကြည့်ကြရအောင်။

လာဟိုလေယာဉ်ကွင်းနှင့် ဆယ့်နှစ်မိုင်ခန့် ဝေးသည်။ အလျားပေတစ်ထောင့် လေးရာနှင့် အနံပေ တစ်ထောင့်တစ်ရာ့နှစ်ဆယ် ရှိသည်။ မဂိုဧကရာဇ်အက္ကဘာသည် သူ၏တန်ခိုးအရှိန်အဝါ မည်မျှကြီးမားသည်ကို ပြသလို၍ သည်မြို့ရိုးခံတပ်ကြီးနှင့် နန်းတော်ကြီးကို တည်ဆောက်ခဲ့သည်ဟု ဆိုကြသည်။

မြို့ရိုးခံတပ်အတွင်းဘက်တွင် အဆောင်ဆောင် အခန်းခန်း ဖွဲ့ထားသည့် နန်းတော်သည် ခမ်းနားကြီးကျယ်လှသည်။ မှန်နန်းတော်သည် အရောင်တဖိတ်ဖိတ် တောက်ပနေသည်။ ဘုရင်အား မင်းမှူးမတ်စုံညီတို့ အခစားဝင်ရောက်ရာ ခန်းမဆောင်ကျယ်ကြီးများလည်း ရှိသည်။

ထိုအဆောက်အအုံကြီးကို သုံးကဏ္ဍခွဲခြား၍ တည်ဆောက်ခဲ့သည်ဟု ဆိုသည်။ အက္ကဘာဘုရင်၏ လက်ထက်တွင် အရှေ့ဘက်နှင့် တောင်ဘက် မြို့ရိုးများအပြင် မြောက်ဘက်မှ အတွင်းနံရံကို ဖန်တီးခဲ့သည်။ သို့ရာတွင် ယခုအချိန်

တွင် မူလက မွမ်းမံထားမှုများ မရှိတော့ပြီ။ အခိုင်အမာ အကြမ်း လက်ရာများသာ ကျန်ရှိတော့၏။

အက္ကဘာဘုရင်ကြီး ကွယ်လွန်ပြီးနောက် အပျော်အပါးတွင်သာ ယစ်မူးရန် စိတ်ကူးတတ်သော သားတော်ဂျီဟန်ဂါးဘုရင်သည် ပန်းဥယျာဉ်ကိုမိုး၍ ရှုမြင်နိုင်သည့် လှပဆန်းကြယ်သည့် နန်ဆောင်တစ်ခုကို တိုးချဲ့ဆောက်လုပ်စေခဲ့သည်။ ဘုရင်ကိုယ်တိုင် သူဖန်တီးထားသည့် ရှုခင်းသာယာကို အတော်ပင် သဘောကျ ကျေနပ်ဟန်ရှိသည်။ ထို့ကြောင့် သူ၏ နေ့စဉ်မှတ်တမ်းတွင် ဤသို့ ရေးသားထားခဲ့သည်။

"အမှန်အတိုင်းဆိုလျှင် ဤနန်းတော်ဆောင်များသည် လက်ရာမြောက် ပန်းချီကားများ၊ ရုပ်လုံးများဖြင့် တန်ဆာဆင်ထားသောကြောင့် လှပဆန်းကြယ်၍ ခမ်းနားလှပါပေ၏"ဟူ၏။

ပတ်ဝန်းကျင်ရှိ စကြံ်တစ်လျှောက်တွင်မူ ပန်းပုရုပ်တုများနှင့် အလှဆင်အပ်သော သဲနီ ကျောက်တိုင်ကြီးများသည် တန်းစီလျက်ရှိလေသည်။

ဂျီဟန်ဂါ၏နောက် ထီးနန်းဆက်ခံသည့် ရှာဂျဟန်သည် ထိုခံတပ်မြို့ရိုးနှင့် နန်းတော်ကို သူကအလိုကျ ခမ်းနားကြီးကျယ်အောင် ဆက်လက်ဖန်တီးပြန်သည်။ ရှာဂျဟန် ထီးနန်းစိုးစံသည့် အချိန်ကို 'ကျောက်ဖြူ ကျောက်သား စိုးမိုးသည့်ခေတ်'ဟု ခေါ်မှတ်ပြုလျက်ရှိသည်။ ဤအဆိုနှင့် မည်မျှကိုက်ညီသည်ကို ရှာဂျဟန်၏ သီးသန့်ညီလာခံဆောင်က ထင်ရှားစွာ ပြလျက်ရှိသည်။ ထိုအဆောင်တွင် ရှာဂျဟန်ဘုရင်သည် တိုင်းပြည်ရေးရာကိစ္စများကို သူ၏မှူးကြီး မတ်ရာ သေနာပတိများနှင့် တိုင်ပင်ဆွေးနွေးတတ်သည်ဟု ဆိုသည် ထို အဆောင်၏ ကျောက်ဖြူပြားကို ဖောက်ထွင်းပြုလုပ်ထားသည့် လေသာပြတင်းမှ ဧကရာဇ် ရှာဂျဟန်သည် မြို့ရိုးပြင်ပတွင် စုဝေးရောက်ရှိနေတတ်ကြသည့် တိုင်းသူပြည်သားများကို ထွက်ပြကာ အဖူးမြော်ခံသည်ဟု ဆိုကြသည်။ အလွန်လှပသည့် သူ၏မှန်နန်းဆောင်၏ အရှေ့မျက်နှာစာကိုမူ ကျောက်ဖြူတိုင် ဆယ့်နှစ်လုံးဖြင့် ထောက်မထားလေသည်။ အဆောင်ထဲတွင် ကျောက်ဖြူကျောက်သားပေါ် စနစ်တကျ ပန်းပေါက်များ ထွင်းဖောက်ထားကာ မှန်ရောင်စုံတို့ဖြင့် ဖောင်းကြွသော ပန်းဆိုင်း၊ ပန်းပွင့်၊ ပန်းခက်များ ဖော်ထားသည့် ခန်းဆီးများကို တွေ့ရလေသည်။

မှန်းနန်းဆောင်၏ အနောက်ဘက်တွင်မူ ကျောက်မျက်ရတနာအရောင်စုံတို့နှင့် ပန်းပွင့်ပုံများ ဖော်ထားသည့် အဆောင်တစ်ခု ရှိသေးသည်။ မူလက ထိုအဆောင်၏ မျက်နှာကြက်နှင့် နံရံတွင် ကျောက်မျက်ရတနာ အလုံးပေါင်းကိုးသိန်းဖြင့် ပန်းကွက်ဖော်ထားသည်ဟု လိုက်ပါလာသူက ပြောပြသည်။

တစ်ဘက်တွင် ညီလာခံ ခန်းမကြီးတစ်ခု ရှိသေးသည်။ ထိုကျယ်ဝန်းလှသည့်အဆောင်ကို ကျောက်တိုင်ကြီးပေါင်း လေးဆယ်ကို စိုက်ထူထားလျက် ရှာဂျဟန်ဘုရင်လက်ထက်မှာပင် တိုးချဲ့တည်ဆောက်ခဲ့ခြင်း ဖြစ်လေသည်။ ထိုခန်းမဆောင်တွင် ဘုရင်သည် တိုင်းသူပြည်သားတို့၏ လျှောက်ထားချက်များကို လက်ခံလျက် ဆောလျင်စွာ ဆောင်ရွက်ပေးလေ့ရှိသည်ဟု ဆိုကြသည်။ ထိုအဆောက်အအုံကို ဆစ်လူမျိုးတို့ ကြီးစိုးစဉ်က ဖျက်ဆီးခဲ့သဖြင့် ဗြိတိသျှတို့လက်ထက်တွင် ပြန်လည်ပြုပြင်ထားရှိလေသည်။ ပန်းချီကား နံရံကြီးမှာ ကံကောင်းထောက်မ၍ မပျက်မစီး ကျန်ခဲ့သည်။ အကွယ်အကာ ပေါင်းကူးများတွင် ပန်းဆိုင်းပန်းခက်ပုံသဏ္ဌာန်အမျိုးမျိုးကို ဆေးရောင်စုံတို့ဖြင့် လှပစွာ ရေးခြယ်ထားသည်။ ကြားဖြတ် ပေါင်းကူးများတွင်မူ မှန်များ ကျောက်များဖြင့် သရုပ်ဖော်ထားသည့် အရုပ်များကို တွေ့ရသည်။ တောပစ်ထွက်ပုံ၊ ပိုလို ကစားနေကြပုံ၊ ဆင်တိုက်ပွဲ၊ ကုလားအုတ်တိုက်ပွဲများကို ထိုခေတ် ထိုအခါက အဝတ်အစားများကို ဝတ်ဆင်ထားသည့် လူရုပ်ပုံများနှင့်အတူ မဂိုခေတ်၏ သရုပ်ကို ထုတ်ဖော်ထားလေသည်။

ရှာဂျဟန်နောက် နန်းတက်သူ ဩရင်ဇက်သည် နန်းတော်မြို့ရိုး၏ အနောက်ဘက်ပေါက် တံခါးမကြီးကို ထုထည်ကြီးမားခိုင်ခံ့စွာ ဆောက်လုပ်ခဲ့လေသည်။ တံခါးမကြီးအနီး ဖြောင့်မတ်သွယ်လျသော မျှော်စင်ကြီးများ၏ အောက်ခြေတွင် ကြာပွင့်ချပ်များ ခံထားလေသည်။

ဩရင်ဇက် ကွယ်လွန်သည့် ၁၇၀၇–ခုနှစ်နောက်ပိုင်းတွင် ထိုမြို့ရိုးနှင့် နန်းတော်ကြီးကို ပြုပြင်မွမ်းမံမှုမရှိတော့ဘဲ ထားခဲ့ရာမှ ဆစ်လူမျိုးတို့ သိမ်းပိုက်အုပ်စိုးသောအခါတွင် အဖိုးတန်ပစ္စည်းများ ဖျက်ဆီးလုယူခြင်း ခံခဲ့ရသည်ဟု အတူပါလာသူက ဇာတ်ကြောင်းပြန်ပြလေသည်။

၁၉၂၇–ခုနှစ်တွင် ရှေးဟောင်းပစ္စည်း သုတေသနဌာနက နန်းတော်နှင့် မြို့ရိုးကို ပြန်လည်ပြုပြင် ထိန်းသိမ်းမှု စတင်ပြုလုပ်ခဲ့သည်။ ဆစ်ခ်လူမျိုးတို့

http://www.cherrythitsar.org

ကြီးစိုးချိန်နှင့် ပတ်သက်သည့် ပြတိုက်တစ်ခုကိုလည်းဖွင့်လှစ်ခဲ့သည်။ နန်းတော်ကြီးအတွင်း ဂျိဟန်ဂါး၏ အိပ်ခန်းဆောင်မှာ ယခုအခါ ဆယ့်ရှစ်ရာစုနှင့် ဆယ့်ကိုးရာစုနှစ်များအတွင်းက အသုံးပြုခဲ့သည့် စစ်လက်နက် ပစ္စည်းများနှင့် စစ်ဝတ်စုံများ ပြသထားသည့်ပြတိုက် ဖြစ်နေလေပြီ။ ဂျိဟန်ဂါး၏ လေးထောင့်ဥယျာဉ်အတွင်းမှာမူ ညနေစောင်းတွင် လျှပ်စစ်ရောင်စုံမီးများ ထိန်လျက် ရေးဟောင်းအောက်မေ့ဖွယ်ရာ ဂီတသံသာများကို ကြားကြရမည် ဖြစ်လေသည်။

(၃)

ရှားလီမာဥယျာဉ် တံခါးပေါက်ဝတွင် ဥယျာဉ်မှူးသည် မောင်ပြုံးချိုတို့၏ မိသားစုအား ဆီးကြိုနေလေသည်။

ထိုဥယျာဉ်သည် ရှားဂျဟန်ဘုရင် ဖန်တီးခဲ့သည့် ဥယျာဉ်ဖြစ်လေသည်။ လာဟိုမြို့နှင့် သုံးမိုင်ခန့်ဝေးသော နေရာတွင် တည်ရှိသည်။

ဥယျာဉ်အတွင်းဝယ် လှည့်လည်ကြည့်ရှုရင် ဥယျာဉ်မှူးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိသည် ဥယျာဉ်၏သမိုင်းကြောင်းများနှင့် အခြေအနေ အရပ်ရပ်ကို ပြောပြသွားကြလေသည်။

“ဒီဥယျာဉ်ကြီးကို တချို့က ပါကစ္စတန်ရဲ့ ဗာဆိုင်းလို့ခေါ်ကြပါတယ်”ဟု ဥယျာဉ်မှူးက နိဒါန်းပျိုးလိုက်သည်။

ပြင်သစ်ပြည် ဗာဆိုင်းနန်းတော်ကြီးသို့ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော် မောင်ပြုံးချို တစ်ခေါက်ရောက်ခဲ့ဖူးသည်။ ဗာဆိုင်းသည် ဥယျာဉ်၊ ရေကန် ပန်းမန်တို့ဖြင့် အလှကြွယ်ပါသည်။ ယခုတွေ့မြင်နေရသော ရှာလီမာ ဥယျာဉ်ကြီးသည်လည်း ပန်းပေါင်းဝေဆာ ရေကန်သာနှင့် ရေပန်းတွေ ဖြာထွက်လျက် ရှုမငြီးအောင် လှပါသည်။

ဥယျာဉ်ကြီးသည် ဧကရှစ်ဆယ်ခန့် ကျယ်ဝန်းသည်။ ရှာဂျဟန်ဘုရင်သည် ကက်ရှမီးနယ်၏ အလှတွင် ယစ်မူးခဲ့သည်။ ထိုဒေသ၏ ရှုခင်းကို ဤနေရာ၌ ဖန်တီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုကြသည်။

ခရစ်သက္ကရာဇ် ၁၆၄၁–ခုနှစ်တွင် ပန္နက်ချစတင်ခဲ့ရာ ဆယ့်ခုနစ်လနှင့် လေးရက်အကြာတွင် ပြီးဆုံးခဲ့သည်ဟု မှတ်တမ်းအရ သိရလေသည်။

http://www.cherrythitsar.org

ရှာလီမာဥယျာဉ်ကြီးကို အဆင့်သုံးဆင့်ဖြင့် တည်ဆောက်ထားသည်။ ဥယျာဉ်အတွင်း ဖြတ်သန်းဖောက်လုပ်ထားသည့် ရေစီးအုတ်မြောင်းတို့သည် ၂၇၇၉၆–ပေ ရှည်လျားသည်။ အဆင့်တစ်ခုစီတွင် ရေကန်တစ်ခုစီ ရှိသည်။ ရေစီးမြောင်းနှင့် ရေကန်များတွင် ရေပန်း ၄၁၂–ခု တပ်ဆင်ထားသည်။ ရေပန်းတိုင်များကို အများအားဖြင့် သဲနီကျောက်တို့ဖြင့် ပြုလုပ်ထားသည် အချို့သာလျှင် ကျောက်ဖြူတိုင်များ ဖြစ်ကြသည်။ တိုင်အသီးသီးမှ ဖြာထွက်နေသော ရေပန်းတို့ကြောင့် ဥယျာဉ်အတွင်းဝယ် အေးမြကြည်လင်သော ရာသီဥတုတို့ ဖြစ်ပေါ်စေသည်။

ဥယျာဉ်ကြီးကို အဆင့်သုံးဆင့်ဖြင့် တည်ဆောက်ထားသည်။ ပထမဆင့်သို့ ဘုရင်၏ အနားယူရာအဆောင်ကို ဖြတ်သွားရလေသည်။ ထိုအဆင့်တစ်ခုလုံးသည် ဘုရင်၏ မောင်းမမိသံတို့အတွက် သီးသန့်ဖြစ်သည်။ ဘေးပတ်လည်တွင် ဘုရင့်မိသားစုများအတွက် သီးသန့်ခန်းဆောင်များ ရှိသည်။ အရှေ့ဘက်ဗဟိုတွင် အောင်စည်အဆောင်ရှိသည်။ ဘုရင်သည် ဥယျာဉ်အတွင်းသို့ ဝင်လာသောအခါ ထိုခန်းဆောင်မှ အောင်စည်အောင်မောင်းများ တီးခတ် ကြိုဆိုကြရလေသည်။ အနောက်ဘက်ဗဟိုတွင်မူ ဘုရင်မအဆောင်ရှိသည်။ ဘုရင်မ ကွယ်လွန်ပြီးသောအခါ အမိအရိုက်ရာ အခွင့်အရေးများကို ရယူသော သမီးကြီး 'ဂျဟန်အရာဘီလမ်း'အတွက် ထိုအဆောင်ကို သတ်မှတ်ထားလေသည်။

ဥယျာဉ်၏ ဒုတိယ သို့မဟုတ် အလယ်အဆင့်သည် ရေကန်၊ ရေပန်း၊ ပန်းခင်းများဖြင့် အလွန်တရာ လှပတင့်တယ်ပေသည်။

တောက်ပပြောင်လက်သည့် မင်းခမ်းမင်းနားများ ဆင်ယင်ကျင်းပရာ နေရာလည်း ဖြစ်သည်။ ထိုအလယ်ဆင့်ကို သုံးဆင့်ထပ်မံ၍ ပိုင်းခြားထားပြန်လေသည်။ အလယ်ဗဟိုတွင် အနည်းငယ် မြင့်ထားသောနေရာ၌ ရေကန်ရှိသည်။ မြေနိမ့်ဝဲယာတွင်ရှိ ပန်းခင်းများတွင် နှင်းဆီပန်းတို့သည် အဆုပ်လိုက် အခိုင်လိုက် ဖူးပွင့်နေကြကုန်သည်။ ရေကန်၏အလယ်တွင် ကျောက်ဖျာများခင်းထားသည့် လေးထောင့်စပ်စပ် ကျွန်းငယ်ကလေးရှိသည်။ သဲနီကျောက်များ ခင်းထားသည့် လူသွားလမ်းတံတားကလေးသည် ထိုကျွန်းကလေးနှင့်နှစ်ဖက်ကမ်းကို ဆက်သွယ်ထားသည်။

"လသာညများမယ်၊ ဒီကျွန်းပေါ်ကနေပြီ လရောင်နဲ့အေးမြတဲ့ အရသာကို ခံစားနိုင်ကြပါတယ်"

အတူပါလာသူ ဥယျာဉ်မှူးက ပြောပြလေသည်။ ထို့ကြောင့် ထိုနေရာကို 'လမင်းစန္ဒာ'ဟု အမည်ပေးထားသည်ဟု ဆိုသည်။ အလယ်အဆင့်ရှိ ရေကန်ကို ပထမအဆင့် ရေသွယ်မြောင်းမှ ရေပေးသည်။ ရေကန်ထဲသို့ ရေများမရောက်မီ ငါးမန်းကွက် ဖော်ထားသည့် ကျောက်သားကျောက်ဖျာပေါ်မှ ရေတံခွန်ငယ်ပမာ စီးဆင်း ကျရောက်လာသောကြောင့် ဂီတသံကို အေးမြည်သာသောအသံကို ဖြစ်ပေါ်စေသည်။ ထိုရေတံခွန်မှ ကျဆင်းလာသော ရေတို့သည် ရှေ့ဘက်တွင် ရှိသော ကျောက်ဖြူသလွန်၏အောက်မှ ကန်အတွင်းသို့ စီးသွားကုန်သည်။ ဧကရာဇ်သည် ထိုသလွန်ပေါ်တွင် ထိုင်လျက် ကျင်းပနေသော မင်းခမ်းမင်းနားများကို ရှုစားတတ်လေသည်။

ဤနေရာသို့ ရောက်ရှိလာခဲ့သည့် ကဗျာဆရာတို့သည် ရေတံခွန်ငယ်ကို အကြောင်းပြု၍ ကဗျာများကို ရေးစပ်ခဲ့ကြကုန်သည်။ ဧကရာဇ်ဩရင်ဇက်၏ သမီးတစ်ယောက်သည်လည်း ရေတံခွန်အနီး ရွှေသလွန်တွင်ထိုင်ရင်း ကဗျာဉာဏ် ကွန့်မြူးခဲ့သည်။ သူ့ရင်တွင်းမှ တက်ကြွလာသော လှိုင်းဂယက်ကို နှုတ်မှ ထုတ်ဖော်ခဲ့သည်။ လက်ဖြင့်ရေးကာ မှတ်တမ်းတင်ခဲ့သည်။

*အို…ရေတံခွန်*
*သင်သည် မည်သူ့အတွက် ငိုကြွေးနေပါသလဲ။*
*မည်သူ့အတွက် ပူဆွေးသောကဖြစ်ပြီး မျက်မှောင်ကြုတ်ရပါသလဲ။*
*မည်သူ့အတွက် စိတ်မချမ်းမသာဖြစ်သဖြင့်*
*ကျွန်ုပ်ကဲ့သို့ပင် တစ်ညလုံး ကျောက်တုံးနှင့်*
*ဦးခေါင်းကို ရိုက်ကာ*
*မျက်ရည်ဖြိုင်ဖြိုင်ကျဆင်းနေပါသလဲ။*

သည်ကဗျာကိုဖတ်မိသော မောင်ပြုံးချိုသည် မင်းသမီး၏ အဆွေးဓာတ်ခံကို ရိပ်စားမိလေသည်။ သူလဲလေ လောကီသားမို့ဟု စိတ်တွင်းမှ ရွတ်ဆိုမိလေသည်။

တတိယအဆင့်၏ပုံသဏ္ဌာန်သည် ပထမအဆင့်နှင့် တူလေသည်။ ရေကန်များ၊ ရေပန်းများနှင့် ပန်းခင်းများမှာလည်း အခြားအဆင့်များကဲ့သို့ပင် လှပတင့်တယ်ပေသည်။ မောင်ပြုံးချိုတို့ ရောက်ရှိစဉ် ရေပန်းများ ဖွင့်လှစ်ပြသထားသောကြောင့် ပို၍ပင် ကြည်နူးသာယာဖွယ် ကောင်းလှပေသည်။

"စိတ်ဝင်စားဖွယ် ကောင်းလှပါတယ်"

"လိုက်လံပြသပြီး သမိုင်းကြောင်းတွေကို ပြောပြလို့ ကျေးဇူးတင်ပါတယ်"

မောင်ပြုံးချိုတို့က နိုင်ငံခြားရေးရုံးမှ အရာရှိနှင့် ဥယျာဉ်မှူးအား နှုတ်ဆက်ရင်း ပြောလိုက်ကြသည်။

"ညဆိုရင် မီးရောင်စုံတွေနဲ့ဆိုတော့ ဒီထက်လှပါတယ်။ ကြွခဲ့ပါဦး"ဟု နိုင်ငံခြားရေးအရာရှိက ဖိတ်ကြားလိုက်ပြန်သည်။

"နောက်တစ်ခေါက်ပေါ့"

မောင်ပြုံးချိုတို့သည် ပြောရင်းဆိုရင်း မော်တော်ယာဉ်ပေါ်သို့ တက်လိုက်ကြလေသည်။

မွန်းတိမ်းနေပြီ။

မောင်ပြုံးချိုတို့ မိသားစုသည် နေ့လယ်စာ စားသုံးရန် တရုတ်စားသောက်ဆိုင်သို့ ထွက်လာခဲ့ကြလေသည်။

ရှာလီမာဥယျာဉ်သည် မဂိုခေတ်၏ ဗိသုကာအတတ်ပညာပြောင်မြောက်မှုကို ဖော်ပြလျက်ရှိသည်။ ဗိသုကာပညာနှင့် သဘာဝအလှကို ရောထွေးဖန်တီးထားသည့် ကျက်သရေကိုလည်း ဆောင်လေသည်။ သည်နေရာတွင် သမိုင်း၏ ဖြစ်စဉ် တေးသံစုံကိုလည်း ကြားယောင်နိုင်သည်။ လူကြီးသူမတို့ပြောကြားခဲ့သည့် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်များကိုလည်း သတိရစေသည်။ သည်ဥယျာဉ်အတွင်းဝယ် စံမြန်းနေခဲ့ကြသော စည်းစိမ်ရှင် ဘုရင်များ၊ မိဖုရားများ မင်းစိုးရာဇာများကား လွန်ကုန်ကြလေပြီ။ ရှာလီမာ ဥယျာဉ်ကြီးကား ပျောက်ပျက်မသွားသေး။ အလှကျက်သရေကို ဆောင်နေဆဲပင်။

❋

http://www.cherrythitsar.org

## မဂိုမင်းတို့စံရာ (၂)

အစ္စလမ်မာဘတ်မြို့၏သက်တမ်းသည် ဆယ်ကျော်မျှသာ ရှိသေးသည်။ ထို့ကြောင့် ပျိုရွယ်နုနယ်သည့် တိုက်တာအဆောက်အအုံများသည် သစ်လွင်နေသည်။ လှပခေတ်ဆန်သည်။ တစ်နည်းဆိုသော် သန်မာသော လုလင်ပျိုတစ်ဦးကဲ့သို့ အချိုးအဆစ် ပြေပြစ်တင့်တယ်နေသည်။

ယခု မောင်ပြုံးချို ရောက်ရှိနေသော လာဟိုမြို့၏ သက်တမ်းသည် နှစ်ပေါင်းထောင်ကျော်နေပြီ။ ထို့ကြောင့် ကြီးရင့်နေပြီ။ ခံ့ညားထည်ဝါသည်။ တိုက်တာအဆောက်အအုံများသည် အိုမင်း ဟောင်းနွမ်းနေပြီ။ ရှေးဆန်သည်။ တစ်နည်းဆိုသော် သက်ကြီးရွယ်အိုတစ်ဦးကဲ့သို့ ရင့်ရော်သည်။ သို့ရာတွင် တည်တည်ခံ့ခံ့ ရှိလှသည်။

ပန်ဂျပ်ပြည်နယ် လာဟိုမြို့သို့ ရောက်ရှိနေသော မောင်ပြုံးချိုတို့သည် ယခင်တစ်နေ့က မြို့ရိုးခံတပ် ဝိုင်းရံထားသော မဂိုမင်းတို့စံရာ နန်းတော်ကြီးကို ကြည့်ရှုခဲ့ကြပြီးပြီ။ ကျယ်ဝန်းလှပဆန်းကြယ်သော ရှာလီမာဥယျာဉ်ကိုလည်း လှည့်လည်ကြည့်ရှုခဲ့ကြသေးသည်။ နောက်တစ်နေ့တွင်မူ မဂိုဘုရင်တစ်ပါး မထသောအိပ်ခြင်းဖြင့် စံမြန်းနေရာ အဆောက်အအုံကို ပထမဆုံး သွားရောက်လေ့လာကြသည်။

ထိုအဆောက်အအုံတွင် ထာဝရ အိပ်စက်နေသူ မဂိုဧကရာဇ် ဘုရင်ကား 'ဂျီဟန်ဂါ'တည်း။

ပန်ဂျပ်ပြည်နယ်၏ မြစ်ကြီးငါးသွယ်အနက် မြစ်တစ်သွယ်ဖြစ်သော 'ရာဝီ'မြစ်၏ တစ်ဖက်ကမ်း ခပ်လှမ်းလှမ်းတွင် ဧကရာဇ်၏သင်္ချိုင်းဂူ အဆောက်အအုံကို အဝေးကပင် လှမ်း၍ မြင်နိုင်ပါသည်။ လာဟိုမြို့၏ အနောက်မြောက်

ဘက် သုံးမိုင်ခန့် ဝေးကွာသည်။ သဲကျောက်တို့ဖြင့် ဆောက်လုပ်ထားသည်။ ပုံစံမှာ ရှည်မျောမျောနှင့် အဆင့်မပါ တစ်ထပ်သာ ဖြစ်သည်။ ကျောက်ဖြူဖြင့် အထွတ်ခုံးထားသည့် မြင့်မားသော မျှော်စင်လေးခုသည် အဆောက်အအုံ၏ ထောင့်လေးခုတွင် ကောင်းကင်သို့ မတ်မတ်ကြီး ထိုးထွက်နေသည်။ ပတ်ဝန်း ကျင် ဥယျာဉ်မြေတွင် သစ်ပင်၊ ပန်းပင်တို့ စနစ်တကျ အကွက်ချကာ စိုက်ပျိုး ပြီး သင်္ချိုင်းဂူကိုအလှဆင်ထားသည်။ ကျောက်ပြားများခင်းထားသည့် လမ်းဆော ဝဲယာရှိ ရေမြောင်းများတွင် ကြည်လင်သည့်ရေများ တသွင်သွင် စီးဆင်းနေ သည်။ ရေကန်ငယ်များအလယ်မှ ရေပန်းများသည်လည်း နေရောင်အောက်တွင် သက်တန့် ဖြာထွက်နေသည်။

အဆောက်အအုံ၏ ပြင်ပနံရံနှင့် မျှော်စင်တို့၏ အောက်ခြေဘက်တွင် ကျောက်ဖြူကျောက်နက်တို့ဖြင့် ပန်းကွက်၊ ပန်းနွယ်ပုံများ ဖော်ထားသည်။ အလယ်ခန်းတွင် ကျောက်ဖြူဖြင့် ခေါင်းသဏ္ဌာန် ပြုလုပ်ထား၍ ကျောက်ခုံ မြင့်တွင် တင်ပြထားသည်။ ဧကရာဇ်ဂျီဟန်ဂါး၏ ရုပ်ကလာပ်မှာမူ ထိုခေါင်း သဏ္ဌာန်တင်ထားသည့် ကျောက်ခုံအောက်ဘက်ရှိ မြေအောက်ခန်းတွင် မြှုပ်နှံ ထားသည်။ ထိုခန်းဆောင်၏နံရံများကို နုနယ်လှပသော ပန်းခက်၊ ပန်းနွယ်တို့ ဖြင့် ထွင်းဖောက်ထုလုပ် ခြယ်သထားလေသည်။

ထိုသင်္ချိုင်းဂူနှင့်ကပ်လျက် ပျက်စီးယိုယွင်းနေပြီဖြစ်သော သင်္ချိုင်းဂူ တစ်ခု ကို တွေ့ရသေးသည်။ 'အဇဖ်ရှား'ဆိုသူ ပုဂ္ဂိုလ်တစ်ဦး၏ သင်္ချိုင်းဂူ ဖြစ်သည်။ သူသည် ဂျီဟန်ဂါး၏ ယောက်ဖတစ်ဦးဖြစ်သည်။ ဧကရာဇ်၏ မိဖုရား နုဂျဟန်၏ အစ်ကိုတည်း။ သူသည် ဂျီဟန်ဂါး၏ သားတော် 'ရှာဂျဟန်'၏ ယောက္ခမလည်း ဖြစ်သည်။ ရှာဂျဟန်၏ ချစ်မြတ်နိုးခြင်းကို ခံရပြီး ကွယ်လွန်သောအခါ အမှတ် တရအလွန်လှပထည်ဝါသည့်'တဂျ်မဟာ' သင်္ချိုင်းဂူ တည်ဆောက်မြှုပ်နှံခံရသည့် မိဖုရားခေါင်ကြီး'အာဂျမန်ဘာနို'သည် သူ့သမီး ဖြစ်လေသည်။ ဂျီဟန်ဂါး လက်ထက်တွင် မိဖုရား၏ အစ်ကိုအဖြစ်လည်းကောင်း။ ရှာဂျဟန် နန်းတက်သော အခါ ဘုရင့်ယောက္ခမအဖြစ်လည်းကောင်း နန်းတွင်းရေးများတွင် အရှိန်အဝါကြီးခဲ့ သူ ဖြစ်သည်။

ဂျီဟန်ဂါး သင်္ချိုင်းဂူရှိရာ ဥယျာဉ်တွင်းမှ ထွက်ခွာလာကြပြီး မီးရထား လမ်းကို ကျော်လိုက်သောအခါ နုဂျဟန် သင်္ချိုင်းဂူရှိရာသို့ ရောက်လာလေသည်။ ယခင်က ကျောက်ပြားပန်းနွယ်တို့ဖြင့် လှပတင့်တယ်မည် ဖြစ်သော်လည်း ယခုမူ

ပျက်စီးယိုယွင်းနေလေပြီ။ နဂျာဟန်သည် မဂိုမင်းဆက်သမိုင်းတွင် ထင်ရှားသည့် အမျိုးသမီးဖြစ်သည်။ ဂျီဟန်ဂါးထီးနန်း စိုးစံစဉ်အခါပြည်ရေး ပြည်ရာ အဖြာဖြာတွင် ဩဇာတိက္ကမ ရှိခဲ့သူ။ နန်းတွင်းရေးများတွင် ခြယ်လှယ်နိုင်ခဲ့သူ။ မောင်ပြုံးချိုသည် သူ့အကြောင်းကို လေ့လာသိရှိရသောအခါ မြန်မာ့သမိုင်းမှ မိဖုရားဖွားစောကို သတိရမိလေသည်။

ဂျီဟန်ဂါးနှင့် နဂျဟန်သည် အသက်ထင်ရှားရှိစဉ်က ထီးနန်းစည်းစိမ်ကို အတူတကွ ခံစားခဲ့သည်။ သူတို့နှစ်ဦးသည် သမိုင်းတွင် တွဲဖက် ထင်ရှားခဲ့သည် ဂျီဟန်ဂါး၏ အကြောင်းပြောလျှင် သူ့မိဖုရား နဂျဟန်အကြောင်း ပါလာသည်။ နဂျဟန်အကြောင်းရေးလျှင် ဂျီဟန်ဂါးမပါလို့မဖြစ်။ ယခုလည်း လာဟိုမြို့ပြင် တစ်နေရာတွင် သူတို့၏ သင်္ချိုင်းဂူနှစ်ခုသည် မနီးမဝေးတွင် ယှဉ်ပြိုင်လျက် တည်ရှိသည်။

နဂျဟန်၏ နောက်ကြောင်းသမိုင်းသည် ပုံပြင်လိုလို ယုံတမ်းစကားလိုလို ဖြစ်နေသည်။ သူ၏မိဘနှစ်ပါးသည် ပြည်တွင်းရေး မငြိမ်မသက်ဖြစ်သဖြင့် ပါရှနိုင်ငံမှ အရှေ့ဘက်သို့ ထွက်ပြေးတိမ်းရှောင်သည်။ တိမ်းရှောင်လာကြရာ ခရီးကြမ်းတွင် သူ့ကို ဖွားမြင်သည်။ မိဘများသည် ကလေးငယ်ကို သယ်ဆောင်သွားရမည့် ဒုက္ခကို မခံလိုသဖြင့် သစ်တစ်ပင်အောက်တွင် သူ့ကို ထားခဲ့ကြသည်။ နောက်မှ ထားမပစ်ရက်နိုင်သဖြင့် ပြန်ကောက်ယူရန် လှည့်လာရာ ကလေးငယ်အား နေမပူစေအောင် နေရောင်ကို မြွေဟောက်ကြီး တစ်ကောင်က ပါးပျဉ်းထောင်၍ ကာကွယ်ထားသည်ကို တွေ့ရသည်ဟု ဆိုသည်။ အရွယ်ရောက်သောအခါ ပါရှမှ ထွက်ပြေးလာခဲ့ပြီး ဂျီဟန်ဂါး၏လက်အောက်တွင် ဘင်္ဂလားနယ်၌ တာဝန်ထမ်းဆောင်နေသူ အရာရှိငယ်တစ်ဦးနှင့် လက်ထပ်ခဲ့သည်။ ထိုအရာရှိငယ်သည် ပြစ်မှုတစ်ခုဖြင့် စွပ်စွဲခြင်းခံရ၍ ဘင်္ဂလားဘုရင်ခံ၏ရှေ့မှောက်သို့ ခေါ်ဆောင် လာခဲ့သည်။ ဘုရင်ခံ၏ ရှေ့မှောက်အရောက်တွင် ဒေါသကို မထိန်းနိုင်ဘဲ ဘုရင်ခံအား ရုတ်တရက် သတ်လိုက်သည်။ သူ့ကိုလည်း ဘုရင်ခံ၏ ကိုယ်ရံတော်များက ခုတ်သတ်လိုက် ကြလေသည်။ ထို့နောက် လင်သား မရှုမလှသေဆုံးရသဖြင့် ကြေကွဲနေသော ငယ်ရွယ်သူ မုဆိုးမလေး နဂျဟန်သည် အဂ္ဂရာနန်းတွင်းသို့ ရောက်ရှိလာသောအခါ ဂျီဟန်ဂါ၏ စုံမက်မြတ်နိုးခြင်းကို ခံရသည်။ နဂျဟန်သည် မုဆိုးမအဖြစ် လေးနှစ်ကြာနေပြီး ၁၆၁၁–ခုနှစ်တွင် ဂျီဟန်ဂါးက လက်ထပ်ယူလိုက်လေသည်။

http://www.cherrythitsar.org

ဂျီဟာန်ဂါးသည် အရက်သေစာ သောက်စားပြီး အပျော်အပါးတွင် နစ်မွန်းလျက်ရှိရာ မိဖုရားခေါင် နုဂျဟာန်သည် အစ်ကိုဖြစ်သူ အဇစ်ရှားနှင့် ပူးပေါင်းလျက် နန်းတွင်းရေး၊ ပြည်တွင်းရေးများတွင် ခြယ်လှယ်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာလေသည်။ ဂျီဟာန်ဂါး ကွယ်လွန်ချိန် နီးလာသောအခါ ထီးနန်းဆက်ခံမှုနှင့် ပတ်သက်၍ နုဂျဟာန်သည် သူ့အလိုကျဖြစ်အောင် နည်းမျိုးစုံဖြင့် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့။

ဧကရာဇ်ဘုရင် ဂျီဟာန်ဂါး ကွယ်လွန်ပုံကို ဗြိတိသျှသမိုင်းဆရာ ဝေါလဒီမာဟာန်ဆင်က 'ဥဒေါင်းပလ္လင်' အမည်ရှိသော စာအုပ်တွင် ဤသို့ ရေးသားထားသည်။

'...နေမဝင်ချိန်တွင် နောက်ဆုံးအကြိမ်အဖြစ် အရက်တစ်ဖန်ခွက် ကမ်းလှမ်းလှည့်ရန် အမိန့်ရှိသည်။ သို့ရာတွင် ဘုရင်သည် အရက်ခွက်ကို နှုတ်ခမ်းဝတွင် တေ့ထားသော်လည်း မသောက်မျိုနိုင်တော့ချေ။ ညဥ့်နက်လာသောအခါ သူ့ရောဂါအခြေအနေမှာ ပို၍ဆိုးလာသည်။ နောက်တစ်နေ့အရုဏ်တက်အချိန်တွင် ကွယ်လွန်လေသည်။ နန်းသက် ၂၂-နှစ်၊ ၁၆၂၇-ခု အောက်တိုဘာလ ၂၉-ရက်နေ့တွင် ဖြစ်သည်။ အသက်ခြောက်ဆယ်အထိ နေသွားရသည်မှာ အံ့သြစရာပင် ဖြစ်သည်'

ဂျီဟာန်ဂါး ကွယ်လွန်ပြီးနောက် သားတော်တွေ နန်းလုပွဲ ဖြစ်ကြသည်။ မိဖုရား နုဂျဟာန်အပါအဝင် မှူးကြီးမတ်ရာ စစ်သူကြီးတို့သည် သူ့အဖွဲ့ ကိုယ့်အဖွဲ့ တိုက်ခိုက်ကြသည်။ သည်အချိန်တွင် သမက်ဖြစ်သူ ရှာဂျဟာန်ဘက်မှ ပါလာသော အဇစ်ရှားနှင့် အခြားသားတော်တစ်ပါးကို လိုလားသည့် နှမဖြစ်သူ နုဂျဟာန်တို့ သဘောကွဲကြသည်။ ပဒေသရာဇ်တို့ နန်းတွင်းရေးကား သည်လိုပင် ရှုပ်ထွေးမြဲ...။ နောက်ဆုံးတွင် ရှာဂျဟာန်အောင်ပွဲခံ၍ နန်းတက်လေသည်။ ထိုအချိန်မှစ၍ နုဂျဟာန်၏ တန်ခိုးအရှိန်အဝါသည်လည်း မှေးမှိန်သွားလေသည်။

သူသည် ခင်ပွန်းဖြစ်သူဂျီဟာန်ဂါးအတွက် လှပထည်ဝါသော သင်္ချိုင်းဂူကို ရာဗီမြစ်ကမ်းပါးတွင် အမှတ်တရ တည်ဆောက်ခဲ့သည်။ သူ့အတွက် သင်္ချိုင်းကိုလည်း သူကိုယ်တိုင်ပင် မကွယ်လွန်မီကတည်းက စီမံခန့်ခွဲတည်ဆောက်ခဲ့သည်။ သူသည် ၁၆၄၅-ခု ဒီဇင်ဘာလ ၈-ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် အနောက်ဘက်လွန်မင်းတရားကြီး စိုးစံနေချိန်ဖြစ်သည်။ နယ်ချဲ့အင်အားစုများဖြစ်သော ပေါ်တူဂီ၊ အင်္ဂလိပ်နှင့် ဒတ်(ချ)တို့

ခြေရှုပ်နေချိန်ဖြစ်သည်။ အိန္ဒိယတွင်လည်း ပြင်သစ်နှင့် အင်္ဂလိပ်တို့ စားကျက်လု နေကြပြီ။

မောင်ပြုံးချိုသည် နုဂျဟန်၏ သင်္ချိုင်းဂူမှ ဂျီဟန်ဂါး၏ သင်္ချိုင်းဘက်ကို လှမ်းမျှော်ကြည့်နေမိသည်။

မောင်ပြုံးချိုသည် မဂိုတို့၏ တန်ခိုးအရှိန်အဝါ ကြီးမားခဲ့ပုံကို ပြန်ပြောင်း စဉ်းစားနေမိသည်။ ထိုခေတ် ထိုအခါက မဂိုနန်းတွင်းရေး ပြည်တွင်းရေး ရှုပ်ထွေး ပွေလီ နေပုံများကိုလည်း ထိုစဉ်က မိမိနိုင်ငံ၏ သမိုင်းဖြစ်စဉ်နှင့် စိတ်ထဲတွင် နှိုင်းယှဉ်ကြည့်နေမိလေသည်။ သူသည် ရှေ့လွန်လေပြီးသော ပဒေသရာဇ်ခေတ် များတွင် နန်းတွင်းရေးမှသည် ပြည်တွင်းရေး၊ ပြည်တွင်းရေးမှသည် ပြည်ပ ဆက်သွယ်ရေးအထိ ကျယ်ပြန့်ရှုပ်ထွေးလာပုံများကို စဉ်းစားလာသည်။ နောက်ဆုံး တွင် တဖြည်းဖြည်းနှင့် နှစ်နိုင်ငံလုံးပင် နယ်ချဲ့ဗြိတိသျှတို့ လက်အောက်သို့ ကျရောက်ခဲ့ကြရသည်။ ပြည်တွင်းစည်းလုံးညီညွတ်မှု ပျက်ပြားခြင်း၏ အကျိုး ဆက်များပေတည်း။

ပြည်တွင်းညီညွတ်မှု ယိုယွင်းသောအခါ ပြည်ပမှ နယ်ချဲ့ကို နည်းမျိုးစုံ တို့ဖြင့် ဝင်လာပုံများကို တွေးတောရင်း အသင့်စောင့်နေသည့် မော်တော်ယာဉ်ပေါ်သို့ တက်လာခဲ့လေသည်။

(၂)

မောင်ပြုံးချိုတို့ လာဟိုး၏ အဓိကရ ဗလီကြီးဆီသို့ လာခဲ့ကြသည်။

ရှာဂျဟန်၏ သားတော် ဩရင်ဇက် လက်ထက်တွင် တည်ဆောက်ခဲ့သော ဗလီကြီးပေါ်မှ ကြက်သွန်ဥကြီးများပမာ ဖွေးဖွေးဖြူဖြူ ကျောက်ဖြူ ထိပ်ဖူးကြီး များသည် နေရောင်တွင် လက်နေကြလေသည်။ ထိုဗလီကြီးသည် ကမ္ဘာပေါ်တွင် ကြီးမားသည့် ဗလီကြီးများတွင် တစ်ခုအပါအဝင် ဖြစ်သည်။ အဆောက်အအုံကြီး ကို အခြားသော မဂိုအဆောက်အအုံများနည်းတူ သဲကျောက်များဖြင့် တည်ဆောက် ထားပြီး နံရံနှင့် မျက်နှာကျက်များတွင် ကျောက်ဖြူပြားများ၌ ပန်းဆိုင်၊ ပန်းကွက် များ ဖော်ပြထားလေသည်။ ဗလီကြီး၏ မျက်နှာစာတွင် ထောင်သောင်း မက များပြားလှသည့် လူအများ တစုတဝေးတည်း စုပေါင်းဘုရားဝတ်ပြု နိုင်သည့် ကျယ်ဝန်းလှသော ကျောက်ပြားခင်း ကွက်လပ်ကြီး ရှိလေသည်။ ဗလီဝိုင်းကြီးကို

http://www.cherrythitsar.org

အုတ်ရိုးတို့ဖြင့် လေးဘက်လေးတန်ကာရံထားသည့် ထောင့်လေးဘက်တွင် သွယ်လျ မြင့်မားသော မျှော်စင်ကြီးများသည် ပြေးလွှားနေသည့် တိမ်တိုက်များကို ထိုးဖောက်နေသကဲ့သို့ ထင်ရလေသည်။

ဘုရားဝတ်ပြုရာ အဝိုင်းအဝန်း၏ တစ်ဖက် စိမ်းလန်းသည့် မြက်ခင်းပြင်ကို ဖြတ်ကျော်လိုက်လျှင် ကျောက်ဖြူပြားများဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံငယ်တစ်ခုကို တွေ့ရသည်။ ထိုအဆောက်အအုံ အတွင်းဝယ် ပါကစ္စတန်နိုင်ငံ၏ နာမည်ကျော် ဒဿန ကဗျာဆရာကြီး ဒေါက်တာမိုဟာမက် အက်ကဘာယ်၏ ရုပ်အလောင်းကို မြှုပ်နှံထားလေသည်။

ဒေါက်တာ အက်ကဘာယ်သည် အိန္ဒိယရှိ မွတ်စလင်တို့အတွက် သီးခြားနိုင်ငံတစ်ခု တည်ထောင်ရေးကို ကြိုးပမ်းခဲ့သူ ပုဂ္ဂိုလ်ကြီးတစ်ဦးအဖြစ် ထင်ရှားသည်။ သူသည် ကဗျာစာဆိုကြီးသာ မဟုတ်။ နိုင်ငံရေးအားဖြင့်လည်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူဖြစ်သည်။ ပါကစ္စတန်နိုင်ငံ ထူထောင်ရေးကို ဒေါက်တာ အက်ကဘာယ်က စာပေဖြင့် လှုံ့ဆော်မှုကို မွတ်စလင်ခေါင်းဆောင်ကြီး မိုဟာမက် ဂျင်နားက အကောင်အထည်ဖော်ခဲ့သည်ဟု ဆိုကြသည်။ မောင်ပြုံးချိုသည် အဆောက်အအုံငယ်အတွင်းသို့ ဝင်ကာ ကဗျာဆရာကြီးအား အလေးပြုခဲ့လေသည်။

ထိုမှတစ်ဆင့် မောင်ပြုံးချိုတို့သည် 'အင်နာကာလီ'ဈေးကြီးဘက်သို့ လာခဲ့ကြလေသည်။ လမ်းမ လမ်းသွယ်ပေါ်ရှိ ဈေးရုံဈေးဆိုင်များတွင် ကုန်မျိုးစုံတို့ကို ရောင်းဝယ်ဖောက်ကားလျက် ရှိကြသည်။ လမ်းဘေးတွင် လူအများ သွားလာ လှုပ်ရှားနေကြသည်။ လမ်းပေါ်တွင် မော်တော်ယာဉ် ပေါင်းစုံတို့ဖြင့် ရှုပ်ယှက်ခတ်နေလေသည်။

ရောင်ရတိမ်းရ သွားရလာရသည်ပင် မလွယ်ကူလှ။ အလှကုန်၊ အဝတ်အထည်မျိုးစုံ၊ ဆေးများ၊ သားရေသေတ္တာ၊ သံသေတ္တာ၊ လက်ဆွဲအိတ် အစရှိသည့် သားရေပစ္စည်းများ၊ ရိုးရာအသုံးအဆောင်များ၊ ရွှေငွေရတနာဆိုင်များ စုံနေတော့သည်။

မြန်မာဘာသာဖြင့် 'သလဲပန်း'ဟု ခေါ်ဆိုရမည်ဖြစ်သော အင်နာကာလီသည် မဂိုဧကရာဇ် အက္ကဘာ၏ နန်းတွင်းကချေသည် အလှဧကရီမကလေးဖြစ်သည်။ နောင်အခါ ဂျီဟန်ဂါးဟူသောအမည်ဖြင့် ထီးနန်းဆက်ခံမည့် သား

တော် မင်းသား စလင်းနှင့် ထိုကချေသည်တို့ ချစ်ကျွမ်းဝင်ခဲ့ကြသည်။ ထို အကြောင်းကို ဘုရင်ကြီးသိသောအခါ ကချေသည်မလေး အင်နာကာလီကို အရှင်လတ်လတ် အုတ်ဂူအတွင်းပိတ်၍ အဆုံးအစီရင်ခဲ့သည်ဟု အဆိုရှိလေသည်။ ဂျီဟာန်ဂါး နန်းတက်သောအခါ သူ့ချစ်သူ ကချေသည်မလေးအတွက် အမှတ်တရ ခမ်းနားထည်ဝါသည့် အထိမ်းအမှတ် အဆောက်အုံတစ်ခု တည်ဆောက်ခဲ့သည်။ ထိုနေရာသည် ဈေးနေရာနှင့် မလှမ်းမကမ်း လာဟိုမြို့ ပြတိုက်နှင့်လည်း မဝေးလှ။ သို့ရာတွင် မူလအဆောက်အအုံကား မရှိတော့ပြီ။

တင်မကြီးတို့တစ်တွေ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ဝယ်ခြမ်းနေကြစဉ် မောင်ပြုံးချိုသည် ဆိုင်ရှေ့တစ်နေရာတွင် ရပ်လျက် လှုပ်ရှားနေသည့်လူတွေ ယာဉ်တွေ ကြည့်နေမိလေသည်။ သူသည် ငေးမောရင်း တွေးတောနေမိလေသည်။ ပဒေသရာဇ်၏ လူမှုရေးစနစ်မှ ကချေသည်မလေး အင်နာကာလီ၏ ရုပ်သွင်၊ သူ၏ဘဝကြမ္မာ၊ ထိုမှတစ်ဆင့် သူကြားဖူးသည့် တင်တင်မြ၏ သီးချင်းသံ 'ပုဂံမြို့ဟောင်းတစ်နေရာ'။ မောင်ပြုံးချိုသည် အင်နာကာလီ၏ရုပ်သွင်ကို စိတ်ကူးယဉ် ကြည့်မိသည်။ ဈေးထဲတွင် ဟိုဟိုသည်သည်ကြည့်၍ ရှုမိသည်။ ကချေသည်နှင့် တူသည်ကို ထားပါဦး။ အမျိုးသမီးဟူ၍ ရှာမှရှား။

ဈေးဝယ်ပြီးသောအခါ ပြတိုက်သို့ ရောက်ရှိလာကြသည်။ ထိုပြတိုက် သည် ပါကစ္စတန်နိုင်ငံ၏ ရှေးအကျဆုံးပြတိုက် ဖြစ်သည်။ ပြတိုက်ကို ၁၈၆၄– ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လက်ရှိနေရာသို့ ၁၈၉၀–ပြည့်နှစ်တွင် ပြောင်း ရွှေ့ခဲ့သည်။

ပြတိုက်အတွင်းဝယ် အခန်းခုနစ်ခန်း ခွဲခြား ပြသထားသည့်အနက် မောင်ပြုံးချိုတို့သည် ဂန္ဓာရအနုပညာလက်ရာများကို ပြသထားသည့်ကဏ္ဍကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုသည်။ ခေါမအနုပညာသြဇာ လွှမ်းမိုးနေသည့် ရုပ်တု၊ ရုပ်ထွင်း၊ ရုပ်ပုံများသည် မြန်မာဗုဒ္ဓဘာသာတို့အဖို့ အထူးပင် နှစ်သက် မြတ်နိုးစရာ ဖြစ်နေသည်။ ကျောက်၊ အင်္ဂတေနံပြားများပေါ်တွင် ရုပ်လုံးဖော်ထား သည့် ဗုဒ္ဓဖြစ်စဉ်များကို အစဉ်လိုက် တွေ့ရသည်။ အချို့ရုပ်လုံးများမှာ ကျိုးပဲ့ ပျက်စီးနေပြီ ဖြစ်သော်လည်း သရုပ်ဖော်ထားခြင်းများမှာ ထင်ရှားလျက်ပင် ရှိသေးသည်။ မယ်တော်မာယာ အိပ်မက်ခန်း၊ ဗုဒ္ဓလောင်းလျာကို ဖွားမြင်တော် မူခန်း၊ နိမိတ်ကြီးလေးပါး မြင်တော်မူပုံ၊ တောထွက်တော်မူပုံများ၊ ဓမ္မစကြာတရား ဟောကြားပုံ၊ ပရိနိဗ္ဗာန် စံတော်မူခန်းအထိ ဖြစ်သည်။ သို့ရာတွင် ထိုရုပ်ပုံများတွင်

ထူးခြားချက်ကား အလောင်းတော် သိဒ္ဓတ္ထမင်းသားအဖြစ်သာ ရုပ်ပုံနှင့် ပြသပြီး ဘုရားဖြစ်တော်မူသည့်နောက်ပိုင်းပုံများတွင်မူ ဗုဒ္ဓ၏ပုံတော်ကို ထုလုပ်ပုံဖော်ထားခြင်း မရှိပေ။ ဥပမာအားဖြင့် ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာ တရားဟောကြားတော်မူပုံတွင် ပလ္လင်ပေါ်၌ ဘုရားရှင်၏ပုံကို မတွေ့ရဘဲ စကြဝိုင်းပုံသင်္ကေတကိုသာ အမှတ်အသားအဖြစ် ပြသထားလေသည်။ ထိုခေတ်ထိုအခါက အတုမရှိ ဗုဒ္ဓရှင်တော်ဘုရား၏ပုံကို ရုပ်တုရုပ်ပုံတို့ဖြင့် ပြသခြင်းငှာ မထိုက်ဟု ယူဆထားကြခြင်းကြောင့် ဖြစ်ပေလိမ့်မည်။ ဂန္ဓာရအနုပညာ ထွန်းကားလာသည့်အခါမှသာ ဗုဒ္ဓရုပ်ပွားတော်များကို ထုလုပ်ကိုးကွယ်လာခဲ့ကြခြင်း ဖြစ်သည်ဟု အဆိုရှိပါသည်။

ထိုအခန်းကျယ်ကြီး၏ တစ်ဘက်စွန်း နံရံအနီးတွင် ရင်ခေါင်းလောက်မြင့်သော မှန်စီရွှေချ ပလ္လင်ထက်ဝယ် ဉာဏ်တော်နှစ်တောင်မျှရှိသော ကျောက်ဆင်းတု ဗုဒ္ဓရုပ်ပွားတော်သည် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသည်။ "မြန်မာနိုင်ငံက ဆင်းတုတော်ပါ"ဟု ပြတိုက်မှူးက ပြောသည်။ မောင်ပြုံးချိုတို့သည် မြင်လိုက်သည်နှင့် သိပြီးဖြစ်ပါသည်။ ကျောက်၊ အင်္ဂတေ၊ ကြေးသံ၊ သတ္တုရုပ်တု အစုစုသော ရှေးဟောင်းပစ္စည်းတို့ အလယ်တွင် မြန်မာ့လက်ရာ ဖွေးဖွေးဖြူစင်သော ဗုဒ္ဓဆင်းတုတော်သည် သပ္ပါယ်လှသည်။ မြန်မာလက်ရာ မှတ်စီရွှေချပလ္လင်နှင့် ဥကင်သည် ဖုန်တွေ တင်နေသည့်အထဲက ပြိုးပြိုးပြက်ပြက် ဝင်းလက်နေသည်။ ရုပ်ပွားတော်၏အပေါ်ဘက် ဥကင်ထက်တွင် ရွှေထီးနှစ်လက်ကို ကြက်ခြေခတ်မိုးထားလေသည်။ မောင်ပြုံးချိုတို့သည် ရှင်တော်မြတ်အား သဒ္ဓါကြည်ညိုစိတ်ဖြင့် လက်အုပ်ချီ၍ ကန်တော့လိုက်ကြသည်။

"ဘယ်တုန်းက ဘယ်လို လုပ်ပြီး ဒီရောက်နေတာလဲ"ဟု မောင်ပြုံးချိုက ပြတိုက်မှူးအား မေးလိုက်သည်။

"ကျွန်တော်လဲ သေသေချာချာတော့ မသိဘူး။ ဒီပြတိုက်ထဲ ရောက်နေတာတော့ ကြာလှပါပြီ။ ကျွန်တော် မမွေးခင်ကတည်းက ဖြစ်မှာပါ"ဟု ဖြေလေသည်။

"ကျွန်တော့်အထင်တော့ အင်္ဂလိပ်တွေ မြန်မာပြည်ကို သိမ်းပြီး အိန္ဒိယကို အမှတ်တရအနေနဲ့ သယ်ဆောင်လာတာနဲ့ တူတယ်"ဟု မောင်ပြုံးချိုက မှတ်ချက်ချလိုက်သည်။

တင်မကြီးသည် ဘုရားရှင် ရုပ်တုတော်ကို လက်အုပ်ချီရင်း တစ်ပြည် ရပ်ခြားသို့ ကာလကြာမြင့်စွာ လာရောက်ရှိနေရသည့်အဖြစ်ကို တွေးကာ စိတ် မကောင်း ဖြစ်နေသည်။ ပန်း၊ ရေချမ်း၊ ဆွမ်းကပ်လှူမည့်သူပင် မရှိပါတကားဟု ဝမ်းနည်းစကား ပြောဆိုနေသည်။

"နောက်တစ်ခေါက်လာရင် ဆွမ်းကပ်ရအောင်"ဟု သမီးများအား ပြောနေ သံသဲ့သဲ့ မောင်ပြုံးချို ကြားလိုက်ရသည်။

နံရံတွင်ကပ်လျက် သေတ္တာများတွင် မြန်မာပြည်မှ ယွန်းထည်ပစ္စည်း မျိုးစုံကို ပြသထားလေသည်။ မြန်မာနိုင်ငံ သမ္မတကြီး လက်ဆောင်ပါးလိုက်သည့် ယွန်းစားပွဲ၊ မှန်စီရွှေချဆွမ်းအုပ် စသည်များကိုလည်း တွေ့ရလေသည်။

အခန်းထောင့်တစ်နေရာတွင် ခုံမြင့်ပေါ်၌ တင်ပြထားသည့် ဗုဒ္ဓလောင်း လျာ ဒုက္ကရစရိယာ ကျင့်တော်မူနေသည့် ရုပ်တုကို တွေ့ရသည်။ ခန္ဓာကိုယ် တစ်ခုလုံး အရိုးပေါ်အရေတင် ပိန်ချုံးနေသည်။ အရိုးတော်တို့သည် အရေပြား အောက်မှ ငေါငေါထောင်ထွက်နေကြကုန်သည်။ နံရိုးတော်တို့သည် အပြိုင်းပြိုင်း ထနေလေသည်။ ဝမ်းဗိုက်သည် ကျောအထိ ချပ်ကပ်လျက်ရှိသည်ဟု ထင်ရသည်။ အလားတူ ရုပ်တုမျိုး တက္ကသီလပြတိုက်တွင်လည်း တွေ့မြင်ခဲ့ရသည်။ သို့ရာတွင် ဤလာဟိုပြတိုက်ရှိ ရုပ်တုသာလျှင် မူလတူးဖော်ရရှိသည့် ရုပ်တု ဖြစ်သည်ဟု ဆိုသည်။ ဘယ်ခေတ်၊ ဘယ်နေရာက တွေ့ရှိသည်ကိုကား မသိခဲ့ရ။

မောင်ပြုံးချိုတို့သည် ခေတ်ဟောင်း သမိုင်းလောကတွင် လှည့်လည် လေ့လာပြီးသောအခါ ခေတ်သစ်၏သမိုင်းမှတ်တိုင်တစ်ခုထံသို့ လာခဲ့ကြသည်။ ထိုအဆောက်အအုံကြီးသည် ပန်းဥယျာဉ်ကြီးတစ်ခု အလယ်တွင် မားမား မတ်မတ် တည်ရှိနေသည်။ ရုတ်တရက် အဝေးကမျှော်ကြည့်လိုက်သော် ဒုံးပျံ ပစ်စင်ကြီးနှင့် ခပ်ဆင်ဆင် တူသည်။ ဗလီကျောင်းကြီးများတွင် ရှိတတ်သည့် မျှော်စင်ကြီးဟုလည်း ထင်ရသည်။ အမှန်မှာ ထိုမျှော်စင် အဆောက်အအုံကြီးသည် 'ပါကစ္စတန်နေ့' အထိမ်းအမှတ် မျှော်စင်ကြီး ဖြစ်သည်။ ထိုနေရာတွင် ၁၉၄၀– ပြည့် မတ်လ ၂၃–ရက်နေ့၌ အိန္ဒိယရှိ မွတ်စလင်ပါတီသည် အိန္ဒိယမှ ခွဲထွက်၍ ပါကစ္စတန်နိုင်ငံဟူ၍ မွတ်စလင်တို့အတွက် သီးခြားနိုင်ငံတစ်ခု တည်ထောင်ရန် ဆုံးဖြတ်ချက် ချခဲ့ကြသည်။ ထိုနေ့သည် ပါကစ္စတန်သားတို့အတွက် သမိုင်းတွင် မည့် နေ့ထူးနေ့မြတ်ဖြစ်သည်။ ထိုနေရာသည် သူတို့အဖို့ အောင်မြေဖြစ်သည်။

အစည်းအဝေး ကျင်းပခဲ့ရာ ကွက်လပ်ကို ပန်းခြံကြီးအဖြစ် ပြောင်းလဲမွမ်းမံပြီးလျှင် အက်ကာဘယ်ပန်းခြံဟု အမည်ပေးထားသည်။ ဒေါက်တာ အက်ကာဘယ်သည် အိန္ဒိယရှိ မွတ်စလင်တို့အတွက် 'ပါကစ္စတန်'ဟူသော သီးခြားနိုင်ငံတစ်ခု တည်ဆောက်ရမည်ဟူသောအတွေးအခေါ်ကို စာပေဖြင့် လှုံ့ဆော်စည်းရုံးခဲ့သည် မဟုတ်ပါလား။ ထိုပန်းခြံကြီး၏ အလယ်တွင် 'ပါကစ္စတန်'အထိမ်းအမှတ်မျှော်စင်ကြီး မြင့်မားထည်ဝါစွာ တည်ရှိနေခြင်းမှာ သဘာဝကျလှပေသည်။

မောင်ပြုံးချိုတို့သည် မျှော်စင်ကြီးပေါ်သို့ ဓာတ်လှေကားဖြင့် တက်သွားကြသည်။ မျှော်စင်ကြီး၏အမြင့်သည် ၁၉၅–ပေ ရှိသည်။ သူသည် မျှော်စင်ပေါ်မှ လာဟိုမြို့ကြီးကို အမြင့်မှစီး၍ ကြည့်နေမိလေသည်။ မဂိုတို့ စိုးစံခဲ့ရာ မြို့တော်တွင် သူတို့ တည်ဆောက်ခဲ့သည့် အဆောက်အအုံကြီးတွေနှင့် ပြည့်နေလေသည်။ သူသည် ခေတ်သစ်သမိုင်းဦး အထိမ်းအမှတ် မျှော်စင်ကြီးပေါ်မှ ခေတ်ဟောင်းသမိုင်းကိုလည်း ဆင်ခြင်မိသည်။ သူ့ခေတ်နှင့်သူ ထင်ရှားခဲ့သော ခေါင်းဆောင်များ၊ သူတို့ထဲတွင် အများပြည်သူတို့အတွက် အကျိုးပြုခဲ့သူလည်း ရှိသည်။ အဆိုးပြုခဲ့သူတွေလည်း ပါသည်။ သည်မြို့တွင် သူတို့စည်းစိမ် ခံစားခဲ့ရာ အဆောက်အအုံများသာမက သူတို့၏ရုပ်အလောင်းများ မြှုပ်နှံထားရာ သင်္ချိုင်းဂူများပါ ရှိနေသဖြင့် တရားသံဝေဂလည်း ရရှိနိုင်သည်။

နယ်ချဲ့အင်္ဂလိပ်အုပ်စိုးစဉ် အဆောက်အအုံများလည်း အထင်အရှား တည်ရှိလျက် ရှိသေးသည်။ ဘုရင်ခံအိမ်တော်၊ တရားလွှတ်တော်ချုပ်ရုံး၊ စစ်တပ်နယ်မြေ၊ ထောင်၊ ပြတိုက်၊ ထိုရှေ့မှ အမြောက်ကြီး။

၁၉၄၇–ခု၊ ဩဂုတ်လ ၁၅–ရက်နေ့တွင် ပါကစ္စတန်ဟူ၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတစ်ခု ထွန်းပေါက်လာသည်။ ထိုနိုင်ငံ လူလုံးလှလှ မီးရှူးသန့်စင် ဖွားမြင်နိုင်ရေးအတွက် ဤမျှော်စင်တည်ရှိရာ ဌာနမှ ပဋိသန္ဓေ တည်နေခဲ့သည်ဟု ဆိုရပေမည်။ ဖွားမြင်သည့်အခါ လွယ်ကူလှသည်ကားမဟုတ်။ သွေးထွက် သံယိုတွေ အများကြီး ဖြစ်ခဲ့သည်။ လူပေါင်းများစွာ အသက်ဆုံးခဲ့ရသည်။ ဥစ္စာပစ္စည်းတွေ ပျက်ပြုန်းခဲ့ရသည်။ ယခုတော့ အရွယ်ရောက်လာပြီ။ အတွေ့အကြုံကား မနည်းလှ။ သူဖြတ်သန်းခဲ့ရသည့် ခရီးလမ်းသည် ကြမ်းသည်လည်း ရှိသည်။ နုသည်လည်း ရှိသည်။ အကွေ့အကောက် အချိုးအဆစ်တွေလည်း ရှိသည်။ အသက်သုံးဆယ်ဟူသည် သန်တုန်းမြန်တုန်း အားအင်အပြည့်နှင့် တက်တက်ကြွကြွ ရှိနေတုန်းအရွယ်။

http://www.cherrythitsar.org

မောင်ပြုံးချိုသည် မျှော်စင်ပေါ်မှ ဆင်းလာရင်း ပါကစ္စတန်၏ နောက်ကြောင်းသမိုင်းနှင့် ဆက်စပ်လျက် လက်ရှိအခြေအနေကို သူ့စိတ်ထဲတွင် သုံးသပ်လာမိလေသည်။

ထိုမှတစ်ဆင့် ရှေ့ဖြစ်စဉ်ကိုပါ မျှော်မှန်းတွေးတော ကြည့်လာမိလေသည်။ သမိုင်းတွင်ကား လာဟိုမြို့သည် မဂိုမင်းတို့ ရွှေထီးဆောင်းခဲ့သည့်မြို့ ဖြစ်သည်သာမက အချို့သော မင်းပဒေသရာဇ်တို့၏ မြေကြီးဆောင်ရာ မြို့အဖြစ် တည်ရှိနေပေလိမ့်မည်တည်း။

❁

# အပျိုးသမီးပိုင်း

(၁)

သံတမန် လောကဇတ်ခုံတွင် ဇနီးသည်များသည် မိမိခင်ပွန်းများ နည်းတူ ပါဝင်ကပြကြရလေသည်။ အခြားဝန်ထမ်းတို့သည် မိမိအလုပ်တွင် ဇနီးများကို ပါဝင်စွက်ဖက်ခြင်း မရှိအောင် တသီးတသန့် ထားရှိနိုင်သော်လည်း သံတမန်လုပ်ငန်းတွင်မူ ဇနီးသည်နှင့် လက်တွဲနေရပေလိမ့်မည်။ အိမ်သည် အစိုးရပိုင်းမှ ပုဂ္ဂိုလ်များ၊ အခြားနိုင်ငံမှ သံကြီးတမန်ကြီးများနှင့် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံရေးတွင် အမျိုးသမီးများမှာ အရေးကြီးသောအခန်းမှ ပါဝင်ကြရလေသည်။ မိတ်ဆွေသင်္ဂဟများကို မိမိကဧည့်ခံကျွေးမွေးခြင်း၊ မိတ်သင်္ဂဟများ၏ ဧည့်ခံပွဲ၊ မိတ်ဆက်ပွဲစသည်များသို့ သံတမန်တစ်ဦးအနေဖြင့် တက်ရောက်ရခြင်း စသည်များတွင် ဇနီးသည် မပါလျှင် မပြီး။

မောင်ပြုံးချို၏ဇနီး တင်မကြီးသည် ဆိုင်းမဆင့် ဗုံမဆင့် သံအမတ်ကြီးကတော် ဖြစ်လာသောအခါ နေမထိ ထိုင်မသာ ဖြစ်သွားလေသည်။ သူ့ဖခင်မှာ အစိုးရဝန်ထမ်းတစ်ဦး ဖြစ်ခဲ့သည်။ ဖခင်ပြောင်းရွှေ့ရာတွင် ငယ်စဉ်ကတည်းက နယ်တကာအနှံ့ လိုက်ပါခဲ့ရသည်။ အိမ်ထောင်ဖြစ်လာသောအခါတွင် ခင်ပွန်းနောက် တကောက်ကောက် လိုက်ရပြန်သည်။ ထို့ကြောင့် မြန်မာပြည် အတွင်းက ဝန်ထမ်းလောကအကြောင်း သိတန်သလောက် သိသည်။ မြို့ပိုင်ကတော်၊ နယ်ပိုင်ကတော်၊ ဝန်းထမ်းမှူးကတော်၊ အယ်ဒီတာကတော်၊ ခရိုင်ဝန် ကတော်၊ ဒုတိယအတွင်းဝန်ကတော်၊ တိုင်းမင်းကြီးကတော် စသည်ဖြင့် မောင်ပြုံးချိုရာထူးပြောင်းလျှင်ပြောင်းသလို ကတော်ရာထူးတွင် ပြောင်းရွှေ့လာခဲ့ရာ သူ့အသိုင်းအဝိုင်းတွင် သူ လူတွင်ကျယ် လုပ်နိုင်ခဲ့သည်။ ခေါင်းဆောင်မှု ပေးနိုင်သလောက်ပေးနိုင်ခဲ့သည်။ သို့သော် သံတမန်လောကနှင့်မူ မည်သို့မှ ဆက်စပ်မှုမရှိခဲ့။

http://www.cherrythitsar.org

ထို့ကြောင့် မည်သို့လှုပ်ရှား သွားလာရမည်နည်းဟု စမ်းတဝါးဝါး ဖြစ်နေလေသည်။ သည်အထဲ သွက်သွက်လက်လက် လှုပ်ရှားနိုင်သူ မဟုတ်၍လည်း တစ်မျိုး အစိုးရိမ်ပိုခဲ့ရလေသည်။

"သံအမတ်ကြီးကတော်ဆိုတာ တခြားကတော်တွေလို အေးအေး နေချင်ပေမယ့် နေလို့မရဘူး။ ရောက်တာနဲ့ တခြားသံအမတ်ကတော်တွေကို လိုက်တွေ့ရမယ်။ နှုတ်ဆက်ရမယ်။ ဧည့်ခံပွဲတွေတက်ရမယ်။ ကိုယ့်အလှည့်ကျတော့လဲ ဧည့်ခံရမယ်"

ဤသို့ ပြောသံဆိုသံများကို ကြားရသောအခါ တင်မကြီးသည် စိတ်ဆင်းရဲရလေသည်။

"သံအမတ်ကတော်တိုင်းကို သွားတွေ့ဖို့ မလိုပါဘူး။ သွားဖို့ခက်တဲ့ အကြောင်းပြပြီး မလွှဲသာတဲ့ လူလောက်သာ သွားတွေ့ပေါ့"ဟူ၍လည်းကောင်း။

"ဒါ အရေးမကြီးပါဘူး။ တချို့ သံအမတ်ကြီးတွေများ ဇနီးတောင် ပါမလာဘူး"ဟူ၍လည်းကောင်း၊

"ဒီလောက် သွားလာနိုင်ရင် ရပါတယ်။ တုတ်ထောက်ပြီးတော့ပဲ သွားပေါ့။ ကိုယ်က သူများထက်ထူးလို့ ပိုတောင်ထင်ပေါ်ဦးမယ်"ဟူ၍လည်းကောင်း ပြောဆိုအားပေးကြသောအခါ အားတက်ရပြန်လေသည်။

သည်စကားများကို ကြားရသောအခါ တင်မကြီးသည် သူ့တင်ပဆုံရိုးကို မကြာခဏ စမ်းမိလေသည်။

၁၉၇၂–ခုနှစ်တွင် မောင်ပြုံးချိုသည် ဧရာဝတီတိုင်း၊ ပုသိမ်မြို့မှ ရှမ်းပြည်နယ်၊ တောင်ကြီးသို့ ပြောင်းရွှေ့ရသည်။ တင်မကြီးရောက်၍ များမကြာမီ တောင်ကြီးမှ ရွှေညောင်သို့ အဆင်း အကွေ့ တစ်ခုတွင် မော်တော်ယာဉ်ပေါ်မှ လိမ့်ကျကာ ပေါင်းရိုးထိပ်ဖူး ကျိုးခဲ့လေသည်။ ရန်ကုန်ဆေးရုံကြီးတွင် ကျိုးသည့်အရိုးကို သံမဏိချောင်းဖြင့် ဆက်ခဲ့သည်။ မခိုင်။ ပြန်ပြုတ်သွားသည်။ ထို့နောက် မန္တလေးဆေးရုံကြီးမှ အရိုးကုဆရာဝန်ကြီး ဒေါက်တာဦးစံဘော်က မူလ အရိုးထိပ်ဖူးကို ဆင်စွယ်ဖြင့် ပြုလုပ်ထားသောအရိုးတုဖြင့် အစားထိုး ဆက်ပေးလိုက်လေသည်။ သူ့ကျေးဇူးကြောင့် တင်မကြီးသည် သွားနိုင်လာနိုင် ရှိပါ၏။ သို့သော် တုတ်မကူလျှင် လမ်းလျှောက်တိုင်း စောင်းကန်းစောင်းကန်း ဖြစ်နေလေသည်။

သည်လိုနှင့်ပင် တုတ်ကောက်ကြီးနှင့် သံအမတ်ကတော် တင်မကြီးသည် အစ္စလမ်မာဘတ်သို့ ခင်ပွန်းသည်နှင့်အတူ ရောက်ရှိလာခဲ့လေသည်။

ရောက်စက တုတ်ကောက်ဆောင်ပြီး၊ လူတောတိုးရမှာ မဝံ့မရဲ ဖြစ်ခဲ့လေသည်။ သို့သော် တစ်စတစ်စနှင့် ရဲတင်းလာလေသည်။ တွေ့ရသော သံအမတ်လောကမှ အမျိုးသမီးတွေကလည်း စာနာသောစိတ်ထားနှင့် ဆက်ဆံကြသည်။ သူလာသည်ဆိုလျှင် အမျိုးသမီးများက ဖေးကူတွဲခေါ်ကြသည်။ သည်လိုကျတော့လည်း သူက မကြိုက်။ သူ့ကို တကယ့်မစွမ်းမသန်တစ်ယောက်လို ဆက်ဆံသည်ကို မနှစ်သက်။ သူ့တုတ်ကို သူအားကိုး၍ ခပ်တည်တည် လျှောက်နိုင်သည် မဟုတ်လော။ အချို့က ထိုင်ရာမှထကာ နေရာပေးတတ်ကြသည်။ ထိုင်စရာမရှိသည့် နေရာများတွင်လည်း ကပျာကသီနှင့် ထိုင်စရာတစ်ခုခုကို ရှာပေးတတ်ကြသည်။ မိမိဘာသာထည့်ယူစားသောက်ရသည့် ဧည့်ခံပွဲမျိုးတွင်လည်း ကူညီဝိုင်းဝန်းထည့်ယူပေးမည့်သူ မရှား။ သည်လိုနှင့် တင်မကြီးသည် သံတမန်တို့၏ အမျိုးသမီးလောကတွင် ဝင်ဆံ့ပျော်ရွှင်လာလေသည်။

မောင်ပြုံးချိုကလည်း သူ့ဇနီး တုတ်ကိုင်နေရသည့်အကြောင်း ပြောရင်းဆင်စွယ်အရိုးတု ထည့်သွင်းထားရသည့်အကြောင်း အရိုးပါရဂူဒေါက်တာဦးစံဘော်နှင့်တကွ မြန်မာနိုင်ငံမှ ဆရာဝန်တို့၏စွမ်းအင်ကို စပ်မိတိုင်း အမွှမ်းတင်ပြောဆိုရသည်မှာ အမော။

သံတမန်လောကတွင် အမျိုးသားအမျိုးသမီး ရောနှောသည့် အစုအဝေးပွဲများ ရှိသလို သီးသန့်ပွဲများလည်း ရှိလေသည်။

အစ္စလမ်မာဘတ်၏အမျိုးသမီးချည်း သီးသန့်အစုအဝေးတစ်ခုမှာ ဇာထိုးပန်းထိုးအဖွဲ့ ဖြစ်လေသည်။ ထိုအဖွဲ့ကို ယခင် မြန်မာသံအမတ်ကြီးကတော်က ဦးဆောင်ခဲ့သည်။ ထိုအစဉ်အလာအရ တင်မကြီးသည် ပါဝင်ဆောင်ရွက်ရပြန်သည်။ အတွင်းရေးမှူးကလည်း မြန်မာသံရုံး ဒုတိယအတွင်းဝန်ကတော်ဖြစ်နေ၍ အဆင်ပြေသည်။

အမျိုးသမီးများသည် တစ်လတစ်ကြိမ် အဖွဲ့ဝင် အမျိုးသမီးတို့ အိမ်များတွင် အလှည့်ကျ တွေ့ဆုံကြသည်။ အမျိုးသမီးတိုင်းပင် ဇာထိုးပန်းထိုး ကိရိယာတန်ဆာပလာများကို ယူဆောင်လာကြသည်။ သူတို့လည်း နီးစပ်ရာ ဝိုင်းထိုင်ကာ

ထွေရာလေးပါး စကားပြောရင်း ဇာထိုးသူထိုး၊ ပန်းထိုးသူထိုး၊ သိုးမွေးခြုံစောင် ထိုးသူထိုး၊ အင်္ကျီထိုးသူထိုး၊ ပန်းကွက်ဖော်သူဖော်နှင့် ပျော်စရာ ကောင်းလှသည်။

အဖွဲ့ထဲတွင် သံအမတ်ကြီးကတော်များ၊ အတွင်းဝန်ကတော်များ၊ စစ်သံမှူး ကတော်များသာမက ပါကစ္စတန်အစိုးရဌာန အသီးသီးမှ အရာရှိကြီးငယ် များ၏ ဇနီးများလည်း ပါဝင်လေသည်။ အချို့လည်း ဇာထိုးပန်းထိုး အလုပ်ကို စိတ်ပါ ဝင်စားလှ၍ မဟုတ်။ ပေါင်းသင်းဆက်ဆံရေးအတွက် လာရောက်ကြခြင်း ဖြစ် လေသည်။ ရောက်လာကြလျှင် သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ ထိုင် ကာ၊ ပါးစပ်တလှုပ်လှုပ် စကားပြောရင်း လက်တလှုပ်လှုပ် ဇာထိုးပန်းထိုး လုပ်ကြ သည်။ အချို့လည်း လက်မလှုပ်ဘဲ ပါးစပ်သာ လှုပ်နေကြလေသည်။ တစ်နာရီခွဲ နှစ်နာရီခန့် ထိုင်မိသော် အိမ်ရှင်တည်ခင်း ကျွေးမွေးသော စားဖွယ် သောက်ဖွယ်များ ကို သုံးဆောင်ကြလေသည်။ ပြီးလျှင် လူစုကွဲလေတော့သည်။

ထိုအမျိုးသမီးစုမှ သတင်းထူး သတင်းဆန်းများရှိလျှင် ခင်ပွန်းသည် များအား ပြန်လည် ဖောက်သည်ချကြမည် ဖြစ်ပေသည်။ ဘာသတင်းမှ ပါမလာ သည့်တိုင်အောင် ကျွေးမွေးဧည့်ခံလိုက်သည့် ခဲဖွယ်ဘောဇဉ်များ အကြောင်းကို တော့ ပြောမိမည်မှာ မလွဲ။

(၂)

သံတမန်လောကတွင် လူမျိုးစုံသလို ဘာသာအယူဝါဒမျိုးစုံတို့ တွေ့ရသည်။ မွတ်စလင်အမျိုးမျိုး၊ ခရစ်ယာန်အဖုံဖုံ၊ ဟိန္ဒူနှင့်ဘယ်ဘာသာမှ မကိုးကွယ်ဟု ဆိုသူများလည်း ရှိသည်။ ဗုဒ္ဓဘာသာနိုင်ငံ သံရုံးများဟူ၍ကား မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံသာ ရှိလေသည်။ ဘာသာရေးမှာ ကိုယ့်ယုံကြည်မှုနှင့် ကိုယ် မှန်သည် ဟု ယူဆပြီး ကိုးကွယ်ဆည်းကပ်နေကြသည့်အလျောက် ဝေဖန် ပြောဆိုခြင်း မပြုမိအောင် ဂရုစိုက်ကြရလေသည်။ အထူးသဖြင့် သံတမန်လောက တွင် ပို၍ သတိပြုကြရပေသည်။ ဘာသာရေးနှင့်ပတ်သက်ပြီး အငြင်းအခုံ လုပ်နေ၍ မဖြစ်။ တစ်ခါတစ်ရံ စကားဝိုင်းတွင် ပြောရင်းဆိုရင်း မထိမခိုက် ပြေဆိုသံကို ကြား ရစေဦး၊ မကြားဟန်ဆောင် နေရပေမည်။ ဘာသာရေးကိစ္စ အငြင်းပွားနေလျှင် ဆုံးနိုင်သည် ရှိမည်မဟုတ်။ ထို့ကြောင့် ဘာသာရေးနှင့် ပတ်သက်၍ စကားစလာ လျှင် တခြားစကားသို့ ခပ်မြန်မြန် ပြောင်းပစ်ရသည်။ စကားကို ခပ်တိုတို ဖြတ်ပစ်

ရသည်။ ဘာသာရေးကို တကယ်သိလို၍ မေးသူများ ရှိသလို ငြင်းလိုခုံလို၍ စကားစသူများလည်း ရှိတတ်လေသည်။

ဗုဒ္ဓဘာသာနိုင်ငံမှ သံအမတ်ကြီးဖြစ်သည့်အလျောက် မောင်ပြုံးချိုအား မကြာခဏပင် ဗုဒ္ဓဘာသာအကြောင်း လာရောက်ဟောပြောရန် ဖိတ်မန္တက ပြုသည်များလည်း ရှိတတ်လေသည်။ သူသည် ဗုဒ္ဓဘာသာ၏ သမိုင်းကြောင်း ဖြစ်စဉ်များကို ဟောပြောနိုင်မည် ဖြစ်သော်လည်း ဗုဒ္ဓ၏ နက်နဲသိမ်မွေ့သည့် တရားတော်များကို အင်္ဂလိပ်ဘာသာဖြင့် ဟောပြောဖို့ကို ထားဘိဦး၊ မြန်မာ ဘာသာဖြင့်ပင် လိပ်ပတ်လည်အောင် ဟောတတ်ပြောတတ်မည် မဟုတ်ပေ။ သည်အထဲ ကတ်သီးကတ်သတ် မေးခွန်းတွေနှင့် ဝိုင်းပေါက်လျှင် မဖြေတတ်ဘဲ ဒုက္ခရောက်ဖို့သာ များလေသည်။

သို့ရာတွင် အချင်းချင်း ရင်းရင်းနှီးနှီး ဆွေးနွေးကြလျှင်ကား တတ် သလောက် မှတ်သလောက် ပြောရဆိုရပေမည်။ ဗုဒ္ဓဘာသာဟု မိမိကိုယ်ကို ကြွေးကြော်ထားပြီး အခြေခံလောက်မျှ မပြောတတ်လျှင် မဖြစ်သေး။

ဘာသာရေးကို အမျိုးသမီးများက အမျိုးသားများထက် စိတ်ဝင်စားတတ် သည်ဟူသော အဆိုအမိန့်တစ်ခုကို ကြားဖူးပါသည်။ ထိုအဆိုအမိန့်သည် မှန် ကောင်း မှန်ရာသည်။ အစ္စလမ်မာဘတ်မြို့ရှိ သံအမတ်ကြီးများတွင် အမျိုးသမီး သံအမတ်ကြီးဟူ၍ သီရိလင်္ကာနိုင်ငံမှ သံအမတ်ကြီးတစ်ဦးသာ ရှိသည်။ အသား ညိုညို ထောင်ထောင်မောင်းမောင်း ဥပမိရုပ်ကောင်းသူ ဖြစ်သည်။ အသွေးအရောင် ရှိသောဆာရီကို ဝတ်ရုံထားတတ်သဖြင့် ပွဲလယ်တွင် ထင်ပေါ် တင့်တယ်နေတတ် သည်။ သူသည် မောင်ပြုံးချိုတို့နောက်မှ ရောက်လာ၍ မကြာမြင့်မီ တင်မကြီးနှင့် ဘာသာရေးအကြောင်းကို ဆွေးနွေးကြရာက ရင်းနှီးသွားကြလေသည်။

သူသည် ငယ်ရွယ်နုနယ်စဉ်ကပင် ခင်ပွန်းဖြစ်သူ အနိစ္စ ရောက်သွား ခဲ့သဖြင့် သားသမီးသုံးယောက်ကို မုဆိုးမဘဝဖြင့် လူလားမြောက်အောင် ပြုစု ပျိုးထောင်လာခဲ့ရသူ ဖြစ်သည်။ လူမှုဝန်ထမ်းလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်လာခဲ့သူဖြစ်သည်။ ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ မစ္စက်ဘန်ဒရာ နိုက်ကေးနှင့် လုပ်ဖော်ကိုင်ဖက် ဖြစ်ခဲ့သည်။ သူသည် အသက်အရွယ်အားဖြင့် ငါးဆယ်ကျော်မျှသာ ရှိသေးသည်။

သူသည် မူလက ဗရင်ဂျီဘာသာဝင် ဖြစ်သည်။ ယခုတော့ မည်သည့်ဘာသာဟူ၍ မပြောနိုင်တော့ပါဟုဆိုသည်။ ဘာသာပေါင်းစုံကို လေ့လာလိုက်စားပြီး ကောင်းမြတ်သည့် တရားဓမ္မအားလုံးကို လိုက်နာကျင့်ဆောင်နေပါသည်ဟုဆိုလေသည်။ ဗုဒ္ဓဘာသာနှင့်ပတ်သက်၍မူ သူ၏ ယုံကြည်မှုသည် မဟာယနဂိုဏ်းဆန်နေလေသည်။ သူ့အိမ်ဦးခန်းတွင်ကား ခရစ်တော်၏ပုံလည်း ရှိသည်။ ဗုဒ္ဓ၏ရုပ်ပွားတော်လည်း ရှိသည်။ ဟိန္ဒူဆရာဒူးကြီးများပုံလည်း ရှိသည်။ ကိုရမ်ကျမ်းစာအုပ်ကိုလည်း ထားရှိသည်။ သူ့ကိုယ်သူ အကြားအမြင်ရသည့် သဘောကိုလည်း ပြောတတ်သည်။ သူသည် ယခုဘဝမှ ကွယ်လွန်သည်ရှိသော် မြန်မာနိုင်ငံဧရာဝတီမြစ်ကမ်းရှိ မြို့ရွာတစ်ခုတွင် လူလာဖြစ်မည်၊ ထိုဘဝသည် သူ၏ အဆုံးစွန်သော ဘဝဖြစ်ပြီး နောက်ထပ်တစ်ဖန် သံသရာမလည်တော့ဘဲ ချုပ်ငြိမ်းသွားလိမ့်မည်ဟု သူ့ကိုယ်သူ ဟောကိန်းထုတ်လေသည်။

သူသည် အာနာပါန ရှုမှတ်မှုကို အားထုတ်သူဖြစ်သည်။ သံတမန် လောကတွင် ဘာသာအယူဝါဒချင်းမတူသော်လည်း သူကဲ့သို့ပင် အာနာပါနကို သမထသဘော အားထုတ်နေသူများရှိရာ တစ်နှယ်ငင် တစ်စင်ပါဆိုသလို ပေါင်းဆက်သွားမိကြလေသည်။ သူတို့၏ ရှုမှတ်ပွားများမှုသည် စိတ်တည်ငြိမ်မှု ရရှိအောင်အားထုတ်နေမှုလောက်မှ ကျော်လွန်သွားပြီး၊ ဝိပဿနာအဆင့်သို့ကား မရောက်ရှိကြချေ။ စိတ်ပျံ့လွင့်ခြင်းကို ကြိုးစားအားထုတ်နိုင်သည်နှင့်အမျှ စိတ္တသုခ အေးချမ်းသာယာမှုကို ရရှိကြလေသည်။ ဤအဆင့်တွင် သူတို့သည် နစ်မျောကာ သာယာနေကြလေသည်။

သူတို့အဖွဲ့တွင် မြန်မာနိုင်ငံ၌ နေထိုင်သွားဖူးသည့် အနောက်ဂျာမနီမှ ယဉ်ကျေးမှုဆိုင်ရာ သံမှူးဇနီးမောင်နှံတို့ပါဝင်သည်။ သူတို့နှစ်ဦးသည် မြန်မာနိုင်ငံတွင်ရှိစဉ်က ရိပ်သာတိုင်းလိုလို ရောက်ရှိပြီး၊ တရားအားထုတ်ဖူးသည်ဟုဆိုလေသည်။ အခြားတစ်ဦးမှာ ဂါနာနိုင်ငံမှ သံအမတ်ကြီး ဖြစ်သည်။ သူသည် လူမည်းတစ်ဦးဖြစ်သည်။ ငယ်ရွယ်စဉ်က ပျော်ပျော်ပါးပါး နေထိုင်ခဲ့သူ ဖြစ်သည်။ လွန်ခဲ့သောဆယ်နှစ်ကျော်လောက်က အိန္ဒိယတွင် တာဝန် ထမ်းဆောင်စဉ် အကျင့်ပြင်းထန်သော ဟိန္ဒူယောဂီကြီးတစ်ဦးနှင့် တွေ့ပြီး အကျွတ်တရား ရခဲ့သည်ဟုဆိုသည်။

သူ၏အယူဝါဒမှာ ဟိန္ဒူဘာသာဘက်သို့ ယိမ်းနေလေသည်။ သက်သတ်လွတ်စားနေသူ ဖြစ်သည်။ တစ်ခါတစ်ရံ'မီးလွတ်'များဖြင့်သာ ရောင့်ရဲနေ

သည်ဟု သိရလေသည်။ သူတို့အဖွဲ့ထဲတွင် ပါဝင်နေသည့် အမျိုးသမီးတစ်ဦးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံရုံးမှ အတွင်းဝန်ကတော်တစ်ဦး ဖြစ်လေသည်။ သူသည် ပန်းနာရင်ကျပ်ရောဂါ စွဲကပ်ခဲ့ရာ အာနာပါန ရှုမှတ်မှုကို မှန်မှန်လုပ်ခဲ့ သဖြင့် ရောဂါပျောက်ကင်းသည်ဟု ဆိုလေသည်။ ရာဝါပင်ဒီမြို့မှ အဘွားကြီး တစ်ဦးလည်း မကြာခဏ လာရောက်တတ်သည်ကို တွေ့ရသေးသည်။ သူသည် ဖာရစီ အမျိုးသမီးတစ်ဦးဖြစ်၍ မီးကိုကိုးကွယ်သည့် ဘာသာအယူဝါဒရှိသူ ဖြစ်သည်။ သူတို့မိသားစုသည် ဗုဒ္ဓဘာသာ၏ တရားဓမ္မကို ကောင်းစွာသိရှိ နားလည်ကြသူများ မဟုတ်သော်လည်း လေ့လာလိုက်စားလိုစိတ် ထက်သန်နေကြသူများ ဖြစ်ကြသည်။ တစ်ခါက သူတို့အိမ်တွင် ညနေစာ ဖိတ်ကျွေးပြီး သူတို့သိလိုသော တရားဓမ္မများကို မေးကြမြန်းကြသည်။ မောင်ပြုံးချိုတို့က တတ်သမျှမှတ်သမျှကို ကြိုးစားဖြေကြားကြသည်။ ဗုဒ္ဓ၏ဘဝဖြစ်စဉ်များကို ပြောပြသောအခါ မိသားတစ်စုလုံး စိတ်ပါဝင်စားစွာ နားထောင်ကြလေသည်။ ပန်းချီဝါသနာပါသော သမီးပျိုကမူ ယင်းလိပ်ပေါ်တွင် သူကိုယ်တိုင် ရေးဆွဲထားသည့် ဗုဒ္ဓ၏ပုံတော်ကို အမြတ်တနိုး ထုတ်ပြလေသည်။

သူတို့အဖွဲ့သည် တစ်ပတ်လျှင်တစ်ကြိမ် သောကြာနေ့တိုင်း တစ်အိမ်စီ လှည့်၍ တရားထိုင်ကြသည်။ ညနေ ငါးနာရီခန့်တွင် အလှည့်ကျအိမ်သို့ ရောက်ရှိလာကြပြီး နောက်နာရီဝက်ခန့် အာလာပသလ္လာပ စကားပြောကြပြီး၊ တစ်နာရီ တရားထိုင်ကြလေသည်။

သောကြာတစ်နေ့ ညနေစောင်းတွင် သီရိလင်္ကာအမျိုးသမီး သံအမတ်ကြီးနှင့် ဂါနာသံအမတ်ကြီးတို့ မောင်ပြုံးချိုတို့အိမ်သို့ ရောက်ရှိလာလေသည်။ တင်မကြီးအား တရားထိုင်သွားကြရန် လာရောက် ခေါ်ဆောင်ခြင်း ဖြစ်သည်။

အဆင့်သင့် စောင့်နေသော တင်မကြီးသည် သူတို့၏ မော်တော်ယာဉ်ပေါ်သို့ တက်ရောက်လိုက်သည်။

"ကျွန်မတို့နဲ့ တစ်ခါလောက် တရားလိုက်ထိုင်စမ်းကြည့်ပါလား။ ဘယ်လောက် စိတ်ချမ်းသာတယ်ဆိုတာ သိပါလိမ့်မယ်"

အမျိုးသမီးသံအမတ်ကြီးက ပြောဆိုဖိတ်ကြားလေသည်။

"ဟုတ်သားပဲ၊ လိုက်ခဲ့စမ်းပါ။ တစ်ခါထိုင်မိရင် ခင်ဗျား နောက်မထိုင်ဘဲကို နေနိုင်တော့မှာ မဟုတ်ဘူး"ဂါနာသံအမတ်ကြီးကလည်း ဆွယ်တရား ဟောနေပြန်သည်။

"သည်တရားက ကိုယ်လုပ်မှ ကိုယ်ရတယ်ဆိုတာတော့ ကျွန်တော် သိပါတယ်။ ခုအတောအတွင်း ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ဇနီးကိုပဲ ကျွန်တော့်ကိုယ်စား ဆောင်ရွက်ဖို့ တာဝန်ပေးထားတယ်"ဟု မောင်ပြုံးချိုက အိမ်ပေါက်တွင် ရပ်လျက် ရယ်မောပြောလိုက်လေသည်။

"ဒီအလုပ်က သံအမတ်ကြီးခန့်သလို ဘယ်သူ့ကိုမှ အထူးအာဏာကုန်လွှဲလို့ မရဘူးနော်"ဟု ထွက်စပြုနေသော မော်တော်ယာဉ်ပေါ်မှ ဂါနာသံအမတ်ကြီး လှမ်းအော်ပြောသွားလေသည်။

❖

# အမွေးအတောင်တူငှက်များ

(၁)

သံတမန်လောကတွင် အုပ်စုတွေကလည်း အများသား။

"အမွေးအတောင်တူသောငှက်များ စုပေါင်းနေတတ်ကြသည်"ဟူသော သိုးဆောင်းတို့ စကားပုံအရ နိုင်ငံရေးအားဖြင့်လည်းကောင်း၊ ဘာသာရေးအား ဖြင့်လည်းကောင်း၊ စီးပွားရေးအားဖြင့်လည်းကောင်း တူညီသည့် သံတမန်များ သည် အုပ်စုဖွဲ့ နေတတ်ကြလေသည်။ အနောက်ဥရောပအုပ်စု၊ အရှေ့ဥရောပ အုပ်စု၊ အာရပ်အုပ်စု စသည်ဖြင့် ဒေသအလိုက် အုပ်စုဖွဲ့ကာ ပေါင်းသင်းဆက်ဆံ နေကြသလို အရင်းရှင်အုပ်စု၊ ဆိုရှယ်လစ်အုပ်စု၊ ကြားနေအုပ်စုစသည်တို့လည်း ရှိလေသည်။ ဗြိတိသျှဓနသဟာယအုပ်စု၊ ဥရောပဘုံဈေးအုပ်စု စသည်ဖြင့်လည်း အုပ်စုတွေ အမျိုးမျိုး၊ သာမန်အားဖြင့် အုပ်စုဝင်တို့သည် တစ်ဦးနှင့်တစ်ဦး အပေးအယူရှိကြသည်။ တိုင်ပင်စရာရှိလျှင် တစ်နေရာရာတွင် စုဝေးကာ တိုင်ပင် နှီးနှောတတ်ကြသည်။ အချင်းချင်း သတင်းဖလှယ်တတ်ကြသည်။ သို့ရာတွင် အချို့သော အုပ်စုဝင်တို့သည် ထင်သလောက် ရင်းရင်းနှီးနှီးမရှိကြ။ အုပ်စုမည်ကာ မတ္တသာ ဖြစ်သည်။ အယူအဆ အတွေးအခေါ်များပင် မတူကြချေ။ ထို့ပြင် ပိုကာ၊ ဘရစ်၊ မာကျောင်း စသော ကစားဝိုင်းအုပ်စုများလည်း ရှိသေးသည်။

ဤသို့ နိုင်ငံရေး၊ စီးပွားရေး ဒေသ စသည်တို့ကို အခြေပြု၍ ဖွဲ့စည်းထား သည့်အုပ်စုအပြင် အစ္စလမ်မာဘာတ် သံတမန်လောက၌ ထူးခြားသည့် အုပ်စုတစ်စု လည်း ရှိသေးသည်။ ထိုအုပ်စုကို အင်္ဂလိပ်ဘာသာဖြင့် 'ဝါးဂရု' (War Group)ဟု ခေါ်ကြသည်။ မြန်မာဘာသာ တိုက်ရိုက်ပြန်ဆိုသော် 'စစ်အုပ်စု'ဟု ခေါ်ရပေမည်။ စစ်အုပ်စုဟူသောအမည်သည် ကြောက်မက်ဖွယ်ရာ အနက်ကို ဆောင်လျက် ပါရှိသည်။ စစ်လိုလားသူတွေ ဖွဲ့စည်းထားသည့် အုပ်စုလိုလို ထင်ရသည်။ အမှန်အားဖြင့် ဤသို့ မဟုတ်ပါ။

http://www.cherrythitsar.org

၁၉၇၁–ခုတွင် အိန္ဒိယနှင့် ပါကစ္စတန် စစ်ဖြစ်ပွားစဉ်က အချို့သော သံအမတ်ကြီးများနှင့် သံအဖွဲ့ဝင်များသည် မိမိတို့ နိုင်ငံသို့ ပြန်ကြကုန်သည်။ သို့ရာတွင် အချို့သောသံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက မပြန်ကြ။ အမျိုးသမီးများနှင့် ကလေးသူငယ်များကိုသာ ပြန်ပို့ထားလိုက်ကြလေသည်။ ထိုစဉ်က မပြန်ဘဲ ကျန်ရှိနေသည့် သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများသည် တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးစွာ ဆက်ဆံတတ်ကြသည်။ တစ်ဦးအတွက် လိုအပ်သော အကူအညီကို တစ်ဦးကပေးသည်။ အရေးကြီးသည့်သတင်းများကို ဖလှယ်ကြသည်။ စစ်အခြေအနေကို ဝေဖန်သုံးသပ်ကြသည်။

အိန္ဒိယနှင့် ပါကစ္စတန် စစ်ပြီးဆုံးသွားသောအခါ ထိုစစ်အုပ်စုဝင်တို့သည် ရင်းနှီးခင်မင်မှုကို မပျက်စေဘဲ ဆက်လက်ထားရှိကြသည်။ စစ်နှင့် ပတ်သက်သော ပြဿနာများကို ဆွေးနွေးဝေဖန် သုံးသပ်ရန်ကား မရှိတော့ချေ။ သို့ရာတွင် စစ်တွင်းကာလက ရင်းနှီးခဲ့ကြမှုကို ထာဝစဉ် သတိရစိမ့်သောငှာ အဖွဲ့ဝင်ထဲမှ တစ်စုံတစ်ယောက် တာဝန်ပြီးဆုံး၍ အစ္စလမ်မာဘတ်မှ ထွက်ခွာတော့မည်ဆိုလျှင် နှုတ်ဆက်ပွဲကျင်းပတတ်ကြသည်။ ဤနှုတ်ဆက်ဧည့်ခံပွဲသည် အစ္စလမ်မာဘတ် သံတမန်လောကတွင် တစ်မူထူးခြားနေသည်။

စစ်အုပ်စုဝင် သံတမန် တစ်ဦးတစ်ယောက် အစ္စလမ်မာဘတ်မြို့မှ ထွက်ခွာသွားတော့မည်ဆိုလျှင် အလှည့်ကျသူ အဖွဲ့ဝင်များထံသို့ ဧည့်ခံပွဲ ကျင်းပမည့်နေရာနှင့် အချိန်ကို ဖော်ပြပြီး ဖိတ်မန္တက ပြုလိုက်သည်။ ချိန်းဆို လိုက်သည့်အချိန်တွင် အဖွဲ့ဝင်တို့သည် မိမိတို့နှစ်သက်ရာ ဟင်းတစ်ခွက်စီကို ချက်တန်ချက်၊ ကြော်တန်ကြော်၊ ပြုတ်တန်ပြုတ်ပြီး ယူဆောင်လာကြသည်။ အလှည့်ကျ ဧည့်ခံရမည့် အိမ်ရှင်က အဖျော်ယမကာနှင့် အဓိကစားဖွယ်ကို စီမံထားရလေသည်။ အဖွဲ့ဝင်တို့ ယူဆောင်လာသည့် ဟင်းခွက်များကို စားပွဲများကို စားပွဲကြီးပေါ်တွင် သံရုံးအမည် သို့မဟုတ် ကာယကံရှင်အမည်ကို ကမ္ပည်းထိုးလျက် စီရရီချထားလေသည်။ အဖွဲ့ဝင်တို့သည် အိမ်ရှင်တည်ခင်းသည့် အဖျော်ယမကာကို သောက်သုံးကြပြီးနောက် စားပွဲပေါ်မှ ခဲဖွယ်ဘောဇဉ်များကို မိမိပန်းကန်ထဲသို့ နှစ်သက်ရာထည့်ယူကာ ဝိုင်းဖွဲ့သုံးဆောင်ကြလေသည်။ ပြီးလျှင် နှုတ်ဆက်ဂုဏ်ပြုစကားများ ပြောဆိုကြကာ ညနေစာ စားပွဲကို ရုပ်သိမ်းကြလေသည်။ နှစ်ကာလ ကြာမြင့်လာသောအခါ မူလအဖွဲ့ဝင်များ တစ်ဦးပြီးတစ်ဦး ပြောင်းရွှေ့သွားကြကုန်သည်။ သို့ရာတွင် သူတို့နေရာသို့ အသစ်ရောက်ရှိလာကြသူများကလည်း အစဉ်အလာကို

http://www.cherrythitsar.org

ဆက်လက်ထိန်းသိမ်းကြသည်။ အဖွဲ့ဝင်ထဲမှ တစ်စုံတစ်ဦး ပြောင်းရွှေ့တော့မည်ဆိုလျှင် တစ်အိမ် ဟင်းတစ်ခွက်စီဖြင့် စုပေါင်းဧည့်ခံပွဲ ကျင်းပမြဲ။

(၂)

အားကစားအုပ်စုများလည်း ရှိပါသေးသည်။ အစ္စလမ်မာဘတ် ကလပ် အမည်ရှိသော အားကစားအဖွဲ့အစည်းတစ်ခု ရှိသည်။ ဝင်ကြေးက မနည်းလှ။ ရှုပီးထောင့်ငါးရာ ပေးသွင်းရသည်။ ဝင်ကြေးပေးပြီး ကလပ်အဖွဲ့ဝင် ဖြစ်လာသောအခါ မိမိဝင်လိုသည့် အားကစားအဖွဲ့အတွက် သီးသန့်လစဉ်ကြေး ပေးရပြန်သည်။ ဂေါက်သီး၊ တင်းနစ်၊ ကြက်တောင်ရိုက်၊ ရေကူး၊ မြင်းစီး စသည်တို့အတွက် သတ်မှတ်ထားသည့် လစဉ်ကြေးများကို မှန်မှန်ပေးမှသာ ကလပ်မှ ပေးထားသည့် နေရာ၊ အသုံးအဆောင်၊ အခွင့်အရေးများကို အသုံးပြုနိုင်သည်။

မောင်ပြုံးချို အစ္စလမ်မာဘတ်ကလပ်အသင်းသား ဖြစ်သွားသည်နှင့် ဂေါက်သီး စရိုက်လေသည်။ ဂေါက်သီးရိုက်ရသည်ကလည်း ကရိကထ အများသား။ သူသည် ဂေါက်သီးကို ဟန်ကျပန်ကျ ရိုက်တတ်သူကား မဟုတ်။ သို့ရာတွင် သံအမတ်ကြီး ဖြစ်နေမှတော့ ဘရစ်တို့၊ မာကျောင်းတို့ မကစားလျှင် ဂေါက်သီးလောက်တော့ ရိုက်မှ ကောင်းမည်။ သို့မဟုတ်လျှင် ပါကစ္စတန်တွင် အိမ်တွင်းပုန်းသံအမတ်ကြီး ဖြစ်နေတော့မည်။

မောင်ပြုံးချို အစ္စလမ်မာဘတ်သို့ ရောက်စက ဘရစ် သို့မဟုတ် မာကျောင်း ကစားရန် လာဆွယ်ကြသည်။

"ကျွန်တော် မကစားတတ်ပါဘူး"ဟု သူက ဖြေသည်။

"အမယ်၊ အလွယ်ကလေးပါ။ ကျွန်တော် သင်ပေးပါ့မယ်"

"ခဏလေး ထိုင်ကြည့်လိုက်ရင် တတ်သွားမှာပါ"

"မာကျောင်းက အမျိုးသမီးတွေ ကစားတာပါ။ ဘရစ်က ပိုပြီး အမျိုးသားတွေကစားဖို့ ကောင်းပါတယ်"

"ဒီဝိုင်းတွေမှာ ခင်ဗျားမထိုင်ရင်တော့ အစ္စလမ်မာဘတ်ဟာ ခင်ဗျားအဖို့ ပျင်းစရာကြီး ဖြစ်နေမှာပဲ"

http://www.cherrythitsar.org

သည်လို ကစားဝိုင်းထိုင်ရန် ဆွယ်တရားဟောနေချိန်တွင် စစ်သံမှူးက ဂေါက်သီးရိုက်ရန် အားပေးလေသည်။

မောင်ပြုံးချိုသည် ကစားဝိုင်း ထိုင်ခြင်းအားဖြင့် အကျိုးမရှိသည်များကို တွေးမိသည်။ အနည်းအပါးမှအစ အများအစားထိ ရှုံးနိုင်သည်။ ထိုင်နေရသဖြင့် အညောင်းမိမည်။ ကျန်းမာရေး ထိခိုက်နိုင်သည်။ ထိုင်ရသည်မှာ ခေတ္တခဏ မဟုတ်။ တစ်ခါတစ်ရံ တစ်ညလုံး၊ မိုးလင်းသွားသည်အထိ။ တစ်ခါတစ်ရံ နေ့ရောညပ့ါ ဆက်နေကြသေးသည်။ ထို့ကြောင့် သူသည် ဝေရာမဏိ အဝေးက ရှောင်ရှားလိုက်လေသည်။

ဂေါက်သီးကိုလည်း အလကား ရိုက်လို့တော့မရ။ လစဉ်ကြေးကို မိမိ အိတ်ထဲမှ စိုက်ထုတ်ပေးရမည်။ ဂေါက်သီးတုတ်တွေ ဝယ်ရသည်။ သူတို့ တန်ဖိုး ကလည်း တရင်းတနှီး။ ဂေါက်သီးလုံးတွေကလည်း အဖိုးမနည်း။ သို့သော် ဂေါက်သီးရိုက်ခြင်းသည် မောင်ပြုံးချိုလို အရွယ်အိုများအတွက် အသင့်တော်ဆုံး ကစားနည်းဟု ဆိုကြသည်။ ထို့ပြင် ဂေါက်သီးကွင်းတွင် သံတမန်လောကမှ ပုဂ္ဂိုလ်များအပြင် ဌာနအသီးသီးမှ အရာရှိကြီးငယ်များနှင့် တွေ့ဆုံ ရင်းနှီးခွင့် ရနိုင်သည်။ ထို့ကြောင့် ဂေါက်သီးရိုက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ဂေါက်သီးသည် မောင်ပြုံးချိုအဖို့ အစိမ်းသက်သက်တော့ မဟုတ်ပေ။ ၁၉၅၈–ခုနှစ်ကတည်းက ဂေါက်သီးနှင့် အကျွမ်းဝင်ခဲ့သည်။ ထိုစဉ်က မောင်ပြုံးချို သည် သာယာဝတီတွင် ခရိုင်ဝန်အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။ ဂေါက်သီးဝါသနာပါသူ အရာရှိများသည် မီးရထားလမ်းတစ်ဖက်ရှိ နွားစားကျက် ကို ဂေါက်သီးကွင်းအဖြစ် ပြောင်းလဲကာ ဂေါက်သီးကစားကြသည်။ မောင်ပြုံးချို သည် ဂေါက်တုတ်သစ်များ မဝယ်နိုင်စေကာမူ ဟိုကတစ်ချောင်း သည်က တစ်ချောင်း ဆွဲယူကာ ဂေါက်သီးကလပ်သို့ ဝင်လိုက်သည်။

တစ်ပတ်ရစ် ဂေါက်သီးလုံးများကိုလည်း ဝိုင်းဝန်း စွန့်ကြဲကြသည်။ ဂေါက်သီးရိုက်နည်း နိဿရည်းကိုလည်း စေတနာအပြည့်နှင့် သင်ကြားပေးကြ သည်။ ရိုက်စရာ တုတ်နှင့်ဂေါက်သီးလုံးကိုပင် ထိအောင် မရိုက်နိုင်သော မောင်ပြုံး ချိုသည် ဆရာ့ဆရာများ၏သင်ကြားပြသမှုကြောင့် ဘောလုံးကို ထိအောင်ရိုက် တတ်လာသည်။ ထိုစဉ်က သာယာဝတီတွင် ဂေါက်သီးအိတ် ထမ်းခကလည်း မများ။ တစ်ပတ်ထမ်းလျှင် နှစ်ဆယ့်ငါးပြားသာ ပေးရသည်။ သည်ဈေးနှင့်ပင်

ထမ်းချင်သူတွေ ပေါများလှသည်။ ထို့ကြောင့် ခရီးမထွက်သည့်အခါများတွင် နေ့တိုင်းလိုလို ဂေါက်သီးရိုက်နိုင်ခဲ့လေသည်။

သာယာဝတီမှ ရန်ကုန်သို့ ပြောင်းရွှေ့ရသောအခါ ဂေါက်သီးနှင့် ဝေးခဲ့ရသည်။ ဆယ်နှစ်ခန့်ကြာပြီးနောက် ပုသိမ်သို့ ရောက်သောအခါ ဂေါက်သီးနှင့် တွဲမိရပြန်သည်။ အပေါင်းအသင်းများကလည်း လိုအပ်သည့် ကရိယာတန်ဆာပလာများကို ဝိုင်းဝန်းထောက်ပံ့ကြသည်။ ထိုစဉ်က နေအိမ်နှင့် ဂေါက်သီးကွင်းမှာ ကပ်လျက်ရှိသောကြောင့် မောင်ပြုံးချိုကို မကြာခဏပင် ဂေါက်သီးပညာကို ကြိုးကြိုးစားစား ဆည်းပူးသော်လည်း သိသိသာသာ တိုးတက်မလာ။ အကျောပေး 'နှစ်ဆယ့်လေး'ကပင် လျော့မသွား။ ပြိုင်ပွဲ ကျင်းပလျှင် ဆုတော့ အမြဲတမ်းလိုလို ရတတ်သည်။

'ဘိတ်ချေးဆု'

(၃)

ယခု သံအမတ်ကြီး မောင်ပြုံးချိုသည် ဂေါက်သီးရိုက်ရန် စိတ်ကူးနေသည်။ သာယာဝတီတုန်းကလို ဂေါက်သီးတုတ်များကို ဟိုတစ်ချောင်း သည်တစ်ချောင်း ဆွဲယူစုဆောင်းလို့ တော်မည်မဟုတ်။ ပုသိမ်တုန်းက အပေါင်းအသင်းတွေလို လိုအပ်သည့် ပစ္စည်းပစ္စယများနှင့် ပံ့ပိုးပေးကြမည် မဟုတ်။ ထောက်ပံ့ကြမည်ဆိုဦးတော့ လက်ခံယူရန် မသင့်။ ဟိုတစ်ချောင်း သည်တစ်ချောင်း ဂေါက်သီးတုတ်များကို အဟောင်းအမြင်း အိတ်ထဲထည့်ပြီး ဂေါက်ကွင်းဆင်းလို့ အမြင်မတော်။ သံအမတ်ကြီး ဂေါက်ကွင်းဆင်းလျှင် သားသားနားနား ရှိရမည် မဟုတ်လော။ ထို့ကြောင့် သံတမန်ဆိုင်သို့ သွားကာ ဂေါက်သီးတုတ် အပြည့်အစုံကို လှပခိုင်ခန့်သော အိတ်နှင့်တကွ ဘောလုံး ကိရိယာတန်ဆာပလာများကိုပါ အဖိုးကြီးပေး၍ ဝယ်လိုက်ရသည်။

ဂေါက်ကွင်းသို့ ဆင်းလာသော မောင်ပြုံးချိုအား ရောက်နှင့်နေကြသော ဂေါက်သမားများနှင့် ဆီးကြိုနှုတ်ဆက်ကြသည်။ အိတ်ထမ်းမည့် သူငယ်တွေလည်း ဝိုင်းလာကြသည်။ သူတို့ကြေးကလည်း မနည်း။ အိတ်ထမ်းသူကို ပါကစ္စတန်ငွေ လေးကျပ်၊ ရှေ့မှ ဘောလုံးကောက်မည့်သူကို နှစ်ကျပ်ဟု ကလပ်မှ သတ်မှတ်ထားသည်။ သို့ရတွင် သတ်မှတ်ထားသည့်အတိုင်း ပေးလျှင် မကျေနပ်ကြ။ အပိုအမိုပေးမှ ကြည်ဖြူကြသည်။ စောစောပိုင်းက အကြောင်းမသိသေးသော

http://www.cherrythitsar.org

မောင်ပြုံးချိုသည် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ပေးလျက်ရှိရာ သူ့အိမ် ဆိုလျှင် လိုလိုချင်ချင် ထမ်းမည့်သူ နည်းပါးလာလေသည်။ အကြောင်းရင်းကို ရိပ်စားမိသဖြင့် သူများနည်းတူအပိုကြေးများပေးမှ ဟန်ကျသွားလေတော့သည်။

အစ္စလမ်မာဘတ်ကွင်းတွင် ဂေါက်သီးရိုက်ရသည်မှာ အဆင်မပြေလှ။ သံတမန်လောကမှ ဂေါက်သီးရိုက်သူတွေ နည်းသည်။ အရှေ့ဥရောပမှ ပုဂ္ဂိုလ်တွေ ကစားသည်ကို မတွေ့ရ။ အနောက်ဥရောပမှလည်း အနည်းငယ်သာ တွေ့ရသည်။ အာရှနိုင်ငံများမှ ဂေါက်သီးကစားသူ သုံးလေးဦးထက် မများ။ အာဖရိကမှ လေးငါးဦး ရှိသည်။ တောင်မြောက်အမေရိကမှ တစ်ဦးတလေမှ မရှိ။ ပါကစ္စတန် နိုင်ငံသားများထဲမှလည်း ဆယ့်ငါးဦးခန့်သာရှိလေသည်။ ထို ဂေါက်သီးကလပ် အသင်းသား စုစုပေါင်းမှာ ငါးဆယ်ခန့်သာ ရှိလေသည်။

ဤသို့ အသင်းဝင်နည်းရခြင်းမှာ ဂေါက်သီးကွင်း မကောင်းဟု ဆိုသည်။ ဂေါက်သီးဝါသနာအိုးများသည် ကွင်းအနေအထား လှပကောင်းမွန်သော ရာပါ ပင်ဒီ ကွင်းသို့ပင် သွားရောက်ရိုက်ကြသည်။ အချို့က တောင်စခန်းမြို့ ဖြစ်သည့် မာရေးဂေါက်ကွင်းသို့ သွားကြသည်။ အစ္စလမ်မာဘတ်ကွင်းတွင်မူ မောင်ပြုံးချို တို့လို မရိုက်တတ် ရိုက်တတ်ဂေါက်သမားတွေသာ ရှိလေသည်။ ဂေါက်ကွင်းနေရာ သည် ရွာဟောင်းနေရာ ဖြစ်သည်ဟု သိရသည်။ ကွင်းပြင်သည် အုတ်ကျိုး၊ ကျောက်ခဲ၊ အင်္ဂတေမြေတွေနှင့် ရောပြွန်းနေသည်။ အမှတ်မဲ့ အားနှင့်အင်နှင့် ရိုက်လိုက်လျှင် ခဲအမာကိုထိပြီး ဂေါက်တုတ်ထိပ်ဖျား ပွဲသွားနိုင်သည်။ အချို့နေရာ တွင် သစ်ပင်များအုပ်နေပြီး အောက်ဘက်တွင် သစ်ရွက်ခြောက်တွေ တစ်ထွာ တစ်မိုက် ဖုံးလွှမ်းနေတတ်သည်။ သည်အထဲတွင် ဂေါက်သီးဝင်သွားလျှင် ရှာတွေ့ဖို့မလွယ်တော့။ အချို့နေရာတွင် ချုံနွယ်ပိတ်ပေါင်းတွေ ဆူးတွေနှင့် ပြည့်နေသည်။ ထိုအထဲ ဂေါက်သီးရောက်သွားလျှင်လည်း ပျောက်ဖို့ များသည်။ အချို့နေရာတွင် နက်ရှိုင်းသော ချောက်ကမ်းပါးကြီးများကို ကျော်ရိုက်ရသည်။ ချောက်မြင်သည်နှင့် အလိုလို စိုးရိမ်စိတ်ဝင်နေသူအဖို့ ကျော်လွှားသွားအောင် ရိုက်ဖို့ မလွယ်တော့။ ဂေါက်သီးသည် အသူတရာ နက်သော ချောက်ထဲသို့ ကျသွားသည်က များလေသည်။

ဂေါက်သီးကျင်းရှိရာ ပတ်ဝန်းကျင်တွေကလည်း 'အစိမ်း'နည်းပြီး 'အညို' တွေသာ များသည်။ ဂေါက်သီးကစားသူများအဖို့ အညိုထက် အစိမ်းကို နှစ်သက် ကြမည်မှာ ဓမ္မတာပင် ဖြစ်လေသည်။ 'အစိမ်း'သည် မြက်ပင် စိမ်းလဲ့နုနုကလေး များဖြင့် စိမ်းလန်းစိုပြည်နေသည်။ ဂေါက်သီးကစားသူသည် ကျင်းအနီးသို့

ရောက်သွားလျှင်ပင် စကြာပုသာဒ တစ်ခုလုံး ကြည်လင်အေးမြသည့် အရသာကို ခံစားရမည် ဖြစ်သည်။ ထိုအစိမ်းပေါ်သို့ ရောက်နေသော ဘောလုံးကို ကျင်းထဲသို့ ပတ္တာနှင့် လိမ့်သွင်းလိုက်၍ ချောချောမောမော ဝင်သွားလျှင် သူ့အဖို့အား တိုးဆေး တစ်ခွက် သောက်လိုက်သလို ရွှင်ပြုံးသွားမည်သာတည်း။ 'အညို'မှာကား သဲတို့ ဖြင့်သာ ပြီးသဖြင့် မည်သို့ပင် သိပ်သည်းအောင် ရေဖြန်းထားသော်လည်း ဂေါက်သီးကစားသူအား အစိမ်းကဲ့သို့ ဆွဲငင်အား မရှိပေ။

ဂေါက်သီးကစားရာတွင် ရာသီဥတုကလည်း အခက်အခဲကို ဖန်တီး ပေး သကဲ့သို့ ဖြစ်နေလေသည်။ အစ္စလမ်မာဘတ် ရာသီဥတုသည် ပြင်းထန်လှသည်။ ဆောင်းအခါတွင် အလွန်အေး၍ နွေအခါတွင် အလွန်ပူပြင်းလှသည်။ အေးသော ရာသီတွင် ဂေါက်သီးကို မမောမပန်း ကြာရှည်စွာ ကစားနိုင်သည်။ သို့ရာတွင် နေ့တာတိုလွန်းသဖြင့် ညနေပိုင်းတွင် ကစားချိန်များစွာ မရ။ နံနက်စောစော ဆိုပြန်တော့လည်း နှင်းတွေအုပ်ဆိုင်းနေသဖြင့် ရိုက်လိုက်သော ဘောလုံး ဘယ်ဆီ ဘယ်ဌာန ရောက်သွားသည်မသိ။ ဘောလုံးအပျောက်အရှ များလှသည်။ နွေအခါ ကျပြန်တော့ နေမထွက်ခင်ကတည်းက ပူတော့သည်။ သုံးလေးကျင်းကစားမိလျှင် ချွေးပြိုက်ပြိုက်ကျနေပါပြီ။ ညနေပိုင်းတွင်လည်း နေမဝင်မချင်း အလွန်ပူသည်။ နေ့တာကလည်း အလွန်ရှည်သည်။ တော်တော်နှင့် နေမဝင်။ ညနေ ခုနစ်နာရီ ကျော်မှ နေဝင်သွားသည့်တိုင်အောင် အပူရှိန်က ပျောက်မသွား။ အနည်းငယ် လျော့သွားသည်ဟု ဆိုရသော်လည်း အလင်းရောင်များစွာ ရှိသေးသည်။ လေပူ တိုက်ခတ်နေသောကြောင့် ပူလောင်အိုက်စပ်နေသည်။ လေးကျင်းပြီးလျှင် ချွေးတွေ စိုရွှဲလာသည်။ အမှတ် ၅–ကျင်း တီခုံပေါ်တွင် ဘောလုံးကို သေချာစွာ စနစ်တကျ တင်၍ အမှတ် ၂–သစ်သားတုတ်ဖြင့် လွဲရိုက်ရာ သူ၏မျက်လုံးများသည် မှိုင်းမှုန် သွားပြီး ကြယ်တွေ မြင်နေရလေသည်။ ဘောလုံး မည်သည့်နေရာကို ရောက်သွား သည်ကို ကြည့်မနေနိုင်။ အနီးရှိ ထိုင်ခုံတွင် ထိုင်ချလိုက်ရလေသည်။ သူ၏ ရင်သည်လည်း တဆတ်ဆတ် ခုန်လာလေသည်။ သူသည် ထိုင်ခုံပေါ်တွင် ခေတ္တ ထိုင်ကာ အမောဖြေပြီးလျှင် ဆက်မရိုက်တော့ဘဲ မိမိမော်တော်ယာဉ်ရှိရာသို့ တဖြည်းဖြည်း ပြန်လာခဲ့လေသည်။

ထိုနေ့မှစ၍ သူသည် ဂေါက်ကွင်းသို့ မရောက်တော့ပေ။

ညနေစောင်းများတွင် မဂ်လာတောင်ခြေတဝိုက်၌ လမ်းလျှောက်နေသည့် မောင်ပြုံးချိုကို တွေ့ကြရလေသည်။

❀

# အလွမ်းပြေ

(၁)

နေထွက်ပြုစအချိန်။

မောင်ပြုံးချိုသည် မိမိနေအိမ် ဆင်ဝင်ပေါက်ဝမှ မင်္ဂလာ တောင်တန်းကြီးဆီသို့ မျှော်ကြည့်နေလေသည်။ နွေခါမို့ တောင်တန်းသည် မွဲခြောက်ခြောက် ဖြစ်နေသည်။ အိမ်ရှေ့အလံတိုင်ထိပ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံသည် လေခတ်တိုင်း တဖျပ်ဖျပ် လှုပ်ရှားနေလေသည်။ နေရောင်တွင် ပို၍ တောက်ပနေသည်။

လမ်းမကြီးပေါ်တွင် အသွားအလာ အနည်းငယ်သာ ရှိသည်။ မော်တော်ယာဉ်များကိုလည်း တစ်စင်းတလေသာ တွေ့ရသည်။

သည်အချိန်တွင် သမီးငယ်သုံးယောက် ကျောင်းသွားရန် ဝတ်စား ဆင်ယင်ကာ ထွက်လာသည်။ ဘောင်းဘီဖြူပွပွနှင့် အင်္ကျီလက်ရှည် ဖားဖားကို အပြင်ထုတ်ထားကြသည်။ ပဝါဖြူကို ရှေ့ဘက်တွင် ခပ်ဟိုက်ဟိုက်တင်၍ အစနှစ်ဖက်ကို ကျောဘက်တွင် ချထားကြသည်။ မြန်မာအမျိုးသမီးများပဝါတင်ချပုံနှင့် တစ်မျိုးစီ ဖြစ်သည်။ ရောမတွင်ကား ရောမသားများလို ကျင့်သုံးရပေမည်။

ဆယ်တန်း၊ ကိုးတန်း၊ ခုနစ်တန်း။ သည်နိုင်ငံသို့ ရောက်လာစက သမီးငယ်တို့ ပညာသင်ကြားရေးအတွက် အတော်အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ပါကစ္စတန်တွင်ရှိ ကျောင်းများသည် အင်္ဂလိပ်စာမှလွဲ၍ ကျန်ဘာသာများကို အူရဒူဘာသာဖြင့် သင်ကြားနေကြသည်။ ထို့ကြောင့် ဘာသာတိုင်းကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားသည့်ကျောင်းကို ရွေးအပ်ရသည်။ ကျူရှင်ဆရာငှား၍ သင်ကြားစေသည်။ မဟန်လှ။ အခကြေးငွေသာ အဆမတန်တောင်းပြီး

ဖြစ်မြောက်အောင် မသင်။ မတတ်သာသည့်အဆုံး မောင်ပြုံးချိုကိုယ်တိုင် ကျူရှင်ဆရာလုပ်၍ သင်ကြားရတော့သည်။ ပင်ပန်းလိုက်သည့် ဖြစ်ခြင်း။ အတန်းချင်းမတူသည့် သမီးသုံးဦးကို သုံးမျိုးသုံးခါ သင်ရသည်မှာ မသက်သာလှ။ သို့သော် အပင်ပန်းခံရကျိုး နပ်သည်။ သမီးတွေကလည်း ကြိုးစားသည်။ လေးငါးခြောက်လ ခန့်ဆိုလျှင် သူတို့ စာတွေကို အတော်လိုက်နိုင်လာသည်။ တစ်နှစ်ခန့်ကြာသော် အရှိန်ရသွားလေပြီ။ စာမေးပွဲတွင် အမှတ်တွေ တစ်ဆင့်ပြီး တစ်ဆင့် တက်လာလေသည်။

ကျောင်းက ဆရာမကြီးများကပင်သူတို့၏ တိုးတက်မှုကို တွေ့ပြီး ချီးကျူးစကား ဆိုလာကြလေသည်။ ဝမ်းမြောက်ဖွယ်ပင်။

သမီးငယ်များကျောင်းသို့ ထွက်သွားကြသောအခါ မောင်ပြုံးချိုသည် လမ်းမကြီးကို မျှော်ကြည့်နေလေသည်။ သူ့စိတ်ထဲတွင် လွမ်းသလိုလို ဆွေးသလိုလို ဖြစ်လာလေသည်။ သူ့နာရီကို ကြည့်လိုက်သောအခါ ခုနစ်နာရီကျော်မျှသာ ရှိသေးသည်။ သည်အချိန်တွင် မြန်မာ့အသံမှ နံနက်ချိန်ခါ တေးသံသာကို လွှင့်ပေးနေမည် ဖြစ်သည်။ မိမိနိုင်ငံမှာဆိုလျှင် ငြိမ့်ညောင်းသာယာ မင်္ဂလာ သီချင်းများကြားရမည်ဖြစ်သည်။ ယခုမူ ကြားချင်သော်လည်း မကြားရ။ မိုင်းပေါင်း ထောင်နှင့်ချီ၍ဝေးသည့် အစ္စလမ်မာဘတ်မြို့သို့ မြန်မာ့အသံသည် အလှမ်းမမီ ဖြစ်နေလေသည်။

ကြားလိုသည့် အသံများကို မကြားရသည်သာမက မြင်ချင်သည်များကိုလည်း မမြင်ရပါ။ သည်လိုနံနက်ခင်းများတွင် အမိနိုင်ငံ၏ မြို့ရွာ လမ်းမကြီးငယ်များပေါ်တွင် မြင်ရမည့်ရှုခင်းများကို မြင်လိုစိတ်နှင့် တောင့်တနေမိလေသည်။ သင်္ကန်းဝါဝါကို ဆင်မြန်းဝတ်ရုံလျှက် ဆွမ်းခံကြွနေသည့် ရဟန်းတော်များ၊ သာမဏေများနှင့် ဗျပ်ဆိုင်းထမ်းလာသည့် ကျောင်းသားသူငယ်များကို မောင်ပြုံးချိုသည် တွေ့လိုမြင်လိုဇောနှင့် မောချင်သာ မောနေမည်။ သူ့အိမ်ရှေ့ လမ်းပေါ်တွင် မြင်နိုင်တွေ့နိုင်မည် မဟုတ်။ တစ်ဦးတစ်ယောက်က 'ဆွမ်းတော်ဗျို့'ဟူသော ဟစ်သံကို ကြားရမည်မဟုတ်။

သူသည် အိမ်တွင်းဘက်ကို ဝင်လာခဲ့လေသည်။ ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ကာ အနီးရှိ မြန်မာ့သတင်းစာတစ်စောင်ကို ဆွဲယူဖတ်ရှုနေလေသည်။ ယမန်နေ့ကမှ သံတမန်ချောစာအိတ်ဖြင့် ရောက်ရှိလာသည့် သတင်းစာ ဖြစ်သည်။

http://www.cherrythitsar.org

ခုနစ်ရက်စာ တစ်ပတ်တစ်ခါ ရောက်ရှိလာသော သတင်းစာများကို သံရုံးအဖွဲ့ဝင်တွေ တဝကြီး ဖတ်ကြရသည်။ ခေါင်းကြီးနှင့် သတင်းမျိုးစုံသာမက ကြော်ငြာ အမျိုးမျိုးနှင့် သာရေးနာရေးပါမကျန် ဖတ်တတ်ကြလေသည်။

ယခုလည်း သူသည် ယမန်နေ့က တွေ့ရှိ ဖတ်ရှုပြီးသော နာရေး ကြော်ငြာ တစ်ခုကို ထပ်ဖတ်နေမိပြန်လေသည်။ မန္တလေးမှ ကျောင်းနေဖက် သူငယ်ချင်း ဖြစ်သူ ကိုသိန်းမောင် ကွယ်လွန်အနိစ္စရောက်သည့်အကြောင်းဖြစ်သည်။ ထို သတင်းကို ဖတ်လိုက်ရသောအခါ မောင်ပြုံးချိုရော တင်မကြီးပါ အထူးတုန်လှုပ်ပြီး ယူကျုံးမရဖြစ်ကြရသည်။ ကိုသိန်းမောင်တို့ ဇနီးမောင်နှံသည် မောင်ပြုံးချိုနှင့် သာမက တင်မကြီးနှင့်လည်း ရင်းနှီးခင်မင်သူ ဖြစ်သည်။ အရေးကြုံလျှင် အထူး ကူညီတတ်သူဖြစ်သည်။ မောင်ပြုံးချိုပြည်ပသို့ ထွက်လာခါနီးတွင် ကိုသိန်းမောင် တစ်ယောက် ရန်ကုန်သို့ ရောက်လာသည်။ နံနက်စောစော ရွှေတိဂုံဘုရားကိုပတ်၍ လမ်းလျှောက်ကြသည်။ တစ်ခါတစ်ရံ ဘုရားကုန်းတော်ပေါ်သို့ တက်ကာ ဝတ်ပြု ကြသည်။ ထိုစဉ်က ကျန်းမာသန်စွမ်းလျက်ရှိသော ကိုသိန်းမောင်သည် ယခု ကွယ်လွန်လေပြီ။ မောင်ပြုံးချို ပြည်ပတာဝန် ပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်ရောက် လျှင် ကိုသိန်းမောင်ကို တွေ့ရတော့မည် မဟုတ်ပါတကား။

မောင်ပြုံးချိုသည် တစ်ဆက်တည်းပင် ချစ်ခင်လေးစားအပ်သော အစ်ကို ကြီး ကိုအေးမောင်ကို မြင်ယောင်လာပြန်သည်။ သူသည် မောင်ပြုံးချို ထက်ပင် အသက်အရွယ်အားဖြင့် ဆယ့်ငါးနှစ်ခန့် ကြီးသူဖြစ်သည်။ တစ်ဌာနတည်းတွင် အတူလုပ်ကိုင်ခဲ့ရသူ ဖြစ်သဖြင့် အစ်ကိုကြီးတစ်ဦးကဲ့သို့ ခင်မင် လေးစားခဲ့သည်။ သည်းခံစိတ် အပြည့်ရှိသူ ဖြစ်သည်။ သူစိတ်ဆိုးသည့်အခါဟူ၍ မတွေ့ခဲ့ဖူး။ အလွန်စိတ်ရှည်သူ ဖြစ်သည်။ လောကအတွေ့အကြုံများခဲ့သူ ဖြစ်သဖြင့် မောင်ပြုံး ချိုအား ညီငယ်တစ်ဦးကဲ့သို့ ဆုံးမသြဝါဒပေးတတ်သည်။ သူသည် မောင်ပြုံးချို ပြည်ပသို့ တာဝန်ထမ်းဆောင်ရန် ထွက်ခွာသွားရမည်ဟု သိရသောအခါ အလွန် ဝမ်းမြောက်ရှာသည်။ မထွက်ခွာမီ သူ့အိမ်သို့လာရောက် ထမင်းစားရန် အတန်တန် ဖိတ်ခေါ်သည်။ ပြည်ပသို့ထွက်ခါနီး အလုပ်တွေများပြီး မအားနိုင်သဖြင့် ခွင့်လွှတ် ရန် တောင်းပန်ရသည်။

မထွက်ခွာမီ တစ်ရက်တွင် သူ ရောက်လာပြန်သည်။

"ဒါလေးတွေတော့ ယူသွားဗျာ"ဟု ဆိုကာ ငါးမုန့်များကို လက်ဆောင် ပေးသွားသည်။

http://www.cherrythitsar.org

ယခုတော့ အစ်ကိုကြီး ဦးအေးမောင် မရှိတော့ပြီ။ ကိုသိန်းငွေကြီးကို သတိရပြန်သည်။ သူသည် မိုးညိုအသင်း၏ အတွင်းရေးမှူး ဖြစ်သည်။ မိုးညိုသား တစ်ယောက်လို ဖြစ်နေသော မောင်ပြုံးချိုအား ပြည်ပသို့ မထွက်ခွာမီ ဧည့်ခံပွဲလေး တစ်ခုလုပ်သည်။ ထိုဧည့်ခံပွဲအတွက် ကိုသိန်းငွေမှာ အတော်ကြိုးပမ်းခဲ့သည်ဟု သိရသည်။ သို့သော် ပင်ပန်းသည်ကို ဂရုမထား။ ပြုံးရယ်ရွှင်လန်းနေသည့် ကိုသိန်း ငွေကို တွေ့ခဲ့ရသည်။ သူလည်း မောင်ပြုံးချို ပြည်ပသို့ ရောက်၍ မကြာမီ ကွယ်လွန်ကြောင်း သတင်းစာတွင် တွေ့လိုက်ရပြန်သည်။ သူသာ အမိနိုင်ငံတွင် ရှိလျှင် သူတို့၏အသုဘသို့ လိုက်လံပို့ဆောင်မည် ဖြစ်သည်။ ယခုတော့ မရောက် နိုင်တော့ပြီ။

မောင်ပြုံးချို၏ စိတ်သည် ညှိုးနွမ်းနေလေသည်။ သူသည် သတင်းစာကို လက်တွင် ကိုင်ကာ ငေးမော စဉ်းစားနေမိလေသည်။

သည်သုံးဦးသာ မဟုတ်။ နေ့စဉ်နှင့်အမျှ သည်လမ်းမှသည် သည်စခန်း သို့ ရောက်သွားသူတွေ အသချေ်နှင့် အနန္တ။

သူသည် တရားနှလုံးသွင်းကာ နေရာမှထလိုက်လေသည်။

ရုံးတက်ချိန်နီးလာပါပြီ။

(၂)

ရုံးမှပြန်လာသောအခါတွင်လည်း သူ့စိတ်သည် မကြည်လင်သေး။ လွမ်းမိုးစွေ တုန်းပင် ရှိသေးသည်။ အမိနိုင်ငံကို လွမ်းသည်။ ကျန်ရစ်ခဲ့သော သားသမီး များကို တမ်းတသည်။ မိတ်ဆွေသင်္ဂဟများကို သတိရသည်။

တစ်ဖက်တွင် ချိတ်ဆွဲထားသည့်ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မြေပုံ ကို သတိပြုလိုက်မိသည်။ မြေပုံ၏ လက်ဝဲဘက် ထောင့်စွန်းအပေါ်ဘက်တွင် နိုင်ငံတော်၏ အလံတံဆိပ် ပါသည်။ ကြယ်ဖြူကြီးကို ကြယ်ဖြူငယ် ဆယ့်လေးခု ဝန်းရံထားသည်ကို မြင်လိုက်သည်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အဖြစ် ဖွဲ့စည်းတည်ထောင်ထားသည့် တိုင်းနှင့်ပြည်နယ် ဆယ့်လေးခုသည် သူ့စိတ်ထဲတွင် ပေါ်လာလေသည်။ သူ တာဝန်ထမ်းဆောင်ရင်း ရောက်ခဲ့ဖူးသည့် နေရာဒေသ

များကို မြေပုံပေါ်တွင် စိတ်ကူးဖြင့် ပြန်ရောက်သွားသည်။ မြင်ခဲ့ဖူးသော ရှုခင်းများကို မြင်ယောင်လာသည်။ တွေ့ခဲ့ဖူးသော တိုင်းသား မိတ်သင်္ဂဟများသည် သူ့မျက်စိရှေ့တွင် ပေါ်လာသည်။ စင်ကလေးပေါ်တွင် တင်ထားသည့် တိုင်းရင်းသား၊ တိုင်းရင်းသူ ရုပ်စုံကလေးများသည် လှုပ်လိုက်တိုင်း ခေါင်းတဆတ်ဆတ် ဖြစ်လာကုန်သည်။ သူသည် နှံ့နှံ့စပ်စပ် မဟုတ်စေကာမူ တိုင်းနှင့်ပြည်နယ် ဆယ့်လေးခုစလုံး ရောက်ခဲ့ဖူးသည် မိမိကိုယ်ကို မိမိအားရ ကျေနပ်နေလေသည်။

သူသည် သားသမီးများရှိနေမည့် မြို့ရွာဒေသများကို မြေပုံပေါ်တွင် ရှာကြည့်ပြန်သည်။ သမီးကြီးက ရှမ်းပြည်နယ် တောင်ကြီး၊ သားလတ်က ဧရာဝတီတိုင်း ပုသိမ်၊ သားငယ်က မကွေးတိုင်းနှင့် ချင်းပြည်နယ် နယ်စပ် ရှေ့တန်းတစ်နေရာ၊ ကျန်သားသမီးများက ရန်ကုန်။ ကြည့်ရင်းကြည့်ရင်း မြေပုံထဲက တောတောင်မြစ်ချောင်းတို့သည် အသက်ဝင်လာသည်။ မြစ်တို့သည် တသွင်သွင် စီးဆင်းနေကြသည်။ တောင်တန်းကြီးများသည် ပြာမှိုင်းပြီး တောကြီးများသည် စိမ်းလန်းလျက်ရှိကုန်သည်။ မြစ်ကြီးမြစ်ငယ်များတွင် ရေယာဉ်တွေ အမျိုးမျိုး သွားလာလှုပ်ရှားနေကုန်သည်။ ရေလုပ်သားတွေ နည်းမျိုးစုံဖြင့် အလုပ်လုပ်နေကြသည်။ သစ်ဖောင်တွေ မျှောလာနေသည်။ တောတောင်များတွင် သစ်တွေကို ခုတ်သူခုတ်၊ ထုတ်သူထုတ်၊ တစ်ဖက်မှလည်း စိုက်ခင်းတွေ ဖန်တီးနေသည်။ သားရဲတိရစ္ဆာန်များနှင့် သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ် တို့သည်လည်း ခုန်ပေါက်ပြေးလွှား မြူးထူးနေကြကုန်သည်။ ကျေးငှက် သာရကာတို့၏ ကျူးရင့်သံသာများကိုလည်း ကြားရသည်။ မြစ်ဝှမ်းတောင်ကြားများတွင်မူ တောင်သူလယ်သမားတို့သည် စိုက်ပျိုးရေးနှင့် မအားအောင် အလုပ်များနေကြသည်။ မိုးတွင်းခါဆိုလျှင် ထွန်သူထွန်၊ ယက်သူယက်၊ စိုက်သူစိုက်နှင့် လှုပ်ရှားနေကြပေသည်။ တန်ဆောင်မုန်း၊ နတ်တော်ဆိုလျှင် လယ်ကွင်းများသည် ရွှေရောင်လွှမ်းပေတော့မည်။

မောင်ပြုံးချိုသည် မြေပုံကြီးကိုကြည့်ရင်း ရွှင်ပြုံးလာလေသည်။ ပြည်ပသို့ ထွက်ခွာခါနီးတွင် ဤမြေပုံကို လက်ဆောင်ပါးလိုက်သည့် မိတ်ဆွေကြီး ဦးသန်းဦးကို ကျေးဇူးတင်မဆုံး ဖြစ်နေလေသည်။

တစ်ဖက်နံရံကို မော့ကြည့်လိုက်မိသော် လေးဆူစာတ်ပုံ ရွှေတိဂုံ၏ ဓာတ်ပုံကြီးကို တွေ့မြင်ရလေသည်။ ငယ်စဉ်ကတည်းက မကြာခဏ တက်ရောက်ခဲ့သည့်

ကုန်းတော်ကို သတိရလာလေသည်။ ယခုလည်း ဘုရားဖူးတွေနှင့် စည်ကားနေသည့် ရင်ပြင်တော်ပေါ်သို့ ကိုယ်တိုင်သွားသကဲ့သို့ ထင်ယောင်လာသည်။ စေတီတော်မြတ်ထီးတော်မှ ဆည်းလည်းသံများ ဘုရားရှိခိုးသံများ၊ ရွတ်ဖတ်သရဇ္ဈာယ်သံများ ရေသည်တို့၏ ဆုတောင်းသံများ ကိုလည်း ကြားယောင်နေလေသည်။

အနိမ့်ဘက်တွင်ကား ရှေးဝတ်စုံနှင့် ကဟန်ပြုနေသော အမျိုးသမီးငယ်တစ်ဦး ပန်းချီ မောင်မောင်သိုက် လက်ဆောင်ပါးလိုက်သည့် ဆီဆေးပန်းချီကားချပ် ဖြစ်သည်။ သူ့မျက်စိရှေ့တွင် တကယ်ပင် လှုပ်လာပြီး ကနေသလိုလို။ ထိုမှသည် သူငယ်စဉ်ကတည်းက ကြည့်ဖူးမြင်ဖူးခဲ့သည့် အငြိမ့်ဇာတ်ပွဲများထဲမှ ကချေသည်တို့က ကကြိုးကကွက်များကို မြင်ယောင်လာလေသည်။ ကောလိပ်စိန်၊ မငွေမြိုင်၊ လေဘာတီ မမြရင်၊ လှကလေးစိန်။

တခြားတစ်ဖက် နံရံတွင် ကြက်ခြေခတ် ချိတ်ထားသည့် ရှမ်းဓား နှစ်လက်ကိုကြည့်ရင်း သူ့စိတ်သည် တစ်မုဟုတ်ချင်း ရှမ်းပြည်နယ်သို့ ရောက်သွား ပြန်သည်။ လွိုင်လင်မှ စိုင်းစံညွှန့် ပါးလိုက်သည့်လက်ဆောင်ဓားများ ဖြစ်သည်။ ထိုဓားနှစ်လက်သည် သူ့အား တောင်ကြီး၊ အင်းလေး၊ မိုးနဲ၊ မိုးမိတ်၊ ကျိုင်းတုံဒေသများသို့ ခေါ်ဆောင်သွားလေသည်။ ဆောင်းတွင်းအခါ ဓာတ်ငွေ့ဖြင့် တောက်လောင်သည့် မီးဖို၏အထက်တွင်မူ ကျောက်ဖြူနှင့် ပြုလုပ်ထားသည့် လွတ်လပ်ရေး ကျောက်တိုင်ငယ်ပုံစံကလေးကို တွေ့မြင်ရလေသည်။

ထိုကျောက်တိုင်ငယ်ကလေးကြောင့် သူသည် ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံအတွင်းသို့ ရောက်သွားပြန်သည်။ ဆူးလေစေတီတော်ကြီးကို စိတ်ထဲမှ ကန်တော့နေလေသည်။

မောင်ပြုံးချိုသည် ငယ်စဉ်က ကြည့်ရှုဖူးသည့် မဟာဗန္ဓုလပန်းခြံ အတွင်းမှ အငြိမ့်ပွဲများကိုလည်း ပြန်ပြောင်းမြင်ယောင် သတိရနေမိလေသည်။

(၃)

မောင်ပြုံးချိုသည် မြန်မာ့အကကို စိတ်ကူးနှင့် လွမ်းနေရာမှ မြန်မာ့ဂီတကို လွမ်းလာပြန်သည်။

သူသည် စားပွဲသို့ ကပ်ကာ ကက်ဆက်ခလုတ်ကို နှိပ်လိုက်လေသည်။

စိန်ဗေဒါကြီး၏ တီးလုံးသံ ထွက်လာလေသည်။ မောင်ပြုံးချိုသည် ရွှင်လန်းပြုံးရွှင်သွားလေသည်။ စိန်ဗေဒါကြီး၏ လက်ဖျားနှင့်ထိသဖြင့် သာယာ နာပျော်ရွှင်ဖွယ် ထွက်ပေါ်လာသည့် ပတ်လုံးကလေးများ၏ အသံသည် ကြည်လင်ပြတ်သားလှသည်။

မြို့လယ်က မဏ္ဍပ်၊
မြို့လယ်က မဏ္ဍပ်၊
အရပ်မှာတဲ့ ကုသိုလ်
ကျောင်းကြီးအိုအို

စိန်ဗေဒါကြီး၏ အသံကို ကြားရပြန်သည်။ မောင်ပြုံးချိုငယ်စဉ်က မင်္ဂလာဖျော်ဖြေပွဲကို သီဆိုကာ တီးနေသည့် စိန်ဗေဒါကြီးကို ဆိုင်းဝိုင်းတွင် ရပ်ကာ အနီးကပ် ကြည့်ရှုနားထောင်ဖူးသည်။ သည်မြင်ကွင်းသည် သူ့မျက်စိအာရုံတွင် ပေါ်လွင်လာလေသည်။ ထိုစဉ်က မန္တလေးတွင် 'ဆရာ မပါလျှင် အလှူမဖြစ် သလောက်'ပင် ဖြစ်ခဲ့လေသည်။ ဆိုင်းဝိုင်းအလယ်တွင် ခေါင်းတလှုပ်လှုပ် တီးနေခတ်နေသည့် စိန်ဗေဒါကြီး၏ပုံသည် အားရဖွယ် ကောင်းလှတော့သည်။

မောင်ပြုံးချိုသည် စိန်ဗေဒါကြီး၏ သီဆိုသံ၊ တီးသံကို နားထောင်ရင်း မြန်မာ့အသံ ဦးသန်းမြင့် (အဘ)ကို ကျေးဇူးတင်နေလေသည်။ ဦးသန်းမြင့်သည် မောင်ပြုံးချို၏တောင်းဆိုချက်အရ ကောင်းနိုးရာရာ တေးသီချင်းများကို အသံသွင်းကြိုးခွေကြီးများတွင် အသံသွင်းပေးခဲ့လေသည်။ မောင်ပြုံးချိုသည် ရက်ကော့ဒါ ကြိုးခွေကြီးမှ ကက်ဆက်ကြိုးခွေငယ်များသို့ တစ်ဆင့် ကူးယူထားခြင်း ဖြစ်လေသည်။

စိန်ဗေဒါကြီး၏ တီးလုံးပြီးဆုံးသောအခါ အခြားတေးသံရှင်များ၏ သီချင်းများကို ဆက်လက်နားထောင်နေလေသည်။ ကိုအံ့ကြီး၊ ကိုဝင်းဦး၊ ကိုမောင်မောင်ကြီး၊ တင်တင်မြ၊ မေရှင်၊ လေဘာတီ မမြရင်၊ ထားတို့၏ သာယာချိုအေးသည့်အသံများသည် တစ်ခုပြီးတစ်ခု ထွက်ပေါ်လာသည်။

သူသည် သီချင်းသံများနှင့်အတူ မင်းဂံဘုတ်ရွာ၊ အောင်ပင်လယ်၊ မင်းဝံတောင်ရိုး၊ တောင်တန်းပြာတို့သို့ ရောက်သွားလေသည်။ သူသည် မြန်မာနိုင်ငံအရပ်ရပ်သို့ ပြန်ရောက်နေလေသည်။ ထိုမှတစ်ဖန် အလှူပွဲ၊ မင်္ဂလာပွဲတစ်ခုခုတွင်

ဝတ်ကောင်း၊ စားလှ ဝတ်ဆင်လာသူ မိတ်ဆွေတွေ ရောနှော ရောက်ရှိနေသည်ကို အိပ်မက်မက်နေလေသည်။

ဆိုင်းသံသည် ပို၍ဆူညံလာသည်။ သီးချင်းသံကလည်း မြူးကြွလာသည်။

ကိုကြီးကျော်ရေ ဗျို့...ဗျို့...
မောင်ကြီးကျော်ရေ ဗျာ...ဗျာ...
ဒီဇမ္ဗူမှာ ပြိုင်ဘက်ရှား...
မိုးကျနတ်သား...။

မောင်ပြုံးချိုသည် အိပ်မက်ထဲတွင် တောင်ပြုံးနတ်ပွဲသို့ ရောက်သွားရာ အထိတ်တလန့် နိုးသွားလေသည်။

သူသည် ဖိုးမင်းကျော် နတ်ချင်းကို ကြားနေရလေသည်။ မျက်လုံးလည်း ကျယ်သွားလေသည်။ ပြည်ထောင်စု ယဉ်ကျေးမှုဌာနမှ ဖြန့်ချီသည့် ဓာတ်ပြား ဆယ်ချပ်တွင် မြန်မာ့ရိုးရာသီချင်းများဖြစ်သော အိုးစည်သံ၊ ကရင်ဩသံ၊ လှေတော် သံ၊ မွန်သံ၊ စည်တော်သံ၊ နတ်ချင်း၊ ဗျောသံ၊ ဗုံကြီးသံ၊ သီချင်းများကို အလွယ် တကူ ဖွင့်လှစ် နားထောင်ရန် ကတ်ဆက်ခွေများတွင် ကူးယူ သွင်းထားခြင်း ဖြစ်လေသည်။

မောင်ပြုံးချိုသည် မျက်လုံးမှေးကာ ထိုသီချင်းများကို ဆက်လက် နားထောင် နေပြန်လေသည်။ အိုးစည်သံ၊ ဒိုးပတ်သံများကိုကြားရလျှင် သူ့နိုင်ငံက အလှူပွဲ၊ ကထိန်ပွဲများကို သတိရသည်။ ပဒေသာပင်လှည့်ပွဲကို မြင်ယောင်သည်။ ကရင်ဩသံကို ကြားလျှင် သူ့မိတ်ဆွေ ကရင်များကို လွမ်းမိသည်။ လှေတော် သံကြောင့် တော်သလင်းတွင် ကျင်းပမြဲဖြစ်သည့် လှေပြိုင်ပွဲများကို ရောက်သွား သည်။ မွန်သံသည် သူ့အား မော်လမြိုင်ဘက်သို့ ခေါ်ဆောင်သွားသည်။ စည်တော် သံကမူ သူ့အား မန္တလေးအိမ်တော်ရာ ဘုရားပွဲက စည်တော်ကြီးဝိုင်းသို့ ပို့ပေး သည်။ ဗျောသံသည် တောရွာက ရှင်ပြုပွဲတစ်ခုကို သတိရစေသည်။ ဗုံကြီးသံသည် သူ့ကို မိုးတွင်းအခါ ရွှေဘိုနယ်က လယ်ကွင်းများဆီသို့ ခေါ်ဆောင်သွားလေသည်။

သူသည် အမိနိုင်ငံသို့ ပြန်ရောက်ကာ အနှံ့အပြား လှည့်လည်သွား လာနေ သည်။ သူ၏ ဟဒယနှလုံးသည် ရွှင်ပြုံးနေလေသည်။ သူ့တစ်ကိုယ်လုံး ပီတိတွေ လွှမ်းနေသည်။

ထိုခဏ၌ မနီးမဝေး ဗလီကြီး၏ မျှော်စင်ပေါ်မှ အသံချဲ့စက်ဖြင့် ကျယ်လောင်စွာ ဟစ်ကြွေးလိုက်သည့် အသံသည် မောင်ပြုံးချို၏ နားတွင်းသို့ အရှိန်အဟုန် ပြင်းစွာဖြင့် ဝင်လာလေသည်။ သူ၏ ခန္ဓာကိုယ်သည် လှုပ်ရှား သွားလေသည်။ သူ့မျက်လုံးအစုံသည် ပြူးကျယ်စွာ ပွင့်သွားလေသည်။

သူသည် ပါကစ္စတန်နိုင်ငံ အစ္စလမ်မာဘတ်မြို့သို့ တစ်မုဟုတ်ချင်း ပြန်ရောက်သွားလေသတည်း။

# အကြွေတစ်ခု အတွေ့မျိုးစုံ

(၁)

"ဒီမယ်ရှိတဲ့ သံအဖွဲ့ဝင်တွေဟာ တစ်ဦးနဲ့တစ်ဦး အလွန်ရင်းနှီးကြပါတယ်"

မောင်ပြုံးချို အစ္စလမ်မာဘတ်မြို့သို့ ရောက်လာကတည်းက သည်စကားကို အဖန်တလဲလဲ ကြားခဲ့ရပါသည်။ ထိုစကားသည် မှန်၏။ ထိုမြို့တွင် ပြည်ပနိုင်ငံများမှ လာရောက်ဖွင့်လှစ်ထားသော သံရုံးပေါင်းငါးဆယ်ကျော်မျှ ရှိလေသည်။ ထိုအထဲတွင် သံမတ်ကြီးအဆင့်ရှိ ပုဂ္ဂိုလ်များက ကြီးမှူးသည့် သံရုံးများကများပြီး သံမှူးအဆင့်သာရှိသည့် ပုဂ္ဂိုလ်များက ဦးဆောင်သည့် သံရုံးမှာ သုံးလေးခုသာ ရှိလေသည်။ ထို့ပြင် အခြားနိုင်ငံများတွင် ရုံးစိုက်ပြီး ပါကစ္စတန်နိုင်ငံဆိုင်ရာတာဝန်များကိုပါ ပူးတွဲထမ်းဆောင်နေသည့် သံအမတ်ကြီးများလည်း ရှိလေသည်။ ထိုနည်းတူ ပါကစ္စတန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် အစ္စလမ်မာဘတ်မြို့တွင် ရုံးစိုက် ထားရှိပြီး အခြားနီးစပ်ရာ နိုင်ငံတစ်ခုခုကိုပါ ပူးတွဲတာဝန် ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များလည်း ရှိလေသည်။

အစ္စလမ်မာဘတ်မြို့သည် မြို့သစ် ဖြစ်သည်။ သမ္မတကြီး အာယုခန်လက်ထက် လွန်ခဲ့သော ဆယ့်ငါးနှစ်လောက်ကမှ စတင်တည်ထောင်ခဲ့သည်။ ၁၉၄၇–ခု၊ ဩဂုတ်လ ၁၄–ရက်နေ့တွင် ပါကစ္စတန်ဟူသောအမည်ဖြင့် လွတ်လပ်သော အချုပ်အခြာနိုင်ငံတစ်ခု စတင်တည်ထောင်စဉ်က ကရာချိသည် မြို့တော်ဖြစ်ခဲ့သည်။ ထိုမြို့သည် သင်္ဘောဆိပ်ကမ်းမြို့ဖြစ်ပြီး စက်ရုံ၊ အလုပ်ရုံတွေပတ်လည်ဝိုင်းနေသည်။ ၁၉၅၂–ခု သန်းခေါင်စာရင်းအရ လူဦးရေ တစ်သန်းတစ်သိန်းကျော် ရှိသည်။ ယခုဆိုလျှင် တစ်သန်းခွဲခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ တိုက်တာအဆောက်အအုံတွေလည်း ပေါများစည်ကားသည်။

http://www.cherrythitsar.org

သမ္မတကြီး အာယုခန်သည် ပါကစ္စတန်၏မြို့တော်ကို အေးအေး ငြိမ်သက်သောနေရာတွင် တည်ရှိစေလိုသည့်ဆန္ဒ ဖြစ်ပေါ်ဟန်ရှိသည်။ စီးပွား ရေးလောက၊ စီးပွားရေး အဆောက်အအုံတွေ၊ စက်ရုံကြီးတွေ၊ အလုပ်ရုံကြီးတွေ၊ ထပ်ထပ်ကြမ်းပြီး စီးပွားရေးသမားတွေ ခြေချင်းလိမ်နေသည့်ဒေသမှ မြို့တော် ကို ခွဲထုတ်လိုဟန် ရှိသည်။ အစိုးရအဖွဲ့ဝင်ခေါင်းဆောင်များ တိုင်းပြည်တာဝန် ထမ်းဆောင်ရာတွင် စိတ်အေးချမ်းသာစွာဖြင့် နေထိုင်လုပ်ကိုင်နိုင်မည့်ဒေသ ကိုရွေးသည်။ ထို့ကြောင့် ဟိမဝန္တာတောင်စွယ်၏ခြေရင်း ရာဝါမြစ်အနီး ဤ နေရာကို မြို့သစ်တည်ရန် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်ဟု အဆိုရှိလေသည်။

မြို့တော်ပြောင်းရွှေ့သောအခါ သံရုံးတွေလည်း ပြောင်းရွှေ့လိုက်ပါလာ ကြရလေသည်။ အစ္စလမ်မာဘတ်မြို့သည် ခေတ်မီစွာ စနစ်တကျ အကွက်ချပြီး တည်ဆောက်ထားသည့် မြို့ဖြစ်သည်။ အဆောက်အအုံများ မတည်ဆောက်မီ မြို့တွင်း လမ်းမကြီးများကို အလျင်ဖောက်ပြီး အချောခင်းထားသည်။

လမ်းမကြီးများနှင့် ဆက်သွယ်ထားသည့် လမ်းများမှာလည်း အကွက် ကျလှသည်။ ရပ်ကွက်တိုင်းတွင် ဈေး၊ စာသင်ကျောင်း၊ စာတိုက်၊ ဘဏ်တိုက်နှင့် ဗလီကျောင်း စသည့် အများအတွက်နေရာများ သီးသန့်ထားပြီး လူနေအိမ်များ အတွက် မြေကွက်များ ရိုက်ကာ ချထားပေးသည်။

မောင်ပြုံးချို မြန်မာသံအမတ်ကြီးအဖြစ် ရောက်ရှိလာသည့် အချိန်တွင် အစ္စလမ်မာဘတ်မြို့သည် အတော်ပင် စည်းကားလျက် ရှိလေပြီ။ ခေတ်မီစွာ ဆောက်လုပ်ထားသည့် ပါလီမန်အဆောက်အအုံကြီးမှာ ပြီးစီးပြီဖြစ်၍ အသုံးပြု လျက် ရှိလေပြီ။ ရပ်ကွက်တိုင်းတွင် လျာထားသည့်အတိုင်း ဈေး၊ စာသင်ကျောင်း၊ စာတိုက်၊ ဘဏ်တိုက်များလည်း ဖွင့်လှစ်ပြီးဖြစ်သည်။ ဗလီကျောင်းအသီးသီးရှိ မျှော်စင်ပေါ်မှလည်း ဘုရားဝတ်ပြုသံ၊ အော်ဟစ်နှိုးဆော်သံများကို ကြားနေ ကြရပါပြီ။ အချို့အဆောက်အအုံများကား ဆောက်တုန်း ဆောက်ဆဲ။ ထိုအထဲ တွင် တခမ်းတနား ဆောက်လုပ်နေသည့် သမ္မတအိမ်တော်လည်း ပါဝင်သည်။ နိုင်ငံတကာအဆင့်အတန်းမီ ဟိုတယ်ကြီးများကား မရှိသေး။ ယခုမှအုတ်မြစ်ချ ဆောက်လုပ်ခါစ ဖြစ်သည်။ ထို့ကြောင့် ပြည်ပမှ ရောက်ရှိလာကြသည့် ဧည့်သည် တော်များသည် မြို့တော်သစ်နှင့် ဆယ့်နှစ်မိုင်မျှ ဝေးကွာသည့် ရာဝါပင်ဒီမြို့တွင် တည်းခိုကြရသည်။ မြို့သစ်တွင်မူ ရပ်ရှင်ရုံဟူ၍ တစ်ရုံသာ ရှိသည်။ အခြား အပျော်အပါး ပွဲလမ်းသဘင်များကား ဝေလာဝေး။

အလွန်စည်ကား ရှုပ်ထွေးသော ကရာချိမြို့တော်ကြီးမှ တည်ခါစ မြို့သစ်ခြောက်သွေ့သော အစ္စလမ်မာဘတ်သို့ ပြောင်းရွှေ့လာကြရသည့် သံတမန်အဖွဲ့ဝင်ပုဂ္ဂိုလ်များသည် ပျင်းရိငြီးငွေ့ကြသည်။ လူပေါင်းစုံတို့ဖြင့် ပျားပန်းခတ်နေသော ခေတ်မီမြို့ကြီးမှဆိတ်ငြိမ်သော တောမြို့ကလေးသို့ ရောက်ရှိသကဲ့သို့ မနေတက်မထိုင်တတ် ဖြစ်ကြကုန်သည်။ ထို့ကြောင့် မကြာခဏ မြို့ပြင်သို့ ထွက်တတ်ကြသည်။ ဒေသန္တရ ဗဟုသုတ ရှာမှီးရင်း စိတ်ပြေလက်ပျောက် ခရီးထွက်ကြလေသည်။

သုံးဆယ့်နှစ်မိုင်ခန့်မျှ ဟိမဝန္တာတောင်ဆွယ်ကို မော်တော်ယာဉ်ဖြင့် တက်သွားလျှင် 'မာရေး'ဟူသော တောင်စခန်းမြို့သို့ ရောက်ရှိနိုင်သည်။ အစ္စလမ်မာဘတ်နှင့် မာရေးသည် မန္တလေးနှင့် ပြင်ဦးလွင်ကဲ့သို့ ဖြစ်နေသည်။ တောင်တက်တောင်ဆင်းလမ်းသည် ပြင်ဦးလွင်လမ်းကဲ့သို့ မချောမွတ်လှသော်လည်း မဆိုးလှပါ။ တောင်ကမ်းပါးယံတွင် ထင်းရှူးပင်တွေ ဖုံးအုပ်လျက် ရှိသည်။ မာရေးသည် ပင်လယ်ရေပြင်မှ ပေခုနစ်ထောင်ကျော် မြင့်သည့်နေရာတွင် တည်ရှိသောကြောင့် နွေအခါတွင် နေထိုင်ကောင်းရုံ အေးသည်။ ဆောင်းရာသီတွင် တစ်တောင်လုံး ဆီးနှင်းခဲများဖုံးပြီး အအေးလွန်ကဲနေသည်။ လမ်းပေါ်တွင် ဆီးနှင်းခဲများကို ဖယ်ရှားပေးကြရသည်။

ဆီးနှင်းတွေ အထပ်ထပ်ဖုံးအုပ်နေသော လမ်းများပေါ်တွင် မော်တော်ယာဉ်သွား၍ မဖြစ်။ အချို့ဥစ္စာခြေ ကြွယ်ဝသည့်နိုင်ငံများမှ သံအမတ်ကြီးများသည် နွေရာသီတွင် မာရေးသို့ သွားရောက်နေထိုင်တတ်ကြသည်။ ဤသို့ နေထိုင်ရန်အိမ်များ ငှားရမ်းထားတတ်ကြသည်။ အချို့သံရုံးများမှာမူ ကိုယ်ပိုင်အိမ်များပင် ရှိကြလေသည်။

အစ္စလမ်မာဘတ်သည် မြို့ငယ်မြို့သစ်ဖြစ်ပြီး၊ ပျော်ရွှင်စရာ ပွဲလမ်း သဘင်နည်းသောကြောင့်လည်း သံတမန်အဖွဲ့ဝင်များအဖို့ တစ်ဦးနှင့်တစ်ဦး ပို၍ ရင်းနှီးကြခြင်း ဖြစ်လေသည်။

မောင်ပြုံးချိုအဖို့ အစ္စလမ်မာဘတ်သို့ ရောက်ရှိ၍ နှစ်ပတ်မျှမရှိသေးမီ သံတမန်လောကမှ ပုဂ္ဂိုလ်များနှင့် ခင်မင်ရင်းနှီးသွားလေသည်။ သို့သော် ရင်းနှီးခင်မင်မှု အတိုင်းအတာချင်းကား တစ်ဦးနှင့်တစ်ဦး တူညီကြမည်တော့ မဟုတ်ပေ။

http://www.cherrythitsar.org

(၂)

မောင်ပြုံးချိုသည် အစ္စလမ်မာဘတ်မြို့တွင် သုံးနှစ်နီးပါး တာဝန် ထမ်းဆောင်နေသည့် အတောအတွင်း မြန်မာနိုင်ငံသို့ ရောက်ဖူးသူအများကို တွေ့ခဲ့ရလေသည်။ တာဝန်အရ ခေတ္တခဏ ရောက်ခဲ့သူများ ရှိသလို လနှင့် နှစ်နှင့်ချီ၍ နေထိုင်သွားခဲ့ရသူတွေလည်း ရှိသည်။ ခေတ္တခဏ လည်ပတ် ရောက်ဖူးခဲ့သူများကိုလည်း တွေ့ရသည်။ ထိုသူများအထဲတွင် ကမ္ဘာအရပ်ရပ်မှ ပုဂ္ဂိုလ်များသာမက ပါကစ္စတန် အမျိုးသားများလည်း ပါဝင်လေသည်။

သူတို့သည် မြန်မာနိုင်ငံ၏ရှုမျှော်ခင်းကို ချီးကျူးကြသည်။ တိုင်းရင်းသားတို့၏ ဖော်ရွေမှုကို အမွှမ်းတင်ကြသည်။ ယဉ်ကျေးသိမ်မွေ့မှုကို ချီးမွမ်းကြသည်။ တစ်ခါတစ်ရံ အလွန်အကျူး ထောမနာနေသည်ကို ကြားရသော မောင်ပြုံးချိုသည် နေမထိထိုင်မသာ ဖြစ်ရရှာသည်။

"သံတမန်တို့၏ ထုံးစံအတိုင်း ပြောရိုးပြောစဉ် ပြောနေတာ ထင်ပါရဲ့"

သည်လိုလည်း တွေးမိတတ်သည်။ သို့ရာတွင် အများအားဖြင့်ကား သူတို့သည် အပေါ်ယံ ရွှေမှုန့်ကြဲလိုက်ခြင်းမျိုး မဟုတ်။ တကယ်ပင် နှလုံးသားမှ ထွက်ပေါ်လာသည့် စကားများဖြစ်သည်ဟု ယူဆမိလေသည်။

ပါကစ္စတန်နိုင်ငံခြားရေးဌာနမှ အရာရှိကြီးတစ်ဦးကမူ မြန်မာပြည်မှ မိန်းကလေးတွေ ချောကြောင်း၊ လှကြောင်း၊ ယဉ်ကျေးသိမ်မွေ့ လှကြောင်းကို တွေ့သည့်လူတိုင်းအား ပြောဆိုတတ်သည်။

"ကျွန်တော် ရန်ကုန်က ပါကစ္စတန်သံရုံးမယ် တာဝန်ထမ်းဆောင်တုန်းက မြန်မာအမျိုးသမီးကို အရူးအမူး မေတ္တာရှိခဲ့ကာ လက်ထပ်ယူဖို့ ကြိုးစားခဲ့တယ်" သူက ဧည့်ခံပွဲတစ်ခုတွင် မောင်ပြုံးချိုအပါဝင် လေးငါးယောက်ကို အားရပါးရပြောနေလေသည်။ မောင်ပြုံးချိုသည် မရိုသွားဖြဲ နားထောင်နေရသည်။

"ဘာပြုလို့ မယူခဲ့လဲ။ သူက ခင်ဗျားကို မကြိုက်လို့လား" တစ်ယောက်က ဝင်မေးလိုက်သည်။

"သူက ကြိုက်တယ် မကြိုက်တယ် ဘယ်သိမလဲ။ ကျွန်တော်ကမှ ဖွင့်မပြောတာ"

“အို ခင်ဗျားဟာက တစ်ဖက်သတ် ကြိုက်နေတာကိုး။ ကိုယ်က ကြိုက်ရင်လဲ ဖွင့်ပြောရောပေါ့ဗျာ”

“ဖွင့်ပြောဖို့ဟာကလဲ သူနဲ့ ကျွန်တော် သိတာမှ မဟုတ်ဘဲ။ စကားလဲ တစ်ခါမှ မပြောဖူးဘူး။ ကျွန်တော်ကသာ တစ်ဖက်သတ် ကြိုက်နေတာ”

“တယ်ဟုတ်တဲ့လူပဲ။ ဒါကြောင့် ခင်ဗျားလူပျိုကြီး ဖြစ်နေတာ”

“လူပျိုကြီးပဲ လုပ်နေလိုက်ဦးမယ်ဗျာ။ နောက်တစ်ခါ မြန်မာပြည်များ တာဝန်နဲ့ပြန်သွားရလို့ရှိရင် ထပ်ကြိုးစားဦးမလို့”

အားလုံးက တဟားဟား ရယ်လိုက်ကြသည်။ မောင်ပြုံးချိုသည် မသိမသာ သက်ပြင်းချလိုက်လေသည်။

(၃)

မောင်ပြုံးချို အစ္စလမ်မာဘတ်သို့ ရောက်စကတည်းက သူ့ကို သိကျွမ်းခဲ့သည်။ ညှိခံပွဲတစ်ခုတွင် သူ့ကိုယ်သူ မိတ်ဆက်လာ၍ နှုတ်ဆက်သည်။

“မြန်မာသံအမတ်ကြီးပါလား။ ကျွန်တော် ထရီဒွေရိုင်းပါ”ဟု ပြောဆိုကာ သူ့လက်ကို ကမ်းပေးသည်။

“ဟုတ်ကဲ့။ ကျွန်တော် မြန်မာသံအမတ်ကြီးပါ။ တွေ့ရတာ ဝမ်းသာပါတယ်”

မောင်ပြုံးချိုက လက်ကို ဆွဲကိုင်နှုတ်ဆက်ရင်း ဖြေလိုက်သည်။

သူသည် မြန်မာနိုင်ငံသို့ ဆဋ္ဌသင်္ဂါယနာတင်စဉ်က ဗုဒ္ဓဘာသာအဖွဲ့ကို ခေါင်းဆောင်၍ ရောက်ဖူးခဲ့သည့်အကြောင်း သူတွေ့ခဲ့ရသည့် မြန်မာ ဗုဒ္ဓဘာသာဝင်များကို အမြဲသတိရနေသည့်အကြောင်းများကို အားရဝမ်းသာ ပြောပြလေသည်။

နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း ပါကစ္စတန်သို့ ညှိသည်တော်အဖြစ် ကြွရောက်စဉ်က သူသည် သမ္မတကြီး သွားလေရာ လိုက်လံ ပို့ဆောင်ပြုစုခဲ့ရသဖြင့် ဂုဏ်ယူကြောင်း၊ အဆင့်အတန်းမရွေး ရင်းနှီးဖော်ရွေလှသည့် သမ္မတကြီး

ဦးနေဝင်းအား သူအလွန်လေးစားကြောင်း စသည်များကို ပြန်ပြောင်း ပြောဆိုလေသည်။

ထိုအချိန်မှစ၍ သူနှင့်မောင်ပြုံးချိုသည် ရင်းနှီးသည့်မိတ်ဆွေများ ဖြစ်သွားကြလေသည်။

သူ့အမည်ရင်း အပြည့်အစုံမှာ ရာဂျာထရီဒွေရှိုင်း ဖြစ်သည်။ အသက်အရွယ်အားဖြင့် လေးဆယ်ကျော် ငါးဆယ်တွင်းမျှသာ ရှိသေးသည်။ သူသည် မြန်မာနှင့် အိန္ဒိယနယ်စပ် စစ်တကောင်းဒေသ၏ တိုင်းရင်းသားများ ဖြစ်သော ချကမာမျိုးနွယ်တို့၏အကြီးအကဲ ဖြစ်သည်။ သူသည် လန်ဒန်မြို့တွင် ဥပဒေပညာများကို ဆည်းပူးနေစဉ် ဖခင်ဖြစ်သူကွယ်လွန်သဖြင့် အရိုက်အရာကို ဆက်ခံရန် ပညာသင်ကြားရေးကို စွန့်လွှတ်ပြီး ၁၉၅၃–ခုနှစ်တွင် ဌာနေသို့ ပြန်လာခဲ့ရသည်။ ၁၉၅၆–ခုနှစ်တွင် ရန်ကုန်မြို့တွင် ကျင်းပသည့် သာသနာ နှစ်ထောင့်ငါးရာပြည့် အထိမ်းအမှတ်သဘင်သို့ ပါကစ္စတန်နိုင်ငံရှိ ဗုဒ္ဓဘာသာတို့၏ ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်အဖြစ် တက်ရောက်ခဲ့သည်။ အရှေ့ပါကစ္စတန်ပြည်နယ် စစ်တကောင်း တောင်ကုန်းဒေသ လွှတ်တော် ကိုယ်စားလှယ်အဖြစ် နှစ်ကြိမ်တိုင် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အပြည်ပြည်ဆိုင်ရာ စည်းဝေးများသို့လည်း ပါကစ္စတန်နိုင်ငံ၏ ကိုယ်စားလှယ် အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၇၁–ခုနှစ်တွင် ပါကစ္စတန် ဗဟိုအစိုးရ၏ လူနည်းစု အမျိုးသားများနှင့် ခရီးသွားလာရေးဆိုင်ရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၂–ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပသည့် ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာတို့၏ အစည်းအဝေးကြီးသို့ ပါကစ္စတန်နိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့လေသည်။

အရှေ့ပါကစ္စတန်သည် အနောက်ပါကစ္စတန်မှ ခွဲထွက်ကာ ဘင်္ဂလားဒေ့ရှ်ဟူသော အမည်ဖြင့် သီးခြားနိုင်ငံ တည်ထောင်လာသောအခါ ရာဂျာထရီဒွေရှိုင်းသည် အနောက်ပါကစ္စတန်တွင် ရောက်ရှိနေသည်။ ထိုကတည်းက သူသည် သူ့လူမျိုးများရှိရာ စစ်တကောင်းဒေသသို့ ပြန်မရောက်တော့ချေ။

"စစ်တကောင်း တောင်တန်းကို မပြန်တော့ဘူးလား"ဟု သံတမန် အသိုင်းအဝိုင်းက မိတ်ဆွေများက သူ့ကို မေးတတ်ကြသည်။

"ဘယ်မပြန်ဘဲ နေပါ့မလဲ။ ပြန်မှာပေါ့။ အဲဒီမယ် ကျွန်တော့်အမေ ရှိတယ်။ မိသားစုလဲ ရှိတယ်။ သားသမီးတွေလဲ ရှိတယ်။ ဘယ်မပြန်ဘဲ နေပါ့မလဲ။ အဲ တစ်ခုတော့ ရှိတယ်။ အမြဲနေဖို့တော့ စဉ်းစားရဦးမယ်"သူက ဤသို့ ပြောဆိုဖြေတတ်လေသည်။

သူသည် စာရေးဝါသနာပါသူဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုများ ရေးလေ့ရှိသည်။

မောင်ပြုံးချိုတို့ရောက်စက ပြင်သစ်အမျိုးသမီးတစ်ဦးနှင့် တပူးတွဲတွဲ တွေ့ရသည်။ ထိုအမျိုးသမီးမှာ သူ့ဇနီးဖြစ်ကြောင်း ဧည့်ခံပွဲတစ်ခုတွင် မိတ်ဆက်ပေး၍ သိကျွမ်းခဲ့ရသည်။ နောက်တစ်နှစ်လောက် ကြာသောအခါ ထိုအမျိုးသမီးကို မတွေ့ရတော့ပေ။

"ခင်ဗျား ဇနီးမပြင်ပါလား"ဟု မေးသောအခါ "ကျွန်တော့်ကို ပစ်သွားပြီလေ"ဟု မချိပြုံးပြုံး၍ ဖြေလေသည်။

မှန်ပေသည်။ သူ့ဇနီးသည် ပြင်သစ်ပြည်သို့ ပြန်သွားလေပြီ။ သူ့တစ်ကိုယ်တည်းပင် မကြာခဏ တွေ့ရသည်။ ဧည့်ခံပွဲတိုင်းလိုလို သူတက်ရောက် လာတတ်သည်။ ဂေါက်သီးကွင်းတွင် တစ်ယောက်တည်း ဂေါက်သီး ရိုက်လေ့ရှိသည်။ ကြက်တောင်ရိုက်သည့် နေရာသို့လည်း မကြာခဏ ရောက်လာတတ်သည်။ ထိုနေရာတွင် မောင်ပြုံးချို၏ သားတော်မောင်နှင့် မိတ်ဆွေ ဖြစ်ကြလေသည်။

ကြက်တောင်ရိုက်ကောင်းသူနှစ်ဦး ခင်မင်သွားကြသည်။ ခေတ္တ ရောက်ရှိနေသော သားနှင့်သမီး မြန်မာပြည် ပြန်ခါနီးတွင် သူ့အိမ်တွင် အမှတ်တရ ထမင်းစားပွဲ ကျင်းပနှုတ်ဆက်လိုက်လေသည်။

သူရေးသားထုတ်ဝေသည့် စာအုပ်ငယ်အတွင်းတွင် ဝတ္ထုတို၊ ဆောင်းပါး ကဗျာများ ပါဝင်လေသည်။

'သက်တန့်ရောင်၊'တောင်ပေါ်မှဘုရား'၊'အတိတ်၏ပုံတင်သံ'၊'တောင်ကုန်းပေါ်မှ ရဟန်းတစ်ပါး'၊'သောက်ရူးကြယ်'၊'မျက်ရည်ကြားမှ မြင်ရသူ' အစ ရှိသော ခေါင်းစဉ်တို့ဖြင့် ရေးသားထားရာ သိမ်မွေ့သော အတွေးအခေါ်ကို လှပသောစကားလုံးများဖြင့် သရုပ်ဖော်ထားသည်ကို ဖတ်ရှုရလေသည်။

http://www.cherrythitsar.org

သူ၏ကဗျာများသာ မဟုတ်။ စကားပြေများသည်လည်း ကဗျာဆန်လျက် ရှိသည်။ သူ့စာများသည် အများအားဖြင့် စစ်တကောင်း တောင်တန်း ဒေသ တစ်ဝိုက်နှင့် ဗုဒ္ဓဘာသာ အတွေးအခေါ်များကို အခြေခံထားလေသည်။

“နောက်တစ်ခါများ ကျွန်တော် အခွင့်အရေးရလို့ မြန်မာပြည် ရောက်ရင် တော့ တစ်နိုင်ငံလုံးနဲ့အောင် ဘုရားဖူးလည်ဦးမယ်”ဟု သူက မျှော်လင့်ချက်ကြီး စွာဖြင့် ပြောကြားလေသည်။

“လာဖြစ်အောင် လာခဲ့ပါ”ဟုမောင်ပြုံးချိုက ဖိတ်ခေါ်လိုက်လေသည်။

“ခင်ဗျားလဲ ကျွန်တော်တို့ တောင်တန်းဒေသကို တစ်ခေါက် ရောက် အောင် လာခဲ့ပါဦး”ဟု သူက ပြန်လည် ဖိတ်ခေါ်လိုက်လေသည်။

“ခင်ဗျားသာ လာမယ်ဆိုရင် စားရေးဆရာ ကုန်ကြမ်းတွေ အများကြီး ရနိုင်တယ်”ဟု သူကပင် ဆက်လက် ပြောကြားလေသည်။

“သိပ်လာချင်တာပေါ့ဗျာ”ဟု မောင်ပြုံးချိုက သံတမန်ပီပီ ပြန်လည် ပြောကြားလိုက်လေသည်။

❁

# လမ်းတစ်ကွေ့ မရောက်ပီ

(၁)

၁၉၇၇–ခု၊ မတ်လ။

ဆောင်းကုန်၍ နွေသို့ ကူးတော့မည်။

အလွန်အေးရာမှ ပူစပြုလာပြီ။

ထိုအချိန်တွင် ပါကစ္စတန်နိုင်ငံတစ်ဝန်းလုံး လှုပ်လှုပ်ရွရွ ဖြစ်နေလေသည်။ ၁၉၇၇–ခု၊ ဇန်နဝါရီလ ၁၀–ရက်နေ့တွင် ပါကစ္စတန် အမျိုးသား လွှတ်တော်ကို ဖျက်သိမ်းလိုက်ပြီး၊ ရွေးကောက်ပွဲကို မတ်လ၇–ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေငြာခဲ့သည်။ ထို့ကြောင့် ရှိသမျှသော နိုင်ငံရေး အဖွဲ့အစည်းများ လှုပ်ရှားလာခဲ့သည်။ ရွေးကောက်ပွဲကျင်းပမည့်အချိန် နီးကပ်လာသည်နှင့်အမျှ လှုပ်ရှားမှုသည် ပို၍ ပြင်းထန်လာသည်။ မဲဆွယ်တရားပွဲများ နေရာအနှံ့အပြားတွင် ကျင်းပနေကြသည်။ လက်ရှိဝန်ကြီးချုပ် မစ္စတာဘူတို၏ ပြည်သူ့ပါတီအား ယှဉ်ပြိုင် အရွေးခံအတွက် အတိုက်အခံပါတီ ကိုးခုသည် ပူးပေါင်းလိုက်ကြသည်။ တစ်ဘက်နှင့်တစ်ဘက် ပုတ်ခတ် ပြောဆိုကြကုန်သည်။ အော်ဟစ် ဆန္ဒပြကြသည်။ အကြမ်းဖက်မှုများ ကရာချိ၊ လာဟို၊ ရာဝါပင်ဒီ အစရှိသော မြို့ကြီးများတွင် ဖြစ်ပွားလာသည်။ ဒဏ်ရာရသူ အများအပြား ရှိသည်သာမက အသေအပျောက် တွေလည်း ရှိခဲ့လေသည်။

သည်လို မငြိမ်မသက် ဖြစ်နေချိန်တွင် မောင်ပြုံးချို၏ သားလတ်နှင့် သမီးငယ်တို့သည် ရန်ကုန်မှ အစ္စလမ်မာဘတ်သို့ ရောက်ရှိလာကြလေသည်။

ထိုနေ့ကား မတ်လ ၅–ရက်နေ့။

http://www.cherrythitsar.org

မောင်ပြုံးချိုတို့ တစ်အိမ်သားလုံး လေယာဉ်ကွင်းသို့ ထွက်ခွာလာခဲ့ကြသည်။ ကရာချိမှတစ်ဆင့် ရောက်ရှိလာမည့် သားနှင့်သမီးကို ကြိုဆိုရန် ဖြစ်သည်။

နေအိမ်မှ လေယာဉ်ကွင်း ဆယ်နှစ်မိုင်ခန့်ဝေးသည်။ လမ်းတစ်လျှောက်လုံး ရွေးကောက်ပွဲအတွက် အုပ်စုလိုက် လှုပ်ရှားနေကြသည်များကို တွေ့ရသည်။ အိမ်များတွင် မိမိတို့ သက်ဆိုင်ရာ နိုင်ငံရေးပါတီ၏ အလံများကို လွှင့်ထူထားကြသည်။ ဘတ်စ်ကားကြီးများနှင့် အလံကြီးများ၊ စာတန်းကြီးများကို တလူလူလွှင့်ထူကာ အော်ဟစ်ဆူညံသွားသည့် လူအများကိုလည်း တွေ့ရသည်။ နောက်တစ်ရက်ကျော်တွင် အသုံးပြုရတော့မည့် မဲရုံများကို ပြုပြင်မွမ်းမံနေ ကြသည်လည်းရှိသည်။ ပတ်ဝန်းကျင်က လှုပ်ရှားနေသလို မောင်ပြုံးချိုတို့ ရင်ထဲတွင်လည်း မငြိမ်မသက် ဖြစ်နေလေသည်။

လေဆိပ်တွင် မောင်ပြုံးချိုတို့သည် ဧည့်ခန်းအတွင်းတွင် ထိုင်၍ လေယာဉ်အရောက်ကို စောင့်နေကြလေသည်။ ထိုစဉ်တွင် ဥရောပနိုင်ငံတစ်ခုမှ သံအမတ်ကြီးတစ်ဦး ရောက်ရှိလာသည်။ သူသည် ကရာချိသို့ ခရီးထွက်မည် ဖြစ်သည်။

သူနှင့် မောင်ပြုံးချိုတို့သည် ပါကစ္စတန်နိုင်ငံ၏ နောက်ကြောင်းသမိုင်းနှင့် လက်ရှိအခြေအနေကို ဆွေးနွေးနေကြလေသည်။

၁၉၄၈–ခု၊ ဩဂုတ်လ ၁၄–ရက်နေ့တွင် အိန္ဒိယတိုက်ငယ်အတွင်းရှိ မွတ်စလင်ဘာသာဝင်တို့သည် ပါကစ္စတန်ဟူသောအမည်ဖြင့် သီးခြားနိုင်ငံတစ်ခုကို တည်ထောင်ကာ ဗြိတိသျှလက်အောက်မှ ရုန်းထွက်လာခဲ့ကြသည်။ ထိုစဉ်က အရှေ့ပါကစ္စတန်နှင့် အနောက်ပါကစ္စတန်ဟူ၍ ကွဲပြားလျက်ရှိရာ တစ်ပိုင်းနှင့်တစ်ပိုင်း မိုင်ပေါင်းတစ်ထောင်ကျော် နီးပါးဝေးကွာလေသည်။

၁၉၅၆–ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉–ရက်နေ့တွင် ပါကစ္စတန်နိုင်ငံသစ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်လေသည်။ မတ်လ ၂၃–ရက်နေ့တွင် အစ္စလမ်ဘာသာကို အခြေပြုသည့် ပါကစ္စတန်သမ္မတနိုင်ငံ ဖြစ်ကြောင်း ကြေညာသည်။

၁၉၅၈–ခုနှစ်တွင် သမ္မတဟန်ဇာက တစ်နိုင်ငံလုံးတွင် စစ်အုပ်ချုပ်ရေး ဥပဒေကို ပြဋ္ဌာန်းလိုက်ပြီး စစ်ဦးစီးချုပ်ကြီး မိုဟာမက်အာယုခန်အား စစ်အုပ်ချုပ်ရေးအရာရှိအဖြစ် ခန့်အပ်လိုက်လေသည်။ ဗဟိုယာယီအစိုးရနှင့် အမျိုးသားလွှတ်တော်နှင့် ဒေသဆိုင်ရာလွှတ်တော်များကိုလည်း ဖျက်သိမ်းလိုက်သည်။

အောက်တိုဘာလ ၂၇–ရက်နေ့တွင် သမ္မတ ဟန်ဇာ ရာထူးမှ နုတ်ထွက်ပြီးလျှင် ဗိုလ်ချုပ်ကြီး အာယုခန်အား အာဏာလွှဲပြောင်းပေးလေသည်။

၁၉၆၀–ပြည့်နှစ်တွင် အသစ်ပြင်ဆင်ပြဋ္ဌာန်းလိုက်သော အခြေခံဥပဒေအရ လူထု ဆန္ဒခံယူပွဲ ကျင်းပရာ ဗိုလ်ချုပ်ကြီးအာယုခန် သမ္မတဖြစ်လာသည်။ ၁၉၅၆–ခုနှစ်တွင် အလားတူဆန္ဒခံယူပွဲ ကျင်းပပြန်ရာ ဗိုလ်ချုပ်ကြီး အာယုခန်က သမ္မတအဖြစ် အရွေးခံရပြန်လေသည်။

၁၉၆၈၊ ၆၉–ခုနှစ်များအတွင်း အရှေ့ပါကစ္စတန်က ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်တောင်းဆိုလာသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဆန္ဒပြမှုများ အဓိကရုဏ်းများ ဖြစ်ပေါ်လာသည်။ ၁၉၆၉–ခု၊ မတ်လ၂၅–ရက်နေ့တွင် ဗိုလ်ချုပ်ကြီး အာယုခန် ရာထူးမှနုတ်ထွက်၍ ဗိုလ်ချုပ် ယာယာခန်အား အာဏာလွှဲပြောင်းပေးသည်။

၁၉၇၀–ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ကျင်းပသည့် အထွေထွေ ရွေးကောက်ပွဲ၌ အရှေ့ပါကစ္စတန်အတွက် မိမိတို့ဘာသာသီးခြား စီမံအုပ်ချုပ်မှု ရရှိရေးကို တောင်းဆိုနေသော အဝါမီပါတီမှာ အမတ်ဦးရေ အများစုရရှိလေသည်။ အခြေခံဥပဒေသစ်ကို ရေးဆွဲရန် မတ်လတွင် ကျင်းပမည့် ပြည်သူ့လွှတ်တော် အစည်းအဝေးကို ဗိုလ်ချုပ်ကြီးယာယာခန်က ရွှေ့ဆိုင်းထားလေသည်။ ဤတွင် ဆန္ဒပြအကြမ်းဖက်မှုများ အရှေ့ပါကစ္စတန်တွင် နေရာအနှံ့အပြား၌ ဖြစ်ပွားလေသည်။ လူအမြောက်အမြား ဒဏ်ရာရကြသည်။ သေဆုံးကြသည်။ သန်းနှင့်ချီ၍ အိန္ဒိယဘက်သို့ ထွက်ပြေးတိမ်းရှောင်ကြသည်။ ဤအရေးအခင်း၏ အကျိုးဆက် အဖြစ် အိန္ဒိယနှင့် ပါကစ္စတန် စစ်ဖြစ်ကြရလေသည်။

၁၉၇၂–ခုနှစ်၊ စစ်ပြီးသောအခါ အနောက်ပါကစ္စတန်တွင် ၁၉၇၀–ပြည့်နှစ်ရွေးကောက်ပွဲ၌ အမတ်ဦးရေအများဆုံးကိုရရှိသည့် ပြည်သူ့ပါတီ ခေါင်းဆောင် ဇာဖီကာဘူတိုက ဗိုလ်ချုပ်ကြီးယာယာခန်ထံမှ အာဏာ လွှဲပြောင်းယူပြီး သမ္မတဖြစ်လာသည်။

၁၉၇၃–ခု၊ ဧပြီလ ၁၀–ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ၏ အခြေခံဥပဒေသစ်ကို အမျိုးသားလွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သည်။ မစ္စတာ ဘူတိုသည် ထိုဥပဒေအရ အစိုးရအဖွဲ့သစ်၏ ဝန်ကြီးချုပ် ဖြစ်လာလေသည်။

http://www.cherrythitsar.org

အရှေ့ပါကစ္စတန်တွင် အဓိကရုဏ်းများ၊ ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားပြီးနောက် ၁၉၇၄–ခုနှစ်တွင် အနောက်ပါကစ္စတန်မှ ခွဲထွက်ကာ ဘင်္ဂလားဒေ့ရှ် ဟူသော အမည်ဖြင့် သီးခြားနိုင်ငံတစ်ခုအဖြစ် ထွက်ပေါ်တည်ရှိ လာလေသည်။

ယခု ၁၉၇၇–ခုနှစ်တွင် ပါကစ္စတန်၌ အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းလိုက်ပြီး ရွေးကောက်ပွဲ ကျင်းပတော့မည်။

သည်အကြောင်းတွေကို ပြောဆိုဆွေးနွေးနေစဉ် ဥရောပ သံအမတ်ကြီးသည် အသံချဲ့စက်မှ ပေါ်ထွက်လာသော အသံကို နားစိုက်ထောင်သည်။ သူ့လေယာဉ်ထွက်တော့မည့်အကြောင်း အသံချဲ့စက်မှ ခေါ်သံကြားရသည်။ သူသည် နေရာမှထကာ မောင်ပြုံးချိုကို နှုတ်ဆက်သည်။

"ဒီရွေးကောက်ပွဲ ပြီးရင် ဘယ်သူအစိုးရဖွဲ့နိုင်မယ် ထင်သလဲ"

သူက နောက်ဆုံးအနေနှင့် မေးလိုက်သည်။

"ဒီမေးခွန်းရဲ့အဖြေကို ခင်ဗျားသိပြီးသားပါ"ဟု မောင်ပြုံးချိုက ဆိုလိုက်သည်။

"အို–ခင်ဗျားဟာ သိပ်လိမ္မာတဲ့ သံအမတ်ကြီးပါကလား"

သူသည် ပြုံးလျက်ပင် လေယာဉ်ဆီသို့ ထွက်ခွာသွားလေသည်။

များမကြာမီ ကရာချိမှ လေယာဉ်သည် လေယာဉ်ကွင်းအတွင်းသို့ ဆင်းသက်လာသည်။ လေယာဉ် ရပ်တန့်၍ တံခါးပွင့်လာသောအခါ ခရီးသည်တွေနှင့်အတူ လေယာဉ်မှ ဆင်းလာသော သားနှင့်သမီးကို တွေ့ရလေသည်။ ကြိုဆိုနေသော သမီးငယ်တို့သည် သူတို့အစ်ကိုအစ်မထံသို့ အားရဝမ်းသာ ပြေးသွားကြလေသည်။

(၂)

တစ်အိမ်သားလုံး ရွှင်ပြုံးနေကြလေသည်။ နှစ်နှစ်နီးပါးမျှ ကွဲကွာနေခဲ့ကြရသော မိဘ သားသမီး၊ မောင်နှမများသည် စကားလက်ဆုံ ပြောမကုန်နိုင်အောင် ဖြစ်နေကြသည်။ ရောက်လျှင်ရောက်ချင်း အထုပ်အပိုး ခြင်းကြီးခြင်းငယ်နှင့် သယ်ယူခဲ့သည့် ပစ္စည်းပစ္စယများကို ဖွင့်ကာဖြေကာနှင့် ပြသကြရသည်မှာလည်း အမော။

http://www.cherrythitsar.org

မြန်မာအစားအစာတွေကို တကူးတက သယ်ယူလာခဲ့ကြသည်။ လက်ဖက်ကြက်သွန်ကြော်နှင့် ဒညင်းသီးတွေကလည်း မနည်း။ အုန်းသီး ရှားသည်ဆို၍ အုန်းနို့ခေါက်ဆွဲချက်ရန် အုန်းနို့ချက်တွေကို ချိုင့်နှင့် ထည့်ယူလာသည်။ ဝက်အူချောင်းကလည်း ပါလိုက်သေးသည်။ ပုစွန်တုပ်၊ ငါးသလောက်၊ ပုန်းရည်ကြီး၊ တမာချဉ်၊ ထန်းလျက်၊ မြန်မာအစားအစာတွေစုံလို့။ အားလုံး ပေါင်းလိုက်လျှင် အလေးချိန် မနည်းလှ။

"အဲဒီခြင်းကြီးတွေ ဆွဲရတာ ကျွန်တော်ဖြင့် လက်မောင်းတွေကို အောင့်နေတာပဲ"ဟု သားဖြစ်သူက ဆိုသည်။

ပါလာသမျှသော အစားအစာများမှာ သူ့အကြိုက်ချည်းဖြစ်နေ၍ တင်မကြီးသည် တပြုံးပြုံး ဖြစ်နေလေသည်။

"ဟော့–ဖေဖေ့ဖို့ကော ဘာပါကြတုံး"ဟု မောင်ပြုံးချိုက မေးလိုက်လေသည်။

"ဖေဖေမှာလိုက်တဲ့ ရခိုင်လုံချည်တွေလေ၊ ရုပ်အင်္ကျီနဲ့ အပေါ်အင်္ကျီတွေ ပါတယ်လေ"ဟု သမီးက ဖြေသည်။

မောင်ပြုံးချို အတော်ဝမ်းသာသွားသည်။ သူသည် နေ့စဉ် ရုံးတက်ရုံးဆင်း မြန်မာဝတ်စုံကို ဝတ်ဆင်သည်။ အလွန်တရာအေးချမ်းသည့် ရာသီတွင်သာ ဥရောပဝတ်စုံကို ဝတ်ဆင်သည်။ ဧည့်ခံပွဲများ၊ မိတ်ဆုံပွဲများနှင့် သံတမန်ရေးရာ သဘင်များတွင်လည်း မိမိ၏အမျိုးသားဝတ်စုံကိုပင် ဆင်မြန်းတတ်သည်။ လာစဉ်က ပါလာသော လုံချည်အင်္ကျီများမှာ ထပ်တလဲလဲ ဝတ်ဆင်နေရသောကြောင့် ညှိုးနွမ်းစ ပြုလာပြီ။ အသစ်ဝယ်ယူရန်လည်း ပါကစ္စတန် ဈေးထဲတွင် ရှာမတွေ့။ မြန်မာနိုင်ငံမှ မိတ်ဆွေများက သည်နိုင်ငံတွင် ပလေကပ်လုံချည်တွေ ပေါလှသည်ဟု ထင်ကြသည်။

"ကျုပ်ဖို့ ခရတံဆိပ်လေး သုံးထည်လောက် ပို့လိုက်စမ်းပါ"ဟု မှာတတ်ကြသည်။

"ပါကစ္စတန်မယ် မြန်မာကြိုက် ပလေကပ်လုံချည် မရှိပါ"ဟု ပြောလျှင်လည်း မယုံကြ။ ပလေကပ်မှာ ဘင်္ဂလားဘက်တွင်သာ ရှိသည်ကို သိသူ နည်းသည်။

မြန်မာများ ဝတ်ဆင်နေကျဖြစ်သော ကော်လာမပါ ရှပ်အင်္ကျီမျိုးကို လည်း ပါကစ္စတန်တွင် ပုံစံကျကျ ချုပ်တတ်သူ မရှိ။ လည်ထောင်က ကြီးလျှင်ကြီး၊ ငယ်လျှင်ငယ်တတ်သည်။ ကိုယ်ထည်ကလည်း ပါကစ္စတန်သားတို့ ဆောင်းဘီပွ အပြင်ဘက် ထုတ်ဝတ်သည့် အင်္ကျီများကဲ့သို့ ပွရောင်းရောင်းနှင့် ရှည်လျားနေ တတ်သည်။ သပ်သပ်ရပ်ရပ် မရှိ။ စက်ချုပ်သူတစ်ဦးကတော့ "အတိုင်းနှင့် ပုံစံသာ ပြပါ၊ ကျွန်တော်ချုပ်နိုင်ပါတယ်"ဟု ပြောရှာသည်။ အဖိုးကြီး ပေးဝယ်ရ သော အင်္ကျီစကို သူ လက်တည့်စမ်းရန် အဘယ်မှာလျှင် အပ်ရဲမည်နည်း။ ထို့ကြောင့် လိုအပ်သည့် လုံချည်အင်္ကျီများကို သားသမီးများထံ မှာလိုက်ရသည်။

"ရခိုင်လုံချည်တော့ ဈေးပေါပေါနဲ့ ကောင်းကောင်းရအောင် စစ်တွေက ဖေဖေ့မိတ်ဆွေ ဦးသာဇံအောင်ဆီ မှာပေ့"ဟု အကြောင်းကြားလိုက်ရသည်။ ယခု ဦးသာဇံအောင် ဂရုတစိုက် ပို့လိုက်သည့် လုံချည်သုံးထည် ပါလာသဖြင့် မောင်ပြုံးချို ဝမ်းသာမဆုံး ဖြစ်နေလေသည်။

တင်မကြီးသည် စားစရာသောက်စရာများကို သိမ်းနေသည်။ အချို့ တစ်ဝက်ကို သံရုံးမိသားစုများအတွက် ဝေပုံချနေစဉ် မောင်ပြုံးချိုသည် သူ့အဝတ် အစားများကို စမ်းသပ် ဝတ်ဆင်နေလေသည်။

ထိုနေ့ည မိသားစုအားလုံး တော်တော်နှင့် မအိပ်နိုင်ကြ။ မိဘများနှင့် ကွဲကွာနေသည့် အတောအတွင်း မြန်မာပြည်တွင် ဖြစ်ပျက်သမျှကို သားနှင့် သမီးများက ပြောကြသည်။ သူတို့သိသမျှ ပြည်တွင်းရေး အခြေအနေ၊ ဆွေမျိုး မိတ်သင်္ဂဟတွေအကြောင်း၊ သူတို့ မောင်နှမတွေအကြောင်း၊ ချက်ရေး ပြုတ်ရေး၊ စားရေးသောက်ရေး ရုံးအသွားအပြန် သယ်ယူပို့ဆောင်ရေးမှအစ အိမ်နီးနားချင်း တွေ အကြောင်းပါမကျန် ပြောမကုန်အောင် ဖြစ်နေလေသည်။ အမိပြည်နှင့် ခွဲခွာနေခဲ့ရသော မောင်ပြုံးချိုတို့ကလည်း သံတမန်လောက၏ အတွေ့အကြုံများ ကို ပြောပြနေကြသည်။ သမီးငယ်သုံးဦးက သူတို့ပညာသင်ကြားရေး အသစ် အဆန်းများကို ဖောက်သည်ချကြသည်။

"ရောက်စက ဘာသာအားလုံး အင်္ဂလိပ်လို သင်တော့ သိပ်ခက်တာပေါ့။ ဘာမှ နားမလည်ဘူး။ အခုတော့ ဟန်နေပြီ။ စာတွေလည်း ကောင်းကောင်း လိုက်နိုင်နေပြီ"

သမီးငယ် သုံးယောက်က လက်မထောင်ကာ ပြောနေလေသည်။

"နွယ်လည်း စာပေးစာယူသင်တန်း တက်နေတာ မကြာခင် စာမေးပွဲ ဖြေရတော့မှာ"ဟု တူမတော်က ပြောပြလေသည်။

"အေး...အဲဒီ စာပေးစာယူ သင်တန်းစနစ်ထွင်လိုက်တာ၊ သိပ်ဟန်ကျ သွားတာပဲ။ ပြည်ပရောက် မြန်မာတွေအတွက် အကျိုးများတယ်"ဟု မောင်ပြုံးချိုက ပြောလေသည်။

(၃)

နောက်တစ်နေ့ ၁၉၇၇–ခု၊ မတ်လ ၆–ရက်နေ့။

မောင်ပြုံးချိုတို့ မိသားစုသည် အစ္စလမ်မာဘတ်မြို့မှ သုံးဆယ့်နှစ်မိုင် ဝေးကွာသော မာရေးအမည်ရှိ တောင်စခန်းမြို့သို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာကြသည်။ ဆီးနှင်းကို တွေ့မြင်လိုသော သားနှင့် သမီးအား လိုက်ပို့ရခြင်း ဖြစ်သည်။ တောင်စခန်းမြို့သည် ပင်လယ်ရေမျက်နှာပြင်ထက် ပေ–၇၅၀၀ခန့် မြင့်သည်။ မတ်လသို့ ရောက်နေပြီးဖြစ်၍ ဆောင်းကုန်၍ နွေဆန်းတော့မည်။ ဟိမဝန္တာတောင်စွယ်ရှိ မာရေးပတ်ဝန်းကျင်တွင် ဆောင်းရာသီ၌ ဆီးနှင်းများ တဖွဲဖွဲ ကျဆင်းတတ်သည်။ လမ်းများ၊ တောင်ကုန်းများ၊ အဆောက်အအုံများနှင့် သစ်ပင်များပေါ်တွင် ဝါဂွမ်းဆိုင်ကြီးများလို ဆီးနှင်းတွေ အခဲလိုက် အဆုတ်လိုက် ဖုံးအုပ်နေတတ်သည်။

ဆီးနှင်းကို မမြင်ဖူးသူတို့အဖို့ အထူးအဆန်း ဖြစ်လေသည်။ နွေဦးပေါက်တွင် အပူဓာတ် မြင့်မားလာသည်နှင့်အမျှ ထိုဆီးနှင်းခဲများသည် အရည်ပျော်၍ နိမ့်ရာသို့ ဆင်းသွားကြပေတော့သည်။ ထိုအခါ ဆီးနှင်းဖွေးဖွေး ဖုံးလွှမ်းသော ပတ်ဝန်းကျင်ကို ဘယ်နည်းနှင့်မျှ တွေ့မြင်နိုင်မည် မဟုတ်။ နောင်တစ်နှစ် ဆောင်းရာသီ ရောက်အောင် စောင့်ရပေဦးမည်။ ထို့ကြောင့် မောင်ပြုံးချိုတို့သည် အမိနိုင်ငံမှ ရောက်ရှိလာသည့် သားနှင့် သမီးကို ဆီးနှင်းဖုံးလွှမ်းသည့် တောင်တန်း တောင်စခန်းကို ပြသရန် မဆိုင်းမတွ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

အစ္စလမ်မာဘတ်မြို့မှ ထွက်ခွာလာ၍ ငါးမိုင်ရောက်သောအခါ မော်တော်ကားလမ်းသည် တောင်ကမ်းပါးယံကို စ၍ တက်သည်။ တောင်ပေါ်မှ အရှိန်ပြင်းစွာ စီးဆင်းလာသည့် ချောင်းငယ်၊ မြောင်းငယ်များကိုလည်း တွေ့ရသည်။

http://www.cherrythitsar.org

သစ်ပင်ကြီးငယ် ချုံငယ်များကိုလည်း တွေ့ရသည်။ မောင်ပြုံးချိုသည် မန္တလေး ပြင်ဦးလွင်ကားလမ်းကို သတိရနေသည်။ တဖြည်းဖြည်းမြင့်လာသည်နှင့်အမျှ ရာသီဥတုသည် အေးသည်ထက် အေးလာသည်။ ထင်းရှူးပင်တွေလည်း ခပ်ကျဲကျဲ ပေါက်နေရာမှ မြင့်၍မြင့်၍ တက်လာသောအခါ အပင်ချင်းထိကာ စိပ်လာလေ သည်။ လမ်းဘေး ဝဲ၊ ယာများတွင် ရွှေးကောက်ပွဲအတွက် လှူဆော်သည့် ပိုစတာ များကို အရောင်မျိုးစုံဖြင့် တွေ့ရလေသည်။

မာရေးမြို့နား ရောက်ခါနီးသော် အရည်ပျော်စ ပြုနေသော ဆီးနှင်းများကို တွေ့ရသည်။ ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်ဆောင်များပေါ်တွင် ဆီးနှင်းခဲ များ ဟိုတချို့ သည်တချို့ ကပ်တင် ကျန်ရစ်နေကြသည်။ သူတို့သည် မကြာမီ အရည်ဖြစ်၍ နိမ့်ရာသို့ စီးဆင်းကြပေတော့မည်။ မြင့်သည်ထက် မြင့်တက်လာ သောအခါ ဆီးနှင်းတွေ ထူထူထဲထဲ အခဲများကို မြင်ရလေပြီ။

တစ်နေရာတွင် မော်တော်ယာဉ်ကို လမ်းဘေး၌ ရပ်ကာ အောက်သို့ ဆင်းကြသည်။ လမ်းဘေးတွင် ရှိသော ဆီးနှင်းများကို သူ့ထက်ငါ ပြေးကာ ကိုင်ကြည့်ကြသည်။ အငယ်များက ကျောက်တုံးပေါ်တွင် တင်နေသည့် ဆီးနှင်း ခဲကို ခွာယူကြသည်။

"ရေခဲခြစ်တွေလိုပါလား"ဟု မှတ်ချက်ပြုလိုက်သည်။

သူတို့သည် မကြာမီ မြို့ထဲသို့ ဝင်လာကြသည်။ အဆောက်အအုံများ ပေါ်တွင် ဆီးနှင်းတွေ တင်နေဆဲ ဖြစ်သည်။ အချို့ အိမ်တံစက်မြိတ်မှ ရေခဲ ချောင်းကြီးလို တန်းလန်းကြီးကျနေသည့် ဆီးနှင်းခဲချောင်းကြီးများကို တွေ့မြင်ရ သည်။

မြို့လယ် ဈေးနားတစ်ဝိုက်တွင် စည်ကားနေသည်။ ခရီးသည်တွေနှင့် ပြည့်နေလေသည်။ စားကြ၊ သောက်ကြ၊ ဝယ်ကြ၊ ခြမ်းကြနှင့် ရှုပ်ထွေးနေလေ သည်။

မောင်ပြုံးချိုတို့သည် မြို့တွင်းမှ ထွက်ကာ "အယုဘိယ"တောင်ထိပ်သို့ ဆက်တက်လာသည်။ ထိုလမ်းတစ်လျှောက်တွင် ဆီးနှင်းများသည်ထက် ပို၍ ထူထပ်လေသည်။ အချို့နေရာများတွင် မော်တော်ကားလမ်းပေါ်၌ပင် ဆီးနှင်း ထု တစ်ပေခန့် တက်နေသည်။

တောင်ကြော့လမ်းတစ်နေရာတွင် ဆီးနှင်းတွေ ထူထဲစွာ ဖုံးအုပ်နေသည့် နိမ့်လျောသော တောင်ကုန်းလေးတစ်ခုကို တွေ့ရသည်။ ဥရောပသံရုံးတစ်ခုမှ ဖနီးမောင်နှံသည် ဆယ်နှစ်၊ ဆယ့်နှစ်နှစ်အရွယ် သား၊ သမီးနှစ်ဦး သတ္တု လင်ဗန်း ပေါ်တွင် ထိုင်ကာ တောင်ကုန်းပေါ်မှ တစ်ယောက်တစ်လှည့် လျှောဆင်းနေကြ သည်ကို ထိုင်ကြည့်နေကြသည်။ သူတို့ မောင်နှမနှစ်ယောက် သတ္တု လင်ဗန်းဖြင့် ဆီးနှင်းလွှမ်း တောင်ကုန်းကို လျှောဆင်းရာတွင် ချောချောမောမော အောက်သို့ ရောက်သလို တစ်ခါတစ်ရံတွင်လည်း အဆင်မပြေဘဲ တလိမ့်ခေါက်ကွေး ကျ လာတတ်သည်။ ဆီးနှင်းများမှာ ပွနေသောကြောင့် ဒဏ်ရာ အနာတရ ဖြစ်စရာ မရှိ။ လက်ကားရား၊ ခြေကားရား ကျလာသည်ကို တွေ့မြင်ရတိုင်း တဝါးဝါး တဟားဟား ရယ်မောကြရလေသည်။

မောင်ပြုံးချိုတို့သမီးငယ်များလည်း သူတို့ကို အားကျကာ သူတို့ လင်ဗန်း များကို ငှားရမ်း၍ လျှောဆင်းကြသည်။ ကျင့်သားရသူများ မဟုတ်သဖြင့် ခြေလက်ကားရား တလိမ့်ခေါက်ကွေး ကျလာသည်က များသဖြင့် ရယ်ရသည်မှာ အမော။

အယုဘိယရောက်အောင် ဆီးနှင်းတောကို ခက်ခဲစွာ တိုး၍ လာကြရ သည်။ ဆောင်းရာသီတွင် ခရီးသည်များ အရောက်အပေါက် နည်းသောကြောင့် ခြောက်ကပ်ကပ် ဖြစ်နေသည်။ ထိုစခန်းမှ အတန်အသင့် မြင့်သော တောင်ထိပ် တစ်ခုသို့ သွယ်တန်းမြှင့်ထားသော သံကြိုးတစ်လျှောက် နှစ်ယောက်ထိုင်ခုံများ ကို လျှပ်စစ်ဓာတ်အားဖြင့် ဆွဲတင် ရောက်ရှိနိုင်သည်။ ယခုမူ ထို ဓာတ်အား ပေးစခန်းကို ပိတ်ထားသဖြင့် တောင်ထိပ်သို့ မရောက်ခဲ့ရ။

မောင်ပြုံးချိုတို့သည် သစ်ပင်တစ်ပင်အောက်တွင် နေ့လယ်စာ စားကြ သည်။ ဆောင်းရာသီမို့ သစ်ပင်မှ ညောင်းရွက်ကြွေများသည် မြေပေါ်တွင် မွေ့ရာ ခင်းသလို ဖြစ်နေသည်။ အားလုံးပင် ပါလာသော ခဲဖွယ်များကို မြိန်ရှက်စွာ သုံးဆောင်ကြသည်။ မြန်မာပြည်မှ ပုစွန်ထုပ်၊ ငါးသလောက်၊ ငါးပိကြော်၊ မရန်းသီးတို့သည် ပါကစ္စတန်နိုင်ငံရှိ ပင်လယ်ရေပြင်အထက် ပေပေါင်း ၇၅၀၀– ကျော် မြင့်သည့် အယုဘိယ တောင်စခန်းတွင် ပို၍ အရသာရှိလေသည်။

မွန်းတိမ်းခါနီးတွင် တဖြည်းဖြည်း ဆင်းလာကြသည်။ လမ်းတွင် မကြာ ခဏ ရပ်နား၍ ရှုမျှော်ခင်းကို ငေးမောကြည့်ရှုကြသည်။ မာရေးမြို့ထဲသို့ မဝင်မီ

တောင်ကမ်းပါးယံမှ မြောက်ဘက်သို့ မျှော်လိုက်သော ဆီးနှင်းတွေ အထပ်ထပ် ဆောင်းထားသော ဟိမဝန္တာတောင်တန်းကြီးကို ရင်သပ်ရှုမော တွေ့မြင်ရလေသည်။ လှိုင်းထနေသည့် တောင်တန်း တောင်ထွတ်တို့သည် နေရောင်တွင် ငွေရောင်လို ဝင်းလက်နေသည်။

တောင်ခြေရင်းသို့ ရောက်ကြပါပြီ။ ရွာငယ်တစ်ခုအနီးတွင် ခေတ္တ ရပ်နားကြသည်။ ထိုနေရာတွင် ဟင်းရွက်၊ ဟင်းသီးများ ရောင်းချသည့် ဈေးကလေး တစ်ခု ရှိသည်။ ခပ်လှမ်းလှမ်း တစ်နေရာတွင် အမျိုးသားတွေ တစ်ရာကိုးဆယ်ခန့် စုရုံးနေကြသည်ကို တွေ့ရသည်။

"မဂျစ် သူတို့ ဘာလုပ်နေကြတာလဲ"

မောင်ပြုံးချိုက ကားမောင်းသမားကို မေးလိုက်သည်။

"သူတို့ပါတီက မဲဆွယ်တရား ဟောမလို့" မဂျစ်က လှည့်မကြည့်ဘဲ ဖြေသည်။ အနီးတွင် မစ္စတာဘူတို၏ ရုပ်ပုံနှင့် ပိုစတာကြီးတစ်ခုကို စိုက်ထူထားသည်။

"နက်ဖြန်ခါ ရွေးကောက်ပွဲ စတော့မှာလေ"

"ဘယ်ပါတီ နိုင်မယ်ထင်သလဲ"

မောင်ပြုံးချိုက စကားမရှိ စကားရှာ မေးလိုက်သည်။

"မစ္စတာဘူတို ပါတီပေါ့"သူက ခပ်ပြတ်ပြတ် ဖြေသည်။

မောင်ပြုံးချိုသည် ဆက်မမေးတော့။

သည်လို ဖြေလိမ့်မည်ကို သိပြီး ဖြစ်ပါသည်။

သို့သော် သူတို့သည် ထိုစဉ်က ထိုရွေးကောက်ပွဲသည် မစ္စတာဘူတိုဘဝ နိဂုံး၏ နိဒါန်းဖြစ်သည်ကို...

မဂျစ်လည်း မသိ။

မောင်ပြုံးချိုလည်း မသိ။

မစ္စတာဘူတို ကိုယ်တိုင်လည်း စဉ်းစားမိမည် မဟုတ်။

❃

http://www.cherrythitsar.org

# အကွေ့တစ်ခု

(၁)

၁၉၉၇–နွေဦး။

မောင်ပြုံးချို အစ္စလမ်မာဘတ်မြို့သို့ ရောက်ရှိနေသည်မှာ နှစ်နှစ်ခန့် ရှိလေပြီ။

နှစ်နှစ်ဟူသော ကာလသည် ကြာရှည်လှသည်ဟု မဆိုသာ။

သို့ရာတွင် တစ်ပြည်ရပ်ခြား ရောက်ရှိနေသူများအဖို့ ရက်တွေ လတွေသည် ကုန်ခဲလှသည်။ သည်အတောအတွင်း မောင်ပြုံးချို မရောက်မီက ရောက်ရှိနှင့်ပြီးသော အချို့ သံအမတ်ကြီးများသည် တာဝန်ပြီးဆုံး၍ အစ္စလမ် မာဘတ်မှ ထွက်ခွာသွားကြလေပြီ။ အချို့ အသက်အရွယ်ကြီးရင့်၍ အငြိမ်းစား ယူသွားကြသည်။ အချို့လည်း အခြားနိုင်ငံသို့ အခြားတာဝန်တစ်ခု ထမ်းဆောင်ရန် ပြန်သွားကြသည်။

အစ္စလမ်မာဘတ်မြို့တွင် သံအမတ်ကြီး ငါးဆယ်ကျော်ခန့် ရှိသည့်အနက် ၁၉၇၅–ခု၊ ဩဂုတ်လက မောင်ပြုံးချိုသည် ဝါအငယ်ဆုံး ဖြစ်သည်။ သံအမတ်ကြီးများ၏ ဝါစဉ်အလိုက် စာရင်းတွင် သူ့အမည်သည် အနိမ့်ဆုံးနေရာတွင် ရှိခဲ့သည်။ ဝါစဉ်အလိုက် ရပ်ရ၊ ထိုင်ရ၊ နေရာယူရသော ပွဲလမ်းသဘင်များတွင် သူသည် နောက်ဆုံးတွင် နေရသည်။ သူ့နောက်တွင် သံအမတ်ကြီးများ မရှိ။ သံရုံးများမှ သံမှူးများသာ ရှိတော့သည်။ ယခု ၁၉၇၇–ခု ရောက်သောအခါ မောင်ပြုံးချိုသည် တဖြည်းဖြည်းနှင့် သံတမန် ဝါရင့်လာလေပြီ။

http://www.cherrythitsar.org

အတိုင်းတိုင်း အပြည်ပြည်မှ သံအမတ်ကြီးများ အစွလမ်မာဘတ်တွင် တာဝန်ပြီးဆုံး၍ ထွက်ခွာသွားကြသောအခါ သူတို့နေရာတွင် သံအမတ်ကြီး အသစ်များ ရောက်ရှိလာလေသည်။ သူတို့သည် မောင်ပြုံးချိုနောက်မှ ရောက်ရှိ သူများ ဖြစ်၍ မောင်ပြုံးချိုထက် ဝါနုသူများ ဖြစ်ကြလေသည်။ ဤသို့လျှင် မောင်ပြုံးချိုသည် သံကြီးတမန်ကြီး ဝါစဉ်တွင် တဖြည်းဖြည်း ရင့်လာလေသည်။ တစ်နှစ်ကျော်လောက် ကြာသောအခါ သံကြီးတမန်ကြီး စာရင်းတွင် သူသည် အလယ်လောက် ရောက်ရှိနေလေပြီ။ နှစ်နှစ်ခန့် ရှိသောအခါ သူ့ထက် ဝါရင့် သံအမတ်ကြီး ဆယ်ဦးခန့်သာ ရှိလေတော့သည်။ ထိုသူများသည် သူ့အလျင် ပြောင်းရွှေ့ ထွက်ခွာသွားလျှင် ထိပ်သို့ ရောက်သွားပေတော့မည်။ ထိုအခါ သံတမန် တို့၏ နာယကကြီး ဖြစ်လာပေတော့မည်။

သံတမန်လောကတွင် သည်ရာထူးကို အချို့က မက်မက်မောမော ရှိကြ သည်။ ပွဲလမ်းသဘင်များတွင် 'နာယကကြီး'သည် ရှေ့ဆုံးမှ နေရသည်။ သမ္မတ ကြီး၊ ဝန်ကြီးချုပ်မှအစ အဓိက ပုဂ္ဂိုလ်များက လေးစားကြသည်။ သူတို့တစ်တွေနှင့် ပူးတွဲ ပူးတွဲ လုပ်နိုင်သည်။ ဤသည်တို့ကို နှစ်သက်ကြသူတို့သည် 'နာယကကြီး' လုပ်လိုကြလေသည်။

"ဒီလူကြီးကတော့ နာယကကြီး ရထူးကို အမြဲ ယူထားတော့မှာ ထင်ပါ ရဲ့"

"အငြိမ်းစားယူပြီး ကိုယ့်တိုင်း ကိုယ့်ပြည် ကိုယ်ပြန်နေဖို့ ကောင်းပါပြီ"

"သူ့အသက် ဘယ်လောက်ရှိပြီ ထင်သလဲ။ ခုနစ်ဆယ်တော့ ကျော်နေ ရောပေါ့"စသည်ဖြင့် လက်ရှိ နာယကကြီးကို ရည်ညွှန်း၍ တီးတိုး ပြောဆို သံများကို ကြားရလေသည်။

မောင်ပြုံးချိုအဖို့တော့ သည်ရာထူးကို မလိုချင်ရိုး အမှန်ပင်။ ထို့ကြောင့် သူ့အထက်က ဝါရင့်သံအမတ်ကြီး တစ်ဦးဦး ပြန်တော့မည်ဆိုတိုင်း ရင်ဖိုမိ သည်။ တစ်ထစ်တစ်ထစ်နှင့် ထိပ်ဆုံးရောက်တော့မည်ကို စိုးရိမ်နေသည်။ သံတမန် လောကတွင် ဝါအရင်ဆုံးဖြစ်လာလျှင်တော့ ငြင်းလို့ရတော့မည်မဟုတ်။ မောင်ပြုံး ချို အရင်က မြန်မာသံအမတ်ကြီးသည်လည်း ကံကောင်းလို့ လွတ်သွားသည်ဟု ဆိုကြသည်။ သူသည် ယခုလက်ရှိ နာယကကြီး မောရေရှ သံအမတ်ကြီးထက် တစ်ဆင့်မြင့်သည်။ ထိုစဉ်က နာယကကြီး ဖြစ်သူ ဖိလစ်ပိုင် သံအမတ်ကြီးအောက်

တစ်ဆင့်သာ နိမ့်သည်။ အကယ်၍ ဖိလစ်ပိုင် သံအမတ်ကြီး ပြောင်းသွားလျှင် မြန်မာသံအမတ်ကြီးသည် မလွဲမသွေ နာယကကြီး အရိုက်အရာကို ဆက်ခံရတော့မည်။ သို့သော် ကံကောင်းချင်တော့ ဖိလစ်ပိုင်သံအမတ်ကြီး မပြောင်းရွှေ့မီကလေးမှာပင် မြန်မာသံအမတ်ကြီးက ဦးအောင် ပြောင်းရွှေ့သွားလေသည်။ ထိုအခါ လက်ရှိ နာယကကြီးသည် အမှတ်စဉ်–၂ နေရာသို့ တက်ရောက်လာလေသည်။ ထို့ကြောင့် မူလနာယကကြီး ပြောင်းရွှေ့သွားသောအခါ ၂–သည် နာယကကြီး ဖြစ်လာတော့သည်။ ယခုဆိုလျှင် သူသည် အစ္စလမ်မာဘတ်မြို့သို့ ရောက်ရှိနေသည်မှာ ခြောက်နှစ် ရှိတော့မည်။ နာယကသက်တမ်းပင် သုံးနှစ်ရှိပေတော့မည်။

ထို့ကြောင့် သူ့နေရာကို လိုချင်သူတို့ စကားတင်းဆိုနေကြခြင်း ဖြစ်လေသည်။

(၂)

နှစ်နှစ်အတွင်း သံကြီးတမန်ကြီးတွေ တစ်ယောက်ပြီး တစ်ယောက် အစ္စလမ်မာဘတ်မှ ထွက်ခွာသွားကြသည်။ လစ်ဟာသွားသော နေရာများတွင် သံကြီးတမန်ကြီးတွေ တစ်ဦးပြီး တစ်ဦး ရောက်ရှိလာကြသည်။

မောင်ပြုံးချိုသည် ထွက်ခွာသွားကြကုန်သော သံအမတ်ကြီးများ၏ နှုတ်ဆက်ပွဲများကို တက်ရောက်ခဲ့ရပြီး အသစ်ရောက်ရှိလာကြသည့် သံအမတ်ကြီးများ၏ မိတ်ဆက်ပွဲများကို တက်ရောက်ခဲ့ရပြီ။

သံအမတ်ကြီးတစ်ဦးလျှင် တစ်နေရာတွင် သာမန်အားဖြင့် သုံးနှစ်ခန့် တာဝန် ထမ်းဆောင်ကြရသည်။ လေးငါးခြောက်နှစ်အထိ တစ်နေရာတည်းတွင် တာဝန်ထမ်းဆောင်နေရသူများ ရှိတတ်ပါသည်။ သို့သော် ရှားပါသည်။

သံအမတ်ကြီးတစ်ဦးလျှင် ထွက်ခွာတော့မည်ဆိုလျှင် နိုင်ငံမှ မထွက်ခွာမီ သမ္မတ၊ ဝန်ကြီးချုပ်နှင့် အချို့ဝန်ကြီးများကို တွေ့ဆုံနှုတ်ဆက်ကြရလေသည်။ ပြည်နယ်များသို့ သွားရောက်ပြီးလျှင် ပြည်နယ်အဆင့်ရှိ အဓိက ပုဂ္ဂိုလ်များကိုလည်း တွေ့ဆုံနှုတ်ဆက်တတ်ကြသည်။ ထို့ပြင် တစ်မြို့တည်းနေ သံအမတ်ကြီးများကိုလည်း တွေ့ဆုံနှုတ်ဆက်ရသည့် အစဉ်အလာများ ရှိသည်။ သို့သော် ဤကိစ္စနှင့် ပတ်သက်၍ အစ္စလမ်မာဘတ် သံတမန်လောကတွင် ဝေဖန်သံများ

ကြားရသည်။ နာယကကြီး သဘာပတိအဖြစ် ဆောင်ရွက်သည့် သံတမန်တို့၏ အစည်းအဝေးတစ်ခုတွင် ပြောကြ၊ ဆိုကြသည်။

"နာယကကြီးခင်ဗျား၊ ပြန်ခါနီးမယ်သံအမတ်ကြီးတိုင်းကို စုံစေ့အောင် သွားတွေ့ပြီး နှုတ်ဆက်ရတဲ့ အစဉ်အလာတော့ မလုပ်မနေရ မသတ်မှတ်စေချင်ပါဘူး။ အဲဒီ အချိန်မယ် ပြောင်းရွှေ့သွားမယ့် ပုဂ္ဂိုလ်အတွက် အင်မတန် အလုပ်များနေတဲ့ အချိန်ပါ"

"ဟုတ်ပါတယ်။ အားလုံးကို လိုက်ပြီး ဖဲယားဝဲကော မလုပ်ပါရစေနဲ့"

"ကိုယ်နဲ့ ရင်းနှီးတဲ့ ပုဂ္ဂိုလ်တွေလောက်ပဲ တွေ့ဖို့ ကောင်းပါတယ်"

ဤသို့ ပြောကြ ဆိုကြသဖြင့် ပြန်ခါနီးတွင် မိမိတို့နှင့် ရင်းနှီးသော သံအမတ်ကြီးများကိုသာ တွေ့ဆုံရန် သဘောတူလိုက်ကြလေသည်။

ထွက်ခွာခါနီး အလုပ်များသည်ကတော့ အမှန်ပင်။

ဤသို့ တွေ့သင့်၊ တွေ့ထိုက်သူများကို တွေ့ဆုံရ၊ နှုတ်ဆက်ရ ဂါရဝပြုနေရသည့်အထဲ မိမိအတွက် တည်ခင်းသည့် ဧည့်ခံပွဲများ၊ ညစာစားပွဲများနှင့် နေ့လယ်စာ စားပွဲများသို့လည်း တက်ရောက်ကြရသည်။ ဂုဏ်ပြုစကားများ ပြောကြားလျှင်လည်း ပြန်လည် ပြောကြားရသည်။ အချို့က သည်လို ဧည့်ခံပွဲများကို တက်ရောက်ရန် ဆန္ဒပြင်းပြကြသော်လည်း အချို့ကမူ သွားခါနီး အလုပ်များလှသဖြင့် ရှောင်လိုက်ကြသည်။ မိမိထွက်ခွာမည့် နေ့ရက်ကို အတတ်နိုင်ဆုံး သိုသိုသိပ်သိပ် ထားရှိတတ်ကြသည်။

လုပ်ဖော်ကိုင်ဖက် သံအမတ်ကြီးများက ကျင်းပမည့် ဧည့်ခံပွဲများ ငြင်းဆိုရန် ခဲယဉ်းသကဲ့သို့ သံတမန်တစ်ဖွဲ့လုံးက စုပေါင်း ကျင်းပမည့် နှုတ်ဆက်ပွဲကိုလည်း မပျက်မကွက် တက်ရောက်ရပေမည်။ နိုင်ငံခြားရေးရုံး အတွင်းဝန်က တည်ခင်းသည့် နှုတ်ဆက်ညစာစားပွဲကိုလည်း လက်ခံ တက်ရောက်ရပေဦးမည်။

ဤသို့ မိမိအား ဂုဏ်ပြုတည်ခင်းသည့် ညစာ စားပွဲသာမက မိမိကလည်း နိုင်ငံခြားရေးရုံးမှ အရေးကြီးသော ပုဂ္ဂိုလ်များနှင့် သံတမန်လောကမှာ လုပ်ဖော်ကိုင်ဖက်များ မြို့ပေါ်ရှိမိတ်ဆွေသင်္ဂဟများအား နှုတ်ဆက်ဧည့်ခံပွဲကို ကျင်းပရပေဦးမည်။

သည်အထဲ ပစ္စည်းပစ္စယများကို ထုပ်ရပိုးရသည့်အလုပ်ကလည်း အများသား။ သဘော်နှင့် တင်မည့် ပစ္စည်း၊ လေယာဉ်နှင့် တင်မည့်ပစ္စည်း၊ မိမိနှင့် တစ်ပါတည်း ယူမည့် ပစ္စည်း ခွဲခြမ်းကာ နေရာချရသည်။

သည်လိုအခါမျိုးတွင် အတူပါလာသူ သားတွေ၊ သမီးတွေ၏ ပညာရေးကို ထည့်သွင်း စဉ်းစားရပြန်သည်။ ပညာသင်နှစ်၏အစတွင် ပြောင်းရွှေ့ရလျှင် တော်ပါသေး၏။ နှစ်လယ် သို့မဟုတ် ကုန်ခါနီးမှ ဆိုလျှင် တစ်ပါတည်း ကျောင်းနုတ်ပြီး ခေါ်သွားမည်လော၊ အတန်းတင်စာမေးပွဲကြီး ပြီးဆုံးသည်အထိ ထားခဲ့ရမည်လော အစရှိသည့်ပြဿနာများကို စဉ်းစားဆုံးဖြတ်ကြရလေသည်။ ထားခဲ့မည်ဆိုလျှင် သူတို့၏ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးများကို စီစဉ်ရပြန်သည်။

တာဝန်ပြီးဆုံး၍ အစ္စလမ်မာဘတ်မြို့မှ အပြီးအပိုင် ထွက်ခွာတော့မည့် သံအမတ်ကြီးသည် သူထွက်ခွာမည့် နေ့ရက်အချိန်၊ မီးရထား သို့မဟုတ် လေယာဉ်နှင့် ထွက်ခွာသည် စသည်များကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်အတူ သံရုံး အကြီးအကဲများအား ကြိုတင် အကြောင်းကြားထားရလေသည်။ သို့မှသာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန် ဆက်သွယ်ရေး အရာရှိချုပ်နှင့် သံတမန်လောကမှ ရင်းနှီးသော ပုဂ္ဂိုလ်များ လေဆိပ်တွင် ဖြစ်စေ၊ မီးရထား ဘူတာရုံတွင် ဖြစ်စေ သွားရောက်ပို့ဆောင် နှုတ်ဆက်နိုင်ကြမည် မဟုတ်လား။

(၃)

၁၉၇၇–ခုနှစ်၊ ဇွန်လကုန်၍ ဇူလိုင်လသို့ ကူးလေပြီ။ အစ္စလမ်မာဘတ်၏ ရာသီဥတုသည် တစ်နေ့တခြား ပူသည်ထက်ပူလာသည်။ ပါကစ္စတန်နိုင်ငံ၏ နိုင်ငံရေးအပူရှိန်သည်လည်း ရာသီဥတုနှင့်အတူ ပို၍ပို၍ ပြင်းထန်လာလေသည်။

လွန်ခဲ့သော မတ်လတွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီးစီးခဲ့ပြီ။ ရွေးကောက်ပွဲမတိုင်မီ ဆွယ်တရားပွဲများ ကျင်းပရာတွင် တစ်ဘက်နှင့် တစ်ဘက် ပုတ်ခတ် ပြောဆိုကြသည်။ အချို့နေရာများတွင် ပဋိပက္ခမှုများ ဖြစ်ကြသည်။ ဆဲကြ၊ ဆိုကြ၊ အော်ကြ၊ ဟစ်ကြ၊ ရိုက်ကြ၊ နှက်ကြနှင့် ဆူပူမှု တွေ ဖြစ်ပွားသည်။ ဒဏ်ရာရသူတွေအများ သေသူတွေလည်း ရှိသည်။ ထို့ကြောင့် ခေတ္တမျှ အလည်အပတ် ရောက်ရှိနေကြသည့် သားနှင့်သမီးကို မောင်ပြုံးချိုသည် နေရာအနှံ့အပြား

လိုက်မပို့နိုင်ခဲ့။ ရွေးကောက်ပွဲပြီးလျှင် ထိုထိုသော လှိုင်းတံပိုးများ ငြိမ်သက်သွားလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ထိုအခါကျမှသာ သွားလိုရာ သွားကြမည်ဟု စိတ်ကူးထားကြသည်။ ကြံစည်ထားကြသည်။

သူတို့အကြံ မအောင်မြင်ခဲ့။ မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာ။ ရွေးကောက်ပွဲပြီးသွားသော်လည်း မုန်တိုင်းသည် ငြိမ်သက်မသွား ပို၍ပင် ပြင်းထန်လာသည်။

လက်ရှိဝန်ကြီးချုပ် မစ္စတာဘူတိုနှင့် သူ၏အဖွဲ့သည် မသမာသော နည်းဖြင့် အနိုင်ယူသည်ဟု အတိုက်အခံ အဖွဲ့အစည်းများ စွပ်စွဲကြသည်။ အတိုက်အခံ ကိုးဖွဲ့ ပူးပေါင်းကာ "ဝန်ကြီးချုပ် မဲခိုးသည်"ဟု ကြွေးကြော်ကြကုန်သည်။ ဆန္ဒပြပွဲများ ပြုလုပ်ကြသည်။ လက်နက်ကိုင်တို့နှင့် ပဋိပက္ခ ဖြစ်ကုန်ကြသည်။ ဒဏ်ရာရသူတွေ သေသူတွေ ရွေးကောက်ပွဲ မတိုင်မီကထက် များလာသည်။

ထို့ကြောင့် မောင်ပြုံးချိုတို့မိသားစုသည် ဝေးဝေးလံလံ ခရီးမထွက်နိုင်ခဲ့ကြ။

ယခုတော့ သားနှင့်သမီးပင် အမိနိုင်ငံသို့ ပြန်သွားကြလေပြီ။

သည်လိုနှင့် ဇူလိုင်လ ၄–ရက်နေ့သို့ ရောက်လာလေသည်။

အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးနေ့ ဖြစ်သည်။

၁၇၇၆–ခုနှစ် ဇူလိုင်လ ၄–ရက်နေ့တွင် တောင်အမေရိကရှိ ဗြိတိသျှ ကိုလိုနီများသည် ဗြိတိသျှလက်အောက်မှ ရုန်းထွက်ပြီးလျှင် ပြည်ထောင်စု တစ်ခုထူထောင်၍ လွတ်လပ်ရေး ကြေညာခဲ့ကြသည်။ ထိုနေ့သည် အမေရိကန် အမျိုးသားတို့အတွက် နေ့ထူးနေ့မြတ် ဖြစ်သည်။ သူတို့၏ အမျိုးသားနေ့ ဖြစ်သည်။

သူတို့၏ လွတ်လပ်ရေးသက်တမ်းသည် ၁၉၇၆–ခုနှစ်တွင် နှစ်ပေါင်း နှစ်ရာပြည့်ခဲ့သည်။ အစ္စလမ်မာဘတ်မြို့ရှိ အမေရိကန်သံရုံးသည် ယမန်နှစ်က နှစ် နှစ်ရာပြည့် အထိမ်းအမှတ်ပွဲကို ထူးခြားစွာ ကျင်းပခဲ့လေသည်။ ယခုဆိုလျှင် တစ်နှစ်ပင် လည်ပတ်ခဲ့ပြန်ချေပြီ။ ယခင် သံအမတ်ကြီးမစ္စတာဘိုင်ရဒ်ပင် အငြိမ်းစားယူသွားပြီး သူ့နေရာတွင် သံအမတ်အသစ် မစ္စတာဟင်မယ် ရောက်ရှိနေလေသည်။ သူသည် အမေရိကန်အမျိုးသားနေ့ ဧည့်ခံပွဲကို ကျင်းပလျက် ရှိလေသည်။

ယမန်နှစ်ကလို ကြီးကျယ်ခမ်းနားသည့် ညှော်ခံပွဲမျိုးကား မဟုတ်။ သည်တစ်ခါတော့ နေ့ခင်းတွင် သံအမတ်ကြီး၏နေအိမ်၌ပင် ကျင်းပသည့် ညှော်ခံပွဲဖြစ်သည်။ ခဲဘွယ်ဘောဇဉ်မျိုးစုံ၊ အဖျော်ယမကာမျိုးစုံနှင့် ညှော်ခံနေသည်။ သံအမတ်သစ်တစ်ဦးဖြစ်သူ မစ္စတာဟင်မယ်တို့ ဇနီးမောင်နှံသည် ကြွရောက်လာသည့်ညှော်သည်များကို အိမ်ပေါက်ဝမှ ခရီးဦးကြိုဆိုလျက် ရှိသည်။ နိုင်ငံအသီးသီးမှ သံအမတ်ကြီးများအပါအဝင် သံတမန်လောကမှ ပုဂ္ဂိုလ်များ၊ နိုင်ငံခြားရေးဌာနမှ အရာရှိကြီးများ၊ စစ်ဘက်နယ်ဘက်မှ ထိပ်တန်းပုဂ္ဂိုလ်များ အစုံအလင်ရောက်ရှိနေကြသည်။ နေ့ခင်းညှော်ခံပွဲဖြစ်၍ ညှော်သည်များတွင် အမျိုးသမီးတွေ မပါ။

မောင်ပြုံးချိုသည် ဟိုတစ်စု သည်တစ်စု စကားပြောဆိုနေကြသည့် မိတ်သင်္ဂဟများအား လိုက်လံနှုတ်ဆက်သည်။ ထို့နောက် သူသည် ညှော်ခန်းကျယ်ကြီးတွင် အလှပြထားသည့် ပစ္စည်းများကို လိုက်လံကြည့်ရှုနေလေသည်။ မြန်မာနိုင်ငံမှ ပစ္စည်းများကို တွေ့ရသဖြင့် အထူးစိတ်ဝင်စားနေမိလေသည်။ ကျွန်းသားကို ထွင်းထုထားပြီး ရွှေချထားသည့် ကနုတ်ပန်းခက်များနှင့် မြန်မာ့ယွန်းထည်ပစ္စည်းများ တမြတ်တနိုးထားရှိသည်။ တစ်နေရာတွင် မှန်စီရွှေချ ဆွမ်းအုပ်တစ်ခု တွေ့ရသဖြင့် အဖုံးအုပ်ကို ဖွင့်ကြည့်လိုက်ရာ 'ကိုညိုမြနှင့် ဇနီး'တို့၏ အမှတ်တရ လက်ဆောင်ဖြစ်ကြောင်း စာတမ်းကို တွေ့ရသည်။ စားပွဲတစ်ခုပေါ်တွင်ကား တစ်ပေခန့် အမြင့်ရှိသော ဘိုးဘိုးအောင်ရုပ်တုသည် ဝတ်ဖြူစင်ကြယ်နှင့် တောင်ဝှေးထောက်လျက် ရှိသည်။ မောင်ပြုံးချိုသည် ဘိုးဘိုးအောင်ကလေးကို အနီးကပ်လေ့လာရင်း'ဘိုးဘိုးအောင် တစ်ဆောင်နဲ့ ပေါ်လာသည်'ဟူသော နဂါးနီသီချင်းကို သတိရနေလေသည်။

ထိုခဏ၌ အနီးရှိ သုံးလေးယောက်စုစကားပြောနေရာသို့ မစ္စတာ ဟင်မယ် ရောက်လာသည်။ ထိုစကားပြောနေကြသော အုပ်စုတွင် မောင်ပြုံးချို ဝင်ရောက်လိုက်သည်။

"ဘယ့်နှယ့်လဲ ညအချိန်မတော်ကြီး ဝန်ကြီးချုပ်ကို သွားကောလ် လုပ်တာက ဘာများ အရေးကြီးလို့လဲ" သံအမတ်ကြီးတစ်ဦးက အမေရိကန် သံအမတ်ကြီးကို မေးလိုက်သည်။

ထိုနေ့ထုတ် သတင်းစာများထဲတွင် အမေရိကန် သံအမတ်သစ် မစ္စတာ ဟင်မယ်သည် ဝန်ကြီးချုပ် မစ္စတာဘူတိုအား ညသန်းခေါင်ယံတွင် သွားရောက်တွေ့ဆုံနှုတ်ဆက်ကြောင်း ပါရှိသည့်သတင်းကို ရည်ညွှန်း၍ မေးလိုက်ခြင်း

ဖြစ်သည်။ ထိုသတင်းစာနှင့်ပတ်သက်၍ သံတမန်လောကတွင် အမျိုးမျိုး ထင်ကြေး ပေးနေကြသည်။

"ဘာမှအရေးကြီးတဲ့ ကိစ္စမရှိပါဘူး။ လုပ်ရိုးလုပ်စဉ်အရ သွားနှုတ်ဆက်တာပါပဲ" မစ္စတာဟင်မယ်က ခပ်အေးအေး ဖြေသည်။

"ညမိုးချုပ်ကြီးဆိုတော့ အလွန်အရေးကြီးတဲ့ ကိစ္စပဲလို့ ထင်ကြတာပေါ့" တစ်ယောက်က မှတ်ချက်ပြုသည်။

"သံကြီးတမန်ကြီးတွေဆိုတော့ အတွေးခေါင်ကြတာပေါ့။ ရိုးရိုးလေးပါ မဆန်းပါဘူး။ ကျွန်တော် သံအမတ်ကြီးထံ ခန့်အပ်စာအပ်ပြီးကတည်းက ဝန်ကြီးချုပ်ကို ကောလ်လုပ်ဖို့ အချိန်တောင်းထားတာမရဘူး။ သူလဲ နိုင်ငံရေးကိစ္စတွေနဲ့ အလုပ်များနေတယ်လေ။ ကျွန်တော်တို့ အမျိုးသားနေ့လဲ နီးကပ်လာပြီ။ သူ့ကို ကျွန်တော်သွားမတွေ့ရင် ကျွန်တော်ဖိတ်တဲ့ အမျိုးသားနေ့ ဧည့်ခံပွဲကို ဘယ်သူတက်မလဲ။ ကျွန်တော်ကလဲ ဒီနေ့ ဝန်ကြီးချုပ်ကို သိပ်လာစေချင်တာ။ သူမလာရင် တချို့က တမျိုးမြင်နိုင်တယ်။ ဒါ့ကြောင့်လည်း ရတဲ့အချိန်မှာပဲ သွားတွေ့လိုက်ပါ"ဟု မစ္စတာဟင်မယ်က ရှင်းပြလေသည်။

"အခု သူလာမတဲ့လား" တစ်ယောက်က မေးလိုက်ပြန်သည်။

"လာပါလိမ့်မယ်။ သမ္မတကြီးနဲ့ သူနဲ့အတူတူ လာကြမယ်ထင်တယ်။ ဟော လာနေပြီ ထင်တယ်။ ကျွန်တော့်ကိုခွင့်ပြုပါဦး"

သူသည် ကပျာကသီနှင့် အိမ်ပေါက်ဝဆီသို့ လှမ်းထွက်သွားလေသည်။ မောင်ပြုံးချိုတို့သည် လာလမ်းကို လှမ်းမျှော်၍ ကြည့်နေကြလေသည်။

ခဏကြာသော် မစ္စတာဟင်မယ်သည် သမ္မတကြီးနှင့်ဝန်ကြီးချုပ်ကို ခရီးဦးကြိုပြုကာ ရှေ့ဆောင်ဝင်လာသည်။ သမ္မတကြီးနှင့် ဝန်ကြီးချုပ်သည် ရောက်နှင့်နေကြသော ဧည့်သည်သံအမတ်ကြီးကို ပြုံးရွှင်စွာ လက်များမြှောက်ကာ နှုတ်ဆက်ပြီးလျှင် အတွင်းဘက်ခန်းသို့ ဝင်သွားကြလေသည်။ သူတို့နောက်မှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး ဇီယာအူဟတ် အပါအဝင် ဗိုလ်ချုပ်ကြီးများ၊ ဗိုလ်မှူးကြီးများ လိုက်ပါသွားကြသည်။ ဧည့်သည်သံအမတ်ကြီးများသည် အခန်းထဲဝင်သွားလိုက် အပြင်ထွက်လာလိုက်နှင့် ဟိုတစ်စု သည်တစ်စု စကားပြောနေကြလေသည်။ အချို့လည်း စားသောက်ဖွယ်ရာများကို အလိုရှိသလို ယူငင်စားသောက်နေကြလေသည်။

သမ္မတကြီးနှင့် ဝန်ကြီးချုပ် ရှိနေသည့် အခန်းဆီမှ တဝါးဝါး တဟားဟား ရယ်သံများ မကြာခဏ ထွက်ပေါ်လာတတ်လေသည်။ စစ်တပ်မှ ကြည်း၊ ရေ၊ လေ အရာရှိကြီးများ ဝင်လိုက်ထွက်လိုက် သံတမန်များနှင့် စကားပြောလိုက်နှင့် လှုပ်ရှားနေကြသည်။ သမ္မတကြီး၏ စစ်ဘက်ဆိုင်ရာ အတွင်းဝန် ဗိုလ်ချုပ်ဟူစိန်သည် မောင်ပြုံးချို၏ လက်ဆောင် ဒူးယားဆေးပြင်းလိပ်များကို ချီးကျူးပြောဆိုနေလေသည်။ အားလုံးပင် ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော တသောသောနှင့်။

ရောက်ရှိနေသည်မှာ ကြာနေပြီဖြစ်သည့် သံအမတ်ကြီးများသည် ပြန်ချင်လှပေပြီ။ သို့သော် သံတမန်တို့ ထုံးတမ်းစဉ်လာအရ နိုင်ငံတော်၏ အထွတ်အထိပ်ပုဂ္ဂိုလ်ကြီး မပြန်မချင်း ထိုနေရာမှ ထွက်ခွာသွား၍ မဖြစ်။ ထို့ကြောင့် အောင့်အည်းကာ စောင့်ဆိုင်းနေကြရလေသည်။

မောင်ပြုံးချိုတို့ဝိုင်းတွင် သံအမတ်ကြီးသစ် မစ္စတာဟင်မယ်နှင့် ပတ်သက်၍ ထင်မြင်ချက်အမျိုးမျိုး ပေးနေကြသည်။

"မစ္စတာဟင်မယ်ဟာ တရုတ်စကား သိပ်တတ်တယ်တဲ့"

"သူတို့ တရုပ်ပြည်မယ် မွေးတာ၊ အတော်ကြီးတဲ့အထိ တရုတ်ပြည်မှာ နေခဲ့တာတဲ့"

"အခုရောက်လာတဲ့ အင်္ဂလိပ်သံအမတ်ကြီးလဲ တရုတ်စကား မွတ်နေအောင် တတ်တာပဲတဲ့"

"တစ်နေ့ တရုတ်သံအမတ်ကြီးရယ်၊ အင်္ဂလိပ်သံအမတ်ကြီးရယ်၊ မစ္စတာဟင်မယ်ရယ် တရုတ်လို ပြောနေလိုက်ကြတာ တကယ့် တရုတ်ကြီးတွေ ကျနေတာပဲ"

"ပါကစ္စတန်အတွက် အထူးရွေးချယ်လွှတ်လိုက်တဲ့ သံအမတ်ကြီးတွေပေါ့နော်"

"အရင် သံအမတ်ကြီးရော၊ ယခု သံအမတ်ကြီးရော ခင်ဗျားတို့ နိုင်ငံမယ်တာဝန်ထမ်းဆောင်ခဲ့ဖူးတယ်ဆိုတာ ဟုတ်သလား"ဟု ဥရောပမှ သံအမတ်ကြီးတစ်ဦးက မောင်ပြုံးချိုဘက်သို့ လှည့်မေးသည်။

မောင်ပြုံးချိုက ဟုတ်မှန်ကြောင်း ဖြေကြားလိုက်သည်။

"ကျွန်တော် တစ်ခုစဉ်းစားမိတယ်။ အမေရိကန် နိုင်ငံခြားရေးဌာနက ပါကစ္စတန်လွှတ်မယ့် သံအမတ်ကြီးတွေဟာ မြန်မာနိုင်ငံမယ် တာဝန်ထမ်းဆောင်ဖူးမှ အရည်အချင်း ပြည့်စုံတယ်လို့ သတ်မှတ်ထားတယ်နဲ့တူတယ်"ဟု အာရှမှ သံအမတ်ကြီးတစ်ဦးက မှတ်ချက်ပြုပြန်သည်။

"ခင်ဗျားပြောတဲ့အတိုင်းမှန်ရင် ယခင် သံအမတ်ကြီး ဘိုင်ရဒ်ထက် ယခု သံအမတ်ကြီးဟင်မယ်က ပိုပြီးအရည်အချင်းနဲ့ ပြည့်စုံတယ်"ဟု မောင်ပြုံးချိုက ဝင်နှောက်လိုက်သည်။

"ဘာပြုလို့"

"သံအမတ်ကြီး ဘိုင်ရဒ်က မြန်မာပြည်မယ် တစ်ကြိမ်ပဲ တာဝန်ထမ်းဆောင်ဖူးတယ်။ မစ္စတာဟင်မယ်က နှစ်ကြိမ်တောင်၊ ပထမတစ်ကြိမ် လာတုန်းက အမေရိကန် ပြန်ကြားရေးဌာနရဲ့ အကြီးအကဲအဖြစ်၊ ဒုတိယအကြိမ် သံအမတ်ကြီး အဖြစ်နဲ့ အဲဒါကြောင့် သူက အရည်အချင်းပိုတယ်လို့ ဆိုရမယ်"

သူတို့သည် အချိန်ဖြုန်းရင်း စကားမရှိစကားရှာ ဟာသနှောကာ ပြောချင်ရာ ပြောနေကြလေသည်။

သမ္မတကြီးနှင့် ဝန်ကြီးချုပ်သည် တစ်နာရီကျော်ကျော်ခန့် နေပြီးမှ ပြန်သွားကြလေသည်။ သည်တော့မှပင် မောင်ပြုံးချိုအပါအဝင် ဧည့်သည်များသည် တစ်ယောက်ပြီးတစ်ယောက် အိမ်သည်ကို နှုတ်ဆက်ကာ ထွက်ခွာသွားကြလေသည်။

ထိုနေ့ ထိုအချိန် ထိုနေရာ၌ မစ္စတာဘူတိုအား တွေ့ဆုံလိုက်ရခြင်းသည် နောက်ဆုံးအကြိမ်ဖြစ်လိမ့်မည် မောင်ပြုံးချို မသိခဲ့။

နောက်တစ်နေ့နံနက်စောစောတွင် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇီယာအူဟတ် ခေါင်းဆောင်ကာ စစ်တပ်က အာဏာသိမ်းကြောင်း ကြားရလေသည်။

ထိုနေ့သည် ၁၉၇၇-ခု၊ ဇူလိုင်လ ၅-ရက်၊ အင်္ဂါနေ့ ဖြစ်လေသည်။
ပါကစ္စတန်သည် သမိုင်းတစ်ကွေ့သို့ ရောက်လာပြန်ချေပြီ။

❋

# သပိုင်းမှတ်တိုင်တစ်ခု

(၁)

၁၉၇၇–ခု၊ ဇူလိုင်လ ၅–ရက်နေ့၊ နံနက် ခြောက်နာရီ။

ရေဒီယိုမှ ပါကစ္စတန်စစ်တပ်က အာဏာသိမ်းသည့် အကြောင်း ကြားရလေသည်။ နံနက် ရှစ်နာရီတွင် မောင်ပြုံးချို ရုံးသို့ရောက်သောအခါ ရုံးဝန်ထမ်းများသည် ထိုအကြောင်းကိုသာ ပြောဆိုနေကြလေသည်။ မြန်မာများထက် ပါကစ္စတန်နိုင်ငံသားများ ရုံးဝန်ထမ်းများသည် ပို၍ စိတ်လှုပ်ရှားနေကြလေသည်။ ဤသို့ အခြေအနေ ပြောင်းလဲသွားခြင်းသည် ကောင်းသည်ဟု ဆိုသူများ ရှိကြသလို မနှစ်သက်သူများလည်း ရှိလေသည်။

နေ့လယ်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီးများအား နှီးစပ်ရာ အဖွဲ့အလိုက် ဖိတ်ကြားပြီးလျှင် စစ်တပ်မှ အာဏာသိမ်းရာတွင် စစ်ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇီယာအူဟတ်က ခေါင်းဆောင်၍ စစ်ကောင်စီ ကြည်း၊ ရေ၊ လေမှ ဗိုလ်ချုပ်ကြီးများ ပါဝင်လေသည်။

အစ္စလမ်မာဘတ်ရှိ သံရုံးတိုင်းတွင် သည်အကြောင်းကိုသာ ပြောဆိုဆွေးနွေးကြပေလိမ့်မည်။ အချို့ သံရုံးများအဖို့ အံ့အားသင့်သွားကြမည် ဖြစ်သော်လည်း အချို့ကမူ "ဒီလို ဖြစ်တော့မယ်ဆိုတာ သိသားပဲ"ဟု ပြောသူများကလည်း ရှိလေသည်။ မိမိနိုင်ငံနှင့် တိုက်ရိုက် ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးရှိသူ အစိုးရထံ ချက်ချင်းသတင်းပို့ကြမည် ဖြစ်သည်။ ဤသို့ ဆက်သွယ်မှု မရှိသော သံရုံးများမှလည်း စကားဝှက်ဖြင့်သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း မိမိနိုင်ငံသို့ အစီရင်ခံနေကြပေတော့မည်။

http://www.cherrythitsar.org

ညနေ ခုနစ်နာရီတွင် အာဏာသိမ်းအဖွဲ့၏ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဇီယာအူဟတ်က ရုပ်မြင်သံကြားမှ အသံလွှင့်မိန့်ခွန်းပြောမည်ဟု ကြေညာထားသည်။ ထိုမိန့်ခွန်းပြောမည့် အချိန်ကို သံတမန်လောကမှ စိတ်ဝင်စားစွာ စောင့်မျှော်နေကြလေသည်။ မောင်ပြုံးချိုလည်း ညနေစာ စောစောစားကာ တစောင့်စောင့်။ ထိုနေ့ညနေ ဧည့်ခံပွဲ မရှိ၍ တော်တော့သည်။

သတ်မှတ်ထားသောအချိန်သို့ ရောက်ပါပြီ။

စစ်အုပ်ချုပ်ရေး အရာရှိချုပ် ရုပ်ပုံသည် ရုပ်မြင်သံကြားပေါ်တွင် ပေါ်လာသည်။ စကားစပြောသောအခါ အူရဒူဘာသာဖြင့် ပြောကြားလေသည်။ မောင်ပြုံးချို ဘာမှနားမလည်၊ အတော်စိတ်ညစ်သွားသည်။

သည်အထဲ တယ်လီဖုန်းက မြည်လာသဖြင့် ထ နားထောင်ရလေသည်။

"ဟဲလို မြန်မာသံအမတ်ကြီးလား" တစ်ဘက်မိတ်ဆွေ သံအမတ်ကြီး တစ်ဦးက မေးသည်။

"ဟုတ်ပါတယ်"

"ဗိုလ်ချုပ်ကြီး စကားပြောတာ နားထောင်နေသလား"

"ဟုတ်ပါတယ်"

"ဘာတွေပြောနေတာလဲ ဟဲ...ဟဲ"

"ခင်ဗျား နားမလည်ဘူးလား" မောင်ပြုံးချိုက နောက်ပြောင်လိုက်သည်။

"ဘယ်လည်မလဲ။ သူက အူရဒူဘာသာနဲ့ ပြောနေတာ ခင်ဗျားကော နားလည်လို့လား"

"ကျွန်တော်လည်း ခင်ဗျားလိုပါပဲ"

"သူက အင်္ဂလိပ်စကားလဲ ပြောတတ်သားနဲ့ အင်္ဂလိပ်လို ပြောရင် ပြီးရော"

"မကြာခင် ဘာသာပြန်ပြောပါလိမ့်မယ် ထင်တယ်။ အခုပြောနေတာက ခင်ဗျားတို့၊ ကျွန်တော်တို့အတွက် မဟုတ်ပါဘူး။ ပါကစ္စတန် ပြည်သူ ပြည်သားတွေ အတွက်ပါ"

တစ်ဖက်မှ ညည်းညည်းညူညူနှင့် တယ်လီဖုန်းကို ပြန်ချလိုက်လေသည်။

မျှော်လင့်ထားကြသည့်အတိုင်း ညကိုးနာရီတွင် စစ်အုပ်ချုပ်ရေး အရာရှိချုပ်၏ အသံလွှင့်ချက်ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုကာ ဖတ်ကြားပြလေသည်။

မည်သည့်အတွက် အာဏာသိမ်းရသည်ကို ရှင်းလင်း တင်ပြသွားသည်။ တိုင်းပြည်အတွင်း အေးချမ်းသာယာမှုရအောင် အစွမ်းကုန်ဆောင်ရွက် မည်ဟု ဆိုသည်။ ရက်ပေါင်းကိုးဆယ်အတွင်း ရွေးကောက်ပွဲ ကျင်းပပေးမည်ဟု ကတိ ပြုသွားလေသည်။

(၂)

မောင်ပြုံးချိုသည် နှစ်နှစ်ကျော်အတိတ်ကို ပြန်ပြောင်းစဉ်းစားနေမိလေသည်။

မောင်ပြုံးချိုသည် ပါကစ္စတန်သမ္မတကြီးထံ မိမိ၏ ခန့်အပ်လွှာ ပေးအပ် ပြီးစကတည်းက ဤသို့တွေ့ဆုံ နှုတ်ဆက်ရမည့် ပုဂ္ဂိုလ်စာရင်း ပြုလုပ်ထားသည်။ ဤစာရင်းတွင် ဝန်ကြီးချုပ်သည် ထိပ်ဆုံးမှ ဖြစ်ပါသည်။ နိုင်ငံခြားရေးဝန်ကြီး ဌာနမှတစ်ဆင့် ဝန်ကြီးချုပ်အား မိမိလာရောက်တွေ့ဆုံလိုသည့်အတွက် ဝန်ကြီး ချုပ် လက်ခံတွေ့ဆုံနိုင်မည့် နေ့ရက်၊ အချိန်၊ နာရီ စသည်များကို သတ်မှတ်ပေး ပါရန် မေတ္တာရပ်ခံထားပြီး ဖြစ်လေသည်။

အခြားဝန်ကြီးများ၊ အတွင်းဝန်များ၊ ဌာနအကြီးအကဲများကိုသာ တစ်ဦးပြီး တစ်ဦး တွေ့ဆုံနှုတ်ဆက်ပြီးသွားသည်။ ဝန်ကြီးချုပ်နှင့်တွေ့ဆုံရန်ကား ချိန်းဆို ချက် မရသေး။ သံတမန်လောက အသိုင်းအဝိုင်းတွင်လည်း ထိုကိစ္စကို မကြာခဏ မေးတတ်ကြသည်။

"ဝန်ကြီးချုပ်ကို ကောလ်လုပ်ပြီးပြီလား"ဟု မေးလျှင်"မတွေ့ရသေးဘူး၊ ရက်ချိန်းမရသေးဘူး"ဟူ၍ ဖြေနေရသည်။ ဝန်ကြီးချုပ်နှင့် မတွေ့ရသေးသော သံအမတ်ကြီးသည် 'လူညံ့'ဟု သမုတ်ချင်သယောင် မျက်နှာထားကို ဆောင်တတ် ကြသည်။ အချို့ကတော့ သက်သက်ညှာညှာ ပြောတတ်ကြပါသည်။

"တွေ့ရပါလိမ့်မယ်။ ဝန်ကြီးချုပ်က သိပ်အလုပ်များတယ် မဟုတ်လား"

ဤသို့ နှစ်သိမ့်သူများလည်း ရှိပါသည်။

တွေ့ပြီးပြီဟု ဆိုပြန်လျှင်လည်း ထပ်ဆင့်မေးခွန်း လာတတ်သေးသည်။

"ဘယ်လောက်ကြာအောင် စကားပြောခဲ့ရသလဲ"

http://www.cherrythitsar.org

ကြာကြာ လက်ခံစကားပြောသည်ဟုဆိုလျှင် အထင်ကြီးကြသည်။ "ခဏပါပဲ"ဟု ဆိုလျှင် အထင်သေးချင်သလိုလို။ ထို့ကြောင့် ဝန်ကြီးချုပ်နှင့် ဆယ်မိနစ်ခန့် တွေ့ခွင့်ပြုသူများကလည်း တစ်နာရီ၊ နှစ်နာရီကြာအောင် လေကန်ခဲ့ရသည်ဟု ကြွားချင်သူများ ရှိတတ်သည်ကိုလည်း သတိပြုမိပါသည်။

မောင်ပြုံးချိုသည် မြန်မာအမျိုးသားဝတ်စုံကို ဝတ်ဆင်သွားသည်။ ရာဝါပင်ဒီမြို့ရှိ ဝန်ကြီးချုပ်၏ နေအိမ်သည် တထပ်တိုက်ဖြစ်သည်။ ပန်းခြံအတွင်းဝယ် ပန်းမျိုးစုံ ဖူးပွင့်လျက်ရှိသည်။ ဆင်ဝင်အောက်တွင် မော်တော်ယာဉ် ထိုးဆိုက်လိုက်သည်နှင့် လုံခြုံရေးအရာရှိငယ်တစ်ဦးက တံခါးကိုဖွင့်ပေးသည်။ စစ် ယူနီဖောင်းအပြည့်အစုံ ဝတ်ဆင်ထားသူ ဗိုလ်ကြီးတစ်ဦးက ခရီးဦးကြိုပြုကာ ဧည့်ခန်းအတွင်းသို့ ခေါ်ဆောင်သွားသည်။ ဝန်ကြီးချုပ်သည် အခြားဧည့်သည် တစ်ဦးနှင့်အတူရှိနေသေးသ၍ ခေတ္တစောင့်ပါရန် သိမ်မွေ့စွာ ပြောဆိုသည်။ ခဏကြာသော် ကော်ဖီနှင့် မုန့်များ ရောက်ရှိလာသည်။

ဆယ့်ငါးမိနစ်ခန့်အကြာတွင် စစ်ဗိုလ်ကလေးသည် အခန်းတွင်းသို့ ပြန်ဝင်လာပြီး "ဝန်ကြီးချုပ် အဆင်သင့်ဖြစ်နေပါပြီ"ဟု အကြောင်းကြားလေသည်။ မောင်ပြုံးချိုသည် သူခေါ်ဆောင်ရာသို့ လိုက်ပါသွားလေသည်။ အခန်းတစ်ခု၏ တံခါးဝသို့ ရောက်သောအခါ အတူပါလာသူစစ်ဗိုလ်ကြီးက တံခါးရွက်ကို ဆွဲဖွင့်ပေးသည်နှင့် မောင်ပြုံးချိုသည် အတွင်းသို့ လှမ်းဝင်လိုက်သည်။ ဗိုလ်ကြီးသည် မောင်ပြုံးချို၏ အမည်ကို ပြတ်သားစွာ ရွတ်ဆိုကာ "မြန်မာနိုင်ငံသံအမတ်ကြီးပါ"ဟု မိတ်ဆက်ပေးသကဲ့သို့ ပြောကြားလိုက်လေသည်။

မောင်ပြုံးချိုသည် အခန်းလယ်ရှိ တစ်ခုသော ဆိုဖာပေါ်တွင် ထိုင်နေရာမှ မတ်တပ်ရပ်ကာ လက်ကမ်းကြိုဆိုနေသော ဝန်ကြီးချုပ် မစ္စတာ အလီဘူတိုကို တွေ့ရလေသည်။ မောင်ပြုံးချိုသည် သူ့ထံသို့ လျှောက်သွားပြီး ကမ်းထားသောလက်ကို ဆုပ်ကိုင်၍ "ယခုလို တွေ့ဆုံခွင့်ရတဲ့အတွက် အလွန်ဝမ်းမြောက်ကြောင်း"ပြောကြားလေသည်။ သူကလည်း "အစ္စလမ်မာဘတ်က ခရီးဦးကြိုပါကြောင်း" ပြောကြလေသည်။ နှစ်ဦးစလုံး ထိုင်မိကြသောအခါ"သံအမတ်ကြီး ကျွန်တော်နဲ့ တွေ့ဆုံဖို့ ရက်ချိန်းတောင်းထားတာ အတော်ကြာသွားပြီဆိုတာ သိရပါတယ်။ မတွေ့ဆုံနိုင်ဘဲ ကြန့်ကြာသွားတာကိုတော့ ခွင့်လွှတ်စေချင်ပါတယ်"ဟု ပြောကြားလေသည်။

http://www.cherrythitsar.org

"ဟုတ်ကဲ့ ကျွန်တော်နားလည်ပါတယ်။ ခုအတောအတွင်း ဝန်ကြီးချုပ် အလုပ်များနေတယ်ဆိုတာ သိပါတယ်။ ဒီလိုအလုပ်များနေတဲ့ကြားက အခုလို တွေ့ဆုံခွင့်ပေးတာကိုပဲ ကျေးဇူးတင် ဝမ်းမြောက်လှပါပြီ"ဟု မောင်ပြုံးချိုက ပြောလေသည်။

မစ္စတာဘူတိုသည် ဥရောပဝတ်စုံ အညိုရောင်ကို သပ်ရပ်စွာ ဝတ်ဆင်ထားသည်။ သူ့မျက်နှာမှာ အနည်းငယ် ချောင်ကျနေသည်။ နားထင်ဆံစများ ဖြူစပြုနေပြီး နဖူးပြောင်နေလေသည်။ သူ့အသက်မှာ ထိုစဉ်က လေးဆယ့်ကိုးနှစ်သာ ရှိသေးသည်။

သူ့ရုပ်ဆင်းသဏ္ဍာန်သည် သူ့အသက်ထက်ကြီးသည် ထင်ရသည်။ ဝန်ကြီးချုပ်ဖြစ်မှ မနေမနား အလုပ်လုပ်ရလွန်း၍ အရွယ်ကျရသည်ဟု သူ့ကို လေးစားသူများက ဆိုကြသည်။

သူနှင့် မောင်ပြုံးချိုတို့သည် မိနစ်သုံးဆယ်ခန့် မျက်နှာချင်းဆိုင် ထိုင်၍ စကားပြောနေကြသည်။ မောင်ပြုံးချိုက အနည်းငယ်သာ ပြောရသည်။ မစ္စတာဘူတိုက အများဆုံးပြောသည်။ မြန်မာနိုင်ငံ သမ္မတကြီးမှအစ သူ သိကျွမ်းသည့် မြန်မာခေါင်းဆောင်များ၏ ကျန်းမာရေးကို ပထမဆုံး မေးမြန်းသည်။

လယ်ယာစိုက်ပျိုးရေး၊ ဆန်တင်ပို့ဆောင်ရေး၊ စာတတ်မြောက်ရေး၊ အိမ်နီးနားချင်းနိုင်ငံများနှင့် ဆက်ဆံရေးတို့ကို မေးမြန်းသဖြင့် မောင်ပြုံးချိုက ဖြေရသည်။ ထို့နောက် သူ မြန်မာနိုင်ငံသို့ ရောက်ခဲ့စဉ်က အနှံ့အပြား လှည့်လည်ခဲ့သည့် သူ့အတွေ့အကြုံများကို စိတ်အားထက်သန်စွာ ပြောပြနေလေသည်။ ၁၉၇၄–ခုနှစ် မြန်မာနိုင်ငံသမ္မတကြီး ပါကစ္စတန်သို့ ချစ်ကြည်ရေးခရီး ကြွရောက်လာသည့်အကြောင်းများကိုလည်း ထည့်သွင်းပြောကြားသွားလေသည်။

"တကယ်ပါပဲ၊ အချိန်ရရင်တော့ ခင်ဗျားတို့ရဲ့ သာယာလှပတဲ့ နိုင်ငံကို နောက်ထပ်သွားချင်ပါသေးတယ်"

သူသည် ဤစကားကို တကယ်ပင် စိတ်ပါလက်ပါ ပြောလိုက်ခြင်း ဖြစ်လေသည်။

မောင်ပြုံးချိုသည် သူ့ကို နှုတ်ဆက်၍ နေရာမှထသောအခါ သူလည်း ထိုင်ရာမှထကာ လက်ကို တင်းကျပ်စွာဆွဲ၍ အားရပါးရ နှုတ်ဆက်သည်။

"ပါကစ္စတန်တွင် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ပျော်ရွှင်ချမ်းမြေ့ရှိလိမ့်မည်ဟု မျှော်လင့်ပါတယ်"ဟု ပြောလေသည်။

"အလုပ်တွေ များနေသည့်အထဲက ဒီလို တွေ့ဆုံခွင့်ပေးတဲ့အတွက် ဝမ်းသာလှပါတယ်"

"ဟာ ကျွန်တော်လဲ သံအမတ်ကြီးရဲ့ ရင်းနှီးနှီးတွေ့ဆုံ စကားပြောတဲ့အတွက် ဝမ်းမြောက်လှပါတယ်"

"စောစောက ဝန်ကြီးချုပ် အမိန့်ရှိခဲ့အတိုင်း ကျွန်တော်တို့ မြန်မာနိုင်ငံသွားရောက်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

"အဲဒီအကြံအစည် အကောင်အထည်ပေါ်အောင်တော့ ကျွန်တော် ကြိုးစားမှာပါ"ဟု ဆိုလေသည်။

သူသည် အခန်းပေါက်ဝအထိ လိုက်လာပြီး နောက်တစ်ခါ လက်ဆွဲနှုတ်ဆက်ပြန်သည်။ ဗိုလ်ကြီးက မော်တော်ယဉ်အထိ လိုက်ပို့လေသည်။

မစ္စတာဘူတို၏ ဧည့်ခန်းတံခါးရွက်များသည် ပြန်ပိတ်သွားလေပြီ။ မောင်ပြုံးချိုသည် သမင်လည်ပြန်ကြည့်လိုက်မိသည်။

(၃)

"တိုင်းရေးပြည်ရေး ပေါက်နှင့်ကျေး"ဟု ဆိုရိုးစကားရှိသည်။ ပေါက်ပင်ပေါ်နားနေသော ကြက်တူရွေးငှက်များကို ပေါက်ရွက်များနှင့် ခွဲခြား၍မရ။ ပေါက်က စိမ်းစိမ်း၊ ကျေးငှက်တွေကလည်း စိမ်းစိမ်း။ ထိုနည်းတူ တိုင်းရေးပြည်ရေးကိစ္စများကိုလည်း ပိုင်းခြားဝေဖန်ဖို့ ခက်ခဲလှသည်ဟု ဆိုလိုကြောင်း မှတ်သားခဲ့ဖူးသည်။ သို့သော် သံတမန်လောကတွင်ကား သည်လိုအရေးအခင်းများကို အမျိုးမျိုးဝေဖန် ပြောဆိုတတ်ကြသည်။ ထင်မြင်ချက်ပေးကြသည်။ ဟောကိန်းထုတ်ကြသည်။

၁၉၇၇-ခု၊ ဇူလိုင်လ ၅-ရက်နေ့ နံနက်စောစော စစ်တပ်အာဏာသိမ်းပြီးနောက် အစိုးရ အဖွဲ့ခေါင်းဆောင်များကို ထိန်းသိမ်းပြီးနောက် အစ္စလမ်မာဘတ်မြို့နှင့် သုံးဆယ့်နှစ်မိုင်ခန့် ဝေးကွာသည့် မာရေးအမည်ရှိသော တောင်စခန်းမြို့တွင် သီးခြားထားရှိသည်ဟု သိရသည်။

ဇူလိုင်လ ၁၂–ရက်နေ့တွင် စစ်အုပ်ချုပ်ရေးအရာရှိချုပ်က သံတမန်လောကမှ ပုဂ္ဂိုလ်များအား ဧည့်ခံပွဲတစ်ရပ် ကျင်းပသည်။ ညနေစောင်း မီးရောင်စုံထွန်းညှိထားသော ဥယျာဉ်အတွင်းဝယ် စစ်ဘက်နယ်ဘက် ပုဂ္ဂိုလ်များ အစုံအညီရောက်ရှိနေကြသည်။ (လွန်ခဲ့သော တနင်္ဂနွေတစ်ပတ်လောက်က ဆိုလျှင် မစ္စတာအလီဘူတို၏ အနီးတွင် ဝိုင်းနေကြမည့်ပုဂ္ဂိုလ်များသည် ထိုနေ့ညနေက ဗိုလ်ချုပ်ကြီး ဇီယာအူဟတ်၏အနီးသို့ တိုးဝင်နေကြလေသည်။) ဗိုလ်ချုပ်ကြီးသည်ယမကာဖန်ခွက်ကိုယ်စီ ကိုင်ကာ မြက်ခင်းပေါ်တွင် ဟိုတစ်စု သည်တစ်စုမတ်တတ်ရပ်ကာ ဝိုင်းဖွဲ့နေကြသူများအား လှည့်လည် နှုတ်ဆက်သည်။ ထို့နောက်တစ်နေရာတွင် ချထားသော ဆိုဖာဝိုင်းတစ်ခုပေါ်တွင် နေရာယူလိုက်ပြီး သံကြီးတမန်ကြီးများအား နှစ်ယောက်တစ်တွဲ သုံးယောက် တစ်တွဲ ခေါ်ယူတွေ့ဆုံကာနှုတ်ဆက်စကားပြောလေသည်။ သူနှင့်အတူ ကြည်း၊ ရေ၊ လေ ဗိုလ်ချုပ်ကြီးများလည်း ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

မောင်ပြုံးချိုအလှည့်သို့ ရောက်သောအခါ အခြားသံအမတ်ကြီးနှစ်ဦးနှင့်အတူ တွေ့ဆုံရသည်။ နိုင်ငံခြားရေးရုံး ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် ကသံအမတ်ကြီးနှင့် ဗိုလ်ချုပ်ကြီးအား မိတ်ဆက်ပေးလေသည်။ ထိုဝိုင်းတွင်ထူးထူးထွေထွေ အရေးကြီးသောစကားများကို မပြောကြ။ အာလာပ သလ္လာပစကားများကိုသာ ပြောဆိုကြသည်။

"ကျွန်တော် စစ်ပြီးခါနီး ဗြိတိသျှစစ်တပ်နဲ့ မြန်မာနိုင်ငံကို ရောက်ခဲ့သေးတယ်။ စစ်ကျောင်းကဆင်းပြီး ပြန်တမ်းဝင်အရာရှိဖြစ်စပေါ့။ ကျွန်တော်တို့တပ်က မုံရွာဘက် တာဝန်ကျတယ်၊ ခဏရောက်ပေမယ့် လှပသာယာလှတဲ့မြန်မာနိုင်ငံကို မမေ့ပါဘူး။ အဆင်ပြေရင် တစ်ခေါက်ပြန်ရောက်ချင်ပါတယ်"ဟုဗိုလ်ချုပ်ကြီး ဇီယာအူဟတ်က မောင်ပြုံးချိုဘက်သို့လှည့်၍ ပြောလေသည်။

"ဗိုလ်ချုပ်ကြီး ဆန္ဒရှိတဲ့အတိုင်း သွားရောက်နိုင်ပါစေလို့ ဆုတောင်းပါတယ်"

မောင်ပြုံးချိုက ရည်မွန်စွာ ပြန်ပြောလိုက်လေသည်။

http://www.cherrythitsar.org

(၄)

ပါကစ္စတန်၏ ပြည်တွင်းရေးပြောင်းလဲမှုများကား မြန်မာဆန်လှသည်။ သံတမန်လောကတွင်လည်း သည်အကြောင်းတွေကိုသာ ပြောဆိုနေကြသည်။

"ရက်ပေါင်း ကိုးဆယ်အတွင်း ရွေးကောက်ပွဲ ကျင်းပနိုင်ပါ့မလား"

"ကျင်းပပေးပါ့မလား"

"အစိုးရ အဖွဲ့ဝင် ဝန်ကြီးတွေနဲ့ အတိုက်အခံခေါင်းဆောင်တွေကို ဘယ်မှာထားသလဲ"

"ဘယ်တော့ ပြန်လွှတ်မတဲ့လဲ"

"သူတို့ အိမ်သားတွေနဲ့ တွေ့ကြရရဲ့လား"

ဤသို့လျှင် မေးကြ မြန်းကြ ဆွေးနွေးကြလေသည်။ သည်လို ပြောဆိုနေကြစဉ်မှာပင် သတင်းစာများတွင် ပြောင်းလဲဖြစ်ပျက်မှုများကို တွေ့မြင် ဖတ်ရှုနေကြရလေသည်။

ဗိုလ်ချုပ်ကြီးဇီယာအူဟတ်သည် ဇူလိုင်လ ၁၅–ရက်နေ့တွင် ထိန်းသိမ်းထားသည့် ခေါင်းဆောင်ကြီးများကို သီးခြားစီ သွားရောက်တွေ့ဆုံလေသည်။ ဝန်ကြီးချုပ်ဟောင်းမစ္စတာဘူတိုအား သွားရောက်တွေ့ဆုံသည့် သတင်းကို ဓာတ်ပုံနှင့်တကွ ဖော်ပြလိုက်သည်။

သည်လိုဆိုတော့ တစ်ဦးနှင့်တစ်ဦး နားလည်မှု ရှိနေကြပြီဟု ထင်ကြေးပေးကြသည်။

နောက်တစ်နေ့တွင် သက်ဆိုင်ရာ မိသားစုများအား အထိန်းအသိမ်းခံ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခွင့်ပေးသည့် သတင်းပါလာပြန်သည်။

နောက် ငါးရက်ခန့် ကြာသောအခါ ထိုအခွင့်အရေးကို ပြန်ရုပ်သိမ်းလိုက်လေသည်။ ရင်းနှီးသူများနှင့် တွေ့ဆုံရင်း နိုင်ငံရေးကို ဆွေးနွေးကြသည်။ ထိုဆွေးနွေးပြောဆိုချက်များ သတင်းစာများတွင် ဖော်ပြနေသောကြောင့် ဖြစ်သည်ဟု ဆိုလေသည်။

ဇူလိုင်လ ၂၈–ရက်နေ့တွင်မူ ထိန်းသိမ်းထားသူ ပုဂ္ဂိုလ်ကြီးများကို လွှတ်လိုက်လေသည်။

http://www.cherrythitsar.org

အထွေထွေရွေးကောက်ပွဲကို အောက်တိုဘာလ ၁၈–ရက်နေ့တွင် ကျင်းပမည်ဟု သတ်မှတ်လိုက်သည်။

ဩဂုတ်လ ၁–ရက်နေ့မှစ၍ နိုင်ငံရေးပါတီများအား လှုပ်ရှားစည်းရုံးခွင့်ပြုမည်ဟု ကြေညာသည်။ မဲဆွယ်တရားပွဲများ ကျင်းပခွင့်ပြုတော့မည်။

ဝန်ကြီးချုပ်ဟောင်း မစ္စတာဘူတို၏ ပြည်သူ့ပါတီက ရွေးကောက်ပွဲတွင် ယှဉ်အရွေးခံမည်ဟု ဆုံးဖြတ်လိုက်သည်။

အတိုက်အခံ အင်အားစုများက ယခင်အစိုးရလက်ထက်က ကျူးလွန်ခဲ့သူများကို တရားဥပဒေအရ အရေးယူရန် တောင်းဆိုလာသည်။ သတင်းစာများတွင် မစ္စတာဘူတိုအား ပုတ်ခတ်ရေးသားမှုများ နေ့စဉ်လိုလို ပါရှိလာသည်။ ဝန်ကြီးချုပ်ဖြစ်စဉ်က အာဏာအလွဲသုံးစားမှု၊ အစိုးရ ဘဏ္ဍာငွေများ၊ ပြည်ပမှ ထောက်ပံ့ငွေများကို အလွဲသုံးစားမှု၊ တရားဥပဒေအရ မဟုတ်ဘဲ မတရားချုပ်နှောင်ညှဉ်းဆဲမှု၊ နိုင်ငံတော် သစ္စာဖောက်မှု၊ တရားလွှတ်တော်ချုပ်ကို မထီမဲ့မြင်ပြုမှု၊ လူသတ်မှုအစရှိသော ပြစ်မှုပေါင်းစုံဖြင့် စွပ်စွဲခံနေရလေသည်။

ထိုစွပ်စွဲချက်များနှင့် ပတ်သက်၍ မစ္စတာဘူတို မည်သို့မျှ ချေပခြင်းမပြု။ သူ၏ လက်နက်နှင့် အင်အားမှာ ပြည်သူလူထုသာ ဖြစ်သည်ဟု ဆိုသည်။ သို့သော် ပြည်သူလူထုသည် သူ အားထားသလောက် အုံကြွမလာတော့။

သည်လို စွပ်စွဲခံနေရသော ပြစ်မှုပေါင်းစုံအနက်မှ တစ်ခုသာဖြစ်သော လူသတ်မှုဖြင့် စက်တင်ဘာ ၃–ရက်နေ့ နံနက်လေးနာရီတွင် မစ္စတာဘူတိုအား ဖမ်းဆီးလိုက်လေသည်။ သို့ရာတွင် အာမခံဖြင့် ၁၃–ရက်နေ့တွင် တရားရုံးမှ လွှတ်လိုက်လေသည်။

လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် မစ္စတာဘူတိုသည် အစိုးရကို အကြီးအကျယ် အတိုက်အခံပြုရင်း ရွေးကောက်ပွဲအတွက် စည်းရုံးလေသည်။ သို့ရာတွင် ပြင်ပတွင် ကြာကြာမနေလိုက်ရ။ ထိုလ ၁၇–ရက်နေ့တွင် စစ်မိန့်ကို ကျူးလွန်ဖောက်ဖျက်သည်ဆိုကာ သူ့အဖွဲ့ဝင် ဆယ်နှစ်ဦးနှင့်အတူ ပြန်လည် ဖမ်းဆီးခြင်းခံရပြန်သည်။

မစ္စတာဘူတိုအား ဖမ်းဆီးထားခြင်းကြောင့် ဆန္ဒပြပွဲ နေရာအနှံ့တွင် ပေါ်ပေါက်လာပြန်သည်။ စစ်အာဏာပိုင်များကလည်း ဆန္ဒပြရာ၌ ခေါင်းဆောင်ပါဝင်သူများကို ဖမ်းဆီးသည်။

သည်အတော်အတွင်း မစ္စတာဘူတိုနှင့် အပေါင်းအပါလေးဦးတို့အား လူသတ်မှုဖြင့် ရုံးတင် တရားစွဲဆိုသည်။

စွပ်စွဲခံရသည့် လူသတ်မှုမှာကား ၁၉၇၃–ခုနှစ်က ဖြစ်ခဲ့သည့် အမှု ဖြစ်သည်။ မစ္စတာဘူတိုနှင့် သဘောချင်းမတိုက်ဆိုင်၍ သူ့ပါတီမှ ခွဲထွက်သွားသူတစ်ဦးအား တစ်ညသ၌ မြို့ထဲမှာပင် လက်နက်ကိုင်တစ်စုက ချောင်းမြောင်းတိုက်ခိုက်သည်။ ရည်ရွယ်သူကိုမူ မထိ။ မော်တော်ယာဉ်ပေါ်တွင်အတူ ပါလာသည့် ထိုသူ၏ဖခင်ကို ထိမှန်သေဆုံးရသည့်အမှု ဖြစ်သည်။ တိုက်ခိုက်သူများမှာ လုံခြုံရေးတပ်ဖွဲ့မှ အရေးပါအရာရောက်သူများ ဖြစ်ကြသည်ဟု ဆိုသည်။ ထိုတပ်ဖွဲ့သည် မစ္စတာဘူတို၏ ခါးပိုက်ဆောင်တပ်ဖြစ်သည်ဟု သမုတ်ကြသည်။ မစ္စတာဘူတိုကမူ ထိုအမှုနှင့် လုံးဝပတ်သက်ခြင်းမရှိဟု ဆိုသည်။ စွဲချက်တင်ထားသောအခါ၌လည်း အပြစ်မရှိဟု ငြင်းသည်။ သို့ရာတွင် ထိုတပ်ဖွဲ့တွင် ညွှန်ကြားရေးမှူးချုပ် တာဝန်ကို ထမ်းဆောင်ခဲ့သူက ဖြောင့်ချက် ပေးထားရာ မစ္စတာဘူတို၏ ညွှန်ကြားချက်ဖြင့် ဤပြစ်မှုကို ကျူးလွန်ရပါသည်ဟု ထွက်ဆိုထားသည်။ ထိုသူသည် ဤအမှုတွင် အစိုးရသက်သေ ဖြစ်နေလေပြီ။

ထိုအမှုကို စစ်ဆေးနေသည်မှာ ခြောက်လခန့် ကြာမြင့်သည်။ မစ္စတာဘူတို ဝန်ကြီးချုပ် ဖြစ်စဉ်က အစိုးရ ရှေ့နေချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သူက ယခု တရားခံဖြစ်နေသူ မစ္စတာဘူတိုဘက်မှ လိုက်ပါဆောင်ရွက်သည်။

အမှုသွား အမှုလာကို သံတမန်လောကမှ ပုဂ္ဂိုလ်များ စိတ်ပါဝင်စားကြသည်။ သတင်းစာများတွင် ပါလာသည့် နှစ်ဖက်သက်သေထွက်ဆိုချက်များ၊ လျှောက်ထားချက်များကို သုံးသပ်ကြသည်။ ထင်မြင်ချက်တွေ အမျိုးမျိုး ပေးကြသည်။ ဧည့်ခံပွဲများတွင် သံတမန်တို့အတွက် သည်အကြောင်းသည် ဆွေးနွေးဖို့ ခေါင်းစဉ်တစ်ခု ဖြစ်နေသည်။

လက္ခဏာဟန်မကျချင်တော့

အနန္တ ခက်တွေ

ကံမှ အသက်ရှည်မည်

ကျမျက်ရည် ယိုစီး...

မောင်ပြုံးချိုသည် အချုပ်ခန်းတွင်းမှ ဝန်ကြီးချုပ်ဟောင်း မစ္စတာဘူတိုကို မြင်ယောင်ပြီး ဦးပုည၏ သံဝေဂတေးထပ် တစ်ပိုင်းတစ်စကို ညည်းမိလေသည်။

# ထိုသုံးနှစ်

(၁)

မောင်ပြုံးချို ပါကစ္စတန်မြို့တော် အစ္စလမ်မာဘတ်မြို့သို့ ရောက်ရှိနေသည်မှာ သုံးနှစ်နီးပါး ကြာခဲ့လေပြီ။

သုံးနှစ်ဟူသောကာလသည် ကြာမြင့်လှပြီဟု မဆိုသာ။ သို့ရာတွင် မောင်ပြုံးချိုတို့ မိသားစုအဖို့မှာမူ အတော်ပင် ကြာမြင့်နေပြီ။ ထိုသုံးနှစ်အတွင်း မြန်မာနိုင်ငံသို့ တစ်ခါတစ်ခေါက်မျှ ပြန်လည်မရောက်ရှိရသဖြင့်လည်း ပို၍ ကြာမြင့်သည်ဟု ထင်ရလေသည်။ အချို့သံရုံးများမှ သံအမတ်ကြီးများ၏ မိသားစုများနှင့် သံရုံးဝန်ထမ်းများသည် အနည်းဆုံး တစ်နှစ်တစ်ခါ မိမိရပ်ထံ သို့ပြန်ရန် အခွင့်အရေး ရရှိကြသည်။ မြန်မာသံရုံးမှ မြန်မာသံရုံးအဖွဲ့ဝင်များကို လည်း သူတို့ကဲ့သို့ပင် အခွင့်အရေး ရရှိသည်ဟု ထင်မှတ်နေကြသည်။

ထို့ကြောင့် မကြာခဏဆိုသလိုပင် "ဘယ်တော့ ပြန်ဦးမလဲ"ဟု မေးတတ်ကြသည်။

ထိုမေးခွန်းများကို အလွန်ပူပြင်းလှသော နွေရာသီအခါများ၌ မေးတတ်ကြသည်။ ဤသို့မေးလာသူတိုင်းကို "မပြန်ပါဘူးဗျာ။ ဘယ်မှ မသွားပါဘူးဗျာ။ ဒီမှာပဲ အနားယူနေမှာပါ"ဟု ပြန်လည်ဖြေကြားရသည်။

"ဒီလောက်ပူအိုက်တဲ့ ရာသီဒဏ်ကို ခင်ဗျားတို့ ခံစားနေရတာ မဆင်းရဲလှဘူးလား"ဟု ထပ်ဆင့် မေးမြန်းတတ်ကြသည်။

ဒီလိုဆိုတော့လည်း "ဒီကရာသီဥတုနဲ့ ကျွန်တော်တို့တိုင်းပြည်က ရာသီဥတုဟာ သိပ်မခြားနားလှပါဘူး"ဟု ဖြေရပြန်သည်။

“ဒီမှာနေတာလဲ ကျွန်တော်တို့အဖို့တော့ ဟောလီးဒေးရပြီး အနားယူ နေရသလိုပါပဲ”ဟု ထပ်ဆင့်ရှင်းလင်း ပြောကြားရလေသည်။

သာမန်အားဖြင့် ဧပြီမှ ဩဂုတ်လအထိ အလွန်ပူပြင်းလှသော နွေရာသီတွင် ဓနဥစ္စာကြွယ်ဝသော နိုင်ငံများမှ သံမတ်ကြီးများသည် ရာသီဥတု ကောင်းမွန်သော မိမိတို့နိုင်ငံသို့ ပြန်တတ်ကြသည်။ အခြားဥတု သပ္ပာယ မျှတသော နိုင်ငံခြားများ သို့လည်း သွားရောက်လည်ပတ်တတ်ကြသည်။ အချို့သံအမတ်များမှာမူ ပြည်ပသို့ လှည့်လည်သွားရောက်ခြင်း မပြုဘဲ အစ္စလမ်မာဘတ် မြို့နှင့် မိုင်သုံးဆယ်ကျော် မျှသာ ဝေးကွာသည့် တောင်စခန်းမြို့သို့သွားရောက် နေထိုင်တတ်ကြလေသည်။ အချို့အိမ်ပိုင်များရှိ၍ အချို့မှာမူ နွေအခါတွင် နေထိုင်ရန် သီးသန့်အိမ်များ ငှာရမ်းထားတတ်ကြသည်။

မောင်ပြုံးချိုတို့အတွက် နွေအခါတွင် မိမိအိမ်နှင့်ရုံး၌ လေအေးစက် တပ်ဆင်ထားသော အခန်းတွင်လည်းကောင်း၊ အလွန်အကဲ အေးချမ်းသော ဆောင်းတွင်းအခါတွင်မူ ဓာတ်မီးဖိုရှိသော အခန်းတွင်လည်းကောင်း အောင်း၍ သာ အချိန်ကုန်လွန်စေရသည်။

အပြင်ထွက်လျှင်လည်း မော်တော်ယာဉ်အတွင်း အပူအအေး ဓာတ်ပေး သော ကိရိယာများ တပ်ဆင်ထားသည်အလျှောက် ရာသီဥတုဒဏ်ကို အထိုက် အလျောက်ခံနိုင်ကြလေသည်။

သည်လိုနှင့် သုံးနှစ်ဟူသောအချိန်သည် တစ်စတစ်စ ကုန်လွန်ခဲ့လေ သည်။

တိုင်းပြည်က ပေးအပ်လိုက်သောတာဝန်များကို မလစ်ဟင်းရအောင် ဆောင်ရွက်ရင်း ပိုသမျှသောအချိန်ကို မိမိဝါသနာအလျောက် စာရေးခြင်း၊ စာ ဖတ်ခြင်းများဖြင့် ရက်မှလ၊ လမှနှစ်သို့ ကူးပြောင်းလာခဲ့လေသည်။

သူသည် မြန်မာပြည်မှ ထွက်ခွာရတော့မည် ဆိုကတည်းက ပြည်ပတွင် ဖတ်ရန် လိုအပ်မည်ထင်ရသော စာအုပ်များကို စုဆောင်းဝယ်ယူသွားခဲ့လေသည်။ ပြည်ပနိုင်ငံတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သည့် စာအုပ်များ လွယ်လင့်တကူ ဖတ်ရှုနိုင်လိမ့်မည်ဟု မျှော်လင့်ထားပြီး ဖြစ်သည့်အတိုင်း ယင်းစာအုပ်များကို ရှာဖွေစုဆောင်းခြင်း မပြုတော့ဘဲ မြန်မာဘာသာဖြင့် ရေးသားထုတ်ဝေသည့် စာအုပ်များကိုသာ ရှာဖွေယူဆောင်သွားခဲ့လေသည်။ ဘာသာရေးနှင့် ပတ်သက်

လျှင် ဗိနတ္တပကာသနီ၊ ငါးရာ့ငါးဆယ် ဝတ္ထုပေါင်းချုပ်၊ ဝိပဿနာစာအုပ်များ ပါမကျန် ဘုရားဈေးသို့ အပြေးအလွှား သွားရောက် ဝယ်ယူခဲ့လေသည်။ ထို့ပြင် ခေတ်ပေါ်ဝတ္ထုစာအုပ်တွေထဲမှာလည်း မိမိဖတ်လိုရာ စာအုပ်များကို တထုပ်တပိုး သယ်ဆောင်သွားခဲ့လေသည်။

ထိုစာအုပ်များသည် ပြည်ပတွင် ရောက်နေသော မောင်ပြုံးချိုအတွက် အထူးပင် အကျိုးပြုလေတော့သည်။ ဗိနတ္တပကာသနီကျမ်းမှာ သူငယ်စဉ်က မိအိုဖအိုများကို ဥပုသ်နေ့များတွင် ဖတ်ပြခဲ့ရသည်မှအပ သေချာဂနစွာ စနစ်တကျ ဖတ်ရှုလေ့လာခြင်းမပြုခဲ့ဖူးပေ။ ပြည်ပရောက်မှသာ ထိုစာအုပ်ကို အပြည့်အစုံ လေ့လာခွင့် ရှိလေတော့သည်။ ငါးရာ့ငါးဆယ် အစရှိသည့် ဝတ္ထုများကိုလည်း ငယ်စဉ်က ကြိုကြားကြိုကြားသာ ဖတ်ရှုခဲ့ရသော်လည်း ယခုအခါတွင် အတော် နှံ့စပ်အောင် ဖတ်ရှုခွင့် ရှိလေတော့သည်။ ထိုစာအုပ်များမှာ သံရုံးစာကြည့်တိုက် တွင်လည်းရှိပြီးသား ဖြစ်နေသောကြောင့် မိမိဝယ်သွားသည်မှာ အပိုပင် ဖြစ်နေပါ တော့သည်။ ဝိပဿနာကျမ်းစာအုပ်များနှင့် ပတ်သက်၍လည်း အစ္စလမ်မာဘတ် မြို့ ရောက်မှသာ စိတ်ပါဝင်စားစွာ လေ့လာနိုင်ခွင့် ရှိလေတော့သည်။

မြန်မာသံရုံးစာကြည့်တိုက်တွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်မျိုးစုံ ရှိပါ၏။ သို့ရာတွင် ရှေးနှစ်ပေါင်းများစွာက ထုတ်ဝေထားသော စာအုပ်များဖြစ်သောကြောင့် အတော်ပင် ဟောင်းနွမ်းနေလေပြီ။ များမကြာမီက ထုတ်ဝေသည့် ခေတ်မီစာအုပ်များ မရှိလှချေ။ မြန်မာဝတ္ထုစာအုပ်များလည်း မရှိသလောက်ပင် ရှားပါးလှသည်။ မြန်မာနိုင်ငံမှ မောင်ပြုံးချို ယူဆောင်သွားသော မြန်မာဝတ္ထုစာအုပ်များသည် သူ့အဖို့ အဖော်ကောင်းများ ဖြစ်နေလေသည်။ ဦးသိန်းဖေမြင့် ရေးသားသည့် 'အရှေ့ကနေဝန်း ထွက်သည့်ပမာ' စာအုပ်ကြီး နှစ်တွဲသည် ပြည်ပတွင် မောင်ပြုံးချို၏ အဖော်ကောင်းသဖွယ် ဖြစ်နေလေသည်။ သူရေးသားထားသည့် နောက်ခံသမိုင်းမှာလည်း မောင်ပြုံးချိုတို့ ကျောင်းသားဘဝ က လှုပ်ရှားမှုတွေ ပါဝင်နေသောကြောင့် သူသည် စာအုပ်ကိုဖတ်ရင်း နစ်မျော သွားပြီးလျှင် နှစ်ပေါင်းလေးဆယ်လောက် ပြန်ငယ်သွားလေသည်။ ထိုဝတ္ထုကို မြဝတီတွင် အခန်းဆက်အဖြစ် ရေးသားစဉ်က ကြိုကြားကြိုကြားသာ ဖတ်မိပြီး ဤမျှ စုံစုံလင်လင် အရသာရှိရှိ မဖတ်မိခဲ့ပေ။ သူ့ဝတ္ထု၏ အမည်မှာ အရှေ့က နေဝန်း ထွက်သည့်ပမာဟု ဆိုထားသောကြောင့် မောင်ပြုံးချိုတို့ ငယ်စဉ်က လက်သီးလက်မောင်းတန်းကာ အော်ဟစ်ကြွေးကြော်ခဲ့ရသည့် တို့ဗမာသီချင်းကို ပြန်လည်သတိရစေလေသည်။

ဒဂုန်တာရာကလည်း ‘တို့ခေတ်ကို ရောက်ရမှာ မလွဲပါ’ဟု ရှုမဝတွင် အခန်းဆက် ရေးသားနေသည်ကို ဖတ်ရပြန်သောအခါ မောင်ပြုံးချိုသည် ‘အဲဒါ တို့မြန်မာ’ဟူသော ဝတ္ထုရှည်တစ်ပုဒ်ရေးရလျှင် ကောင်းမည်လောဟု စိတ်ကူး ပေါက်နေလေသည်။

မြန်မာပြည်မှ ယူဆောင်သွားသော အခြားစာအုပ်ထုထုကြီးနှစ်အုပ်မှာ မြသန်းတင့် ဘာသာပြန်သည့် ‘စစ်နှင့် ငြိမ်းချမ်းရေး’နှင့် ဒဂုန်ခင်ခင်လေး ရေးသား သော ‘စာဆိုတော်’စာအုပ်များ ဖြစ်လေသည်။ ထိုစာအုပ်ကိုလည်း အစ္စလမ် မာဘတ်မြို့တွင်ရှိစဉ် အားလပ်ချိန်များတွင် ဖတ်ရှုရသည်မှာ အရသာရှိလှပေ သည်။

မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လစဉ်ပေးပို့သော မဂ္ဂဇင်းများကို မိသားစုများ အလုအယက် ဖတ်ရှုကာ အမိနိုင်ငံကို အလွမ်းဖြေကြရလေသည်။

မောင်ပြုံးချိုအဖို့ မြန်မာနိုင်ငံမှ အထူးဂရုပြု၍ စာအုပ်များ ပေးပို့နေသူမှာ လူထုဦးလှနှင့် ဒေါ်အမာတို့ ဖြစ်လေသည်။ သူတို့ဇနီးမောင်နှံသည် သူတို့ထုတ်ဝေ သမျှသော စာအုပ်များကို မောင်ပြုံးချိုတို့ မိသားစုထံသို့ အမြဲတစေ ဂရုတစိုက် စာတိုက်မှပေးပို့နေသဖြင့် အထူးပင်ကျေးဇူးတင်ရလေသည်။ လေယာဉ်ဖြင့် ပေးပို့ရသောကြောင့်ပင် ပေးပို့ခစရိတ်သည် စာအုပ်ဈေးထက်ပင် ကြီးမြင့်နေသည်ကို တွေ့ရလေသည်။ တော်ရုံတန်ရုံစေတနာဖြင့် ဤသို့ ဂရုတစိုက်ပို့နိုင်မည် မဟုတ် ပေ။ မောင်ပြုံးချိုတို့ မိသားစုသည် ဦးလှ၊ ဒေါ်အမာတို့ထံမှ စာအုပ်များရရှိတိုင်း ဝမ်းမြောက်မဆုံး ဖြစ်ကြရပေသည်။

သူတို့ ဇနီးမောင်နှံသည် စာပေသမားများ ဖြစ်ကြသည့်အလျောက် ပြည်ပ ရောက်မြန်မာများ မြန်မာစာငတ်ကြသည့်အကြောင်းကို သိရှိကြဟန် တူသည်။ လွန်ခဲ့သော ဆယ့်ငါးနှစ်လောက်က မောင်ပြုံးချိုသည် ဂျပန်နိုင်ငံသို့ လေ့လာရေး ခရီး ထွက်ခဲ့ဖူးရာ ဦးလှနှင့် ဒေါ်အမာတို့က ယင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်နေ သော သူတို့၏မိတ်ဆွေတစ်ဦးထံသို့ မြန်မာစာအုပ်များ လက်ဆောင်ပါးလိုက် သည်ကို သယ်ဆောင်သွားခဲ့ရဖူးလေသည်။ ယခုလည်း ပါကစ္စတန်နိုင်ငံတွင် ရောက်ရှိနေသော မောင်ပြုံးချိုသည် မြန်မာစာအုပ်များ ဖတ်ရှုချင်လိမ့်မည်ဟု ကိုယ်ချင်းစာတရား ထားရှိကာ ဂရုတစိုက် ပေးပို့နေသည့်အတွက် ကျေးဇူးတင် မဆုံး ဖြစ်ရလေသည်။

http://www.cherrythitsar.org

သံရုံးစာကြည့်တိုက်တွင်လည်း မြန်မာပြည်မှ ထုတ်ဝေသည့် စာအုပ်များကို တွေ့ရှိရလေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိပြီးသည့်နောက်ပိုင်း နိုင်ငံတော်အစိုးရက ထုတ်ဝေခဲ့သည့် နှစ်ပတ်လည်မှတ်တမ်းစာအုပ်များနှင့် ရှေ့သို့ စာစောင်များကိုပါ ရှာဖွေဖတ်ရှုရသည်။ ထို့ကြောင့် သုံးနှစ်အတွင်း မြန်မာနိုင်ငံသို့ ပြန်လည်မရောက်ရှိသော်လည်း ထိုစာအုပ်များတွင်ပါသည့် ဆောင်းပါး၊ ဝတ္ထု၊ ဓာတ်ပုံစသည်များကို တွေ့မြင်ဖတ်ရှုကာ အမိနိုင်ငံကို အလွမ်းဖြေကြရလေသည်။

ပြည်ပမှာထုတ်ဝေသည့် အင်္ဂလိပ်စာအုပ်မျိုးစုံကိုမူ အစ္စလမ်မာဘတ်၊ ရာဝါပင်ဒီနှင့် လာဟိုမြို့ကြီးများရှိ စာအုပ်ဆိုင်ကြီးများတွင် မျိုးစုံဝယ်ယူဖတ်ရှုနိုင်လေသည်။ သို့သော်ငြားလည်း အဖိုးနှုန်းများမှာ မသေးငယ်လှသောကြောင့် ဖတ်ရှုလိုသော စာအုပ်တိုင်းကို မဝယ်ယူနိုင်ချေ။ ထို့ကြောင့် မောင်ပြုံးချိုတို့ မိသားစုသည် မကြခဏပင် စာအုပ်ဟောင်းဆိုင်သို့ သွားရောက်ကာ ဖတ်ရှုလိုသောစာအုပ်များကို တွေ့နိုးနိုးနှင့် မွှေနှောက်ရှာဖွေ ဝယ်ယူတတ်ကြသည်။ ထိုစာအုပ်များကို ထက်ဝက်ဈေး (သို့မဟုတ်) သုံးပုံတစ်ပုံ ဈေးမျှဖြင့် ရရှိတတ်ကြသည့်ပြင် ဖတ်ရှုပြီးသောအခါ၌လည်း ထိုဆိုင်သို့ပင် ပြန်လည်ရောင်းချနိုင်ကြသည်။ သို့ရာတွင် မူလဝယ်ယူခဲ့သော ဈေးကိုတော့ ရတော့မည် မဟုတ်ပေ။

(၂)

အစ္စလမ်မာဘတ်မြို့တွင် မောင်ပြုံးချို တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ပြည်ပနိုင်ငံများမှ ချစ်ကြည်ရေးခရီး လှည့်လည်ရောက်ရှိလာကြသော နိုင်ငံအထွတ်အထိပ် ပုဂ္ဂိုလ်ကြီးများအား လေဆိပ်သို့သွားရောက် ကြိုဆိုရသည့် အလုပ်သည်လည်း တစ်ခုအပါအဝင် ဖြစ်လေသည်။ ရောက်ရှိလာသည့်အခါ သွားရောက်ကြိုဆိုရသည်သာမက ပြန်လည်ထွက်ခွာသောအခါ၌လည်း လိုက်လံ ပို့ဆောင်ကြရလေသည်။

နိုင်ငံတစ်ခုမှ ပုဂ္ဂိုလ်ကြီးတစ်ဦးဦး ရောက်ရှိလာတော့မည်ဆိုလျှင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံရုံးများသို့ အကြောင်းကြားလိုက်လေသည်။ ထို ပုဂ္ဂိုလ်ကြီးလာရောက်ရာတွင် ဇနီးသည်ပါ ပါရှိလာမည် ဖြစ်ပါက ယင်းသို့ ပါရှိလာမည့် အကြောင်းကို ထည့်သွင်းဖော်ပြတတ်သည်။ ဤသို့ဆိုလျှင် လေဆိပ်သို့ သွားရောက် ကြိုဆိုရာ၌ သံအမတ်ကြီးသာမက သံအမတ်ကြီး၏ ဇနီးကိုပါ လာရောက်

ကြိုဆိုစေလိုသည့်သဘော ဖြစ်လေသည်။ ထိုအခါများတွင် သံအမတ်ကြီးများသည် လေဆိပ်သို့ ချိန်းဆိုထားသည့်အချိန်ထက် နောက်မကျအောင် သွားကြရသည်။

လေဆိပ်တွင် လေယာဉ်ဆိုက်မည့် နေရာနှင့် မလှမ်းမကမ်း၌ ရဲလောင်းသဖွယ် မဏ္ဍပ်ကြီး ထိုးထားရာ ထိုမဏ္ဍပ်အတွင်းတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တကွ သံအမတ်ကြီးများသည် ဝါစဉ်အလိုက် တန်းစီရပ်နေကြရလေသည်။ အကယ်၍ ရောက်ရှိလာမည့်ပုဂ္ဂိုလ်သည် သမ္မတသော်လည်းကောင်း ဘုရင်သော်လည်းကောင်း၊ နိုင်ငံအထွတ်အထိပ် ပုဂ္ဂိုလ်ဖြစ်လျှင် ပါကစ္စတန်သမ္မတကြီးကိုယ်တိုင် ကြွရောက် ကြိုဆိုတတ်လေသည်။ အကယ်၍ ဝန်ကြီးချုပ်တစ်ဦးလာမည်ဆိုလျှင်ကား ဝန်ကြီးချုပ် အမှူးပြုသည့် အစိုးရအဖွဲ့ဝင် လူကြီးများနှင့် အတွင်းဝန်များ၊ သံအမတ်ကြီးများသာ လာရောက်ကြိုဆိုကြသည်။

ဧည့်သည်တော်ကြီးသည် လေယာဉ်မှ ဆင်းလာသောအခါ ရာထူး အဆင့်အတန်းအလျောက် အမြောက်များ ပစ်ဖောက်ကြိုဆိုသည်။ ထို့နောက် ကိုယ်ရံတော်တပ်၏ အလေးပြုခြင်းကို ခံယူရန် စင်မြင့်ပေါ်သို့ တက်ရောက်သွားလေသည်။ ကိုယ်ရံတော်တပ်ကို စစ်ဆေးခြင်း၊ အလေးပြုခြင်းများ ခံယူပြီးသည်နှင့် ဧည့်သည်တော်ကြီးသည် လာရောက်ကြိုဆိုသူများအား တစ်ဦးစီ လက်ဆွဲနှုတ်ဆက်သွားလေသည်။ ကြိုဆိုသူများလျှင် များသလောက် လူတိုင်းကို နှုတ်ဆက်သွားရသည်။ ဧည့်သည်တော်ကြီးအတွက် သက်သာလှသည့် အလုပ် မဟုတ်ပေ။ သည်အထဲတွင် သနားစရာအကောင်းဆုံးပုဂ္ဂိုလ်မှာ သံတမန် ဆက်သွယ်ရေး အရာရှိချုပ်ဖြစ်သည်။ သူသည် သံအမတ်ကြီးများအား ဧည့်သည်ကြီးနှင့် မိတ်ဆက်ပေးရာတွင် သံအမတ်ကြီးအမည်နှင့်တိုင်းပြည်ကို ရွတ်ဆို မိတ်ဆက်ပေးရသည့်အတွက် မမှားမယွင်းရအောင် အထူးပင် လေ့ကျင့်ထားရမည်။ အချို့ရှည်လျားစွာ ရွတ်ဆိုရသော နိုင်ငံများအတွက် အထစ်အငေါ့ မရှိအောင် အထူးဂရုပြုရရှာသည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ သူသည် မကြာခဏ တောင်းပန်စကား ပြောကြားတတ်သည်။ မောင်ပြုံးချို၏အမည်ကို မှတ်မိနေပြီး လွယ်ကူစွာမိတ်ဆက်ပေးနိုင်သော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူသော အမည်ကို အင်္ဂလိပ်ဘာသာဖြင့် ရွတ်ဆိုရာ၌ အလွဲလွဲအချော်ချော် ဖြစ်မည်ကို စိုးရိမ်ဟန် ရှိသည်။ ထို့ကြောင့် "သံအမတ်ကြီးခင်ဗျား၊ ကျွန်တော့်ကို တစ်ခုတော့ ခွင့်ပြုစေချင်ပါတယ်။ ယခု ရောက်ရှိလာမယ့် ဧည့်သည်တော်ကြီးနဲ့ သံအမတ်ကြီးကို မိတ်ဆက်ပေးတဲ့အခါမယ် မြန်မာနိုင်ငံသံအမတ်ကြီးလို့ပဲ မိတ်ဆက်ပေးပါရစေ"ဟု ကြိုတင်၍ တောင်းပန်ထားတတ်လေသည်။

သည်အထဲကပင် တကယ်မိတ်ဆက်ပေးသောအခါ အမှားမှား အယွင်းယွင်း ဖြစ်တတ်သေးသည်။ သံအမတ်ကြီး၏အမည်နာမ အခေါ်အဝေါ်ကို ပီသအောင် မရွတ်ဆိုတတ်သည်သာမက သက်ဆိုင်ရာနိုင်ငံ၏အမည်ကိုလည်း မှားယွင်းစွာ ခေါ်ဝေါ်တတ်လေသည်။ မောင်ပြုံးချိုသည်(ယူ–အေ–အီး)ခေါ် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီးနှင့် နီးကပ်စွာ ရပ်လျက်ရှိရာ သံတမန် ဆက်သွယ်ရေး အရာရှိချုပ်သည် (ယူ–အေ–အီး)၏ အရှည်ကောက်ကို ရွတ်ဆိုရာ၌ (ယူ–အက်စ်–အေ)၏ အရှည်ကောက် ရွတ်ဆိုသကဲ့သို့ အမေရိကန် ပြည်ထောင်စုဟု မကြာခဏ မှားယွင်းရွတ်ဆိုတတ်သည်ကို ကြားရလေသည်။ ထိုအခါ သံတမန်ဆက်သွယ်ရေး အရာရှိချုပ်သည် ရုတ်တရက် ပြင်ဆင်ရွတ်ဆိုလိုက်သော်လည်း အနီးအနားရှိ ကြားလိုက်ရသူတို့အဖို့ ရယ်ချင်စိတ်ကို ချုပ်တည်းကာ မသိမသာ ပြုံးကြလေသည်။ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီးသည် အများအားဖြင့် ဥရောပဝတ်စုံကို ဝတ်ဆင် လာတတ်သော်လည်း တစ်ခုသော ကြိုဆိုနှုတ်ဆက်ပွဲတွင်မူ အာရပ် အဝတ်အစားများကို ဝတ်ဆင်လာခဲ့သည်။

"ဒီနေ့တော့ ဧည့်သည်တော်ကြီးနဲ့ မိတ်ဆက်ပေးရာမယ် မမှားအောင်လို့ ကျွန်တော့်အမျိုးသားဝတ်စုံကို ဝတ်လာခဲ့တာပဲ"ဟု အနီးတွင် ရှိသော သံတမန်ကြီးများအား ပြောကြားနေလေသည်။ သို့ရာတွင် ဧည့်သည်တော်ကြီး ရောက်ရှိလာ၍ သံကြီးတမန်ကြီးများနှင့် ဝါစဉ်အလိုက် မိတ်ဆက်ပေးရာတွင် သံတမန်ဆက်သွယ်ရေး အရာရှိချုပ်သည် မှားနေကျအတိုင်း မှားယွင်း မိတ်ဆက်လိုက်ပြီးမှ ရုတ်တရက် ပြန်လည်ပြုပြင်လိုက်ရလေသည်။ ဧည့်သည်တော်ကြီး လေးငါးလှမ်းမျှ ဝေးကွာသွားသောအခါ အာရပ်အဝတ်အစားများကို ဝတ်ဆင်ထားသော အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီးသည် မိမိနဖူးကို လက်ဝါးနှင့်ရိုက်လျက် "ကြည့်ကြစမ်းပါဦး။ မမှားနိုင်အောင်လို့ ဒီအဝတ်အစားကြီး ဝတ်လာတာတောင် မှားဖြစ်အောင် မှားလိုက်သေးတယ်"ဟု ပြုံးတမဲ့မဲ့နှင့် ပြောကြားလေသည်။

သံအမတ်ကြီးများသည် ပြည်ပမှရောက်ရှိလာသည့် နိုင်ငံခြား ခေါင်းဆောင်ကြီးများကိုသာ လေဆိပ်တွင် သွားရောက်၍ ကြိုဆို ပို့ဆောင်ကြရသည် မဟုတ်။ ပါကစ္စတန်နိုင်ငံမှ သမ္မတကြီးသော်လည်းကောင်း၊ ဝန်ကြီးချုပ်သော်လည်းကောင်း ပြည်ပသို့ အကြောင်းအမျိုးမျိုးကြောင့် ခရီးထွက်ခွာသည့်အခါများ၌လည်း ဤသို့

http://www.cherrythitsar.org

ပင် ပို့ဆောင်နှုတ်ဆက်ကြရလေသည်။ ပြည်လည် ရောက်ရှိလာသောအခါ၌လည်း အလားတူပင် ဝါစဉ်အလိုက် တန်းစီရပ်ကာ ကြိုဆိုကြရလေသည်။

(၃)

သံတမန်တို့၏ တာဝန်ဝတ္တရားတစ်ခုတွင် မိတ်ဆွေနိုင်ငံ၏ ခေါင်းဆောင်ကြီးများ ကွယ်လွန်အနိစ္စ ရောက်သောအခါများ၌ ဝမ်းနည်းကြေကွဲသည့် အထိမ်းအမှတ် အပြုအမူကို ပြသရမည် ဖြစ်ပေသည်။

သုံးနှစ်သုံးမိုး အစ္စလမ်မာဘတ်မြို့တွင် တာဝန် ထမ်းဆောင်ခဲ့သော မောင်ပြုံးချိုသည် ယင်းကဲ့သို့သော အချိန်အခါများနှင့် ဆုံဆည်းခဲ့ရသည်မှာ မနည်းလှပေ။ ထိုအခါများတွင် မိမိရုံးစိုက်ရာ နိုင်ငံ၏ပြုမူဆောင်ရွက်ချက်များကို ကြည့်၍ မိမိသံရုံးမှလည်း သံတမန်တို့ ထုံးစံအရ လိုက်နာဆောင်ရွက်ရလေသည်။

ဥပမာအားဖြင့် မိတ်ဆွေနိုင်ငံတစ်ခုမှ ခေါင်းဆောင်တစ်ဦးဦး ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရလျှင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ မည်သည့်နိုင်ငံမှ မည်သည့်ခေါင်းဆောင်ကြီး ကွယ်လွန်အနိစ္စ ရောက်သည့်အတွက် ရက်ပေါင်းမည်မျှ ဝမ်းနည်းခြင်း အထိမ်းအမှတ် ပြသမည်ဖြစ်ကြောင်း သံရုံးများသို့ အကြောင်းကြားလေသည်။ ထိုအခါ ကွယ်လွန်သူ ခေါင်းဆောင်ကြီးအတွက် ဝမ်းနည်းသည့် အထိမ်းအမှတ်ကို ပြသောအားဖြင့် သံရုံးနှင့် သံအမတ်ကြီးများ၏နေအိမ်တွင် လွှင့်ထူထားသော အမျိုးသားအလံကို တိုင်ဝက်သို့လျှော့ချထားကြရလေသည်။ ဝမ်းနည်းခြင်း အထိမ်းအမှတ် ကန့်သတ်သည့်အချိန်ကာလ ကျော်လွန်မှသာလျှင် မိမိတို့အလံများကို တိုင်ထိပ်သို့ ပြန်လည်လွှင့်တင် ကြရလေသည်။ သက်ဆိုင်ရာ သံရုံးများမှလည်း မိမိတို့နိုင်ငံမှမည်သည့် ခေါင်းဆောင်ကြီး ကွယ်လွန်အနိစ္စ ရောက်သွားကြောင်း ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် လက်မှတ်ရေးထိုးရန် မှတ်တမ်းစာအုပ်ကို မည်သည့် နေ့ရက်တွင် မည်သည့်အချိန်မှ မည်သည့်အချိန်ထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သံရုံးအသီးသီးသို့ အကြောင်းကြားလေသည်။ ထိုအခါ မိတ်ဆွေနိုင်ငံများ၏ သံအမတ်ကြီးများ သာမက ရင်းနှီးမှုရှိလျှင်ရှိသလို သံရုံးအဖွဲ့ဝင်များပါ သက်ဆိုင်ရာသံရုံးသို့ သွားရောက်ပြီး ဝမ်းနည်းကြောင်း မှတ်ချက်များ ရေးသား၍ လက်မှတ် ရေးထိုးကြရသည်။

အိမ်ရှင်ဖြစ်သော ပါကစ္စတန်နိုင်ငံအတွက်မူ ကွယ်လွန်သူ ပုဂ္ဂိုလ်၏ ဂုဏ်ဒြပ်နှင့် အရေးပါအရာရောက်မှုကို အခြေပြု၍ နိုင်ငံခြားရေး ဝန်ကြီးသော်လည်းကောင်း၊ ဝန်ကြီးချုပ်သော်လည်းကောင်း၊ သမ္မတကြီးသော်လည်းကောင်း၊ သုံးဦးစလုံးသော်လည်းကောင်း သက်ဆိုင်ရာ သံရုံးသို့ သွားရောက်ကာ ဝမ်းနည်းစကားများ ပြောဆိုခြင်း၊ ဝမ်းနည်းကြောင်း မှတ်တမ်းလက်မှတ် ရေးထိုးခြင်းများကို ပြုကြလေသည်။

သက်ဆိုင်ရာသံရုံးအတွင်း တခမ်းတနား သပ်ရပ်စွာ ပြုပြင်ထားသော အခန်းအလယ်တွင် ကွယ်လွန်သူ ပုဂ္ဂိုလ်ကြီး၏ဓာတ်ပုံကို ချိတ်ဆွဲထားတတ်သည်။ သို့တည်းမဟုတ် စားပွဲတစ်ခုပေါ်တွင် ရှိသေသမှုပြုကာ ထောင်တင်ထားပြီး ပန်းများဝေဝေဆာဆာ ပြုပြင်ထားတတ်လေသည်။ ထိုရှေ့တွင် လက်မှတ်ထိုးရန် မှတ်တမ်းစာအုပ်ကို အဆင်သင့် ထားရှိလေသည်။ ဝမ်းနည်းကြောင်းမှတ်တမ်းတင် လက်မှတ်ရေးထိုးရန် ရောက်ရှိလာသည့်ပုဂ္ဂိုလ်သည် အခန်းဝတွင် စောင့်ကြို နေသော အိမ်ရှင်သံအမတ်ကြီးနှင့် သံရုံးအဖွဲ့ဝင်များအား ဝမ်းနည်းစကားကို ပြောဆိုရင်း တစ်ဦးစီ လက်ဆွဲနှုတ်ဆက်ပြီးနောက် မှတ်တမ်းစာအုပ်ထားရှိရာသို့ သွားရောက်ပြီးလျှင် ဝမ်းနည်းကြောင်း မှတ်တမ်းတင်ရေးသားပြီး လက်မှတ်ရေးထိုး လေသည်။ ဤသို့ ဝမ်းနည်းကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးပြီးနောက် သက်ဆိုင်ရာ သံအမတ်ကြီးနှင့် သံရုံးအဖွဲ့ဝင်များအား နှုတ်ဆက်ကာ ပြန်လည် ထွက်ခွာလာရလေသည်။

ယင်းသို့သော ဝမ်းနည်းကြောင်း မှတ်တမ်းတင် လက်မှတ်ထိုးသည့် ကိစ္စကို မောင်ပြုံးချိုသည် မြန်မာနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန် ထမ်းဆောင် နေသော သုံးနှစ်အတွင်း မကြာခဏ ဆောင်ရွက်ခဲ့ရလေသည်။ ဤသို့ ဆောင်ရွက် ရာတွင် အချို့သော သံရုံးများ၌ မိမိတို့၏ခေါင်းဆောင် အကြီးအကဲ တစ်ဦးဦး ကွယ်လွန်အနိစ္စ ရောက်သဖြင့် သံတမန်တို့ ထုံးတမ်းစဉ်လာအရ ဆောင်ရွက်ကြ သော်လည်း တကယ်ပင် ဝမ်းနည်းကြေကွဲသည့် အရိပ်အရောင်များကို မတွေ့ရှိရ ပေ။ အချို့သောသံရုံးများ၌မူ မိမိတို့၏ခေါင်းဆောင်ကြီး ကွယ်လွန်သဖြင့် အထူး ပင် စိတ်ထိခိုက်ကာ တကယ်ပင် ဝမ်းနည်းကြေကွဲသည့်အသွင်များကို တွေ့ရှိရလေ သည်။ မောင်ပြုံးချိုအဖို့ ဤကဲ့သို့ မိမိ၏ခေါင်းဆောင်ကြီးများ ကွယ်လွန်သဖြင့် တကယ်ပင် ပူဆွေးသောက ရောက်နေသည့် အသွင်များကို တရုတ်သံရုံးတွင် မှတ်မှတ်ရရ တွေ့မြင်ခဲ့ရလေသည်။ မောင်ပြုံးချို အစ္စလမ်မာဘတ်မြို့တွင် ရှိနေ

သည့်အတောအတွင်း ၁၉၇၆ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခေါင်းဆောင်ကြီးများ ဖြစ်ကြသော ဝန်ကြီးချုပ်ချူအင်လိုင်း၊ မာရှယ်ချူတေးနှင့် ဥက္ကဋ္ဌကြီး မော်စီတုန်းတို့သည် တစ်ဦးပြီးတစ်ဦး ခြောက်လခန့်လောက်သာကွာ၍ ကွယ်လွန်အနိစ္စရောက်သွားခဲ့ရလေသည်။ ယင်းခေါင်းဆောင်ကြီးများ ကွယ်လွန်အနိစ္စရောက်ခြင်းနှင့် ပတ်သက်၍ တရုတ်သံရုံးသို့ ဝမ်းနည်းကြောင်း မှတ်တမ်းတင် လက်မှတ် ရေးထိုးရန် သွားရောက်သောအခါတိုင်း သံအမတ်ကြီးနှင့်တကွ သံရုံးအဖွဲ့ဝင်များသည် မျက်ရည်စမ်းစမ်းဖြင့် တကယ်ပင် ယူကျုံးမရ ပူဆွေးသောကရောက်နေကြသည်ကို တွေ့ခဲ့ရလေသည်။

(၄)

ထိုသုံးနှစ်အတွင်း မောင်ပြုံးချိုသည် ပါကစ္စတန်နိုင်ငံ၏ စစ်တက္ကသိုလ် သင်တန်းဆင်းပွဲသို့ တက်ရောက်ခဲ့ရသည်များကိုလည်း မမေ့နိုင်။

ပါကစ္စတန်စစ်တက္ကသိုလ်သည် အစ္စလမ်မာဘတ်မြို့နှင့် မိုင် ခြောက်ဆယ်ကျော်မျှ ဝေးကွာသော တောင်ခြေစခန်းတစ်ခုရှိ ကာတူး အမည်ရှိသောမြို့တွင် တည်ရှိလေသည်။ ထိုသင်တန်းဆင်းပွဲသို့ သံအမတ်ကြီးများနှင့် စစ်သံမှူးများအား ဖိတ်ကြားလေ့ရှိလေသည်။ မောင်ပြုံးချိုသည် ထိုအခမ်းအနားသို့ နှစ်စဉ်နှစ်တိုင်း လိုလို စစ်သံမှူးနှင့်အတူ တက်ရောက်လေ့ရှိသည်။ စစ်တက္ကသိုလ်သို့ သွားရာလမ်းသည် အခြားဒေသများကဲ့သို့ ခြောက်သွေ့မနေဘဲ သစ်ပင်ကြီးငယ်တို့ဖြင့် စိမ်းလန်းစိုပြည်နေလေသည်။ ရေလှောင်ကန်များနှင့် ရေသွယ်မြောင်းများရှိသည့် ဒေသဖြစ်သဖြင့်လည်း သီးနှံစိုက်ပျိုးရေးတွင် ဖြစ်ထွန်းလှသည်။ လမ်းတစ်လျှောက်တွင်ရှိ ကျေးရွာများတွင် သစ်တော်၊ သပျစ်၊ မက်မွန်၊ မက်မန်း အစရှိသော သစ်သီးများနှင့် ဟင်းသီးဟင်းရွက်ဆိုင်များနှင့် မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှလေသည်။

ကျောင်းဆင်းပွဲ အခမ်းအနားမှာမူ အမိနိုင်ငံ ပြင်ဦးလွင်ရှိ စစ်တက္ကသိုလ် ကျောင်းဆင်းပွဲနှင့် ခပ်ဆင်ဆင်တူပင် ဖြစ်သည်။ တစ်ခု ထူးခြားသည်မှာ အခမ်းအနားနှင့် မဖွင့်မီ စစ်အရာရှိတစ်ဦးက ကိုရမ်ကျမ်းစာမှ စာပုဒ်များကို ဖတ်ကြားရွတ်ဆိုခြင်းပင် ဖြစ်သည်။ ပါကစ္စတန်တွင် မည်သည့် အခမ်းအနားတွင်မဆို အခမ်းအနားမစမီ ကိုရမ်ကျမ်းစာမှ စာပုဒ်များကို အမြဲပင် ဖတ်ကြားလေ့ရှိသည်။

http://www.cherrythitsar.org

စစ်ရေးပြ အခမ်းအနားသို့ စစ်ဦးချုပ်သော်လည်းကောင်း၊ ဝန်ကြီးချုပ်သော်လည်းကောင်း တက်ရောက် မိန့်ခွန်း၊ ပြောကြားလေ့ ရှိသည်။ စစ်ရေးပြအခမ်းအနားပြီးဆုံးသောအခါ ဧည့်သည်တော်များအား လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံသည်။ ထို့နောက် များမကြာမီ ဘွဲ့နှင်းသဘင် အခမ်းအနားကို အဆောက်အအုံကြီးတစ်ခုတွင် ကျင်းပလေသည်။ ထိုအခမ်းအနားတွင်မူ ကျောင်းအုပ်ကြီးမှအစ ပါမောက္ခများသည် သက်ဆိုင်ရာ ဘွဲ့ဝတ်စုံများကို ဝတ်ဆင်၍ တက်ရောက်ကြသည်။ ဘွဲ့ရကျောင်းသားများမှာလည်း စစ်ဝတ်စုံများကို မဝတ်ဆင်တော့ဘဲမိမိတို့ သက်ဆိုင်ရာဘွဲ့ဝတ်စုံများကို ဝတ်ဆင် တက်ရောက်ကြသည်။ ကျောင်းအုပ်ကြီးက မိန့်ခွန်းစကား ပြောဆိုပြီးနောက် ဘွဲ့ကျောင်းသားများအား အောင်လက်မှတ်များ ပေးအပ်ပြီးလျှင် အခမ်းအနားကို ရုပ်သိမ်းလေသည်။

ထို့နောက် ဧည့်သည်တော်များအား အဖျော်ယမကာများဖြင့် ဧည့်ခံပြီးလျှင် နေ့လယ်စာဖြင့် တည်ခင်းလေသည်။

ဤအခမ်းအနားသို့ တက်ရောက်သည့်အခါတိုင်း မောင်ပြုံးချိုသည် အမိနိုင်ငံ ပြင်ဦးလွင်စစ်တက္ကသိုလ်တွင် တက်ရောက်လျက်ရှိသော မိမိ၏ သားထွေးအား အထူးသတိရနေတတ်လေသည်။

သည်လိုနှင့်ပင် အစ္စလမ်မာဘတ်မြို့၌ မောင်ပြုံးချိုတို့ သုံးနှစ်သုံးမိုး ကြာရှိလာခဲ့လေသည်။ သာမန်အားဖြင့် သံတမန်တစ်ဦးသည် တစ်နေရာတွင် သုံးနှစ်မျှသာ တာဝန် ထမ်းဆောင်ရလေ့ရှိသည်။ ထို့ကြောင့် မောင်ပြုံးချို ၁၉၇၈–ခုနှစ်ဦးပိုင်းရောက်သောအခါ ပြောင်းရွှေ့မိန့်ကို မျှော်လင့်နေလေပြီ။

သူ မျှော်လင့်ထားသည့် အတိုင်းပင် တစ်နေ့သောအခါ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ရန် အမိန့်စာ ရောက်ရှိလာလေတော့သည်။

❁

http://www.cherrythitsar.org

# သံယောဇဉ်

(၁)

မောင်ပြုံးချို ပြောင်းရွှေ့တော့မည့် သတင်းသည် သံတမန်လောကတွင် ပြန့်လျက်ရှိလေပြီ။ ထိုအခါ ခင်မင်ရင်းနှီးကြသော သံအမတ်ကြီးများသည် မောင်ပြုံးချိုတို့ မထွက်ခွာမီ နှုတ်ဆက်ဧည့်ခံပွဲ တည်ခင်းလိုပါသည်ဆိုကာ ရက်ချိန်း တောင်းကြလေသည်။ မောင်ပြုံးချိုခမျာမှာကား ပြောင်းရွှေ့ခါနီး ပစ္စည်းပစ္စယများ သိမ်းရဆည်းရ၊ သံရုံးအလုပ်တွေ ကြွေးကျန် ရှိမနေအောင် လုပ်ဆောင်ရ၊ တွေ့သင့်တွေ့ထိုက်သူများကို သွားရောက် တွေ့ဆုံနှုတ်ဆက်ရနှင့် မအားအောင် ဖြစ်နေသည်။ ထို့ကြောင့် ဖိတ်ကြားသမျှကို လက်မခံလို၊ ရှောင်လို့ရသမျှ ရှောင်ကြဉ်သည်။ သို့သော် သူ့ဆန္ဒ မအောင်မြင်ခဲ့။

ရင်းနှီးသူများ၏ စေတနာကို သွေဖည်လို့မဖြစ်။ အချို့က ညနေပိုင်း အချိန်မပေးနိုင်ပါက နေ့လယ်စာဖြင့် ဧည့်ခံပါရစေဟု ဆိုကြသည်။ အထူးသဖြင့် အိမ်နီးနားချင်း နိုင်ငံများ၏ သံအမတ်ကြီးများ၏ ဖိတ်ကြားချက်များကို ငြင်းဆိုဖို့ မသင့်။ တရုတ်၊ ထိုင်း၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ထိုထိုနိုင်ငံများ၏ သံအမတ်ကြီးများ၏ နှုတ်ဆက်ဧည့်ခံပွဲများကို အထူးဦးစားပေး၍ လက်ခံရသည်။ သီရိလင်္ကာနိုင်ငံမှ အမျိုးသမီးသံအမတ်ကြီးနှင့် နီပေါနိုင်ငံမှ သံအမတ်သည် မကြာသေးမီကမှ ပြောင်းရွှေ့သွားကြသည်။ သူတို့နေရာတွင် လူစား မရောက်သေး။ ထို့ကြောင့် နှုတ်ဆက်ပွဲနှစ်ပွဲ လျော့သွား၍ ဝမ်းမြောက်ရသေးသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သံအမတ်ကြီးသည် မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ရန် သက်ဆိုင်ရာမှ ညွှန်ကြားချက်ကို လွန်ခဲ့သော တစ်လလောက်ကတည်းက ရရှိထားသည်။ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ရမည့် သံအမတ်ကြီးအတွက် မြန်မာ သံအမတ်ကြီး မောင်ပြုံးချိုက နှုတ်ဆက်ညစာစားပွဲပင် တည်ခင်းပြီးလေပြီ။

http://www.cherrythitsar.org

ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးသည် မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ရမည် ဖြစ်သဖြင့် ပျော်ရွှင်နေသည်။ မောင်ပြုံးချိုနှင့် မကြာခဏ တွေ့ဆုံ၍ သူ သွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံအကြောင်းကို မေးမြန်းသည်။

သူသည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ သူ ကျောင်းသားဘဝ တစ်ကြိမ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မတည်ထောင်မီ ပါကစ္စတန်နိုင်ငံ၏ ဝန်ကြီးအဖြစ် တစ်ကြိမ် မြန်မာနိုင်ငံသို့ ရောက်ဖူးသည်။

"ဟိုတုန်းကတော့ ခဏတဖြုတ် ရောက်ခဲ့တာပါ။ ဒီတစ်ခါတော့ အနည်းဆုံး သုံးနှစ်နေရမှာမို့ တစ်နိုင်ငံလုံးနှံ့အောင် လျှောက်လည်မယ် စိတ်ကူးထားတယ်။ မြန်မာစကားတော့ တစ်လုံးနှစ်လုံးပဲ ပြောတတ်ပါတယ်။ မင်းနာမည်ဘာလဲ။ နေကောင်းရဲ့လား။ ကျေးဇူးတင်ပါတယ်တို့ပေါ့"ဟု ရယ်မောကာ ပြောလေသည်။

"ကျွန်တော် ရန်ကုန်ရောက်ရောက်ချင်း ပန်းသေးခေါက်ဆွဲ သွားစားမယ်"ဟုလည်း ပြောလိုက်သေးသည်။

သို့ရာတွင် သူသည် ချက်ချင်း ထွက်ခွာမသွားနိုင်။ ဘာအကြောင်း ကြောင့်မသိ၊ ခပ်ဆိုင်းဆိုင်း ဖြစ်နေသည်။ သည်အတောအတွင်း မောင်ပြုံးချို ပြောင်းရဖို့ ဖြစ်ပေါ်လာသည်။ သည်တော့ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးက မောင်ပြုံးချို အတွက် နှုတ်ဆက်ညစာစားပွဲ ကျင်းပရန်ပြန်လေသည်။

အိမ်နီးနားချင်းနိုင်ငံများ၏ သံအမတ်ကြီးများသာမက ဝေးလံသော နိုင်ငံများ၏ သံအမတ်ကြီးများ၏ ဖိတ်ကြားချက်များကိုလည်း မငြင်းသာ။ ယူဂိုဆလပ် သံအမတ်ကြီးသည် အစ္စလမ်မာဘတ်သို့ ရောက်လာသည်မှာ မကြာသေး။ သူသည် ရောက်လာသည်နှင့် မောင်ပြုံးချိုအား တရင်းတနှီး ဆက်ဆံလေသည်။ သူသည် သူတို့၏ဥက္ကဋ္ဌကြီး မာရှယ်တီးတိုး မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်စဉ် သူတို့နိုင်ငံ၏ သံအမတ်ကြီးအဖြစ် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည်ဟု ဆိုသည်။ သူ တည်ခင်းသည့် နှုတ်ဆက်ညစာစားပွဲတွင် ထိုစဉ်က အတွေ့အကြုံတွေကို ပြောလို့မဆုံး။ မာရှယ်တီတိုးတို့ ဖက်ဆစ်နှင့် နာဇီတို့ကို စွမ်းစွမ်းတမံ တော်လှန်ခဲ့ပုံတို့ကို နှိုင်းယှဉ်၍ ချီးကျူးပြောဆိုသည်။ သူ သိကျွမ်းခဲ့သည့် မြန်မာများကိုလည်း မေးသည်။ အချို့မရှိကြတော့ပြီ။ သူ ရောက်ခဲ့ဖူးသည့်ဒေသများ၏ ရှုမျှော်ခင်းများကိုလည်း ဖွဲ့နွဲ့ပြောဆိုတတ်သည်။

http://www.cherrythitsar.org

"ခုနေခါမျိုး ကျွန်တော့်ကို မြန်မာပြည် ပြောင်းရမယ်ဆိုရင် မငြင်းပါဘူး။ ချက်ချင်းကို ထပြေးမှာပဲ။ သဘောတူတယ် မဟုတ်လား"ဟု ပြောရင်းဆိုရင်း သူ့ဇနီးဝဝကြီးကို လှမ်းမေးလိုက်သည်။

သူ့ဇနီးက ပြုံးပြုံးကြီး ခေါင်းညိတ်လိုက်လေသည်။

(၂)

မောင်ပြုံးချိုအလျင် အစ္စလမ်မာဘတ်တွင် ရောက်ရှိနေသော အမေရိကန် သံအမတ်ကြီး မစ္စတာဘိုင်ရုဒ် ပြောင်းရွှေ့သွားသောအခါ မစ္စတာ ဟင်မယ်ဆိုသူ ရောက်ရှိလာသည်။

သူနှင့်မောင်ပြုံးချိုတို့သည် ပထမဆုံး သံရုံးတစ်ခု၏ ဧည့်ခံပွဲတွင် တွေ့ရှိကြသည်။ ဂျပန်သံအမတ်ကြီးက မိတ်ဆက်ပေးသောအခါ တစ်ဦးလက် တစ်ဦး ဆွဲကာ နှုတ်ဆက်လိုက်ကြသည်။

"တွေ့ရတာ သိပ်ဝမ်းသာပါတယ်။ အစ္စလမ်မာဘတ်က ဆီးကြိုလျက်ပါ"

မောင်ပြုံးချိုက အင်္ဂလိပ်ဘာသာဖြင့် နှုတ်ခွန်းဆက်သသည်။

"သံအမတ်ကြီး နေကောင်းပါရဲ့လား"

မစ္စတာဟယ်မင်က မြန်မာလို ပီပီသသကြီး ဆိုလိုက်သည်။ မောင်ပြုံးချို ပါးစပ်ဟလျက် အံ့ဩနေစဉ် သူက အင်္ဂလိပ်ဘာသာနှင့် ဆက်၍ ပြောသည်။

"သံအမတ်ကြီးနှင့်တွေ့ရတာ ကျွန်တော် အလွန်ဝမ်းသာပါတယ်။ မြန်မာနိုင်ငံမယ် ကျွန်တော်နှစ်ကြိမ်တောင် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ပထမအကြိမ် သံရုံးပြန်ကြားရေးအဖွဲ့ရဲ့အကြီးအကဲ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ကတော့ သံအမတ်ကြီးအဖြစ်နဲ့ ဖြစ်ပါတယ်။ ဖော်ရွေလှတဲ့ မြန်မာလူမျိုးတွေ၊ လှပတဲ့ ရှုမျှော်ခင်းတွေ၊ ရင်းနှီးခင်မင်ကြတဲ့ မိတ်သင်္ဂဟများကို ကျွန်တော် ထာဝစဉ် သတိရနေပါတယ်"

ထို့နောက် သူသည် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့စဉ်က အတွေ့အကြုံများကို ပြန်ပြောင်းပြောဆိုသည်။ သူရင်းနှီးစွာ ပေါင်းသင်းဆက်ဆံခဲ့သည့် မိတ်ဆွေသင်္ဂဟများ အကြောင်းကိုလည်း မေးမြန်းသည်။

နောက်သုံးလေးရက်ကြာသောအခါ မစ္စတာဟာင်မယ်သည် မောင်ပြုံးချို၏အိမ်ကို လာရောက် တွေ့ဆုံနှုတ်ဆက်သည်။ ထိုစဉ်က သူ့ဇနီး ရောက်ရှိမလာသေး။ သူ့ဇနီးရောက်လာ၍ မကြာမီ သူ့အိမ်တွင် ညနေစာ စားပွဲလေးတစ်ခု လုပ်သည်။ ဖိတ်ကြားထားသူများမှာ မြန်မာပြည်တွင် နေထိုင်ခဲ့ဖူးသည့် အခြားသံရုံးမှ သံတမန်ဝန်ထမ်းများ၊ ဂျပန် သံအမတ်ကြီးဇနီးမောင်နှံ၊ ယူဂိုဆလားဗီးယား သံအမတ်ကြီးဇနီးမောင်နှံ၊ မြန်မာသံရုံးမှ စစ်သံမှူးနှင့် ဒုတိယအတွင်းဝန်တို့ စုံတွဲလည်း ပါဝင်လေသည်။

ညနေစာ စားပွဲမစမီ မစ္စတာဟာင်မယ်က စကားအနည်းငယ် ပြောသည်။

"ဒီညနေစာ စားပွဲကတော့ ကျွန်တော် နှစ်ကြိမ်တိုင်တိုင် တာဝန် ထမ်းဆောင်ခဲ့ရတဲ့ မြန်မာနိုင်ငံကို အမြဲသတိရနေတဲ့ အထိမ်းအမှတ်အဖြစ် မြန်မာသံအမတ်ကြီးဇနီးမောင်နှံနဲ့ မြန်မာမိတ်ဆွေများအပြင် ကျွန်တော့်လိုပဲ မြန်မာနိုင်ငံမယ် နေထိုင်ဖူးပြီး ကျွန်တော့်လို မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတွေ၊ မြန်မာ့ရှုမျှော်ခင်းတွေကို မမေ့နိုင်ကြတဲ့ မိတ်ဆွေတွေကို ဖိတ်ကြားပြီး ဧည့်ခံခြင်း ဖြစ်ပါတယ်။ ပျော်ပျော်ရွှင်ရွှင် စားသောက်သုံးဆောင်ကြပါ" ဟူ၍ ဖြစ်သည်။

မောင်ပြုံးချိုက ကျေးဇူးတင်စကား ပြောဆိုသည်။ ဆက်၍ ဤသို့လည်း ပြောဆိုလိုက်သည်။

"အမေရိကန်အစိုးရ နိုင်ငံခြားရေး ဝန်ကြီးဌာနက ပါကစ္စတန်ကို သံအမတ်ကြီးအဖြစ် သွားရောက် တာဝန်ထမ်းဆောင်မယ့် ပုဂ္ဂိုလ်ဟာ မြန်မာနိုင်ငံမယ် တာဝန်ထမ်းဆောင်ဖူးမှ အရည်အချင်း ပြည့်စုံတယ်လို့ ယူဆထားပုံရပါတယ်။ ဘာပြုလို့လဲဆိုတော့ ယခင်သံအမတ်ကြီးနဲ့ ယခု သံအမတ်ကြီးဟာ မြန်မာနိုင်ငံမယ် တာဝန်ထမ်းဆောင်ဖူးတဲ့ ပုဂ္ဂိုလ်တွေချည့် ဖြစ်နေလို့ပါ။ အဲဒီလို ကျွန်တော် တွေးထင်တာမှန်ရင်တော့ ယခင် သံအမတ်ကြီးထက် ယခု သံအမတ်ကြီးက အရည်အချင်းပိုတယ်လို့ ဆိုရပါမယ်။ ဘာပြုလို့လဲဆိုတော့ ယခင်သံအမတ်ကြီးက မြန်မာနိုင်ငံမယ် တစ်ကြိမ်ပဲ တာဝန်ထမ်းဆောင်ဖူးပါတယ်။ ယခုသံအမတ်ကြီးကတော့ နှစ်ကြိမ်တောင် တာဝန်ထမ်းဆောင်ဖူးလို့ပါ"

http://www.cherrythitsar.org

မောင်ပြုံးချို စကားပြောရပ်သောအခါ အနီးတွင် ထိုင်နေသူ ဂျပန် သံအမတ်ကြီးက "ဖြစ်နိုင်တယ်။ ဖြစ်နိုင်တယ်"ဟု ရယ်ရယ်မောမော ပြောဆိုလေသည်။

"ဒီလိုဆို ဂျပန်အစိုးရကလဲ ဒီသဘောရှိပုံရတယ်။ ခင်ဗျားလဲ မြန်မာပြည်မယ် တာဝန်ထမ်းဆောင်ဖူးခဲ့တယ် မဟုတ်လား"ဟု မစ္စတာ ဟင်မယ်က ပြန်ပြောလိုက်လေသည်။

"ဒါလဲ ဖြစ်နိုင်တာပဲ"ဟု ဂျပန်သံအမတ်ကြီးက အပြုံးမပျက် ပြောလေသည်။

ထိုကဲ့သို့ ရယ်ရယ်မောမော ပြောဆိုနေကြစဉ် ဂျပန်သံအမတ်ကြီးက "ခင်ဗျား ဗမာစကားပြောတတ်သလား"ဟု ဂျပန်သံနှင့် ခပ်တည်တည် မြန်မာလို မေးလိုက်သည်။

မစ္စတာဟင်မယ်သည် ရုတ်တရက် အံ့အားသင့်သွားသလို ဖြစ်သွားသည်။ သူ့နားထင်ကို လက်ညှိုးနှင့် ထောက်ကာ ခေတ္တငြိမ်နေပြီးမှ "မေ့ကုန်ပြီ၊ နည်းနည်းပါးပါးပဲ ပြောနိုင်တော့တယ်"ဟု မြန်မာသံ ပီပီသသကြီးနှင့် ဖြေလိုက်ရာ အားလုံးပင် တဟားဟား ရယ်မောကြရလေသည်။

ထိုနေ့ည မိတ်ဆုံစားပွဲမှာ အတော်ညဉ့်နက်မှ လူစုကွဲသွားလေသည်။

ယခု မောင်ပြုံးချို ပြောင်းရွှေ့ရတော့မည် ဆိုသောအခါ အမေရိကန်သံအမတ်ကြီးဇနီးမောင်နှံ ညနေစာစားပွဲ တည်ခင်းကာ နှုတ်ဆက်ပွဲ ကျင်းပလိုကြောင်း၊ အားမည့်တစ်ညနေကို သူ့အဖို့ သတ်မှတ်ပေးစေလိုကြောင်း စကားဆိုလာပြန်သည်။ မောင်ပြုံးချို လိမ္မာပါးနပ်စွာ ငြင်းဆိုသော်လည်း မရ။

(၃)

မောင်ပြုံးချိုနှင့် ရင်းနှီးသူများအနက် အနောက်ဂျာမနီသံရုံးမှ မစ္စတာ ရိုးဇီနီတို့ ဇနီးမောင်နှံလည်း ပါဝင်လေသည်။ မစ္စတာ ရိုဇီနီသည် ယဉ်ကျေးမှုဆိုင်ရာ အရာရှိဖြစ်ပြီး သူ့ဇနီးသည် ဂျာမန်သတင်းစာတစ်စောင်၏ သတင်းထောက် ဖြစ်လေသည်။ သူတို့ဇနီးမောင်နှံသည် မောင်ပြုံးချိုနှင့် ဘဝအဆက်ဆက်က ရေစက်ပါခဲ့သည်ဟု ဆိုရမည်လား မသိ။

http://www.cherrythitsar.org

၁၉၆၁–ခုတွင် အနောက်ဂျာမနီနိုင်ငံအစိုးရ၏ဖိတ်ကြားချက်အရ မောင်ပြုံးချိုတို့အဖွဲ့ သူတို့နိုင်ငံတွင် ကျင်းပသည့် ကျေးရွာသမဝါယမ အသင်းများဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ ထိုစဉ်က မစ္စတာ ရိုဇီနီသည် ရန်ကုန်မြို့ရှိ အနောက်ဂျာမနီသံရုံးတွင် တာဝန်ထမ်းဆောင်လျက် ရှိသည်။ မောင်ပြုံးချိုတို့အဖွဲ့ သွားရေးလာရေး အစီအစဉ်များကို သူပင် ဆောင်ရွက်ပေးခဲ့သည်။

၁၉၆၆–ခုနှစ်တွင် မောင်ပြုံးချိုတို့ စာနယ်ဇင်းဆိုင်ရာ လေ့လာရေးအဖွဲ့ အမေရိကန် ပြည်ထောင်စုသို့ သွားရောက်ခဲ့ကြသည်။ သူတို့သည် မစ္စတာ ရိုဇီနီတို့ ဇနီးမောင်နှံကို ချီကာဂိုမြို့တွင် တွေ့ရပြန်သည်။ ထိုစဉ်က မစ္စတာ ရိုဇီနီသည် ချီကာဂို၏ သံရုံးခွဲတွင် တာဝန်ထမ်းဆောင်လျက် ရှိလေသည်။ သူသည် မြန်မာ နိုင်ငံမှ လေ့လာရေးအဖွဲ့တွင် မောင်ပြုံးချို ပါလာမည်ကို သတင်းရပြီး ချီကာဂို လေဆိပ်တွင် သွားရောက် ကြိုဆိုနေလေသည်။ အဖွဲ့ဝင်များမှာ မောင်ပြုံးချိုအပြင် ဦးဘကျော်(ဂါဒီးယန်း သတင်းစာ အယ်ဒီတာချုပ်)၊ ဗိုလ်မှူး ကျော်ဆန်း (မြန်မာ့ အသံ)၊ ဦးမင်းရှင် (ရုပ်ရှင်)၊ ဦးကျော်ညိန်း (ပြန်ကြားရေး)တို့ ပါဝင်လေသည်။ တစ်ညနေတွင် သူ့တိုက်ခန်း၌ အုန်းနို့ ခေါက်ဆွဲဖြင့် ဧည့်ခံသည်။ စားသောက်ပြီး သောအခါ မြန်မာနိုင်ငံမှာ သူရိုက်လာခဲ့သော ရောင်စုံဆလိုက်များကို ပြသလေ သည်။ မစ္စတာရိုဇီနီ၏ဇနီး ချက်ပြုတ်သည့် အုန်းနို့ခေါက်ဆွဲကို အရသာခံ သုံး ဆောင်ပြီး အမိနိုင်ငံမှ ဘုရားပုထိုး၊ ရှုမျှော်ခင်း ရောင်စုံဆလိုက်များကို ကြည့်ရှုရ သည်မှာ လွန်စွာမှ စိတ်ကြည်နူးဖွယ် ကောင်းလှသည်။ ချီကာဂို ရောက်နေသည်ကို မေ့ပြီး မြန်မာနိုင်ငံသို့ ရောက်နေသည်ဟုထင်ရသည်။ ဧည့်ခံနေသူ မစ္စက်ရိုဇီနီက လည်း အချိန်အခါနှင့် လိုက်ဖက်သည့် အမရပူရ ရက်သော အချိတ်လုံချည်ကို မြန်မာဆန်ဆန် ဝတ်ဆင်ထားလေသည်။

ယခု မောင်ပြုံးချိုသည် သူတို့ဇနီးမောင်နှံကို အစ္စလမ်မာဘတ်မြို့တွင် တွေ့ရပြန်သည်။ မောင်ပြုံးချို ရောက်သည်ဟု သိလျှင်သိချင်း ပထမဆုံး တယ်လီဖုန်းဖြင့် နှုတ်ဆက်သူမှာ မစ္စတာရိုဇီနီပင် ဖြစ်သည်။ နောက်များ မကြာမီ သူတို့ ဇနီးမောင်နှံနှစ်ဦးစလုံး မောင်ပြုံးချိုတို့ကို လာရောက်တွေ့ဆုံ ကြသည်။ ထို့နောက်တွင်ကား နှစ်အိမ့်တစ်အိမ် ဝင်ထွက်သွားလာမှု များကြသည်။ အထူး သဖြင့် မောင်ပြုံးချိုသည် မစ္စတာရိုဇီနီ၏ ကိုယ်ပိုင် စာကြည့်ခန်းကို မကြာခဏ ရောက်ရှိလာတတ်သည်။ နံရံကပ်ဗီရိုကြီးများတွင် စာအုပ်မျိုးစုံနှင့် အပြည့်။ ထိုအထဲတွင် မြန်မာပြည်နှင့်သက်ဆိုင်သည့် စာအုပ်များကို သီးသန့်မှန်ဗီရိုတစ်လုံး

နှင့် ထားရှိသည်။ ရှားပါးစာအုပ်များကို တွေ့ရသည်။ မိမိနိုင်ငံ အကြောင်းတွေ ပါရှိသည့် အချို့စာအုပ်များကို မောင်ပြုံးချိုသည် ဖတ်ရှုဖို့ဝေးစွ၊ မြင်ပင်မမြင်ဖူးခဲ့။ ယခုမူ ဤမျှ ရှားပါးသော စာအုပ်များကို မစ္စတာရိဇီနီ၏ ဗီရိုအတွင်းမှာ အလိုရှိသလို ငှားယူ ဖတ်ရှုနိုင်လေသည်။ သူသည် မစ္စတာရိဇီနီအား ကျေးဇူးတင်မဆုံး။

မစ္စတာရိဇီနီကိုသာမက မစ္စက်ရိဇီနီကိုလည်း ကျေးဇူးတင်ရသည်။ အကြောင်းကား မောင်ပြုံးချိုတို့အား ရင်းနှီးစွာ မကြာခဏ ဖိတ်မန္တကပြုပြီး ကျွေးမွေး ဧည့်ခံတတ်သည်။ နိုင်ငံခြားစာနယ်ဇင်းများမှ မြန်မာပြည်နှင့် ပတ်သက်သည့် သတင်းဆောင်းပါး စသည်များကို ဖြတ်ယူ၍သော်လည်းကောင်း ဓာတ်ပုံမိတ္တူများ ကူး၍သော်လည်းကောင်း မောင်ပြုံးချိုထံသို့ ပို့ပေးတတ်လေသည်။

သူတို့သည် အစ္စလမ်မာဘတ်သို့ မောင်ပြုံးချိုတို့ထက် စော၍ ရောက်ရှိနေခဲ့ကြသော်လည်း မောင်ပြုံးချိုတို့ ပြောင်းရမည့်အချိန်တွင် သူတို့ မပြောင်းရသေး။ ထို့ကြောင့် မောင်ပြုံးချိုတို့ ဇနီးမောင်နှံအား နှုတ်ဆက် ညနေစာစားပွဲဖြင့် တည်ခင်းဧည့်ခံလေသည်။

(၄)

မောင်ပြုံးချို အစ္စလမ်မာဘတ်မြို့သို့ ရောက်စက ရှိနှင့်နေသော ဂျပန်သံအမတ်ကြီးသည် တစ်ကိုယ်တည်းသမား ဖြစ်သည်။ ထိုသံအမတ်ကြီး များမကြာမီ တစ်နေရာသို့ ပြောင်းရွှေ့သွားလေသည်။ သူ့နေရာတွင် ရောက်ရှိလာသော ဂျပန်သံအမတ်ကြီးသည် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော မစ္စတာ ဟိရိုရှိနိုမိုတိုဆိုသူ ဖြစ်လေသည်။ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ်က သံအမတ်အဖြစ်ကား မဟုတ်။ ကောင်ဆယ်လာခေါ် အတိုင်ပင်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်း ဖြစ်လေသည်။

မစ္စတာနိုမိုတိုသည် ပါကစ္စတန်သမ္မတကြီးထံ မိမိ၏ သံအမတ်ကြီးခန့်အပ်လွှာကို ပေးအပ်ပြီး ရက်အနည်းငယ်အတွင်း မောင်ပြုံးချိုနှင့် တင်မကြီးအား သူတို့ ဇနီးမောင်နှံက တစ်ပြိုင်တည်း လာရောက်နှုတ်ဆက်ကြလေသည်။ ထို့နောက် မြန်မာနိုင်ငံအကြောင်းကို ပြောမကုန်အောင် ဖြစ်နေကြသည်။ သူတို့ရောက်ဖူးသော မြန်မာနိုင်ငံအတွင်း ဒေသအသီးသီးမှ ရှုမျှော်ခင်းများ အကြောင်း၊ ရင်းနှီး သိကျွမ်းခဲ့သော မိတ်သင်္ဂဟများအကြောင်း မြန်မာ့အစားအစာများ

အကြောင်း၊ အကြောင်းမျိုးစုံ အတွေ့အကြုံ အဖုံဖုံကို သူတို့ မမေ့နိုင်ကြသေး။ သံအမတ်ကြီးထက် သံအမတ်ကြီးကတော်က ပို၍ပင် တမ်းတနေပုံရသည်။ သို့ရာတွင်လည်း သံအမတ်ကြီးသည် အေးအေးပြောတတ်သူ ဖြစ်သော်လည်း သံအမတ်ကြီးကတော်မှာ သွက်လက် ချက်ချာလှသည်။

ထို့နောက်တွင်ကား မောင်ပြုံးချိုတို့ ဇနီးမောင်နှံနှင့် မစ္စတာနိုမိုတိုတို့ ဇနီးမောင်နှံသည် ဧည့်ခံပွဲများတွင် မကြာခဏ တွေ့ဆုံကြသည်။ တစ်ဦးအိမ်သို့ တစ်ဦး ဖိတ်ကြားကျွေးမွေး ဧည့်ခံကြသည်။ အစ္စလမ်မာဘတ်တွင် အနေကြာသည်နှင့်အမျှ ရင်းနှီးသည်ထက် ရင်းနှီးလာကြသည်။ မောင်ပြုံးချိုတို့ ပြောင်းရွှေ့ရတော့မည်ကို သိသောအခါ မောင်ပြုံးချိုတို့ တစ်အိမ်သားလုံးကို သီးသန့်ဖိတ်ကြားကြီး ညနေစာစားပွဲဖြင့် ဧည့်ခံလေသည်။ ထိုဧည့်ခံပွဲတွင်လည်း သံအမတ်ကြီးကတော်သည် မြန်မာနိုင်ငံအကြောင်းကို မနားတမ်း ပြောနေလေသည်။ မကြာမီ ခွဲခွာကြတော့မည် ဖြစ်သဖြင့် သူ့ရင်ထဲရှိသမျှ အားလုံးကို အန်ထုတ်နေဟန် တူပါသည်။

"ကျွန်မသားနှစ်ယောက်စလုံးကလဲ မြန်မာပြည်ကို သိပ်သတိရနေကြတယ်။ ဒီတစ်ခါ ကျောင်းပိတ်လို့ လာကြရင် သူတို့ကို လိုက်ပို့ရဦးမယ်"ဟု မစ္စက်နိုမိုတိုက စိတ်အားထက်သန်စွာ ပြောလေသည်။

မြန်မာပြည်သို့ သွားဖြစ်လျှင် ကလောကိုတော့ မရောက်ရောက်အောင် သွားရမည်ဟု ဆိုသည်။ အကြောင်းကို မေးသောအခါ ကလောမြို့ကို သူ သံယောဇဉ်တွယ်နေသည့် အကြောင်းကို ပြောပြလေသည်။

သူ မြန်မာနိုင်ငံတွင် ရှိနေစဉ် ကလောသို့ အလည်အပတ် ရောက်ရှိသွားရာ ဈေးအနီးမှ ပိုင်ရှင်မဲ့ခွေးကလေးတစ်ကောင် ကောက်ယူရရှိလေသည်။ ထိုခွေးကလေးကို ရန်ကုန်သို့ ယူဆောင်လာခဲ့ပြီး ကျွေးမွေးပြုစုခဲ့သည်။ ခွေးကလေးမှာလည်း အလွန်လိမ္မာသဖြင့် တစ်အိမ်သားလုံး ချစ်ခင်ကြသည်။ အထူးသဖြင့် သူ့သားငယ်က အခြားအိမ်သူအိမ်သားတွေထက် ပို၍ ခင်မင် တွယ်တာသည်။ ထိုခွေးကလေး တစ်နှစ်အရွယ်လောက် ရောက်သောအခါ သူတို့ ဂျပန်ပြည်သို့ ပြောင်းရွှေ့ရသဖြင့် ထိုခွေးကလေးကို ခွဲမထားနိုင်ရက်ဘဲ သူတို့နှင့်အတူ ဂျပန်ပြည်သို့ ခေါ်သွားကြလေသည်။

"ကြာတော့ ဒီခွေးကလေးဟာ ကျွန်မတို့ သားသမီးလေးတစ်ယောက်လို ဖြစ်နေတယ်။ ကျွန်မတို့မှာ သမီးမိန်းကလေးကလဲ မရှိတော့ သူ့ကိုပဲ သမီး

လေးလို ချစ်နေရတာပေါ့။ ကျွန်မသားတွေကလဲ သိပ်ဂရုစိုက်တယ် နေမကောင်း ထိုင်မသာဖြစ်ရင် တိရစ္ဆာန်ဆေးကုဆရာဝန်နဲ့ ဂရုတစိုက် ကုတာပဲ”

မောင်ပြုံးချိုတို့သည် မစ္စက်နိုမိုတို ပြောသမျှကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။

“သူကလေးအချိန်တန် အရွယ်ရောက်လာတော့လည်း ယောကျ်ား ပေးစားဖို့ စီမံရသေးတယ်။ သူနဲ့ အမျိုးအစားချင်းတူတဲ့ ခွေးသတို့သားကို ကြိုးစားရှာကြပါတယ်။ ဒါပေမဲ့ ဂျပန်ပြည်မယ် သူ့လိုအမျိုးအစားက အရှားသား ဘယ်တွေ့နိုင်မလဲ။ ဒါနဲ့ ဩစတေးလီယားက ပြန်လာတဲ့ ကျွန်မမိတ်ဆွေ တစ်ယောက်ဆီက သူ့သက်တူရွယ်တူ ခွေးထီးတစ်ကောင် ပါလာတယ်ဆိုတာ ကြားတာနဲ့ သမီးအမေကပဲ ရှက်မနေနိုင်တော့ဘဲ သွားတောင်းရတာပေါ့။ သူကလည်း မငြင်းရှာပါဘူး။ ဒါနဲ့ အဲဒီသမက်လောင်းကို အိမ်ခေါ်လာပြီး သူနဲ့ ယဉ်ပါးအောင် လုပ်ပေးရတာပေါ့။ ဒါပေမဲ့လည်း မရပါဘူးရှင်။ သူက မာနခဲကလား။ အနားကို အကပ်မခံဘူး။ သူနဲ့ ပေးစားဖို့ ခေါ်လာတဲ့ ခွေးထီးလေးဟာ သူ့အစေခံ ဖြစ်နေပါလေရော့။ အစာကို တစ်ပန်းကန်စီ အတူတူ ကျွေးတာတောင် ခွေးမလေးက ဟိန်းလိုက်ရင် ဟိုခမျာ မစားရဲရှာတော့ဘူး။ အနားကပ်ပြီး ပလူးဖို့ဆိုတာလည်း ဝေးရော။ တကယ် ညံ့တဲ့ကောင်”

မစ္စက်နိုမိုတိုသည် သူ့အချစ်တော် ခွေးမလေးအကြောင်းကို စီကာ ပတ်ကုံး ပြောနေလေသည်။

“အခုရော ဒီ ပါကစ္စတန်ပါလာသေးသလား။ ပါလာရင် ဒီမယ် သတို့သား ရှာဦးလေ”

မောင်ပြုံးချိုက ရယ်သွမ်းသွေး၍ ပြောလိုက်သည်။

“ဒီပါမလာဘူး။ သူ့ခမျာ ကံဆိုးရှာရတယ်။ ကျွန်မတို့ ပြောင်းလာခါနီး ရုတ်တရက် ဆုံးသွားရှာတယ်” သံအမတ်ကြီးကတော်က ဝမ်းနည်းစွာ ပြောလေသည်။

“သူဆုံးသွားတော့ ကျွန်မတို့ သားငယ်ဟာ သိပ်စိတ်ထိခိုက်သွားရှာတယ်။ တဖျစ်တောက်တောက် ပြောမဆုံးနိုင်ဘူး။ မကြာသေးခင်က သူဒီလာတုန်းကလဲ မြန်မာပြည်ကို သွားချင်လှတယ်ဆိုလို့ လိုက်ပို့ရသေးတယ်။ အခြားအကြောင်း

တွေထက် ကလောရောက်အောင်သွားပြီး အဲဒီခွေးလေး ကောက်ရတဲ့နေရာကို အလွမ်းပြေ သွားကြည့်ချင်လို့တဲ့။ ကျွန်မလဲ သူ့ဆန္ဒ ပြည့်အောင် လိုက်ပို့ပါတယ်"

"ဟုတ်လား၊ ကျွန်တော်တို့ နိုင်ငံ ရောက်ခဲ့သေးသလား"

မောင်ပြုံးချိုက ကြားဖြတ်၍ မေးလိုက်သည်။

"ရောက်ခဲ့တယ်လေ။ ကျွန်မ ဂျပန်ပြည်ကအပြန် သားနှစ်ယောက် လည်းပါလာလို့ ဝင်ခဲ့ရတာပေါ့။ ဒါပေမဲ့ ကလော မရောက်ပါဘူးရှင်။ သွားရေးလာရေး အဆင်မပြေတာနဲ့ မန္တလေးကပဲ လှည့်ပြန်ခဲ့ရတယ်"

သံအမတ်ကြီးကတော်က ညည်းညည်းညူညူ ပြန်ပြောလေသည်။

"ကျွန်မအဖို့တော့ ရန်ကုန်နဲ့ မန္တလေးက မိတ်ဆွေတွေ တွေ့ရလို့ သိပ်ဝမ်းသာတာပေါ့။ သားငယ်ကတော့ ကလောမရောက်ခဲ့လို့ မကျေနပ်ဘူး။ သူ့စိတ်ထဲမယ် ကလောရောက်လို့ ဟိုခွေးကလေး ကောက်ရတဲ့နေရာသွားရင် တစ်ခါတုန်းကလို ခွေးကလေးတစ်ကောင် ထပ်တွေ့လိမ့်မယ်လို့ စွဲလမ်းနေသလား မသိဘူး။ အခြားခွေးတွေ အစားရှာပေးမယ်လို့ ပြောလည်းမရဘူး။ မြန်မာပြည်က ကလောကိုပဲ သွားပြီး ခွေးစားရှာချင်နေတယ်"

သံအမတ်ကြီးကတော်သည် ခွေးကလေးနှင့် သူ့သားငယ်အကြောင်းကို မမောနိုင်မပန်းနိုင် ပြောကြားလေသည်။

ထိုနေ့ညက ဂျပန်သံအမတ်ကြီးအိမ်မှ အတော်ညဉ့်နက်မှ ပြန်ခဲ့ကြသည်။

သံအမတ်ကြီး ဇနီးမောင်နှံသည် မောင်ပြုံးချိုတို့ မိသားစုအား မော်တော်ယာဉ် အထိ လိုက်ပို့ပြီး နှုတ်ဆက်ကြသည်။

"မကြာခင် ကျွန်မတို့မိသားစုအားလုံး မြန်မာပြည်ကို လာခဲ့ပါဦးမယ်။ အဲဒီအခါကျရင် ကလောကို မရောက်ရောက်အောင် သွားမှာပဲ"ဟု သံအမတ်ကြီးကတော်က ပြောလိုက်လေသည်။

❁

# နှုတ်ဆက်ပွဲတွေ

(၁)

ပြောင်းရွှေ့ရတော့မည်ဆိုတော့ နှုတ်ဆက်ညှော်ခံပွဲတွေက များလှသည်။ ရင်းနှီးသည့် သံအမတ်ကြီးများ၏ ညှော်ခံပွဲများအပြင် ဝတ္တရားအရ ကျင်းပသည့် ညှော်ခံပွဲများကလည်း ရှိသေးသည်။ ထိုပွဲမျိုးကိုတော့ ငြင်းပယ်လို့မဖြစ်။ တာဝန်တစ်ခုအနေဖြင့် တက်ဖြစ်အောင် တက်ရပေမည်။

သံတမန်တို့၏ နှုတ်ဆက်ပွဲ။

ဒီပွဲတွေ မောင်ပြုံးချိုတို့ ကြုံဖူးလှပါသည်။ သူ အစ္စလမ်မာဘတ်တွင် စတင်တာဝန် ထမ်းဆောင်ကတည်းက ပြောင်းရွှေ့သွားကြသည့် သံအမတ်ကြီးတွေက များလှပေသည်။ သူတို့တစ်တွေ ထွက်ခွာသွားကြတော့မည် ဆိုသောအခါတိုင်း အစ္စလမ်မာဘတ် သံတမန်အဖွဲ့က နှုတ်ဆက်ပွဲ ကျင်းပကြမြဲ။ ထို့ကြောင့် ယင်းသို့သော နှုတ်ဆက်ညှော်ခံပွဲတွင် မောင်ပြုံးချို တက်ရောက်ခဲ့သည်မှာ မနည်းလှတော့ပေ။ သူသည် ထွက်ခွာသွားတော့မည့် သံတမန်အား ဂုဏ်ပြုနှုတ်ဆက်ရန် တက်ရောက်ရခြင်း ဖြစ်သည်။ ယခုကျင်းပမည့် နှုတ်ဆက် ညှော်ခံပွဲကတော့ သူ့အတွက် တည်ခင်းသည့်ပွဲ၊ သူ့ကို ဂုဏ်ပြုနှုတ်ဆက်သည့် ပွဲ၊ သံတမန်အဖွဲ့နာယကကြီးက ကြီးမှူးလျက် မြို့ပေါ်ရှိ သံတမန်ကြီးများနှင့်သံရုံး အကြီးအကဲများ သူ့ကို နှုတ်ဆက်ကာ လက်ဆောင်ပစ္စည်း ပေးအပ်မည့်ပွဲ... ထိုပွဲတွင် သူသည် သံတမန်အဖွဲ့၏ နှုတ်ဆက်ဂုဏ်ပြုခြင်းကို ခံယူရမည့်သူ ဖြစ်သည်။ သူသည် အဓိကပုဂ္ဂိုလ်ဖြစ်သည်။

သံအမတ်ကြီးတစ်ဦးသည် အစ္စလမ်မာဘတ်မှ ထွက်ခွာတော့မည်ဆိုလျှင် သံတမန်အဖွဲ့ နာယကကြီးအား မိမိထွက်ခွာမည့်နေ့ရက် ခန့်မှန်းခြေကို အကြောင်း

ကြားရသည်။ နာယကကြီးသည် သက်ဆိုင်ရာ သံအမတ်ကြီးနှင့် ညှိနှိုင်းကာ နှုတ်ဆက်ညှော်ခံပွဲကျင်းပမည့်ရက်ကို သတ်မှတ်သည်။ လက်ဆောင် ပစ္စည်းအတွက် ထည့်ငွေများလည်း သံရုံးအကြီးအကဲများထံမှ ကောက်ခံသည်။ တစ်ရုံးလျှင် သာမာန်အားဖြင့် ရူပီ ၅၀–စီ ဖြစ်သည်။ မြို့ပေါ်ရှိ သံရုံးပေါင်း ၅၀–ကျော် ၆၀–ခန့်ရှိရာ ထည့်ဝင်ငွေသုံးထောင်ခန့်ရရှိလေသည်။ ထိုငွေအနက်မှ လက်ဆောင် ပစ္စည်းအတွက် ၁၅၀၀–ခန့်သုံးပြီး ကျန်ငွေကို ညှော်ခံပွဲအတွက် ထားရှိလေသည်။ အကယ်၍ ညှော်ခံပွဲအပြီး ငွေကျန်ရှိနေသေးလျှင် အလားတူ ညှော်ခံပွဲများတွင် အသုံးပြုရန် နာယကကြီးက သံတမန်ညှော်ခံပွဲသီးသန့်ဘဏ်စာရင်းတွင် ထည့်ထား အပ်နှံထားလေသည်။

ပေးအပ်သည့် လက်ဆောင်ပစ္စည်းကလည်း အမျိုးမျိုး။ သာမန်အားဖြင့် ကား ငွေလင်ပန်းကြီးတစ်ချပ် ဖြစ်သည်။ အချင်း ၁၄–လက်မရှိသည်။ အနား တစ်လက်မပတ်လည်တွင် ပန်းခက်များဖော်ထားသည်။ အလယ်ရှိ လင်ဗန်းဝိုင်း ပေါ်တွင် သံရုံးအကြီးအကဲတို့၏ လက်မှတ်များကို ထွင်း၍ ဖော်ပြထားသည်။ လက်မှတ်များသည် အများအားဖြင့် အင်္ဂလိပ်ဘာသာဖြင့် ဖြစ်သော်လည်း ဖတ်၍ မရသည် များသည်။ အချို့ မိမိတိုင်းရင်းသားဘာသာဖြင့် လက်မှတ်များ ဖြစ်သည်။ ထိုလက်မှတ် အသီးသီးတို့၏အောက်တွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့ နိုင်ငံအမည် များကို အင်္ဂလိပ်စာလုံးတို့ဖြင့် ပီသစွာ ထိုးထွင်းထားလေသည်။ အလယ်တွင် စာလုံးကြီးကြီးဖြင့် (သံအမတ်ကြီး–သို့ အစ္စလမ်မာဘတ်မြို့ရှိ သံရုံးအကြီးအကဲ များ၏ အမှတ်တရလက်ဆောင်)ဟု ကမ္ပည်းထိုးထားကာ ညှော်ခံပွဲကျင်းပသည့် နေ့ရက်ကို ဖော်ပြထားလေသည်။

တကယ့်အဖိုးတန် အမှတ်တရလက်ဆောင်ပါပေ။ သို့ရာတွင် အချို့သော သံအမတ်ကြီးများသည် ငွေလင်ဗန်းကိုလက်မခံလိုကြချေ။ အခြားပစ္စည်း တစ်ခုကို ရွေးချယ်လက်ခံပိုင်ခွင့်ရှိသည်။ အကယ်၍ ဤသို့တောင်းဆိုလာလျှင် ၂၅၀၀– ထက်ပိုသော တန်ဖိုးကို လက်ဆောင်လက်ခံမည့်ပုဂ္ဂိုလ်က ကျခံရမည် ဖြစ်သည်။ အလိုရှိသောပစ္စည်းသည် တန်ဖိုးနှစ်ထောင့်ငါးရာအောက် လျော့နေလျှင်မူ ပိုငွေ သည် နောင်အတွက် ထားရှိရမည့် ရံပုံငွေတွင် ထည့်သွင်းထားလိုက်လေသည်။ အများအားဖြင့်ကာ ငွေလင်ဗန်းကို လက်ခံကြသည်။ တစ်ခါတစ်ရံသာ အခြား ပစ္စည်းတစ်ခုကို တောင်းဆိုတတ်ကြပါသည်။ လက်ရက် ကော်ဇော၊ ငွေလက်ဖက် ရည် ပန်းကန်စုံ၊ ငွေဖလား၊ ငွေထမင်းစား ပန်းကန်စုံ စသည်များကို ဆန္ဒရှိသလို

ရွေးချယ်တတ်ကြလေသည်။ သူများထက် ထူး၍ လက်ဆောင်ပစ္စည်း ရွေးချယ်သူ တစ်ဦးမှာ မောင်ပြုံးချိုအရင် နှစ်လခန့် စော၍ သူ့တိုင်းပြည်သို့ ပြန်သွားသူနီပေါ သံအမတ်ကြီးတည်း။ တန်ဖိုးအားဖြင့် မကြီးလှ။ အစ္စလမ်မာဘတ် မြို့ပေါ်ရှိ သံအမတ်ကြီးများ၏ ပို့စကတ်အရွယ်အစား ဓာတ်ပုံများကို သံတမန်အဖွဲ့၏ အမှတ်တရလက်ဆောင်အဖြစ် ရယူသွားလေသည်။

သံတမန်အဖွဲ့၏နှုတ်ဆက်ပွဲကို နံနက်ပိုင်းတွင် အစ္စလမ်မာဘတ်မြို့ ကလပ်အစည်းအဝေး ခန်းမ၌ကျင်းပမြဲ ဖြစ်သည်။ ချိန်းဆိုထားသည့် အချိန်တွင် သံအမတ်ကြီးများသည် အချိန်မှန် ကြွရောက်လာကြသည်။ သံအမတ်ကြီးမရှိ သော သံရုံးများကမူ သံရုံးအကြီးအကဲဖြစ်သူ တက်ရောက်လာတတ်သည်။ အခန်း ကျယ်ကြီး၏ အပေါက်ဝတွင် သံအဖွဲ့ နာယကကြီးနှင့်အတူ ဂုဏ်ပြုနှုတ်ဆက်ခြင်း ခံယူမည့် သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများကို ခရီးဦးကြိုကာ ပဋိသန္ထာရ စကားများကို ပြောဆို၍ နှုတ်ဆက်သည်။ ရောက်ရှိလာသူများသည် မိမိတို့ နီးစပ်ရာ ပုဂ္ဂိုလ်အချင်းချင်း အတူတကွ ရပ်လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ အာလာပသလ္လာပစကားများကို ပြောဆိုနေတတ်ကြလေသည်။ သတ်မှတ်ထား သော အချိန်ရောက်သောအခါ ဧည့်သည်များသည် အခန်းကျယ်ကြီး၏ ပတ်လည် နံရံတွင် ကပ်စီချထားသော ဆိုဖာကြီးများပေါ်တွင် နေရာယူကာ ထိုင်ကြလေ သည်။ ထိုအချိန်တွင် ကော်ဖီ၊ လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံလေသည်။

ဧည့်သည်တော်များသည် ပစောက်သဏ္ဌာန် ဝိုင်းဖွဲ့ထိုင်ကြရာ ပွင့်နေသည့် ဘက်တွင် ခင်းထားသော ဆိုဖာကြီးများပေါ်တွင် သံတမန်တို့၏ နာယကကြီး နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အထူးဧည့်သည်တော် သံတမန် ဆက်သွယ်ရေးအရာရှိ ချုပ်နှင့် ဂုဏ်ပြုခံမည့် သံအမတ်ကြီးတို့ ထိုင်ကြလေသည်။ သူ့ရှေ့ရှိ စားပွဲပေါ်တွင် လက်ဆောင်ပစ္စည်းကို တင်ထားသည်။ တင်ထား၍ မဖြစ်သော ကော်ဇောလို ပစ္စည်းမျိုးကိုမူ လိပ်၍ဖြစ်စေ၊ ဖြန့်ခင်း၍ဖြစ်စေ စားပွဲရှေ့တွင် ချထားတတ်လေ သည်။ နှုတ်ဆက်ဧည့်ခံပွဲသို့ ရောက်ရှိနေသူများ စားဖွယ်သောက်ဖွယ်များကို သုံးဆောင်ပြီးလောက်သည့်အချိန်တွင် သံတမန်အဖွဲ့ နာယကကြီးသည် ထိုင်နေရာမှ မတ်တတ်ရပ်ကာ မိန့်ခွန်းခြွေလေသည်။ နိဒါန်းစကားအဖြစ် ထိုဧည့်ခံပွဲကို တည်ခင်းရသည့်အကြောင်းကို ပြောလေသည်။ "သံအမတ်ကြီးများ နဲ့ သံရုံးတာဝန်ခံများ ခင်ဗျား"ဟု အစပျိုးလိုက်သည်။ အချို့ပုဂ္ဂိုလ်များသည် သံရုံးအကြီးအကဲ ဖြစ်သော်လည်း သံအမတ်ကြီးများ မဟုတ်ကြဘဲ အတိုင်ပင်ခံ

http://www.cherrythitsar.org

သံမှူးများ သို့တည်းမဟုတ် အတွင်းဝန်များသာ ဖြစ်ကြသော်ကြောင့် သံရုံးတာဝန်ခံများဟူသော ဝေါဟာရ ထည့်သွင်းခေါ်ဝေါ်လိုက်ခြင်း ဖြစ်လေသည်။ ညှော့်ခံပွဲကျင်းပရသည့်အကြောင်းရင်းကို ပြောကြားပြီးနောက် ဂုဏ်ပြုခံသည့် ပုဂ္ဂိုလ်၏ ကိုယ်ရေးဖြစ်စဉ်များကို သာယာနာပျော်ဖွယ်ဖြစ်အောင် ပြောဆိုသွားလေသည်။

သံအမတ်ကြီးတွေထဲတွင် ဘဝဖြစ်စဉ် အမျိုးမျိုး နောက်ကြောင်း သမိုင်းအထွေထွေနှင့် ပုဂ္ဂိုလ်များ ပါဝင်လေရာ သူတို့၏ အတ္ထုပ္ပတ္တိများကို ကြားနာရသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ မိမိတို့နိုင်ငံ လွတ်လပ်ရေးအတွက် ဆင်းရဲဒုက္ခခံကာ တိုက်ပွဲဝင်ခဲ့ကြသည့် နိုင်ငံရေးခေါင်းဆောင်များ မကြာခဏ သို့မဟုတ် နှစ်ရှည်လများ ထောင်သွင်း အကျဉ်းခံခဲ့ရသူများ စစ်ဘက်ဆိုင် အရာရှိများ လက်ရှိ အာဏာရနိုင်ငံ အဖွဲ့အစည်းခေါင်းဆောင်များ၊ လူမှုဝန်ထမ်းလုပ်ငန်းများတွင် ရှေ့ဆောင်ခေါင်းရွက်လုပ်ကိုင်ခဲ့သူများ ထူးချွန်သည့် သံတမန်ဝန်ထမ်းများ စသည်တို့ ပါဝင်လေသည်။

သံတမန်အဖွဲ့ နာယကကြီးသည် နှုတ်ဆက်ဂုဏ်ပြုခံပုဂ္ဂိုလ်၏ ဖြစ်စဉ်သမိုင်းနှင့် ဂုဏ်ပုဒ်များကိုပြောဆိုပြီးနောက် သံတမန်အဖွဲ့များ လက်ဆောင်ပစ္စည်းကို လက်ခံပါရန် ပန်ကြားလေသည်။ လက်ဆောင်ပစ္စည်း ပေးအပ်သောအခါ ဂုဏ်ပြုခံသံအမတ်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောဆိုသည်။ ထိုသို့ပြောဆိုရာတွင် မိမိအစ္စလမ်မာဘတ်သို့ ရောက်လာကတည်းက နာယကကြီးအမှူးပြုသော သံတမန်အဖွဲ့ဝင်များက ရင်းနှီးစွာ ဆက်ဆံခဲ့ကြပုံ၊ လိုအပ်သောအကူအညီများကို မဆိုင်းမတွ ပေးခဲ့ကြပုံ၊ ပါကစ္စတန်နိုင်ငံခြားရေး ဝန်ကြီးဌာနကလည်း အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့ပုံ၊ ထိုသို့သောအကြောင်းများကြောင့် မိမိ ဤနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သောအချိန်ကာလတစ်လျှောက်လုံး အလွန်ပျော်ပိုက်ခဲ့ကြောင်း၊ မည်သည့် အခက်အခဲမှ မရှိကြောင်း၊ သံတမန်အဖွဲ့နာယကကြီး သံတမန်အားလုံးနှင့်တကွ ပါကစ္စတန်အစိုးရနိုင်ငံခြားရေးဝန်ကြီးဌာနကို အထူးကျေးဇူးတင်ရှိပါကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဤတွင် ဂုဏ်ပြုနှုတ်ဆက်ပွဲ အခမ်းအနား ပြီးဆုံးသွားလေပြီ။ ဧည့်သည်တော်များသည် တစ်ခဏမျှ နီးစပ်ရာ အချင်းချင်း စကားစမြည် ပြောဆိုကြပြီး ပြန်လည်ထွက်ခွာသွားကြလေသည်။ အပြန်တွင်လည်း လာစဉ်ကကဲ့သို့ ထွက်ပေါက်တွင် ရပ်လျက်ရှိကြသော ဂုဏ်ပြုခံပုဂ္ဂိုလ်နှင့် နာယကကြီးအား ပဋိသန္ထာရစကားများ ပြောဆိုရင်း လက်ဆွဲ နှုတ်ဆက်သွားကြလေသည်။

http://www.cherrythitsar.org

ဤသည်ကား သုံးနှစ်အတွင်း မောင်ပြုံးချို ဧည့်သည်အဖြစ် တက်ရောက်ခဲ့ရသည့် သံတမန်အဖွဲ့ နှုတ်ဆက်ဧည့်ခံပွဲများတည်း။ ယခု သူ့အလှည့် ရောက်လာလေပြီ။ သူသည် အစ္စလမ်မာဘတ်တွင် တာဝန်ထမ်းဆောင်ခြင်းကာလ ကုန်ဆုံးတော့မည် ဖြစ်သောကြောင့် သံတမန်အဖွဲ့ နာယကကြီး အမှူးပြုသော မိတ်ဆွေသင်္ဂဟများက သူ့အား နှုတ်ဆက် ဂုဏ်ပြုပွဲ ကျင်းပကြပေတော့မည်။

(၂)

သံတမန်အဖွဲ့က သူ့အား ဂုဏ်ပြုနှုတ်ဆက်ပွဲကို ဧပြီလ ၅–ရက်နေ့ နံနက် ဆယ့်တစ်နာရီအချိန် အစ္စလမ်မာဘတ်ကလပ်တွင် ကျင်းပရန် သတ်မှတ်ထားလေသည်။ သံရုံးအကြီးအကဲများအား အကြောင်းကြားထားပြီးဖြစ်၍ ထိုနေ့ ထိုအချိန်တွင် စုံစုံညီညီ ရောက်ရှိလာကြလေသည်။ ထုံးစံအတိုင်း မောင်ပြုံးချိုနှင့် သံတမန်အဖွဲ့ နာယကကြီးသည် ကြွရောက်လာကြသည့် ဧည့်သည်တော်များအား ဧည့်ခန်းဝမှ စောင့်ကြိုနှုတ်ဆက်ရမည် ဖြစ်သည်။ သို့ရာတွင် ထိုအချိန်တွင် မောင်ပြုံးချို စတင် တာဝန်ယူကတည်းက သံတမန်အဖွဲ့ နာယကကြီးအဖြစ် ဆောင်ရွက်လာခဲ့သူ မောရေရှ သံအမတ်ကြီးသည် မကြာသေးမီက ပြောင်းရွှေ့သွားလေပြီ။ သံတမန်ဝါအရင့်ဆုံးဖြစ်သူ ဩစတြီးယား သံအမတ်ကြီးက နာယကကြီးအဖြစ် စတင်ဆောင်ရွက်နေချိန်ဖြစ်သည်။ မောင်ပြုံးချို၏ ဧည့်ခံပွဲတွင် နာယကအသစ်ဖြစ်သူ ဩစတြီးယား သံအမတ်ကြီးက ဦးစီးခေါင်းဆောင်ပြုရပါမည်။ သို့ရာတွင် ထိုနှစ်တွင်မှ ထိုသံအမတ်ကြီးသည် မအားမလပ်ဖြစ်နေပြန်သည်။ သူသည် ဩစတြီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာမည်ဖြစ်သော ပါကစ္စတန် စစ်အုပ်ချုပ်ရေး အရာရှိ ဗိုလ်ချုပ်ကြီး ဇီယာအူဟတ်ကို လေဆိပ်သို့ သွားရောက်ပို့ဆောင် နှုတ်ဆက်ရန် တာဝန်ရှိနေလေသည်။ အမိနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ သွားရောက်မည့် နိုင်ငံအကြီးအကဲအား သက်ဆိုင်ရာ သံအမတ်ကြီးသည် အဘယ်မှာလျှင် ပို့ဆောင်ခြင်း မပြုဘဲ လျစ်လျူရှုထားနိုင်အံ့နည်း။

ထို့ကြောင့် သူ့အပြင် သံတမန် ဝါအရင့်ဆုံးဖြစ်သော ချက်ကိုစလိုဗက်ကီးယား သံအမတ်ကြီးက မောင်ပြုံးချို၏ ဧည့်ခံပွဲကို ဦးစီး ခေါင်းဆောင် ပြုလုပ်ရလေသည်။

မောင်ပြုံးချိုနှင့် ချက်ကိုစလိုဗက်ကီးယား သံအမတ်ကြီးသည် ဧည့်သည် တော်များအား ခရီးဦးကြိုပြုလျက် ရှိကြသည်။ ကြွရောက်လာသူတိုင်းလိုလိုကပင် နာယကကြီး ဘယ်သွားသလဲဟု မေးကြသောကြောင့် ချက်ကိုစလိုဗက်ကီးယား သံအမတ်ကြီးက အဖြေပေးနေရလေသည်။

ဧည့်သည်တော်များ နေရာအသီးသီးတွင် ထိုင်မိကြ၍ လက်ဖက်ရည် ကော်ဖီမုန့်တို့ကို ဧည့်ခံပြီးသည်နှင့် အခမ်းအနားစလေတော့သည်။ တစ်ဘက်ရှိ ရှည်လျားသော ဆိုဖာကြီးပေါ်တွင် ယာယီနာယကကြီး၊ မောင်ပြုံးချိုနှင့် နိုင်ငံခြား ရေးဝန်ကြီးဌာနမှ သံတမန် ဆက်သွယ်ရေး အရာရှိချုပ်တို့ ယှဉ်၍ ထိုင်နေကြ သည်။

ရှေ့စားပွဲပေါ်တွင် လက်ဆောင်အဖြစ် ပေးအပ်မည့် ငွေလင်ဗန်းကို ကတ္တီပါသေတ္တာတွင် ထည့်၍ တင်ပြထားလေသည်။ ချက်ကိုစလိုဗက်ကီးယား သံအမတ်ကြီးသည် နေရာမှထကာ နာယကဖြစ်သူ ဩစတြီးယား သံအမတ်ကြီး မအားမလပ်ဖြစ်နေသည့်အတွက် မိမိက သူ၏ကိုယ်စား ထိုဧည့်ခံပွဲကို ဦးစီး ခေါင်းဆောင်ပြု၍ ကျင်းပရမည့်အကြောင်းနိဒါန်းစကား ပြောဆိုသည်။ ဤနေရာ တွင် ယခင်နာယကဟောင်း မေရေရှသံအမတ်ကြီးသာဖြစ်ဘိမူ ဖွဲ့ဖွဲ့နွဲ့နွဲ့နှင့် ရှည်လျားစွာ ပြောကြားမည် ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် အသားရောင် မည်း သော်လည်း အင်္ဂလိပ်ဘာသာစကားကို ပိုင်နိုင်စွာ ပြောဆိုနိုင်သူဖြစ်သည်။ သူသည် အင်္ဂလန်နိုင်ငံ အောက်စဖို့တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။ သံအမတ်ကြီး အဖြစ် တာဝန်မထမ်းဆောင်မီက သူ့နိုင်ငံ၏ တက္ကသိုလ်တွင် အင်္ဂလိပ်ဘာသာကို သင်ကြားပို့ချခဲ့သည်။ စကားပြောကောင်းသလောက် အချိန်ကြာမြင့်စွာယူ၍ မိန့်ခွန်းခြွေနေတတ်သောကြောင့် အချို့က ညည်းညူတတ်ကြသည်။

ချက်ကိုစလိုဗက်ကီးယား သံအမတ်ကြီးကား စကားရှည်တတ်သူ မဟုတ်။ တိုတိုပင်ကြိုးစားပြောရလေသည်။ နိဒါန်းစကားပြောပြီးသည်နှင့် မောင်ပြုံးချို ၏ ကိုယ်ရေးဖြစ်စဉ်များကို အကျဉ်းမျှ ဖော်ပြပြီးနောက် လက်ဆောင်ပစ္စည်းကို ပေးအပ်သည်။ မောင်ပြုံးချိုက ယခင်နောင်တော်ပ နောင်တော်များ၏ အစဉ်အလာ အတိုင်း ကျေးဇူးတင်စကား ပြန်ကြားပြောဆိုလေသည်။ အခမ်းအနား ပြီးဆုံး သည်နှင့် ဧည့်သည်တော်များလည်း ယာယီနာယကနှင့် မောင်ပြုံးချိုတို့အား နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားကြလေသည်။

(၃)

ညနေဆည်းဆာ။

အစ္စလမ်မာဘတ်မြို့ရှိ မြန်မာသံအမတ်ကြီး၏ နေအိမ်နှင့် ပန်းဥယျာဉ်တွင် ရောင်စုံလျှပ်စစ်မီးတွေ ထွန်းထားလေသည်။ နှင်းဆီ၊ ရွက်လှ၊ စံပယ် အစရှိသည့် အပင်နိမ့်များတွင်သာမက ထင်းရှူး၊ ပိုးဇာ၊ ကံ့ကော်၊ ကျောက်ပန်းတို့ ကဲ့သို့သော အပင်မြင့်များပေါ်တွင်လည်း ရောင်စုံမီးလုံးတွေနှင့် ဝေဖြာနေလေသည်။ ယမန်နှစ်က ကျင်းပခဲ့သော မြန်မာလွတ်လပ်ရေးနေ့ ဧည့်ခံပွဲတွင်မူ အလွန်ချမ်းအေးသည့် ရာသီဖြစ်သောကြောင့် မြက်ခင်းပေါ်တွင် ရွက်ထည်ရုံကြီး ထိုးကာ အပူဓာတ်ပေး၍ ဧည့်ခံခဲ့ရလေသည်။ ယခုမူ ဧပြီလဆန်းစ နွေကာလ အချိန်ဖြစ်သောကြောင့် အိမ်ရှေ့ရှိ ပန်းပင်များ ဝန်းရံလျက်ရှိသော ဟာလာဟင်းလင်း မြက်ခင်းပေါ်တွင် နူတ်ဆက်ဧည့်ခံပွဲကို တည်ခင်းရလေသည်။ နွေရာသီပင် ဖြစ်လင့်ကစား ညနေချမ်းအချိန်တွင် မြက်ခင်းပေါ်၌ အပူရှိန် မပြင်းထန်တော့ချေ။

ထိုနေ့မတိုင်မီ တစ်ရက်ကတည်းက ဧည့်ခံပွဲအတွက် ချက်ပြုတ်ကြော်လှော်နေခဲ့ရသော မြန်မာမိသားစုသည် ထိုနေ့ညနေစောင်းတွင် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ကာ ခပ်စောစောပင် ရောက်ရှိနေကြလေသည်။ သူတို့သည် တာဝန်ကိုယ်စီဖြင့် နေရာမလပ် အကွက်စေ့အောင် ဆောင်ရွက်နေကြသည်။ နေရာထိုင်ခင်း စီစဉ်သူစီစဉ်၊ စားသောက်ဖွယ်များကို ပြုပြင်သူပြုပြင်၊ အဖျော်ယမကာအတွက် စီမံသူစီမံနှင့် မအားလပ်အောင်ပင် ရှိနေကြသည်။ တာဝန်ကျ စားပွဲထိုးများလည်း သူ့နေရာနှင့်သူ အဆင်သင့် ဖြစ်နေကြသည်။

ဖိတ်ကြားထားသည့်အချိန် နီးကပ်လာသည်နှင့် မောင်ပြုံးချိုတို့ ဇနီးမောင်နှံသည် ဧည့်သည်တော်များအား ခရီးဦးကြိုပြုရန် အိမ်ဝတွင် အသင့် ရှိကြသည်။ သတ်မှတ်ထားသော အချိန်ရောက်သည်နှင့် ဧည့်သည်တော်များသည် တစ်ဦးပြီး တစ်ဦး သူ့အတွဲနှင့်သူ ရောက်ရှိလာကြသည်။ အများအားဖြင့်ကား ဇနီးမောင်နှံစုံ လာရောက်ကြသည်။ သူတို့သည် မောင်ပြုံးချိုနှင့် ဇနီးအား လက်ဆွဲနူတ်ဆက်ပြီးလျှင် နှစ်လိုဖွယ်စကားများကို ပြောဆိုပြီးနောက် ရောက်လာမည့် ဧည့်သည်တော်များအား အခွင့်အရေးပေးသောအားဖြင့် ပရိသတ်များ ရှိရာသို့ ဖယ်ခွာသွားကြလေသည်။ သည်အချိန်တွင် အမှတ်တရ ဓာတ်ပုံရိုက်သည်မှာလည်း တဝင်းဝင်း တလက်လက်။

တစ်နာရီအတွင်း ဖိတ်ကြားထားသူများ အစုံအညီ ရောက်ရှိနေကြပါပြီ။ သူတို့သည် နီးစပ်ရာ သူ့အဖွဲ့နှင့်သူ ယမကာခွက်များကို ကိုင်ယင်း အထွေထွေသော စကားများကို ပြောဆိုနေကြလေသည်။ မြန်မာသံရုံးအရာရှိများနှင့် သူတို့၏ ဇနီးများသည်လည်း ဟိုမှသည်မှ သွားလာ၍ ဧည့်သည်တော်များကို ဧည့်ခံကြလေသည်။ ထိုအချိန်တွင် စားပွဲထိုးများသည် ယမကာခွက်များ သို့တည်းမဟုတ် စားဖွယ်သောက်ဖွယ်များကို လင်ဗန်းတွင်တင်ကာ ဧည့်သည်များအတွင်းသို့ လှည့်လည်သွားလာ၍ ဧည့်ခံကြသည်။

ဧည့်သည်များသည် လိုချင်သော ယမကာခွက် လှမ်းယူသည်။ သုံးဆောင်လိုသောစားဖွယ်ကို ယဉ်ကျေးစွာ နှိုက်ယူတတ်ကြသည်။ အချို့ကမူ စားဖွယ်သောက်ဖွယ်မျိုးစုံ တည်ခင်းထားသော စားပွဲအနီးသို့ ကပ်လာကာ အဆင်သင့်ထားရှိသည့် ပန်းကန်ပြား၊ ခက်ရင်း၊ ဇွန်း၊ လက်သုတ်ပဝါကို ဆွဲယူပြီး စားဖွယ်များကို လိုသလောက် ထည့်ယူကာ သုံးဆောင်တတ်သည်။

လာရောက်သည့် ဧည့်သည်များ ကုန်လောက်သောအခါ မောင်ပြုံးချိုတို့ဇနီးမောင်နှံသည်လည်း မြက်ခင်းပေါ်သို့ ရောက်ရှိလာကာ ဧည့်သည်များအားလှည့်လည် နှုတ်ဆက်ကြလေသည်။ သူတို့အများဆုံး မေးမြန်းတတ်သည်မှာ–

"သံအမတ်ကြီးနေရာ ဘယ်သူ ရောက်လာမှာလဲ"

"သံအမတ်ကြီးက ဘယ်နိုင်ငံကို ပြောင်းရွှေ့ရမှာလဲ"ဟူသော မေးခွန်းများပင် ဖြစ်လေသည်။

ပထမမေးခွန်းနှင့်ပတ်သက်၍ မည်သူ ရောက်ရှိလာမည်ကို မသိသေးပါဟု ဖြေကြားရသည်။ ဒုတိယမေးခွန်းကို မြန်မာနိုင်ငံသို့ ပြန်ရမှာပါဟူသော အဖြေကို ပေးရလေသည်။

သည်လိုနှင့် တစ်နာရီကျော်ကျော်ခန့် ရှိသောအခါ ဧည့်သည်တော်များ ပြန်ချိန် ရောက်ရှိလေသည်။ ထို့ကြောင့် မောင်ပြုံးချိုတို့ ဇနီးမောင်နှံသည် ခရီးဦးကြိုပြုစဉ်က ရပ်နေခဲ့သောနေရာသို့ ပြန်လည်သွားရောက်ပြီး အဆင်သင့်စောင့်ကြိုနေရပြန်လေသည်။ ပြန်လည်ထွက်ခွာသွားကြမည့် ဧည့်သည်တော်များအား နှုတ်ဆက်ရပြန်လေသည်။

"ချောချောမောမော အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပါစေ"

"မိမိနိုင်ငံတွင် ဂုဏ်ဒြပ်ကြီးမြင့်သော ရာထူးတွင် ဆက်လက် ထမ်းဆောင်နိုင်ပါစေ"

"ကျွန်တော်တို့ မြန်မာနိုင်ငံရောက်ရင် သံအမတ်ကြီးကို လာတွေ့ပါဦးမယ်"

"အခုခေတ်မယ် ကမ္ဘာကလေးက တဖြည်းဖြည်းသေးငယ်လာပါပြီ။ ကျွန်တော်တို့ တစ်တွေဟာ တစ်နေ့ရာရာ တစ်ချိန်ချိန်မယ် ပြန်လည်တွေ့ဆုံကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

"မိမိနိုင်ငံမှာ သားသမီးဆွေမျိုးမိတ်သင်္ဂဟနဲ့ ပြန်လည်ပေါင်းမိပြီး ကျန်းမာပျော်ရွှင်လန်းပါစေ"

ဤသို့လျှင် ဆုတောင်းမေတ္တာစကားများကို ပြောဆိုကာ နှုတ်ဆက်သွားကြလေသည်။

ဧည့်သည်တော်တွေ ကုန်သလောက် ရှိသွားပါပြီ။ သို့ရာတွင် လုံးလုံးကုန်သွားသည်ကား မဟုတ်။ မြန်မာသံရုံးအဖွဲ့ဝင်များနှင့် အလွန်ရင်းနှီးသည့် မိတ်ဆွေသံရုံးများမှ ပုဂ္ဂိုလ်များ ကျန်ရှိနေရစ်လေသည်။ သူတို့တစ်တွေ လေးငါးဆယ်ယောက်သည် ယခုမှ လွတ်လွတ်လပ်လပ် ပျော်ရွှင်မြူးတူးနေကြလေသည်။ ယမကာ၏ အရှိန်ကြောင့် ပွင့်ပွင့်လင်းလင်းနှင့် ပြောချင်ရာ ပြောဆိုနေကြသည်။ သို့ရာတွင် သံတမန်ဝန်ထမ်းများပီပီ အမှားအယွင်းကား မရှိကြ။ အပေါင်းအသင်းများနှင့် စုရုံးကာ ရယ်ရင်းမောရင်း ဓာတ်ပုံများကို တဖျတ်ဖျတ် ရိုက်နေကြလေသည်။ သူတို့ ပြန်သွားသောအခါ အတော်ညဉ့်နက်နေပါပြီ။ သည်တော့မှပင် မြန်မာမိသားစုချည်း ကျန်ရစ်ခဲ့လေသည်။

ဧည့်သည်များကို ဧည့်ခံနေရသည်နှင့် မစားသောက်ရသေးသော မြန်မာမိသားစုများသည် ထိုအချိန်ကျမှ ဧည့်ခန်းတွင်ထိုင်ကာ ဆာလောင်မွတ်သိပ်ခြင်းကို ဖြည့်ဆည်းရလေသည်။ သန်းခေါင်ကျော်လောက်မှ လူစုကွဲသွားလေသည်။

မောင်ပြုံးချိုသည် အခန်းပြင်သို့ ထွက်လာခဲ့လေသည်။ လဆုတ်ပက္ခဖြစ်သောကြောင့် လတစ်ခြမ်းပဲ့သည် ယခုမှ တောင်တန်းများကို ကျော်တက်လာလေသည်။ များမကြာမီ အရုဏ်ကျင်း၍ လင်းချိန်သို့ ရောက်ပေတော့မည်။

သူတို့မိသားစု အမိနိုင်ငံသို့ ပြန်ရမည့် ကာလသည် တစ်နေ့ ပို၍ နီးလာလေပြီ။

❁

# တွေးရခက်ကြီးပါ

(၁)

အစ္စလမ်မာဘတ်မြို့မှ ထွက်ခွာရမည့်ရက်သည် တစ်နေ့တခြား နီးကပ်လာပေပြီ။ နှုတ်ဆက်ညှော်ခံပွဲတွေက မကုန်နိုင်သေး။ ယခု တက်ရောက်ရမည့် နှုတ်ဆက် ညှော်ခံပွဲကား နိုင်ငံခြားရေးဝန်ကြီးဌာနက တည်ခင်းမည့် ညှော်ခံပွဲ ဖြစ်သည်။

သံအမတ်ကြီးတစ်ဦး တာဝန်ချိန် ကုန်ဆုံး၍ အစ္စလမ်မာဘတ်မြို့မှ ထွက်ခွာတော့မည်ဆိုလျှင် ပါကစ္စတန် နိုင်ငံခြားရေး ဝန်ကြီးဌာန အတွင်းဝန်က နှုတ်ဆက်ညှော်ခံပွဲ ကျင်းပမြဲ ဖြစ်သည်။ ထိုညှော်ခံပွဲများသို့ သက်ဆိုင်သူ သံအမတ် ကြီးနှင့် ရင်းနှီးသော အခြားသံအမတ်ကြီးများကို ဖိတ်ကြားသည့်အပြင် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အရာရှိကြီးများ တက်ရောက်ကြလေသည်။ မောင်ပြုံးချို တာဝန် ထမ်းဆောင်နေခဲ့သည့် သုံးနှစ်အတွင်း သူနှင့် ရင်းနှီးသည့် သံအမတ်ကြီးများ အစ္စလမ်မာဘတ်မြို့မှ ထွက်ခွာသွားခဲ့သည်မှာ များလှပေပြီ။ ထို့ကြောင့် ထိုကဲ့သို့ သော ညှော်ခံပွဲမျိုးတွေ မောင်ပြုံးချို တက်ရောက်ခဲ့သည်မှာလည်း မနည်းလှပေ။

သည်ညှော်ခံပွဲကတော့ မောင်ပြုံးချိုတို့ဇနီးမောင်နှံအတွက် ကျင်းပသည့် နှုတ်ဆက်ညှော်ခံပွဲဖြစ်သည်။ ညနေစောင်းအချိန်တွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ညှော်ခန်းဆောင်သို့ ဖိတ်ကြားထားသော သံအမတ်ကြီးများနှင့် ဇနီးများ တစ်တွဲပြီး တစ်တွဲ ရောက်ရှိလာကြလေသည်။ နိုင်ငံခြား ဝန်ကြီးဌာန အတွင်းဝန်သည် ပြည်ပသို့ ခရီးထွက်နေသောကြောင့် မောင်ပြုံးချိုနှင့်ဇနီးအတွက် ညှော်ခံပွဲကို တွဲဖက်အတွင်းဝန်နှင့် ဇနီးတို့က တည်ခင်းလေသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အစရှိသော အရာရှိများကား ခပ်စောစော ကပင် ရောက်ရှိနေကြသည်။ သူတို့သည် သူ့အတွဲနှင့်သူ ရောက်ရှိလာကြသော

http://www.cherrythitsar.org

သံအမတ်ကြီးများအား ခရီးဦးကြိုပြုကာ အာလာပ သလ္လာပ စကားများ ပြောဆို နေကြသည်။

ရောက်ရှိလာသော ဧည့်သည်တော်များအနက် မြန်မာနိုင်ငံတွင် တာဝန် ထမ်းဆောင်ဖူးခဲ့ကြသော အမေရိကန် ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ယူဂိုစလား ဗီးယားနိုင်ငံမှ သံအမတ်ကြီးများနှင့် သူတို့၏ ဇနီးများ ပါဝင်လေသည်။ အခြား ဖိတ်ကြားထားသည့် ဧည့်သည်များမှာ အိမ်နားနီးချင်းနိုင်ငံများ ဖြစ်ကြသည့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မလေးရှားတို့မှ သံအမတ်ကြီးများနှင့် ဇနီးများ ဖြစ်ကြလေသည်။ မကြာသေးမီက ပြောင်းရွှေ့သွား၍ လစ်လပ်နေသည့် နီပေါနှင့်သီရိလင်္ကာသံရုံးမှမူ သံရုံးယာယီတာဝန်ခံ သံမှူးနှင့် ဇနီးမောင်နှံများကို ဖိတ်ကြားထားလေသည်။

မြန်မာသံအမတ်ကြီး မောင်ပြုံးချိုအတွက် တည်ခင်းဧည့်ခံပွဲတွင် ဘင်္ဂလား ဒေ့ရှ် သံအမတ်ကြီး ဇာဟီရူဒင်နှင့်ဇနီးကို တွေ့ရသဖြင့်အချို့က အံ့သြနေကြ သည်။ သည်အထဲတွင် တကယ်မဟုတ်ဘဲ အံ့သြချင်ယောင်ဆောင်နေကြသူများ လည်း ပါသည်။ စကားမရှိစကားရှာ ပြောကြဆိုကြရမည် မဟုတ်လား။

“ဟလို ဘယ်တော့ မြန်မာနိုင်ငံသွားမှာလဲ”

“ကျွန်တော်တို့က ခင်ဗျား မြန်မာပြည်ရောက်ပြီး ပန်းသေးခေါက်ဆွဲ တွေ တဝစားနေပြီထင်တာ”

“အလျင်ထွက်ရမယ့်လူကနောက်၊ နောက်ထွက်ရမယ့်လူက အရင် ဖြစ်နေ တော့မယ်ထင်တယ်”

ဤသို့လျှင် အမျိုးမျိုးမေးမြန်းပြောဆိုနေကြလေသည်။ ပြောဆိုရန်က လည်း အကြောင်း ဖြစ်ပေါ်နေသည်။

ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး ဇဟီရူဒင်သည် မြန်မာနိုင်ငံသို့ တာဝန် ပြောင်းရွှေ့ ထမ်းဆောင်ရမည်ဟူသော သတင်းသည် လွန်ခဲ့သော သုံးလလောက် ကတည်းက ဖြစ်ပေါ်ခဲ့သည်။ သံအမတ်ကြီးအား ထိုသတင်းနှင့်ပတ်သက်၍ မိတ်သင်္ဂဟများက မေးမြန်းကြသောအခါ ‘မသေချာသေးပါဘူး’ဟူ၍ လည်း ကောင်း၊ ‘နိုင်ငံခြားရေး ဝန်ကြီးဌာန အတွင်းဝန် ဒီလာတုန်းကတော့ အရိပ်အမြွက် ပြောသွားတယ်။ ဒါပေမဲ့ ခုထက်ထိတော့ ဘာမှ မသိရသေးပါဘူး’ဟူ၍လည်း

ကောင်း၊ 'ဟာ ကျွန်တော်က မြန်မာပြည်ဆိုရင် သိပ်သွားချင် တာပေါ့။ ဖြစ်နိုင်ရင် ခုချက်ချင်းတောင် ထပြေးချင်သေးရဲ့'ဟူ၍လည်းကောင်း အားရဝမ်းသာ ပြောဆိုတတ်လေသည်။ သူပြောမည်ဆိုလျှင်လည်း ပြောချင်စရာ။

ပြောင်းရွှေ့ရတော့မည်ဟူသော သတင်း ဖြစ်နေပြီး တစ်လခန့်ကြာသော အခါကျမှ ပြောင်းရွှေ့မိန့်ထွက်လာသည်။ သည်တော့ ထုံးစံအတိုင်း သံတမန်မိတ်သင်္ဂဟတွေက နှုတ်ဆက်ဧည့်ခံပွဲတွေ တည်ခင်းကြသည်။ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့သွားမည့်အတွက် တည်ခင်းသည့် ဧည့်ခံပွဲဖြစ်သည့်အလျောက် မြန်မာနိုင်ငံသံအမတ်ကြီး မောင်ပြုံးချိုနှင့်ဇနီးကို ဖိတ်ကြားမြဲဖြစ်သည်။ မောင်ပြုံးချိုနှင့် ဇနီးမောင်နှံကလည်း မိမိနိုင်ငံသို့ ပြောင်းရွှေ့သွားမည့် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးနှင့် ဇနီးအား နှုတ်ဆက်ညစာစားပွဲ တည်ခင်း၍ ဂုဏ်ပြုပြီးဖြစ်သည်။ သည်တွင်မကသေး သံတမန်အဖွဲ့ဝင်များကလည်း သူ့ကို ဂုဏ်ပြု နှုတ်ဆက်လက်ဖက်ရည်ပွဲတည်ခင်းပြီး လက်ဆောင်ပစ္စည်း ငွေလင်ဗန်းကြီး ပေးအပ်ပြီးဖြစ်သည်။ သည်တွင်မကသေး နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန်ကလည်း သူ့ကို ဂုဏ်ပြုညစာစားပွဲတည်ခင်း၍ နှုတ်ဆက်ပြီး ဖြစ်သည်။ သူသည် အရှေ့ပါကစ္စတန်နှင့် အနောက်ပါကစ္စတန်ဟူ၍ တည်ရှိစဉ်အခါက ပါကစ္စတန် နိုင်ငံ၏ ဗဟိုအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦး ဖြစ်ခဲ့သည်။ အရှေ့ပါကစ္စတန် နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအဖြစ် သီးခြားတည်ထောင်ဖွဲ့စည်းပြီးသည့်နောက် နှစ်နိုင်ငံ သံတမန်အဆက်အသွယ်မရှိဘဲ နေခဲ့ရာမှ မစ္စတာ ဇာဟီရူဒင်သည် ပါကစ္စတန် နိုင်ငံဆိုင်ရာ ပထမဆုံး ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအဖြစ် အစ္စလမ်မာဘတ်မြို့သို့ ရောက်ရှိလာသူ ဖြစ်လေသည်။ ထို့ကြောင့် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက အထူးအလေးဂရုပြုသည့် သံအမတ်ကြီးများအနက် သူသည် တစ်ဦးအပါအဝင် ဖြစ်လေသည်။

နှုတ်ဆက်ပွဲတိုင်းတွင် မစ္စတာဇဟီရူဒင်က မြန်မာနိုင်ငံသို့ ကျောင်းသားဘဝက တစ်ခေါက်၊ ဝန်ကြီးအဖြစ်နှင့် တစ်ခေါက် ရောက်ဖူးကြောင်း၊ ထိုစဉ်က ရက်ပိုင်းမျှသာ နေခဲ့ရပြီး နေရာအနှံ့အပြား မရောက်ခဲ့ဖူးသော်လည်း မိမိတွေ့ဆုံခဲ့ရသော ပြုံးရွှင်ဖော်ရွေသည့် မြန်မာတိုင်းရင်းသားများကို လေးစား ချစ်ခင်ပါကြောင်း မိမိနိုင်ငံနှင့် မြန်မာနိုင်ငံသည် နယ်ချင်းဆက်စပ်နေသည့် အလျောက် သမိုင်းအစဉ် အလာအရ ရင်းနှီးခဲ့သည့် နိုင်ငံများ ဖြစ်ခဲ့ကြောင်း၊ ကိုလိုနီစနစ် လက်အောက်သို့ မိမိတို့နိုင်ငံများသည် အတူတကွ ကျရောက်ခဲ့ကြောင်း ကျွန်ဘဝမှလွတ်မြောက်

အောင်လည်း အတူယှဉ်တွဲ၍ တိုက်ပွဲဝင်ခဲ့ကြကြောင်း၊ မိမိသည် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း နှစ်ပြည်ထောင် ချစ်ကြည်ရေးကို အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်တို့ကို ပြောဆိုတတ်လေသည်။ ဤကဲ့သို့ စကားများကို ဧည့်ခံပွဲတိုင်းတွင် ထပ်တလဲလဲ ပြောဆိုပြီးမှ အစ္စလမ်မာဘတ်မှ တော်တော်နှင့် မထွက်ခွာရသေးသောအခါ ရင်းနှီးသူများက ကျီစယ်လာကြသည်။

"ခင်ဗျား မြန်မာနိုင်ငံပြောင်းဖို့ အစီအစဉ်ပျက်ပြားသွားပြီလား။ အဲဒီကိစ္စ ပျက်သွားရင်တော့ ဒီမယ်ရှိတဲ့ သံတမန်တွေအားလုံးကို ခင်ဗျားက ပြန်ပြီး ကျွေးမွေးဧည့်ခံရလိမ့်မယ်နော်"

ထိုစကားများကို ကြားရသောအခါ မစ္စတာဇာဟီရူဒင်သည် ပြုံးတမဲ့မဲ့ မျက်နှာထားနှင့် "ဟုတ်ပါရဲ့ ကျွန်တော်ဖြင့် ရှက်တောင်လာပြီ"ဟု ပြန်ပြောတတ်လေသည်။ ကြန့်ကြာနေသည့်အကြောင်းအရင်းကို မေးကြသောအခါတွင်မူ "ဒီနေရာအတွက် သင့်တော်တဲ့ပုဂ္ဂိုလ်ရှာလို့ မရသေးလို့နဲ့ တူပါတယ်"ဟူ၍ ဖြေတတ်လေသည်။

ဤကဲ့သို့ နာရီဝက်ခန့် ထွေရာလေးပါး စကားပြောဆိုနေကြပြီးနောက် စားပွဲတွင် ကြိုတင်စီစဉ်နေရာချထားပေးသည့်အတိုင်း ထိုင်နေကြလေသည်။ စားပွဲတွင်လည်း စားရင်းသောက်ရင်း စကားပြောမပြတ်ကြ။ ပြောကြသည့် စကားတွေကလည်း စုံလို့။ အင်အားကြီးနိုင်ငံများအကြောင်း၊ အိမ်နီးနားချင်း နိုင်ငံများအခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မြန်မာနိုင်ငံအကြောင်း ရောက်သွားသောအခါ စီးပွားရေး၊ စာမတတ်သူပပျောက်ရေး၊ ပုဂံမှရှေးဟောင်း စေတီပုထိုးများအကြောင်း၊ မကြာသေးခင်က လျှောင်လှုပ်၍ ပျက်စီးသည့် အကြောင်း၊ ဘာသာရေးအကြောင်းရောက်သွားပြန်သောအခါ နိုင်ငံအတွင်း ကိုးကွယ်ကြသည့် ဘာသာအမျိုးမျိုး၊ ဗုဒ္ဓဘာသာအကြောင်း၊ ထေရဝါဒနှင့် မဟာယနဂိုဏ်းကွဲပြားပုံ၊ ဗုဒ္ဓပွင့်တော်မူရာ အိန္ဒိယတိုက်ငယ်မှ ဗုဒ္ဓသာသနာ တစ်စတစ်စ မှေးမှိန်သွားရသည့်အကြောင်းရင်း စသည်စသည်များကို စပ်မိစပ်ရာ ပြောဆိုဆွေးနွေးကြလေသည်။

မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အကြောင်းခြင်းရာများကို ဆွေးနွေးသောအခါ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်သွားခဲ့ဖူးသော သံအမတ်ကြီးများကပါ စိတ်အားထက်သန်စွာ ပါဝင်ဆွေးနွေးတတ်လေသည်။ သူတို့ ပြောဆိုသည့်

http://www.cherrythitsar.org

အချက်အလက်များကိုမည်မျှအထိ လေ့လာထားသည်ကို အကဲခတ်နိုင်လေသည်။ သို့ရာတွင် သူတို့သိနေသော အချို့အချက်အလက်များသည် ကာလ ကြာမြင့်၍ ပြောင်းလဲနေပြီ ဖြစ်သောကြောင့် မမှန်ကန်တော့ချေ။ ထိုအခါများတွင် မောင်ပြုံးချို က အဖြစ်မှန်အခြေအနေမှန်များကို ထောက်ပြ ပြုပြင်တင်ပြ ပေးရလေသည်။

အဝတ်ဖြူတူညီဝတ်စုံ ဝတ်ဆင်ထားသော စားပွဲထိုးများက တစ်မျိုးပြီး တစ်မျိုး ထည့်ပေးသည့် အစားအသောက်များကို အချိန်ယူကာ သုံးဆောင်ကြ ပြီးသောအခါ အချိုပွဲများကို လာချလေသည်။ ထိုအချိန်တွင် တွဲဖက်အတွင်းဝန် သည် နေရာမှ ထကာနှုတ်ခွန်းဆက်စကား ပြောဆိုလေသည်။ မောင်ပြုံးချို၏ ကိုယ်ရေးဖြစ်စဉ်မှ သူသိထားသမျှကို ဖော်ထုတ်ပြီးနောက် နှစ်နိုင်ငံ ချစ်ကြည်ရေး၊ နိုင်ငံတကာရေးရာများတွင် ပူးပေါင်းဆောင်ရွက်ရေး စသည်များကို အလေးထား၍ ပြောဆိုသွားလေသည်။ ထို့နောက် သည်လိုညစာစားပွဲ ထုံးစံအတိုင်း မေတ္တာပို့ ဆုတောင်းများကို ရွတ်ဆိုကာ ယမကာခွက်ကိုင်မြှောက်ပြီး သောက်ကြရမည် ဖြစ်လေသည်။ ဤနေရာတွင် သောက်သုံးရမည့် ယမကာသည် အစဉ်အလာအရ ရှန်ပိန် ဖြစ်ရပေမည်။ သို့ရာတွင် ပါကစ္စတန်နိုင်ငံတွင် စစ်အစိုးရ တက်ရောက် လာသည့်နောက်ပိုင်းတွင် ဧည့်ခံပွဲများ၌ သေရည်သေရက်တို့ဖြင့် ဧည့်ခံခြင်းကို တားမြစ်ထားသောကြောင့် ဆုတောင်းမင်္ဂလာပြုရာတွင် အချိုရည်ကိုသာ သောက် သုံးကြရလေသည်။ ဧည့်သည်တော်တို့ရှေ့မှောက်ရှိ ဖန်ခွက်များထဲတွင် အချိုရည် တွေ ရောက်ရှိနေလေပြီ။ အရောင်တွေကလည်း အမျိုးမျိုး အစိမ်း၊ အနီ၊ အဝါ၊ အညို၊ အဖြူ၊ မောင်ပြုံးချို၏ ဖန်ခွက်ထဲက အညိုရောင် ကိုကာကိုလာ၊ ဧည့်ခံသူ တွဲဖက်အတွင်းဝန် ဖန်ခွက်ထဲတွင် အဝါရောင် လိမ္မော်ရည်။ သူသည် ဖန်ခွက်ကို ကိုင်လျက် "မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဖက်များခင်ဗျား၊ ကျွန်တော်နှင့် အတူတူ ဆုတောင်း မင်္ဂလာပြုကြပါ"

"မြန်မာနိုင်ငံသံအမတ်ကြီးနဲ့ဇနီးတို့ ကျန်းမာရွှင်လန်းပါစေ"

"ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ချစ်ကြည်ရေးသည်အစဉ် ထာဝရ ခိုင်မြဲပါစေ"

"မြန်မာနိုင်ငံသံအမတ်ကြီး ဇနီးမောင်နှံနှင့် မိသားစုများ မြန်မာနိုင်ငံ သို့ ချောမောစွာ ပြန်လည်ရောက်ရှိပြီး တိုင်းပြည်နှင့် လူမျိုးအတွက် ဆထက်ထမ်းပိုး ဆက်လက်ဆောင်ရွက်နိုင်ကြပါစေ"

ထိုသို့ မင်္ဂလာစကားများ ရွတ်ဆိုပြီးသည်နှင့် အိမ်သည်ရော ဧည့်သည့်များပါ မိမိတို့ ရှေ့ရှိဖန်ခွက်အသီးသီးကို မြှောက်လိုက်ကြပြီးနောက် အချိုရည်များကို သောက်လိုက်ကြလေသည်။

မောင်ပြုံးချိုအလှည့်သို့ ရောက်လာလေပြီ။ မိမိနှင့် ဇနီးအား ဤကဲ့သို့ ညစာစားပွဲတည်ခင်းကာ ဂုဏ်ပြုနှုတ်ဆက်ကြသည့်အတွက် နိုင်ငံခြားရေး ဝန်ကြီးဌာန တွဲဖက်အတွင်းဝန်နှင့် ဇနီးတို့ကို ကျေးဇူးတင်သည့်အကြောင်း၊ ပဏာမ ပြောဆိုပြီးလျှင် မြန်မာနိုင်ငံနှင့် ပါကစ္စတန်တို့ သမိုင်းအစဉ်အဆက် ရင်းနှီး ချစ်ကြည်စွာ ပေါင်းသင်းဆက်ဆံလျက် ရှိကြသည့်အကြောင်း၊ နောင်တွင်လည်း ထိုချစ်ကြည်ရေးသည် အစဉ်ထာဝရ တည်မြဲနေမည်သာ ဖြစ်ကြောင်းကို ပြောဆိုလေသည်။

"ဂုဏ်သရေရှိအမျိုးသမီးများနဲ့ လူကြီးမင်းများခင်ဗျား၊ မိတ်ဆွေသံရုံးများမှ ဒီအထဲမှာ ကျွန်တော်တို့ မြန်မာနိုင်ငံကို ခေတ္တခဏ ရောက်ဖူးတဲ့ သူတွေပါသလို လနဲ့နှစ်နဲ့ချီပြီး နေထိုင်ဖူးတဲ့ ပုဂ္ဂိုလ်တွေလည်း အတော်များများ ပါပါတယ်။ ကျွန်တော်တို့ မြို့တော် ရန်ကုန်ရဲ့မြို့လယ်လမ်းမကြီးတွေ အနက်က တစ်လမ်း ဖြစ်တဲ့ ဆူးလေဘုရားလမ်းမကြီးပေါ်ကိုလည်း ရောက်ဖူးကြမှာပါပဲ။ အဲဒီ လမ်းမကြီးပေါ်ကနေပြီး လမ်းရဲ့ဗဟိုမှာ တည်ရှိနေတဲ့ ရွှေရောင်တဝင်းဝင်းနဲ့ ဆူးလေစေတီတော်ကြီးကို လှမ်းမျှော်၍ဖြစ်စေ ဆူးလေစေတီတော်ကြီးကို လှည့်ပတ်မောင်းသွားတဲ့ မော်တော်ယာဉ်ပေါ်ကဖြစ်စေ၊ ပတ်ဝန်းကျင်ကို ဂရုစိုက် ကြည့်လိုက်မယ်ဆိုရင် တစ်ဘက်က ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ဘုရားရှိခိုး ကျောင်းကို တွေ့မြင်ရမှာဖြစ်ပြီး တခြားတစ်ဘက်မှာတော့ မွတ်စလင် ဘာသာ ဝင်တို့ရဲ့ ဗလီကြီးကို တွေ့မြင်ရမှာဖြစ်ပါတယ်။ စေတီတော်၊ ဗလီကြီးနဲ့ ဘုရားရှိခိုး ကျောင်းတို့ရဲ့ အရိပ်တွေဟာ တစ်ခုနဲ့တစ်ခု ရောယှက်ပြီးနေတာ တွေ့ရပါလိမ့် မယ်။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ကိုးကွယ်တဲ့ စေတီတော်က ဆည်းလည်းသံ၊ ခရစ်ယာန် ဘာသာဝင်တို့ရဲ့ ဘုရားရှိခိုးကျောင်းက ခေါင်းလောင်းသံ၊ အစ္စလမ် ဘာသာဝင်တို့ ဘုရားဝတ်ပြုရာ ဗလီရဲ့ မျှော်စင်ပေါ်က ကြွေးကြော်သံများဟာလည်း တစ်သံနဲ့ တစ်သံ မကြခဏဆိုသလို ရောထွေး ထွက်ပေါ်လာတာကို သာယာနာပျော်ဖွယ် ကြားကြရမှာ ဖြစ်ပါတယ်။ အဲဒါတွေဟာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဘာသာရေးနဲ့ပတ်သက်ပြီး ပြည်သူလူထုကို ဘယ်လောက် လွတ်လပ်မှု ပေးထား တယ်ဆိုတာ အထင်အရှား ပြသခြင်းပါပဲ။ အဲဒါကြောင့် ကျွန်တော်တို့ နိုင်ငံမှာ

ရေးမြန်မာမင်းတွေ လက်ထက်ကစပြီး ဘာသာရေး ကိုးကွယ်မှုနဲ့ ပတ်သက်လို့ ဘာပြဿနာမှ မရှိခဲ့ပါဘူး။ ယခုလည်း မရှိပါဘူး။ နောင်လည်း ရှိမယ် မဟုတ်ပါဘူး။ အကယ်၍ နယ်စပ်ဒေသအချို့ နေရာများမယ် ပြဿနာ ရှိမယ်ဆိုရင်လည်း ဘာသာရေးကြောင့် ဖြစ်ပေါ်ရတာ မဟုတ်ဘဲ အခြားအကြောင်းတစ်ခုခုကြောင့်သာ ဖြစ်ပေါ်လာတဲ့ ပြဿနာ ဖြစ်ရပါမယ်”စသည်ဖြင့် ပြောဆိုလိုက်လေသည်။

ထို့နောက် မိမိတို့ နိုင်ငံသည် အိမ်နားနီးချင်း နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်ပုံများ ကမ္ဘာ့နိုင်ငံရေးတွင်လည်း မည်သည့် အုပ်စုတွင်မှ မပါဝင်ဘဲ ရပ်တည်နေသည့် အကြောင်း၊ စီးပွားရေးတွင်လည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေနိုင်အောင် ကြိုးစားနေမည့်အကြောင်းများကို ဖော်ပြပြီး မင်္ဂလာဆုတောင်းစကားများကို ရွတ်ဆိုကာ နိဂုံးချုပ်လျက် ယမကာ ရောင်စုံများကို တစ်ယောက်တစ်မျိုး သောက်လိုက်ကြလေသည်။

ဤတွင် နိုင်ငံခြားရေးဝန်ကြီးဌာနက မောင်ပြုံးချိုနှင့် ဇနီးအတွက် တည်ခင်းသည့်နှုတ်ဆက်ဧည့်ခံပွဲသည် ပြီးဆုံးခြင်းသို့ ရောက်လေသည်။ သို့ရာတွင် ရုတ်တရက် နေရာမှ မထကြသေး။ စားပွဲထိုးများ လာရောက် ချပေးသော အချိုများကိုမြို့၍ဖြစ်စေ၊ ကော်ဖီကို နည်းနည်းချင်း လေးကန်စွာသောက်၍ဖြစ်စေ ထွေရာလေးပါး နီးစပ်ရာ စကားများပြောဆိုနေကြလေသည်။ အချို့ညနေစာစားပွဲများတွင် သည်လိုအချိန်တွင် စားပွဲမှထကြကာ သက်သောင့်သက်သာနေကြရင်း ဆေးလိပ်သောက်ကာ ချော့ကလက်ငုံကာ အစာကြေ ယမကာများကို ဖြည်းဖြည်းချင်း သောက်သုံးနေကြမည် ဖြစ်သည်။ ယခုမူ ပါကစ္စတန် အစိုးရ ဧည့်ခံပွဲများတွင် မူးယစ်စေတတ်သည့် ယမကာများကို ပိတ်ပင်ထားသည့် အလျောက် စားပွဲတွင် တစ်ဆက်တည်း ထိုင်လျက်သာ ကော်ဖီသောက်ကာ အချိုစားကာနှင့် အချိန်ဆွဲနေကြခြင်း ဖြစ်လေသည်။

ဧည့်ခံသူ အိမ်ရှင်မ တွဲဖက်အတွင်းဝန်ကတော် စားပွဲမှ ထသောအခါ ဧည့်သည်တော်များလည်း နေရာမှ ထကြလေသည်။ တစ်ဦးကိုတစ်ဦး အပြန်အလှန် နှုတ်ဆက်ကြပြီး လူစုခွဲကာ ထွက်လာကြသောအခါ အတော်ပင် ညဉ့်နက်နေပါပြီ။

တစ်ဘက်မှပတ်၍ မောင်းလာမည်ဖြစ်သော မိမိတို့ မော်တော်ယာဉ်များကို အပေါက်ဝတွင် ခေတ္တ ရပ်စောင့်နေကြစဉ် အနောက်တိုင်းပြည်တစ်ခုမှ သံအမတ်ကြီး တစ်ဦး မောင်ပြုံးချိုအနီးသို့ ကပ်လာကာ ခပ်တိုးတိုး စကားဆိုသည်။

"အခွင့်အရေးကို အရယူပြီး ပြောလိုက်တဲ့စကားတွေဟာ အချိန်အခါနဲ့ ကိုက်ညီလွန်းလို့ ချီးကျူးပါတယ်။ အထူးသဖြင့် နယ်စပ်ပြဿနာ အကြောင်းတွေ ထည့်ပြောသွားတာ အလွန်သင့်မြတ်လှပါတယ်"ဟူ၍ ဖြစ်သည်။

မောင်ပြုံးချိုသည် မမျှော်လင့်ထားသောစကားကို ကြားလိုက်ရသဖြင့် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားလေသည်။ ထိုသံအမတ်ကြီးသည် ပြောပြောဆိုဆို သူ့မော်တော်ယာဉ်ပေါ် တက်သွားရာ 'ကျေးဇူးတင်လှပါတယ်'ဟု ကမန်းကတန်း လှမ်းပြောလိုက်ရလေသည်။

မောင်ပြုံးချိုသည် ထိုသံအမတ်ကြီး ပြောဆိုသွားသောစကားများနှင့် ပတ်သက်ပြီး အိမ်အပြန်မော်တော်ယာဉ်ပေါ်တွင် စဉ်းစားလာလေသည်။ သူ့စိတ်ထဲတွင် ဖြစ်ပေါ်သည့်အတိုင်း တကယ်ပင် ချီးကျူးခြင်းလော၊ သံတမန် ပီပီ စကားချိုချိုဆိုလိုက်ခြင်းလော။ တွေးရခက်ကြီးပါ။

❁

http://www.cherrythitsar.org

# အချိန်တန်လို့ အိပ်ပြန်ဖို့

(၁)

ပြောင်းခါနီးရွှေ့ခါနီး ပစ္စည်းပစ္စယတွေ သိမ်းဆည်းရသည့်အလုပ်က များလှပါဘိ။ လာစဉ်တုန်းက သည်လောက်မရှိ။ သည်ရောက်မှ ဟိုဟာဝယ်လိုက်၊ သည်ဟာဝယ်လိုက်နှင့် တဖြည်းဖြည်းများလာသည်။ သံတမန် အထူးဆိုင်မှာကလည်း လိုချင်စရာတွေချည့်။ ဈေးကလည်းချိုသည်။ ချိုပေမှာပေါ့။ သံတမန်တို့ အခွင့်အရေးအရ အကောက်ခွန် မပေးရဘဲကိုး။ ဈေးပေါသည်ဆိုကာ မြင်မြင်တိုင်း လျှောက်ဝယ်နေလို့တော့ မဖြစ်သေး။ ကိုယ့်အတိုင်းအတာနှင့်ကိုယ် တွက်ဆရသည် ချင့်ချိန်ရသည်။ သို့မှသာ အမိနိုင်ငံသို့ ပြန်သောအခါ မျက်နှာပန်းလှမည် မဟုတ်ပါလော။ သည်လိုသတိရှိသည့်အထဲကပင် ယခုပစ္စည်းတွေ များနေသည်ကို တွေ့ရလေသည်။

"ဟာ အထုပ်အပိုးတွေ တယ်များပါလား" မောင်ပြုံးချိုက ပြန့်ကျဲနေသော ပစ္စည်းတွေကို ကြည့်ကာ ညည်းညူသလို ပြောလိုက်လေသည်။

"မြင်တဲ့အတိုင်းပဲလေ။ သံအမတ်ကြီးအိမ်ထောင်သားစုတစ်စု ပြောင်းတာ ရွှေ့တာ ဒီလောက်တော့ များမှာပေါ့"ဟု တင်မကြီးက သေတ္တာတစ်လုံးကို သော့ခတ်နေရာမှ မော့မကြည့်ဘဲ ပြောလိုက်လေသည်။

"သိပ်များလို့မဖြစ်ဘူး။ ကန့်သတ်ထားတဲ့အလေးချိန်ထက် ပိုနေလို့ ပိုခသယ်ခတွေ ကိုယ့်အိတ်ထဲက စိုက်နေရရင် သက်သာမှာ မဟုတ်ဘူး။ တချို့ ပစ္စည်းတွေလျှော့ပစ်ဦးမှ ထင်တယ်"

"ကဲ ဒီလိုဆိုရင် ပြောလေ ဘယ်ဟာတွေ ထားပစ်ခဲ့ရမလဲ"

"ဒါတော့ ကြည့်လုပ်ပေါ့ကွာ"

http://www.cherrythitsar.org

"ကျွန်မတော့ ဘယ်လိုမှ ကြည့်မလုပ်တတ်ဘူး။ ကိုပြော ဘယ်ဟာ ဖယ် ပစ်ထားရမယ်ဆိုတာ ကိုနဲ့သမီးတွေပဲ ဟိုဟာဖြင့် ထည့်ခဲ့ပါ။ ဒီဟာဖြင့် မချန်ခဲ့ပါနဲ့"

"ကြည့်သာလုပ်ပါကွာ။ ကိုတို့ယူပိုင်ခွင့်ရှိတဲ့ အလေးချိန်ထက် မပိုရင် ပြီးတာပဲ"

"ကောင်းပြီနော် ကို့စကားနဲ့ကို တော်ကြာတော့သာ ဟိုဟာ ပါမလာ ကောင်းလား ဒီဟာ ပါမလာကောင်းလားနဲ့ အပြစ်မတင်နဲ့"

မောင်ပြုံးချိုသည် ပြန့်ကျဲနေသော ပစ္စည်းတွေ သေတ္တာတွေ အထုပ်အပိုး တွေကိုကြည့်ရင်း မျက်စိရော စိတ်ပါ ရှုပ်လာသည်။

မှန်ပေသည်။ စီမံခန့်ခွဲရသူအဖို့ လွယ်ကူသည်မဟုတ်။ ပေါ့ပေါ့ပါးပါး နှင့် လမ်းတွင် အသုံးလိုမည့်ပစ္စည်းတွေကို ကိုယ်နှင့် တစ်ပါတည်းပါအောင် ယူရမည်။ အချို့ပစ္စည်းတွေကိုတော့ လေယာဉ်ဖြင့် သီးသန့် သယ်ယူရမည်။ ကျန်လေးလံ၍ ချက်ချင်းအသုံးလိုမည် မဟုတ်သောပစ္စည်းများကို သင်္ဘောဖြင့် သယ်ယူစေရပေမည်။ ဘယ်ပစ္စည်း ဘယ်လိုသယ်မည်ကို ဝေဖန်ပိုင်းရခြားရ သည်ပင် သေးငယ်သော အလုပ် မဟုတ်။

မောင်ပြုံးချိုကတော့ သူနှင့်တိုက်ရိုက် သက်ဆိုင်သမျှ ပစ္စည်းများကို တစ်ခုမှ ထားမပစ်ခဲ့ချေ။ အားလုံးကိုပင် မိမိနိုင်ငံအရောက် သယ်ယူလိုသည်။ အထူးသဖြင့် စာအုပ်တွေ...သည်ရောက်မှ ဝယ်ယူခဲ့သည့် စာအုပ်တွေ အတော် များနေလေပြီ။ အသစ်တွေလည်းပါသည်။ အဟောင်းများလည်း အများပင်။ မိမိနှင့်အတူ မြန်မာနိုင်ငံမှ ယူဆောင်လာခဲ့သည့် စာအုပ်တွေသာမက နောက်မှ မိတ်ဆွေသင်္ဂဟတွေ ပို့ပေးလိုက်ကြတာတွေလည်း ရှိသေးသည်။

"ဒါတွေဟာ ဘယ်လိုလဲ၊ ယူမှာလား ထားခဲ့ရမှာလား"ဟု တင်မကြီး သည် စာအုပ်ပုံကြီးကို တစ်ချက်လှမ်းကြည့်ပြီး မောင်ပြုံးချိုဘက်သို့ လှည့်ကာ မေးလိုက်လေသည်။

"အမယ်လေးလေး ထားမပစ်ခဲ့ပါနဲ့ဗျာ၊ ပါအောင်ယူခဲ့ရမယ့်စာအုပ်တွေ ပါ"

"ဟိုကျရင် အလွယ်တကူ မရနိုင်တဲ့ အင်္ဂလိပ်စာအုပ်တွေကတော့ ထားပါ တော့။ ဒီမြန်မာစာအုပ်တွေက ဘာပြုလို့ ပြန်သယ်နေဦးမှာလဲ"

"ဟာကွာ အဲဒါလေးတွေက သိပ်မများလှပါဘူး။ သယ်ဖြစ်အောင်သာ သယ်ခဲ့စမ်းပါ။ ဘာဖြစ်လို့လဲဆိုတော့ ထားမပစ်ခဲ့ချင်လို့ပါကွာ"

"သူတို့ဖြင့် ထားမပစ်ခဲ့ချင်တာတွေချည့်ပဲ။ သမီးတွေကလည်း သူတို့ အင်္ဂလိပ်ဝတ္ထုစာအုပ်တွေ အားလုံးသယ်ကြဦးမလို့တဲ့။ စာအုပ်တွေကချည့် သေတ္တာ သုံးလေးလုံး ဖြစ်ပြီ" တင်မကြီးသည် ညည်းညည်းညူညူ ပြောနေလေသည်။

သူပြောသည်ကား မှန်ပါ၏။ သို့ရာတွင် မောင်ပြုံးချိုသည် စာအုပ်တွေနှင့် မခွဲနိုင် မခွာရက်။ အချို့စာအုပ်များမှာ အမိနိုင်ငံမှ ပါလာခဲ့ကြသည်။ ယခု သူတစ်ပါးနိုင်ငံတွင် ထားမပစ်ခဲ့လို။ အချို့မှာကား ပြည်ပရောက်မှ မိတ် သင်္ဂဟ များက အမှတ်တရ ပို့လိုက်ကြသည်များ ဖြစ်သည်။ ထိုစာအုပ်များကိုလည်း သူသည် အမှတ်တရပင် ဖတ်ရှုသိမ်းဆည်းထားလိုသည်။ ထို့ကြောင့် ထားမပစ်ခဲ့ ချင်။ သည်အထဲ သမီးတွေကလည်း သူတို့ ဝယ်ယူထားသည့် အင်္ဂလိပ်စာအုပ် မျိုးစုံကို သယ်ယူချင်နေကြသည်။ အဘယ်မှာလျှင် စာအုပ်တွေ မများဘဲ ရှိနိုင်တော့ အံ့နည်း။

စာအုပ်တွေကိုသာမက တိုင်းရင်းသားအရုပ်ကလေးတွေကိုလည်း မောင်ပြုံးချို ပြန်သယ်သွားလိုသည်။ သူသည် အရုပ်ကလေးတွေကို တကယ့် သက်ရှိတိုင်းရင်းသားတွေဟု ထင်နေသလားမသိ။

"ဟေ့ ဒါပဲနော် တို့တိုင်းရင်းသားတွေကိုတော့ ပြန်ခေါ်သွားမှာနော်။ ဒီမယ် ထားပစ်ခဲ့လို့ မဖြစ်ဘူး"ဟု မောင်ပြုံးချိုက သတိပေးလိုက်လေသည်။

"အမယ်လေးတော် အရုပ်တွေများ တကယ့်လူတွေ ကျနေတာပဲ၊ ခေါ်ခဲ့ ခေါ်ခဲ့ အားလုံးသာ ခေါ်ခဲ့"ဟု တင်မကြီးက ခပ်ဆတ်ဆတ်ကလေး ပြောလိုက်လေ သည်။ ထိုခဏ၌ စားပွဲပေါ်တွင် ငြိမ်နေသော အရုပ်ကလေးများသည် လေတိုက် သောကြောင့် ဦးခေါင်းကလေးများ တဆတ်ဆတ် လှုပ်ရှားသွားလေသည်။

"ဟော ဟော တွေ့လား သူတို့ကို ပြန်ခေါ်သွားမယ်ဆိုလို့ သဘောကျ ပြီး ခေါင်းတညိတ်ညိတ် ဖြစ်ကုန်ကြပြီ" မောင်ပြုံးချိုက ရယ်မောပြောဆို လိုက်လေ သည်။

"ကဲ ကဲ ကြွတော်မူ သူစိတ်ကူးယဉ်ပြီး တွေ့ကရာ လျှောက်ပြောနေတာနဲ့ အလုပ်မပြီးတော့ဘူး" တင်မကြီးသည် မောင်ပြုံးချိုအား မောင်းထုတ် လိုက်လေ သည်။

(၂)

ပန်းခြံတွင်းသို့ ထွက်လာခဲ့သော မောင်ပြုံးချိုသည် ရှေ့ဘက်မျက်နှာစာ မြက်ခင်း အနီးသို့ လျှောက်လာခဲ့လေသည်။

မာလီသည် ပန်းပင်များကို ရေပိုက်မှရေဖြင့် ပက်ဖျန်းနေသည်။

အိမ်ရှေ့မျက်နှာစာရှိ သစ်ပင်ပန်းပင်တို့သည် နွေဦးတုန်းက စိမ်းလန်း စိုပြည်၍ အဖူးအပွင့်တွေနှင့် ဝေဆာနေခဲ့သည်။ ယခုမူ ပူပြင်းလှသော နွေဥတု ဒဏ်ချက်ကြောင့် ညှိုးနွမ်းနေကြလေပြီ။ အိမ်ဘေးရှိ နှင်းဆီရုံကြီး နှစ်ရုံမှာလည်း ဖူးပွင့်ဝေဆာခြင်း မရှိတော့ချေ။ ခြံစည်းရိုး အုတ်နံရံပေါ်တွင် တွယ်ကပ်ယှက် နွယ်လျက်ရှိသော တိုက်ပန်းပင်နှင့် ထားဝယ်မှိုင်းပင်များတွင်မူ အပွင့်တွေ အနည်း ငယ် ကျန်ရှိနေသေးသည်။ ယခင် သံအမတ်လက်ထက်ကတည်းက စိုက်ပျိုးခဲ့ သော ငှက်ပျောပင်များမှာ အတော်ပင် အသိုက်အအုံ ကြီးထွားလျက် နေပေပြီ။ တစ်ပင်တွင် ငှက်ပျောခိုင်ငယ်ကလေးရှိနေပြီး အခြားတစ်ပင်တွင် အဖူးထွက်စပြု နေလေသည်။ အိမ်ထောင့်ရှိ စံပယ်ရုံတွင်မူ အဖူးအငုံလက်ကျန်များ အနည်းငယ် သာ ရှိတော့သည်။ အိမ်အနီးတွင် ကပ်ပေါက်လျက်ရှိသော သဘော်ပင်ကြီးသည် အသီးတွေ မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်နေလေသည်။ ထိုသဘော်ပင်ကြီးသည် အသက် အတော်ရနေပေပြီ။ ပင်စည်ပင်လျှင် ထွာဆိုင်မက ကြီးမားနေလေသည်။ လေဒဏ် ကြောင့် ဆယ်ပေသာသာခန့်တွင် ကျိုးပြတ်ပြီး အကိုင်းတွေထပ်ထွက်ကာ နွေဥတု တိုင်လျှင် အသီးအပွင့်တွေနှင့် ဖြစ်နေတတ်သည်။ သူတို့သည် ထိုအပင်မှ သဘော် သီးမှည့်များကို ဖောဖောသီသီ စားသုံးကြရသည်။ ဆောင်းတွင်းရောက်လျှင်မူ အအေးဒဏ်ကြောင့် အပင်တွင် ကျန်သမျှ အသီးများကြွေကျပုပ်စီးကုန်လေတော့ သည်။ ထို့ကြောင့် ဆောင်းမဝင်မီ သဘော်သီးစိမ်းများ ကျန်ရှိနေသေးလျှင် ခူး ဆွတ်ကာ ချက်၍တစ်မျိုး၊ သုပ်၍တစ်ဖုံ စားသုံးကြရသည်။ မကြာခဏ လာရောက် တောင်းဆိုတတ်သော ထိုင်းသံရုံးမှ မထမအတွင်းဝန်၏ဇနီးသို့လည်း လက်ဆောင် ပါးရသေးသည်။ သူကလည်း ငံပြာရည် လက်ဆောင်ပြန်တတ်သည်။

တစ်ဘက်တွင်မူ မောင်ပြုံးချို စိုက်ထားသော တိုင်ထောင်ပဲခင်း ရှိလေ သည် ထိုပဲခင်းသည် နွေဦးပေါက်ကတည်းက ရှင်သန် ဖြစ်ထွန်းနေသည်။ သို့ရာတွင် ထင်သလောက်အသီးမသီးဘဲ အရွက်တွေ အညွန့်တွေနှင့် ပြည့်ကျပ်နေ လေသည်။ ထိုပဲခင်းမှ အသီးကို များးစွာ မစားရဘဲ အညွန့်ကိုသာ ကြော်ချက် ဟင်းအဖြစ် အသုံးပြုကြရလေသည်။

ပဲခင်းနှင့် ကပ်လျက်တွင် ကန်စွန်းခင်း ရှိလေသည်။ နွေအခါတွင် ရေနိုင်နိုင် လောင်းပေးလျှင် ကန်စွန်းခင်းသည် ဖြစ်ထွန်းလှသည်။ အစ္စလမ်မာဘတ် တွင် ကန်စွန်းရွက်ဟူ၍ မမြင်မတွေ့ရ။ ဈေးထဲတွင်လည်း မရှိ။ တစ်နိုင်ငံလုံးတွင် ဘယ်နေရာမှ ရှိပုံမပေါ်။ ကန်စွန်းရွက် စားသုံးလိုသော မြန်မာတို့သည် မိမိနိုင်ငံမှ မျိုးစေ့များ မှာယူကာ ကိုယ့်ခြံတွင်းကိုယ်စိုက်ပျိုးစားကြရသည်။ မောင်ပြုံးချိုတို့ မြန်မာပြည်မှ ယူဆောင်သွားသော ကန်စွန်းမျိုးစေ့များသည် အစ္စလမ်မာဘတ်တွင် စိုက်ပျိုးရာ ဘာကြောင့်မှန်းမသိ အောင်အောင်မြင်မြင် ပေါက်ရောက်မလာ။ ရောက်ခါစ တစ်နှစ်တွင် ကန်စွန်းရွက် မစားရဘဲ ရှိနေခဲ့သည်။ နောက်တစ်နှစ်တွင်မူ ထိုင်းသံရုံးအတွင်းဝန်ကတော်ထံမှ ကန်စွန်းမျိုးများ ရရှိ၍ စိုက်ပျိုးရာ အထူးအောင်မြင်နေခဲ့လေသည်။ ယခုနှစ်တွင်လည်း ကန်စွန်းခင်းသည် အညွန့်တွေနှင့် ပြည့်လျှမ်းနေသည်။ စားလို့ပင် မနိုင်နိုင်။

ကန်စွန်းခင်းနှင့် ပဲခင်းတို့၏ဘေးနားတွင် အုတ်နံရံနှင့် ကပ်လျက် ဒန့်သလွန်ပင်၊ ပြည်ပန်းညိုပင်နှင့် ခရမ်းကစော့ပင်တို့ ရှိကြသည်။ ဒန့်သလွန်ပင်မှ အသီးကို မစားသုံးရသေးသော်လည်း အရွက်ကိုမူ ဖောဖောသီသီ စားသုံးနိုင်လေသည်။ မန္တလေးမှ ပြောင်းရွှေ့လာခဲ့သော အိန္ဒိယသံရုံး ယဉ်ကျေးမှုဆိုင်ရာ သံမှူးမစ္စတာဒတ်တို့ ဇနီးမောင်နှံသည် မကြာခဏပင် ဒန့်သလွန်ရွက်ခူးရန် ရောက်ရှိလာတတ်ကြလေသည်။ ထိုအနီးမှ ပြည်ပန်းညိုပင်သည် အပွင့်တွေနှင့် ဝါဝါဝင်းနေသည်။ တစ်ဘက်တွင်ရှိ ခရမ်းကစော့ပင်တွေလည်း ဖြူဖွေးသောအပွင့်များ၊ ပြွတ်သိပ်နေသော အသီးအခိုင်များနှင့် ပြည့်လျက်ရှိလေသည်။

မောင်ပြုံးချိုအဖို့ သံယောဇဉ်အကြီးဆုံးမှာ ကွမ်းခင်း ဖြစ်လေသည်။ ပါကစ္စတန်နိုင်ငံတွင် ကွမ်းစားသူတွေ ပေါသလောက် ကွမ်းသီး၊ ကွမ်းရွက်ကား ရှားပါးလှသည်။ မောင်ပြုံးချိုတို့ ရောက်စတုန်းက ကရာချိတွင် ကွမ်းတစ်ပိဿာ သုံးရာဈေးရှိသည်။ အစ္စလမ်မာဘတ်တွင်မူ သည်ထက်ပိုသည်။ ကွမ်းယာဆိုင်တွေကလည်း ကွမ်းတစ်ယာလျှင် ကွမ်းတစ်ရွက်နှင့် မယာဘဲ တစ်ဝက်ဖြင့်သာ ယာပေးတတ်သည်။ ကရာချိမြို့တွင် ပါကစ္စတန်အသံလွှင့်ဌာန မြန်မာပိုင်း ဆိုင်ရာတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးလှမောင့်အိမ်တွင် ကွမ်းပင်တွေ စိုက်ပျိုးထားသည်ကို မောင်ပြုံးချို တွေ့ခဲ့ရသည်။ သူသည် ဦးလှမောင်ထံမှ ကွမ်းမျိုးများကိုရယူ၍ အစ္စလမ်မာဘတ်မြို့ရှိ သူ့ခြံတွင်းတွင် စမ်းသပ် စိုက်ပျိုးရာ အောင်မြင်သည်ကို တွေ့ရပါသည်။ သို့ရာတွင် နွေဥတုအခါတွင်သာလျှင် ကွမ်းပင်တို့သည် ရှင်သန်၍ ဆောင်းဥတုအခါတွင် အအေးဒဏ်ကို မခံနိုင်ဘဲ

http://www.cherrythitsar.org

ပျက်ပြုန်းကုန်လေတော့သည်။ သည်နှစ်တွင်လည်း ယခင်နှစ်များနည်းတူ နွေပေါက်လာသည်နှင့် စတင်စိုက်ပျိုးခဲ့သော ကွမ်းပင်တို့သည် အထူးပင် ရှင်သန်လျက်ရှိကြပါသည်။ ကွမ်းရွက်တို့သည်လည်း ယခင်နှစ်ကထက် ကြီးမားလာသည်ကို တွေ့ရသည်။ အပင်တို့သည် ထောင်ပေးထားသော သစ်သားတိုင်ပေါ်တွင် လူတစ်ရပ်လောက်အထိ မြင့်လာသည်။ မောင်ပြုံးချိုသည် ကွမ်းပင်တွေကိုကြည့်ကာ အားရပါးရကျေနပ်နေခဲ့သည်။ သို့ရာတွင် သူသည် ကာလကြာမြင့်စွာ ဝမ်းမြောက်ရွှင်မြူးနေနိုင်မည် မဟုတ်။ များမကြာမီ သည်ကွမ်းပင်တွေကို ထားပစ်ခဲ့ရတော့မည် မဟုတ်ပါလော။

ကွမ်းပင်များနှင့်အနီးမဝေးတွင်ရှိ မက်မန်းပင် နှစ်ပင်မှာလည်း ဖူးပွင့်နေပေပြီ။ မကြာမီ အသီးအကင်းတွေ ရှိလာတော့မည်။ ယမန်နှစ်ကမှ စသီးသောကြောင့် များများမသီး သုံးလေးလုံးစီသာ စားရသည်။ ယခုနှစ် မြိုင်မြိုင်ကြီး သီးကြပေတော့မည်။ သို့သော်လည်း သူ့ အသီးတွေကို မောင်ပြုံးချိုတို့ စားသုံးကြရတော့မည် မဟုတ်။ မကြာမီ သူတို့ မိသားစုသည် ဤနေရာမှ ထွက်ခွာကြရတော့မည် မဟုတ်ပါလော။

(၃)

တစ်ဘက်သို့လှည့်၍ လျှောက်သောအခါ ကားမောင်းသမားမဂျစ်၏ သားသမီးများကို တွေ့ရလေသည်။ သူတို့သည် အိမ်နံဘေးရှိ သမံတလင်းကွက်လပ်ပေါ်တွင် ကစားနေကြသည်။ မဂျစ်သည် သားသမီးများသူ ဖြစ်သည်။ အထူးသဖြင့် သမီးတွေက ပိုများသည်။ သမီးအကြီးဆုံးမှာ ဆယ်နှစ်ခန့်သာ ရှိသေးသည်။ သမီးတွေများသည့်အတွက် သူတို့တစ်တွေ အချိန်တန်အရွယ်ရောက်လာလျှင် အိမ်ထောင်ချပေးဖို့အရေးကို တွေးမိသော မဂျစ်သည် စိတ်မအေးအောင် ဖြစ်နေလေသည်။ သူတို့နိုင်ငံ လက်ထပ်ထိမ်းမြားမှုများ ပြုသောအခါ သမီးရှင်က အခြေအနေကို လိုက်၍ ငွေအသပြာ စသည်များ တင်တောင်းရသည့်ထုံးစံ ရှိနေသောကြောင့် ဖြစ်လေသည်။ ယခုအခါတွင် ဤကဲ့သို့ မိန်းကလေးရှင်က တင်တောင်းရသည့် စနစ်ကို မည်သူ့မှ မည်မျှထက်မပိုရဟု ဥပဒေဖြင့် ကန့်သတ်ထားသည်။ သို့ရာတွင် နည်းအမျိုးမျိုးဖြင့် ယင်းဥပဒေကို ရှောင်ကွင်းနေကြသည်ဟု ဆိုကြသည်။ မောင်ပြုံးချိုသည် ပြေးလွှားကစားနေကြသော မဂျစ်၏ သမီးငယ်များကို ကြည့်ရင်း

http://www.cherrythitsar.org

နောင်ဆယ့်လေးငါးနှစ်ကြာလျှင် ရင်ဆိုင်ရမည့် မဂျစ်၏ ပြဿနာများကို တွေးတောကာ စိတ်လေးနေမိလေသည်။

အိမ်ရှေ့ဘက်သို့ဆက်၍ လျှောက်လာသောအခါ ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်ကာ နံနက်စာစားနေသည့် ညဥ့်စောင့်အဘိုးကြီးကို တွေ့ရလေသည်။ သူ၏ နံနက်စာမှာလည်း ထွေထွေထူးထူးမဟုတ်၊ ချပါတီနှင့် ပါလတ်ရွက်ဟင်းပင် ဖြစ်လေသည်။ သူသည် ချပါတီကို ဖဲ့ကာဖဲ့ကာ ပါလတ်ရွက်နှင့် အာလူးကြိတ် မွှေကာ ချက်ထားသောဟင်းနှင့် တို့စားနေခြင်းဖြစ်သည်။ ပါလတ်ရွက်သည် မြန်မာနိုင်ငံတွင် မရှိသည့် ဟင်းရွက်တစ်မျိုး ဖြစ်လေသည်။ သူ၏ အရွယ်အစားမှာ မာလကာရွက်နီးနီးရှိ၍ အရသာမှာ ဟင်းနုနယ်ရွက်နှင့် ဆင်ဆင်တူသည်။ ချက်လိုက်သောအခါ အလွန်နူးညံ့သည်။ ပါကစ္စတန်တွင် ထိုဟင်းရွက်သည် အလွန်ပေါများ၍ ဈေးလည်းချိုသည်။ မြန်မာနိုင်ငံရှိ ကန်စွန်းရွက်ကို လူတိုင်းက ကြိုက်နှစ်သက်ကြသကဲ့သို့ ပါလတ်ရွက်ကို ပါကစ္စတန်သားတို့ ကြိုက်နှစ်သက်ကြသည်။ ငွေဝင်နည်းသူတို့သည် ထိုဟင်းရွက်နှင့် အာလူးကို ကြေနေအောင် မွှေနှောက် ချက်ပြီး ချပါတီနှင့် စားသုံးတတ်ကြသည်။ မောင်ပြုံးချိုတို့ အိမ်တွင် တာဝန်ကျနေသော နေ့စောင့်၊ ညစောင့် အဘိုးကြီးနှစ်ဦးသည် ထိုအာဟာရကိုပင် အားကိုးစားသောက်ကြလေသည်။ တစ်ခါတစ်ရံ ပါလတ်ရွက်ဟင်းပင် မပါဘဲ ချပါတီကို ဆားနှင့် ငရုတ်သီး ရောထားသည်တို့နှင့် တို့ကာ တို့ကာ စားနေကြသည်ကိုလည်း တွေ့ရတတ်သည်။

ညဥ့်စောင့်အဘိုးကြီးသည် မောင်ပြုံးချိုအား မော်ကြည့်ကာ စားပါဦးလားဟူသော သဘောဖြင့် တစ်စုံတစ်ခုကို ရွတ်ဆို၍ ဖိတ်ကြားလေသည်။ မောင်ပြုံးချိုက "မိမိဘာသာ စားပါ"ဟု မျက်ရိပ်မျက်ခြေပြ၍ ပြန်ကြားလိုက်လေသည်။ ထိုညဥ့်စောင့် အဘိုးကြီးသည် ပါကစ္စတန်စစ်တပ်မှ ပင်စင်ရ စစ်သားဟောင်းကြီး တစ်ဦးဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မြန်မာနိုင်ငံ စစ်မျက်နှာသို့ ရောက်ရှိခဲ့ဖူးသည့် အကြောင်းများကိုလည်း မကြာခဏ ပြောပြတတ်လေသည်။ သူ့အဖို့ မြန်မာသံရုံးမှ တစ်လလျှင် ရူပီးသုံးရာကျော်ခန့်ရရှိပြီး စစ်တပ်အငြိမ်းစား လစာပါ ရရှိနေသောကြောင့် အခြားသူများနှင့်စာလျှင် အတော်အတန် ချောင်လည်သည်ဟု ဆိုရပေမည်။

အိမ်ရှေ့သစ်ပင်ရိပ်အောက်တွင် ထိုင်ကာ အစ္စလမ်ဘာသာရေးကျမ်းစာကို ဦးခေါင်း တလှုပ်လှုပ်နှင့် အသံထွက် ဖတ်ရှုနေသည့် နေ့စောင့်အဘိုးကြီးကို

တွေ့ရပြန်သည်။ သူသည် ဘာသာရေးကို အထူးသက်ဝင်ယုံကြည်သူ ဖြစ်ဟန်တူသည်။ မကြာခဏ ရွတ်ဖတ်သရဇ္ဈာယ်နေသည်ကို ကြားရသည်။ တစ်ခါတစ်ရံ သူ့အသံနှင့် အိမ်အပေါ်ထပ် ဘုရားစင်ရှေ့မှ တင်မကြီး၏ ဓမ္မာစကြာ ရွတ်ဖတ်သံ၊ ပဋ္ဌာန်းရွတ်သံတို့သည် ရောထွေးနေတတ်လေသည်။ သူသည် ညဥ့်စောင့်အဘိုးကြီးလောက် ချောင်လည်ဟန် မတူ။ သား၊ သမီးတွေကလည်း များသည်။ သူ့အိမ်ထောင်မိသားစုမှာ တောရွာတွင် ကျန်ခဲ့၍ မိမိရရှိသော လစာငွေမှ လစဉ်ခွဲဝေပေးပို့လေသည်။

မောင်ပြုံးချိုတို့အိမ်တွင် အမြဲရှိနေသည့် အခြားအဘိုးကြီး တစ်ယောက်မှာကား သန့်ရှင်းရေးအလုပ်သမားကြီးတစ်ယောက် ဖြစ်သည်။ သူသည် အခြားသူတွေထက် အသက်အရွယ်ကြီးရင့်သည်။ အခြားသူတွေလို မွတ်စလင် ဘာသာဝင် မဟုတ်ဘဲ ခရစ်ယာန်ဘာသာဝင် ဖြစ်သည်ဟု ဆိုသည်။ သူ့ သား၊ သမီးများက ဤသို့ သန့်ရှင်းရေးအလုပ် လုပ်နေသည်ကို မနှစ်သက်ကြ။ အလုပ်မလုပ်ဘဲ သူတို့နှင့် လာရောက်နေထိုင်ရန် ခေါ်ကြသည်ဟု ဆိုကြသည်။ သို့သော်လည်း အဘိုးကြီးသည် မည်သည့်သား၊ သမီးကိုမျှ အားမကိုးလိုဘဲ ကိုယ့်ဘာသာကိုယ် လုပ်ကိုင်စားသောက်မည်ဟူသော မာန်ဖြင့် လုပ်ကိုင်နေထိုင်လေသည်။

မောင်ပြုံးချိုတို့သည် ထိုအဘိုးကြီး သုံးဦးအား သနားကြင်နာကြသည်။ နံနက်တိုင်း ဆန်ပြုတ်တွင် သကြားထည့်ကာ ကျွေးမွေးသည်။ ဆန်ကလည်း ဆန်ကောင်း၊ အချိုပါ ရောထားသဖြင့် အဘိုးကြီးများအဖို့ အထူးပင် အာဟာရဖြစ်စေလေသည်။ ဆန်ပြုနှင့်သကြား မှန်မှန်သောက်ရသော အဘိုးကြီးများ သည် တသွေးတမွေးဖြစ်ကာ ကျန်းမာရေး ပြည့်စုံလာသည်ကို တွေ့ရလေသည်။ သံအမတ်ကြီးအိမ်တွင် ဧည့်ခံပွဲများရှိလျှင်ကား သူတို့တစ်တွေ အလျှံပယ်စားသောက်ကြရသည်။

မောင်ပြုံးချိုတို့ မိသားစုသည် သူတို့တစ်တွေနှင့်အတူ အနေကြာလာတော့ သံယောဇဉ်ကြိုးငယ်ကလေးများ ငြိတွယ်လာလေသည်။ သူတို့၏ ကျန်းမာရေး၊ သူတို့၏ လူမှုရေး၊ သူတို့၏ စီးပွားရေး စသည်များကို စိတ်ဝင်စားလာလေသည်။ သည်လိုအထိအတွေ့များလာလျှင် လူလူချင်းကို မဆိုထားဘိ၊ သက်မဲ့များဖြစ်သည့် နေရာ၊ အဆောက်အအုံ၊ သစ်ပင်၊ ပန်းပင်များကိုပင် စွဲလမ်းစိတ်တွေဝင်လာတတ်သည် မဟုတ်လော။ မောင်ပြုံးချိုတို့သည် သူသုံးနှစ်သုံးမိုး နေထိုင်ခဲ့သည့် အဆောက်အအုံ၊ ခြံတွင်းမှ ပန်းပင်၊ နောက်ဘက်မှ ကန်စွန်းခင်း၊

http://www.cherrythitsar.org

ကွမ်းခင်းမှအစ သီးပင်စားပင်များကို သံယောဇဉ်ငြိတွယ်နေသည်။ သည်နေရာမှ ထွက်ခွာရတော့မည်ဆိုတော့ လွမ်းသလိုလို ဖြစ်နေသည်။ သို့ရာတွင် ထိုသံယောဇဉ် စိတ်တို့သည် အဂန္တုမျှသာတည်း။ သူမခွဲနိုင် မခွာရက် နှစ်သက်မြတ်နိုး ချစ်ရမည့် ဒေသသည် အထင်အရှား ရှိနေပါသည်။

ထိုနေရာဒေသကား ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်း။ ထိုနိုင်ငံအတွင်း နေထိုင်ကြသည့် ပြည်ထောင်စုသား အားလုံးကို သူချစ်သည်။ သူ့ သား၊ သမီး၊ မြေး၊ မြစ်များသည်လည်း သူ့ကဲ့သို့ပင် အမိနိုင်ငံကို ချစ်ကြရမည်။ သွေးချင်း သားချင်းများကို မြတ်နိုးသည့် စိတ်ဓာတ် ထားရှိကြရပေမည်။ သည်သံယောဇဉ် သာလျှင် သူတို့အဖို့ ဘယ်သောအခါမှ မပြေမပြတ် ခိုင်မာစွာ ချည်နှောင်ထား သည့်ကြိုး ဖြစ်ရပေမည်။

မောင်ပြုံးချိုသည် ထွေရာလေးပါး တွေးတော စဉ်းစားနေစဉ် တတိယ အတွင်းဝန် ရောက်လာသည်။ သူသည် အပြန်လေယာဉ် ခရီးစဉ်အတွက် စီစဉ်ရန် လာရောက်ဆွေးနွေးခြင်း ဖြစ်သည်။ လေယာဉ်လမ်းသည် ကရာချိနှင့် ဘန်ကောက် မြို့များကို ဖြတ်သန်းသွားရမည် ဖြစ်သောကြောင့် ထိုမြို့များတွင် ညဥ့်အိပ် ရပ်နား လိုသည့် ဆန္ဒရှိ မရှိ မေးမြန်းလေသည်။ မောင်ပြုံးချိုကလည်း တင်မကြီး၏ သဘောထားကို ရယူရပေဦးမည်။

“ကရာချိနဲ့ ဘန်ကောက်မယ် ညအိပ် နားချင်ကြသေးလား ဟေ့”

မောင်ပြုံးချိုက အိမ်ဘက်သို့ ခပ်ကျယ်ကျယ် အသံဖြင့် လှမ်းမေးလိုက် သည်။

“မနားဘူး၊ မနားဘူး ဘယ်မှာမှ မနားဘူး။ ဖြစ်နိုင်ရင် ကိုယ့်တိုင်းပြည် ကို ခုချက်ချင်း ပြန်ရောက်ချင်နေပြီ”

တင်မကြီး၏ အသံသည် ပစ္စည်းတွေသိမ်းနေသည့် အခန်းထဲမှ မိုးချုန်းသံ ကဲ့သို့ ထွက်ပေါ်လာလေသည်။

❖

# ပြန်လည်တွေ့ဆုံရတော့မည် မဟုတ်ပါ

(၁)

မောင်ပြုံးချိုသည် တာဝန်ကြီးဆုံး၍ အမိနိုင်ငံသို့ ပြန်ရပေတော့မည်။ ထို့ကြောင့် တစ်အိမ်သားလုံး ဝမ်းမြောက်မဆုံး တပြုံးပြုံး ဖြစ်နေကြလေသည်။ အိမ်သားတွေထဲမှာ မောင်ပြုံးချို၏ဇနီး တင်မကြီးက အသည်းဆုံး ဖြစ်လေသည်။ အမိနိုင်ငံတွင် ကျန်ရစ်သည့် သူ့သား၊ သမီးတွေကို တွေ့ချင်လှပြီ။ "ဖြစ်နိုင်ရင် ခုချက်ချင်း ထပြန်ချင်ပါရဲ့တော်"ဟု တောသံပါပါ မကြာခဏ ကျူးရင့်နေလေသည်။

ချက်ချင်း ထပြန်ချင်လို့တော့ မဖြစ်။ မိမိနိုင်ငံအတွင်း တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ရသောအခါများမှာပင် မည်မျှ ကရိကထ များပါသနည်း။ နှစ်ပေါင်းသုံးဆယ်ကျော်မျှ စေလိုရာစေ တိုင်းပြည်က ပေးအပ်သော တာဝန်များကို နေရာအနှံ့ သွားရောက်ထမ်းဆောင်ခဲ့သော မောင်ပြုံးချိုသည် ကောင်းစွာ သိပါသည်။ "ဥရောပ ဆံတောက် လိမ်ကောက်ကောက် နောက်သို့" ရောက်ချင်ရာရောက် လိုက်ပါခဲ့ရသူ တင်မကြီးလည်း မသိမရှိပါ။

"ကိုယ်ပြန်ချင်တိုင်း ဘယ်ထပြန်လို့ ဖြစ်မလဲကွယ်"ဟု မောင်ပြုံးချိုက မြွက်ကြားလိုက်လေသည်။

မှန်ပါသည်။ ပြန်ချင်တိုင်း ထပြန်လို့ မဖြစ်ပါ။

သံအမတ်ကြီးတစ်ဦး တာဝန်ကျရာဒေသမှ ထွက်ခွာတော့မည်ဆိုလျှင် ပြုဖွယ်ကိစ္စတွေက များလှပါဘိတောင်း။ ထိုထိုသော ပြုဖွယ်ကိစ္စ အဝဝကို မလစ်ဟင်းရအောင် ရုံးကစာရင်း လုပ်၍ တင်ပြထားသည်။ မောင်ပြုံးချိုသည် အမှတ်စဉ် ထိုးထားသည့် ထိုစာရင်းရှည်ကြီးကို ဖတ်ရှုရင်း စိတ်ရှုပ်သွားလေသည်။ နိုင်ငံ၏အထွတ်အထိပ် ပုဂ္ဂိုလ်ကြီးမှအစ အစိုးရအဖွဲ့တွင် အရေးပါ

http://www.cherrythitsar.org

အရာရောက်သူ ပုဂ္ဂိုလ်များကို သွားရောက်တွေ့ဆုံနှုတ်ဆက်ရမည်။ မိမိနှင့် လုပ်ဖော်ကိုင်ဖက် သံတမန်ကြီးများ၏ တွေ့ဆုံနှုတ်ဆက် ဧည့်ခံပွဲများကိုလည်း တက်ရောက်ရသည်။ မိမိတို့ဇနီးမောင်နှံကလည်း မိတ်သင်္ဂဟအပေါင်းကို ဖိတ်ကြား၍ နှုတ်ဆက်ဧည့်ခံပွဲများ ကျင်းပရသည်။

"ပြန်ခါနီး သိမ်းရ၊ ဆည်းရနဲ့ အလုပ်များရတဲ့အထဲ ဒီဧည့်ခံပွဲတွေ တက်ရောက်နေရမှာ စိတ်ညစ်ပါတယ်"ဟု တင်မကြီးက ညည်းညူလေသည်။

"စိတ်ညစ်နေလို့ ဘယ်ဖြစ်မလဲ။ ဒါက သံတမန်တို့ရဲ့ ဝတ္တရားပဲ"ဟု မောင်ပြုံးချိုက ဆိုသည်။

သည်အရေးတွေသည် သံတမန်လောက၏ လုပ်ငန်းများပင် မဟုတ်ပါလော။ ဒုက္ခများလှသည်ဟု ဆိုကာ ရှောင်ဖယ်ချင်လို့ အဘယ်မှာ ဖြစ်နိုင်အံ့မည်နည်း။

(၂)

အချိန်ရတုန်း ရပ်ဝေးမှ ပုဂ္ဂိုလ်ကြီးများအား သွားရောက်နှုတ်ဆက်ရန် စီစဉ်ရလေသည်။

ပါကစ္စတန်တွင် ပြည်နယ်လေးခုရှိရာ သံအမတ်ကြီးများသည် မိမိတို့၏ တာဝန်ပြီးဆုံးချိန်သို့ ရောက်သောအခါ ထိုပြည်နယ်များ၏ အကြီးအကဲ များအား သွားရောက် တွေ့ဆုံနှုတ်ဆက်ကြမြဲ ဖြစ်သည်။ မောင်ပြုံးချိုသည် ထိုနည်းတူ ဆောင်ရွက်မှ သင့်ပေမည်။ သို့ရာတွင် အချိန်ကန့်သတ်မှု ရှိနေသည်။ ထို့ကြောင့် သူ့အဖို့ မကြာခဏ ရောက်ရှိနေသော လာဟိုမြို့သို့ မသွားတော့ပြီ။ သူသည် လာဟိုနှင့် မြို့တွင်းသာမက မြို့မှ ဆယ့်ခုနစ်မိုင်မျှ ဝေးကွာသော ပါကစ္စတန်နှင့် အိန္ဒိယနယ်စပ်သို့ ရောက်ခဲ့ဖူးပေသည်။

နယ်ခြားစောင့်တပ်မှူးသည် သူ၏ မော်တော်ယာဉ်ထိပ်တွင် တပ်ဆင်ထားသော အလံငယ်ကလေးကို တွေ့မြင်ရသဖြင့် ရောက်ရှိလာသူသည် မြန်မာသံ အမတ်ကြီး ဖြစ်ကြောင်း သိလေသည်။ တပ်မှူး၏ အမိန့်အရ တာဝန်ကျနေသော တပ်စိတ်သည် တန်းစီကာ မောင်ပြုံးချိုအား အလေးပြုကြလေသည်။

နယ်ခြားအဖြစ် သတ်မှတ်ထားသော နေရာ၏ တစ်ဘက်တစ်ချက်ရှိ အလံတိုင်များပေါ်တွင် ပါကစ္စတန်အလံနှင့် အိန္ဒိယအလံအသီးသီးတို့ လွှင့်ထူ

ထားလေသည်။ ဤမှာဘက်တွင် ပါကစ္စတန် စစ်သည်တော်များကို တာဝန်ချ ထားသလို ဟိုမှာဘက်တွင်လည်း တာဝန်ကျ အိန္ဒိယစစ်သည်တော်များကို တွေ့မြင်ရသည်။

ပါကစ္စတန်ဘက်ရှိ လမ်းမကြီးပေါ်တွင် ကုန်ပစ္စည်းမျိုးစုံ တင်ဆောင်လာသည့် ထရပ်ကားကြီး အစင်း ငါးဆယ်ခန့်သည် တန်းစီရပ်နေကြသည်။ အလားတူပင် အိန္ဒိယဘက်ရှိ လမ်းမကြီးပေါ်တွင် ရပ်ထားသည့် ထရပ်ကားကြီးများကိုလည်း မျက်စိတဆုံး တွေ့မြင်ရသည်။ အလုပ်သမားပေါင်းများစွာတို့သည် ဤမှာဘက်ရှိ ကားကြီးများပေါ်မှ ကုန်ပစ္စည်းများမျိုးစုံတို့ကို ဟိုမှာဘက်ရှိ ကားကြီးများပေါ်သို့ ပြောင်းရွှေ့ တင်ပေးနေကြလေသည်။ ထိုကုန်ပစ္စည်းများကို အာဖဂန် နစ္စတန်နိုင်ငံမှ အိန္ဒိယသို့ ပို့ရန် ပါကစ္စတန်ကို ဖြတ်သန်း သယ်ယူလာခြင်း ဖြစ်သည်။ ထိုသုံးနိုင်ငံတို့ သဘောတူညီချက်အရ ဤသို့ ဆောင်ရွက်နေခြင်း ဖြစ်လေသည်။

တစ်ခါကမူ မောင်ပြုံးချိုသည် လာဟိုမြို့၏ တောင်ဘက် မိုင်တစ်ရာခန့် ယွန်းယွန်းတွင် ရှိသော ရှေးဟောင်းမြို့ "ဟာရပ္ပ"သို့ ရောက်ခဲ့သေးသည်။ ထိုစဉ်က သူနှင့်အတူ မိတ်ဆွေကြီး ဦးလှ (မိုးလေဝသ)လည်း ပါလာသည်။ လာဟိုသို့ မိုးလေဝသဆိုင်ရာ အစည်းအဝေး တက်ရန် ရောက်ရှိနေသော ဦးလှကို မောင်ပြုံးချိုသည် မဂိုဧကရာဇ် ဂျီဟန်ဂါး၏ သင်္ချိုင်းရှိရာ သရက်ဥယျာဉ်အတွင်းဝယ် မမျှော်လင့်ဘဲ အခြားကိုယ်စားလှယ်များနှင့်အတူ တွေ့ရသည်။ သူတို့ နှစ်ဦးစလုံး ဝမ်းသာလို့မဆုံး။ အမိနိုင်ငံမှ မိတ်ဆွေရင်းချာများ ပြည်ပတစ်နေရာတွင် ဤသို့ တွေ့ဆုံရလျှင် ဝမ်းမြောက်ကြ မြဲ မဟုတ်ပါလော။ မိမိနိုင်ငံမှ ဧည့်သည်အရောက် အပေါက်နည်းသည့် ပါကစ္စတန်လို နိုင်ငံမျိုးတွင် သည်လို တွေ့ရသောအခါ ပို၍ပင် ဝမ်းမြောက်ကြမည်မှာ မလွဲ။ နောက်တစ်နေ့သည် ရုံးပိတ်ရက် ဖြစ်သောကြောင့် သူတို့နှစ်ဦးအတူ "ဟာရပ္ပ"သို့ လေ့လာရေး ခရီးထွက်ခဲ့ကြလေသည်။ တစ်လမ်းလုံး စကားလက်ဆုံ ပြောမကုန်အောင် ဖြစ်လာကြသည်။

ဟာရပ္ပမြို့ဟောင်းသည် လွန်ခဲ့သော နှစ်ပေါင်း ငါးထောင်ကျော်က တည်ရှိခဲ့သည်ဟု ဆိုသည်။ မောင်ပြုံးချိုတို့သည် တူးဖော်ထားသည့် အဆောက်အအုံ၊ မြို့ရိုး၊ လူနေအိမ်စသည်များနှင့် ပြတိုက်ကို လိုက်လံကြည့်ရှုကြသည်။ ထိုနေရာသည် ဆားပေါက်သောဒေသ ဖြစ်သောကြောင့် အုတ်ဖြင့် တည်ဆောက် သည့် အဆောက်အအုံများသည် ဆားစားပြီး အပျက်အစီး မြန်လှသည်။

မောင်ပြုံးချိုတို့သည် တည်းခိုခန်းရိပ်သာတွင် ခတ္တ ဝင်ရောက် အပန်းဖြေကြသည်။ နောက်တစ်ခေါက် ညဥ့်အိပ်ညဥ့်နေ သွားနေရသော် ကောင်းလေစွဟု အောက်မေ့ကြ၏။ သို့သော် မရောက်နိုင်တော့ပြီ။

အနောက်မြောက်ပြည်နယ် ပါရှဝါမြို့သို့လည်း မောင်ပြုံးချို မကြာခဏ ရောက်ခဲ့ပြီ။ သူတစ်ဦးတည်းသာ မဟုတ်။ မိသားစုနှင့်အတူ ဂန္ဓာရဒေသ ကိုင်ဘာတောင်ကြားလမ်းမှ တစ်ဆင့် အာဖဂန်နစ္စတန် နယ်စပ်သို့ပင် ရောက်ဖူးခဲ့ပြီ။ ထို့ကြောင့် နောက်ထပ် အချိန်ယူ၍ မသွားလိုတော့။

ဆင်းပြည်နယ်၏ မြို့တော် ကရာချိမြို့ကိုလည်း အပြန်ခရီးတွင် ဖြတ်သန်းရဦးမည်။ ထို့ကြောင့် ထိုမြို့သို့လည်း သီးသန့်သွားရောက်ရန် လိုတော့မည် မဟုတ်။

ပြည်နယ်တစ်ခုသာ ကျန်တော့သည်။ သူတစ်ခေါက်မှ မရောက်သေးသည့် ပြည်နယ်ကား ဘလူချီစတန်၊ ထိုပြည်နယ်၏ မြို့တော်သည် ကွတ်တာ။ သူသည် ကွတ်တာသို့ သွားရောက်ရန် စီစဉ်လေသည်။

“သံအမတ်ကြီးအတွက် အစစအဆင်ပြေအောင် စီစဉ်ပေးဖို့ ကွတ်တာမယ်ရှိတဲ့ ကျွန်တော်ဆီက ဒုတိယသံတမန် ဆက်သွယ်ရေးအရာရှိကို ညွှန်ကြားပေးထားပြီးပါပြီ”ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန် ဆက်သွယ်ရေး၊ အရာရှိချုပ်က မောင်ပြုံးချိုအား ပြောကြားလေသည်။

မတ်လ ၂၇–ရက်နေ့။

မောင်ပြုံးချိုအဖို့ မမေ့နိုင်သည့်နေ့။ တစ်မျိုးသားလုံး ဖက်ဆစ်ကို စတင်တော်လှန်သောနေ့။ အစ္စလမ်မာဘတ်၏ ရာသီဥတုသည် ဆောင်းအကုန် နွေအကူး အအေးဓာတ် ကုန်စပြုပြီ။ အနွေးဓာတ် ဝင်လာစ အချိန်...။

“ဆောင်းကျွတ်လုပြီ
နွေရာသီလည်း
မပြီးတတ်သေး
ဝိုဝါးထွေး၍
ညအေးနေမူ
နှင်းမြူမှုန်ဝေ–”

မောင်ပြုံးချိုသည် ကွတ်တာသို့ ပျံသန်းလာသော လေယာဉ်ပေါ်တွင် လိုက်ပါလာရင်း ကျောင်းနေစဉ်က နှုတ်တိုက် အရကျက်ခဲ့ရသည့် စိန္တကျော်သူ၏ ရတု တစ်ပိုင်းတစ်စကို စိတ်ထဲမှာ ရွတ်ဆိုနေမိလေသည်။

သူနှင့်အတူ တတိယအတွင်းဝန် လိုက်ပါလာလေသည်။ လေယာဉ်ပေါ်မှ မြင်ရသော ဘလူချီစတန်သည် ခြောက်သွေ့လှသည်။ တောင်ကတုံးတွေ၊ သဲကန္တာရတွေနှင့်သာ ပြည့်နေသည်။ ဟိုနေရာ သည်နေရာ ပြန့်ကျဲနေသည့် မြို့ရွာများမှာလည်း မြန်မာနိုင်ငံမှာကဲ့သို့ စိမ်းလန်း စိုပြည်မှုမရှိ။ သစ်ပင်ကြီးငယ်များ အုပ်ဆိုင်းမနေ။ မြေအုတ်၊ ကျောက်အုတ်တို့ဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံများသည် လွင်တီးခေါင် နေပူကျဲကျဲတွင် ထင်ရှားစွာ ပေါ်လွင်နေကြကုန်သည်။ မြစ်ချောင်းများမှာလည်း ခန်းခြောက်လျက် သဲသောင်တို့ဖြင့် ဖုံးလွှမ်းနေကြကုန်သည်။

ဘလူချီစတန် ပြည်နယ်သည် ပါကစ္စတန်နိုင်ငံ၏ အနောက်တောင်ဘက်စွန်းတွင် တည်ရှိသည်။ ပြည်နယ်အတွင်းတွင် အခြားလူမျိုးများ ရှိသော်လည်း နေထိုင်ကြသူ အများမှာ ဘလူချီလူမျိုးများ ဖြစ်သောကြောင့် ဘလူချီစတန်ဟု ခေါ်တွင်ခြင်း ဖြစ်သည်။ အရှေ့မြောက်ဘက်ရှိ ဂိုမန်မြစ် စီးဆင်းလာရာဒေသမှ အာရေဗျ ပင်လယ်အထိ ကျယ်ဝန်းပြီး အီရန်နိုင်ငံနှင့် ဆက်စပ်နေသည်။ တောင်ဘက်နှင့် အနောက်မြောက်ဘက်တွင် အာဖဂန်နစ္စတန်နိုင်ငံရှိသည်။ အရှေ့ဘက်တွင် ဆူလမန် တောင်တန်းကြီးများနှင့် ကာသာကုန်းမြင့်များ ရှိလေသည်။ ထိုပြည်နယ်တွင် နေထိုင်ကြသည့် အခြားလူမျိုးများမှာ ပထန်နှင့် ပွတ်ရှ်ထိုလူမျိုးများ ဖြစ်လေသည်။

ပြည်နယ်တစ်ခုလုံး သစ်ပင်ကြီးငယ်ဟူ၍ မတွေ့ရ။ အနိမ့်ပိုင်းတွင်ဆူးချုံများ ပေါက်ရောက်နေသည်။ အရှေ့မြောက်ရှိ ကုန်းမြင့်ဒေသများတွင်မူ သစ်သီးခြံကြီးများကို တွေ့နိုင်လေသည်။ အချို့နေရာတွင် အထူးသဖြင့် မာကရပ်ဒေသဘက်၌ စွန်ပလွန်ပင်များ အများအပြား ပေါက်ရောက်သည်။ ထိုဒေသတွင် နေထိုင်သူများသည် စွန်ပလွန်သီးကို နေ့စဉ် ဝမ်းစာအဖြစ် စားသုံးကြသည်။ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် ကုလားအုတ်များကို အများဆုံး အသုံးပြုကြသည်။ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့သွားလာနေထိုင်တတ်ကြသော လူမျိုးစုများမှာမူ သိုးနှင့် ဆိတ်များကို မွေးမြူကြသည်။ အိမ်ထောင်သားစုများ၏ ချမ်းသာကြွယ်ဝမှုကို သိုးဆိတ်ဦးရေပိုင်ဆိုင်မှု အတိုင်း

http://www.cherrythitsar.org

အတာကို အခြေပြု၍ တွက်ချက်ပြောဆိုကြ သည်။ တောင်ကုန်းဒေသများတွင် လှပသန့်စွမ်းသည့် နွဲ့များကို မွေးမြူကြသည်။ မြင်းမျိုးကောင်း၊ နွားမျိုးကောင်း များကို သာရဝန်နှင့် ကပ်စီဒေသများမှ ရရှိကြလေသည်။ သို့ရာတွင် ဘလူချီစတန် သည် မြက်ပင်မြက်ခင်းများ ရှားပါးလှသည့်အလျောက် ကျွဲ၊ နွားများ၊ မြင်းများ မွေးမြူရန် လွယ်ကူသည့် ဒေသ မဟုတ်ပေ။

မောင်ပြုံးချိုတို့သည် မွန်းလွဲ နှစ်နာရီခွဲတွင် ကွတ်တာ လေယာဉ်ကွင်း သို့ ဆိုက်ရောက်လာလေသည်။ သံတမန်ဆက်သွယ်ရေး အရာရှိသည် မောင်ပြုံးချို တို့ကို လာရောက်ကြိုဆိုပြီး ဟိုတယ်တစ်ခုတွင် နေရာချထားပေးလေသည်။

ကွတ်တာသည် လွတ်လပ်ရေးမရမီ အိန္ဒိယတိုက်ငယ် တစ်ခုလုံး ဗြိတိသျှ လက်အောက်တွင် ရှိစဉ်ကတည်းက ဘလူချီစတန်ခရိုင်၏ မြို့တော် ဖြစ်သည်။ ကွတ်တာဟူသော အမည်သည် ကွတ်တော့ဟူသော စကားမှ ဆင်းသက်လာ သည်။ ယင်း၏ အနက်အဓိပ္ပာယ်မှာ ခံတပ်ဟူ၍ ဖြစ်သည်။ ၁၈၇၆–ခုနှစ်တွင် ထိုနေရာ၌ ဗြိတိသျှတို့ ခံတပ်တစ်ခု တည်ဆောက်ခဲ့ရာမှ ထိုသို့ အမည်တွင်လာ ခြင်း ဖြစ်သည်။ ဗြိတိသျှတို့သည် နယ်ခြားဒေသ တစ်လျှောက် ကင်းစခန်းများ တန်းစီ တည်ဆောက်ရာတွင် ကွတ်တာသည် တောင်ဘက်အစွန်းဆုံးရှိ ကင်းစခန်း ဖြစ်ခဲ့သည်။ ကာကွယ်ရေးအတွက် ဆက်သွယ်ရေး လွယ်ကူစေရန် မီးရထားလမ်း ကိုလည်း ဖောက်လုပ်ခဲ့သည်။ ကရာချီမှ မြောက်ဘက်သို့ မိုင်ပေါင်း ၅၃၆– မိုင်ဝေးကွာသည့်နေရာတွင် ကွတ်တာသည် အုပ်စိုးသူတို့အတွက် အရေးကြီးသည့် ခံတပ်မြို့တစ်ခုအဖြစ် တည်ရှိခဲ့လေသည်။ တပ်နယ်မြေနှင့် အစိုးရဌာန အသီးသီး တို့၏ အဆောက်အအုံ ရုံး စသည်များသည် တောင်များ ဝန်းရံလျက် ပြန့်ပြူးသည့် ကုန်းမြင့်တွင် ရှိလေသည်။

ထိုနေရာသည် ပင်လယ်ရေပြင်ထက် ပေပေါင်း ၅၅၀၀မြင့်သည်။ ဗြိတိသျှ တို့သည် ဤနေရာတွင် စစ်အရာရှိသင်တန်းကျောင်းများ ဖွင့်လှစ်ခဲ့သည်။ ၁၉၃၅– ခုနှစ် သန်းခေါင်စာရင်းအရ ကွတ်တာ၏ လူဦးရေမှာ ၆၀၂၇၂ ဖြစ်သည်။ ၁၉၃၅–ခုနှစ်တွင် ငလျင်အကြီးအကျယ် လှုပ်ခဲ့သဖြင့် တစ်မြို့လုံးလိုလို ပျက်စီးခဲ့ပြီး လူပေါင်းနှစ်သောင်းမှလေးသောင်းအထိ အသက် ဆုံးရှုံးခဲ့ရသည်ဟု သိရသည်။

မြို့ထဲတွင် သစ်ပင်ကြီးများ အနည်းငယ်ရှိသည်။ တစ်မြို့လုံး ခြောက်သွေ့ သွေ့ ဖြစ်နေသည်။ ဆောင်းအကုန် နွေအကူးဖြစ်သဖြင့် လေမြူးကလေးများ

တိုက်ခိုက်လိုက်သောအခါ သဲမှုန်များပါ ထကြွလွင့်ပါးလာလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး သဲတို့ဖြင့်သာ ဖုံးလွှမ်းနေသည်။

နောက်တစ်နေ့တွင် ဘလူချီစတန်၏ အုပ်ချုပ်ရေးမှူးကို သွားရောက်တွေ့ဆုံကြသည်။ သူသည် ယခင်က တရားလွှတ်တော် တရားဝန်ကြီးဖြစ်ပြီး စစ်အုပ်ချုပ်ရေး ကာလတွင်မှ ပြည်နယ်အုပ်ချုပ်ရေးမှူး ဖြစ်လာသူဖြစ်သည်။ သူသည် မောင်ပြုံးချိုအား ဖော်ရွေစွာ ဆီးကြိုဧည့်ခံလေသည်။ သူနှင့် စကားပြောရသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။ ဘလူချီဆတန်၏ အကြောင်းများကို သမိုင်းဖြစ်စဉ်များမှအစ ရာသီဥတု၊ လူမှုရေး၊ ပြည်နယ် အတွင်း နေထိုင်ကြသည့် လူမျိုးများအကြောင်း၊ စီးပွားရေးအခြေအနေ စသည်များကို နာရီဝက်ခန့် စိတ်ဝင်စားဖွယ် ပြောပြလေသည်။ မြန်မာဟူ၍ မောင်ပြုံးချိုကို ပထမဦးဆုံး တွေ့ဖူးခြင်းဖြစ်သည်ဟု ဆိုသည်။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ အကြောင်းကိုလည်း စိတ်ဝင်တစား မေးမြန်းလေသည်။ မောင်ပြုံးချိုက မြန်မာနိုင်ငံအခြေခံဥပဒေ၏ အရေးကြီးသော အချက်အလက်များနှင့်တကွ ပြည်သူ့လွှတ်တော်နှင့် ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပုံများကို ရှင်းလင်းတင်ပြရာ သူ့အဖို့ ထူးဆန်းသကဲ့သို့ ဖြစ်နေသည်။ မေးခွန်းပေါင်း မြောက်မြားစွာကိုလည်း မေးမြန်းသဖြင့် သူနားလည်အောင် ကြိုးစား ရှင်းပြရလေသည်။ မြန်မာနိုင်ငံ၏ လယ်ယာမြေပိုင်မှုစနစ်နှင့် တောင်သူလယ်သမားတို့အား လယ်ယာလုပ်ပိုင်ခွင့်ပေးပုံ၊ လယ်ယာစိုက်ပျိုးရေး၊ သီးနှံအထွက်တိုးရေးများနှင့် ပတ်သက်၍ မည်သို့မည်ပုံ ဆောင်ရွက်နေသည်များကို ပြောပြရာ အထူးပင် အားရနှစ်သက်လျက် ရှိလေသည်။ သူတို့ ပါကစ္စတန်နိုင်ငံတွင် မိုးခေါင်ရေရှား သဲကန္တာရများ၊ ရေဝပ်ပြီး နွံများ ဖုံးလွှမ်းနေသောနေရာများနှင့် ဆားပေါက်သော နေရာများ ဧကမြောက်မြားစွာ ရှိနေသောကြောင့် သီးနှံစိုက်ပျိုးရေးတွင် ခက်ခဲမှုရှိကြောင်း ပြောပြသည်။ မြန်မာနိုင်ငံတွင်လည်း အလားတူ အခက်အခဲများ ရှိမရှိ မေးမြန်းလေသည်။

“ဒီ ဘလူချီတန်မှာတော့ နွံပေါက်တဲ့ နေရာတွေ မရှိလှသော်လည်း ဆားပေါက်လို့ စိုက်ပျိုးမရတဲ့ နေရာတွေရှိတယ်”ဟု သူက ဆိုလေသည်။

“ဒါနဲ့ စကားမစပ် ဘယ်မှာ တည်းနေသလဲ”ဟု မေးလေသည်။

“ဟိုတယ်မှာပါ”ဟု မောင်ပြုံးချိုက ဖြေသည်။

http://www.cherrythitsar.org

"ဟာ–ဘယ်ဖြစ်မလဲ။ ကျွန်တော်တို့ ဧည့်ရိပ်သာမှာ တည်းပါ"ဟု ဆိုလာသည်။

မောင်ပြုံးချိုက တည်းလက်စနှင့် ဟိုတယ်မှာပဲ ဆက်နေပါရစေတော့ဟု ပြောသော်လည်း မရ။ သူ့ရုံးမှ ဝန်ထမ်းများကို ခေါ်ကာ အစိုးရ ဧည့်ရိပ်သာတွင် မောင်ပြုံးချိုတို့အတွက် စီစဉ်ပေးရန် ညွှန်ကြားလေသည်။

အုပ်ချုပ်ရေးမှူးကြီးအား နှုတ်ဆက်၍ ပြန်တော့မည်ဟု နေရာမှ ထလိုက်သောအခါ မောင်ပြုံးချို စာရေး ဝါသနာပါကြောင်း သိသဖြင့်–

"သံအမတ်ကြီးက ဒီက အတွေ့အကြုံတွေကို စာရေးဦးမှာလား"ဟု မေးမြန်းလေသည်။

"ရေးသင့်ရေးထိုက်တာလေးတွေတော့ ရေးဦးမှာပေါ့"ဟု မောင်ပြုံးချိုက ဖြေလေသည်။

"စာအုပ်များ ရေးဖြစ်ရင်တော့ ကျွန်တော့်ဆီ တစ်အုပ်လောက် ပို့ပေးပါ"ဟု သူက တောင်းဆိုပြန်သည်။

"ကျွန်တော်က မြန်မာလို ရေးမှာပါ"

"မြန်မာလို ရေးပေမယ့် ပို့ဖြစ်အောင်တော့ ပို့လိုက်ပါဦး။ ကျွန်တော် အမှတ်တရ သိမ်းထားချင်လို့ပါ"ဟု ဆိုလေသည်။

'မောင်ပြုံးချိုတို့သည် သူ့ကို နှုတ်ဆက်ပြီး ဧည့်ခန်းမှ ထွက်လာခဲ့လေသည်။ အပြင်သို့ ရောက်သောအခါ–

"ဒီပုဂ္ဂိုလ်ကြီးဟာ သံတမန်လုပ်ဖို့ ကောင်းတယ်"ဟု မောင်ပြုံးချိုက မှတ်ချက်ပြုလိုက်လေသည်။

ဟိုတယ် ပြန်ရောက်သည်နှင့် အုပ်ချုပ်ရေးမှူး၏ ဆန္ဒကို လိုက်လျောသောအားဖြင့် အစိုးရ တည်းခိုရိပ်သာသို့ ပြောင်းရွှေ့ကြရလေသည်။

နောက်တစ်နေ့တွင် ပြည်နယ် စစ်အုပ်ချုပ်ရေးမှူးကို သွားရောက်တွေ့ဆုံ နှုတ်ဆက်လေသည်။

ယခင်ဆိုလျှင် ပြည်နယ်တစ်ခုတွင် ပြည်နယ်လွှတ်တော်က ရွေးချယ်တင်မြှောက်သော ပြည်နယ်ဝန်ကြီးချုပ်နှင့် ဗဟိုအစိုးရက ခန့်အပ်သောအုပ်ချုပ်

ရေးမှူး(Governor)ဟူ၍ ရှိသည်။ ယခု စစ်အုပ်ချုပ်ရေး ကာလတွင် နယ်ဘက် အုပ်ချုပ်ရေးနှင့် စစ်အုပ်ချုပ်ရေးမှူးဟူ၍ ရှိနေလေသည်။ ပြည်နယ်ဝန်ကြီး ချုပ်ဟူ၍ မရှိတော့ချေ။

ပြည်နယ် စစ်အုပ်ချုပ်ရေးမှူးသည် အသက် ငါးဆယ်ပတ်ဝန်းကျင်တွင် ရှိ၍ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ဥပဓိရုပ်ကောင်းသူ ဖြစ်သည်။ သူသည် စစ်ဝတ်စုံကို ဝတ်ဆင်ထားသည်။ သူ့ရုပ်သွင်ကို ကြည့်ခြင်းအားဖြင့် ပထန်မျိုးနွယ် ဖြစ်သည်ဟု ထင်ရသည်။ သူသည် ရာထူးတံဆိပ်များကို ဆင်မြန်းထားသော ကြောင့် ဗိုလ်မှူးချုပ်တစ်ဦး ဖြစ်ကြောင်း သိရသည်။ မောင်ပြုံးချိုတို့အား မိနစ် လေးဆယ်ခန့် ဧည့်ခံစကားပြောရာ မြန်မာနိုင်ငံ၏ အကြောင်းများကို စိတ်ဝင်စား စွာ မေးမြန်းလေသည်။ မောင်ပြုံးချိုကလည်း ဘလူချီစတန် ပြည်နယ်၏ စိုက်ပျိုး ရေး ရေရရှိရေးနှင့် ပြည်နယ်တွင်း နေထိုင်ကြသော လူမျိုးတို့၏ အကြောင်းကို မေးမြန်းရာ စိတ်ရှည်လက်ရှည် ရှင်းလင်းဖြေကြားလေသည်။

ညနေစောင်းတွင် သံတမန် ဆက်သွယ်ရေး အရာရှိနှင့်အတူ ပတ်ဝန်းကျင် ဒေသများကို လှည့်လည်ကြည့်ရှုကြသည်။ မြို့နှင့် မနီးမဝေး ဒေသများရှိ သစ်သီး ခြံများသို့လည်း ရောက်ရှိသည်။ သီးပင် သစ်ပင်များမှာ အချိန်အခါအလိုက် ရွက်ဟောင်းတွေ ကြွေပြီး ခြောက်သွေ့နေသည်ကို တွေ့ရလေသည်။ သီးချိန် ပွင့်ချိန်ဆိုလျှင် ထိုဒေသသည် အလွန်ပျော်စရာ ကောင်းသည်ဟု အတူပါလာ သူ အရာရှိကပြောကြားလေသည်။ စစ်တပ်နယ်မြေသို့လည်း သွားရောက်ခဲ့ရာ ကိုလိုနီခေတ်ကတည်းက တည်ဆောက်ထားသည့် စစ်တန်းလျား၊ ကစားကွင်း အရာရှိနေအိမ် စသည် အဆောက်အအုံများနှင့် ပြည့်နှက်နေသည်ကို တွေ့ရသည်။ ၁၉၃၇–ခုနှစ်က ငလျက်အကြီးအကျယ် လှုပ်ရာတွင် တစ်မြို့လုံး ပျက်စီးသွား သော်လည်း စစ်တပ်အဆောက်အအုံများမှာ မပျက်စီးဟု ဆိုသည်။ စစ်တပ်တွင် ရှိနေသူများသည် ငလျင်လှုပ်သောည၏ နောက်တစ်နေ့ နံနက်ခင်း၌ မြို့ဆီသို့ လှမ်းကျော်ကြည့်လိုက်ရာ မြို့ကြီးတစ်မြို့လုံး မြေပေါ်တွင် ပြားပြားဝပ်လျက် ရှိနေသည်ကို အထိပ်တလန့် တွေ့မြင်ကြရသည်ဟု အတူပါလာသူ ဆက်သွယ်ရေး အရာရှိက ပြောပြလေသည်။

ထိုမှ ဈေးဘက်သို့ လာကြသည်။ ဈေးတန်းတစ်ခုလုံး အဝတ်အထည်ဆိုင် များနှင့် သစ်သီးခြောက်ဆိုင်တွေ စည်စည်ကားကား ရှိနေသည်။ အဝတ်အထည် များမှာ တိုင်းရင်းသား ဝတ်စုံများကို ပိုးနှင့်သော်လည်းကောင်း၊ ကတ္တီပါနှင့်

သော်လည်းကောင်း ချုပ်လုပ်ကာ ရွှေချည်ထိုး ပန်းများဖော်၍ ဖန်များ၊ မှန်များ တပ်ဆင်ထားသောကြောင့် အရောင်တလက်လက် တောက်ပနေသည်။ ပြည်ပမှ တင်သွင်းသည့် အထည်အလိပ်မျိုးစုံကိုလည်း ဆိုင်များတွင် ခင်းကျင်းပြသထား သည်။

သစ်သီးတန်းတွင်ကား သစ်သီးစိုများကို များစွာ မတွေ့ရဘဲ သစ်သီး ခြောက်တွေသာ လှိုင်နေလေသည်။ စပျစ်သီး၊ ဘဂ်လားဆီးသီး၊ စွန်ပလွန်သီး၊ ပစ်စတာချိုခေါ် သစ်ဆိမ့်သီးစသော သစ်သီးခြောက်များကို လက်လီ လက်ကား လိုသလောက် ဝယ်ယူရရှိနိုင်သည်။ ဟင်းခတ် အမွှေးအကြိုင်များကိုလည်း ထိုဈေး တန်းမှာပင် တွေ့ပေသည်။ သစ်သီးခြောက်များကို ဆိုင်တိုင်းတွင် အများအပြား တွေ့ရှိရသော်လည်း ဈေးပေါလှသည်တော့ မဟုတ်ပေ။ သို့ရာတွင် အစ္စလမ် မာဘတ်နှင့် စာလျှင် သုံးပုံတစ်ပုံခန့် ဈေးချိုပါသည်။ ဈေးဆိုင်ရှင်များသည် အများအားဖြင့် အင်္ဂလိပ်ဘာသာစကား မတတ်ကြ။ မောင်ပြုံးချိုတို့သည် အတူပါသူ သံတမန်ဆက်သွယ်ရေးအရာရှိကို စကားပြန်အဖြစ် အသုံးပြုကြရ လေသည်။

နောက်တစ်နေ့တွင် ပြန်ကြတော့မည်ဖြစ်သောကြောင့် သံတမန် ဆက်သွယ်ရေးအရာရှိက သူ့အိမ်တွင် ညနေစာစားရန် ဖိတ်ခေါ်သည်။ ဆက်သွယ် ရေးအရာရှိသည် မောင်ပြုံးချိုတို့ ရောက်ရှိကတည်းက သွားလေရာ အတူတကွ လိုက်ပါနေသူ ဖြစ်သည်။ မောင်ပြုံးချိုတို့သည် အများအားဖြင့် တရုတ်ဆိုင် များတွင်သာ နံနက်စာ၊ ညစာ စားသောက်တတ်ကြရာ သူ့ကိုလည်း မိမိတို့နှင့်အတူ သုံးဆောင်ရန် ဖိတ်ကြားတတ်ကြလေသည်။ သူတို့ စားသောက်သည့် တရုတ်ဆိုင် များသည် တရုတ်ဆိုင်မည်ကာမတ္တဖြစ်၍ မွတ်စလင်ဘာသာဝင်တို့ မစားသုံးသော အသားများကို အသုံးပြု၍ ချက်ပြုတ်ခြင်း မရှိကြချေ။ ထိုအသားကို မည်သည့်ဆိုင် တွင်မှ မရရှိနိုင်ချေ။ ထိုအကြောင်းကို သိထားပြီးဖြစ်သော သံတမန် ဆက်သွယ် ရေး အရာရှိသည် သံသယကင်းစွာ စားသောက်နိုင်ပေသည်။ ယခု သူကတစ်ဖန် သူ့အိမ်တွင် ကျွေးမွေးဧည့်ခံရန် မောင်ပြုံးချိုတို့အား ဖိတ်ခေါ်ထားခြင်း ဖြစ်လေ သည်။ ညနေစောင်းတွင် ဆက်သွယ်ရေး အရာရှိ ကိုယ်တိုင်လာ၍မောင်ပြုံးချို တို့အား သူ့အိမ်သို့ ခေါ်ဆောင်သွားလေသည်။ သူ့အိမ်မှာ လမ်းငယ်ကလေး တစ်ခုတွင်းရှိ တစ်ထပ်တိုက်ကလေး ဖြစ်သည်။ ခြံဝင်းတစ်ခုလုံးကို လူတစ်ရပ် ကျော်ကျော်မျှ မြင့်သော အုတ်နံရံဖြင့် လုံခြုံစွာ ကာရံထားသည်။ လမ်းမှနေ၍

သူ့ဝင်းခြံအတွင်းသို့ လုံးဝမတွေ့မြင်ရ။ အတွင်းဘက်သို့ တံခါးပေါက်မှ ဝင်ရောက်သွားရသည်။ ဧည့်သည်များ အုတ်နံရံအတွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် သံပြားတံခါးကြီးကို လုံခြုံစွာ ပြန်ပိတ်ထားလိုက်လေသည်။ ညနေစာမစားမီ ဧည့်ခန်းအတွင်း တစ်နာရီခန့်ထိုင်၍ ထွေရာလေးပါး စကားပြောနေကြသည်။ အမျိုးသမီးဟူ၍ တစ်စုံ တစ်ယောက်ကိုမျှ မတွေ့မြင်ရ။ သူနှင့်အတူ ညီအစ်ကိုတော်သူ နှစ်ဦးသာလျှင် မောင်ပြုံးချိုတို့အား ထွက်၍ ဧည့်ခံလေသည်။

"ကျွန်တော်တို့ ဒီဒေသမှာတော့ အမျိုးသမီးတွေက အမျိုးသား ဧည့်သည်တွေကို ထွက်ပြီး ဧည့်ခံလေ့ မရှိကြပါဘူး"ဟု တောင်းပန်စကား ဆိုသကဲ့သို့ အိမ်ရှင် ဆက်သွယ်ရေး အရာရှိက ပြောကြားလေသည်။

"ကျွန်တော်တို့ နားလည်ပါတယ်"ဟု မောင်ပြုံးချိုက ပြောကြားလေသည်။

ထိုအိမ်တွင် မိခင်ဖြစ်သူ၊ သမီးဖြစ်သူနှင့် နှမနှစ်ဦးရှိကြောင်းကို သူပြော၍ပင် သိရှိရပါသည်။ လေးငါးနှစ်ခန့်ရှိ သားငယ်ကလေးမှာ အတွင်းဘက် ဝင်လိုက် ဧည့်ခန်းထွက်လာလိုက်နှင့် ဧည့်သည်တွေကို ကြည့်ပြီး စိတ်လှုပ်ရှား ပျော်မြူးနေလေသည်။ ဧည့်ခန်းမှ သတင်းများကို နောက်ဘက်ဆောင်ရှိ အမျိုးသမီးများထံသို့ ပို့နေသည်ဟုလည်း တွေးမိသည်။ အိမ်ရှင်သည် လွန်ခဲ့သော ခြောက်လလောက်ကမှ အစ္စလမ်မာဘတ်မြို့မှ ကွတ်တာသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရသူဖြစ်သည်။

"အစ္စလမ်မာဘတ်မှာတုန်းကလဲ ခင်ဗျားတို့ ဒီလိုပဲ နေခဲ့ကြတာပဲလား" ဟု မောင်ပြုံးချိုနှင့် ပါလာသူ တတိယအတွင်းက မေးလိုက်လေသည်။

"ဟိုမှာတော့ ဘယ် ဒီလို ဟုတ်မလဲ။ ကျွန်တော့် အမျိုးသမီးဟာ အဲဒီမှာတုန်းက အပြင်လဲ ထွက်လာပါတယ်။ ပါတီတွေလဲ တက်ပါတယ်။ ဒီမှာတော့ အစ္စလမ်မာဘတ်မှာ နေသလိုနေလို့ မဖြစ်ဘူး။ ကာလ၊ ဒေသချင်းက မတူဘူး မဟုတ်လား"ဟု ပြောကြားလေသည်။

ထမင်းစားခန်းသို့ ဝင်ကြသောအခါ စားဖွယ်သောက်ဖွယ်တွေနှင့် ပြည့်နေသော စားပွဲကြီးကို တွေ့ရလေသည်။ အပြင်ခန်းတွင် လက်များကို စင်ကြယ်စွာ ဆေးပြီးမှ စားပွဲတွင် ထိုင်ကြရသည်။ တစ်ခန်းလုံး မဆလာနံ့ သင်းနေလေသည်။ အိမ်ရှင်ကလည်း စားပါ၊ သောက်ပါ ပျူငှာစွာနှင့် ကျွေးမွေးဧည့်ခံသည်။ ဒံပေါက်လို

ထမင်းများ၊ ဆိတ်သားများ၊ သိုးသားများကို အမျိုးမျိုး ချက်ပြုတ်ထားသော ဟင်းများ၊ အသားကင်များမှာ မြင်ရသည်နှင့် မောင်ပြုံးချိုတို့အဖို့ အလိုလိုအီပြီး ဝနေပါတော့သည်။ များစွာ မစားနိုင်ကြ။ ညှော်ခံမည့် အိမ်ရှင် အမျိုးသမီး မရှိ၍လည်း ထမင်းစားပွဲမှာ ခြောက်ကပ်ကပ် ဖြစ်နေလေသည်။

ထမင်းစားပွဲမှထပြီး ဧည့်ခန်းတွင် ထိုင်မိကြသောအခါ ကော်ဖီနှင့် အချိုပွဲ စသည်များနှင့် ဧည့်ခံလေသည်။

အတော်ညဉ့်နက်မှ တည်းခိုရိပ်သာသို့ ပြန်လာခဲ့ကြလေသည်။ နေ့ခင်း ကပူသော်လည်း ညသည် အေးမြနေလေသည်။

နောက်တစ်နေ့နံနက်တွင် ကွတ်တာမှ ပြန်လည် ထွက်ခွာလာကြလေ သည်။ မထွက်ခွာမီ လေဆိပ်တွင် ဆက်သွယ်ရေးအရာရှိက မောင်ပြုံးချို စစ်အုပ်ချုပ်ရေး အရာရှိအား သွားရောက်တွေ့ဆုံစဉ်က ရိုက်ကူးထားသည့် ဓာတ်ပုံပါရှိသော သတင်းစာကို လက်ဆောင်ပါးလိုက်လေသည်။

(၃)

အစ္စလမ်မာဘတ်တွင် သုံးရက်သာ နေပြီး တဟီရန်သို့ ခရီးထွက်ခဲ့ရပြန်သည်။ အီရန်နိုင်ငံ၏ မြို့တော် တဟီရန်သို့ မသွား၍မဖြစ်။ မိမိ ပူးတွဲတာဝန်ယူရသော အီရန်နိုင်ငံ၏ အထွတ်အထိပ် ရှားဘုရင်ကို သွားရောက် တွေ့ဆုံ ဂါရဝပြုရန် ရှိနေပါသည်။ မောင်ပြုံးချို ရှားဘုရင်ထံ သံအမတ် ခန့်အပ်လွှာ သွားရောက် ပေးအပ်စဉ်က နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အချို့သော အရာရှိများက ဤသို့ စကားဆိုကြသည်။

“တဟီရန်မှာ သံရုံးမရှိဘဲ တခြားနိုင်ငံမယ် ရုံးစိုက်ပြီး ကျွန်တော်တို့ နိုင်ငံကိုပါ ပူးတွဲတာဝန်ယူရတဲ့ သံအမတ်ကြီးတချို့ဟာ ရှားဘုရင်ထံ ခန့်အပ်လွှာ ပေးအပ်တုံးကသာ ရောက်ရှိလာပြီး တာဝန်ပြီးဆုံးချိန်ကျတော့ သတိတောင် မရတော့ဘဲ ဘယ်အချိန်က ထွက်ခွာသွားမှန်းတောင် မသိလိုက်ရဘူး”

ထိုစကားကို ကြားရသော မောင်ပြုံးချိုသည် မိမိကိုများ ရည်ညွှန်း၍ ပြောဆိုနေသလောဟု စိတ်မသန့် ဖြစ်မိလေသည်။

"ကျွန်တော်ကတော့ တာဝန်ပြီးဆုံးလို့ တစ်နေရာ ပြောင်းရတော့မယ် ဆိုရင် တဟီရန်ကို အရောက်လာပြီး လူကြီးမင်းတို့ကို တွေ့ဆုံနှုတ်ဆက်မှာပါ" ဟု ပြောမိသည်။

ထိုစကားအရ သူသည် တတိယအတွင်းဝန်ကလေးနှင့်အတူ တဟီရန်မြို့သို့ လေယာဉ်ဖြင့် ထွက်ခွာလာခဲ့ခြင်း ဖြစ်လေသည်။ ရောက်ရှိပြီး နောက်တစ်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန် ဆက်သွယ်ရေးအရာရှိချုပ်ကို သွားရောက်တွေ့ဆုံသည်။ ထိုပုဂ္ဂိုလ်သည် မောင်ပြုံးချို ခန့်အပ်လွှာပေးရန် လာစဉ်က ရှိခဲ့သော သံတမန် ဆက်သွယ်ရေး အရာရှိချုပ်ပင် ဖြစ်သည်။ သည်တစ်ခေါက်တွင်မူ အလျင်တစ်ခါကဲ့သို့ အဆင်မပြေမှုများ မရှိတော့ချေ။ ဆက်သွယ်ရေး အရာရှိချုပ်သည် ယခင် မောင်ပြုံးချိုလာစဉ်က သင်ခန်းစာ ရရှိလိုက်ပြီး ဖြစ်သဖြင့် အစစအဆင်ပြေအောင် ဆောင်ရွက်ထားလေသည်။ ထို့ပြင် အစ္စလမ် မာဘတ်တွင် အီရန်သံအမတ်ကြီးအဖြစ် ထမ်းဆောင်ခဲ့ဖူးသော မစ္စတာဇယ်လီသည် နိုင်ငံခြားရေးရုံးတွင် အရေးပါ အရာရောက်သော နေရာ၌ ရောက်ရှိနေသဖြင့် မောင်ပြုံးချိုအတွက် လိုလေသေးမရှိအောင် ကူညီပေးလေသည်။ ယခင်တစ်ခေါက် ကသိကအောင့် ဖြစ်ရသည်များကို သူသည် ယခုထိ စိတ်မကောင်းဖြစ် အားနာနေလျက်ပင် ရှိသေးသည်။ ထိုစဉ်က တာဝန်မကင်း ခဲ့သူ ဒုတိယဆက်သွယ်ရေးအရာရှိကိုလည်း အရေးယူကာ အခြားတစ်နေရာသို့ ပြောင်းရွှေ့ပစ်ခဲ့ကြောင်း ယခုမှ မောင်ပြုံးချို သိရှိရလေသည်။

နောက်တစ်နေ့တွင် မစ္စတာဇယ်လီမှအစ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကို သွားရောက် တွေ့ဆုံကြလေသည်။ နိုင်ငံခြားရေး ဝန်ကြီးမှာ ခရီးထွက်နေသောကြောင့် မတွေ့ခဲ့ရ။ မောင်ပြုံးချိုက အစ္စလမ်မာဘတ် မှ အမြန်ဆုံး ထွက်ခွာရန်ရှိသောကြောင့် ရှားဘုရင်နှင့် တတ်နိုင်သမျှ ဆောလျှင်စွာ တွေ့ဆုံခွင့်ရရှိရေး ဆောင်ရွက်ပေးပါရန် မစ္စတာဇယ်လီအား မေတ္တာရပ်ခံလေသည်။ သူ၏ ဆောင်ရွက်မှုကြောင့် မောင်ပြုံးချိုတို့ တဟီရန် ရောက်ရှိပြီး လေးရက်အကြာ ဧပြီလ ၆–ရက်နေ့တွင် ရှားဘုရင်အား တွေ့ဆုံခွင့် ရရှိကြလေသည်။

နံနက် ကိုးနာရီခွဲတွင် ဒုတိယသံတမန် ဆက်သွယ်ရေး အရာရှိသည် မောင်ပြုံးချိုတို့ တည်းခိုရာ အင်တာကွန်းတီနင်တယ်ဟိုတယ်သို့ လာရောက်ခေါ်ဆောင်လာလေသည်။ မြို့ထဲတွင် မော်တော်ယာဉ်အသွားအလာ ပြည့်ကျပ်နေမှုကြောင့် နာရီဝက်ခန့်သာ မောင်းနှင်ရမည့် နွေဥတု စံအိမ်တော်သို့ တစ်နာရီကြာမှ

ရောက်ရှိလေသည်။ စံအိမ်တော်မှာ ခန်းနားကြီးကျယ်လှပါသည်။ အတွင်းဘက်တွင် ရွှေရောင်တဖိတ်ဖိတ် ငွေရောင်တလက်လက် ပိုးဖဲ ကတ္တီပါရောင် တပြောင်ပြောင်နှင့် တောက်ပနေလေသည်။ ဧည့်ခန်းတွင် နာရီဝက်မျှ စောင့်နေရပြီး ဆယ့်တစ်နာရီတွင် အခန်းကျယ်အတွင်းသို့ ဖွင့်ပေးသော တံခါးမှ ဝင်ရောက်သွားရာ လက်ဝဲဘက် ခပ်ယွန်းယွန်း တစ်နေရာတွင် ရွှေအနားကွပ် ဆိုဖာလေးလုံး အနက် တစ်ခုတွင် တံခါးပေါက်သို့ မျက်နှာမူ၍ ထိုင်နေသော ရှားဘုရင်ကို တွေ့ရလေသည်။

ရှားဘုရင်သည် အဆောင်အယောင်များ မပါ။ ဘွဲ့ထူး ဂုဏ်ထူးတံဆိပ်များ တပ်ဆင်မထား။ မီးခိုးရောင် ဥရောပဝတ်စုံကို ဝတ်ဆင်ထားသည်။ မောင်ပြုံးချိုက အမျိုးသားဝတ်စုံကို ဝတ်ဆင်ထားသည်။ လုံချည်၊ တိုက်ပုံအင်္ကျီနှင့် ခေါင်းပေါင်း။ ရှားသည် ယခုအခါ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ တွေ့ဆုံစဉ်ကထက် လွတ်လွတ်လပ်လပ် စကားပြောသည်။ သူက ကမ္ဘာ့ခရီးသည်လုပ်ငန်း၊ ရေနံဈေးနှုန်းများ အကြောင်း မြန်မာနိုင်ငံနှင့် တရုတ်ပြည်တို့ နယ်စပ်အခြေအနေ စသည်များကို မေးမြန်းပြောဆိုသည်။ မောင်ပြုံးချိုက သူမကြာသေးမီ အမေရိကန် ပြည်ထောင်စုသို့ သွားရောက်စဉ်က ပြည်ပရောက် အီရန်သားတွေ ဆန္ဒပြကြသည့်အကြောင်းကို သတင်းစာများတွင် တွေ့ရှိရကြောင်း ပြောဆိုသည်။

ထိုစကားကြားရသောအခါ သူသည် ပြုံးလိုက်လေသည်။ သူ့အပြုံးမှာ မချိပြုံး။

"ဆန္ဒပြတာတော့ နေရာတိုင်းပဲ။ အမေရိကန်တွင်သာ မဟုတ်။ ဥရောပ နိုင်ငံတွေ ရောက်တော့လဲ ဆန္ဒပြတာတွေနဲ့ တိုးနေသေးတာ။ အခု ဒီနိုင်ငံမလဲ ဆန္ဒပြနေကြပြီလေ။ တွေ့မှာပေါ့"ဟု ပြောလေသည်။

ရှားသည် မောင်ပြုံးချိုနှင့် ယခင်တစ်ခေါက် တွေ့ဆုံစဉ်ကလို လန်းလန်း ဆန်းဆန်းမရှိ။ ကိုယ်ရော စိတ်ပါ ညှိုးနွမ်းနေပုံ ရသည်။

မောင်ပြုံးချိုက နေရာမှထ၍ ပြန်ရန် နှုတ်ဆက်သောအခါ "သံအမတ်ကြီးရဲ့ သမ္မတကြီး ကျန်းမာစေကြောင်း ဆုတောင်းလိုက်တယ်လို့ ပြောပါ"ဟု ပြောကြားလေသည်။

မောင်ပြုံးချိုသည် အခန်းဝသို့ ရောက်သောအခါ သမင်လည်ပြန် တစ်ချက်ကြည့်လိုက်ရာ အတွင်းဆောင်သို့ ဖြည်းညင်းစွာ ဝင်သွားသည့် သူ့ နောက်ကျောကို မြင်လိုက်ရလေသည်။

စံနန်းတော်မှ ပြန်လာသောအခါ မောင်ပြုံးချိုသည် မစ္စတာဇယ်လီ တည်ခင်းသည့် နေ့လယ်စာ စားပွဲသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီး ဌာန အသင်းတိုက်သို့ တတိယအတွင်းဝန်နှင့်အတူ ဆက်လက် သွားရောက် လေသည်။ နေ့လယ်စာစားပွဲသို့ အိမ်နားနီးချင်းနိုင်ငံများ ဖြစ်ကြသော ပါကစ္စတန်၊ အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှား၊ နီပေါနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ သံအမတ် ကြီးများသည် မစ္စတာဇယ်လီ၏ ဖိတ်ကြားချက်အရ ရောက်ရှိနေကြသည်။ တရုတ် ပြည်မှ သံအမတ်ကြီးသည် ခရီးထွက်နေသောကြောင့် အမျိုးသမီးသံမှူး တက် ရောက်လာသည်။ ထို့ပြင် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အရာရှိကြီးများလည်း တက်ရောက်ကြလေသည်။

နေ့လယ်စာ စားပွဲများတွင် ရောက်ရှိနေသူများမှာ အရှေ့နိုင်ငံသားချည်း ဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ပြောဆိုနေကြသည်။ ဝမ်းမြောက် ပျော်ရွှင်ဖွယ် ကောင်းလှပေသည်။ နောက်ဆုံးတွင် မစ္စတာဇယ်လီက နှစ်နိုင်ငံ အခွန့်ရှည်စွာ ချစ်ကြည်ရေး ခိုင်မြဲစေရန် ဆုတောင်းလေသည်။ မောင်ပြုံးချိုက လည်း အလားတူ ဆုတောင်းစကားများကို မြွက်ကြားရလေသည်။

နောက်တစ်နေ့တွင် မစ္စတာဇယ်လီ၏ စီစဉ်ပေးချက်အရ ‘ကရာ’ အမည် ရှိသော အပန်းဖြေစခန်းတစ်ခုသို့ သွားရောက်ကြသည်။ ထိုနေရာတွင် တောင် နှစ်လုံးကို ပိတ်ဆို့၍ ဆည်ကြီးတစ်ခု တည်ဆောက်ထားရာ ကျယ်ပြန့်သည့် ရေကန်ကြီးတစ်ခု ဖြစ်ထွန်းနေလေသည်။ ထိုကန်ကြီးကို မေးတင်လျက် လှပသည့် ဟိုတယ်တစ်ခု တည်ဆောက်ထားသည်။ ထိုနေရာသို့ ပြည်တွင်း ဧည့်သည်များ သာမက ပြည်ပမှ ခရီးသည်များလည်း လာရောက် အပန်းဖြေ တတ်ကြသည်။ နွေဥတုအခါတွင် ကန်အတွင်း၌ ရေပေါ်လျှောစီးခြင်းများ ပြုလုပ်နိုင်ကြသည်။

မောင်ပြုံးချိုတို့သည် ရေကန်ကြီး၏ တစ်ဘက်ကမ်းတွင်ရှိသော ရွာ ကလေးသို့ အခြားခရီးသည်များနှင့်အတူ စက်လှေဖြင့် ကူးသွားကြလေသည်။ ထိုရွာကလေးသည် တောင်ကမ်းပါးယံတွင် တည်ရှိ၍ အိမ်ငယ်များကို တောင် ပတ်ဝန်းကျင်တစ်လျှောက်တွင် အဆင့်ဆင့် ဆောက်လုပ်ထားကြသည်။ ရွာသူ၊ ရွာသားများသည် သိုး၊ ဆိတ်၊ မွေးမြူရေးနှင့် ဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်းဖြင့် အသက်မွေးကြလေသည်။ သူတို့သည် ဖော်ရွေသူများ ဖြစ်သော်လည်း စကား အခက်အခဲကြောင့် သိလိုသည့် အချက်များကို မမေးမြန်းခဲ့ကြရ။ တစ်ဘက်ကမ်း သို့ ပြန်ရောက်လာသောအခါ ဟိုတယ်တွင် နေ့လယ်စာ စားသုံးပြီး ခေတ္တမျှ အနားယူကာ တဟီရန်သို့ ပြန်ခဲ့ကြလေသည်။

http://www.cherrythitsar.org

လေယာဉ် အခက်အခဲကြောင့် ချက်ချင်းပြန်လိုလှသော်လည်း မပြန်နိုင်သေးဘဲ တဟီရန်တွင် နှစ်ရက်မျှ နားနေရလေသည်။

၁၉၇၈–ခု၊ ဧပြီလ ၁၀–ရက်၊ နံနက်စောစော။

မောင်ပြုံးချိုတို့ လိုက်ပါလာသော လေယာဉ်သည် တဟီရန် လေယာဉ်ကွင်းမှ စတင် ထွက်ခွာလာလေသည်။ သူသည် ပြတင်းမှန်ပေါက်မှ ငုံ့ကြည့်လိုက်လေသည်။ တဟီရန်သည် နံနက်မြူတွေ အောက်တွင် ငြိမ်သက်လျက်ရှိသည်။ မည်မျှ ငြိမ်သက်နေမည်ကို မည်သူ ပြောနိုင်အံ့နည်း။

❁

# လက်ဆောင်

(၇)

မြန်မာနှစ်သစ်ကူးပြီးစ၊ တန်ခူးလ။

အမိနိုင်ငံမှာ ဆိုလျှင် သင်္ကြန်မိုးရိပ်ကလေးများဖြင့် အေးမြနေမည် ဖြစ်သည်။

ပါကစ္စတန်နိုင်ငံ အစ္စလမ်မာဘတ်မြို့တွင်မူကား နေမင်းသည် အထူးပူပြင်းနေလေသည်။

မောင်ပြုံးချိုသည် မော်တော်ယာဉ်ဖြင့် အစ္စလမ်မာဘတ်မြို့မှ ရာဝါပင်ဒီမြို့သို့ သွားနေလေသည်။ နေသည် မန်ဂလာတောင်ကုန်းပေါ်သို့ တဖြည်းဖြည်း လျှောဆင်းနေလေသည်။ အပူရှိန်ကား ပြင်းထန်ဆဲပင် ရှိသေးသည်။ မောင်ပြုံးချိုသည် မှန်များ အလုံပိတ်ကာ အအေးဓာတ်ပေးထားသော မော်တော်ယာဉ်တွင်းမှ လမ်းဘေးဝဲယာကို ကြည့်ရင်း လိုက်ပါလာလေသည်။ မော်တော်ယာဉ်ထိပ်မှ ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံကလေးသည် တဖျတ်ဖျတ် လှုပ်ရှားနေလေသည်။ လမ်းမကြီးပေါ်တွင် အပူရှိန်ကြောင့် အရိပ်ရိပ် ထွက်နေသော အပူငွေ့များကို တွေ့မြင်နေရသည်။

နွေဦးက ပန်းမျိုးစုံတို့ဖြင့် ဝေဆာနေသော လမ်းမကြီး၏ အလယ်ကျွန်းကလေးများသည် ယခုအခါတွင် ခြောက်သွေ့နေလေပြီ။ တောင်ကုန်း တောင်တန်းပေါ်ရှိ သစ်ပင်တို့သည် ရွက်ဟောင်းများ ကြွေကျလျက် အရိုးပြိုင်းပြိုင်း ဖြစ်နေလေသည်။ အချို့အပင်များတွင်မူ ကြွေကျလုဆဲဆဲ ရွက်ဝါရော်ရိများ အနည်းငယ်ကျန်နေသေးသည်။ မောင်ပြုံးချိုသည် သည်သမယတွင် စိမ်းလန်း စိုပြည်၍ ပိတောက်ပန်းများ ဝေနေမည်ဖြစ်သော အမိနိုင်ငံကို သတိရနေလေသည်။

http://www.cherrythitsar.org

သူသည် ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ တာဝန်ပြီးဆုံး တော့မည် ဖြစ်သောကြောင့် နိုင်ငံအထွတ်အထိပ် ပုဂ္ဂိုလ်ကြီးများအား ဂါရဝပြုရန် သွားနေခြင်း ဖြစ်လေသည်။ ထိုစဉ်က ပါကစ္စတန်နိုင်ငံတွင် စစ်တပ်က အာဏာ သိမ်းထားပြီး ဖြစ်သော်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေကို အားလုံးဖျက်သိမ်းခြင်း ပြုမထားသောကြောင့် မူလက သမ္မတသည် သူ့နေရာတွင်ပင် သူ ရှိနေပါသေး သည်။ အုပ်ချုပ်ရေး အာဏာအပြည့်အစုံကို စစ်အုပ်ချုပ်ရေး အရာရှိချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး ဇီယာအူဟတ်က ရယူထားလင့်ကစား နိုင်ငံတော်၏ အထွတ်အထိပ် ပုဂ္ဂိုလ်မှာ ယခင် သမ္မတပင် ဖြစ်နေပါသေးသည်။ ထို့ကြောင့် မောင်ပြုံးချိုသည် သံတမန်တို့၏ ထုံးတမ်းစဉ်လာအရ နိုင်ငံ၏ အထွတ်အထိပ် ဖြစ်သူကို သွားရောက် တွေ့ဆုံ ဂါရဝပြုရန် ချိန်းဆိုထားသည့်အတိုင်း ရာဝါပင်ဒီမြို့သို့ သွားနေခြင်း ဖြစ်လေသည်။

ပါကစ္စတန်နိုင်ငံသမ္မတကြီး မစ္စတာချောင်ဒရီသည် ရာဝါပင်ဒီမြို့ရှိ အိမ်ငယ်တစ်ခုတွင် နေထိုင်လျက် ရှိသည်။ အစ္စလမ်မာဘတ်မြို့တွင် ခမ်းနား ထည်ဝါစွာ တည်ဆောက်လျက်ရှိသော သမ္မတအိမ်တော်သည် မပြီးသေးသော ကြောင့် ယာယီအားဖြင့် ထိုအိမ်ငယ်တွင် နေထိုင်လျက် ရှိနေခြင်း ဖြစ်လေသည်။

မောင်ပြုံးချို၏ မော်တော်ယာဉ် ဆင်ဝင်အောက်တွင် ရပ်မိသည်နှင့် သမ္မတ ၏ စစ်ဘက်ဆိုင်ရာ အတွင်းဝန် ဗိုလ်မှူးချုပ်ဟူစိန်သည် သူ့ကို ခရီး ဦးကြိုပြုလေ သည်။ သူတို့သည် ဧည့်ခန်းတွင်ထိုင်၍ ထွေရာလေးပါး စကား ပြောနေကြလေ သည်။ သမ္မတကြီးထံတွင် အခြားဧည့်သည်များ ရှိနေသေးသဖြင့် ခေတ္တမျှ စောင့်ဆိုင်းပါရန် အတွင်းဝန်က ယဉ်ကျေးစွာ ပြောဆိုလေသည်။ မောင်ပြုံးချိုနှင့် စစ်ဘက်ဆိုင်ရာ အတွင်းဝန်မှာလည်း အကျွမ်းတဝင် ရှိပြီးသား ပုဂ္ဂိုလ်များ ဖြစ် ကြလေသည်။ အတွင်းဝန်သည် မြန်မာဆေးပြင်းလိပ်ကို ကြိုက်နှစ်သက်သူ ဖြစ် သည်။ မောင်ပြုံးချိုကလည်း သူ့အား မြန်မာဆေးပြင်းလိပ်များ မကြာခဏ လက်ဆောင်ပေးတတ်လေသည်။ ထို့ကြောင့် စကားပြောရင်း မြန်မာဆေးပြင်းလိပ် ကို ချီးကျူးစကား ပြောဆိုလေသည်။

"ဗိုလ်မှူးချုပ် ခင်ဗျား၊ ကျွန်တော် ပြောင်းသွားပေမယ့် ကျွန်တော့်နေရာ ဆက်ခံမယ့် မြန်မာသံအမတ်ကြီးက ဗိုလ်မှူးချုပ်ကို မြန်မာဆေးပြင်းလိပ် လက် ဆောင်ပေးဖို့ မေ့မှာ မဟုတ်ပါဘူး"ဟု ရယ်ကာ မောကာ ပြောလိုက်ရာ ဗိုလ်မှူးချုပ် ဟူစိန်သည် တဟားဟား ရယ်မောရင်း "သံအမတ်ကြီးကို ဒါကြောင့် ကျွန်တော်က လေးစားတာပါ"ဟု ပြောဆိုလေသည်။

မောင်ပြုံးချိုသည် သမ္မတဧည့်ခန်းသို့ ဝင်သွားသောအခါ သမ္မတကြီးသည် ပြုံးရွှင်စွာ ဆီးကြိုနှုတ်ဆက်လေသည်။ အနီးအနားတွင် မည်သူမျှ မရှိဘဲ သူတို့ နှစ်ဦးတည်းသာ ပွင့်လင်းစွာ စကားပြောဆိုနေကြလေသည်။ စားပွဲထိုးများ လာရောက်ချပေးသော ကော်ဖီနှင့် မုန့်များကို စားသောက်ရင်း သမ္မတကြီးက ပါကစ္စတန်နိုင်ငံမှ တာဝန်ထမ်းဆောင်ရတာ ပျော်ပိုက်ပါရဲ့လား။ အဆင်ပြေရဲ့ လား အစရှိသော မေးခွန်းများမှအစ အိမ်ထောင်မိသားစုအကြောင်း သား၊ သမီးများ အလုပ်အကိုင်အကြောင်းများပါ မကျန် မေးမြန်းလေသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ နယ်စပ်ဒေသအခြေအနေများနှင့် ရာသီဥတုအကြောင်းအရာများကိုပါ မေးမြန်းပြောဆိုနေကြလေသည်။ မောင်ပြုံးချိုကလည်း ပါကစ္စတန်နိုင်ငံ၏ ထိုစဉ်က အခြေအနေ အရပ်ရပ်ကို မေးမြန်းရာ သမ္မတကြီးကလည်း ပွင့်ပွင့်လင်းလင်းပင် ဖြေကြားပြောဆိုလေသည်။

"ကျွန်တော်ကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ မကြာခင် သက်တမ်းပြည့်တော့မှာ ဖြစ်ပါတယ်။ အဲဒီတော့ ရာထူးအနားယူပြီး ကိုယ့်အရပ်ဒေသကို ပြန်ရုံရှိတော့တာပေါ့"ဟု ပြောဆိုလေသည်။

"တိုင်းပြည်အတွက်ရော မိမိအတွက်ပါ ဘာများ ဆက်လုပ်မယ်လို့ ရည်ရွယ်ထားပါသလဲ"ဟု မောင်ပြုံးချိုက မေးမြန်းလိုက်သည်။

"ခုထိတော့ ဘာမှ စိတ်ကူးထားတာ မရှိသေးပါဘူး။ နိုင်ငံရေးတော့ ဆက်မလုပ်တော့ပါဘူး"ဟု ပြောလေသည်။

"ရှေ့နေလိုက်ဖို့များ မရည်ရွယ်ဘူးလား"

သူသည် တရားရုံးချုပ်ရှေ့နေတစ်ဦး ဖြစ်လေသည်။

"ဒါလဲ သိပ်မလုပ်ချင်တော့ဘူး။ အသက်အရွယ်လဲ ကြီးလာပြီ မဟုတ်လား၊ ခပ်အေးအေးပဲ နေချင်ပါတော့တယ်"ဟု ပြောလေသည်။

မောင်ပြုံးချိုသည် သူ့ကို နှုတ်ဆက်၍ နေရာမှ ထလိုက်သောအခါ မြန်မာနိုင်ငံ သမ္မတကြီး ကျန်းမာချမ်းသာစွာ ရှိစေကြောင်းနှင့် ဆုမွန်ကောင်း တောင်းလိုက်ပါကြောင်း ပြောဆိုမှာကြားလေသည်။

မောင်ပြုံးချိုသည် သမ္မတကြီးအခန်းမှ ထွက်ခွာလာရာ စစ်ဘက်ဆိုင်ရာအတွင်းဝန်သည် သူ့ကို မော်တော်ယာဉ်အထိ လိုက်လံပို့ဆောင်လေသည်။ မော်တော်ယာဉ်ထွက်ခါနီးတွင် မောင်ပြုံးချိုက–

"ကျွန်တော့်ဆီမယ် ဆေးပြင်းလိပ် ကျန်သေးတယ်ထင်တယ်။ ရှိသေးရင်တော့ မပြန်ခင် ပို့လိုက်ပါဦးမယ်"ဟု ပြောလိုက်လေသည်။

"ကျေးဇူးပါပဲ ခင်ဗျား"ဟု ပြောဆိုကာ သူသည် ဆင်ဝင်အောက်တွင် ရပ်လျက် ကျန်ရစ်လေသည်။

(၂)

ညနေဆည်းဆာအချိန်

နေမင်းသည် မန်ဂလာတောင်တန်းကြီး၏ အနောက်ဘက်တွင် ကွယ်ပျောက်သွားလေပြီ။

သို့ရာတွင် အလင်းရောင်ကား ကျန်ရှိနေသေးသည်။ အပူရှိန်လည်း လျော့မသွားသေး။ မောင်ပြုံးချိုသည် အစ္စလမ်မာဘတ်မြို့မှ ရာဝါပင်ဒီမြို့သို့ သွားရပြန်လေပြီ။ ဒီအခါတော့ စစ်အုပ်ချုပ်ရေးအရာရှိချုပ် ဗိုလ်ချုပ်ကြီး ဇီယာအူဟာတ်ကို တွေ့ဆုံနှုတ်ဆက်ရန် ဖြစ်သည်။ သမ္မတမစ္စတာချောင်ဒရီသည် အခြေခံအုပ်ချုပ်ရေး စည်းမျဉ်းဥပဒေအရ နိုင်ငံ၏ အထွတ်အထိပ်နေရာတွင် ရှိနေသေးသည်ကာ မှန်၏။ သို့ရာတွင် တကယ်လက်တွေ့မှာကား ဗိုလ်ချုပ်ကြီး ဇီယာအူဟာတ်သာလျှင် ပါကစ္စတန်နိုင်ငံ၏ အာဏာပိုင် ပုဂ္ဂိုလ်ကြီး ဖြစ်လေသည်။ ထို့ကြောင့် မောင်ပြုံးချိုသည် မိမိတာဝန်ပြီးဆုံး၍ အစ္စလမ်မာဘတ်မြို့မှ မထွက်ခွာမီ သူ့ကို တွေ့ဆုံနှုတ်ဆက်ခြင်းကို မလွဲမသွေ ပြုလုပ်ရပေမည်။ ဗိုလ်ချုပ်ကြီးသည် သူ့ကို လာရောက် တွေ့ဆုံရန် ရာဝါပင်ဒီမြို့ရှိ ဧည့်ဂေဟာ အဆောက်အအုံ၌ နေဝင်ဆည်းဆာတွင် ချိန်းဆိုထားလေသည်။ ဧည့်ဂေဟာ အဆောက်အအုံရှိသော ခြံဝင်းအတွင်းသို့ မောင်ပြုံးချို ရောက်ရှိသွားသောအခါ လျှပ်စစ်မီးများ ထွန်းညှိထားလေပြီ။ ဧည့်ဂေဟာ မြက်ခင်းပြင်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ဆက်သွယ်ရေးအရာရှိချုပ်က မောင်ပြုံးချိုအား ခရီးဦးကြိုပြုသည်။ ဥယျာဉ်အတွင်းရှိ မြက်ခင်းပြင် စိမ်းလဲ့လဲ့သည် ပူအိုက်သော ရာသီဥတု၏ ဒဏ်ချက်ကို အနည်းငယ်သက်သာရာရစေသည်။ မြက်ခင်းပေါ်တွင် ပြင်ဆင်ထားသော နေရာထိုင်ခင်းများပေါ်၌ ထိုင်မိကြ၍ မကြာမြင့်မီ နိုင်ငံခြားရေး ဝန်ကြီးဌာနအတွင်းဝန် မစ္စတာရှားနဝပ်သည် ဧည့်ဂေဟာအတွင်းမှ ထွက်လာကာ မောင်ပြုံးချိုအား နှုတ်ဆက်လေသည်။ သူရောက်ရှိလာသည်နှင့် သံတမန် ဆက်သွယ်ရေး

အရာရှိချုပ်သည် မောင်ပြုံးချိုအား ခွင့်ပန်ပြီး ဧည့်ဂေဟာအတွင်းသို့ ပြန်ဝင်သွားလေသည်။

မစ္စတာရှားနဝပ်သည် အစ္စလမ်မာဘတ်မြို့သို့ မောင်ပြုံးချို ရောက်ရှိလာစဉ်က တွဲဖက်အတွင်းဝန်ရာထူးတွင် ထမ်းဆောင်နေသူဖြစ်သည်။ ယခုအခါတွင် ထိုစဉ်ကအတွင်းဝန်ရာထူးဖြစ်သူ မစ္စတာအဂါဆာဟီသည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေသောကြောင့် မစ္စတာရှားနဝပ်သည် အတွင်းဝန်၏ ရာထူးကို လက်ခံဆောင်ရွက်ခြင်း ဖြစ်သည်။ သူသည် မောင်ပြုံးချိုနှင့် အကျွမ်းတဝင် ဖြစ်ခဲ့သည်မှာ မောင်ပြုံးချို အစ္စလမ်မာဘတ်မြို့သို့ ရောက်လာကတည်းက ဖြစ်သည်။ မစ္စတာရှားနဝပ်သည် လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်လောက်က ရန်ကုန်မြို့ ပါကစ္စတန်သံရုံးတွင် သံတမန်အရာရှိငယ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ထို့ကြောင့် သူတို့နှစ်ဦးတွေ့ဆုံလျှင် ပြောစရာအကြောင်းအရာတွေ မရှား။ မြန်မာနိုင်ငံ နေရာအနှံ့အပြားသို့ ရောက်ခဲ့ဖူးသူဖြစ်သည့်အတိုင်း ထိုအရပ်ဒေသ၏ မြင်ကွင်းများ၊ လှပသောရှုမျှော်ခင်းများကို သူ့အဖို့ ချီးကျူးမကုန်အောင် ဖြစ်နေလေသည်။ မြန်မာနိုင်ငံစိမ်းလန်းစိုပြည်သော ရှုမျှော်ခင်းများနှင့် ခြောက်သွေ့နေသော ပါကစ္စတန်၏ရှုမျှော်ခင်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ တသွင်သွင် စီးဆင်းနေသောမြစ်ကြီးမြစ်ငယ်များနှင့် သဲသောင်များ ထွန်းကာ ရေများ ခန်းခြောက်နေသောပါကစ္စတန်၏ မြစ်များကို နှိုင်းယှဉ်၍လည်းကောင်း ပြောဆိုတတ်လေသည်။ သူ့အဖို့ လေယာဉ်ပေါ်မှနေကြည့်လျှင် စိမ်းစိုညို့မှိုင်းနေသော မြန်မာ့သစ်တောကြီးများအကြောင်းကို ချီးမွမ်းမကုန်အောင် ဖြစ်လေသည်။ ဧည့်ခံပွဲများတွင် ဆာရီအရောင်နုနုများနှင့် ယုန်သွေးရောင် ပြေးနေသည့် ပတ္တမြား လက်ဝတ်ရတနာများကို ဝတ်ဆင်လာတတ်သည့် မစ္စရှားနဝပ်ကိုတွေ့ရသောအခါတိုင်း မောင်ပြုံးချိုသည် အမိနိုင်ငံကို တမ်းတလွမ်းမိလေသည်။ ပတ္တမြားမြေကို မျှော်မှန်းရမ်းရော်မိလေသည်။

မောင်ပြုံးချိုနှင့် မစ္စတာရှားနဝပ်သည် စကားလက်ဆုံပြောမကုန်အောင်ဖြစ်နေကြလေသည်။ မှောင်စပျိုးလာသည်နှင့်အမျှ အပူရှိန်များ လျော့သွားပြီး လေပြည်လေညင်း သုတ်ဖြူးလာသောအခါ သူတို့နှစ်ဦး၏ ဦးနှောက်များသည်လည်း အေးမြရွှင်လန်းလာလေသည်။

"ကျွန်တော် မြန်မာပြည်က ပြန်လာကတည်းက နောက်ထပ် ပြန်မရောက်တော့ဘူး။ သို့သော်မယ့် အဲဒီမှာနေခဲ့ ထိုင်ခဲ့တာတွေ မိတ်သင်္ဂဟတွေကို အမြဲသတိရလျက်ပါ"ဟု ပြောပြသည်။

ဗိုလ်ချုပ်ကြီးဇီယာအူဟတ်သည် ဧည့်ရိပ်သာအတွင်းမှာ ထွက်လာကာ မောင်ပြုံးချိုတို့ရှိရာသို့ လျှောက်လာလေသည်။ သူသည် စစ်ဝတ်စုံကို အပြည့်အစုံဝတ်ဆင်ထားပြီး ဆောင်ဓားကိုလည်း ချိတ်ဆွဲထားလေသည်။ သူ့နောက်မှ ကပ်လျက် စစ်ဘက်ဆိုင်ရာ အရာရှိငယ်တစ်ဦး လိုက်ပါလာသည်။ မောင်ပြုံးချိုနှင့် မစ္စတာရှားနဝပ်တို့သည် ထိုင်နေရာမှ မတ်တတ်ရပ်လိုက်ကြသည်။ မောင်ပြုံးချိုသည် သူကမ်းလင့်သောလက်ကို ဆွဲကိုင်၍ လှုပ်ရှားနှုတ်ဆက်လိုက် လေသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ဧည့်သည်တစ်ယောက်နှင့် စကားမပြတ်နိုင်လို့ နည်းနည်းကြာသွားတယ်"ဟု ရည်မွန်စွာ ပြောဆိုလေသည်။

အားလုံး မိမိနေရာတွင် ထိုင်မိကြသောအခါ မည်သည့်နေ့ရက်တွင် အစ္စလမ်မာဘတ်မြို့မှ ထွက်ခွာသွားမည့်အကြောင်း၊ ပါကစ္စတန်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း အဆင်ပြေပါ၏လော အစရှိသော မေးခွန်းများကို ဗိုလ်ချုပ်ကြီးက မေးမြန်းသဖြင့် မောင်ပြုံးချိုက ဖြေကြားရလေသည်။ မြန်မာပြည်သို့လည်း လာရောက် လည်ပတ်လိုသည့်အကြောင်း ပြောကြားရာအတွင်းဝန်က မိမိနေခဲ့ဖူးသည့်အကြောင်းကို အစချီ၍ မြန်မာနိုင်ငံကို ချီးမွမ်းခန်းထုတ်ပြန်လေသည်။

"ကျွန်တော်လည်း မြန်မာပြည်ကို ရောက်ဖူးပါတယ်"ဟု ဗိုလ်ချုပ်ကြီးက အားကျမခံ နိဒါန်းပျိုးကာ အတွေ့အကြုံများကို ပြောပြလေသည်။

"ကျွန်တော် စစ်တက္ကသိုလ်ဆင်းပြီးစ ကော်မရှင်ရရချင်းဆိုသလို ဗြိတိသျှစစ်တပ်နဲ့အတူ မြန်မာပြည်စစ်မျက်နှာကို အပို့ခံခဲ့ရတယ်။ အဲဒါ ၁၉၄၅–ခုနှစ်ကပေါ့။ ကျွန်တော်တို့တပ်ဟာ အထက်မြန်မာပြည် မုံရွာဘက်ကို ရောက်ရှိသွားတယ်။ အသက်ကလဲ ငယ်ငယ်၊ အရာရှိဖြစ်စေဆိုတော့ စွန့်စွန့်စားစားတွေ သိပ်လုပ်ချင်တာပေါ့။ သို့ပေမယ့် မျှော်လင့်ချက် မပြည့်ဝခဲ့ပါဘူး။ မကြာခင် စစ်ပြီးသွားတာနဲ့ စုရပ်ဖြစ်တဲ့ မလေးရှားကို ဆက်သွားရတယ်"ဟု ဗိုလ်ချုပ်ကြီးက ပြောကြားလေသည်။

မစ္စတာရှားနဝပ် မြန်မာပြည်သို့ သွားရောက်လည်ပတ်ဖို့အကြောင်း အကြံပြု ပြောဆိုပြန်ရာ ဗိုလ်ချုပ်ကြီးက မိမိသွားလိုသည့်နိုင်ငံထဲတွင် မြန်မာနိုင်ငံသည် ထိပ်ဆုံးမှ ပါဝင်နေကြောင်း၊ သို့ရာတွင် အားလုံးသိကြသည့် အတိုင်း မိမိမှာ ယခုအချိန်အခါ ပြည်တွင်းတာဝန်များဖြင့် မအားမလပ်နိုင် ဖြစ်နေသေးသည့်အတွက် ရွှေ့ဆိုင်းနေရသည့် အကြောင်းများကို ပြောဆိုလေသည်။

မောင်ပြုံးချိုသည် ဗိုလ်ချုပ်ကြီးအား ပြန်ခွင့်ပြုရန် နှုတ်ဆက်၍ ထိုင်ရာမှ ထလိုက်သောအခါ ခေတ္တဆိုင်းငံ့ပါရန် ပြောကြားပြီး သူ့နောက်တွင် ရပ်လျက်ရှိသော စစ်ဘက်ဆိုင်ရာ အရာရှိငယ်အား တစ်စုံတစ်ခုကို ပြောကြားလိုက်သည်။ ထိုအရာရှိငယ်လည်း သွက်လက်လျင်မြန်စွာ ဧည့်ရိပ်သာအတွင်းသို့ ဝင်သွားပြီး ငွေသေတ္တာလေးတစ်ခုကို ယူဆောင်လာလေသည်။ ထိုငွေသေတ္တာကလေးကို ဗိုလ်ချုပ်ကြီးလက်သို့ အပ်လိုက်သည်။ သူသည် ထိုငွေသေတ္တာကလေးကို မောင်ပြုံးချိုလက်သို့ ကမ်းပေးလျက် "ကျွန်တော်ရဲ့ အမှတ်တရ လက်ဆောင်ကလေးကို ကျေးဇူးပြု၍ လက်ခံပါ"ဟု ပြောကြားလေသည်။

မောင်ပြုံးချိုသည် ကမ်းလင့်သော ငွေသေတ္တာကလေးကို လှမ်းယူလိုက်သည်။

"ဒီသေတ္တာကလေးကတော့ ဆေးလိပ်သေတ္တာကလေးပဲ။ ဒါပေမဲ့ သံအမတ်ကြီးက ဆေးလိပ်သောက်တတ်တဲ့လူ မဟုတ်တော့ ဒီသေတ္တာထဲမယ် ဆေးလိပ်မထည့်ဘဲ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာအပြည့် ထည့်ထားနိုင်ပါစေလို့ ဆုတောင်းပါတယ်"ဟု ပြုံးရွှင်စွာ ပြောကြားလေသည်။ မောင်ပြုံးချိုသည် ဗိုလ်ချုပ်ကြီးမှအစ အနီးတွင်ရှိသော ပုဂ္ဂိုလ်အားလုံးကို လက်ဆွဲနှုတ်ဆက်ကာ ထိုနေရာမှ ဖယ်ခွာခဲ့လေသည်။

အပြန်လမ်းတွင် မောင်ပြုံးချိုသည် ငွေသေတ္တာကလေးကို ဖွင့်ကြည့်ရာ မော်တော်ယာဉ်အတွင်း မီးရောင်မှိန်မှိန်အောက်တွင် အဖုံးကျောဘက်၌ စာတန်းထိုးထားသည်ကို ဖတ်ရှုရလေသည်။

"မြန်မာနိုင်ငံ သံအမတ်ကြီးသို့ ပါကစ္စတန်နိုင်ငံ စစ်ဦးစီးအရာရှိချုပ်နှင့် စစ်အုပ်ချုပ်ရေး အရာရှိချုပ် ဗိုလ်ချုပ်ကြီး ဧယာအူဟတ်၏ အမှတ်တရ လက်ဆောင်"ဟူသတည်း။

❁

# ပြည်တော်ပြန်

(၁)

အစ္စလမ်မာဘတ်မြို့ရှိ မောင်ပြုံးချိုတို့ နေအိမ်တွင် အတော်ပင်ရှင်းနေလေပြီ။

မြန်မာနိုင်ငံသို့ ပို့စရာရှိသော ပစ္စည်းပစ္စယများကို ထုတ်ပိုးပြီး ပို့ဆောင်ရေးကိုယ်စားလှယ်က သယ်ယူသွားလေပြီ။ အချို့ကို ကရာချိမှတစ်ဆင့် သင်္ဘောနှင့်ပို့မည်။ မိမိတို့နှင့် တစ်ပါတည်း သယ်ယူမည့် ပစ္စည်းအနည်းငယ်သာ ကျန်တော့သည်။ သံရုံးပိုင် ပရိဘောဂများ၊ ငွေထည်ပစ္စည်းများနှင့် အခြား အသုံးအဆောင်ပစ္စည်းများကိုကား သံရုံးယာယီတာဝန်ခံအား အပ်နှံ၍ သည်အတိုင်း ထားရှိခဲ့ပေမည်။ သို့မှသာ မကြာမီရောက်ရှိလာမည့် သံအမတ်ကြီးအတွက် အဆင်သင့်ဖြစ်ပေမည်။

သံတမန်လောက ထုံးတမ်းစဉ်လာအရ သံအမတ်ကြီးတစ်ဦး တာဝန်ပြီးဆုံး၍ ထွက်ခွာတော့မည်ဆိုလျှင် သံရုံးတွင်ကျန်ရစ်ခဲ့သော ရာထူးအကြီးဆုံးပုဂ္ဂိုလ်အား အလုပ်တာဝန်များကို လွှဲအပ်ထားခဲ့ရမည် ဖြစ်သည်။ ထိုသူသည် သံအမတ်ကြီးသစ် ရောက်ရှိလာသည်အထိ သံရုံးယာယီအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေရပေမည်။ အခြားဌာနဝန်ထမ်းများကဲ့သို့ မိမိရာထူးကို ဆက်ခံမည့်ပုဂ္ဂိုလ်ကိုစောင့်ပြီး အလုပ်လွှဲအပ်ရန် မလို။ ထွက်ခွာမည့် သံအမတ်ကြီးဟောင်းနှင့်အသစ်တို့ သံရုံးစိုက်ရာမြို့တွင် နှစ်ဦးအတူ ရှိမနေရပေ။ အကယ်၍ သူတို့နှစ်ဦးတွေ့ဆုံဆွေးနွေးဖို့ လိုအပ်လျှင် အမိနိုင်ငံတွင်လည်းကောင်း၊ သို့တည်းမဟုတ်လမ်းခုလတ် တစ်နေရာတွင်သော်လည်းကောင်း၊ ချိန်းဆိုတွေ့ဆုံရပေမည်။ သက်ဆိုင်ရာမြို့တွင် တစ်နိုင်ငံတည်းမှ သံအမတ်ကြီး နှစ်ဦး အတူရှိမနေအပ်။

မောင်ပြုံးချိုတို့သည် လွန်ခဲ့သော တစ်လလောက်ကတည်းက ထွက်ခွာရန်ဖြစ်သော်လည်း သမီးတွေ ကျောင်းစာမေးပွဲရှိနေ၍ နိုင်ငံခြားရေးဝန်ကြီးဌာန

http://www.cherrythitsar.org

၏ ခွင့်ပြုချက်အရ တစ်လခန့် စောင့်ဆိုင်းနေခဲ့ရသည်။ မထွက်ခွာမီ မောင်ပြုံးချို သည် အာဖဂန်နစ္စတန်သို့ အလည်အပတ် သွားရောက်လိုသည်။ ထိုဒေသသည် ဂန္ဓာရယဉ်ကျေးမှု ထွန်းကားခဲ့ရာ နယ်မြေဖြစ်သည်။ အပြန်တွင်လည်း အိန္ဒိယမှ တစ်ဆင့် ပြန်လိုသည်။ ဗုဒ္ဓမြတ်စွာ၏ အမှတ်တရအဆောက်အအုံများကို ဖူးတွေ့ လိုသည်။ သို့သော် အကြောင်းမညီညွတ်၍ ဘယ်ကိုမှ မရောက်ခဲ့ရ။ မြန်မာနိုင်ငံ သို့ တိုက်ရိုက်ပြန်ရန်သာ ရှိတော့သည်။ သည်လိုဆိုလျှင် ရသမျှ အချိန်ကလေးမှာ တော့ ဟိုနားဒီနား သွားလိုက်ချင်သေးသည်။

"အစ္စလမ်မာဘတ်မြို့မှ မထွက်ခင် လောကတ်ခြံသို့ ပို့ပေးပါဦး"ဟု သမီးတွေက ပူဆာသည်။

လောကတ်ခြံဆိုသည်မှာ လောကတ်ပင်တွေ စိုက်ပျိုးထားသော ခြံကြီးဖြစ် သည်။ ခြံအကျယ်အဝန်းအားဖြင့် ဧကနှစ်ဆယ်သုံးဆယ်ရှိမည် ထင်သည်။ လောကတ်ပင်သည် မာလကာပင်ကဲ့သို့ ပင်စောက်များ ဖြစ်သည်။ သူတို့၏ အရွက်သည် ပိန္နဲရွက်နှင့် ခပ်ဆင်ဆင်တူသည်။ အသီးမှာလည်း ကနစိုသီးနှင့်တူ သလိုလိုရှိသည်။ ကနစိုသီးလို အခွံမပါး။ အရွယ်လည်း ငယ်သည်။ လုံးလုံးလည်း မဟုတ်။ ရှည်မျောမျော ဖြစ်သည်။ ကနစိုသီးခိုင်လို အညှာတံ မရှည်။ တွဲရ ရွဲကျမနေ။ ညှာတံဝန်းကျင်တွင် စပျစ်သီးခိုင်ကဲ့သို့ ပြွတ်နေသည်။ အရသာမှာ လည်း ကနစိုးသီးကဲ့သို့ လေးလေးပင်ပင် မရှိလှ။ ထိုဒေသ လူငယ်များသည် ထိုလောကတ်သီးကို မက်မက်မောမော စားသုံးကြသည်။ လမ်းဘေးဈေး ဆိုင်များတွင်လည်း လောကတ်သီးကို ရောင်းချကြသည်။

ထိုခြံသည် အစ္စလမ်မာဘတ်မြို့မှ မာရေးမြို့သို့ သွားရာလမ်းဘေးတွင် တည်ရှိသည်။ မာရေးဆိုသည်မှာ တောင်စခန်းမြို့ ဖြစ်သည်။ ဟိမဝန္တာ၏ တောင် စွယ်တွင် တည်ရှိသည်။ အစ္စလမ်မာဘတ်မြို့နှင့် မိုင်သုံးဆယ်ကျော်ခန့်သာ ဝေး သည်။ လောကတ်ခြံသည် တောင်ခြေရင်းတွင်ရှိသဖြင့် တောင်ပေါ်မှ ကျလာသော စမ်းရေတို့သည် ပတ်ဝန်းကျင်တွင် စီးဆင်းလျက်ရှိသည်။ လောကတ်ခြံ၏ နောက်ဘက်တွင် ထိုစမ်းရေးတို့ဖြင့် ပြည့်နေသည့် ရေအိုင်ကလေး တစ်ခု ဖြစ်ထွန်း နေသည်။ ထိုစမ်းရေအိုင်တွင် ကလေးသူငယ် ရေချိုးကြသည်။ ရေကူးကြသည်။ ကစားပျော်မြူးနေတတ်ကြသည်။ မြို့နေလူများသည် အလွန်ပူအိုက်သည့် နွေအခါ တွင် အရိပ်ကောင်း၍ စမ်းရေစာတ်ကြောင့် အေးမြသော လောကတ်ခြံသို့ ပျော်ပွဲ စားလာကြပြီးလျှင် ထိုစမ်းရေအိုင်တွင် စိမ်နေတတ်ကြသည်။ လောကတ်ခြံသည်

http://www.cherrythitsar.org

အရိပ်အာဝါသ ကောင်းသောနေရာ ဖြစ်သောကြောင့် နွေရာသီတွင် အပန်းဖြေရန် လာရောက်ကြသူများဖြင့် ပြည့်နှက်နေတတ်လေသည်။ ရုံးပိတ်ရက်များတွင် ပို၍ လူစည်ကားသည်။

မောင်ပြုံးချိုတို့သည် နောက်ဆုံးအနေဖြင့် လောကတ်ခြံသို့ တစ်ခေါက် ရောက်ရှိသွားကြသည်။ သမီးငယ်များသည် ပျော်ရွှင်မြူးထူးစွာ စမ်းရေအိုင်တွင် ရေကူးနေကြသည်။ မောင်ပြုံးချိုနှင့် တင်မကြီးကား သစ်ပင်ရိပ်အောက်တွင် သင်ဖြူးခင်းကာ အေးအေးဆေးဆေးပင် အနားယူနေကြသည်။

မြင့်မားသော တောင်တန်းများပေါ်မှ ကျောက်တုံးကျောက်ခဲများကို တိုက်ကာ စီးဆင်းလာသည့် ရေသံသည် သာယာလှသည်။ သူတို့လိုပင် လောကတ်ပင်ရိပ်များအောက်တွင် သူ့အဖွဲ့နှင့်သူ ဝိုင်းဖွဲ့နေကြသည်။ စားသောက်ဖွယ်များကို ပြင်ဆင်နေသူတွေလည်း ရှိသည်။ ကတ်ဆက်ဖွင့်ကာ သောတအာရုံတွင် နစ်မျောနေသူတွေလည်း မနည်း။ အော်ကြီးဟစ်ကျယ်စကားပြောနေသူများလည်း အများပင်။ လောကတ်သီး သီးချိန်ဖြစ်သဖြင့် အပင်များတွင် အဝါရောင် အသီးတွေနှင့် ပြည့်နှက်လျက်ရှိသည်။ ကလေးသူငယ်များသည် ထိုအသီးများကို တမော့်မော့် ကြည့်နေကြသည်။ မီရာလှမ်းဆွဲ၍ခူးဆွတ်ချင်နေကြသည်။ သို့ရာတွင် လောကတ်ခြံတွင်ရှိသော အစောင့်တို့သည် ထိုခြံထဲတွင် လှည့်ပတ် သွားလာကာ စောင့်ကြပ်နေသောကြောင့် ခူးယူရန် မလွယ်။ သည်အထဲကပင် သူတို့အလစ်တွင် မရရအောင် ဆွတ်ခူးနိုင်သည့်သူများကို တွေ့မြင်နေရသည်။ မောင်ပြုံးချိုတို့သည် ရေအိုင်တွင် ရေချိုးကြပြီးနောက် ညနေစောင်းတွင်မှ အစ္စလမ်မာဘတ်မြို့သို့ ပြန်လာကြလေသည်။

အပြန်လမ်းတွင် မြို့ဝင်ဝရှိသော တောင်ကုန်းပေါ်သို့ တက်ကြသည်။ တောင်ကုန်းပေါ်တွင် အပန်းဖြေရန် ပန်းခြံကြီးတစ်ခု ဖန်တီးထားသည်။ ထိုပန်းခြံအတွင်းတွင် နွေဦးပေါက်ဆိုလျှင် ပန်းမျိုးစုံနှင့် ဝေဝေဆာဆာ ရှိခဲ့လေသည်။ ယခုမူ ပန်းကြွင်းပန်းကျန်လောက်သာ ရှိတော့သည်။

နေညိုချိန် ဖြစ်သော်လည်း အပူရှိန်ကား ပြင်းပြဆဲ နွေ၏ အပူဒဏ်ကြောင့် အချို့အပင်များ ညှိုးနွမ်းကြွေကျလျက် ရှိသည်။ တစ်နေရာတွင်မူ သံဆူးကြိုးများနှင့် ဝန်းရံထားသော ဝင်းခြံကလေးတစ်ခု ရှိသည်။ ထိုဝင်းခြံအတွင်း၌ ထင်းရှူးပင်များကို တွေ့မြင်ရသည်။ ထင်းရှူးပင်များမှာ အလိုအလျောက် ပေါက်နေသည့် သာမန်ထင်းရှူးပင်မျိုး မဟုတ်။ အစ္စလမ်မာဘတ်မြို့သို့ ရောက်ရှိလာသော အခြား

http://www.cherrythitsar.org

နိုင်ငံများမှ ခေါင်းဆောင်ကြီးများကိုယ်တိုင် အမှတ်တရ စိုက်ပျိုးထားသော ထင်းရှူးပင်များ ဖြစ်ကြသည်။ ၁၉၇၄–ခုနှစ်က ရောက်ရှိလာသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်း စိုက်ပျိုးထားသည့် ထင်းရှူးပင်တစ်ပင်ကိုလည်း တွေ့ရှိသည်။ ထိုထင်းရှူးပင်မှာ အတော်ပင် ကြီးထွားနေလေပြီ။ ထိုအချိန်တွင် ဆယ့်ငါးပေခန့် မြင့်တက်နေလေပြီ။

တောင်ကုန်းပေါ်ရှိ ပန်းခြံအတွင်းမှ မျှော်ကြည့်လိုက်လျှင် အစ္စလမ်မာဘတ်မြို့သည် မြို့သစ်ဖြစ်သည့်အလျောက် အဆောက်အအုံများမှာလည်း သစ်လွင်တောက်ပြောင်နေသည်။ မြို့တည်ထားပုံမှာ အကွက်ကျ၍ လှပသည်။ လမ်းမကြီး လမ်းမငယ် အသွယ်သွယ်ကိုလည်း စနစ်တကျ ဖောက်လုပ်ထားသည်။ ထို့ကြောင့် ပတ်ဝန်းကျင်နိုင်ငံများမှ မြို့သစ်တည်ထောင်လိုသူများသည် အစ္စလမ်မာဘတ်မြို့သို့ လာရောက်၍ မြို့တည်ဆောက်ပုံကို လေ့လာကြသည်။

(၂)

နောက်တစ်နေ့ဆိုလျှင် မောင်ပြုံးချိုတို့မိသားစု အစ္စလမ်မာဘတ်မြို့မှ ထွက်ရပေတော့မည်။ ထို့ကြောင့် ညနေစောင်းနှင့် ညဦးပိုင်းတွင် အစ္စလမ်မာဘတ်မြို့ဝန်းကျင်ရှိ နေရာအသီးသီးသို့ နောက်ဆုံးအနေနှင့် လှည့်လည် ကြည့်ရှုကြလေသည်။ မကြာခဏရောက်ရှိသော ရာဝါပင်ဒီ ရေလှောင်ကန်ကြီးသို့ ရောက်သွားကြသည်။ ရေတံခါးတစ်ခုကို ဖွင့်ထားရာ ထွက်ကျလာသောရေတို့သည် မြောင်းကြီးမြောင်းငယ်တို့မှ စိုက်ခင်းတွေထဲသို့ စီးဆင်းကုန်သည်။ အခြားနေရာများတွင် ခြောက်သွေ့နေသော်လည်း ရေလှောင်ကန်ကြီးတဝိုက်တွင် စိမ်းလန်းစိုပြည်နေသည်။ ရေပြင်ကျယ်ကြီးကို ကြည့်မြင်နေရသည်ကပင် အလိုလို အေးမြနေသည်။ တစ်ဖက်ကုန်းမြင့်တွင် ပန်းဥယျာဉ်ရှိသည်။ ဟိုတချို့ သည်တချို့ သူ့အဖွဲ့နှင့်သူ လမ်းသလားနေကြသူများကို တွေ့ရသည်။ အချို့သော အမျိုးသမီးများသည် မောင်ပြုံးချိုတို့အနီး ရောက်လာသောအခါ သူတို့မျက်နှာကို ဖုံးအုပ်လိုက်ကြလေသည်။ ထိုမှအပြန် မန်ဂလာတောင်ပေါ်သို့ မော်တော်ယာဉ်ဖြင့် တက်ရောက်ခဲ့ကြပြန်သည်။ အမြင့်မှနေ၍ မြို့ကို နောက်ဆုံးအကြိမ်အနေဖြင့်ပင် အပေါ်မှစီး၍ ကြည့်ခဲ့ကြလေသည်။ ညဦးတွင် မီးရောင်တွေနှင့် ပြိုးပြက်ထွန်းလင်းနေသော အစ္စလမ်မာဘတ်မြို့သည် တစ်မျိုးပင် လှပတင့်တယ်လျက်ရှိပေသည်။

ထိုနေ့သည် မေလ ၁–ရက်နေ့ ဖြစ်သည်။ အလုပ်သမားနေ့ ဖြစ်သည်။ ကမ္ဘာအရပ်ရပ်တွင် အလုပ်သမားနေ့များ ကျင်းပနေပေလိမ့်မည်။

မောင်ပြုံးချိုတို့သည် ထိုနေ့နံနက်စောစော အိပ်ရာမှထကြပြီး ခရီးထွက်ခွာရန် ပြင်ဆင်ကြသည်။ နံနက်စာအတွက် မော်တော်ယာဉ်မောင်းသမား မဂျစ်က တာဝန်ယူ စီစဉ်ထားလေသည်။ သူချက်ပြုတ်လာသည့် စားဖွယ် သောက်ဖွယ်များမှာ အထူးပင် ပြည့်စုံလှပေသည်။ ချပါတီများနှင့် ဟင်းမျိုးစုံ၊ သစ်သီးတွေကလည်း အမျိုးမျိုး၊ ပန်းသီး၊ စပျစ်သီး၊ မက်မွန်သီး၊ ငှက်ပျောသီး၊ ကော်ဖီနှင့် အချိုမုန့်တွေလည်း ပါသေးသည်။ မဂျစ်၏ စေတနာကို လေးစား၍သာ ကြိုးစားသုံးဆောင်နေကြသည်။ ခရီးထွက်ခွာခါနီးတွင် မည်သူမျှ မစားနိုင်ကြ။ စိတ်လှုပ်ရှားနေကြသောကြောင့် အလိုလို ဝမ်းဗိုက်ပြည့်နေကြသည်။

အိမ်အပြင်ဘက်သို့ ထွက်လာသောအခါ မောင်ပြုံးချိုတို့နှင့် သုံးနှစ် သုံးမိုးလက်ပွန်းတီး ဆက်ဆံခဲ့သည့် အလုပ်သမားကြီးများသည် တန်းစီကာ စောင့်နေကြလေသည်။ တစ်ဘက်တွင် မဂျစ်မိသားစုက စုလျက်၊ မဂျစ် သားသမီးများသည် ပြုံးရွှင်နေကြသော်လည်း သူ့ဇနီးသည် မျက်နှာမကောင်း။ မောင်ပြုံးချိုတို့မိသားစုသည် သူတို့ကို နှုတ်ဆက်ပြီး မော်တော်ယာဉ်ပေါ်သို့ တက်ရောက်သောအခါ ကျန်ရစ်သူတို့၏ မျက်လုံးအစုံတွင် မျက်ရည်စတွေနှင့်။

မောင်ပြုံးချိုတို့ မော်တော်ယာဉ်သည် သွားနေကျလမ်းအတိုင်း အစ္စလမ်မာဘတ်မြို့မှ ရာဝါပင်ဒီလေဆိပ်သို့ ရှေ့ရှုမောင်းနှင်လာခဲ့လေသည်။ မဂျစ်သည် တစ်လမ်းလုံး ဘာစကားမှမပြော ဆိတ်ဆိတ်သာ သူ့ကား သူမောင်းနှင့်နေသည်။ သို့ရာတွင် သူသည် မကြာခဏနှာရည်ရှုံ့နေသည်ကို ကြားသိရသည်။ သူလည်း မောင်ပြုံးချိုတို့နှင့် ခွဲခွာရတော့မည် ဖြစ်သဖြင့် စိတ်လက်မကောင်း ဖြစ်နေဟန်တူသည်။ တစ်ဦးနှင့်တစ်ဦး ပြန်လည် တွေ့ကြဖို့လည်း မရှိ။

လမ်းမကြီးတစ်လျှောက်လုံး သစ်ပင်ပန်းပင်တို့သည် နွေဥတုဒဏ်ကြောင့် ခြောက်သွေ့လျက်ရှိနေကြသည်။ ထိုနေ့တွင် မောင်ပြုံးချိုတို့၏ စိတ်၌တွင်လည်း ရွှင်ရွှင်လန်းလန်း မရှိလှ။ လေဆိပ်သို့ရောက်သောအခါ မဂျစ်အား နှုတ်ဆက်ပြီး လျှင် အတွင်းဘက်သို့ ဝင်လာခဲ့သည်။ မဂျစ်သည် မျက်ရည်စမ်းစမ်းနှင့် ငေးမော ကျန်ရစ်လေသည်။

http://www.cherrythitsar.org

လေဆိပ်ရှိ ဧည့်ခန်းအတွင်းတွင်ကား မောင်ပြုံးချိုတို့ သံရုံးမှ အရာရှိကြီး ငယ်များ၊ တခြားသံရုံးများမှ ရင်းနှီးသည့် သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ နှင့်အတူ သူတို့၏ ဇနီးများပါ ရောက်ရှိနေကြသည်ကို တွေ့ရလေသည်။ သူတို့ အား တစ်ဦးစီ လိုက်လံနှုတ်ဆက်ပြီးလျှင် စားဖွယ်သောက်ဖွယ်တို့နှင့် ဧည့်ခံရင်း အာလာပ သလ္လာပစကားများ ပြောဆိုနေကြသည်။ အထူးသဖြင့် မြန်မာပြည်တွင် တာဝန်ထမ်းဆောင်ဖူးသော သံအမတ်ကြီးများသည် မြန်မာနိုင်ငံရှိ မိတ်ဆွေ သင်္ဂဟများ တွေ့လျှင်မည်သို့မည်သို့ ပြောလိုက်ပါစသည်ဖြင့် မှာကြားနေကြလေ သည်။ အချို့ကလည်း "ကမ္ဘာလောကကြီးဟာ ငယ်ငယ် ကလေးပါ။ မကြာခင် ကျွန်တော်တို့တစ်တွေဟာ တစ်နေရာရာ တစ်ချိန်ချိန်တွင် ပြန်လည်တွေ့ဆုံပါ လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောဆိုကြသည်။

ကရာချိသို့ နံနက်ပိုင်းတွင်ပင် ရောက်ရှိသွားလေသည်။ သူတို့နှင့် အတူ တတိယအတွင်းဝန်လည်း လိုက်ပါလာသည်။ လေဆိပ်တွင် ပါကစ္စတန် ရေဒီယို တွင် တာဝန်ထမ်းဆောင်နေသူ ဦးလှမောင် လာရောက်ကြိုဆိုလေသည်။ ဦးလှ မောင်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ ပါကစ္စတန်နှင့် မြန်မာနိုင်ငံကို သံတမန်အဆက်အသွယ် စတင်ကတည်းက ရောက်ရှိနေသူဖြစ်သည်။ သူသည် သံအမတ်ကြီး ဦးဖေခင်နှင့်အတူ သံရုံးဝန်ထမ်းတစ်ဦးအဖြစ် လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။ သံအမတ်ကြီးဦးဖေခင် ပြောင်းရွှေ့သွားသောအခါ ကရာချိတွင် ကျန်ရစ် ပြီး ပါကစ္စတန် ရေဒီယိုတွင် ဝင်ရောက် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။ သူသည် ကရာချိကို ဖြတ်သန်းသွားလာသမျှသော မြန်မာဧည့်သည်များကို ဂရုတစိုက် အကူအညီပေးနေသူ ဖြစ်သည်။

မောင်ပြုံးချိုတို့သည် ဦးလှမောင်၏ နေအိမ်တွင် သူ့မိသားစု တည်ခင်း သော နေ့လယ်စာကို စားသုံးပြီး နေခိုကြသည်။ ဦးလှမောင်တို့ မိသားစုလည်း အစုံအညီရောက်ရှိနေကြသည်။ သည်လိုစုံညီသည့်အချိန်တွင် မောင်ပြုံးချိုတို့ မိသားစုနှင့် သူတို့မိသားစုအတူတကွ ပါကစ္စတန် မြောက်ဘက်ပိုင်းဒေသဖြစ်သော ဆွာတ်(ရှေးအခေါ် ဥဒါန်)ဒေသသို့ ခရီးထွက်ခဲ့ကြသည်များကို ပြန်ပြောင်းပြောဆို နေကြသည်။ သူတို့သည် ထိုစဉ်က အတွေ့အကြုံများကို မမေ့နိုင်ကြ။

ခရီးထွက်ခဲ့သည့်အချိန်မှာ နွေကာလဖြစ်သောကြောင့် မြေပြန့်တွင် ပူအိုက် နေသော်လည်း ကုန်းမြင့်ဒေသဖြစ်သည့် ဆွာတ်တွင်မူ နေထိုင်ကောင်းရုံ အေးမြ လျက်ရှိသည်။ မောင်ပြုံးချိုတို့သည် မော်တော်ယာဉ်များဖြင့် တောင်ကြား ဒေသ

http://www.cherrythitsar.org

ဖြစ်သည့် ဆွာတ်သို့ ရောက်ရှိလာကြသည်။ မြေပြန့်မှ တောင်ကြားဘက်သို့ တက်လာသည်နှင့် တစ်ပြိုင်နက် တောင်ကမ်းပါးယံ လမ်းကျဉ်းကလေး၏ တစ်ဘက်တွင် ဆွာတ်မြစ်သည်။ ချောက်ကမ်းပါး၏ အောက်ဝယ် ဒေါသတကြီး စီးဆင်းနေသည်ကို တွေ့ရလေသည်။ တောင်ထိပ်ဖျားများပေါ်ရှိ ရေခဲများပျော်၍ တောင်တန်းကြီးများကိုဖြတ်ကာ လိမ့်ကျလာသောရေတို့သည် ကျောက်တောင် ကျောက်ခဲများကိုတိုက်လျက် အရှိန်ပြင်းစွာ စီးဆင်းလျက်ရှိသည်။ ရေသံများကို အဝေးကပင် ကြားနေရလေသည်။ ရေခိုးရေငွေ့ ရေပန်းဆိုင်းများသည် အထက်သို့ လွင့်ပျံနေလေသည်။

ဆွာတ်ဒေသသည် ရာဝါပင်ဒီမြို့မှ မိုင်တစ်ရာ့ငါးဆယ်ဝေးသည်။ ဆောင်းဥတုအခါဆိုလျှင် ထိုဒေသတွင် ဆီးနှင်းများ ဖုံးအုပ်လျက်ရှိသော တောင်တန်းကြီးများကြောင့် အရှေ့နိုင်ငံ၏ ဆွစ်ဇာလန်ပြည်ဟု ခေါ်စမှတ်ပြုကြသည်။ တောင်ကြားနှစ်ခုကြားတွင် အရှိန်ပြင်းစွာ စီးဆင်းလျက်ရှိသော မြစ်၏ ဘေးတစ်ဖက်တစ်ချက်တွင် မြင့်မားသော တောင်ကြီးများ ကာမိုးနေသည်။ တောင်ထိပ်တောင်စွန်းတို့သည် အလွန်မြင့်မားလှသဖြင့် ဖြူလွှလွှ တိမ်တိုက်ကြီးများသည် တောင်ထိပ်များပေါ်တွင် ပြေးလွှားနေသည်ကို တွေ့ရလေသည်။

မောင်ပြုံးချိုတို့သည် လမ်းခုလတ်ရှိ တည်းခိုရိပ်သာတွင် တစ်ညအိပ် တည်းခိုကြသည်။ ထိုတည်းခိုရိပ်သာတွင်လည်း သူတို့ကဲ့သို့ အပန်းဖြေရန် လာရောက်ကြသည့်သူတွေနှင့် ပြည့်နှက်လျက်ရှိသည်။ တည်းခိုရိပ်သာ၏ အရှေ့ဘက်တွင် ပေါက်ရောက်သော ပန်းသီးပင်ကလေးများသည် အသီးများနှင့် ဝေဆာလျက်ရှိသည်။ သို့ရာတွင် ရာသီမဟုတ်သေးသဖြင့် အသီးများမှာ အကင်းသာသာမျှသာရှိသေးသည်။

ထိုဒေသသည် ရှေးသရောအခါက ဗုဒ္ဓသာသနာထွန်းကားရာ နေရာ ဖြစ်ခဲ့ကြောင်းသိရှိရသည်။ စေတီပုထိုးများ၊ ဗုဒ္ဓဘာသာအဆောက်အအုံများ ကျောင်းကန်ဘုရားများ ယခင်က ဤဒေသတွင် အထူးပင် စည်ကားသိုက်မြိုက်စွာ တည်ရှိခဲ့သည်ဟု အဆိုရှိသည်။ ယခုမူ ထိုအဆောက်အအုံများသည် ပျက်စီး ယိုယွင်းကုန်ကြလေပြီ။ တောကြိုအုံကြားတွင် နစ်မြုပ်နေကြလေပြီ။ ပါကစ္စတန် အစိုးရ ရှေးဟောင်းသုတေသန ဌာနက တူးဖော်ရရှိသော ပစ္စည်းများကပင်လျှင် ရှေးအခါက ဤနေရာတွင် ဗုဒ္ဓသာသနာ ထွန်းကားခဲ့ကြောင်း ထင်ရှားစွာပြဆို

လျက်ရှိလေသည်။ မောင်ပြုံးချိုသည် ထိုထိုသော ဒေသများသို့ သွားရောက်လှေ့လာလိုစိတ် ရှိသော်လည်း အချိန်မရခဲ့။

နေစောင်းချိန်မှာ စကားလက်စ ပြတ်သွားကြပြီး မြို့ထဲသို့ ထွက်ခဲ့ကြသည်။ ဈေးထဲတွင် တစ်ပတ်လှည့်ပြီး ပါကစ္စတန်ခေါင်းဆောင်ကြီး မစ္စတာဂျင်းနား၏ အာဇာနည်ဗိမာန်သို့ သွားရောက်ကြသည်။ ခေါင်းဆောင်ကြီး၏ ရုပ်ကလာပ် မြှုပ်နှံထားသည့်နေရာသည် တခမ်းတနား တည်ဆောက်ထားသည်။ အမြင့်သို့ ကျယ်ပြန့်သော လှေကားထစ်များအတိုင်း တက်ရောက်သွားသောအခါ အုတ်ဂူကို တွေ့မြင်ရသည်။ အုတ်ဂူ၏အပေါ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လက်ဆောင်ပေးထားသော ဖန်ပန်းအိုး မီးအိမ်ကြီးကို လှပစွာ ချိတ်ဆွဲထားလေသည်။ သံရုံးများနှင့် နိုင်ငံခြားဧည့်သည်များ၏ လွမ်းသူ့ပန်းခွေများကိုလည်း တွေ့ရလေသည်။ စစ်သည်နှစ်ဦးသည် သေနတ်ကိုယ်စီဖြင့် ငြိမ်သက်စွာ စောင့်နေကြလေသည်။

နောက်တစ်နေ့ နံနက်စောစော သုံးနာရီခန့်တွင် ကရာချိမှ လေယာဉ်ဖြင့် ထွက်ခွာလာကြလေသည်။ ထိုလေယာဉ်သည် ရန်ကုန်မြို့သို့ တိုက်ရိုက်ပျံသန်းမည် မဟုတ်ဘဲ မြန်မာနိုင်ငံကို ကျော်လွှားကာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့အထိ ပျံသန်းမည် ဖြစ်လေသည်။ လေယာဉ်သည် အနောက်မှအရှေ့သို့ ပျံသန်းနေသောကြောင့် အရှေ့မှအနောက်သို့ ရွေ့လျားနေသော နေနှင့် မျက်နှာချင်းဆိုင်သွားနေလေသည်။ ထို့ကြောင့် အချိန်မြန်လှသည်။ ပျံသန်း၍ မကြာမီပင် ရောင်ခြည်ထွန်း၍ မိုးလင်းပေတော့သည်။ မောင်ပြုံးချိုသည် လေယာဉ်မယ်လာပေးသော နံနက်စာကို သုံးဆောင်ရင်း မှန်ပေါက်မှ ကောင်းကင်၏ အရုဏ်ဦး သဘာဝအလှကို ကြည့်ရှု ကြည်နူးနေမိလေသည်။ လေယာဉ်သည် အိန္ဒိယနိုင်ငံပေါ်မှ ပျံသန်းနေပြီ ဖြစ်သောကြောင့် မြေမျက်နှာပြင်ပေါ်ရှိ မြို့ကြီးမြို့ငယ် ရွာကြီးရွာငယ်နှင့် မြစ်ချောင်း၊ တောတောင်များ မသဲမကွဲ တွေ့မြင်နေရလေသည်။

မောင်ပြုံးချို ထိုင်ခုံကို ဆန့်၍ မှီရင်း ဗုဒ္ဓသာသနာ ထွန်းကားခဲ့ရာ မဇ္ဈိမဒေသအကြောင်းကို စဉ်းစားလာမိလေသည်။ နှစ်ပေါင်း ၂၅၀၀–ကျော် ပတ်ဝန်းကျင်က ဤအိန္ဒိယနိုင်ငံတိုက်ငယ်တွင် ဗုဒ္ဓသာသနာထွန်းကားခဲ့သည်ကား မှန်၏။ ယခုမူ ထိုဒေသတွင် ဗုဒ္ဓ၏သာသနာသည် မှေးမှိန်နေလေပြီ။ သူသည် အိန္ဒိယတိုက်ငယ်၏ သမိုင်းစဉ်ကိုလည်း လက်လှမ်းမီသလောက် ပြန်ပြောင်းတွေးတော

http://www.cherrythitsar.org

နေမိပြန်သည်။ မဂိုမင်းတို့တန်ခိုး အရှိန်အဝါ ကြီးမားခဲ့ချိန်မှအစ နောက်ပိုင်းတွင် ပဒေသရာဇ် အချင်းချင်းပဋိပက္ခ ဖြစ်လာကြသည်။ ဤတွင် ဗြိတိသျှ အရင်းရှင် နယ်ချဲ့စနစ် ဝင်ရောက်ကြီးစိုးလာခဲ့သည်။ အိန္ဒိယ အမျိုးသားတို့သည် လွတ်လပ်ရေးအတွက် နည်းမျိုးစုံဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ ၁၉၄၇–ခုနှစ်တွင် အိန္ဒိယတိုက်ငယ်သည် အိန္ဒိယနှင့် ပါကစ္စတန်ဟု နှစ်ခြမ်းကွဲကာ လွတ်လပ်ရေးကို ရရှိခဲ့ကြသည်။

၁၉၇၁–ခုနှစ်တွင် ပါကစ္စတန်နိုင်ငံမှ အရှေ့ပါကစ္စတန်သည် ကွဲထွက်ပြီး ဘင်္ဂလားဒေ့ရှ်ဟု သီးခြားနိုင်ငံတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ မောင်ပြုံးချိုသည် ထိုဖြစ်စဉ်များကို အစီအရီ တွေးတောစဉ်းစားလာမိလေသည်။ ထိုမှ တစ်ဆက်တည်း အိန္ဒိယနှင့် ပါကစ္စတန်တို့ ပဋိပက္ခဖြစ်ကြပုံမှအစ ထိုနိုင်ငံတွင် အစိုးရများ ပြောင်းလဲဖြစ်ပေါ်လာပုံများသည်လည်း သူ့ဦးနှောက်ထဲတွင် ရောက်ရှိလာပြန်သည်။

ဤကဲ့သို့ ရေးနှစ်ပေါင်းများစွာကစ၍ ပြောင်းလဲဖြစ်ပေါ်မှုများ ရှိခဲ့သည်ကို ထားပါဦး။ သူ ပါကစ္စတန်တွင် သံတမန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသည့် သုံးနှစ်မျှသော ကာလအတွင်းမှာပင် ပါကစ္စတန်နိုင်ငံနှင့်တကွ ပတ်ဝန်းကျင်နိုင်ငံများတွင် ပြောင်းလဲမှုတွေ ရှိခဲ့သည် မဟုတ်ပါလော။ ၁၉၇၅–ခု မောင်ပြုံးချို ပါကစ္စတန်သို့ ရောက်သည့်အချိန်က မစ္စတာဘူတိုသည် ဝန်ကြီးချုပ် အဖြစ်ဖြင့် တန်ခိုးအရှိန်အဝါ ကြီးထွားလျက် ရှိခဲ့သည်။ ယခု ၁၉၇၈–ခု မောင်ပြုံးချို၏ သံအမတ်ကြီးတာဝန် ဝတ္တရားများ ပြီးဆုံး၍ အမိနိုင်ငံသို့ ပြန်ချိန်တွင် မစ္စတာဘူတိုသည် အကျဉ်းသားဘဝသို့ ရောက်ရှိနေလေပြီ။ သူ့ကံကြမ္မာ မည်သို့ ဖန်တီးလာမည်ကိုတော့ မသိသေး။ ဗိုလ်ချုပ်ကြီး ဇီယာအူဟတ်သည် စစ်အုပ်ချုပ်ရေး အရာရှိချုပ်အဖြစ် ပါကစ္စတန်နိုင်ငံကို အုပ်စိုးလျက် ရှိနေပြီ။

အိန္ဒိယနိုင်ငံတွင် ၁၉၇၇–ခုနှစ်က ကျင်းပခဲ့သော အထွေထွေ ရွေးကောက်ပွဲတွင် ကာလကြာမြင့်စွာ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သော မစ္စက်ဂန္ဒီသည် ရှုံးနိမ့်ပြီး အတိုက်အခံခေါင်းဆောင်အဖြစ် ရပ်တည်လျက် ရှိနေသည်။

ပါကစ္စတန်နိုင်ငံမှ ခွဲထွက်သွားသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံနှင့် အဆက်အသွယ် တင်းမာနေခဲ့ရာမှ ယခုအခါတွင် ပြန်လည် သင့်မြတ်နေကြပြီး နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှုများပင် ရှိနေလေပြီ။

ပါကစ္စတန်မြောက်ပိုင်းနှင့် နယ်ချင်းဆက်စပ်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ခေါင်းဆောင်ကြီးများ ဖြစ်ကြသော မော်စီတုံး၊ မာရှယ်ချူတေးနှင့် ချူအင်လိုင်းတို့ ကွယ်လွန်သွားခဲ့ကြပြီးနောက် ခေါင်းဆောင်သစ်များ တက်ရောက်လျက် ရှိနေလေပြီ။

သီရိလင်္ကာနိုင်ငံတွင် ဝန်ကြီးချုပ် မစ္စက်ဘန်ဒရာနိုက်ကေးပြုတ်ကျပြီး ဂျာဝါရာဒနီ ခေါင်းဆောင်သော အစိုးရ တက်ရောက်နေလေပြီ။

တရားသံဝေဂယူစရာ အကောင်းဆုံးမှာ မောင်ပြုံးချို အစ္စလမ်မာဘတ်မြို့မှ မထွက်ခွာမီ ဆယ်ရက်ရောက်လောက်က ဆိုဗီယက် ရုရှားမှအပြန် အစ္စလမ်မာဘတ်မြို့သို့ဝင်ရောက်ကာ သူ့နိုင်ငံသို့ ပြန်သွားခဲ့သည့် အာဖဂန်နစ္စတန် သမ္မတ မစ္စတာဒါအုသည် သုံးလေးရက်အကြာတွင် အာဏာသိမ်းသူတို့၏ လက်ချက်ဖြင့် ကျဆုံးသွားသည့်အကြောင်းပင် ဖြစ်လေသည်။ အစ္စလမ်မာဘတ်မြို့သို့ ရောက်ရှိလာစဉ်က အာဖဂန်နစ္စတန် သမ္မတကြီးအား သံအမတ်ကြီးများ လေဆိပ်တွင် သွားရောက်ကြိုဆိုနှုတ်ဆက်ကြသည်။ လေဆိပ်အဝင်ဝတွင် သမ္မတကြီး၏ ကြီးမားထည်ဝါလှသော ပုံတူပန်းချီကားကြီးကို ချိတ်ဆွဲထားလေသည်။ ဂုဏ်ပြု အမြောက်နှင့် နှစ်ဆယ့်တစ်ချက်လည်း ပစ်ဖောက်သည်။ ပါကစ္စတန် သမ္မတကြီးနှင့် စစ်အုပ်ချုပ်ရေးအရာရှိချုပ် ဗိုလ်ချုပ်ကြီး ဇီယာအူဟတ်မှအစ စစ်ဘက်နယ်ဘက် အရာရှိကြီးငယ်များလည်း လေဆိပ်တွင် လာရောက်ကြိုဆိုနှုတ်ဆက်ကြသည်။ ထိုမှအပြန် သုံးရက်ခန့်အကြာတွင် ကျဆုံးလေပြီဟူသော သတင်းကို ကြားရသည့်အခါ သံတမန်လောကတွင် အတော်ပင် တုန်လှုပ်ချောက်ချားသွားကြလေသည်။

ပါကစ္စတန်နှင့် နယ်ချင်းဆက်စပ်လျက်ရှိသည့် အခြားတစ်နိုင်ငံ ဖြစ်သော အီရန်နိုင်ငံကို ကြည့်ပါဦး။ မောင်ပြုံးချိုသည် တဟီရန်မြို့သို့သွား၍ မိမိ၏ သံအမတ်ကြီး ခန့်အပ်လွှာကို ပေးအပ်စဉ်က ရှားဘုရင်၏ အမူအရာသည် ပြုံးရွှင်သွက်လက်စွာနေခဲ့သည်။ မကြာသေးမီက တာဝန်ပြီးဆုံး၍ ပြန်ရတော့မည် ဖြစ်သော မောင်ပြုံးချိုသည် ရှားဘုရင်အား သွားရောက်တွေ့ဆုံနှုတ်ဆက်သောအခါ ဘုရင်၏ မျက်နှာအမူအရာသည် ယခင်ကလို ရွှင်ရွှင်လန်းလန်း မရှိတော့ချေ။ သူသည် သူ၏ကံကြမ္မာကို ထိုစဉ်ကတည်းက သိမြင်နေသယောင်ယောင် ရှိလေသည်။

http://www.cherrythitsar.org

မောင်ပြုံးချိုသည် သူသံအမတ်အဖြစ် တာဝန်ထမ်းဆောင်နေသည့် သုံးနှစ်မျှသော ကာလအတွင်း ပတ်ဝန်းကျင်နိုင်ငံများ၏ အခြေအနေ ပြောင်းလဲမှုများကို စဉ်းစားလာရင်း မမြဲသည့် သဘောတရားကို ဆင်ခြင်လာမိလေသည်။ ထိုခဏ၌ မြေပြင်သို့ ငုံ့ကြည့်လိုက်ရာ လေယာဉ်သည် မြန်မာနိုင်ငံပေါ်မှ ပျံသန်းနေသည်ကို တွေ့ရလေသည်။ ကျောင်းကန်၊ ပုထိုး၊ စေတီများနှင့် နေအိမ်ခြေများ၊ မြစ်ချောင်းအင်းအိုင်များကိုပါ တွေ့မြင်လာရသောအခါ မောင်ပြုံးချို၏စိတ်သည် ကြည်လင် ရွှင်လန်းလာလေသည်။

ဘန်ကောက်သို့ မနက်ပိုင်းတွင် ရောက်ရှိကြရာ မြန်မာသံရုံးမှ အတိုင်ပင်ခံအရာရှိ ဦးတိုးလုံသည် သူတို့ကို လာရောက်ကြိုဆိုရာ အစစ အရာရာ ကူညီဆောင်ရွက်ပေးလေသည်။ လေဆိပ်မှ မြို့တွင်းသို့ လာရသည်ကပင် အချိန်အတော်ကြာသည်။ လမ်းတွေပေါ်တွင် ယာဉ်မျိုးစုံနှင့် ကျပ်နေသောကြောင့် ခရီးမတွင်ဖြစ်နေသည်။ ဦးတိုးလုံက အချိန်မကုန်စေရန် စီစဉ်သည်။ ဟိုတယ်တွင် ခေတ္တရပ်နားရုံသာ ရပ်နားပြီး မြို့တွင်းသို့ လှည့်လည် ကြည့်ရှု ကြလေသည်။ မြဘုရားကို ဖူးမြင်ဖူးရန် ဦးတိုးလုံက စီစဉ်ပေးလေသည်။ မောင်ပြုံးချိုအဖို့ ဘန်ကောက်သည် အဆန်းမဟုတ်တော့ပေ။ မကြာခဏ ဖြတ်သန်း သွားလာခဲ့ဖူးလေပြီ။ ၁၉၅၄–ခုနှစ်ကဆိုလျှင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက ဦးစီးကျင်းပသည့် လယ်ယာမြေ လုပ်ကိုင်ခွင့်ဆိုင်ရာ အစည်းအဝေးကြီးသို့ တက်ရောက်ခဲ့ရာ သုံးပတ်မျှ ဘန်ကောက်တွင် နေထိုင်သွားဖူးလေသည်။ ထိုစဉ်က ဘန်ကောက်မြို့သာမက ပတ်ဝန်းကျင် အခြားဒေသများသို့လည်း ရောက်ခဲ့ဖူးလေသည်။ တင်မကြီးနှင့် သမီးများအတွက်မူ မရောက်ဖူးကြသေး။

မြဘုရားကို ဖူးမြင်ပြီးနောက် သံရုံးသို့သွားရောက်ကာ မောင်ပြုံးချို၏ မိတ်ဆွေကြီး သံအမတ်ကြီး ဦးတွမ်မှုံးကို တွေ့ဆုံနှုတ်ဆက်ကြသည်။ သူတို့လည်း နိုင်ငံတော် သမ္မတကြီး လာရောက်မည့် ကိစ္စအတွက် အလုပ်များနေ ကြလေသည်။ ထိုမှ လေဆိပ်သို့ လာခဲ့ရလေတော့သည်။ လေဆိပ်တွင် မိတ်ဆွေသင်္ဂဟများ လာရောက်တွေ့ဆုံနှုတ်ဆက်ကြသည်။ ဘန်ကောက်မှ မြန်မာပြည်သို့ ပျံသန်းရာတွင်မူ မြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ လေယာဉ်ဖြင့် ပျံသန်းရသည်။ မိမိနိုင်ငံသို့ မရောက်မီကပင် မြန်မာနိုင်ငံသားများနှင့် တွေ့နေရသည်ဖြစ်သဖြင့် ရောက်သကဲ့သို့ပင် ဖြစ်နေသည်။

ညဦးပိုင်းတွင် ဘန်ကောက်မြို့မှ ထွက်ခွာလာကြသည်။ လမိုက်ရက်ဖြစ်သောကြောင့် မြန်မာနိုင်ငံပေါ်သို့ ရောက်ရှိလာပြီ ဖြစ်သော်လည်း မြေမျက်နှာပြင်ကို ထင်ရှားစွာ မမြင်ရ။ မီးရောင်လက်လက်ကလေးများကိုသာ ဟိုတချို့ သည်တချို့ တွေ့ရှိရလေသည်။ ထိုမီးရောင်လက်နေသည့်နေရာများသည် ကျေးရွာငယ်များ ဖြစ်လိမ့်မည်ဟု ခန့်မှန်းရပေသည်။ အချို့နေရာများတွင်မူ လျှပ်စစ်မီးရောင်တွေနှင့် ဝေဝေဆာနေသော မြို့ကြီးများကို မြင်ရလေသည်။ ပတ်ဝန်းကျင်ရှုမြော်ခင်းကိုမူ ဘာမျှ သဲသဲကွဲကွဲ မမြင်ရ။ သို့ရာတွင် အမိနိုင်ငံ၏ မြေပြင်သို့ မကြာမီ သက်ဆင်းတော့မည်။ သုံးနှစ်သုံးမိုး ကွဲကွာနေခဲ့သည့် သားသမီးများ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တွေ့ရတော့မည်ဟူသော စိတ်ဇောကြောင့် သူတို့၏ အတွင်းစိတ်သည် လှုပ်ရှားနေကြလေသည်။

ရန်ကုန်မြို့ပေါ်တွင် ပျံဝဲနေသောအခါ သူ့စိတ်သည် ပို၍ လှုပ်ရှားလာသည်။ မီးရောင်တွေ ထိန်လင်းနေသော မြို့ကြီးကို မြင်ရသောအခါ ဝမ်းသာကြည်နူးကြသည်။ လေယာဉ်တစ်ပတ် လှည့်ဝဲလိုက်သည့် အချိန်တွင် ရွှေရောင်တွေ တဝင်းဝင်းနှင့် ထိန်လင်းနေသည့် ရွှေတိဂုံစေတီတော်ကြီးကို ဖူးတွေ့ရလေသည်။ လေယာဉ်သည် နိမ့်၍ နိမ့်၍ ဆင်းလာရာမှ မြေကြီးနှင့် ဘီးများထိကာ လေယာဉ်လမ်းကြောင်းပေါ်တွင် ပြေးလွှားနေသည်ကို သိလိုက်သည်။

ထိုအခါ၌ မောင်ပြုံးချိုသည် 'ဒါတို့ပြည်'ဟု စိတ်ထဲမှ ရွတ်ဆိုလိုက်မိလေသည်။

**မန်းတင်**

http://www.cherrythitsar.org

# မန်းတင်

မန္တလေးမြို့၌ အဖ ဦးကံကြီး၊ အမိ ဒေါ်ဖွားကြီးတို့မှ ၁၉၁၆–ခုနှစ်၊ နိုင်ဝင်ဘာလ ၁၁–ရက်နေ့တွင် မွေးဖွားခဲ့သည်။ အမည်ရင်း ဦးထွန်းတင် ဖြစ်သည်။ ၁၉၃၅–ခုနှစ်၊ ဒုတိယကျောင်းသားသပိတ်တွင် ပါဝင်ခဲ့ပြီး ထိုနှစ်တွင် (၁၀)တန်းကို (ခ)အဆင့်ဖြင့်အောင်မြင်သည်။ ၁၉၃၆–ခုနှစ်တွင် (က)အဆင့်ဖြင့် အောင်မြင်ခဲ့သည်။

၁၉၃၇–ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ၁၉၃၈/၃၉–ခုနှစ် တက္ကသိုလ်ကျောင်းသားသပိတ်တွင် ပါဝင်ခဲ့သည်။ ၁၉၄၁–ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ ရရှိကာ ဇနီးဖြစ်သူ ဒေါ်သန်းတင်နှင့် အိမ်ထောင်ကျသည်။ ၁၉၄၂–ခုနှစ်တွင် သာယာဝတီခရိုင်၌ အလုပ်သင်မြို့ပိုင်အဖြစ် အမှုထမ်းခဲ့သည်။ ၁၉၅၂–ခုနှစ်တွင် မတ္တရာမြို့နယ်ပိုင်အဖြစ် တာဝန်ထမ်းဆောင်ကာ ဆိုဗီယက် ပြည်ထောင်စုနှင့် တရုတ်ပြည်သို့ လေ့လာရေးခရီး သွားရောက်ခဲ့သည်။

၁၉၅၆–ခုနှစ်တွင် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးဝန်ကြီးဌာန ဒုတိယ အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အိန္ဒိယနိုင်ငံ၊ ဘိုဘေမြို့တွင် ကျင်းပခဲ့သော အာရှဆိုရှယ်လစ်ညီလာခံသို့ တက်ရောက်ခဲ့သည်။ ထိုနှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၅၈–ခုနှစ်တွင် သာယာဝတီခရိုင်ဝန်အဖြစ် အမှုထမ်းခဲ့ပြီး ကနေဒါနိုင်ငံနှင့် အမေရိကန်နိုင်ငံများသို့ အုပ်ချုပ်ရေး ပညာရပ်များ သင်ယူရန် ၆–လ ပညာသင် သွားရောက်ခဲ့သည်။

၁၉၆၀–ပြည့်နှစ်တွင် လယ်ယာနှင့် သစ်တောဝန်ကြီးဌာန အတွင်းဝန်အဖြစ် လည်းကောင်း၊ ၁၉၆၁–ခုနှစ်တွင် မြေယာကျေးလက် ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်းတွင် အမှုဆောင်အရာရှိချုပ်အဖြစ်လည်းကောင်း၊ ၁၉၆၄–ခုနှစ်တွင် ပြန်ကြားရေးဌာန အတွင်းဝန်နှင့် ရုပ်ရှင်ဆင်ဆာအဖွဲ့ အတွင်းရေးမှူးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၄–ခုနှစ်တွင် ဂျပန်နိုင်ငံသို့ လေ့လာရေးအဖွဲ့ခေါင်းဆောင် အဖြစ် လည်းကောင်း၊ ၁၉၆၆–ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ လေ့လာရေးအဖွဲ့ ခေါင်းဆောင်အဖြစ်လည်းကောင်း သွားရောက်ခဲ့သည်။ ၁၉၆၉–ခုနှစ်တွင် ဧရာဝတီတိုင်း တိုင်းမင်းကြီးအဖြစ်လည်းကောင်း၊ ၁၉၇၂–ခုနှစ်တွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးအဖြစ် တောင်ကြီးမြို့တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၄–ခုနှစ်တွင် စာနယ်ဇင်း ကော်ပိုရေးရှင်းတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၅–ခုနှစ်တွင် လွတ်လပ် ရေးမော်ကွန်းဝင် ပထမအဆင့် ရရှိခဲ့ပြီး စာနယ်ဇင်း ကော်ပိုရေးရှင်းတွင် ဦးဆောင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ထိုနှစ်မှာပင် ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ၊ အီရန်နိုင်ငံ သံအမတ်ကြီးအဖြစ် အမှုထမ်းကာ ၁၉၇၈–ခုနှစ်တွင် သံအမတ်ကြီး ရာထူးမှ အငြိမ်းစားယူခဲ့သည်။

၁၉၇၉–ခုနှစ်တွင် စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ဝင်၊ အမျိုးသားစာပေ စိစစ်ရေးအဖွဲ့ဝင်၊ စွယ်စုံကျမ်း စိစစ်ရေးဥက္ကဋ္ဌ၊ စာပေလုပ်သား စည်းရုံးရေး ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၆–ခုနှစ်တွင် နိုင်ငံတော် ကောင်စီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၈–ခုနှစ်တွင် နိုင်ငံတော် ကောင်စီဝင်အဖြစ်မှ အနားယူခဲ့သည်။

၁၉၉၇–ခုနှစ်၊ ဧပြီလ ၁၉–ရက်၊ နံနက် ၉–နာရီ ၂၄–မိနစ် အချိန်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။




http://www.cherrythitsar.org